http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဒ္ဓေါတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိဿရ
၏

# ပဋ္ဌာနဗောဓိ

(ဒုတိယအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၂

http://www.dhammadownload.com

## ဤပဋ္ဌာနမော်ခွန်း

၁။ သုဒ္ဓသင်္ချာ

၂။ ပစ္စယနိဒ္ဒေသ

၃။ ဝိဘင်္ဂဝါရ

၄။ သဘာဂနှင့်ဃဋနာ

၅။ ခန္ဓာဝါရဖွဲ့ပုံ

၆။ ပစ္စည်းတွန်းပုံ

၇။ ဆဝါရကိုင်တွယ်ပုံ

၈။ မေးခွန်းအခိပ္ပါယ်နှင့် အဖြေများ

၉။ ဉာဏ်ဖွင့်မေးခွန်းများ

၁၀။ ပဥှာဝါရ ဆဝါရမြေပုံများ

၁၁။ ပဋ္ဌာန်းနှင့်ပတ်သက်၍ သဘာဝယူဆချက်, သုံးသပ်ချက်များ ပါဝင်သည်။

ထို့ကြောင့်–

မျက်စိကိုဖွင့်–

နားကိုစွင့်။

http://www.dhammadownload.com

မြောင်းမြို့
တိုက်သစ်ပဒွေ့ာတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိသရ
၏

# ပဋ္ဌာနမောဓိ

(ဒုတိယအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၂

http://www.dhammadownload.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ | ၆၀၀ ၀၈၉ ၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ | ၆၀၀ ၁၀၃ ၀၂၁၂ |
| ထုတ်ဝေသည့်အကြိမ် | ■ | ဒုတိယအကြိမ် (မတ်လ ၊ ၂၀၁၂) |
| အုပ်ရေ | ■ | ၁၀၀၀ |
| ကွန်ပျူတာစာစီစာရိုက် | ■ | အရှင်ကုသလ<br>တိုက်သစ်ပဋ္ဌာတာရုံကျောင်းတိုက်၊<br>မြောင်းမြမြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ■ | ဦးထွန်းအောင်<br>ထွန်းမိသားစုပုံနှိပ်တိုက်<br>အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ■ | ဦးကြည်တွဲ<br>ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့<br>သာသနာ့ဝန်ဆောင်ကျောင်းတိုက်<br>မှော်ဘီမြို့နယ်။ |
| အတွင်းဖလင် | ■ | ကိုသန်းစိုး |
| စာအုပ်ချုပ် | ■ | ဦးအောင်မြင့် |
| တန်ဖိုး | ■ | |

၂၉၄.၃

ဂုဏ်ဿရ/အရှင်

ပဋ္ဌာနဗောဓိ

အရှင်ဂုဏ်ဿရ

တိုက်သစ်ပဋ္ဌာတာရုံကျောင်းတိုက်၊ မြောင်းမြမြို့။

ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မှော်ဘီမြို့။

၃၆၅ - စာ၊ ၁၇ × ၂၄ စင်တီ

(၁) ပဋ္ဌာနဗောဓိ

http://www.dhammadownload.com



# နိဒါန်း

ဗောဓေကံ ဗောဓိယာ ဗောဓိ၊ ဗောဓေန္တံ ဗုဒ္ဓနာရဟံ။
ဗောဓိမဏ္ဍံ နိရဿာဒံ၊ ဝန္ဒေဟံ ဗောဓိမဏ္ဍိတံ။

ဗုဒ္ဓဟောတွင် သစ္စာမြင်၍
သိမြင်ထိုက်ငြား ဝေနေယျများကို
သိကြားစေတတ် ဉာဏ်အရဟတ်နှင့်
သဗ္ဗညုဉာဏ်ရှင် တဏှာစင်သား
ဆင်ယင်ဗောဓိ တူမရှိသည့်
ဗောဓိမန်ကင်း မင်းမင့်မင်းကို
ဝပ်စင်းတုပ်လျှိုး ညွတ်ညွတ်ကျိုး။

**အနန္တပဋ္ဌာန်း**

ပဋ္ဌာန်းကျမ်းကြီးကို "အခက်ဆုံး"ဟု သာသနာဝင်မှာ ဆရာစဉ်ဆက် သမိုင်းတင်ခဲ့ကြ၏၊ ပရိယတ္တိသာသနာကွယ်ပါက အဘိဓမ္မာမှစ၍ကွယ်မည်၊ အဘိဓမ္မာ ၇-ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းမှစ၍ကွယ်မည်၊ ပဋ္ဌာန်းကျမ်းတွင်လည်း နောက်ဆုံး နောက်ဆုံးအပိုင်းမှ စ၍ကွယ်မည်-ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာစသည်တို့၌ မိန့်ဆိုချက် ရှိပေသည်။

ဘာ့ကြောင့် ပထမဆုံးကွယ်ရသနည်းဟုမေးသော် သင်ယူမည့်သူ မရှိသော ကြောင့်ဟု ဖြေရပေမည်၊ ချဲ့ဦးအံ့၊ ပဋ္ဌာန်းသည် အလွန်ကျယ်ဝန်းလှ၏၊ ဟေတု, အာရမ္မဏစသော ၂၄-ပစ္စည်းကိုအခြေတည်ကာ ပစ္စယနိဒ္ဒေသကို မကျဉ်းမကျယ် ဟောထားတော်မူပါသည်၊ ထို့နောင် ပဋိစ္စဝါရစသော ၇-ဝါရ တို့ကို ဟောတော်မူပါသည်၊ ထိုဝါရတို့သည် အစဉ်အတိုင်း နက်ရှိုင်း နက်ရှိုင်း သွားသော သမုဒ္ဒရာကြီးကဲ့သို့ တစ်ဝါရပြီးတစ်ဝါရ နက်နဲခက်ခဲသွားသည်မှာ အံ့မခန်းလိလိ ရှိပါဘိတော့သည်။

တစ်ဝါရတစ်ဝါရအတွင်း၌လည်း ဝိဘင်္ဂဝါရ, သင်္ချာဝါရဟူ၍ ဝေဖန် ခွဲခြား ဟောထားရာ ဝိဘင်္ဂဝါရတွင် သက်ဝင်နိုင်သလိုလိုရှိသော်လည်း သဘာဂ, ဃဋနာဟု နှစ်မျိုးပိုင်းကာ ဟောထားသည့် သင်္ချာဝါရတွင်ကား ဉာဏ်နသူ

http://www.dhammadownload.com



မဆိုထားဘိ ဉာဏ်ရင့်သူတို့ပင် အတော်အားခဲပြီး သက်ဝင်ကြရပေသည်၊ ဤသို့လျှင် ခက်လည်းခက် ကျယ်လည်းကျယ်ဝန်းသည့် ပဋ္ဌာန်းဒေသနာတော်၌ သာမညဉာဏ် ဝီရိယ သဒ္ဓါမျိုးဖြင့် မသက်ဝင် မကျက်စားနိုင်ပေ၊ အဓိပတိတပ်သော ဉာဏ် ဝီရိယ သဒ္ဓါမျိုးဖြင့်သာ သက်ဝင် ကျက်စားနိုင်ပေသည်။

## ပဋ္ဌာန်း ကျယ်ဝန်းပုံ

အဘယ်မျှ ကျယ်ဝန်းသနည်းဟူမူ– ဒေသကဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးစ ဗောဓိပင်အောက်နှင့် အနီးတစ်ဝိုက်တွင် သတ္တသတ္တာဟ စံနေတော်မူရာ စတုတ္ထမြောက် ရတနာဃရသတ္တာဟ၌ အဘိဓမ္မာ ၇–ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူပါသည်၊ ဓမ္မသင်္ဂဏီစသော ရှေ့ ၆–ကျမ်းကို ဆင်ခြင် သုံးသပ်တော်မူရာ၌ မည်သို့မျှ ထူးခြားမှုမရှိချေ၊ နောက်ဆုံး ပဋ္ဌာန်းကျမ်းကို ဆင်ခြင်သုံးသပ်တော်မူသည့်အခါမှသာ ကိုယ်အင်္ဂါတော်အစိတ်အစိတ်မှ ရောင်ရှင်တော်များ တစ်ဖိတ်ဖိတ်ထွက်ကာ လာပါတော့သည်။

ယူဇနာ တစ်ရာနှစ်ရာကြီးမားသည့် တိမိရငါး, တိမိရပိင်္ဂလငါးကြီးများသည် ချောင်းငယ်မြောင်းငယ်မြစ်ငယ်များ၌ စိတ်ထင်တိုင်း လူးလွန့်ကျက်စားခွင့် မရကြ၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ရှိုင်းကျယ်ဝန်းသည့် မဟာသမုဒ္ဒရာ၌သာ လူးလွန့် ကျက်စားနိုင်ကြ၏၊ ထို့အတူ အောက်အဘိဓမ္မာ ၆–ကျမ်းသည် အနန္တ ဂေါစရ သဗ္ဗညုတာဉာဏ်တော်၏ စွမ်းအားရှိသလောက် ကျက်စားရာမဟုတ်၊ ပဋ္ဌာန်းကျမ်းသည်သာ ကျက်စားရာဖြစ်ရကား ပဋ္ဌာန်းဒေသနာတော်သို့ရောက်မှသာ နည်းအဖုံဖုံဖြင့် အစွမ်းကုန် လူးလွန့်ကျက်စားခွင့် ရပေသည်၊ ထို့ကြောင့် ပဋ္ဌာန်း ဒေသနာတော်ကို မဟာသမုဒ္ဒရာနှင့်တူပေ၏–ဟု နှိုင်းခိုင်းရုံသာမက မဟာသမုဒ္ဒရာ ထက်ပင် နက်ရှိုင်းကျယ်ဝန်းကြောင်းကို "အနန္တ နယ သမန္တ ပဋ္ဌာန်း" ဟူသော ဂုဏ်ပုဒ်ဖြင့် အဋ္ဌကထာဆရာကြီးများက အမွှမ်းတင်တော်မူခဲ့ကြပေသည်။

## ရှေးခေတ် အဘိဓမ္မာ

ထိုသို့ ပင်ရင်းဒေသနာတော် အကျယ်အခက်ကို သက်ဝင်နိုင်, နားလည် နိုင်ရန်အတွက် ရှေးခေတ်မြန်မာပြည် မထေရ်အဆက်ဆက်တို့က ဆိုရိုးပြုလုပ်ကာ စာတစ်ဝါရ်အနေဖြင့် သတ်မှတ်ပြီး ညချမ်းအချိန်တွင် ပို့ချတော်မူခဲ့ကြသည်၊ ထိုသို့ ပို့ချလာခဲ့ရာ အင်းဝခေတ်ရောက်သည်တွင် စည်ပင်ပြန့်ပွားခဲ့ပေသည်၊ယင်း ပို့ချချက်ဆိုရိုးများသည် နောင်အခါ၌ ပေထက်အက္ခရာသို့ရောက်ကာ ကျမ်း တစ်စောင်တစ်ဖွဲ့အနေဖြင့် (မူအသီးသီး) တည်ရှိခဲ့ပေသည်။

http://www.dhammadownload.com



ဤသို့ ပို့ချအပ်သည့် ဆိုရိုးတို့သည်ကား အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြချက် အပြည့်အစုံမရှိပေ၊ အရိပ်အမြွက်မျှ အတန်ငယ်ဖွင့်ပြအပ်သည်ကို နည်းမှီ၍ လည်းကောင်း, ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးတို့၏ သန္တာန်၌ဖြစ်သော ဝီထိစိတ်များနှင့် ဓမ္မတို့၏ဖြစ်ပုံအစဉ်နှင့် သဘောသဘာဝတို့ကို တွေးခေါ်ထောက်ဆ၍လည်း ကောင်း ဆိုရိုးပြုကာ အရကောက်ပြတော်မူကြပေသည်၊ မြန်မာပြည် အဘိဓမ္မာဆောင် မထေရ်မြတ်တို့၏ ဉာဏ် ဝီရိယ သဒ္ဓါတို့ကား အံ့ဖွယ်ပင်တည်း။

## အခက်ဆုံး

ဤသို့လျှင် ပင်ရင်းဒေသနာတော်အခက်ကို နားလည်နိုင်ရန် ဖွင့်ဆိုအပ်သည့် ဆိုရိုးများကိုပင် နားမလည်နိုင်ဘဲ ရှိနေကြရပြန်သည်၊ ပဋ္ဌာန်းကျမ်း၌ နားလည်နိုင်ခက်သည့် အချက်များကား သဘာဂ, ဈာနနှင့် ဒုကာဒိသင်္ချာ ပစ္စည်းတွန်းပုံများတည်း။

ထိုသို့ ခက်ခဲသည့်ကျမ်းစာ၌ သက်ဝင်ကျက်စားနိုင်သူမှာ အနည်းငယ်သာ ရှိပေမည်၊ သက်ဝင်ကျက်စားနိုင်သူ, သင်ယူပို့ချမည့်သူနည်းက တစ်ဖြည်းဖြည်း သင်ယူလေ့လာမည့်သူ လုံးဝမရှိဖြစ်ကာ ယင်းကျမ်းစာမှာ ပျောက်ကွယ်သွားနိုင် ပေသည်၊ ထို့ကြောင့် "ပရိယတ္တိသာသနာကွယ်ပါက အဘိဓမ္မာပိဋကပဋ္ဌာန်း ကျမ်းမှစ၍ကွယ်လိမ့်မည်"ဟု အဋ္ဌကထာဆရာများ မိန့်ဆိုတော်မူကြခြင်း ဖြစ်ပေ လိမ့်မည်။

## ယခုခေတ် အဘိဓမ္မာ

သို့ရာတွင် မြန်မာပြည် အဘိဓမ္မာသာသနာကိုကြည့်က ရှေးအဆက်ဆက်မှ စ၍ ယခုထက်တိုင် အဘိဓမ္မာအားကောင်းတုန်းပင် ရှိပေသေး၏၊ ပဋ္ဌာန်းကျမ်း ကြီးကို စာမေးပွဲများတွင် ပထမကြီးတန်း၌ ပြဋ္ဌာန်းထားသည့်အတွက် အတော် အတန် ပဋ္ဌာန်းရှင်သန်နေသေးသည်ဟု ဆိုရပေမည်။ ["အတော်အတန်"ဟု ဆိုရခြင်းမှာ အရသာရှိသောဘောဇဉ်ကို လက်ညှိုးလေးဖြင့် တို့ကာတို့ကာ မစို့ မပို့ မြည်းရုံမျှသာကဲ့သို့ ကုသလတိက် အစိတ်အပိုင်းမျှလောက်ကိုသာ ပို့ချသင်ယူ နေကြခြင်းကြောင့် ဖြစ်၏။]

သို့အားကောင်းရှင်သန်နေသော်လည်း ပဋ္ဌာန်းဘာသာသင် ပထမကြီးတန်းဝင် အရှင်တို့မှာ ပဋ္ဌာန်းအတွက် အခက်ကြုံကြရသေး၏၊ ပဋ္ဌာန်းဘာသာရပ်က ခက် ရသည့်အထဲ အခက်ပေါ်အခက် ဆင့်လျက်ရှိနေသေး၏၊ ယင်းအခက်ကား "သင်္ချာဝါရ"ဟူ၍လည်းကောင်း, "ပစ္စည်းပြိုင်"ဟူ၍လည်းကောင်း ခေါ်သည့် သဘာဂ, ဈာနနှင့် ဒုကာဒိသင်္ချာတို့ပေတည်း။

http://www.dhammadownload.com



**ဤကျမ်းစာ**

ဤသို့ခက်ခဲသည့် ပဋ္ဌာန်းဒေသနာတော်ကို မိမိသည် ၁၃၁၆–ခုနှစ်မှစ၍ မြောင်းမြို့ ပဋ္ဌောတာရုံဆရာတော်များထံတွင် သင်ယူခဲ့ပါသည်၊ ထို့နောက် ၁၃၂၈–ခုနှစ်မှစ၍ ပို့ချခဲ့ပါသည်၊ နှစ်စဉ်နှစ်တိုင်း ပို့ချလာခဲ့ရာ (၂၁)နှစ်ပင် ရှိပါပြီ၊ နှစ်ကြာသည်နှင့်အမျှ အတွေ့အကြုံများလည်း ရသင့်သလောက် ရခဲ့ပါ၏၊ ယင်း အတွေ့အကြုံများအရ ဤစာအုပ်၌ ပဥှာဝါရ၏ ဝိဘင်္ဂဝါရနှင့် ပစ္စယနိဒ္ဒေသ တို့၌ သုဒ္ဓသင်္ချာသရုပ်ကိုကြည့်ပြီး ပါဠိတော်ဟောပုံ, သဘာဂကိုထောက်ဆ၍ အရကောက်ပုံများကို အသိဉာဏ်ပွင့်အောင် ဖွင့်ပေးထား၏၊ သဘာဂအခက်, ဃဋနာအခက်, ဒုကာဒိသင်္ချာအခက်များကို ရှင်းလင်းထား၏၊ သဘာဂမှဃဋနာ ယူပုံ, ဃဋနာမှ သဘာဂယူပုံများကိုလည်း လမ်းညွှန်ထား၏၊ ပစ္စည်းတွန်းပုံ ကိုလည်း ပဥှာဝါရ ဆဝါရတို့၌ နည်းပေးထား၏။

ဆဝါရသုဒ္ဓသင်္ချာ၌ ပစ္စယုပ္ပန်တရားသာပါ၏၊ ပစ္စည်းတရား မပါ၊ ထို့ကြောင့် အကိုင်အတွယ်ရ ခက်နေတတ်၏၊ ယင်းအခက်ကို ချေဖျက်နိုင်ရန် ဆဝါရကိုင် တွယ်ပုံကိုလည်း နည်းပေးထား၏၊ ဤသို့ နည်းပေးရှင်းလင်းရာ၌ သုဒ္ဓသင်္ချာကို မူတည်ပြီး ရှင်းလင်းထား၏၊ ထို့ကြောင့် ဆရာစဉ်ဆက် ပို့ချလာကြသည့် သုဒ္ဓ သင်္ချာကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ထို့ပြင် အသွားခက်ခဲ, မိမိလည်းမရောက်ဖူးသောအရပ်သို့ သွားလိုသူသည် မြေပုံကိုအားပြု သေချာစွာကြည့်ရှုသွားပါမှ ချောမောစွာရောက်နိုင်သကဲ့သို့ ထို့အတူ ခက်ခဲကျယ်ဝန်းသော ပဋ္ဌာန်းဒေသနာတော်သို့ လွယ်ကူစွာ သက်ဝင်ကျက်စား နိုင်ရန် ပဥှာဝါရမြေပုံ, ဆဝါရမြေပုံများကိုလည်း ရေးဆွဲပြထားပါသည်။

သည့်မျှသာမကသေး၊ ပဋ္ဌာန်းဆိုင်ရာ အဓိပ္ပါယ်များကိုလည်း မေးခွန်းအဖြေ များနှင့်တွဲဖက်၍ ရေးသားထား၏၊ ဆောင်ပုဒ်များဖြင့် တန်ဆာဆင်ထား၏၊ပါဠိ မြန်မာ နှစ်ဘာသာဖြင့် အဖြေပေးထား၏၊ ပါဠိဘာသာဖြင့်အဖြေပေးရာ၌ အဋ္ဌကထာ ဋီကာစကားများကို ပြုပြင်ယူထား၏၊ အချို့နေရာ၌ တိုက်ရိုက် ထုတ်ပြထား၏။

မိမိထံ စာဝါလိုက်သည့် တပည့်များကို စာမေးပွဲတွင် အများအားဖြင့် ပါဠိ ဘာသာဖြင့် ဖြေဆိုစေ၏၊ ယခုအခါ အားလုံး မဖြေမနေရ–ဟု သတ်မှတ်ထား၏၊ ပါဠိဘာသာဖြင့် ဖြေဆိုနိုင်အောင်လည်း လေ့ကျင့်ခန်းများ ပြုလုပ်ပေး၏၊ မာတိကာ အနက်ဖွင့်ပုံ, အရကောက်ပုံမှစ၍ ယမိုက်ပဋ္ဌာန်းဆိုရိုးများတိုင်အောင် ပါဠိဘာသာဖြင့် လေ့ကျင့်ပေး၏၊ ယင်းသခ်န်းစာများမှ ပဋ္ဌာန်းသုဒ္ဓသင်္ချာဆိုရိုးကို ပါဠိဘာသာဖြင့် ပြထားပါသေးသည်။

http://www.dhammadownload.com



ဤသို့လျှင် ပြအပ်ခဲ့သည့် နည်းစနစ်များနှင့်တကွ ခက်ခဲသည့် သဘာဂ, ဃဋနာ, ဒုကာဒိသချ်ာများကို ရန်ကုန်မြို့ ကံဘဲ့ မဟာဗောဓိကျောင်းတိုက်၌ ပဓာနတာဝန်ခံစာချအဖြစ်ဖြင့် နှစ်စဉ်ပို့ချတိုင်း ကျေးဇူးရှင် ဒသမဓမ္မကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏ "ဒီလိုချ၊ ဒီလိုပြော၊ ဒီလိုရှင်း"စသည့် ညွှန်ကြားချက်များဖြင့် ရှင်းလင်းထား၏၊ ပန်းကုံးကျမ်းပြုဆရာတော်၏ နည်းပေးချက်များဖြင့်လည်း ဖြည့်စွက်မွမ်းမံထား၏၊ မိမိတို့ ပဋ္ဌာန်းစသင်ယူစဉ် ဆရာတော်၏ စာမူတုန်းကပင် အရကျက်ခဲ့ရသော အချို့ဆောင်ပုဒ်များကို ထည့်သွင်းထားပါသည်။

ထိုသို့ ရှင်းလင်းရာ၌ စာဟန်ဖြင့်မဟုတ်ဘဲ စကားပြောဟန်, ပို့ချဟန်ဖြင့် ရေးသား ရှင်းလင်းထားပါသည်၊ ဤရှင်းလင်းချက်များကား နှစ်ပေါင်း နှစ်ဆယ်ကျော် ပို့ချပြီး၍ မိမိကိုယ်တွေ့ လက်တွေ့အလုပ်မှ သဘောတရားကို ထုတ်ယူပြီး သဘာဂကို ပြန်လည်သုံးသပ်ထားခြင်း ဖြစ်ပါသည်။

ဤသုံးသပ်ချက်များ၌ တိမ်းပါးချွတ်ချော် ပညာရှိတို့ဉာဏ်အား မလျော်သော အချက်များ တွေ့ရှိခဲ့ပါသော် ကရုဏာရှေ့တင် မေတ္တာရေစင်ဖြင့် သန့်စင်သုံးသပ်နိုင်ကြပါစေ။

[ဤစာအုပ်ပါ ရှင်းလင်းချက်တို့တွင် ဃဋနာရှင်းလင်းချက်မှုကို ၁၃၃၇-ခုနှစ်က စာအုပ်ငယ်လေး ပုံနှိပ်ပြုလုပ်ကာ ဓမ္မဒါနပြုခဲ့ဖူးပါသည်။]

အရှင်ဂုဏသိရ
၁၃၅၀-ပြည့်နှစ်၊
နတ်တော်လဆန်း(၁၂)ရက်၊ အင်္ဂါနေ့။

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|
| **၁။ သုဒ္ဓသင်္ချာ** | | | | |
| ပဥ္စာဝါရသုဒ္ဓသင်္ချာ | – | – | – | ၁ |
| ဆဝါရသုဒ္ဓသင်္ချာ | – | – | – | ၉ |
| **၂။ ပဥ္စာဝါရ** | | | | |
| ပဥ္စာဝါရမြေပုံ | – | – | – | ၁၄ |
| ဝိဘင်္ဂဝါရ | – | – | – | ၁၅ |
| ဝိဓိ၊ အနုဝါဒ | – | – | – | ၁၆ |
| အာရမ်မျိုး | – | – | – | ၁၇ |
| သဟမျိုး | – | – | – | ၃၈ |
| အနန္တရမျိုး | – | – | – | ၅၃ |
| ပကတူမျိုး | – | – | – | ၅၇ |
| ဝတ္ထုမျိုးစသည် | – | – | – | ၆၂ |
| မျိုးယှက်ပစ္စည်းဟောနည်း | | – | – | ၆၄ |
| သင်္ချာဝါရ၊ သုဒ္ဓသင်္ချာ | – | – | – | ၆၇ |
| မိဿကသင်္ချာ၊ သဘာဂသင်္ချာ | | – | – | ၆၈ |
| အာရမ်မျိုးသဘာဂ | – | – | – | ၆၉ |
| သဟမျိုးသဘာဂ | – | – | – | ၇၂ |
| အနန္တရမျိုးသဘာဂ | – | – | – | ၈၃ |
| ပကတူမျိုး သဘာဂစသည် | | – | – | ၈၄ |
| မျိုးယှက်ပစ္စည်းများ သဘာဂ | | – | – | ၈၅ |
| သဘာဂနိဂုံး | – | – | – | ၈၇ |

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဃဋနာသင်္ချာ | ၈၉ |
| ဃဋနာသဘာဝ | ၉၀ |
| ဃဋနာ ၃–မျိုး | ၉၀ |
| မိဿကဃဋနာ | ၉၀ |
| ထပ်ပြိုင်ဃဋနာများ | ၉၉ |
| ပကိဏ္ဏကဃဋနာ | ၁၀၀ |
| သဟဇာတဃဋနာ | ၁၀၇ |
| ဃဋနာစိစစ်ချက် | ၁၁၉ |
| အနည်းဆုံးနဲ့ အများဆုံး | ၁၂၀ |
| သဘာဂမှ ဃဋနာယူနည်း | ၁၂၁ |
| ဃဋနာမှ သဘာဂယူနည်း | ၁၂၂ |
| ပစ္စယုဒ္ဒါရ | ၁၂၄ |
| **၂။ ပစ္စည်းပစ္စနိက်** | |
| သုဒ္ဓသင်္ချာဝါရ | ၁၂၈ |
| အာရမ်မျိုး နုတ်နည်း | ၁၂၉ |
| သဟမျိုး နုတ်နည်း | ၁၃၀ |
| အနန္တရမျိုး နုတ်နည်း | ၁၃၃ |
| ပကတူမျိုး နုတ်နည်း | ၁၃၄ |
| ဝတ္ထုမျိုး နုတ်နည်း | ၁၃၄ |
| မိဿက ၃–မျိုး နုတ်နည်း | ၁၃၄ |
| ဒုကာဒိသင်္ချာဝါရ | ၁၄၀ |
| သောင္ဃသက (သာဟာရ) | ၁၄၄ |
| သောင္ဃသက (သဣန္ဒြိယ) | ၁၄၅ |
| **၃။ အနုလောမပစ္စနိက်** | ၁၄၆ |
| **၄။ ပစ္စနီယာနုလောမ** | ၁၅၀ |
| ပဉှာဝါရပစ္စည်းတွန်း | ၁၅၁ |
| သင်္ချာဝါရ နိဂုံး | ၁၆၁ |
| စာတွေ့၊ နှုတ်တွေ့၊ လက်တွေ့ | ၁၆၂ |

http://www.dhammadownload.com




| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|

### ၃။ ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ

| | | | | |
|---|---|---|---|---|
| သုဒ္ဓသင်္ချာနှင့်သဘာဝကိုကြည့်၍ ပါဠိတော်ဟောနည်း | | | – | ၁၆၅ |

### ၄။ ဆဝါရ

| | | | | |
|---|---|---|---|---|
| ဆဝါရမြေပုံ | – | – | – | ၁၇၂ |
| ပုစ္ဆာဝါရ(အကျယ်) | – | – | – | ၁၇၃ |
| ဝိဿဇ္ဇနာဝါရ | – | – | – | ၁၈၅ |
| ဝိဘင်္ဂဝါရ၊ အနုလုံကိုင်တွယ်ပုံ | | – | – | ၁၈၇ |
| ပဋိစ္စ၊ သဟဇာတဝါရ– | | – | – | ၁၈၉ |
| စိတ္တဇရုပ်ဖြစ်ကြောင်း – | | – | – | ၁၉၀ |
| ဟဒယဝတ္ထုနှင့် နာမက္ခန္ဓာ | | – | – | ၁၉၀ |
| ပစ္စယ၊ နိဿယဝါရ – | | – | – | ၁၉၂ |
| သံသဋ္ဌ၊ သမ္ပယုတ္တဝါရ | | – | – | ၁၉၅ |
| ပါဠိတော်ဟောပုံ အစုံ – | | – | – | ၁၉၆ |
| ဟဒယဝတ္ထုလေ့လာချက် | | – | – | ၂၀၈ |
| ဝိပ္ပယုတ္တပါဠိတော် အဖျားသတ်ယူဆပုံ– | | | – | ၂၁၃ |
| ဝိဘင်္ဂဝါရ၊ ပစ္စနိက်ကိုင်တွယ်ပုံ | | – | – | ၂၁၇ |
| သင်္ချာဝါရ | – | – | – | ၂၂၆ |
| ဆဝါရပစ္စည်းတွန်း – | | – | – | ၂၂၇ |
| ပစ္စည်းတွန်းအဓိပ္ပါယ် – | | – | – | ၂၃၂ |
| အရကောက်ဆရာကြီးနည်း | | – | – | ၂၃၃ |
| ဒုကသင်္ချာ | – | – | – | ၂၃၄ |

### ၅။ ခန္ဓာဝါရဖွဲ့ပုံ

| | | | | |
|---|---|---|---|---|
| ဆဝါရ ခန္ဓာဝါရ | – | – | – | ၂၆၅ |
| ပဉှာဝါရ ခန္ဓာဝါရ | – | – | – | ၂၆၉ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၆။ အဓိပ္ပါယ်ခန်း** | |
| ပစ္စယုဒ္ဒေသအဓိပ္ပါယ် – – – | ၂၇၃ |
| ပစ္စယနိဒ္ဒေသအဓိပ္ပါယ် – – – | ၂၇၆ |
| ဆဝါရ အဓိပ္ပါယ် – – – | ၂၉၅ |
| ပဥ္စဝါရ အဓိပ္ပါယ် – – – | ၃၀၂ |
| ပစ္စည်းသရုပ်ခွဲ – – – | ၃၃၄ |
| **၇။ ဉာဏ်ဖွင့်မေးခွန်းများ** – | ၃၃၆ |
| **၈။ ပါဠိဂုဏ်ထူး** – | ၃၄၅ |


+ + + + +

မာတိကာ ပြီး၏။

ဤကျမ်းစာကို ပုံမနှိပ်မီ တိုက်တွင်းသုံးရန်အတွက် ၁၃၅၀–ခုနှစ်က လက်နှိပ်စက်မှု ဖယောင်းဖောက် အုပ်ရေ–၂၁၄၊ ၁၃၅၉–ခုနှစ်က ကွန်ပျူတာမှု ဖယောင်းဖောက် အုပ်ရေ–၂၅၀–စာအုပ်ချုပ်အသုံးပြုခဲ့ပါသည်၊ ကျမ်းစာရေးပြီးနောက် ၁၃–နှစ်ကြာမှ ပုံရိုက်နိုင်ပါသည်၊ အချိန်ကြာမှ ပုံရိုက်နိုင်ခြင်း၏ အကျိုးကား ကျမ်းစာရေးပြီးနောက်လည်း နှစ်စဉ်ပို့ချရင်း ပြင်ဆင်ခွင့်, ဖြည့်စွက်ခွင့်, ပယ်နုတ်ခွင့်စသော အခွင့်အရေးများကို စိတ်ကြိုက်ရခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com

## အရှင်ဂုဏသိရ၏ ကျမ်းစာများ


၁။ ဃင္ဂနာဗောဓိ (ဒုတိယအကြိမ်)
၂။ ပုဒ်စစ်နိယံ (ဒုတိယအကြိမ်)
၃။ ဝုတ္တောဒယဗောဓိ (ဒုတိယအကြိမ်)
၄။ နေတ္တိဟာရဗောဓိ (စတုတ္ထအကြိမ်)
၅။ ပဋ္ဌာနဗောဓိ (ဒုတိယအကြိမ်)
၆။ ပါဠိဗောဓိ (အခြေခံပိုင်း) (ပဌမအကြိမ်)
၇။ ပါဠိဗောဓိ (အဆင့်မြင့်ပိုင်း) (တတိယအကြိမ်)
၈။ ပါဠိဗောဓိ (ဓာတုပစ္စယန္တပိုင်း) (ရိုက်ဆဲ)
၉။ ဒေသနာဗောဓိ (ဒုတိယအကြိမ်)
၁၀။ ယမကဗောဓိ (ပထမတွဲ)
၁၁။ ယမကဗောဓိ (ဒုတိယတွဲ)
၁၂။ မာတိကာဓာတုကထာဗောဓိ (ရိုက်ဆဲ)

http://www.dhammadownload.com

# ပဋ္ဌာနဖောဓိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယ၀ါရသင်္ခေပသင်္ချာ

### ရှစ်ပစ္စည်း ကိုးမျိုး

| | |
|---|---|
| ၁။ အာရမ္မဏပစ္စည်း | ၁။ အာရမ္မဏမျိုး |
| ၂။ သဟဇာတပစ္စည်း | ၂။ သဟဇာတမျိုး |
| ၃။ ဥပနိဿယပစ္စည်း | ၃။ အနန္တရမျိုး |
| | ၄။ ပကတူပမျိုး |
| ၄။ ပုရေဇာတပစ္စည်း | ၅။ ဝတ္ထုမျိုး |
| ၅။ ပစ္ဆာဇာတပစ္စည်း | ၆။ ပစ္ဆာဇာတမျိုး |
| ၆။ ကမ္မပစ္စည်း | ၇။ ဗလ၀ဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး |
| ၇။ အာဟာရပစ္စည်း | ၈။ ရူပအာဟာရမျိုး |
| ၈။ ဣန္ဒြိယပစ္စည်း | ၉။ ရူပဇီဝိတိန္ဒြိယမျိုး |

### ၁။ အာရမ္မဏမျိုး–၈

| | |
|---|---|
| ၁။ အာရမ္မဏ | ၅။ အာရမ္မဏပုရေဇာတ |
| ၂။ အာရမ္မဏာဓိပတိ | ၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ |
| ၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ | ၇။ အာရမ္မဏပုရေဇာတတ္ထိ |
| ၄။ အာရမ္မဏူပနိဿယ | ၈။ အာရမ္မဏပုရေဇာတအဝိဂတ |

[အာရမ္မဏပုရေဇာတာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ]

**၁။ အာရမ္မဏပစ္စည်း၏သင်္ခေပသင်္ချာ၀ါရ၌**—ကာမစိတ်စတုပညာသ၊ ဝိညာနဉ္စာယတနစိတ်သုံးခု၊ နေ၀သညာနာသညာယတနစိတ်သုံးခု၊ အဘိညာဉ်ဒွေး၊ လောကုတ္တရာစိတ်ရှစ်ခုအား x တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။–ဤတရားတို့သည် အာရမ္မဏပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ချာကား နဝဟူသည်တည်း၊ ပစ္စည်းရေ–၁။

http://www.dhammadownload.com



**၂။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယဉ္စ**—အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူနှစ်ခု, မောဟမူနှစ်ခု, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆယ့်လေးခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်လေးဆယ့်ခုနစ်ခု၊ နိဗ္ဗာန်။ သင်္ချာ သတ္တစီ၊ ပစ္စည်းရေ–၃။

**၃။ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတ အဝိဂတဉ္စ**—ကာမစိတ်စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ်အား x တပ် သော နိပ္ဖန္နရုပ်အဋ္ဌာရသ။ သင်္ချာ–တီဏိ၊ ပစ္စည်းရေ–၄။

**၄။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတဉ္စ**— မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅–ချက်, တဒါရုံအား x တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ သင်္ချာ–တီဏိ၊ ပစ္စည်းရေ–၆။

**၅။ အာပုဓိဉ္စ**—အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအား x တပ် သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ။ သင်္ချာ– ဧကံ၊ အာ, အဓိ, အာရမ္မဏူ, အာပု, အာပုတ္ထိ, အာပုအဝိဂတဟု ပစ္စည်းရေ– ၆။

**၆။ ဝတ္ထာဓိဉ္စ**—အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော ၅– ချက်အား x တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ သင်္ချာ–ဧကံ၊ အာ ၈–မျိုးစလုံးရ၍ ပစ္စည်းရေ–၈။

## အာရမ္မဏာဓိပတိအတွက် လင်္ကာ

လောဘမူသည်၊ ဒေါသမူမောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆယ်ခြောက်ခု၊ လောကီ စုနှင့်၊ စတုဇိဋ္ဌ၊ ရုပ်နိပ္ဖန်ကို၊ ကြည်ညိုသမှု၊ အလေးပြု၏။ ကုသိုလ်ကာမ၊ စိတ်အဋ္ဌလည်း၊ လောကခေါ်ဆို၊ ကုသိုလ်သတ္တရသ်၊ လွန်လေးမြတ်၏။ ရှစ်မှတ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ်နဝံ၊ သ,သကံကို၊ ခြေင်စွဲမှိတ်။ လောကုတ်စိတ်လည်း၊ အောင်မြိတ်နိဗ္ဗူ၊ အလေးမူသည်၊ ဘုန်းလူဇိနော် မော်ကွန်းတည်း။ (ဝိသုဒ္ဓါရုံ)

http://www.dhammadownload.com



## လက်ာဆိုရိုး အစီပွါယ်

၁။ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအား x တပ်သော အလေး အမြတ်ပြုအပ်သော ဒေါသမူ‌ဒွေး , မောဟမူ‌ဒွေး , ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော လောကီစိတ် ၇၆–ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇–ခု၊ စတုဇရုပ်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။

၂။ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်စိတ်ရှစ်ခုအား x တပ်သော အလေး အမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ။

၃။ (က) အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ကြိယာဉာဏသမ္ပယုတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ လောကုတ္တရာစိတ် ၈–ခု၊ နိဗ္ဗာန်။

(ခ) အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄–ခု အား x တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ အောက်မဂ် ၃–ခု၊ အောက်ဖိုလ် ၃–ခု၊ နိဗ္ဗာန်။

(ဂ) အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခု အား x တပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်။

၄။ အလေးအမြတ်ပြုတတ်သော လောကုတ္တရာစိတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော နိဗ္ဗာန်။

သ , သက်၌ သက် , သက်ဟုဆိုလို၏၊ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အလေးအမြတ် အာရုံပြုကြ၏။

အလေးအမြတ်ပြုတတ်သော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏ သမ္ပယုတ်လေးခုအား x တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ နိဗ္ဗာန်။ ဤသို့စသည်ဖြင့် (၃)နံပါတ် (ခ)ကို သောတာပန် , သကဒါဂါမ် , အနာဂါမ်–သုံးမျိုးခွဲ၍ ဆိုရိုးသုံးချက် ပြုနိုင်သည်။

+ + + + +

http://www.dhammadownload.com



## ၂။ သဟာမျိုး–၁၅

**သဟာယယ်–၇။** ။ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတကမ္မ၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ။

၁။ **ဟေတုဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော ဟိတ် ၆–ပါး။ သချာ–သတ္တ၊ တပြိုင်နက်, ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် မိ ဣံ မင်၊ ပေါင်း–၁၂။

၂။ **သဟာဓိဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား x တပ်သော အဓိ ပတိတရားကိုယ် ၃–ပါး, ၄–ပါးတို့တွင် တစ်ပါးပါး။ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် ဟေ ဟာ ဣ မင်၊ ပေါင်း–၁၃။

၃။ **သဟကမ္မဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ် သော စိတ်တစ်ခုယုတ်ကိုးဆယ်ဒ္ဒရှိသော စေတနာ။ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် ဟာ၊ ပေါင်း ပစ္စည်းရေ–၁၀။

၄။ **နာမ်အာဟာရဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃– ပါး၊ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် မိ ကံ ဣံ၊ ပေါင်း ပစ္စည်းရေ–၁၂။

၅။ **သဟဇာတိန္ဒြိယဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟုဆို အပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈–ပါး။ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် ဟေ မိ ဟာ ဈာ မင်၊ ပေါင်း ပစ္စည်းရေ–၁၄။

၆။ **ဈာနဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး။ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် ဣံ မင်၊ ပေါင်းပစ္စည်းရေ– ၁၁။

၇။ **မဂ္ဂဒ္ဒ**–သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အား x တပ်သော ပညာ ဝိတက် ဝိရတီ ၃–ခု၊ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉–ပါး။ သချာ–သတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး ၈–နှင့် ဟေ မိ ဣံ ဈာ၊ ပေါင်း ပစ္စည်းရေ–၁၃။

+ + + + +

http://www.dhammadownload.com



**သဟလတ်–၄။** ။အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ။

၁။ **အညဒ္ဒ**–အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း x တပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး။ အချင်းအချင်းအား x တပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် မဟာဘုတ် ၄–ပါး။ အချင်းချင်းအား x တပ်သော ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ သင်္ချာ–တီဏိ၊ အညနှင့်သဟကြီးဟု ပစ္စည်းရေ–၅။

၂။ **ဝိပါကဒ္ဒ**–အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း x တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ ဟဒယဝတ္ထုအား x တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ။ သင်္ချာ–ဧကံ၊ ပစ္စည်းရေ–၅။

၃။ **သမ္ပယုတ္တဒ္ဒ**–အချင်းချင်းအား x တပ်သော အလုံးစုံသောပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး။ သင်္ချာ–တီဏိ၊ အညပါ ပစ္စည်းရေ–၆။

၄။ **သဟဇာတဝိပ္ပယုတ္တဒ္ဒ**–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ပဋိသန္ဓေကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄–ခု၊ ဒွေးပဉ္စဝိညာဉ်–၁၀၊ ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအား x တပ်သော ပဋိသန္ဓေကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ သင်္ချာ–တီဏိ၊ ပစ္စည်းရေ–၅။

\+ + + + +

**သဟကြီး–၄။** ။သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ။

**သဟဇာတ, သဟဇာတနိဿယ, သဟဇာတတ္ထိ, သဟဇာတအဝိဂတဒ္ဒ**– အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အားလည်းကောင်း x တပ်သော အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း x တပ်သော အလုံးစုံသော မဟာဘုတ် ၄–ပါး။ အချင်းချင်းအား x တပ်သော ပဋိသန္ဓေကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု။ သင်္ချာ–နဝစီ၊ ပစ္စည်းရေ–၄။

\+ + + + +

http://www.dhammadownload.com



## ၃။ အနန္တရမျိုး

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊
အာသေဝန၊ အနန္တရကမ္မ၊ နတ္ထိ၊ ဝိဂတ။

၁။ **အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ**၌–ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သောနာမက္ခန္ဓာအား x တပ်သော ရဟန္တာတို့စုတိ ကြဉ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ သင်္ချာ–သတ္တစိ၊ ပစ္စည်းရေ–၅။

၂။ **အာသေဝန**၌–ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ဧကပညာသအား x တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသောလောကီဇော သတ္တစတ္တာလီသ။ သင်္ချာ–တီဏိ၊ အာသေနှင့် ယခင် ၅–ပစ္စည်းပါ၊ ပစ္စည်းရေ– ၆။

၃။ **အနန္တရကမ္မ**၌–မဂ္ဂါနန္တရဖိုလ်လေးခုအား x တပ်သော မဂ်လေးခု စေတနာ။ သင်္ချာ–ဧကံ၊ ကမ္မနှင့် ယခင် ၅–ပစ္စည်းပါ၊ ပစ္စည်းရေ–၆။

\+ + + + +

## ၄။ ပကတူပမျိုး–၂

၁။ **ပကတူပ**၌–စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသအား x တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသ၊ ရုပ်အဋ္ဌဝီသ။ သင်္ချာ–နဝ၊ ပစ္စည်းရေ–၁။

၂။ **နာနာကမ္မ**၌–ဝိပါက်စိတ်ဆတ္တိံသနာမက္ခန္ဓာအား x တပ်သော ဗလဝ ဖြစ်သော ကုသိုလ်အကုသိုလ်ဇောစေတနာ။ သင်္ချာ–ဒွေ၊ ဥပနှင့်ကမ္မဟု ပစ္စည်း ရေ–၂။

\+ + + + +

## ၅။ ဝတ္ထုမျိုး–၆

၁။ **ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတ, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ, ဝတ္ထုပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတအဝိဂတ**၌–ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား x တပ်သော ဆဝတ္ထု။ သင်္ချာ–တီဏိ၊ ပစ္စည်းရေ–၅။

http://www.dhammadownload.com



၂။ **ပုရေဇာတိန္ဒြိယဉ်**—ဒွေးပဉ္စဝိညာဉ်တစ်ဆယ်အား x တပ်သော မန္တာယုက အမန္တာယုက မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတ ဘဝင်နှင့်ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ သင်္ချာ—ဧကံ၊ ဝတ္ထု ၆–မျိုးအကုန်ရ၍ ပစ္စည်းရေ– ၆။

+ + + + +

## ၆။ ပစ္ဆာဇာတမျိုး–၄

**ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတဉ်**— ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား x တပ်သော ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပထမဘဝင်အစရှိသော နောက် ဖြစ်သော နာမက္ခန္ဓာ ၄–ပါး။ သင်္ချာ–တိကံ၊ ပစ္စည်းရေ–၄။

+ + + + +

## ၇။ ဗလဝ ဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး

**နာနာကမ္မဉ်**—ကာမဝိပါက်တေဝီသနာမက္ခန္ဓာအား x တပ်သော ကာမကုသိုလ် အကုသိုလ် စေတနာဟုဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ။

ကဋတ္တာရုပ်အား x တပ်သော ပဉ္စဝေါကာရ ကုသိုလ်အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ။ သင်္ချာ–ဒွေ၊ ပစ္စည်းရေ–၁။ [ဤတရားအတွက် ကမ္မမျိုးသီးခြားထွက်ရ၏။]

+ + + + +

## ၈။ ရုပ်အာဟာရမျိုး

**ရုပ်အာဟာရ, ရုပ်အာဟာရတ္ထိ, ရုပ်အာဟာရအဝိဂတဉ်**—ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား x တပ်သော စတုသမုဋ္ဌာနိက ဩဇာ။ သင်္ချာ–ဧကံ၊ ပစ္စည်းရေ–၃။

+ + + + +

http://www.dhammadownload.com



## ၉။ ရူပဇီဝိတိန္ဒြိယမျိုး

**ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္တိ, ရူပဇီဝိတိန္ဒြိယအဝိဂတဒ္ဓ**—ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူကမ္မဇရုပ်ကိုးခုအား x တပ်သော ရုပ်ဇီဝိတိန္ဒြေ။ သင်္ချာ-ကော်၊ ပစ္စည်းရေ-၃။

## ၁၀။ သဟပုရေမိဿက

**သဟပုရေမိဿက ရသော နိဿယ, အတ္ထိ, အဝိဂတဒ္ဓ**— အချင်းချင်းအား x တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ကုသိုလ်ကေဝီသ စေတသိက်ဒွေပညာသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ဝတ္ထော, မနောဒွါရာဝဇ္ဇန်းအစ ရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ သင်္ချာ-ဒွေ၊ ပစ္စည်းရေ-၃။

## ၁၁။ ပစ္ဆာဟာရမိဿက

**ပစ္ဆာဟာရ ရသော အတ္ထိ, အဝိဂတဒ္ဓ**—ဝတ္ထော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇ ကာယအား x ကာလတူတစ်ပြိုင်နက်တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ အကုသိုလ်ဒွါဒသ ကုသိုလ်ကေဝီသ စေတသိက်ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဝတ္ထော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဩဇာ။ သင်္ချာ-ဒွေ၊ ပစ္စည်းရေ-၂။

## ၁၂။ ပစ္ဆာဇာတိန္ဒြိယမိဿက

**ပစ္ဆာဇာတိန္ဒြိယ ရသော အတ္ထိ, အဝိဂတဒ္ဓ**—ဝတ္ထော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအား x ကာလတူတစ်ပြိုင်နက်တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သာအခါ အကုသိုလ် ဒွါဒသ ကုသိုလ်ကေဝီသ စေတသိက် ဒွေးပညာသ အစိတ် အပေါင်းနာမက္ခန္ဓာ၊ ဝတ္ထော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ။ သင်္ချာ-ဒွေ၊ ပစ္စည်းရေ-၂။

**ပဉ္စဝါရ သုဒ္ဓသင်္ချာ အချုပ်မှတ်ဖွယ်။** ။ပဉ္စဝါရ၌ ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတ

http://www.dhammadownload.com



ပဒ–ဟု ပဒ ၅–ခုရှိ၏။ ကုသလပဒ၌ ပဒါဝသာန ၄–ခုရှိ၏၊ အကုသလပဒ၌လည်း ၄–ခုရှိ၏၊ အဗျာကတပဒ၌ ၃–ခုရှိ၏၊ ကုသလာဗျာကတပဒ၌ ၂–ခုရှိ၏၊ အကုသလာဗျာကတပဒ၌လည်း ၂–ခုရှိ၏။ ပဉ္စာဝါရ၌ သင်္ချာပေါင်း ၁၅–ချက်ရှိ၏၊ ယင်း သင်္ချာများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ကု–ကု၊ ကု–အကု၊ ကု–ဗျာ၊ ကု–ကုဗျာ။

၂။ အကု–အကု၊ အကု–ကု၊ အကု–ဗျာ၊ အကု–အကုဗျာ။

၃။ ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု။

၄။ ကုဗျာ–ကု၊ ကုဗျာ–ဗျာ။

၅။ အကုဗျာ–အကု၊ အကုဗျာ–ဗျာ။

´ ´ ´ ´ ´

ပဉ္စာဝါရသုဒ္ဓသင်္ချာ ပြီး၏။

# ဆဝါရ အနုလုံသုဒ္ဓသင်္ချာ

၁။ **ဟေတု, မဂ္ဂပစ္စည်း၏သုဒ္ဓသင်္ချာဝါရ၌–** သဟိတ်စိတ်စေသတ္တတိ၊ မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာကား–နဝ၊ သတ္တရသ၊ တီဏိ ဟူသည်တည်း။ [မဂ္ဂတွင် မောဟမကြဉ်သည်သာထူး၏၊ နဝမှာ ပဋိစ္စ, သဟဇာတ၊ သတ္တရသမှာ ပစ္စယ, နိဿယ၊ တီဏိမှာ သံသဋ္ဌ, သမ္ပယုတ္တဝါရ–ဟု ယထာက္ကမ ယူပါ၊ နောက်ပစ္စည်းများ၌လည်း ဤနည်းအတိုင်းပင်။]

၂။ **အာရမ္မဏ, အနန္တရ, သမနန္တရ, ဥပနိဿယ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ၌**–စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး။ သင်္ချာ–တီဏိ၊ သတ္တ၊ တီဏိ။

၃။ **အဓိ၌**– အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခုနာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

၄။ **သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ၌**–အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

http://www.dhammadownload.com



၅။ **အညဉ္ဉ**–အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇမဟာဘုတ်။ သင်္ချာ–တီဏိ၊ သတ္တ၊ တီဏိ။

၆။ **ပုရေဇ္ဇ**–အရူပဝိပါက် ၄–ခုကြဉ်သော ပဉ္စဝေါကာရပဝတ္တိနာမက္ခန္ဓာ ၄–ပါး။ သင်္ချာ–တီဏိ၊ သတ္တ၊ တီဏိ။

၇။ **အာသေဝ္ဇ**–အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဈာန်၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ် ၄–ခုနာမက္ခန္ဓာ။ သင်္ချာ– တီဏိ၊ သတ္တ၊ တီဏိ။

၈။ **ကမ္မဉ္ဇ**– ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

၉။ **ဝိပါကဉ္ဇ**–အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာ–ဧကံ၊ ဧကံ၊ ဧကံ။

၁၀။ **အာဟာရဉ္ဇ**–အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, အာဟာရဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

၁၁။ **ဣန္ဒြိယဉ္ဇ**–အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

၁၂။ **ဈာနဉ္ဇ**–ဒွေပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

၁၃။ **ဝိပ္ပယုတ္တဉ္ဇ**–အရူပဝိပါက် ၄–ခုကြဉ်သော ပဉ္စဝေါကာရပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ။

\+ + + + +

http://www.dhammadownload.com



# ဆဝါရ ပစ္စနိက်သုဒ္ဓသင်္ချာ

**၁။ နဟေတုဒ္ဒ**—မောဟမူဒွေး၌မောဟ, အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–ဒွေ၊ စတ္တာရိ၊ ဒွေ။

**၂။ နာရမ္မဏ, နာနန္တရ, နသမနန္တရ, နဥပနိဿယ, နသမ္ပယုတ္တ, နော နတ္ထိ, နောဝိဂတဒ္ဒ**—စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–ပဉ္စ၊ ပဉ္စ၊ x ။

**၃။ နာဓိပတိဒ္ဒ**—အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ နိရာဓိပတိစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တိဏိ။

**၄။ န အညမညဒ္ဒ**—နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ ပဋိသန္ဓေကမ္မဇဥပါဒါ ။ ပ ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ သင်္ချာ–ပဉ္စ၊ ပဉ္စ၊ x ။

**၅။ န ပုရေဇာတဒ္ဒ**—အရူပဝိပါက် ၄–ခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃–ခု ဖိုလ် ၄–ခု၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ။ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–သတ္တ၊ သတ္တ၊ တိဏိ။

**၆။ န ပစ္ဆာဇာတဒ္ဒ**—အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တိဏိ။

**၇။ နာသေဝနဒ္ဒ**—အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော, အာဝဇ္ဇန်းဒွေး ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–နဝ၊ သတ္တရသ၊ တိဏိ။

**၈။ န ကမ္မဒ္ဒ**—ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်။ သင်္ချာ–တိဏိ၊ သတ္တ၊ တိဏိ။

http://www.dhammadownload.com



၉။ **န ဝိပါကဒ္ဒ**—ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်, ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ—န၀၊ သတ္တရသ၊ တိဏိ။

၁၀။ **နဲ့ဟာရဒ္ဒ**—ဗာဟိရရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ သင်္ချာ—ဧကံ၊ ဧကံ၊ x ။

၁၁။ **န ဣန္ဒြိယဒ္ဒ**—ဗာဟိရရုပ် , အာဟာရဇရုပ် , ဥတုဇရုပ်, အသညသတ်ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ။ သင်္ချာ—ဧကံ၊ ဧကံ၊ x ။

၁၂။ **န ဈာနဒ္ဒ**—ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ—ဧကံ၊ ဧကံ၊ ဧကံ။

၁၃။ **န မဂ္ဂဒ္ဒ**—အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄—ပါး၊ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ—ဧကံ၊ ဧကံ၊ ဧကံ။

၁၄။ **န ဝိပ္ပယုတ္တဒ္ဒ**—အရူပဝိပါက် ၄—ခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄—ပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃—ခု ဖိုလ် ၄—ခု နာမက္ခန္ဓာ၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ—တီဏိ၊ တီဏိ၊ တီဏိ။

**ဆဝါရသုဒ္ဓသင်္ချာ အချုပ်မှတ်ဖွယ်။** ။ဆဝါရ၌ ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ—ဟု ပဒ၅—ခုရှိ၏။ ကုသလပဒ အကုသလပဒတို့၌ ပဒါဝသာန ၃—ခုစီရှိ၏၊ အဗျာကတပဒ၌ ၅—ခုရှိ၏၊ ကုဗျာပဒ အကုဗျာပဒတို့၌ ၃—ခုစီရှိ၏၊ ပေါင်း သင်္ချာ ၁၇—ချက်ရှိ၏၊ ကုသလေန ကုသလံ—စသည်ဖြင့် သင်္ချာထုတ်ရသည်၊ ယင်းသင်္ချာများမှာ အောက်ပါအတိုင်းဖြစ်၏။ [သင်္ချာများထွက်လာပုံကို ဆဝါရကိုင်တွယ်ပုံအခန်းကျမှ ပြပါမည်။]

၁။ ကု—ကု၊ ကု—ဗျာ၊ ကု—ကုဗျာ။
၂။ အကု—အကု၊ အကု—ဗျာ၊ အကု—အကုဗျာ။
၃။ ဗျာ—ဗျာ၊ ဗျာ—ကု၊ ဗျာ—အကု၊ ဗျာ—ကုဗျာ၊ ဗျာ—အကုဗျာ။
၄။ ကုဗျာ—ကု၊ ကုဗျာ—ဗျာ၊ ကုဗျာ—ကုဗျာ။
၅။ အကုဗျာ—အကု၊ အကုဗျာ—ဗျာ၊ အကုဗျာ—အကုဗျာ။ **(သတ္တရသ)**

http://www.dhammadownload.com



၁။ ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ။
၂။ အကု-အကု၊ အကု-ဗျာ၊ အကု-အကုဗျာ။
၃။ ဗျာ-ဗျာ။ ၄။ ကုဗျာ-ဗျာ။ ၅။ အကုဗျာ-ဗျာ။ **(နဝ)**

၁။ ကု-ကု။ ၂။ အကု-အကု။
၃။ ဗျာ-ဗျာ။ ဗျာ-ကု၊ ဗျာ-အကု။
၄။ ကုဗျာ-ကု။ ၅။ အကုဗျာ-အကု။ **(သတ္တ)**

**တိကဆို။** ။ကု-ကု၊ အကု-အကု၊ ဗျာ-ဗျာ။
**ဇော်။** ။ဗျာ-ဗျာ။

## ဆဝါရ ပစ္စနိက်သင်္ချာမျှား
(အနုလုံမှ ထူးရာမျှသာ)

၁။ ကု-ကု၊ ကု-ဗျာ။ ၃။ ဗျာ-ဗျာ။ ၅။ အကုဗျာ-ဗျာ။
၂။ အကု-အကု၊ အကု-ဗျာ။ ၄။ ကုဗျာ-ဗျာ။ **(သတ္တ၊ န ပုရေဇာတ)**

၁။ ကု-ဗျာ။ ၃။ ဗျာ-ဗျာ။ ၅။ အကုဗျာ-ဗျာ။
၂။ အကု-ဗျာ။ ၄။ ကုဗျာ=ဗျာ။ **(ပဥ္စ)**

၁။ အကု-အကု။ ၃။ အကုဗျာ-အကု။
၂။ ဗျာ-ဗျာ၊ ဗျာ-အကု။ **(စတ္တာရိ)**

၁။ အကု-အကု။ ၂။ ဗျာ-ဗျာ။ **(ဒွေ)**

+ + + + +

**ဆဝါရသုဒ္ဓသင်္ချာ ပြီး၏။**

http://www.dhammadownload.com



# ပဥှာဝါရ မြေပုံ

လုံ-၁။ လုံ-၂။ လုံ-၃။ လုံ-၄။

ဝိဘင်္ဂဝါရ — သင်္ဂြဟဝါရ

၁။ ပါဠိတော်

၂။ အရကောက်

သုဒ္ဓ — မိဿက

သဘာဂ — ဃဋနာ

ဃဋနာ ၃-မျိုး

ဃဋနာ ၃-မျိုးဟောပြီးနောက် ပစ္စယုဒ္ဓါရဖြင့် လုံ ၁-ကိုအဆုံးသတ်ပါ။

၂။ ပစ္စည်းပစ္စနိက်၌ ယမိုက်သဘောသွားအတိုင်း န, ပဋိသေဓဖြင့် သုဒ္ဓ သင်္ဂြဟကိုဆိုရမည်။

၃။ ပစ္စည်းအနုလောမပစ္စနိက်၌ မူသင်္ဂြဟတွင် မူလီသဘာဂကို နုတ်ရမည်။

၄။ ပစ္စည်း ပစ္စနီယာနုလောမ၌ မူလီသင်္ဂြဟတွင် မူသဘာဂကို နုတ်ရမည်။

လုံ ၁-၌ သဘာဂ, ဃဋနာဟု နှစ်မျိုးရှိ၏။

လုံ ၂-၌ ဒုကမှစ၍ ကောဝီသအထိရှိ၏။

လုံ ၃-၌ ဒုက, ဃဋနာဟု နှစ်မျိုးရှိ၏၊ လုံ ၁-နှင့်တူ၏။

လုံ ၄-၌ ဒုကမှစ၍ ဗာဝီသကအထိရှိ၏၊ လုံ ၂-နှင့်တူ၏။

အချုပ်မှာ- မ, လုံချင်းတူ၏၊ စုံလုံချင်းတူ၏၊ မ, လုံနှစ်ခုတို့ အတန်ငယ် ကွဲပြားကား လုံ ၁-၌ သဘာဂဖြစ်မှ မူလီသွတ်ရ၏၊ လုံ ၃-၌ သဘာဂဖြစ်ဖြစ် မဖြစ်ဖြစ် မူလီသွတ်ရ၏၊ သို့ရာတွင် မျိုးခေါင်းဆောင်ပစ္စည်းများကို မူလီမသွတ်ရပေ။

ဤသို့ လုံလေးလုံဟောပြီးနောက် ဟေတုနှင့်အဓိပတိကိုမူတည်ပြီး ပစ္စည်း တွန်းကို လေ့ကျင့်ပါ၊ ပစ္စည်းတွန်းလေ့ကျင့်ပြီးပါက ပဥှာဝါရပြီးပါပြီ။

, , , , ,

http://www.dhammadownload.com



# ပဉ္စာဝါရ၊ ဝိဘင်္ဂဝါရ

သမ္ပယုတ္တဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ပဉ္စာဝါရကိုဟောတော်မူ၏၊ ထိုပဉ္စာဝါရ၌တုံသော်လည်း—

| | |
|---|---|
| ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ | |
| ပစ္စည်းပစ္စနိယာနုလောမ | = ၄ |
| ဝိဘင်္ဂဝါရ၊ သင်္ချာဝါရ | = ၂ |
| ဟေတုပစ္စည်း၏ဝိဘင်္ဂဝါရအစရှိသောအားဖြင့် | =၂၄ |
| ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ | = ၃ |
| ကုသလပဒါဝသာန၊ အဗျာကတ၊ ကုသလာဗျာကတ | = ၃ |
| ဝိဓိ၊ အနုဝါဒ | = ၂ |

ထို ၂–ပါးတို့တွင် ဝိဓိကို ရှေးဦးစွာဟောတော်မူ၏၊ ဟောဟန်ကား— "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏အခြားမဲ့၌ အနုဝါဒကိုဟောတော်မူ၏၊ ဟောဟန်ကား — ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။

**အနက်**။ ။ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော(နိဿတ္တနိဇ္ဇီဝသဘာဝေါ)–သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ(နိဿတ္တနိဇ္ဇီဝ သဘာဝဿ)–သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သော သဘောတရားအား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော(ဥပကာရကော)–ကျေးဇူးပြုသည်၊ ဟောတိ–၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ကုသိုလ်စေတဝိသ, စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော (ဥပကာရကော)–ကျေးဇူးပြုသည်၊ ဟောတိ–၏။ (အရကောက်၊ ၃၂၃)

http://www.dhammadownload.com



ဒီနေရာမှာ "ဝိဓိ, အနုဝါဒ"ဆိုတဲ့ ဝေါဟာရရဲ့အဓိပ္ပါယ်ကို ပြောချင်ပါတယ်၊ ပထမဆိုတဲ့စကားကို "ဝိဓိ"လို့ခေါ်ပါတယ်၊ အဲဒီပထမဆိုတဲ့စကားကို ထင်ရှားအောင် ထပ်ဖွင့်တဲ့အနေနဲ့ နောက်ထပ်ဆိုတဲ့စကားကို "အနုဝါဒ"လို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် ဝိဓိနဲ့အနုဝါဒတို့ဟာ ဝိသေသန, ဝိသေသျ တို့ရဲ့ အမည်ဖြစ်ပါတယ်။ [အနုဝါဒဝိဓေယောတိ ပဌမဝစနံ ဝိဓိ၊ တဒါဝိကရဏာဝသေန ပစ္ဆာ ဝစနံ အနုဝါဒေါ၊ ဝိသေသနဝိသေသျာနံ ဝါ ဝိဓာနုဝါဒသမညာ။ (သီဋီသစ်-ပ၊ ၁၄၁)]

အတန်ငယ် ဆက်ပြောပါဦးမယ်၊ ဝိဓိအနုဝါဒအမည်များဟာ သဒ္ဒါအသုံးအနှုန်းများဖြစ်ပါတယ်၊ နေတ္တိအဋ္ဌကထာဋီကာများမှာ သုံးနှုန်းထားတာတွေ့ရပါတယ်၊ ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး, ပဓာန+အပ္ပဓာန-စတဲ့ အဓိပ္ပါယ်တူ ရှစ်စုံထဲမှာ သူတို့ပါပါတယ်၊ ဝိဓိသည် ဝိသေသျ, ဂုဏေး, ပဓာန၊ အနုဝါဒသည် ဝိသေသန, ဂုဏ်, အပ္ပဓာန၊ ဒါ့ကြောင့် အရကောက်ဆရာကြီးက ပဓာနဖြစ်တဲ့ ဝိဓိအရကို သရုပ်ထုတ်ကောက်ပြပါတယ်၊ အပ္ပဓာနဖြစ်တဲ့ အနုဝါဒကိုတော့ ခန္ဓာဝါရဖွဲ့ပြထားပါတယ်၊ နောင်တွေ့ကြရပါလိမ့်မယ်။

ဒီဝိဓိ, အနုဝါဒအသုံးအနှုန်းနဲ့ပတ်သက်လို့ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိအဆိုကို ထုတ်ပြပါဦးမယ်။

> ဂုဏော ဝိသေသနံ ဘေဒေါ၊ ဝိသေသော အနုဝါဒကော။
> အပ္ပဓာနမုပါယော စ၊ သကတ္ထောတိ စိမေ သမာ။
> ဂုဏီ ဝိသေသိတဗ္ဗဉ္စ၊ ဘေဒျံ သာမညဝိဓေယော။
> ပဓာနဉ္စ ဥပေယျော စ၊ ဒဗ္ဗံ ဧယျော သမာနတာ။

ဟူသော ကစ္စာယနဋီကာသစ်အတိုင်း ရှေ့ဂါထာလာ ဝိသေသနမည် ၈-ပါး၊ နောက်ဂါထာလာ ဝိသေသျမည် ၈-ပါးကို သိအပ်၏၊ ဝိသေသနကို အနုဝါဒရုပ်, ဝိသေသျကို ဝိဓိရုပ်-ဟု သဒ္ဒါကျမ်းမှာသုံးရိုးအတိုင်း သုံးပါသည်ကို ပဋ္ဌာန်းအရကောက်မှာ "ဝီထိ"ဟု စာအများ ပျက်ပြားရှိနေ၍ မသိနိုင်အောင် ရှိနေကြရ၏။ (ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိ၊ ၂၆၅)

> အတ္ထရူပံ ပသိဒ္ဓံန-ဝါဒရူပန္တိ ဝုစ္စတေ။
> ဝိသေသနံဝ တံ အပ္ပ-သိဒ္ဓကံ ဝိဓိရူပကံ။
>
> ဝိသေသျမေဝ တံတျော-မတ္ထရူပံ ဒုဓာ မတံ။
> ယထာ နီလုပ္ပလံ ရာဇ-ပုရိသောတိ နိဒဿနံ။

(ဘေဒစိန္တာ၊ ၁၉၀-၁)

http://www.dhammadownload.com



## အာရမ်မျိုး

ဒီဝိဘင်္ဂဝါရမှာ ပါဠိတော်ဟောပုံ, အရကောက်ပုံလို့ နှစ်မျိုးရှိပါတယ်၊ ဒီနှစ်မျိုးကို သဘောပေါက်အောင် ရှင်းပြရမှာဖြစ်ပါတယ်၊ အဲဒီလိုရှင်းတဲ့အခါမှာ ဒေသနာက္ကမအနေအားဖြင့် ဟေတုပစ္စည်းကို အရင်ရှင်းပြရမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် သုဒ္ဓသင်္ချာမျိုးစဉ်အလိုက် ရှင်းပြမှာဖြစ်လို့ "အာရမ်"မျိုးကို အရင်ရှင်းပြရပါလိမ့်မယ်။

အခု ပါဠိတော်ဟောပုံကို အတန်ငယ် ပြောပြထားနှင့်ပါမယ်၊ ပါဠိတော်ကိုလဲ ထုတ်ပြပါမယ်၊ ပြီးတော့မှ သင်္ဂဟပါဠိနဲ့ညှိပြီး အကျယ်ရှင်းပြပါမယ်။

## ပါဠိတော်ဟောပုံ

ပါဠိတော်ဟောတဲ့အခါမှာ အာရမ္မဏကုသိုလ်ပစ္စည်းတရားကို (၁) ဒါနံ၊ သီလံ၊ ဥပေါသထကမ္မံ၊ ပုဗ္ဗေ သုစိဏ္ဏာနိ၊ ဈာနံ၊ ဂေါတြဘုံ၊ ဝေါဒါနံ၊ မဂ္ဂံ။ (၂) ကုသလံ၊ စိတ္တံ၊ အာကာ, အာကိံကုသလံ၊ ကုသလာ ခန္ဓာ–ဟုဟောတော်မူသည်။ ယင်း၏ ကုသိုလ် ပစ္စယုပ္ပန်တရားများကို ပစ္စဝေက္ခတိ၊ ဝိပဿတိ၊ ဇာနာတိ–ကြိယာတို့ဖြင့် ဟောတော်မူသည်။

အကုသိုလ်ပစ္စည်းတရားများကို ရာဂံ၊ ဒိဋ္ဌိံ၊ ဝိစိကိစ္ဆံ၊ ဥဒ္ဒစ္စံ၊ ဒေါမနဿံ–ဟု ဟောတော်မူသည်။ ယင်း၏ အကုသိုလ်ပစ္စယုပ္ပန်တရားများကို အဿာဒေတိ၊ အဘိနန္ဒတိ–ကြိယာများနှင့် ရာဂ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဒစ္စ, ဒေါမနဿ–အမည်များဖြင့်ပင် ဟောတော်မူသည်။

အဗျာကတပစ္စည်းတရားများကို ဖလံ၊ ဈာနံ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဝတ္ထု၊ ဝိပါက် ကြိယာ ခန္ဓာ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ၊ အာကာ, အာကိံကြိယာ၊ ရူပါယတန, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာယတန–အမည်များဖြင့် အသီးသီးဟောတော်မူသည်။ ယင်း၏ အဗျာကတ ပစ္စယုပ္ပန်တရားများကို ပစ္စဝေက္ခတိ၊ ဝိပဿတိ၊ ပဿတိ၊ သုဏာတိ၊ ဇာနာတိ–ကြိယာတို့ဖြင့် ဟောတော်မူသည်။

ဒီ ကုသိုလ်, အကုသိုလ်, အဗျာကတ အခြေခံသုံးချက်ကို နားလည်သဘောပေါက်ထားဖို့ လိုပါတယ်၊ ပီးတော့မှ ပဒ, ပဒါဝသာနအလိုက် သတိပြုရမယ်၊ သင်္ဂဟပါဠိကို နှလုံးသွင်းပြီး အာရုံ, အာရမ္မဏိကသဘောကို သတိပြုရမယ်၊ ဒီလို သတိပြုမယ်ဆိုလျှင် ပါဠိတော်ဟောပုံ သဘောပေါက်နိုင်လောက်ပါတယ်၊ အောက်ပါ ပါဠိတော်များကို ရှုပါ။

http://www.dhammadownload.com



# အာရမ္မဏပါဠိတော်

## ၁။ ကုသလော ကုသလဿ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဒါနံ ဒတွာ သီလံ သမာဒိယိတွာ | |
| ဥပေါသထကမ္မံ ကတွာ တံ | ပစ္စဝေက္ခတိ။ |
| ပုဗ္ဗေ သုစိဏ္ဏာနိ | ပစ္စဝေက္ခတိ။ |
| ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | ပစ္စဝေက္ခတိ။ |
| သေက္ခာ ဂေါတြဘုံ x ဝေါဒါနံ | ပစ္စဝေက္ခန္တိ။ |
| သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ပစ္စဝေက္ခန္တိ။ |
| သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| စေတောပရိယဉာဏေန ကုသလစိတ္တ သမင်္ဂိဿ စိတ္တံ | ဇာနန္တိ။ |
| အာကာသာနဉ္စာယတနကုသလံ | ဝိညာဏဉ္စာယတနကုသလဿ။ |
| အာကိဉ္စညာယတနကုသလံ | နေဝသညာနာသညာ...ကုသလဿ။ |
| ကုသလာ ခန္ဓာ | ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသဉာဏဿ။ |

## ၂။ ကုသလော အကုသလဿ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဒါနံ ဒတွာ ။ပ။ တံ | အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စံ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ပုဗ္ဗေ သုစိဏ္ဏာနိ | အဿာဒေတိ ။ပ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | အဿာဒေတိ ။ပ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ |
| ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ | ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |

## ၃။ ကုသလော အဗျာကတဿ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ပစ္စဝေက္ခတိ။ |
| ပုဗ္ဗေ သုစိဏ္ဏာနိ | ပစ္စဝေက္ခတိ။ |
| ကုသလံ | အနိစ္စတော ။ပ။ ဝိပဿတိ။ |
| စေတော ။ပ။ စိတ္တံ | ဇာနာတိ။ |

http://www.dhammadownload.com



| | |
|---|---|
| သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ | အနိစ္စတော ။ ပ ။ ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| ကုသလံ | အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| အာကာသာနဉ္စာယတနကုသလံ | ဝိညာ–ဝိပါကဿ စ ကိရိယဿ စ။ |
| အာကိဉ္စညာယတနကုသလံ | နေဝ–ဝိပါကဿ စ ကိရိယဿ စ။ |
| ကုသလာ ခန္ဓာ | စေ, ပု, ယ, အနာ, အာဝဇ္ဇနာယ။ |

### ၄။ အကုသလော အကုသလဿ

| | |
|---|---|
| ရာဂံ x ဒိဋ္ဌိံ | အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ဝိစိကိစ္ဆံ အာရဗ္ဘ | ဝိစိ၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စံ၊ ဒေါ–ဥပ္ပဇ္ဇတိ။ |
| ဥဒ္ဓစ္စံ အာရဗ္ဘ | ဥဒ္ဓစ္စံ၊ ဒိဋ္ဌိ၊ ဝိစိ၊ ဒေါ–။ |
| ဒေါမနဿံ အာရဗ္ဘ | ဒေါ၊ ဒိဋ္ဌိ၊ ဝိစိ၊ ဥဒ္ဓစ္စံ–။ |

### ၅။ အကုသလော ကုသလဿ

| | |
|---|---|
| သေက္ခာ ပဟီနေ ကိလေသေ | ပစ္စဝေက္ခန္တိ။ |
| ဝိက္ခမ္ဘိတေ ကိလေသေ | ပစ္စဝေက္ခန္တိ။ |
| ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ဇာနန္တိ။ |
| သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ | အနိစ္စတော ။ ပ ။ ဝိပဿန္တိ။ |
| စေတော–အကုသလစိတ္တ–စိတ္တံ | ဇာနန္တိ။ |
| အကုသလာ ခန္ဓာ | စေ, ပု, ယ, အနာဂတံသဉာဏဿ။ |

### ၆။ အကုသလော အဗျာကတဿ

| | |
|---|---|
| အရဟာ ပဟီနေ ကိလေသေ | ပစ္စဝေက္ခတိ။ |
| ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ဇာနာတိ။ |
| အကုသလံ | အနိစ္စတော ။ ပ ။ ဝိပဿတိ။ |
| စေတော–အကုသလစိတ္တ–စိတ္တံ | ဇာနာတိ။ |
| သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ | အနိစ္စ–ဿန္တိ၊ ကုသလေ နိရုဒ္ဓေ–ဥပ္ပဇ္ဇတိ။ |
| အကုသလံ | အဿာဒေတိ ။ ပ ။ အကုသလေ နိရုဒ္ဓေ–။ |
| အကုသလာ ခန္ဓာ | စေ, ပု, ယ, အနာ, အာဝဇ္ဇနာယ။ |

http://www.dhammadownload.com



**၇။ အဗျာကတော အဗျာကတဿ**

| | |
|---|---|
| အရဟာ ဖလံ x နိဗ္ဗာနံ | ပစ္စဝေက္ခတိ။ |
| နိဗ္ဗာနံ | ဖလဿ, အာဝဇ္ဇနာယ။ |
| အရဟာ စက္ခုံ | အနိစ္စတော ။ ပ ။ ဝိပဿတိ။ |
| သောတံ, ဃာနံ, ဇိဝှံ, ကာယံ၊ | |
| ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ, | |
| ဝတ္ထုံ၊ ဝိ, ကြိ ဗျာကတေ ခန္ဓေ | အနိစ္စတော ။ ပ ။ ဝိပဿတိ။ |
| ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿတိ။ |
| ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏာတိ။ |
| စေတော – ဝိ, ကြိ ဗျာကတစိတ္တ – စိတ္တံ | ဇာနာတိ။ |
| အာကာသာနဉ္စာယတနကိရိယံ | ဝိညာဏဉ္စာယတနကိရိယဿ။ |
| အာကိဉ္စညာယတနကိရိယံ | နေဝသညာ – ကိရိယဿ။ |
| ရူပါယတနံ ။ ပ ။ ဖောဋ္ဌဗ္ဗာယတနံ | စက္ခုဝိညာဏဿ ။ ပ ။ ကာယဝိညာဏဿ။ |
| အဗျာကတာ ခန္ဓာ | ဣ, စေ, ပု, နာ, အာဝဇ္ဇနာယ။ |

**၈။ အဗျာကတော ကုသလဿ**

| | |
|---|---|
| သေက္ခာ ဖလံ x နိဗ္ဗာနံ | ပစ္စဝေက္ခန္တိ။ |
| နိဗ္ဗာနံ | ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ။ |
| သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ | အနိစ္စတော ။ ပ ။ ဝိပဿန္တိ။ |
| သောတံ ။ ပ ။ အဗျာကတေ ခန္ဓေ | အနိစ္စတော ။ ပ ။ ဝိပဿန္တိ။ |
| ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿန္တိ။ |
| ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏန္တိ။ |
| စေတော – စိတ္တံ | ဇာနန္တိ။ |
| အဗျာကတာ ခန္ဓာ | ဣ, စေ, ပု, အနာဂတံသဉာဏဿ။ |

**၉။ အဗျာကတော အကုသလဿ**

| | |
|---|---|
| စက္ခုံ | အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| သောတံ ။ ပ ။ အဗျာကတေ ခန္ဓေ | အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |

\+ + + + +

http://www.dhammadownload.com



ဝိဘင်္ဂဝါရကို သဘောပါပါနဲ့ ပါဠိတော်ဟောနိုင်ဖို့, အရကောက်နိုင်ဖို့, တစ်နည်းကားပါ ကောက်နိုင်ဖို့ အဆင့်သုံးဆင့်နဲ့ နားလည်ထားရပါမယ်၊ အဲဒီ အဆင့်သုံးဆင့်က—

၁။ သုဒ္ဓသချ်ာမှာပါသမျှ ပစ္စည်း, ပစ္စယုပ္ပန်ကို ခွဲပါ။

၂။ ပဒ, ပဒါဝသာနအလိုက် ကု, အကု, ဗျာတရားများကို ခွဲပါ၊ ရွေးထုတ်ပါ။
[ပစ္စည်းဘက်မှာပါသည့်ကုသိုလ်၊ ပစ္စယုပ္ပန်ဘက်မှာပါသည့် ကုသိုလ်များကို ပိုင်းပိုင်းခြားခြားခွဲပါ။ အကု, ဗျာတရားများကိုလည်း ထို့အတူ ခွဲပါ။]

၃။ အာရုံ, အာရမ္မဏိက ဖြစ်, မဖြစ် အာရမ္မဏသင်္ဂဟပါဠိဖြင့် ညှိပါ။

| **ပစ္စည်း** | **ပစ္စယုပ္ပန်** |
|---|---|
| စိတ် – ၈၉၊ စေ – ၅၂၊ ရုပ် – ၂၈၊ နိဗ္ဗာန် | ကာမစိတ် – ၅၄၊ ဝိညာ, နေဝါ – ၆၊ အဘိညာဉ်ဒွေး၊ လောကုတ် – ၈။ |

ဒီလို ပထမဆင့်သရုပ်ခွဲပြီးနောက် ပစ္စည်းဘက်မှာ ကုသိုလ်ဘယ်လောက် ပါတယ်, အကုသိုလ်ဘယ်လောက်ပါတယ်, အဗျာကတဘယ်လောက်ပါတယ်, ဘာတွေပါတယ်ဆိုတာ ကြည့်ရမယ်၊ ထုတ်နုတ်တတ်ရမယ်။ ဒီလိုပဲ ပစ္စယုပ္ပန်ဘက်မှာလဲ ကုသိုလ်ဘယ်လောက်ပါတယ်, အကုသိုလ်ဘယ်လောက်ပါတယ်, အဗျာကတဘယ်လောက်ပါတယ်, ဘာတွေပါတယ်ဆိုတာ ကြည့်ရမယ်၊ ထုတ်နုတ်တတ်ရမယ်။

ပစ္စည်းဘက်မှာ ကုသိုလ်အကုန်လုံးပါတယ်၊ အကုသိုလ်လဲ အကုန်လုံးပါတယ်၊ အဗျာကတလဲ ဝိပါက် ကြိယာ, ရုပ်, နိဗ္ဗာန် အကုန်လုံးပါတယ်။

ပစ္စယုပ္ပန်ဘက်မှာ ကာမကုသိုလ်–၈၊ ဝိညာနေဝါကုသိုလ်–၂၊ ကုသိုလ် အဘိညာဉ်၊ မဂ်၄–ခုပါတယ်၊ အကုသိုလ် ၁၂–ပါးလုံးပါတယ်၊ အဗျာကတက ကာမဝိပါက်ကြိယာ၊ ဝိညာနေဝါ ဝိပါက်ကြိယာ၊ ကြိယာအဘိညာဉ်၊ ဖိုလ် ၄–ခု ပါတယ်။ ဒါဟာ ဒုတိယဆင့်ပါပဲ။

ဒီလို ဒုတိယဆင့်သရုပ်ခွဲပြီးနောက် အာရုံအာရမ္မဏိက နားလည်အောင် သင်္ဂဟပါဠိနဲ့ ညှိကြည့်ကြရပါမယ်၊ အဲဒီလို ညှိကြည့်တဲ့အခါမှာ အာရမ္မဏိက ပစ္စယုပ္ပန်ကို အရင်ဆုပ်ကိုင်ထားရမယ်။

၁။ ကုသလော ကုသလဿ ဆိုပါတော့၊ ပစ္စယုပ္ပန်ကာမကုသိုလ်က ဘယ် ကုသိုလ်ကို အာရုံပြုနိုင်သလဲ။

http://www.dhammadownload.com



(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ခ) ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဒီသင်္ဂဟပါဌ်နှစ်ပိုဒ်ကိုကြည့်ပြီး မဟာကုသိုလ် ၈–ခုက အရဟတ္တမဂ်ကြဉ်တဲ့ ကုသိုလ်စိတ်ဝီသကို အာရုံပြုပါတယ်။ ဒီထဲမှာ ကုသိုလ်အဘိညာဉ်လဲပါပါတယ်။

(ဂ) အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ–ဆိုတဲ့ သင်္ဂဟပါဌ်အရ ဝိညာနေဝါကုသိုလ်က (အစဉ်အတိုင်း)အာကာ အာကိ ကုသိုလ်ကို အာရုံပြုပါတယ်။

အဲဒီတော့ ပေါင်းလိုက်ရင် မဟာကုသိုလ် ၈–ခု၊ ဝိညာနေဝါကုသိုလ်၊ အဘိညာဉ်ကုသိုလ်တို့က အရဟတ္တမဂ်ကြဉ် ကုသိုလ်စိတ်ဝီသကို အာရုံပြုပါတယ်။ အဲဒီ သင်္ဂဟပါဌ် ၃–ပိုဒ်ကို ခွဲဆိုလိုက်ရင် "တစ်နည်းကား" အရကောက်ဖြစ်ပါတယ်၊ အဘိညာဉ်နှင့်ပတ်သက်လို့ ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသဆိုတဲ့ အဘိညာဉ် ၅–ပါးကိုတော့ ဆိုရိုးသီးသန့်နဲ့ဆိုရပေလိမ့်မည်။

နောက်တစ်ခုက ပစ္စယုပ္ပန်ဘက်မှာ မဂ် ၄–ခုကျန်ပါသေးတယ်၊ အဲဒီမဂ် ၄–ခုက နိဗ္ဗာန်(အဗျာကတတရား)ကို အာရုံပြုတဲ့အတွက် ဒီကုသလော ကုသလဿနဲ့ မဆိုင်တော့ဘူး။

**တစ်နည်းကား–**

ကတ္တားပုဒ်၏အရကား မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခုအား x တပ်သော လောကီကုသိုလ်သတ္တရသ။ [(က) အပိုဒ်။] မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအား x တပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ။ [(ခ) အပိုဒ်။] ဝိညာဏဉ္စာယတနကုသိုလ်အား x တပ်သော ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ နေဝသညာနာသညာယတနကုသိုလ်အား x တပ်သော ဤဘဝ, ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ်။ [(ဂ) အပိုဒ်။]

ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား x တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်။ စေတောပရိယကုသိုလ်အဘိညာဉ်အား x တပ်သော လွန်လေပြီးသော ၇–ရက်မှစ၍ လာလတ္တံ့သော ၇–ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတစ်ပါးတို့၏ ကုသိုလ်စိတ်ဝီသ။ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား x တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တ

http://www.dhammadownload.com



မဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ။ ယထာကမ္မုပဂကုသိုလ်အဘိညာဉ်အား x တပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်ကံ။ အနာဂတံသကုသိုလ်အဘိညာဉ်အား x တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏။[(ခ)အပိုဒ်ထဲမှ။]

၂။ ကုသလော အကုသလဿ-မှာ ပစ္စယုပ္ပန်အကုသိုလ်က ဘယ်ကုသိုလ်ကို အာရုံပြုနိုင်သလဲ။

(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဒီသင်္ဂဟပါဠိကိုကြည့်ပြီး လောကီကုသိုလ်သတ္တရသကို အာရုံပြုတယ်ဆိုတာ သိရပါတယ်၊ သင်္ဂဟပါဠိတစ်ပိုဒ်တည်းမို့ တစ်နည်းကားကောက်ဖို့ မလိုတော့ဘူး။ ပစ္စယုပ္ပန်က အကုသိုလ်ဒွါဒသ။

၃။ ကုသလော အဗျာကတဿ-မှာ ပစ္စယုပ္ပန်ထဲက ဝိပါက်ကြိယာ(အဗျာကတတရား)က ဘယ်ကုသိုလ်ကို အာရုံပြုနိုင်သလဲ။

(က) သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဥ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။

(ခ) အကုသလာနိစေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ဂ) ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗနဥ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

(ဃ) အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

ဒီလေးပိုဒ်လုံးကို ပေါင်းလိုက်လျှင် တဒါရုံ-၁၁၊ ပဉ္စဒွါရာဝဇ္ဇန်းကြဉ် ကာမကြိယာ-၁၀၊ ဝိညာနေဝါဝိပါက်ကြိယာ၊ စေ, ပု, ယ, အနာဂတံသကြိယာအဘိညာဉ်ပစ္စယုပ္ပန်တရားတို့က ကုသိုလ်စိတ်ကေဝီသလုံးကို အာရုံပြုပါတယ်။ အဲဒီသင်္ဂဟ ပါဠိ ၄-ပိုဒ်ကို တစ်ခုချင်းခွဲဆိုလိုက်လျှင် "တစ်နည်းကား"အရကောက်ဖြစ်ပါတယ်၊ အဘိညာဉ်နဲ့ပတ်သက်လို့တော့ ရှေ့ကပြောခဲ့သလို ဆိုရိုးသီးသန့်နဲ့ ဆိုရပေလိမ့်မယ်။

**တစ်နည်းကား—**

ကတ္တားပုဒ်၏အရကား (က)တဒါရုံကောဒသ ဟသိတုပ္ပါဒ်အား x တပ်သော မဟာကုသိုလ်စိတ် ၈-ခု၊ (ခ)မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုအား x တပ်သော လောကီကုသိုလ်သတ္တရသ၊ (ဂ)မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုအား x တပ်သော ကုသိုလ်စိတ်ကေဝီသ။ (ဃ)ဝိညာနဉ္စာယတနဝိပါက်အား x

http://www.dhammadownload.com



တပ်သော ရှေးဘဝအစွဲတ္တသန္တာန်ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ ဝိညာနဉ္စာယတနကြိယာအား x တပ်သော ဤဘဝ ရှေးဘဝ အစွဲတ္တသန္တာန်ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ နေဝသညာနာသညာယတနဝိပါက်အား x တပ်သော ။ ပ ။ အာကိံကုသိုလ်၊ နေဝ–ကြိယာအား x တပ်သော ။ ပ ။ အာကိံကုသိုလ်။

(ဂ) အပိုဒ်ထဲမှ ဣဒ္ဓိဝိဓမှတစ်ပါး အဘိညာဉ် ၄–ပါးကို ကု–ကုနည်းတူ ဆိုရိုးပြုရပါမယ်၊ ပစ္စယုပ္ပန်က ကြိယာဗျာကတဖြစ်လို့ "ကြိယာအဘိညာဉ်အား တပ်သော"လို့ ပြောင်းလွှဲဆိုရုံသာ ထူးပါတယ်။ [အရကောက်စာအုပ်ကြီးမှာ တစ်နည်းကား ကောက်မပြသော်လဲ ကောက်သင့်ပါတယ်။]

၄။ အကုသလော အကုသလဿ–မှာ ပစ္စယုပ္ပန် ဘယ်အကုသိုလ်က ဘယ်အကုသိုလ်ကို အာရုံပြုနိုင်ပါသလဲ။

(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဒီသင်္ဂဟပါဠိကိုကြည့်ပြီး အကုသိုလ်ဒွါဒသကို အာရုံပြုတယ်ဆိုတာ သိရပါတယ်၊ သင်္ဂဟပါဠိ တစ်ပိုဒ်ထည်းမို့ တစ်နည်းကားကောက်ဖို့ မလိုတော့ဘူး။ ပစ္စယုပ္ပန်ကလဲ အကုသိုလ်ဒွါဒသ။

၅။ အကုသလော ကုသလဿ–မှာ ပစ္စယုပ္ပန်ဘယ်ကုသိုလ်က ဘယ်အကုသိုလ်ကို အာရုံပြုနိုင်သလဲ။

(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ခ) ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဒီနှစ်ပိုဒ်လုံးကိုပေါင်းလိုက်လျှင် မဟာကုသိုလ်စိတ် ၈–ခုနှင့် စေ, ပု, ယ, အနာဂတံသကုသိုလ်အဘိညာဉ် ပစ္စယုပ္ပန်တရားတို့က အကုသိုလ်ဒွါဒသကို အာရုံပြုပါတယ်။ အဲဒီ ၂–ပိုဒ်ကို တစ်ပိုဒ်ချင်းခွဲဆိုလိုက်လျှင် "တစ်နည်းကား" အရကောက်ဖြစ်ပါတယ်၊ အဘိညာဉ်နဲ့ပတ်သက်လို့တော့ ရှေ့ကအတိုင်းပဲပေါ့၊ သီးသန့်ဆိုရိုးပြုရမယ်။

**တစ်နည်းကား**

ကတ္တားပုဒ်၏အရကား (က) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄–ခုအား x တပ်သော အကုသိုလ်စိတ်ဒွါဒသ။ (ခ) မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄–ခု

http://www.dhammadownload.com



အား x တပ်သော အကုသိုလ်စိတ်ဒွါဒသ။ ဒီနှစ်ချက်က အတူတူပါပဲ၊ ဒါ့ကြောင့် မဟာကုသိုလ်စိတ် ၈–ခုအား x တပ်သော အကုသိုလ်စိတ်ဒွါဒသ–လို့ ဆိုလိုက်လျှင် ပြီးတာပါပဲ။

စေတောပရိယကုသိုလ်အဘိညာဉ်အား x တပ်သော လွန်လေပြီးသော ॥ ပ ॥ သူတစ်ပါးတို့၏ အကုသိုလ်စိတ်ဒွါဒသ။ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား x တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အကုသိုလ်စိတ်ဒွါဒသ။ ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အား x တပ်သော အတိတ်ဖြစ်သော အကုသိုလ်ကံ။ အနာဂတံသကုသိုလ်အဘိညာဉ်အား x တပ်သော အနာဂတ်ဖြစ်သော အကုသိုလ် စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စည်းတရားရ၏။

၆။ အကုသလော အဗျာကတဿ–မှာ ပစ္စယုပ္ပန် ဘယ်အဗျာကတတရားက ဘယ်အကုသိုလ်ကို အာရုံပြုနိုင်သလဲ။

(က) သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။

(ခ) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ဂ) ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

ဒီသုံးပိုဒ်လုံးကို ပေါင်းလိုက်လျှင် တဒါရုံ–၁၁၊ ပဉ္စဒွါရာဝဇ္ဇန်းကြဉ် ကာမကြိယာ–၁၀၊ စေ, ပု, ယ, အနာဂတံသကြိယာအဘိညာဉ် ပစ္စယုပ္ပန်တရားတို့က အကုသိုလ်စိတ်ဒွါဒသကို အာရုံပြုပါတယ်၊ အဲဒီသုံးပိုဒ်ကို တစ်ပိုဒ်ချင်းခွဲလိုက်လျှင် "တစ်နည်းကား" အရကောက်ဖြစ်ပါတယ်၊ အဘိညာဉ်နဲ့ပတ်သက်လို့ကတော့ ရှေ့ကအတိုင်း သီးသန့်ဆိုရိုးပြုရမယ်။

တစ်နည်းကား အရကောက်ချင်လျှင် အထက်ကပါဠိသုံးပိုဒ်ကြည့်ကောက်ပါ၊ အမှန်ကတော့ ဒီအကုသလပဒသုံးချက်လုံး တစ်နည်းကားအရကောက်ဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သင်္ဂဟပါဠိ ဘယ်အပိုဒ်ပဲ ကောက်ကောက်, အာရုံပစ္စည်းဘက်က မပြောင်းမလဲ အကုသိုလ်စိတ်ဒွါဒသချည်းဖြစ်လို့ပါပဲ၊ သဘောသွားစဉ်းစားကြည့်ပါ။

၇။ အဗျာကတော အဗျာကတဿ–မှာ ပစ္စယုပ္ပန် ဘယ်အဗျာကတတရားက ဘယ်အဗျာကတတရားကို အာရုံပြုနိုင်သလဲ။

(က) တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိဧကေကာရမ္မဏာနေဝ။

http://www.dhammadownload.com



(ခ) မနောဓာတုတ္တိက် ပန ရူပါဒိပဉ္စာရမ္မဏာ။

(ဂ) သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဥ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။

(ဃ) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(င) ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗနဥ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

(စ) အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

(ဆ) လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။

ဒီခုနစ်ပိုဒ်လုံးကို ပေါင်းလိုက်လျှင် ကာမဝိပါက်–၂၃၊ ကာမကြိယာ–၁၁၊ ဝိညာနေဝါကြိယာ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣ, စေ, ပု, အနာဂတံသကြိယာအဘိညာဉ်၊ ဖိုလ်စိတ် ၄–ခု ပစ္စယုပ္ပန်တရားတို့က ဝိပါက်စိတ်–၃၆၊ ကြိယာစိတ်–၂၀၊ စေတသိက်–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန်ကို အာရုံပြုပါတယ်။ အဲဒီ ခုနစ်ပိုဒ်ကို တစ်ပိုဒ်ချင်းခွဲဆိုလိုက်လျှင် "တစ်နည်းကား"အရကောက်ဖြစ်ပါတယ်။

**တစ်နည်းကား**

ကတ္တားပုဒ်၏အရကား (က)စက္ခုဝိညာဉ်ဒွေးအား x တပ်သော ပစ္စုပ္ပန်ရူပါရုံ ။ ပ ။ ကာယဝိညာဉ်ဒွေးအား x တပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ (ခ)မနောဓာတ်သုံးခုအား x တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ (ဂ)တဒါရုံကောဒသ ဟသိတုပ္ပါဒ်အား x တပ်သော ကာမဝိပါက်–၂၃၊ ကာမကြိယာ–၁၁၊ ရုပ်–၂၈။ (ဃ)မဟာကြိယာဉာဏဝိပ္ပယုတ်လေးခုအား x တပ်သော လောကီဝိပါက်–၃၂၊ ကြိယာ–၂၀၊ ရုပ်–၂၈။ (င)မဟာကြိယာဉာဏသမ္ပယုတ်လေးခု မနောဒွါရာဝဇ္ဇန်းအား x တပ်သော ဝိပါက်စိတ်–၃၆၊ ကြိယာ–၂၀၊ ရုပ်–၂၈၊ နိဗ္ဗာန်။ (အဘိညာဉ်ကို ချန်ထားခဲ့ဦး။) (စ)ဝိညာကြိယာအား x တပ်သော ဉာဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာကြိယာ၊ နေဝကြိယာအား x တပ်သော ဉာဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိံကြိယာ။

(င–အဘိညာဉ်အဆက်) ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား x တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတကြိယာအဘိညာဉ်အား x တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံ၊ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အား x တပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်၊ သတ, သဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သောအာရုံခြောက်ပါး၊ စေတော

http://www.dhammadownload.com



ပရိယကြိယာအဘိညာဉ်အား x တပ်သော လွန်လေပြီးသော ။ ပ ။ သူတစ်ပါးတို့၏ ဝိပါက်စိတ်–၃၆၊ ကြိယာစိတ်ဝီသဟုဆိုအပ်သော ခမ္မာရုံ၊ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်အား x တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်စိတ်–၃၆၊ ကြိယာ စိတ်–၂၀၊ ရုပ် ၂၈–ဟုဆိုအပ်သော ခန္ဓာ ၅–ပါး၊ ထိုခန္ဓာ ၅–ပါးမှ အစဉ်လျှောက် ၍သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး။ အနာဂတံသကြိယာ အဘိညာဉ်အား x တပ်သော အနာဂတ်ဖြစ်သော ဝိပါက်–၃၆၊ ကြိယာစိတ်–၂၀၊ ရုပ် ၂၈–ဟုဆိုအပ်သော ခန္ဓာ ၅–ပါး၊ ထိုခန္ဓာ ၅–ပါးမှ အစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ (ဆ) ဖိုလ်လေးခုအား x တပ်သော နိဗ္ဗာန် ပစ္စည်းတရားရ၏။

၈။ အဗျာကတော ကုသလဿ–မှာ ပစ္စယုပ္ပန်ဘယ်ကုသိုလ်တရားက ဘယ်အဗျာကတတရားကို အာရုံပြုနိုင်သလဲ။

(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ခ) ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဥ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

(ဂ) လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။

ဒီသုံးပိုဒ်လုံးကို ပေါင်းလိုက်လျှင် မဟာကုသိုလ်–၈၊ ဒိဗ္ဗစက္ခု, သော, ဣ, စေ, ပု, အနာဂတံသကုသိုလ်အဘိညာဉ်၊ မဂ်–၄၊ စေ–၃၆၊–ပစ္စယုပ္ပန်တရားတို့က အရဟတ္တ ဖိုလ်ကြဉ်သော ဝိပါက်စိတ်–၃၅၊ ကြိယာစိတ်–၂၀၊ စေတသိက်–၃၈၊ ရုပ်–၂၈၊ နိဗ္ဗာန်ကို အာရုံပြုပါတယ်၊ အဲဒီသုံးပိုဒ်ကို တစ်ပိုဒ်ချင်းခွဲလိုက်လျှင် "တစ်နည်း ကား"အရကောက်ဖြစ်ပါတယ်။

**တစ်နည်းကား**

ကတ္တားပုဒ်၏အရကား (က) မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးခုအား x တပ်သော လောကီဝိပါက်–၃၂၊ ကြိယာစိတ်–၂၀၊ ရုပ်အဋ္ဌဝီသ။ (ခ) မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခုအား x တပ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်– ၃၅၊ ကြိယာစိတ်–၂၀၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အား x တပ်သော ။ ပ ။ ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်အား x တပ်သော ။ ပ ။ သဒ္ဒါရုံ၊ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား x တပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်၊ သတ, သဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ခြောက်ပါး၊ စေတောပရိယကုသိုလ်အဘိညာဉ်အား x တပ်သော လွန်လေပြီးသော

http://www.dhammadownload.com



॥ ပ ॥ အရဟတ္တဖိုလ်ကြည်သော ဝိပါက်စိတ်–၃၅၊ ကြိယာစိတ်ဝီသဟုဆိုအပ်သော ဓမ္မာရုံ၊ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား x တပ်သော ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သော အရဟတ္တဖိုလ်ကြည်သော ဝိပါက်စိတ်–၃၅၊ ကြိယာစိတ်–၂၀၊ ရုပ်အဋ္ဌ ဝီသဟုဆိုအပ်သော ခန္ဓာ ၅–ပါး၊ ထိုခန္ဓာ ၅–ပါးမှ အစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ အနာဂတံသကုသိုလ်အဘိညာဉ်အား x တပ်သော အနာဂတ်ဖြစ်သော ॥ ပ ॥ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး॥ (ဂ) မဂ်လေးခုအား x တပ်သော နိဗ္ဗာန် ပစ္စည်းတရားရ၏॥

၉॥ အဗျာကတော အကုသလဿ–မှာ ပစ္စယုပ္ပန်ဘယ်အကုသိုလ်က ဘယ် အဗျာကတတရားကို အာရုံပြုနိုင်သလဲ॥

(က) အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

ဒီသင်္ဂဟပါဠိကိုကြည့်ပြီး လောကီဝိပါက်–၃၂၊ ကြိယာ–၂၀၊ စေတသိက်–၃၅၊ ရုပ် ၂၈–ကို အာရုံပြုတယ်ဆိုတာ သိရပါတယ်၊ သင်္ဂဟပါဠိတစ်ပိုဒ်တည်းမို့ တစ်နည်းကားကောက်ဖို့ မလိုတော့ဘူး၊ ပစ္စယုပ္ပန်က အကုသိုလ်ဒွါဒသ။

## အာရမ္မဏသင်္ဂဟ လေ့လာချက်

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ ရူပါရုံ ॥ ပ ॥ ဖောဋ္ဌဗ္ဗာရုံ။ | ဒွေးပဉ္စဝိညာဉ်။ (၁၀) |
| ၂။ ပဉ္စာရုံ။ | မနောဓာတ်–၃။ (၃) |
| ၃။ ကာမ–၅၄၊ စေ–၅၂၊ ရုပ်–၂၈။ | ရုံ–၁၁၊ ဟသိ။ (၁၂) |
| ၄။ ကီ–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ ပညတ်။ | အကု–၁၂၊ မဟာကု, ကြိဝိပ်–၈။ (၂၀) |
| ၅။ စိတ်–၈၇၊ စေ–၅၂၊ ရုပ်–၂၈၊ နိ၊ ပညတ်။ | မဟာကုသံ–၄၊ ကုဘိ॥ (၅) |
| ၆။ စိတ်–၈၉၊ စေ–၅၂၊ ရုပ်၊ နိ၊ ပညတ်။ | မနောဒွါ၊ မဟာကြိသံ–၄၊ ကြိဘိ॥ (၆) |
| ၇။ အာကာ, အာကိံ॥ | ဝိညာနေဝါ–၆။ (၆) |
| ၈။ ပညတ်။ | ကျန်မဟဂ်–၂၁။ (၂၁) |
| ၉။ နိဗ္ဗာန်။ | လောကုတ်–၈။ (၈) |

အာရမ္မဏပစ္စည်းမှာ အကျဉ်းကောက်ရော အကျယ်ကောက်ပါ သဘောမိမိနဲ့ နားလည်ချင်လျှင် အာရမ္မဏသင်္ဂဟပါဠိကို ပြန်လေ့လာရပါမယ်၊ အာရမ္မဏသင်္ဂဟ

http://www.dhammadownload.com



နားလည်လျှင် အရကောက်ဆရာကြီး ကောက်ပြထားတဲ့ အချက်တွေကို သဘောပေါက် နားလည်ပါလိမ့်မယ်၊ အခု အာရမ္မဏသင်္ဂဟ လေ့လာကြရအောင်။

၁၀, ၃, ၁၂၊ ၂၀, ၅, ၆၊ ၆, ၂၁, ၈။

ဒါဟာ အာရမ္မဏသင်္ဂဟ စာပိုဒ်သရုပ်တွေပဲ၊ နှုတ်တက်အောင် ကျက်ထားပါ။

၁။ တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိကေကာရမ္မဏာနေဝ။ (၁၀)

စက္ခုဝိညာဉ်ဒွေးအား x တပ်သော ပစ္စုပ္ပန်ရူပါရုံ ॥ ပ ॥ ကာယဝိညာဉ်ဒွေးအား x တပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ [ဗျာ–ဗျာ]

၂။ မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။ (၃)

မနောဓာတ်သုံးခုအား x တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ [ဗျာ–ဗျာ]

၃။ သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။ (၁၂)

တဒါရုံကောဒသ, ဟသိတုပ္ပါဒ်အား x တပ်သော ကာမစိတ်–၅၄၊ စေ–၅၂၊ ရုပ် ၂၈–ဟုဆိုအပ်သော အာရုံခြောက်ပါး။ [စိတ်စေတသိက်က ဓမ္မာရုံ၊ ရုပ်က ပဉ္စာရုံဆိုတော့ အာရုံခြောက်ပါးပေါ့။ ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ။]

၄။ အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။ (၂၀)

အကုသိုလ်စိတ်–၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄–ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄–ခုအား x တပ်သော လောကီစိတ်–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ (ပညတ်)–ဟုဆိုအပ်သော အာရုံခြောက်ပါး။ [ကု–ကု၊ ကု–အကု၊ ကု–ဗျာ။ အကု–အကု၊ အကု–ကု၊ အကု–ဗျာ။ ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု။] ဒီမှာ သင်္ချာ ၉–ချက်လုံး ရနိုင်ပါတယ်။

၅။ ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။ (၅)

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄–ခုအား x တပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ်–၈၇၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ (ပညတ်)–ဟု ဆိုအပ်သော အာရုံခြောက်ပါး။ [ကု–ကု၊ အကု–ကု၊ ဗျာ–ကု] ဣဒ္ဓိဝိဓစတဲ့ အဘိညာဉ် ၅–ပါးကို အောက်အပိုဒ်ကျမှ ပေါင်းပြပါမယ်။

http://www.dhammadownload.com



၆။ ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။ (၆)

မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခုအား x တပ်သော စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ (ပညတ်)–ဟုဆိုအပ်သော အာရုံခြောက်ပါး။ [ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ။]

## အဘိညာဥ်ခန်း

ဒိဗ္ဗစက္ခုကုသိုလ် (ကြိယာ) အဘိညာဉ်အား x တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ။ [ဗျာ–ကု၊ ဗျာ–ဗျာ။]

ဒိဗ္ဗသောတကုသိုလ် (ကြိယာ) အဘိညာဉ်အား x တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံ။ ဗျာ–ကု၊ ဗျာ–ဗျာ။]

ဣဒ္ဓိဝိဓကုသိုလ် (ကြိယာ) အဘိညာဉ်အား x တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ် (ကြိယာ) ပဉ္စမဈာန်၊ သတ, သဟဿစသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ [ကု–ကု၊ ဗျာ–ဗျာ] ကုသိုလ်ချင်း, ကြိယာချင်းသာ အာရုံ, အာရမ္မဏိက။

စေတောပရိယကုသိုလ် (ကြိယာ) အဘိညာဉ်အား x တပ်သော လွန်လေပြီးသော ၇–ရက်မှစ၍ လာလတ္တံ့သော ၇–ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတစ်ပါးတို့၏စိတ်–၈၇(၈၉)၊ စေ–၅၂ဟုဆိုအပ်သော ဓမ္မာရုံ။ [ကု–ကု၊ အကု–ကု၊ ဗျာ–ကု(ကုသိုလ်အဘိညာဉ်အတွက် ၃–ချက်)။ ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ (ကြိယာအတွက် ၃–ချက်)။ ကုသိုလ်အဘိညာဉ်၌ အရဟတ္တမဂ်, ဖိုလ်ကြဉ် စိတ်–၈၇၊ ၅–နံပါတ်သင်္ဂဟပါဠိရှုပါ၊ ကြိယာအဘိညာဉ်၌ စိတ်အကုန်လုံးရ၏၊ ၆–နံပါတ်သင်္ဂဟပါဠိရှုပါ။]

ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်(ကြိယာ) အဘိညာဉ်အား x တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်–၈၇(၈၉)၊ စေ–၅၂၊ ရုပ် ၂၈–ဟုဆိုအပ်သော ခန္ဓာ ၅–ပါး၊ ထို ခန္ဓာ ၅–ပါးမှ အစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ [ကု–ကု၊ အကု–ကု၊ ဗျာ–ကု (ကုသိုလ်အဘိညာဉ်အတွက် ၃–ချက်)။ ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ (ကြိယာအတွက် ၃–ချက်)။ ကုသိုလ်၌ စိတ်–၈၇၊ ကြိယာ၌ စိတ်–၈၉၊ ရှေ့ကအတိုင်း။]

ယထာကမ္မူပဂကုသိုလ် (ကြိယာ)အဘိညာဉ်အား x တပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်ကံ၊ အကုသိုလ်ကံ။ [ကု–ကု၊ အကု–ကု၊ (ကုသိုလ်အဘိညာဉ်အတွက် ၂–ချက်)။ ကု–ဗျာ၊ အကု–ဗျာ (ကြိယာအတွက် ၂–ချက်။]

http://www.dhammadownload.com



အနာဂတံသကုသိုလ်(ကြိယာ)အဘိညာဉ်အား x တပ်သော အနာဂတ် ဖြစ်သော(ပုဗ္ဗေနိဝါသနှင့်နည်းတူသွား)။

## ချာန်ခန်း

၁။ တတ္တာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဇ္ဈာနိကာ။

၂။ ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

၃။ မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

၄။ ဥပေက္ခာ ပဉ္စမဇ္ဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဇ္ဈာနိကာနိ ကမ္မဋ္ဌာနာနိ။

၅။ စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာ။

ဈာန်ခန်းဆိုရိုး နားလည်ဖို့အတွက် ဒီသင်္ဂဟပါဠိမျိုးကို ပြန်လည်လေ့လာ ထားရပါမယ်၊ ဒါမှ ဆိုရိုးကို သဘောပေါက်ပါမယ်။ အခုပြောတဲ့ဈာန်ခန်းက ပညတ်တွေကို အာရုံပြုတာဖြစ်လို့ ပရမတ်ကိုသာဟောရာဖြစ်တဲ့ ပဉ္စာဝါရမှာ မကောက်ရဘူး၊ ပစ္စယနိဒ္ဒေသနဲ့ ဆဝါရမှာသာ ကောက်ရမယ်။

**ဆောင်။** ။က, သု, ကာ, အာ၊ မေတ္တာဒိတ္တယ၊ နှစ်ဆယ့်ငါးဝ၊
ရူပ ပဌမဈာန်။
က, အာ, မေတ္တာ၊ သုံးဖြာအစု၊ ဆယ့်လေးခု၊ ဒုနှင့်
တ, စ, ဈာန်။
က, အာ, ဥပေက်၊ တစ်ဆယ့်နှစ်၊ တွက်စစ် ပဉ္စမဈာန်။

၇။ အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။ (၆)

ဝိညာ(နေဝ)ကုသိုလ်အား x တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာ(အာကိ)ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ [ကု-ကု]

ဝိညာ(နေဝ)ဝိပါက်အား x တပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာ(အာကိ)ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ [ကု-ဗျာ]

ဝိညာ(နေဝ)ကြိယာအား x တပ်သော ဤဘဝ ။ ပ ။ ဖူးသော အာကာ (အာကိ)ကြိယာ၊ ဤဘဝ, ရှေးဘဝ ။ ပ ။ ဖူးသော အာကာ(အာကိ)ကုသိုလ် ဟုဆိုအပ်သော ဓမ္မာရုံ။ [ဗျာ-ဗျာ၊ ကု-ဗျာ]

၈။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။ (၂၁)

ရူပါဝစရပထမဈာန်စိတ် ၃-ခုအား x တပ်သော ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစု

http://www.dhammadownload.com



ပညတ်၊ အာနာပါနသတိ၏အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်း မသိသောသတ္တဝါပညတ်၊ ဤ ၂၅-ပါးသောပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

ရူပါဝစရဒုတိယဈာန်-၃၊ တ-၃၊ စ-၃ခုအား x တပ်သော ကသိုဏ်း ၁၀၊ အာနာပါန၊ မေတ္တာ ကရုဏာ မုဒိတာ၊ ဤ၁၄-ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ (ပထမဈာန်ကအတိုင်း ဆိုရိုးကျဆိုပါ။)

ရူပါဝစရပဉ္စမဈာန်စိတ် ၃-ခုအား x တပ်သော ကသိုဏ်း ၁၀၊ အာနာပါန၊ ဥပေက္ခာ၊ ဤ၁၂-ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

အာကာသာနဉ္စာယတနစိတ် ၃-ခုအား x တပ်သော အာကာသကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။

အာကိဉ္စညာယတနစိတ် ၃-ခုအား x တပ်သော အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းဟုဆိုအပ်သော နတ္ထိဘောပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

၉။ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။ (၈)

လောကုတ္တရာစိတ် ၈-ခုအား x တပ်သော နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ။ [ဗျာ-ဗျာ၊ ဗျာ-ကု]

\+ + + + +

## ၂။ အာဓိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စိတ်-၈၄၊ စေ-၄၇၊ နိပ္ဖန္နရုပ်-၁၈၊ | လောဘမူ-၈၊ မဟာကု-၈၊ မဟာကြိ သံ-၄။ |
| နိဗ္ဗာန် | လောကုတ်-၈။ |

အာဓိရဲ့ ပစ္စည်း , ပစ္စယုပ္ပန်ကို သေချာစွာကြည့်ပါ၊ ပစ္စည်းဘက်မှာ ဒေါသမူ မောဟမူ မပါဘူး၊ ပစ္စယုပ္ပန်ဘက်မှာလဲ ဒေါသမူမောဟမူ မပါဘူး၊ ဒီလို သဘောသွားကိုကြည့်ပြီး ဟောပြီးခဲ့တဲ့ အာရမ္မဏပါဠိတော် ထဲက ရနိုင်သလောက် ထုတ်နုတ်ဟောရမယ်၊ နောက်ပြီးတော့ အဓိပတိ ဖြစ်တဲ့အတွက် "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ"လို့ "ဂရုံ ကတွာ"ထည့်ဆိုရမယ်၊ ဟိုတုန်းက "အာရဗ္ဘ" နေရာမှာ "ဂရုံ ကတွာ"ကို

http://www.dhammadownload.com



ပြောင်းလဲဆိုရမယ်၊ အလေးအမြတ်ပြုပုံကို “လောဘမူသည်၊ ဒေါသမူမောဟ” စတဲ့ လက်ာအတိုင်း သိရမယ်၊ လက်ာအတိုင်း သရုပ်ခွဲပြရသေးတာပေါ့။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ စိတ်–၇၆၊ နိပ္ဖန္နရုပ်–၁၈။ | ၁။ လောဘမူ–၈။ |
| ၂။ လောကီကု–၁၇။ | ၂။ မဟာကု–၈။ |
| ၃။ လောကုတ်–၈၊ နိဗ္ဗာန်။ | ၃။ မဟာကု, ကြိယံ–၈။ |
| ၄။ နိဗ္ဗာန်။ | ၄။ လောကုတ်–၈။ |

ဒီသရုပ်ကို သေသေချာချာကြည့်ပါ၊ ဘယ်အချက်ထဲက ကု–ကုစသည် ရနိုင်တယ်ဆိုတာ ရှာကြည့်ပါ၊ ဒီသရုပ်ကိုကြည့်ပြီး ပါဠိတော်ကိုရွတ်ပါ၊ အရကောက်ပါ။ ၃–နံပါတ်မှာ ‘သ သကံကို’ဆိုတဲ့စကားအရ ကုသိုလ်က အောက်မဂ် ၃–ခု အောက်ဖိုလ် ၃–ခု နိဗ္ဗာန်ကို၊ ကြိယာက အရဟတ္တမဂ်, ဖိုလ် နိဗ္ဗာန်ကို အာရုံပြုပါတယ်။

**၁။ ကု–ကု။** ။ဒါနံ ဒတွာ ။ ပ ။ တံ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)၊ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)၊ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ (ပစ္စဝေက္ခန္တိ)၊ ဝေါဒါနံ ဂရုံ ကတွာ (ပစ္စဝေက္ခန္တိ)၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌိတွာ မဂ္ဂံ ဂရုံ ကတွာ (ပစ္စဝေက္ခန္တိ)။ [သရုပ်ခွဲ ၂–၃ အချက်များကို ကြည့်ပါ။]

**၂။ ကု–အကု။** ။ဒါနံ ဒတွာ ။ ပ ။ တံ ဂရုံ ကတွာ (အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)၊ [လောဘမူသာ ရပါတယ်။] ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)။ [ဒေါသမူမပါလို့ ဈာနေ ပရိဟီနေအပိုဒ် မရတော့။ ၁–နံပါတ်ကို ကြည့်ပါ။]

**၃။ ကု–ဗျာ။** ။အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)။ [ဒီတစ်ချက်သာ ရပါတယ်၊ သရုပ်ခွဲ (၃) နံပါတ်အချက် ကြည့်ပါ။]

**၄။ အကု–အကု။** ။ရာဂံ ဂရုံ ကတွာ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)၊ ဒိဋ္ဌိံ ဂရုံ ကတွာ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)။ [သရုပ်ခွဲ (၁)နံပါတ်အချက် ကြည့်ပါ၊ ပစ္စည်းရော ပစ္စယုပ္ပန်ပါ လောဘမူစိတ်သာရှိပါတယ်။]

http://www.dhammadownload.com



၅။ **ဗျာ–ဗျာ။** ။အရဟာ ဖလံ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)၊ နိဗ္ဗာနံ ဂရုံ ကတွာ (ပစ္စဝေက္ခတိ)၊ နိဗ္ဗာနံ (ဖလဿ) အဓိပတိပစ္စယေန ပစ္စယော။ [၃–၄–နံပါတ်အချက်များကို ကြည့်ပါ။]

၆။ **ဗျာ–ကု။** ။သေက္ခာ ဖလံ ဂရုံ ကတွာ (ပစ္စဝေက္ခန္တိ)၊ နိဗ္ဗာနံ ဂရုံ ကတွာ (ပစ္စဝေက္ခန္တိ)၊ နိဗ္ဗာနံ (ဂေါတြဘုဿ, ဝေါဒါနဿ, မဂ္ဂဿ) အဓိပတိပစ္စယေန ပစ္စယော။ [၂–၃–နံပါတ်အချက်များကို ကြည့်ပါ။]

၇။ **ဗျာ–အကု။** ။စက္ခုံ ဂရုံ ကတွာ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)၊ သောတံ ။ ပ ။ ဗျာကတေ ခန္ဓေ (အဿာဒေတိ ။ ပ ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)။ [၁–နံပါတ်အချက်ကို ကြည့်ပါ။]

ဒါဟာ အာဓိပါဠိတော်ပါပဲ၊ သရုပ်ကြည့်ပြီး ဟောတာဖြစ်လို့ အရကောက်အတွက် ခက်စရာမရှိပါဘူး၊ ဒီသရုပ်အတိုင်း ကောက်ရမှာဖြစ်ပါတယ်။

## အာဓိ အရကောက်

၁။ **ကု–ကု။** ။ကတ္တားပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော (မဟာကု–၈၊ စေ–၃၃)အား x တပ်သော အလေးအမြတ်ပြုအပ်သော ကု–၂၀၊ စေ–၃၈ ရ၏။

သမ္ပဒါန်ပုဒ်၏အရကား မဟာကု–၈၊ စေ–၃၃ ရ၏။ [ကတ္တားပုဒ်က လက်သဲကွင်းဟာ သမ္ပဒါန်ပုဒ်အရ ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ နောက်ပဒများမှာ သမ္ပဒါန်ပုဒ်အရ သီးသန့်ကောက်မပြတော့ပါဘူး။ ကရိုဏ်းပုဒ်အရက အာရမ္မဏနဲ့ ၃–ပစ္စည်း။

၂။ **ကု–အကု။** ။ကတ္တားပုဒ်၏အရကား (လောဘမူ–၈၊ စေ–၂၂) အား x တပ်သော လောကီကု–၁၇၊ စေ–၃၈ရ၏။ ကရိုဏ်း ၃–ပစ္စည်း။

၃။ **ကု–ဗျာ။** ။ကတ္တားပုဒ်၏အရကား (မဟာကြိယ်–၄၊ စေ–၃၃) အား x တပ်သော အရဟတ္တမဂ်၊ စေ–၃၆။ ကရိုဏ်း ၃–ပစ္စည်း။

၄။ **အကု–အကု။** ။(လောဘမူ–၈၊ စေ–၂၂)အား x တပ်သော လောဘမူ–၈၊ စေ–၂၂။ ကရိုဏ်း ၃–ပစ္စည်း။

၅။ **ဗျာ–ဗျာ။** ။(မဟာကြိယ်–၄)အား x တပ်သော အရဟတ္တဖိုလ်, နိဗ္ဗာန်၊ (ဖိုလ်–၄၊ စေ–၃၆)အား x တပ်သော နိဗ္ဗာန်။ ကရိုဏ်း ၃–ပစ္စည်း။

http://www.dhammadownload.com



**၆။ ဗျာ–ကု။** ။(မဟာကုသ်–၄)အား x တပ်သော အောက်ဖိုလ် ၃–ခု ၊ နိဗ္ဗာန်၊ (မဂ်–၄၊ စေ–၃၆)အား x တပ်သော နိဗ္ဗာန်။ ကရိဏ်း ၃–ပစ္စည်း။

**၇။ ဗျာ–အကု။** ။(လောဘမူ–၈၊ စေ–၂၂)အား x တပ်သော အလေး အမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်–၁၈၊ ဒုက္ခကြဉ် လောကီဝိ–၃၁၊ ကြိ–၂၀၊ စေ–၃၅။ ကရိဏ်း ၈–ပစ္စည်း။ [အာရမ်မျိုး ၈–ပစ္စည်းလုံးရပါတယ်၊ သုဒ္ဓသင်္ချာအုပ်စုတိုင်း လိုက်ကြည့်ပါ၊ ဒီပစ္စည်း ပစ္စယုပ္ပန်ဟာ အုပ်စုတိုင်းမှာ ပါတယ်။ သို့သော် အာပုနဲ့ဝတ္ထာ ၅–ပစ္စည်းက ယထာရဟသာ လိုက်နိုင်ပါတယ်။]

+ + + + +

## ၃။ အာပု

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပစ္စုပ္ပန်နိပ္ဖန္နရုပ်–၁၈။ | ကာမစိတ်–၅၄၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်။ |

ဒီသရုပ်ကြည့်ရုံနဲ့ ပါဠိတော်ဘယ်လိုဟောရမယ်ဆိုတာခန့်မှန်းနိုင်လောက်ပါတယ်၊ အာရမ္မဏထဲက ရသလောက်ထုတ်ယူရမယ်၊ ပစ္စည်းဘက်မှာ ရုပ်တရားသာရှိတယ်။

**၁။ ဗျာ–ဗျာ။** ။အရဟာ စက္ခုံ (အနိစ္စတော ။ ပ ။ ဝိပဿတိ)၊ သောတံ ။ ပ ။ ဝတ္ထုံ (အနိစ္စတော ။ ပ ။ ဝိပဿတိ)၊ ဒိဗ္ဗေန စက္ခုနာ ရူပံ (ပဿတိ)၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ (သုဏာတိ)။ ရူပါယတနံ စက္ခု–ဝိညာဏဿ ။ ပ ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ။

**၂။ ဗျာ–ကု။** ။သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ (အနိစ္စတော ။ ပ ။ ဝိပဿန္တိ)၊ သောတံ ။ ပ ။ ဝတ္ထုံ (အနိစ္စတော ။ ပ ။ ဝိပဿန္တိ)၊ ဒိဗ္ဗေန စက္ခုနာ ရူပံ (ပဿန္တိ)၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ (သုဏန္တိ)။

**၃။ ဗျာ–အကု။** ။စက္ခုံ (အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ)၊ သောတံ ။ ပ ။ ဝတ္ထုံ (အဿာဒေတိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ)။

### အရကောက်

**၁။ ဗျာ–ဗျာ။** ။ကတ္တားပုဒ်၏အရကား– (စက္ခုဝိညာဉ်ဒွေး)အား x တပ်သော ပစ္စုပ္ပန်ရူပါရုံ ။ ပ ။ (ကာယဝိညာဉ်ဒွေး)အား x တပ်သော ပစ္စုပ္ပန်

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံ၊ (မနောဓာတ်–၃)အား x တပ်သော ပစ္ဆုပ္ပန်ပဋ္ဌာရုံ၊ (မနောဒွါရာဝဇ္ဇန်း၊ ကာမကြီ–၉၊ တဒါရုံ–၁၁)အား x တပ်သော ပစ္ဆုပ္ပန်နိပ္ဖန္နရုပ်–၁၈၊ (ဒိဗ္ဗစက္ခု ကြိယာအဘိညာဉ်)အား x တပ်သော ဒူရ…ပစ္ဆုပ္ပန်ရူပါရုံ၊ (ဒိဗ္ဗသောတကြိယာ အဘိညာဉ်)အား x တပ်သော ဒူရ…ပစ္ဆုပ္ပန်သဒ္ဒါရုံ။

သမ္ပဒါန်ပုဒ်ကောက်တဲ့အခါ အထက်ပါ လက်သဲကွင်းတို့ကို ပေါင်းပြီး (ကာမဝိ–၂၃၊ ကာမကြီ–၁၁၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတကြိယာအဘိညာဉ်၊ စေ–၃၃၊"ဟု ကောက်ပါ၊ သရုပ်ခွဲထားတာကိုလဲ မြင်အောင်ကြည့်ပါ။ ကရိဏ်း ၆–ပစ္စည်း၊ အာဓိအုပ်စု မရ။

**၂။ ဗျာ–ကု။** ။ကတ္တားပုဒ်၏အရကား– (မဟာကု–၈) အား x တပ်သော ပစ္ဆုပ္ပန်နိပ္ဖန္နရုပ်–၁၈၊ (ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်)အား x တပ်သော ရူပါရုံ၊ သဒ္ဒါရုံ။

သမ္ပဒါန်ပုဒ်၏အရကား မဟာကု–၈၊ ဒိဗ္ဗစက္ခု, သောတ ကုသိုလ်အဘိညာဉ်၊ စေ–၃၆။ (အပ္ပမညာကို ပညတ်ကေန်အာရုံဖြစ်၍ ကြဉ်သည်။) ကရိဏ်း ၆–ပစ္စည်း၊ အာဓိအုပ်စု မရ။

**၃။ ဗျာ–အကု။** ။ကတ္တားပုဒ်၏အရကား– (အကု–၁၂၊ စေ–၂၇) အား x တပ်သော ပစ္ဆုပ္ပန်နိပ္ဖန္နရုပ်–၁၈၊ ကရိဏ်း ၈–ပစ္စည်း။ အာဓိအုပ်စုပါ ရ၏။

\+ + + + +

## ၄။ ဝတ္ထာ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စုတိစိတ်မှ – ဟဒယဝတ္ထု။ | မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န(ကု၊ အကု၊ ကြိ)ဇော ၅–ချက်၊ တဒါရုံ–၁၁။ |

ဒီဝတ္ထာမှာ ဝိဘင်္ဂပါဠိတော် သီးခြားမရှိပါဘူး၊ သဘာဂ ဃဋနာခန်းများ မှာသာ "အာရမ္မဏပစ္စယာ နိဿယေ တီဏိ"စသည်ဖြင့် ဟောတော်မူပါတယ်၊ ဒီဝတ္ထာဟာ ဝတ္ထုပုရေဇာတမျိုးထဲက ခွဲထွက်လာတဲ့ တရားတစ်မျိုးဖြစ်ပါတယ်၊ ဒါ့ကြောင့် ဝတ္ထုမျိုးရလျှင် ဝတ္ထာလဲ ယထာရဟ ရနိုင်ပါတယ်၊ ဝိဘင်္ဂပါဠိတော် သီးခြားမရှိသော်လဲ ဆရာနည်းအရ ထုတ်ပြပါမယ်။

http://www.dhammadownload.com



၁။ ဗျာ–ဗျာ။ ။ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ – နိဿယပစ္စယေန ပစ္စယော။

၂။ ဗျာ–ကု။ ။ဝတ္ထု ကုသလာနံ ခန္ဓာနံ–။

၃။ ဗျာ–အကု။ ။ဝတ္ထု အကုသလာနံ ခန္ဓာနံ–။

\+ + + + +

## ၅။ အာပုဓိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပစ္စုပ္ပန်နိပ္ဖန္နရုပ်–၁၈။ | လောဘမူ–၈။ |

## ၆။ ဝတ္ထာဓိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စုတိစိတ်မှ – ဟဒယဝတ္ထု။ | လောဘမူမရဏာသန္နဇော ၅–ချက်။ |

အာပုဓိနှင့်ဝတ္ထာဓိမှာ သင်္ချာတစ်ချက်စီသာ ရှိပါတယ်၊ အမှန်ကတော့ ဒီနှစ်အုပ်စုဟာ သီးခြားအုပ်စုများ မဟုတ်ပါဘူး၊ အာပုနှင့်အာဓိ, ဝတ္ထာနှင့်အာဓိ များကိုပေါင်းပြီး နှစ်ဖက်ရထုတ်ထားတာ ဖြစ်ပါတယ်၊ ဝိဘင်္ဂပါဠိတော်ဟော လျှင်တော့ အာပုဓိကို "စက္ခုံ အဿာဒေတိ"စသည်ဖြင့် အာပု"ဗျာ–အကု"အတိုင်း ဟောပါ၊ သို့သော် ပစ္စယုပ္ပန်မှာ လောဘမူ ၈–ခုသာဖြစ်လို့ ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိ ဥပ္ပဇ္ဇတိ–လောက်သာ ဟောပါ၊ ဒေါသမူ မောဟမူမပါလို့ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ, ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ, ဒေါမနဿံ ဥပ္ပဇ္ဇတိ–တို့ကို မထည့်ရပါဘူး။ ဝတ္ထာဓိကိုတော့ "ဝတ္ထု အကုသလာနံ ခန္ဓာနံ"ဟု ဟောပါ။

\+ + + + +

http://www.dhammadownload.com



# သဟာမျိုး

## သဟယေ် ၇–ပစ္စည်း

### ဟေတု

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ဟိတ် ၆–ပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |

၁။ ကုသလပဒမှာ (က) ပစ္စည်းကုသိုလ်ဟိတ် ၃–ပါးက ကုသိုလ်သမ္ပယုတ္တက္ခန္ဓာကို ကျေးဇူးပြုပါတယ်။ [ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။]

(ခ) သဟိတ်စိတ္တဇရုပ်ကိုလဲ ကျေးဇူးပြုပါတယ်။ [ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

(ဂ) ကုသိုလ်သမ္ပယုတ္တက္ခန္ဓာနဲ့ စိတ္တဇရုပ်ကို တွဲပြီးတော့လဲ ကျေးဇူးပြုပါတယ်။ [ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

၂။ အကုသလပဒသုံးချက်မှာလဲ ကုသိုလ်နည်းတူပါပဲ၊ (က) ပစ္စည်းအကုသိုလ်ဟိတ် ၃–ပါးက အကုသိုလ်သမ္ပယုတ္တက္ခန္ဓာကို ကျေးဇူးပြုပါတယ်။ [အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။]

(ခ) သဟိတ်စိတ္တဇရုပ်ကိုလဲ ကျေးဇူးပြုပါတယ်။ [အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

(ဂ) အကုသိုလ်သမ္ပယုတ္တက္ခန္ဓာနဲ့ စိတ္တဇရုပ်ကိုတွဲပြီးတော့လဲ ကျေးဇူးပြုပါတယ်။ [အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

၃။ အဗျာကတပဒမှာ ပဝတ္တိ, ပဋိသန္ဓေလို့ ၂–မျိုးရှိပါတယ်၊ (က) ပဝတ္တိအခါမှာ ပစ္စည်းဝိပါက်ကြိယာ အဗျာကတဟိတ် ၃–ပါးက ဝိပါက်ကြိယာသမ္ပယုတ္တက္ခန္ဓာနဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်။ [ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

http://www.dhammadownload.com



(ခ)ပဋိသန္ဓေအခါမှာ ပစ္စည်းဝိပါက်အဗျာကတဟိတ် ၃–ပါးက ဝိပါက် (ပဋိသန္ဓေ)သမ္ပယုတ္တက္ခန္ဓာနဲ့ ပဋိသန္ဓေကမ္မဇရုပ်ကို ကျေးဇူးပြုပါတယ်။ [ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။]

အခုပြခဲ့တဲ့ ပါဠိတော်ထုတ်ပုံကို သရုပ်ခွဲထားတာကိုကြည့်ပြီး နားလည်သဘောပေါက်ရမယ်၊ ဟောနိုင်ရမယ်၊ ဟောနိုင်အောင် လေ့ကျင့်ရမယ်၊ ရေးပြထားတဲ့ ပါဠိတော်ကိုလိုက်ပြီး အရကျက်ဖို့မဟုတ်ပါဘူး၊ ဒီသရုပ်က ဒီပါဠိတော်ထွက်လာတယ်ဆိုတာ သိဖို့ပါပဲ၊ နောက်လာမည့် အဓိပတိစတဲ့ ပါဠိတော်များလဲ ဒီသဘောပဲ လာပါလိမ့်မယ်၊ အတန်ငယ်လောက်သာ ထူးပါတယ်။

## အရကောက် သဘော

**ဟေတု**။ ။ဟေတုရဲ့ ကတ္တားပါဠ်အရကောက်တဲ့အခါ ကုသလပဒမှာ ကုသိုလ်ဟိတ် ၃–ပါး၊ အကုသလပဒမှာ အကုသိုလ်ဟိတ် ၃–ပါး၊ အဗျာကတပဒမှာ အဗျာကတဟိတ် ၃–ပါးကို ကောက်ရပါတယ်။

ကရိဏ်းပါဠ်အရကောက်ပုံကိုပြောပါမယ်၊ သုဒ္ဓသချာဆိုစဉ်က "ယထာရဟ ပစ္စည်းရေ လတ်ကြီး ဧနှင့် မိ ဏ္ဏံ မဂ်၊ ပေါင်း–၁၂"ဆိုတဲ့ သဘာဂသဘောကို နားလည်ထားခဲ့လျှင် ကရိဏ်းပါဠ်အရကောက် သဘောပေါက်ပါလိမ့်မယ်၊ ဒီဟေတုမှာ သဘာဂ ၁၁–ပစ္စည်းနဲ့ သူပါ ၁၂–ပစ္စည်းရှိပါတယ်၊ အဲဒီ ၁၂–ပစ္စည်းထဲက ကရိဏ်းပါဠ်အရ ကောက်တဲ့အခါ ပဒ , ပဒါဝသာနအလိုက် ပစ္စည်းရေအတိုးအဆုတ်ကို သတိပြုရမယ်၊ သဟလတ် ၄–ပစ္စည်းကို သတိပြုရမယ်၊ ကု–ကုမှာ သဟလတ်ထဲက သချာချင်းတူတဲ့ အညမညနဲ့သမ္ပယုတ္တသာ ရပါတယ်၊ ဝိပါကနဲ့ ဝိပ္ပယုတ္တ မရဘူး၊ ဒါ့ကြောင့် ၁၀–ပစ္စည်း၊ ကု–ဗျာမှာ ဝိပ္ပယုတ္တသာရပါတယ်၊ ကျန် ၃–ပစ္စည်း မရပါဘူး၊ ဒါ့ကြောင့် ၉–ပစ္စည်း၊ ကု–ကုဗျာမှာ လတ် ၄–ပစ္စည်းလုံး မရပါဘူး၊ ဒါ့ကြောင့် ၈–ပစ္စည်းသာ ရပါတယ်၊ ဒါက ကုသလပဒ ၃–ချက်ဖြစ်ပါတယ်။

အကုသလပဒမှာ ကုသိုလ်မှာသာယှဉ်တဲ့ အမောဟနဲ့သဘာဂဖြစ်တဲ့ သဟယ် မိ ဏ္ဏံ မဂ် ၃–ပါးလုံး မပါနိုင်တော့ပါဘူး၊ ဒါ့ကြောင့် သဘာဂ ၉–ပစ္စည်းသာရှိပါတယ်၊ အဲဒီ ၉–ပစ္စည်းထဲက အကု–အကုမှာ အညနဲ့သံသာရလို့ ၇–ပစ္စည်း၊ အကု–ဗျာမှာ ဝိပ်သာရလို့ ၆–ပစ္စည်း၊ အကု–အကုဗျာမှာ ၄–ပစ္စည်းလုံး မရလို့ ၅–ပစ္စည်းသာရပါတယ်။

http://www.dhammadownload.com



ဈာ–ဈာ ပဝတ္တိအခါမှာ ဓိ ဏ္ဍ် မဂ်ရော, လတ် ၄–ပါးလုံးရောရလို့ သဘာဂ ၁၂–ပစ္စည်း အပြည့်အစုံရပါတယ်၊ ပဋိသန္ဓေအခါမှာတော့ အဓိပတိမရလို့ ၁၁–ပစ္စည်းသာရပါတယ်၊ ဒါဟာ ကရိဏ်းပါဠိကောက်ပုံ သဘောပါပဲ၊ အခုပြောတဲ့ ဒီသဘောနားလည်လျှင် ကရိဏ်းပါဠ်အရကောက် မခက်ပါဘူး၊ ဒါမျိုးကိုအရ ကျက်လို့ မရပါဘူး၊ သဘောနဲ့လုပ်ရမဲ့အလုပ်ကို သဘောနဲ့လုပ်မှသာ သဘော ပေါက်ပါတယ်။

ဒီကရိဏ်းပါဠ်အရကောက်မှာ သဟလတ် ၄–ပစ္စည်း အတိုးအဆုတ်ကို မူသေပြောပါမယ်၊ သဟယယ် ၇–ပစ္စည်းတို့ရဲ့သင်္ချာဟာ သတ္တချည်းဖြစ်ပါတယ်၊ သင်္ချာချင်းလဲ တူကြပါတယ်၊ ကု–ကုသင်္ချာမှာ အညနဲ့သမ္ပယုတ္တသာရပါတယ်၊ ကု–ဗျာသင်္ချာမှာ ဝိပ္ပယုတ္တသာရပါတယ်၊ ကု–ကုဗျာသင်္ချာမှာ သဟလတ် ၄–ပစ္စည်းလုံး မရပါဘူး၊ အကုပဒ ၃–ချက်လဲ နည်းတူပါပဲ၊ ဗျာ–ဗျာမှာတော့ ၄–ပစ္စည်းလုံး ရပါတယ်၊ သဟယယ်+သဟလတ် သင်္ချာချင်းတိုက်ဆိုင်ကြည့်ပါ။

## သဟာဓိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် တစ်ပါးပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ |

၁။ ကုသလပဒ ၃–ချက်မှာ (က) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

(ခ) ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဂ) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။–ဒီလိုဟောပါ။

၂။ အကုသလပဒ ၃–ချက်မှာ (က) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

(ခ) အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဂ) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။–ဒီလိုဟောပါ။

ဒီအကုသလပဒမှာ ဝီမံသာဓိပတိက ကုသိုလ်မှာသာယှဉ်တဲ့အတွက် အဓိ ပတိတရားကိုယ် ၃–ပါးသာရပါတယ်။

http://www.dhammadownload.com



၃။ အဗျာကတပဒမှာ အဓိပတိက ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်၊ ပဋိသန္ဓေအခါမှာ မဖြစ်ပါဘူး၊ ဒါ့ကြောင့် ဝိပါကာဗျာကတကိရိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။–ဒီလိုဟောပါ။ ပဋိသန္ဓေအခါ ဟောဖို့မလိုတော့ပါဘူး။

အဓိပတိရဲ့ ကတ္တားပါဠ်ကောက်တဲ့အခါ ကုသလပဒမှာ အဓိပတိတရားကိုယ် ၄–ပါးလုံး ကောက်ပါ၊ အကုသလပဒမှာ ဝီမံသာဓိပတိမရလို့ ၃–ပါးသာကောက်ပါ၊ အဗျာကတပဒမှာ ၄–ပါးလုံး ကောက်ပါ။

ကရိဏ်းပါဠ်ကောက်တဲ့အခါ "ပစ္စည်းရေ ၈–နှင့် ဟေ ဟာ ဣံ မင်္ဂ၊ ပေါင်း– ၁၃"ကို သတိပြုရမယ်၊ အဲဒီ ၁၃–ပစ္စည်းထဲက ကု–ကုမှာ အညနဲ့သံသာရလို့ ၁၁–ပစ္စည်း၊ ကု–ဗျာမှာ ဝိပ်သာရလို့ ၁၀–ပစ္စည်း၊ ကု–ကုဗျာမှာ သဟလတ် ၄– ပစ္စည်းလုံးမရလို့ ၉–ပစ္စည်းရပါတယ်။

အကုသလပဒမှာ ဟေ ဟာ ဣံ မင်္ဂ သဘာဂထဲက ဝီမံသာဓိပတိနဲ့သာ သဘာဂဖြစ်တဲ့ ဟေတု မရနိုင်ပါဘူး၊ ဒါ့ကြောင့် သဘာဂ ၁၂–ပစ္စည်းသာ ကျန်ပါတယ်၊ အဲဒီ ၁၂–ပစ္စည်းထဲက ပဒ, ပဒါဝသာနအလိုက် ယူလိုက်လျှင် အကု–အကုမှာ ၁၀–ပစ္စည်း၊ အကု–ဗျာမှာ ၉–ပစ္စည်း၊ အကု–အကုဗျာမှာ ၈–ပစ္စည်း ဖြစ်ပါတယ်၊ ဗျာ–ဗျာမှာတော့ သဘာဂ ၁၃–ပစ္စည်းလုံးရပါတယ်။

## သဟကမ္မ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာ။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |

ပစ္စည်းကတ္တားပုဒ်ကို "ကုသလာ စေတနာ၊ အကုသလာ စေတနာ၊ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ စေတနာ"ဟုထားပြီး ဟေတုအတိုင်းဟောပါ၊ ဒီမှာ တစ်ခုထူးတာက အဗျာကတပဒ ပဋိသန္ဓေအခါဟောအပြီး "စေတနာ ဝတ္ထုဿ"ဟု ဆက်ပြီးဟောရခြင်းပါပဲ၊ ဒီလိုဟောရပုံကိုတော့ အဓိပ္ပါယ်ခန်းမှာ ကြည့်ပါ။

ကမ္မရဲ့ ကတ္တားပါဠ်အရကောက်မှာ အထူးမရှိလှပါ၊ သဟယေ်သဘာဂက အာဟာရတစ်ခုသာ ရှိပါတယ်၊ ကု, အကု, ဗျာဆိုင်ရာ နာမက္ခန္ဓာများကို ကောက်သွားရုံပါပဲ။

http://www.dhammadownload.com



ကရိုဏ်းပါဠိမှာလဲ အထူးမရှိပါ၊ မူလသဘာဂ ၁၀-ပစ္စည်းထဲက ဟေတု, အဓိပတိတို့မှာ ပြောခဲ့တဲ့အတိုင်း သဟလတ်ကို အတိုးအဆုတ်လုပ်ပြီး ကောက်ရုံပါပဲ၊ ကု-ကုမှာ ၈-ပစ္စည်း၊ ကု-ဗျာမှာ ၇-ပစ္စည်း၊ ကု-ကုဗျာမှာ ၆-ပစ္စည်းဖြစ်ပါတယ်၊ အကုသလပဒ ၃-ချက်လဲ ဒီအတိုင်း ၈-၇-၆-ပစ္စည်း ဖြစ်ပါတယ်၊ ဗျာ-ဗျာမှာ ပဝတ္တိရော ပဋိသန္ဓေပါ ၁၀-ပစ္စည်းလုံးရပါတယ်။

## နာမ်အာဟာရ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| နာမ်အာဟာရတရားကိုယ် ၃-ပါး။<br>ဖဿ၊ စေတနာ၊ ဝိညာဉ်။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊<br>ပဋိသန္ဓေကမ္မဇရုပ်။ |

ဒီမှာလဲ "ကုသလာ အာဟာရာ၊ အကုသလာ အာဟာရာ၊ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ အာဟာရာ"လို့ ကတ္တားပုဒ်ထားပြီး ဟေတုနည်းတူဟောပါ။

အာဟာရကတ္တားကောက်လဲ မခက်ပါဘူး၊ သုဒ္ဓသင်္ချာရှိ ပစ္စည်း ပစ္စယုပ္ပန်ကို ကု, အကု, ဗျာ ခွဲကောက်ရုံပါပဲ။

ကရိုဏ်းပါဠိမှာ "လတ်ကြီး ၈နှင့် မိကံ ဣ၊ ပေါင်း-၁၂"ကို သတိပြုရမယ်၊ သဟလတ် အတိုးအဆုတ်လုပ်လိုက်တော့ ၁၀-၉-၈-ဖြစ်ပါတယ်၊ ကုပဒ, အကုပဒအတူတူပါပဲ၊ ဗျာ-ဗျာမှာ ပဝတ္တိအခါ ၁၂-ပစ္စည်းလုံး၊ ပဋိသန္ဓေအခါ အဓိပတိမရလို့ ၁၁-ပစ္စည်းဖြစ်ပါတယ်။

## သဟဇာတိန္ဒြိယ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊<br>ပဋိသန္ဓေကမ္မဇရုပ်။ |

ဒီမှာလဲ "ကုသလာ ဣန္ဒြိယာ၊ အကုသလာ ဣန္ဒြိယာ၊ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဣန္ဒြိယာ"လို့ဟောပါ။

ဣန္ဒြိယ ကတ္တားကောက်မှာ သတိပြုစရာရှိပါတယ်၊ ကုသလပဒမှာ နာမ်ဣန္ဒြေ ၈-ပါးလုံး ရပါတယ်၊ အကုသလပဒမှာ ကုသိုလ်မှာသာယှဉ်တဲ့ သဒ္ဓါ သတိ ပညာ ၃-ပါးမရလို့ တရားကိုယ် ၅-ပါးသာရပါတယ်၊ ဗျာပဒမှာတော့ ၈-ပါးလုံးရပါတယ်၊ ဒါသတိထားပြီး ကောက်ရပါမယ်။

http://www.dhammadownload.com



ကရိဏ်းပါဠိမှာ "လတ်ကြီး စနှင့် ဟော မိ ဟာ ဈာ မဂ်၊ ပေါင်း-၁၄"ကို သတိပြုရမယ်၊ ကုသလပဒမှာ သဟလတ်ကို အတိုးအဆုတ် လုပ်ရုံပါပဲ၊ ၁၂-၁၁-၁၀-ဖြစ်ပါတယ်၊ အကုသလပဒမှာ ပညိန္ဒြေနဲ့သာ သဘာဂဖြစ်တဲ့ ဟေတု မလိုက်နိုင်လို့ သဘာဂ ၁၃-ပစ္စည်း ဖြစ်ပါတယ်၊ အဲဒီ ၁၃-ပစ္စည်းထဲက သဟလတ်ကိုကြည့်ပြီး ၁၁-၁၀-၉-ပစ္စည်းဖြစ်ပါတယ်၊ ဗျာ-ဗျာမှာ ပဝတ္တိအခါ ၁၄၊ ပဋိသန္ဓေအခါ အဓိပတိမရလို့ ၁၃-ပစ္စည်းဖြစ်ပါတယ်။

## ဈာန

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဈာနင်တရားကိုယ် ၅-ပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |

ဒီမှာလဲ "ကုသလာနိ ဈာနင်္ဂါနိ၊ အကုသလာနိ ဈာနင်္ဂါနိ၊ ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ ဈာနင်္ဂါနိ"လို့ ဟောပါ။

ဈာနမှာ ကတ္တားကောက်ရော ကရိဏ်းကောက်ပါ အထူးမရှိလှပါဘူး၊ ကတ္တားကောက်မှာ ကု,အကု,ဗျာ ၃-ပဒလုံး ဈာနင်တရားကိုယ် ၅-ပါးကောက်ပါ။ ကရိဏ်းကောက်မှာ သဘာဂ ၁၁-ပစ္စည်း ရှိတဲ့အနက် သဟလတ်ကိုကြည့်ပြီး ကု,အကုနှစ်ပဒလုံးမှာ ၉-၈-၇-ဖြစ်ပါတယ်၊ ဗျာပဒမှာ ၁၁-ပစ္စည်းလုံးရပါတယ်။

## မဂ္ဂ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| မဂ္ဂင်တရားကိုယ် ၉-ပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |

ဒီမှာလဲ "ကုသလာနိ မဂ္ဂင်္ဂါနိ၊ အကုသလာနိ မဂ္ဂင်္ဂါနိ၊ ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ မဂ္ဂင်္ဂါနိ"လို့ ဟောပါ။

ဒီမဂ္ဂမှာ ကတ္တားကောက်မှာလဲ ဣန္ဒြိယနည်းတူ သတိပြုစရာရှိပါတယ်၊ မဂ္ဂင်တရားကိုယ် ၉-ပါးအနက် ကုသလပဒမှာ ဒိဋ္ဌိမယှဉ်လို့ ၈-ပါးသာရပါတယ်၊ အကုသလပဒမှာ ပညာ, ဝိရတီ ၃-ခု, သတိ-ဆိုတဲ့ ၅-ပါးမရလို့ ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ ၄-ပါးသာရပါတယ်၊ ဗျာ-ဗျာပဝတ္တိမှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်

http://www.dhammadownload.com



မှာသာယုဉ်တဲ့ ဒိဋ္ဌိမရလို့ ၈–ပါးသာရပါတယ်၊ ပဋိသန္ဓေအခါမှာ ဝိရတီ ၃–ပါးနဲ့ဒိဋ္ဌိမရလို့ ၅–ပါးသာရပါတယ်၊ ဒါသတိထားပြီး ကောက်ရပါမယ်။

ကရိဏ်းပါဠိမှာ "လတ်ကြီး ၈–နှင့် ဟောမိဏ္ဍံ ရျာ၊ ပေါင်း–၁၃"ကို သတိပြုရမယ်၊ ကုသလပဒမှာ သဟလတ်ကို အတိုးအဆုတ်လုပ်ရုံပါပဲ၊ ၁၁–၁၀–၉–ဖြစ်ပါတယ်၊ အကုသလပဒမှာ ပညာနဲ့သာ သဘာဂဖြစ်တဲ့ ဟေတုမလိုက်နိုင်လို့ သဘာဂ ၁၂–ပစ္စည်းဖြစ်ပါတယ်၊ အဲဒီ ၁၂–ပစ္စည်းထဲက သဟလတ်ကိုကြည့်ပြီး ၁၀–၉–၈–ပစ္စည်းဖြစ်ပါတယ်၊ ဗျာ–ဗျာမှာ ပဝတ္တိအခါ ၁၃၊ ပဋိသန္ဓေအခါ အဓိပတိမရလို့ ၁၂–ပစ္စည်းဖြစ်ပါတယ်။

\+ + + + +

## သဟကြီး ၄–ပစ္စည်း

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ နာမက္ခန္ဓာ ၄–ပါး။ | ၁။ အချင်းချင်း(နာမက္ခန္ဓာ ၄ပါး) နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ၂။ မဟာဘုတ် ၄–ပါး။ | ၂။ အချင်းချင်း(မဟာဘုတ် ၄–ပါး) ဥပါဒါရုပ်။ |
| ၃။ ပဋ္ဌဝေါ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ | ၃။ ဟဒယဝတ္ထု၊ ပဋ္ဌဝေါ ပဋိသန္ဓေနာမက္ခန္ဓာ။ |

ဒါဟာ သုဒ္ဓသင်္ချာဆိုရိုးအတိုင်း သရုပ်ခွဲပြထားတာဖြစ်ပါတယ်၊ ဒီသရုပ်ကို ကြည့်ပြီး သင်္ချာထွက်ပုံ, ပါဠိတော်ဟောပုံကို နားလည်သဘောပေါက်အောင် လေ့လာရမယ်။

၁။ (၁)နံပါတ်မှာ နာမက္ခန္ဓာ ၄–ပါးပစ္စည်းတရားက နာမက္ခန္ဓာ ၄–ပါးနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုပါတယ်။

နောက်တစ်ဆင့် (က) ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပါတယ်(ကု–ကု)၊ အဲဒီလို ကျေးဇူးပြုတဲ့အခါမှာ ကုသိုလ်နာမက္ခန္ဓာတစ်ပါးက ကျန် ၃–ပါးအား၊ ၃–ပါးက ကျန်တစ်ပါးအား၊ ၂–ပါးက ကျန် ၂–ပါးအား၊(၁ x ၃ x၂၊ ၃ x ၁ x ၂)

http://www.dhammadownload.com



ဒီလိုခွဲပြီး အသီးသီးကျေးဇူးပြုပါတယ်၊ [ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ–။]

(ခ)ကုသိုလ်က စိတ္တဇရုပ်အား ကျေးဇူးပြုပါတယ်(ကု–ဗျာ)။ [ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ–။]

(ဂ)ကုသိုလ်က ကုသိုလ်နှင့်စိတ္တဇရုပ်အား ပေါင်းပြီးကျေးဇူးပြုပါတယ် (ကု–ကုဗျာ)။ [ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–။]

၂။ အကုသလပဒ ၃–ချက်မှာလဲ ကုသိုလ်နည်းတူပါပဲ၊ အကုသိုလ်က အကုသိုလ်အား(အကု–အကု)၊ စိတ္တဇရုပ်အား(အကု–ဗျာ)၊ အကုသိုလ်နဲ့စိတ္တဇရုပ်အား(အကု–အကုဗျာ)။ [အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ–။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ–။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–။]

အခုပြခဲ့တဲ့ ကုသလပဒ ၃–ချက်, အကုသလပဒ ၃–သုံးချက်ဟာ သုဒ္ဓသင်္ချာ သရုပ်ခွဲထဲက (၁)နံပါတ်ထဲကသာ ဖြစ်ပါတယ်၊ (၂၊ ၃)နံပါတ်ပစ္စည်းတရား ထဲမှာ ကုသိုလ်, အကုသိုလ်များ မပါပါဘူး။

၃။ အဗျာကတပဒမှာ (ဗျာ–ဗျာ)တစ်ချက်တည်းရှိပါတယ်၊ သုဒ္ဓသင်္ချာသရုပ်ခွဲ ၃–ချက်လုံးမှာ ပါပါတယ်၊ ဒီအဗျာကတမှာ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်လို့ ၃–မျိုးခွဲပြီး ဟောပါတယ်၊ ပဝတ္တိက(၁)နံပါတ်ထဲမှာ၊ ပဋိသန္ဓေက(၁၊၃) နံပါတ် ထဲမှာ၊ ရုပ်သက်သက်က (၂)နံပါတ်ထဲမှာ၊ ဒီလိုရှိနေပါတယ်၊ ဒါကို သဘော ပေါက်နားလည်ထားပါမှ ပါဠိတော်ဟောပုံကို သဘောကျပါလိမ့်မယ်။

(က)ပဝတ္တိ။ ။ပဝတ္တိအခါမှာ (၁)နံပါတ်ထဲက ဝိပါက်ကြိယာအဗျာ ကတနာမက္ခန္ဓာက ဝိပါက်ကြိယာအဗျာကတနာမက္ခန္ဓာနဲ့စိတ္တဇရုပ်အား ကျေးဇူး ပြုပါတယ်။ [ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာ နာနဉ္စ ရူပါနံ–၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ–။]

http://www.dhammadownload.com



(ခ) ပဋိသန္ဓေ။ ။ ပဋိသန္ဓေအခါမှာ (၁)နံပါတ်ထဲက ဝိပါက်ပဋိသန္ဓေနာမက္ခန္ဓာက ဝိပါက်ပဋိသန္ဓေနာမက္ခန္ဓာနဲ့ ပဋိသန္ဓေကမ္မဇ(ကဋတ္တာ)ရုပ်အား ကျေးဇူးပြုပါတယ်။ [ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ–၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ–၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ–။]

(၃)နံပါတ်မှာ ပဋိသန္ဓေနာမက္ခန္ဓာက ဟဒယဝတ္ထုအား ကျေးဇူးပြုပါတယ်။ [ခန္ဓာ ဝတ္ထုဿ–။] နောက်တစ်ခါ ဟဒယဝတ္ထုက ပဋိသန္ဓေနာမက္ခန္ဓာအား ကျေးဇူးပြုပြန်ပါတယ်။ [ဝတ္ထု ခန္ဓာနံ။]

(ဂ) ရုပ်သက်သက်။ ။ ရုပ်သက်သက်က (၂)နံပါတ်ထဲမှာသာ ရှိပါတယ်၊ မဟာဘုတ် ၄–ပါးက မဟာဘုတ် ၄–ပါးအား ကျေးဇူးပြုပါတယ်၊ အဲဒီလို ကျေးဇူးပြုတဲ့အခါမှာ မဟာဘုတ်တစ်ပါးက ကျန် ၃–ပါးအား၊ ၃–ပါးက ကျန်တစ်ပါးအား၊ ၂–ပါးက ကျန်၂–ပါ အား(၁ x ၃ x ၂၊ ၃ x ၁ x ၂)ဒီလိုခွဲပြီး အသီးသီး ကျေးဇူးပြုပါတယ်။ [ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ၊ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ၊ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။]

နောက်တစ်ခါ မဟာဘုတ်က (ပဝတ္တိရုပ်, ပဋိသန္ဓေရုပ်တို့အပြင်) ဥပါဒါရုပ်ကိုလဲ ကျေးဇူးပြုပါတယ်။ [မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။]

ဗာဟိရစတဲ့ မဟာဘုတ်တွေကလဲ အချင်းချင်း ကျေးဇူးပြုကြပါသေးတယ်၊ ဗာဟိရံ, အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ, အသညသတ္တာနံ–လို့ ခေါင်းစဉ်တည်ပြီး "ဧကံ မဟာဘူတံ"စသည်ဖြင့် ပါဠိတော်ဟောပါ၊ ဗာဟိရ အာဟာရ ဥတုဇရုပ်များမှာ ပဝတ္တိ, ပဋိသန္ဓေမရှိသောကြောင့် "မဟာဘူတာ x ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဟု အဆုံးသတ်ဟောပါ၊ အသညသတ်မှာတော့ ရုပ်ပဋိသန္ဓေရှိနေလို့ "မဟာဘူတာ x ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဟု အဆုံးသတ်ဟောပါ။

ကုဗျာ x ဗျာမှာ (၁)နံပါတ်က ကုသိုလ်ခန္ဓာနဲ့ (၂)နံပါတ်က မဟာဘုတ်က စိတ္တဇရုပ်အား ပေါင်းပြီး ကျေးဇူးပြုတာဖြစ်ပါတယ်၊ "ကုသလာ ခန္ဓာ စ မဟာဘူတာ စ x စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟု ပါဠိတော်ဟောပါ။ အကုဗျာ–ဗျာမှာလဲ ထို့အတူပါပဲ၊ "အကုသလာ ခန္ဓာ စ မဟာဘူတာ စ x စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟု ပါဠိတော်ဟောပါ။ အခုရှင်းခဲ့တဲ့ သဘောသဘာဝတွေကို အမြင်ရှင်းအောင် အကျဉ်းချုပ် တည်ခင်းပြပါမယ်။

http://www.dhammadownload.com



# သဟကြိုး+လတ် ပါဠိတော်

## ၁-၆။ ကုသလပဒ-၃၊ အကုသလပဒ-၃

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ကုသလော ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| ကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ |
| ကုသလော ၁ x ၃ x ၂ | ၃ x ၁ x ၂ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## ၇။ အဗျာကတော အဗျာကတဿ

| | |
|---|---|
| ပဝတ္တိ = ဝိ, ကိရိယာဗျာကတော- | |
| ၁ x ၃ x ၂ | ၃ x ၁ x ၂ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ။ |
| ပဋိ = ဝိပါကာဗျာကတော- | |
| ၁ x ၃ x ၂ | ၃ x ၁ x ၂ ကဋတ္တာ စ ရူပါနံ။ |
| ခန္ဓာ x ဝတ္ထု | ဝတ္ထုဿ x ခန္ဓာနံ။ |
| ရုပ်= ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| မဟာဘူတာ | စိတ္တ, ကဋတ္တာ, ဥပါဒါရူပါနံ။ |
| ဗာဟိရ၊ အာဟာ၊ ဥတု- | |
| ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| မဟာဘူတာ | ဥပါဒါရူပါနံ။ |
| အသညသတ္တာနံ ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| မဟာဘူတာ | ကဋတ္တာရူပါနံ, ဥပါဒါရူပါနံ။ |

## ၈-၉။ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာ

| | |
|---|---|
| ကုသလာ ခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ။ |
| အကုသလာ ။ | ။ |

+ + + + +

http://www.dhammadownload.com



## သဟာကြီး အရကောက်

သဟာကြီးအရကောက်က သရုပ်အနေနဲ့ ခက်စရာမရှိပါဘူး၊ ပဒအား လျော်စွာ ကု, အကု, ဗျာတရားတို့ကို ကောက်ရုံပါပဲ၊ ကတ္တားပါဠ်, သမ္ပဒါန် ပါဠ်တို့ကို အရကောက်တဲ့အခါ–

(၁) အစိတ်အစိတ်နာမက္ခန္ဓာ၊

(၂) အစိတ်အပေါင်းနာမက္ခန္ဓာ၊

(၃) အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ၊

ဒီဆိုရိုးများကို အရကောက်စာအုပ်ကြီးမှာ တွေ့ရပါလိမ့်မယ်၊ ဒီဆိုရိုးတွေရဲ့ သဘောကို နားလည်ဖို့လိုပါတယ်၊ ရှင်းရမယ်ဆိုရင် ခန္ဓာဝါရဖွဲ့ပုံနဲ့ ကပ်ရှင်းမှ သဘောပေါက်ပါလိမ့်မယ်၊ အရကောက်ဆရာကြီးက ဝိဓိပါဠိတော်ကို အရ ကောက်ပြီး အနုဝါဒပါဠိတော်ကို ခန္ဓာဝါရဖွဲ့ပြပါတယ်၊ "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"စတဲ့ ပါဠိတော်များအရ နာမ်ခန္ဓာ ၄–ပါးတို့တွင် တစ်ပါးက ၃–ပါးအား၊ ၃–ပါးက တစ်ပါးအား၊ ၂–ပါးက ၂–ပါးအား ကျေးဇူး ပြုပါတယ်၊ တစ်ပါးက ၃–ပါးအား ကျေးဇူးပြုရာမှာ ဧကက ၄–ဝါရ၊ ၃–ပါးက တစ်ပါးအား ကျေးဇူးပြုရာမှာ တိက ၄–ဝါရ၊ ၂–ပါးက ၂–ပါးအား ကျေးဇူး ပြုရာမှာ ဒုက ၆–ဝါရ၊ ပေါင်း ၁၄–ဝါရ၊ ဒီလို ခန္ဓာဝါရတွေ ဖြစ်လာပါတယ်။

ဒီမှာ သတိပြုဖို့က ဒီလိုနာမ်ခန္ဓာချင်း ကျေးဇူးပြုတဲ့အခါ ၄–ပါးက ကျေးဇူး ပြုတဲ့, သို့မဟုတ် ၄–ပါးက ကျေးဇူးပြုခံရတဲ့ စတုက္ကဝါရ မရနိုင်ပါဘူး၊ ၄–ပါး လုံးကကျေးဇူးပြုလျှင် ကျေးဇူးပြုခံနာမ်ခန္ဓာ မရှိတော့ပါဘူး၊ ၄–ပါးလုံးက ကျေးဇူး ပြုခံဆိုလျှင်လဲ ကျေးဇူးပြုမဲ့နာမ်ခန္ဓာ မရှိတော့ပါဘူး၊ ဒါ့ကြောင့် စတုက္ကဝါရ မရနိုင်တာပါ၊ စတုက္ကဝါရမရလျှင် ၁၄–ဝါရ၊ စတုက္ကဝါရပါရလျှင် ၁၅–ဝါရ ဖြစ်ပါတယ်၊ ဒီလို ခန္ဓာဝါရဖွဲ့ပုံ အခြေခံကို နားလည်ထားမှ သဘောပေါက်ပါလိမ့် မယ်။ [ခန္ဓာဝါရဖွဲ့ပုံအခန်းကို လေ့လာကြည့်ပါ။] သာပြီးသဘောပေါက်အောင် သင်္ချာတစ်ချက်ချင်း ရှင်းပြပါဦးမယ်။

(၁) ကု x ကု။ ။ကုသိုလ်နာမ်က ကုသိုလ်နာမ်အား ကျေးဇူး ပြုပါတယ်၊ ၄–ပါးလုံးပေါင်းကျေးဇူးပြုတဲ့ စတုက္ကဝါရမရလို့ "အစိတ်အစိတ် နာမက္ခန္ဓာ"ဖြစ်ပါတယ်။

(၂) ကု x ဗျာ။ ။နာမ်က ရုပ်အားကျေးဇူးပြုပါတယ်၊ စတုက္ကဝါရပါ ရလို့ "အစိတ်အပေါင်းနာမက္ခန္ဓာ"ဖြစ်ပါတယ်၊ နာမ်က စိတ္တဇရုပ်အား ကျေးဇူး ပြုတဲ့အခါ တစ်ပါး, ၃–ပါး, ၂–ပါး အစိတ်အစိတ်လဲ ကျေးဇူးပြုပါတယ်၊

http://www.dhammadownload.com



၄–ပါးလုံးပေါင်းပြီးလဲ ကျေးဇူးပြုပါတယ်၊ တစ်ခုချင်းစိတ်ပြီး ကျေးဇူးပြုတာကို "အစိတ်အစိတ်နာမက္ခန္ဓာ"လို့ခေါ်ပါတယ်၊ ပေါင်းပြီးကျေးဇူးပြုတာကို "အပေါင်းနာမက္ခန္ဓာ"လို့ခေါ်ပါတယ်၊ စကားနှစ်ရပ်ပေါင်းတော့ "အစိတ်အစိတ် အပေါင်းနာမက္ခန္ဓာ"ဖြစ်ပါတယ်၊ အဲဒါကိုပဲ အစိတ်တစ်ခုကိုချေပြီး "အစိတ်အပေါင်းနာမက္ခန္ဓာ"လို့ ခေါ်ပါတယ်။

(၃) ကု x ကုဗျာ။ ။နာမ်က နာမ်ရုပ်အား ကျေးဇူးပြုပါတယ်၊ ပစ္စယုပ္ပန်မှာ နာမ်လဲပါနေလို့ ပစ္စည်းဘက်မှနာမ်က ၄–ပါးလုံးပေါင်းပြီး ကျေးဇူးမပြုနိုင်ပါဘူး၊ "အစိတ်အစိတ်နာမက္ခန္ဓာ"ဖြစ်ပါတယ်။ [အကုသလပဒ ၃–ချက်လဲ နည်းတူပါပဲ။]

(၇) ဗျာ x ဗျာ။ ။(ပဝတ္တိ) ပဝတ္တိအခါမှာ ဝိပါက်ကြိယာနာမက္ခန္ဓာက နာမ်ရုပ်အား ကျေးဇူးပြုပါတယ်၊ (ကု x ကုဗျာနည်းတူ) ပစ္စယုပ္ပန်ဘက်မှာ နာမ်ပါနေလို့ ပစ္စည်းဘက်ကနာမ်က ၄–ပါးလုံးပေါင်းပြီး ကျေးဇူးမပြုနိုင်ပါဘူး၊ "အစိတ်အစိတ်နာမက္ခန္ဓာ"ဖြစ်ပါတယ်။

(ပဋိသန္ဓေ) ပဋိသန္ဓေအခါမှာ "ဝိပါကာဗျာကတော ဧကော ခန္ဓော"စတဲ့ ပါဠိတော်အရ (ပဝတ္တိနည်းတူ) အစိတ်အစိတ် ကျေးဇူးပြုပါတယ်၊ "ခန္ဓာ x ဝတ္ထုဿ၊ ဝတ္ထု x ခန္ဓာနံ"တို့မှာတော့ အစိတ်အပေါင်းဖြစ်ပါတယ်၊ ဖြစ်ပုံက ခန္ဓာတစ်ပါး, ၃–ပါး, ၂–ပါး အစိတ်အစိတ်သာမက ခန္ဓာ၄–ပါးလုံးကလဲပေါင်းပြီး ဟဒယဝတ္ထုကို ကျေးဇူးပြုပါတယ်၊ ထို့အတူ ဟဒယဝတ္ထုပစ္စည်းတရားက ခန္ဓာတစ်ပါး, ၃–ပါး, ၂–ပါးအားသာမက ၄–ပါးလုံးအားလဲပေါင်းပြီး ကျေးဇူးပြုပါတယ်၊ ဒါ့ကြောင့် ဒီပဋိသန္ဓေအခါမှာ "အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ" ဖြစ်ပါတယ်။

(၈) ကုဗျာ x ဗျာ။ ။ဒီမှာ ပစ္စည်းက ကုသိုလ်နာမက္ခန္ဓာနဲ့ မဟာဘုတ်၊ ပစ္စယုပ္ပန်က စိတ္တဇရုပ်ဖြစ်ပါတယ်၊ ကုသိုလ်နာမက္ခန္ဓာက စိတ္တဇရုပ်အား (ကု x ဗျာနည်းတူ) အစိတ်အပေါင်းနာမက္ခန္ဓာ ဖြစ်ပါတယ်၊ မဟာဘုတ်က စိတ္တဇရုပ်အား အစိတ်အပေါင်းမဟာဘုတ် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီကုဗျာပဒမှာ "အစိတ်အပေါင်းနာမက္ခန္ဓာ, အစိတ်အပေါင်းမဟာဘုတ်"ဖြစ်ပါတယ်။ "အကုဗျာ x ဗျာလဲ ဒီနည်းတူပါပဲ။]

အချုပ်ကတော့ (၁) နာမ်က နာမ်အားကျေးဇူးပြုလျှင် အစိတ်အစိတ်။
(၂) နာမ်က နာမ်ရုပ်အား အစိတ်အစိတ်။

http://www.dhammadownload.com



(၃) နာမ်က ရုပ်သက်သက်အား အစိတ်အပေါင်း။
(၄) ရုပ်က နာမ်သက်သက်အား အစိတ်အပေါင်း။

**ဆောင်။** ။နာမ်က နာမ်အား၊ နာမ်ရုပ်အား၊ မှတ်သား အစိတ်စိတ်။
နာမ်ရုပ် နှစ်တန်၊ ပြန်အလှန်၊ မှတ်ရန် ပေါင်းအစိတ်။

ကရိဏ်းပါဠိအရကောက်ကို ပြောချင်ပါသေးတယ်၊ ဒီသဟာကြီး ကရိဏ်းပါဠိအရကောက်မှာ သဟာယပစ္စည်းများကို ထည့်သွင်းမကောက်ရပါဘူး၊ သဟာယပစ္စည်းများဟာ လောဘ ဒေါသ မောဟစတဲ့ စေတသိက်တရားကိုယ်များသာ ဖြစ်ပါတယ်၊ နာမက္ခန္ဓာ၄–ပါး အပြည့်အစုံမဟုတ်ပါဘူး၊ ဒါ့ကြောင့် ထည့်သွင်းမကောက်တာပါ၊ သဟာလတ်ကြီးတို့မှာတော့ နာမက္ခန္ဓာ ၄–ပါး အပြည့်အစုံ ပါဝင်ကြပါတယ်၊ ကရိဏ်းပါဠိအရ သဟာလတ်ထဲက ရ, မရကိုသာ ကြည့်ဖို့ လိုပါတော့တယ်။

ကု x ကုမှာ အညနဲ့သံလိုက်နိုင်လို့ ၆–ပစ္စည်း၊ ကု x ဗျာမှာ ဝိပ်သာလိုက်နိုင်လို့၅–ပစ္စည်း၊ ကု x ကုဗျာမှာ သဟာလတ်အားလုံး မလိုက်နိုင်လို့ ၄–ပစ္စည်းသာရပါတယ်၊ အကုသလပဒ ၃–ချက်လဲ နည်းတူပါပဲ။

ဗျာ x ဗျာ ပဝတ္တိရော ပဋိသန္ဓေပါ လတ်ကြီး ၈–ပစ္စည်းလုံး ရပါတယ်၊ ရုပ်သက်သက်မှာ အညသာလိုက်နိုင်လို့ ၅–ပစ္စည်းသာ ရပါတယ်၊ ကုဗျာ x ဗျာ, အကုဗျာ x ဗျာတို့မှာ သဟာကြီး ၄–ပစ္စည်းသာ ရပါတယ်။

အခုပြောနေတာဟာ သင်္ကေတမှတ်နည်း ပြောနေတာမဟုတ်ပါဘူး၊ သုဒ္ဓသင်္ချာအတိုင်း ပစ္စည်းပစ္စယုပ္ပန်ချင်း တိုက်ဆိုင်ပြီး ပြောနေတာပါ၊ သင်္ချာချင်းညှိပြီး ပြောနေတာပါ၊ သုဒ္ဓသင်္ချာနိုင်ပြီး ကိုင်တတ်လျှင် ကရိဏ်းပါဠိအရကောက် သဘောပေါက်လောက်ပါတယ်။

+ + + + +

## သဟာလတ် ၄–ပစ္စည်း

သဟာလတ် ၄–ပစ္စည်းက ပါဠိတော်ရော အရကောက်ပါ သဟာကြီးထဲ အကျုံးဝင်ပါတယ်၊ သူ့ဆိုင်ရာ သုဒ္ဓသင်္ချာတရား ရသလောက်ယူပြီး ဟောသွား, ကောက်သွားရုံပါပဲ၊ ဒါပေမဲ့ ရသလောက်ယူတတ်ဖို့က လိုပါသေးတယ်၊ ဒါ့ကြောင့် သုဒ္ဓသင်္ချာသရုပ် ထုတ်ပြပါဦးမယ်။

http://www.dhammadownload.com



## အညမည

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ နာမက္ခန္ဓာ ၄–ပါး။ (၁၊ ၃၊ ၂) | ၁။ အချင်းချင်း(နာမက္ခန္ဓာ ၄–ပါး)၊ ၃၊ ၁၊ ၂၊ နာမက္ခန္ဓာ, ဟဒယဝတ္ထု။ |
| ၂။ မဟာဘုတ် ၄–ပါး။ (၁၊ ၃၊ ၂) | ၂။ အချင်းချင်း(မဟာဘုတ် ၄–ပါး)။ ၃၊ ၁၊ ၂ |
| ၃။ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။ | ၃။ ဟဒယဝတ္ထု၊ ပဋိသန္ဓေနာမက္ခန္ဓာ။ |

ကု+ကု–မှာ (၁)နံပါတ်ထဲကယူပြီး "ကုသလော ဧကော ခန္ဓော"စသည်ဖြင့် ဟောပါ။ အကု+အကု–မှာလဲ ထို့အတူဟောပါ။

ဗျာ+ဗျာ–မှာ ပဝတ္တိ, ပဋိသန္ဓေ, ရုပ်သက်သက်လို့ သုံးမျိုးရှိပါတယ်၊ ပဝတ္တိကို (၁)နံပါတ်ထဲက ဝိပါက်ကြိယာ နာမက္ခန္ဓာချင်းချင်းဟောပါ၊ ပဋိသန္ဓေမှာ ရုပ်နဲ့ ပတ်သက်လို့ ဟဒယဝတ္ထုသာ ရှိပါတယ်၊ ဒါ့ကြောင့် "ဝိပါကာဗျာကတော ဧကော ခန္ဓော x တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ"လို့ စသည်ဖြင့်ဟောပါ၊ ပြီးတော့မှ (၃)နံပါတ် "ခန္ဓာ x ဝတ္ထုဿ၊ ဝတ္ထု x ခန္ဓာနံ"ကိုဟောပါ။

ရုပ်သက်သက်မှာ (၂)နံပါတ်ကိုကြည့်ပြီး မဟာဘုတ်အချင်းချင်း ကျေးဇူးပြုပုံကိုသာဟောပါ၊ ဥပါဒါရုပ်မပါလို့ ဟောဖို့မလိုတော့ပါဘူး၊ ပြီးတော့ ဗာဟိရံ, အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ, အသညသတ္တာနံ–တို့ကို ဆက်ဟောပါ။

ကရိုဏ်းပါဠိအရ ကု x ကု, အကု x အကု–တို့မှာ သမ္ပယုတ္တသာလိုက်နိုင်လို့ ၆–ပစ္စည်းဖြစ်ပါတယ်၊ ဗျာ x ဗျာပဝတ္တိမှာ ဝိပ္ပယုတ္တမရလို့ ၇–ပစ္စည်း၊ ပဋိသန္ဓေ အခါမှာ ၈–ပစ္စည်းလုံး၊ ရုပ်သက်သက်မှာ လတ်ထဲကမရလို့ ၅–ပစ္စည်းဖြစ်ပါတယ်။

+ + + + +

## ဝိပါက

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ ဝိပါက်နာမက္ခန္ဓာ ၄–ပါး။ ၁၊ ၃၊ ၂ | ၁။ အချင်းချင်း ။ (၃၊ ၁၊ ၂) နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ |
| ၂။ ပဋိသန္ဓေ ပဋိသန္ဓေနာမက္ခန္ဓာ။ | ၂။ ဟဒယဝတ္ထု။ |

http://www.dhammadownload.com



ဒီဝိပါကမှာ ဗျာ+ဗျာတစ်ချက်သာ ရှိပါတယ်၊ ပဝတ္တိ, ပဋိသန္ဓေလို့ ၂–မျိုး ရှိပါတယ်၊ ပဝတ္တိမှာ ဝိပါက်နာမက္ခန္ဓာသာရှိလို့ (၁)နံပါတ်ကြည့်ပြီး "ဝိပါကာ ဗျာကတော ဧကော ခန္ဓော"စသည်ဖြင့် ဟောပါ၊ ပဋိသန္ဓေကိုလဲ(၁)နံပါတ်ကို ကြည့်ပြီးဟောပါ၊ ပြီးတော့မှ (၂)နံပါတ်ကိုကြည့်ပြီး "ခန္ဓာ x ဝတ္ထုဿ ဝိပါက ပစ္စယေန ပစ္စယော"လို့ဟောပါ။ ကရိုဏ်းပါဠိအရ ပဝတ္တိရောပဋိသန္ဓေပါ လတ်ကြီး ၈–ပစ္စည်းလုံးရပါတယ်။

## သမ္ပယုတ္တ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ နာမက္ခန္ဓာ ၄–ပါး။ (၁၊ ၃၊ ၂) | ၁။ အချင်းချင်း(၃၊ ၁၊ ၂၊) |

သမ္ပယုတ္တက နာမ်ခန္ဓာသာရှိလို့ ရှင်းပါတယ်၊ သင်္ချာ ၃–ချက်၊ "ကုသလော ဧကော ခန္ဓော"စသည်ဖြင့် ဟောသွားရုံပါပဲ။

ကရိုဏ်းပါဠိအရ ကု x ကု, အကု x အကုတို့မှာ အညသာလိုက်နိုင်လို့ ၆–ပစ္စည်းဖြစ်ပါတယ်၊ ဗျာ x ဗျာမှာ ပဝတ္တိရော ပဋိသန္ဓေပါ ဝိပ္ပယုတ္တမရလို့ ၇–ပစ္စည်းဖြစ်ပါတယ်။

## ဝိပ္ပယုတ္တ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ ပဥ္စဝေါ(အရူပဝိ–၄၊ ဒွေးပဉ္စ–၁၀၊ ရဟန္တာ့စုတိကြဉ်)နာမက္ခန္ဓာ ၄–ပါး။ | ၁။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ၂။ ပဥ္စဝေါ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။ | ၂။ ဟဒယဝတ္ထု၊ ပဥ္စဝေါ ပဋိသန္ဓေနာမက္ခန္ဓာ။ |

ကု+ဗျာမှာ (၁)နံပါတ်ကြည့်ပြီး "ကုသလာ ခန္ဓာ x စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုဟောပါ၊ ထို့အတူ အကု+ဗျာမှာလဲ"အကုသလာ ခန္ဓာ x စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုဟောပါ၊ ထို့အတူပင် ဗျာ+ဗျာမှာလဲ "ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ x စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုဟောပါ။

ပဋိသန္ဓေကိုလဲ (၁)နံပါတ်ကိုကြည့်ပြီး "ဝိပါကာဗျာကတာ ခန္ဓာ x ကဋတ္တာ ရူပါနံ"ဟုဟောပါ၊ ပြီးတော့မှ (၂)နံပါတ်ကိုကြည့်ပြီး "ခန္ဓာ x ဝတ္ထုဿ၊ ဝတ္ထု x ခန္ဓာနံ"ဟုဟောပါ။

http://www.dhammadownload.com



ကရိဏ်းပါဌ်အရ ကု x ဗျာ, အကု x ဗျာတို့မှာ လတ်ထဲကမရလို့ ၅-ပစ္စည်းသာဖြစ်ပါတယ်၊ ဗျာ x ဗျာ ပဝတ္တိမှာ အညနဲ့သမ္ပယုတ္တမရလို့ ၆-ပစ္စည်း၊ ပဋိသန္ဓေမှာ သမ္ပယုတ္တသာမရလို့ ၇-ပစ္စည်းဖြစ်ပါတယ်။

+ + + + +

## အနန္တရမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ အဆုံးဖောကြဉ်သော ရှေးရှေးသော ကု, အကုနာမက္ခန္ဓာ။ | ၁။ ပထမဖောကြဉ်သော နောက်နောက်သော ကု, အကုနာမက္ခန္ဓာ။ |
| ၂။ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိ-၃၆၊ ကြိ-၂၀ နာမက္ခန္ဓာ။ | ၂။ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိ-၃၆၊ ကြိ-၂၀ နာမက္ခန္ဓာ။ |

ဒီအနန္တရမျိုးမှာ ဝီထိနဲ့ပြမှ ပါဠိတော်အဟော, အရကောက်သဘောကို နားလည်နိုင်ပါမည်၊ ဒါ့ကြောင့် ဝီထိများကို ရှေးဦးစွာပြပါမည်။

### ၁။ ကာမဇောဝါရဝီထိ

အတိမဟန္တာရုံဝီထိ = ပဋိ ဘ ဘ – ပ (မ) စ သံ သန် ဝု – ဇဇဇဇဇဇဇ – ရုံရုံ ဘ ဘ။

ပရိတ္တာရုံ = ပဋိ ဘ ဘ – ပ စ သံ သန် ဝုဝုဝု ဘ ဘ ဘ ဘ။

### ၂။ အပ္ပနာဇောဝါရဝီထိ

(၁) အာဒိကမ္မိကဝီထိ = ပ ဥ နု – ဂေါ ဈာန် ဘဘဘဘဘဘဘ။

(၂) သမာပဇ္ဇနဝီထိ = ပ ဥ နု – ဂေါ ဈာန်ဈာန်ဈာန်ဈာန် ဘ ဘ။

(၃) မဂ္ဂဝီထိ = ပ ဥ နု ဂေါ/ဝေါ မဂ် – ဖဖ ဘဘဘဘဘဘဘ။

(၄) ဖလဝီထိ = နုနုနုနု – ဖဖဖဖဖ ဘဘဘဘ။

(၅) နိရောဓသမာပတ္တိ = ပ ဥ နု – ဂေါ နေဝ ကု/ကြိ – အနာ/အရဟာ ဖ ဘဘဘ။

ဆောင်။ ။အာဒိ သမာ၊ မဂ္ဂါ ဖလ၊ နိရောဓ၊ ငါး၀အပ္ပနာ ဝီထိမှာ။

စ ရုံ ဘွင်စု၊ ဝုဋ္ဌာန်ရှု၊ အာ, ဝု အာဝဇ္ဇနာ။

http://www.dhammadownload.com



ဝီထိကို ကာမဇောဝါရဝီထိ, အပ္ပနာဇောဝါရဝီထိလို့ ၂–မျိုးပြထားပါတယ်၊ အနန္တရပါဠိတော်မှာ ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုတာဖြစ်တဲ့အတွက် "ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ"စသည် ဖြင့်သာဟောရင် ပြီးနိုင်သော်လဲ ထူးခြားချက်သဘောလေးတွေ ရှိနေတဲ့အတွက် သီးသန့်ဟောထားတဲ့ ဝိဘင်းလေးတွေ ရှိနေပါတယ်၊ ဝီထိထဲမှာ သီးသန့်ဝိဘင်း ထွက်တဲ့ ရှေ့စိတ်နောက်စိတ်တို့ရဲ့အကြားမှာ(–)ဒီသင်္ကေတအမှတ် ပြထားပါတယ်၊ အဲဒါကို သတိပြုပါ၊ ဒါမှ ပါဠိတော်ဟောပုံကို နားလည်ပါလိမ့်မယ်။

ပါဠိတော်မဟောမီ နားလည်ထားဖို့ တစ်ချက်ပြောပါဦးမယ်၊ စက္ခုဝိညာဉ်စတဲ့ ပဉ္စဝိညာဉ်, တဒါရုံ, ဘွင်, စုတိ–တို့ကို "ဝုဋ္ဌာန"ဆိုတဲ့အမည်နဲ့၊ အာဝဇ္ဇန်း ဒွေးနဲ့ဝုဋ္ဌောကို "အာဝဇ္ဇနာ"ဆိုတဲ့နာမည်နဲ့ ဟောတော်မူပါတယ်၊ ပဉ္စဝိညာဉ် သည် အာဝဇ္ဇန်းဒွေးမှ, တဒါရုံဘွင်စုတိတို့သည် ကုသိုလ်အကုသိုလ် ဇောဝီထိ တို့မှ ထမြောက်သောကြောင့် "ဝုဋ္ဌာန"အမည်ကိုရပါတယ်၊ ဝေါဋ္ဌဗ္ဗန–ကလာတဲ့ ဝုဋ္ဌောနဲ့တစ်ခြားစီပါ၊ မတူပါဘူး။

အခု ပါဠိတော်ဟောပုံကို ပြောမယ်၊ ကာမဇောဝါရ အတိမဟန္တာရုံဝီထိကို ကြည့်ပါ။

၁။ ဘွင်က ပဉ္စဒွါရာဝဇ္ဇန်းအား "ဘဝင်္ဂံ အာဝဇ္ဇနာယ"။(ဗျာ–ဗျာ)
၂။ ဝုဋ္ဌောက ကုသိုလ်ဇောအား "အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ"။
(ဗျာ–ကု)
ဝုဋ္ဌောက အကုသိုလ်ဇောအား "အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ"။
(ဗျာ–အကု)
၃။ ကုသိုလ်သတ္တမဇောက တဒါရုံအား "ကုသလံ ဝုဋ္ဌာနဿ"။(ကု–ဗျာ)
အကုသိုလ်သတ္တမဇောက တဒါရုံအား "အကုသလံ ဝုဋ္ဌာနဿ"။
(အကု–ဗျာ)
၄။ ကြိယာသတ္တမဇောက တဒါရုံအား "ကိရိယံ ဝုဋ္ဌာနဿ"။(ဗျာ–ဗျာ)

ဒါဟာ ကာမဇောဝါရဝီထိထဲက သီးသန့်ထွက်လာတဲ့ ဝိဘင်းများဖြစ်ပါတယ်။

အပ္ပနာဇောဝါရဝီထိမှာ ဝီထိ ၅–မျိုးပြထားပါတယ်၊ အဲဒီ ဝီထိများမှာပါတဲ့ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု–တို့ဆိုတာဟာ ဉာဏသမ္ပယုတ်မဟာကုသိုလ် မဟာကြိယာဇောစိတ်တို့ရဲ့ အမည်ဖြစ်ပါတယ်၊ [တတ္ထ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရဇဝနာနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမဂေါတြဘု နာမေန–။(သင်္ဂဟ)] ဝေါဒါန်ဆိုတာကတော့ အထက်မဂ် ၃–ဝီထိမှာဖြစ်တဲ့

http://www.dhammadownload.com



သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ စိတ်အမည်ဖြစ်ပါတယ်၊ အဲဒီတော့-

၁။ အနုလုံက ဂေါတြဘုအား "အနုလောမံ ဂေါတြဘုဿ"။ (ကု-ကု)

၂။ အနုလုံက ဝေါဒါန်အား "အနုလောမံ ဝေါဒါနဿ"။ (ကု-ကု)

၃။ မဂ္ဂဝီထိမှာ ဂေါတြဘုနှင့်ဝေါဒါန်က မဂ်အား "ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ"။ (ကု-ကု)

၄။ မဂ်က ဖိုလ်အား "မဂ္ဂေါ ဖလဿ"။ (ကု-ဗျာ)

၅။ ဖလဝီထိမှာ အနုလုံက ဖိုလ်အား "အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"။ (ကု-ဗျာ)

၆။ နိရောဓသမာပတ္တိဝီထိမှာ နေဝသညာကုသိုလ်က အနာဂါမိဖိုလ်အား "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ"။ (ကု-ဗျာ)

၇။ နေဝသညာကြိယာက အရဟတ္တဖိုလ်အား "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ"။ (ဗျာ-ဗျာ)

ဒါဟာ အပ္ပနာဇောဝါရဝီထိထဲက သီးသန့်ထွက်တဲ့ ဝိဘင်းများဖြစ်ပါတယ်။

အခု ပဒ, ပဒါဝသာနအလိုက် ပါဠိတော်ထွက်ပုံကို ပြောပါ့မယ်၊ ဝီထိကို အာရုံပြုပါ၊ ကာမဇောဝါရဝီထိမှာ ကုသိုလ်ဇောကျလျှင်, အကုသိုလ်ဇောကျလျှင် ယင်း ကုသိုလ်ဇော အကုသိုလ်ဇောတို့မှတစ်ပါး ကျန်ဝီထိစိတ်တွေဟာ ဝိပါက် ကြိယာ အဗျာကတစိတ်တွေဖြစ်ပါတယ်၊ ကြိယာဇောကျလျှင်တော့ တစ်ဝီထိလုံး အဗျာကတစိတ်ချည်းပါပဲ၊ ဒါကို သဘောပေါက်ထားရပါမယ်။

**၁။ ကု-ကု။** ။ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (ပထမဇောစသည်က ဒုတိယ ဇောစသည်အား ကျေးဇူးပြုပုံ။)

အနုလောမံ ဂေါတြဘုဿ။ (အာဒိ, သမာ, မဂ္ဂ, နိရောဓဝီထိများ)

အနုလောမံ ဝေါဒါနဿ။ (မဂ္ဂဝီထိ)

ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ။ (မဂ္ဂဝီထိ)

ဤကား "ကု-ကု"၌ ပါဠိတော် ၅-ချက်တည်း။

**၂။ ကု-ဗျာ။** ။ကုသလံ ဝုဋ္ဌာနဿ။ (ကာမဝီထိ၌ သတ္တမဇောက တဒါရုံအား)

မဂ္ဂေါ ဖလဿ။ (မဂ္ဂဝီထိ)

အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ (ဖလဝီထိ)

နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ။ (နိရောဓဝီထိ)

ဤကား "ကု–ဗျာ"၌ ပါဠိတော် ၄–ချက်တည်း။

**၃။ အကု–အကု။** ။ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ–။(ကာမဝီထိ၌ ပထမဇောစသည်က ဒုတိယဇော စသည်အား ကျေးဇူးပြုပုံ) "အကု–အကု"မှာ ဒီတစ်ချက်သာရပါတယ်၊ အပ္ပနာဝီထိမှာ မရနိုင်ပါဘူး။

**၄။ အကု–ဗျာ။** ။အကုသလံ ဝုဋ္ဌာနဿ။ (ကာမဝီထိ၌ သတ္တမဇောက တဒါရုံအား) ဒီမှာလဲ ဒီတစ်ချက်သာရပါတယ်။

**၅။ ဗျာ–ဗျာ။** ။ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ–။ (ဗျာ–ဗျာ ရနိုင်တဲ့ဌာနအားလုံး)

ဘဝင်္ဂံ အာဝဇ္ဇနာယ။ (ကာမဝီထိ၌ ဘွင်က ပဉ္စဒွါရာဝဇ္ဇန်းအား)

ကိရိယံ ဝုဋ္ဌာနဿ။ (ကာမဝီထိ၌ သတ္တမဇောက တဒါရုံအား)

အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ (ဖလဝီထိ)

နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ။ (နိရောဓဝီထိ)

ဤကား "ဗျာ–ဗျာ"၌ ပါဠိတော် ၅–ချက်တည်း။

**၆။ ဗျာ–ကု။** ။အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ။ (ကာမဝီထိ၌ ဝုဋ္ဌောက ကုသိုလ်ပထမဇောအား) ဒီတစ်ချက်သာရပါတယ်။

**၇။ ဗျာ–အကု။** ။အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ။ (ကာမဝီထိ၌ ဝုဋ္ဌောက အကုသိုလ်ပထမဇောအား) ဒီတစ်ချက်သာရပါတယ်။

ဒါဟာ ဝီထိကိုကြည့်ပြီး ပါဠိတော်ဟောနည်းဖြစ်ပါတယ်၊ သဘာဝကို နားလည်ပြီးဟောရတော့ သဘောပေါက်တာပေါ့၊ သဘောပေါက်မှလဲ ထိရောက်ပါတယ်၊ အရကောက်ဖို့ကတော့ ခွဲပြခဲ့တဲ့သရုပ်ကိုကြည့်ပြီး ကု, အကု, ဗျာ ပဒ, ပဒါဝသာနအလိုက် အရကောက်နဲ့တိုက်ဆိုင်ပြီး ကောက်ပါ၊ တစ်နည်းကား အရကောက်ကိုတော့ ဝီထိကြည့်ပြီး တိုက်ဆိုင်လေ့လာရပါလိမ့်မယ်။

+ + + + +

http://www.dhammadownload.com



## အာသေဝန

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော–၄၇။ | ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော–၅၁။ |

ကု–ကုမှာ အနန္တရအတိုင်း ပါဠိတော်၅–ချက်ဟောပါ၊ အကု–အကုမှာလဲ အနန္တရအတိုင်းပင် တစ်ချက်သာဟောပါ၊ ဗျာ–ဗျာမှာ အနန္တရပထမတစ်ချက်ကိုသာ ဟောပါ၊ ဒီမှာ ဇောဖြစ်သောကြောင့် ဝိပါက်ကိုမထည့်ဘဲ ကိရိယာမျှကိုသာဟောပါ။

## အနံကံ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| မဂ် ၄–ခု စေတနာ။ | မဂ္ဂါနန္တရဖိုလ် ၄–ခု။ |

ဒီအနံကံမှာ "မဂ္ဂေါ ဖလဿ"တစ်ချက်သာရပါတယ်၊ ပါဠိတော်ကိုတော့ အနံကံ, ပကတူကံ, ဗဒ္ဓကံတို့ကို နာနာက္ခဏိကကမ္မအဖြစ်နဲ့ "နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"လို့ ပေါင်းဟောပါလိမ့်မယ်။

\+ + + + +

## ပကတူပမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ဗလဝဖြစ်သော စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈။ | စိတ်–၈၉၊ စေ–၅၂။ |

ဒီ ပကတူမျိုးမှာ သရုပ်နဲ့အရကောက်က ရှင်းသော်ကျဉ်းသော်လဲ ပါဠိတော်က ကျယ်ဝန်းလှပါတယ်၊ ဒါ့ကြောင့် ပါဠိတော်ကို ချုံ့ပြီးတည်ခင်းပြပါမယ်၊ ကြိုတင်နားလည်ထားရမှာက ပစ္စည်းရော ပစ္စယုပ္ပန်ပါ စိတ်အားလုံးရနေပါတယ်၊ ကာမပိုင်း, မဟဂ္ဂုတ်ပိုင်း, လောကုတ္တရာပိုင်း ပိုင်းပြီး ပါဠိတော်ဟောပါတယ်၊ မဟဂ္ဂုတ်ပိုင်းမှာ ဈာန်ခန်း, အဘိညာဉ်ခန်း ပိုင်းပြီး ဟောပြန်ပါတယ်၊ ဒီလို ကြိုတင်နားလည်ထားရပါမယ်။

http://www.dhammadownload.com



## ၁။ ကုသလော ကုသလဿ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| (၁) သဒ္ဓံ ဥပနိဿာယ။ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ။ |
| သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပနိဿာယ။ | ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ၊ မဂ္ဂံ၊ အဘိညံ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ |
| သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ။ | သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ။ |
| (၂)ပဌမဿ ဈာနဿ ပရိကမ္မံ။ | ပဌမဿ ဈာနဿ။ |
| ဒု၊ တ၊ စ။ | ဒု၊ တ၊ စ။ |
| အာကာ–ဈာနဿ ပရိကမ္မံ။ | အာကာသာနဉ္စာယတနဿ ဈာနဿ။ |
| ဝိံ၊ အာကိံ၊ နေဝ။ | ဝိံ၊ အာကိံ၊ နေဝ။ |
| ပဌမံ ဈာနံ၊ ဒု၊ တ၊ စ။ | ဒုတိယဿ ဈာနဿ၊ တ၊ စ၊ အာကာ၊ |
| အာကာ၊ ဝိံ၊ အာကိံ။ | ဝိံ၊ အာကိံ၊ နေဝ။ |
| (၃)ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ၊ | ဒိဗ္ဗဿ စက္ခုဿ၊ |
| ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ၊ | ဒိဗ္ဗာယ သောတဓာတုယာ၊ |
| ဣ၊ စေ၊ ပု၊ ယ၊ အနာ။ | ဣ၊ စေ၊ ပု၊ ယ၊ အနာဂတံသဉာဏဿ။ |
| ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဓာတု၊ | ဒိဗ္ဗာယ သောတဓာတုယာ၊ ဣ၊ |
| ဣ၊ စေ၊ ပု၊ ယ။ | စေ၊ ပု၊ ယ၊ အနာ။ |
| (၄)ပဌမဿ မဂ္ဂဿ ပရိကမ္မံ၊ | ပဌမဿ မဂ္ဂဿ၊ |
| ဒု၊ တ၊ စ။ | ဒု၊ တ၊ စ။ |
| ပဌမော မဂ္ဂေါ၊ ဒု၊ တ။ | ဒုတိယဿ မဂ္ဂဿ၊ တ၊ စ။ |
| (၅)သေက္ခာ မဂ္ဂံ ဥပနိဿာယ | အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော – ဝိပဿန္တိ။ |
| (၆)မဂ္ဂေါ | သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မ၊ နိ၊ ပဋိဘာန၊ ဌာနာဌာနကောသလ္လဿ။ |

## ၂။ ကုသလော အကုသလဿ

| | |
|---|---|
| (၁)သဒ္ဓံ ဥပနိဿာယ၊ သီလံ၊ သုတံ၊ စာဂံ၊ ပညံ။ | မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။ |

http://www.dhammadownload.com



| | |
|---|---|
| (၂)သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ၊ | ရာဂဿ၊ ဒေါ၊ မော၊ မာ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ။ |

## ၃။ ကုသလော အဗျာကတဿ

| | |
|---|---|
| (၁)သဒ္ဓံ ဥပနိဿာယ၊ သီလံ သုတံ စာဂံ ပညံ၊ | အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ |
| (၂)သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ။ | ကာယိကဿ သုခဿ၊ -ဒုက္ခဿ၊ ဖလသမာပတ္တိယာ။ |
| (၃)ကုသလံ ကမ္မံ၊ | ဝိပါကဿ။ |
| (၄)အရဟာ မဂ္ဂံ ဥပနိဿာယ၊ | အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ-ဝိပဿတိ။ |
| (၅)မဂ္ဂေါ၊ | အရဟတော အတ္ထ၊ ဓမ္မ၊ နိ၊ ပဋိဘာန၊ ဌာနာ-။ |
| (၆)မဂ္ဂေါ၊ | ဖလသမာပတ္တိယာ။ |

## ၄။ အကုသလော အကုသလဿ

| | |
|---|---|
| (၁)ရာဂံ ဥပနိဿာယ၊ ဒေါသံ၊ မောဟံ၊ မာနံ၊ ဒိဋ္ဌိံ၊ ပတ္ထနံ၊ | ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ၊ ဖရုသံ၊ သမ္ဖံ ပလပတိ။ (၆)<br>သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ။ (၇)<br>မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ၊ အရဟန္တံ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။(၅) |
| (၂)ရာဂေါ၊ ဒေါ၊ မော၊ မာ၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ | ရာဂဿ၊ ဒေါ၊ မော၊ မာ၊ ဒိ၊ ပတ္ထနာယ။ |
| (၃)ပါဏာတိပါတော၊ အ၊ ကာ၊ မု၊ ပိ၊ ဖ၊ သံ၊ အဘိ၊ ဗျာ၊ မိစ္ဆာဒိဋ္ဌိ၊ | ပါဏာတိပါတဿ၊ အ၊ ကာ၊ မု၊ ပိသုဏာယ ဝါစာယ၊ ဖ၊ သံ၊ အဘိ၊ ဗျာ၊ မိစ္ဆာဒိဋ္ဌိယာ။ (စက်) |

http://www.dhammadownload.com



| | |
|---|---|
| (၄) မာတုဃာတိကမ္မံ၊ ပိတု၊ အရ၊ လောဟိတုပ္ပါဒ၊ သံဃဘေဒက၊ နိယတမိစ္ဆာဒိဋ္ဌိ၊ | မာတုဃာတိကမ္မဿ၊ ပိတု၊ အရဟန္တ၊ လောဟိတုပ္ပါဒ၊ သံဃဘေဒက၊ နိယတမိစ္ဆာဒိဋ္ဌိယာ။ (စက်) |

(၃၊ ၄) နံပါတ်တို့၌ စက်လှည့်ဟောရမည်၊ အစက မူတည်ခဲ့ပြီးသည်ကို မူလီ ပြန်သွတ်သော ဗဒ္ဓစက်တည်း။

## ၅။ အကုသလော ကုသလဿ

| | |
|---|---|
| (၁) ရာဂံ ဥပနိဿာယ၊ ဒေါသံ၊ မောဟ၊ မာ၊ ဒိ၊ ပတ္ထနံ၊ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ၊ ဈာနံ၊ ဝိပဿနံ၊ မဂ္ဂံ၊ အဘိညံ၊ သမာပတ္တိံ-။ |
| (၂) ရာဂေါ၊ ဒေါ၊ မော၊ မာ၊ ဒိ၊ နာ၊ | သဒ္ဓါယ၊ သီ၊ သု၊ စာ၊ ပညာယ။ |
| (၃) ပါဏံ ဟန္တွာ တဿ၊ အဒိန္နံ အာဒိယိတွာ ။ ပ ။ နိဂမဃာတံ ကရိတွာ တဿ။ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ ။ ပ ။ သမာပတ္တိံ ဥပ္ပါဒေတိ။ |
| (၄) မာတရံ ဇီဝိတာ ဝေါရောပေတွာ ။ ပ ။ သံဃံ ဘိန္ဒိတွာ တဿ၊ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ ။ ပ ။ ဥပေါသထကမ္မံ ကရောတိ။ |

## ၆။ အကုသလော အဗျာကတဿ

| | |
|---|---|
| (၁) ရာဂံ ဥပနိဿာယ-ပတ္ထနံ၊ | အတ္တာနံ အာတာပေတိ ။ ပ ။ ပစ္စနုဘောတိ။ |
| (၂) ရာဂေါ ။ ပ ။ ပတ္ထနာ၊ | ကာယိကဿ သုခဿ ။ ပ ။ ဖလသမာပတ္တိယာ။ |
| (၃) အကုသလံ ကမ္မံ၊ | ဝိပါကဿ။ |

## ၇။ အဗျာကတော အဗျာကတဿ

| | |
|---|---|
| (၁) ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ၊ | ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ။ |
| (၂) ကာယိကံ သုခံ ။ ပ ။ သေနာသနံ၊ | ကာယိကဿ သုခဿ ။ ပ ။ ဖလသမာပတ္တိယာ။ |

http://www.dhammadownload.com



| | |
|---|---|
| (၃) ဖလသမာပတ္တိ၊ | ကာယိကဿ သုခဿ။ |
| (၄) အရဟာ ကာယိကံ သုခံ ဥပနိဿာယ၊ ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ-။ | အနုပ္ပန္နံ ကိရိယသမာပတ္တိံ ။ ပ ။ ဝိပဿတိ။ |

**၈။ အဗျာကတော ကုသလဿ**

| | |
|---|---|
| (၁) ကာယိကံ သုခံ ဥပနိဿာယ၊ ကာယိကံ ဒုက္ခံ ။ ပ ။ သေနာသနံ-၊ | ဒါနံ ဒေတိ ။ ပ ။ သမာပတ္တိံ ဥပ္ပါဒေတိ။ |
| (၂) ကာယိကံ သုခံ ။ ပ ။ သေနာသနံ | သဒ္ဓါယ၊ သီလ၊ သုတ၊ စာဂ၊ ပညာယ။ |

**၉။ အဗျာကတော အကုသလဿ**

| | |
|---|---|
| (၁) ကာယိကံ သုခံ ဥပနိဿာယ ကာယိကံ ဒုက္ခံ ။ ပ ။ သေနာသနံ | ပါဏံ ဟနတိ ။ ပ ။ သံဃံ ဘိန္ဒတိ။ |
| (၂) ကာယိကံ ဒုက္ခံ ။ ပ ။ သေနာသနံ | ရာဂဿ ။ ပ ။ ပတ္ထနာယ။ |

## ပကတူပနိဿယ အရကောက်

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ကု x ကု | = ဗလဝဖြစ်သောအရဟတ္တမဂ်ကြဉ် ကု-၂၀၊ စေ-၃၈။ | ကု-၂၁၊ စေ-၃၈။ (၁) |
| ကု x အကု | = ဗလဝ, ကီကု-၁၇၊ စေ-၃၈။ | အကု-၁၂၊ စေ-၂၇။ (၁) |
| ကု x ဗျာ | = ဗလဝ, ကု-၂၁၊ စေ-၃၈။ | ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈။ (၆) |
| အကု x အကု | = အကု-၁၂၊ စေ-၂၇။ | အကု-၁၂၊ စေ-၂၇။ (၁) |
| အကု x ကု | = ။ | ကု-၂၁၊ စေ-၃၈။ (၁) |
| အကု x ဗျာ | = ။ | ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈။ (၂) |
| ဗျာ x ဗျာ | = ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈။ | ။ (၁) |
| ဗျာ x ကု | = အရဟတ္တဖိုလ်ကြဉ် ဝိ-၃၅၊ ကြိ-၂၀၊ စေ၊ ရုပ်။ | ကု-၂၁၊ စေ-၃၈။ (၁) |
| ဗျာ x အကု | = ကီဝိ-၃၂၊ ကြိ၊ စေ၊ ရုပ်။ | အကု-၁၂၊ စေ-၂၇။ (၁) |

ကုဗျာ၌ အနံကံပါ လိုက်နိုင်ပါတယ်၊ သချာချင်းယှဉ်ကြည့်ပါ၊ ဒါ့ကြောင့် ကရိုဏ်းပါဠိအရ အနံမျိုး ၆-ပစ္စည်းရပါတယ်။

http://www.dhammadownload.com



## ပကတူကံ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ကု, အကု စေတနာ၊ | ဝိပါက် ၃၆–နာမက္ခန္ဓာ။ |

ကုသလံ ကမ္မံ x ဝိပါကဿ။
အကုသလံ ကမ္မံ x ဝိပါကဿ။

## ဝတ္ထုမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| စက္ခုဝတ္ထု ။ ပ ။ ကာယဝတ္ထု ဟဒယဝတ္ထု။ (ဆဝတ္ထု) | ပဥ္စဝေါ–အခါ အရူပ ၄–ကြဉ်သော သတ္တဝိညာဏဓာတ်။ |

| | | | |
| --- | --- | --- | --- |
| ဗျာ x ဗျာ | = | စက္ခာယတနံ | x စက္ခုဝိညာဏဿ ။ ပ ။ |
| | | ကာယာယတနံ | x ကာယဝိညာဏဿ။ |
| | | ဝတ္ထု | x ဝိ, ကြိ–ဗျာကတာနံ ခန္ဓာနံ။ |
| ဗျာ x ကု | = | ဝတ္ထု | x ကုသလာနံ ခန္ဓာနံ။ |
| ဗျာ x အကု | = | ဝတ္ထု | x အကုသလာနံ ခန္ဓာနံ။ |

## ပုတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ပဥ္စဝတ္ထု | ဒွေးပဥ္စဝိညာဉ် –၁၀။ |

စက္ခုန္ဒြိယံ x စက္ခုဝိညာဏဿ ။ ပ ။ ကာယိန္ဒြိယံ x ကာယဝိညာဏဿ။

## ပစ္ဆာမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ပဥ္စဝေါ–အခါ အရူပ ၄–ကြဉ်သော နောက်နောက်သော နာမက္ခန္ဓာ–၄၊ | ပဋိသန္ဓေအစရှိသော ။ ပ ။ ဓေဇ, ဒွိဇ, တိဇ, စတုဇကာယ။ |

ကု, အကုပစ္စည်းတရားတို့၏ ပစ္စယုပ္ပန်ကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းအစ ရှိသော ။ ပ ။ တိဇကာယ, စတုဇကာယတည်း။

ကု x ဗျာ = ပစ္ဆာဇာတာ ကုသလာ ခန္ဓာ x ပုရေဇာတဿ ဣမဿ ကာယဿ။

http://www.dhammadownload.com



အကု x ဗျာ = ပစ္ဆာဇာတာ အကုသလာ ခန္ဓာ x ပုရေဇာတဿ ဣမဿ ကာယဿ။

ဗျာ x ဗျာ = ။ ဝိ–ကြိယာကတာ ခန္ဓာ x ။

## ဗဒုကံမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ကာမကု, အကု စေတနာ၊ ပဉ္စဝေါကု, အကုစေတနာ | ကာမဝိပါက် –၃၂။ ကဋတ္တာရုပ်။ |

ကု x ဗျာ = ကုသလာ စေတနာ x ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ။

အကု x ဗျာ = အကုသလာ စေတနာ x ။ ။

## ရုပ်ဟာမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စတုသမုဋ္ဌာနိကဩဇာ၊ | ကလာပ်တူ ။ ပ ။ စတုသမုဋ္ဌာနိကရုပ်။ |

ကဗဠီကာရော အာဟာရော x ဣမဿ ကာယဿ။

## ရူပဇီဝိတိမျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ရုပ်ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခု။ |

ရူပဇီဝိတိန္ဒြိယံ x ကဋတ္တာရူပါနံ။

## သဟပုရေဇာတမိဿက

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပဉ္စဝေါ–အခါ အကု–၁၂၊ ကု–၂၁၊ စေ–၂၅။ (၁၊ ၃၊ ၂) ဝတ္ထုမနော့ဒွါ ။ ပ ။ ဟဒယဝတ္ထု | အချင်းချင်း။ (၃၊ ၁၊ ၂) |

ကုဗျာ x ကု = ကုသလော ဓမ္မော ခန္ဓော စ

ဝတ္ထု စ x တိဏ္ဏန္နံ ခန္ဓာနံ–။(စသည်)

အကုဗျာ x အကု = အကုသလော ။ ။

http://www.dhammadownload.com



## ပစ္ဆာဟာရမိဿက

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပဉ္စဝေါ်-အခါ အကု-၁၂၊ ကု-၂၁၊ စေ-၅၂။ ဝုဋ္ဌောမနောဒွါ ။ ပ ။ ဩဇာ။ | ဝုဋ္ဌောမနောဒွါ ။ ပ ။ တိဇ, စတုဇကာယ။ |

ကုဇ္ဈာ x ဇ္ဈာ = ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ
ကဗဠီကာရော အာဟာရော စ x ဣမဿ ကာယဿ။

အကုဇ္ဈာ x ဇ္ဈာ = ။ အကုသလာ- ။ ။

## ပစ္ဆာတိ°မိဿက

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပဉ္စဝေါ်-အခါ အကု-၁၂၊ ကု-၂၁၊ စေ-၅၂။ ဝုဋ္ဌော ။ ပ ။ ရုပ်ဇီဝိတိန္ဒြေ။ | ဝုဋ္ဌော မနောဒွါ ။ ပ ။ ကမ္မဇကာယ။ |

ကုဇ္ဈာ x ဇ္ဈာ = ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ
ရူပဇီဝိတိန္ဒြိယဉ္စ x ကဋတ္တာရူပါနံ။

အကုဇ္ဈာ x ဇ္ဈာ = ။ အကုသလာ- ။

## မျိုးယှက်ပစ္စည်း ဟောနည်း

ဆောင် ၁။ ဓိနိဥပ၊ ပုကမ္မ၊ ဟာရဣန္ဒြေ။
ဝိပ်အတ်အ, စွက်၊ ဤဆယ်ချက်၊ မျိုးယှက် ပစ္စည်းတွေ။

၂။ မျိုးယှက်ဟောရာ၊ မာတိကာ၊ မပါ နိဟာဏ္ဍံ။
ကျန်ခုနစ်ဝ၊ ပါစေရ၊ ယှက်သမျှ ဉာဏ်ဖြင့်ချိန်။

၃။ ဓိဥပုဝိပ်၊ ပေါင်း+အစိတ်၊ ထည့်သိတ် ဝိသေသန။
နိဟာဏ္ဍံမှာ၊ မထည့်ရာ၊ ကံမှာ ယှက်ပါမှ။
အတ္ထိ အဝိ၊ သင့်ရာထည့်၊ ပါဠိဟောပါကြ။

အခုပြခဲ့တဲ့ သရုပ်ခွဲနဲ့ ပါဠိတော်ဟောနည်းများမှာ သုဒ္ဓသင်္ချာအတိုင်း မျိုးစဉ်အလိုက်ဖြစ်ပါတယ်၊ တကယ် ပါဠိတော်ကျဟောနိုင်ဖို့ကတော့ မျိုးယှက် ပစ္စည်းတွေရဲ့သဘောကို နားလည်ထားရပါမယ်၊ မျိုးယှက် ၁၀-ပစ္စည်းရှိပါတယ်၊ အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ကမ္မ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-တို့ဖြစ်ပါတယ်၊ အဓိပတိလို့ဆိုလိုက်ရင် အာဓိ, သဟာဓိ၊ ဒီလိုစသည်ဖြင့် နှုတ်ကျိုးနေရမယ်။

http://www.dhammadownload.com



၁။ အဓိပတိ = အာဓိ, သဟာဓိ။
၂။ နိဿယ = သဟနိ, ပုရေနိ။
၃။ ဥပနိဿယ = အာရမ္မဏူ, အနန္တရူ, ပကတူ။
၄။ ပုရေဇာတ = အာပု, ဝတ်ပု။
၅။ ကမ္မ = သဟကံ, နာနာကံ။
၆။ အာဟာရ = နာမ်ဟာ, ရုပ်ဟာ။
၇။ ဣန္ဒြိယ = သဟတိႝ, ပုတိႝ, ရူပတိႝ။
၈။ ဝိပ္ပယုတ္တ = သဟဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ်။
၉။ အတ္ထိ = သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရုပ်အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ။
၁၀။ အဝိဂတ = အတ္ထိနည်းတူ။

ဒီမျိုးယှက်ပစ္စည်းတွေကို ဟောတဲ့အခါ ဝိသေသနထည့်ပေးရပါတယ်၊ မာတိကာခံတယ်လို့လဲ ခေါ်ပါတယ်၊ ကု, အကု ပဒ, ပဒါဝသာနအလိုက် ရသင့်သလို ဝိသေသနထည့်ရပါတယ်၊ အဓိပတိဆိုပါတော့၊ အဓိပတိမှာ "အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ"လို့ အပေါင်းဝိသေသနခံပြီးနောက် အာရမ္မဏကို ဟောတဲ့အခါ "အာရမ္မဏာဓိပတိ"လို့၊ သဟဇာတာဓိပတိကိုဟောတဲ့အခါ "သဟဇာတာဓိပတိ"လို့ အစိတ်ဝိသေသနခံပြီးဟောပါ၊ အာဓိသာရတဲ့သချ်ာမှာ "အာရမ္မဏာဓိပတိ"လို့ အစိတ်ဝိသေသနတစ်ချက်သာခံပါ၊ သဟာဓိသာရတဲ့ သချ်ာမှာ "သဟဇာတာဓိပတိ"လို့ အစိတ်ဝိသေသနတစ်ချက်သာခံပါ။

ဥပနိဿယမှာ "အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယော"လို့ အပေါင်းဝိသေသနခံပြီးနောက်(အဓိပတိလိုပဲ) မျိုးအလိုက် "အာရမ္မဏူပနိဿယော"စသည်ဖြင့် အစိတ်ဝိသေသနခံပြီးဟောပါ၊ မျိုးနှစ်မျိုးရတဲ့သချ်ာမှာ နှစ်မျိုးအပေါင်းဝိသေသနခံပြီးနောက် အစိတ်ဝိသေသနခံပြီးဟောပါ၊ တစ်မျိုးသာရတဲ့သချ်ာမှာ တစ်မျိုးသာ ဝိသေသနခံပြီးဟောပါ။

ပုရေဇာတမှာ "အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ"လို့ အပေါင်းဝိသေသနခံပြီးနောက် (အဓိပတိလိုပဲ) မျိုးအလိုက် "အာရမ္မဏပုရေဇာတံ"စသည်ဖြင့် အစိတ်ဝိသေသနခံပြီးဟောပါ။

ဝိပ္ပယုတ္တမှာ "သဟဇာတံ, ပုရေဇာတံ, ပစ္ဆာဇာတံ"လို့ အပေါင်းဝိသေသနခံပြီးနောက် (အဓိပတိလိုပဲ) မျိုးအလိုက် "သဟဇာတာ၊ ပုရေဇာတံ၊ ပစ္ဆာဇာတာ"လို့ တစ်ခုချင်း အစိတ်ဝိသေသနခံပြီးဟောပါ။

http://www.dhammadownload.com



ကမ္မမှာ မျိုးယှက်တဲ့သချ်ာ၌သာ "သဟဇာတာ, နာနာက္ခဏိကာ"လို့ အပေါင်းဝိသေသနခံပြီးနောက် (အဓိပတိလိုပဲ)မျိုးအလိုက် "သဟဇာတာ၊ နာနာက္ခဏိကာ"လို့ တစ်ခုချင်း ဝိသေသနခံပြီးဟောပါ။

အတ္ထိပစ္စည်းမှာ မျိုးယှက်တဲ့သချ်ာအလိုက် "သဟဇာတံ, ပုရေဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ"လို့ အပေါင်းဝိသေသနခံပါ၊ ထို့နောက် သဟ, ပုရေ, ပစ္ဆာ ၃-မျိုးမှာသာ အစိတ်ဝိသေသနခံပါ၊ အာဟာရနှင့်ဣန္ဒြိယမှာ အစိတ်ဝိသေသနခံဖွယ်မလိုပါ၊ (ဗျာ-ဗျာပါဠိတော်ကိုရှုပါ။) ထို့ပြင် သဟပုရေရောတဲ့ မိဿကသချ်ာ(ကုဗျာ-ကု၊ အကုဗျာ-အကု)မှာ "သဟဇာတံ, ပုရေဇာတံ"လို့ ဝိသေသနခံပြီး မိဿကပါဠိတော်ကိုဟောပါ။

ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာ-သချ်ာနှစ်ချက်မှာတော့ သဟဇာတသက်သက် အပြင် ပစ္ဆာဟာရမိဿက, ပစ္ဆာဇာတိန္ဒြိယမိဿကနှစ်ခုလဲ ပါဝင်နေပါတယ်၊ ဒါ့ကြောင့် "သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ"လို့ အပေါင်း ဝိသေသနခံပြီးဟောပါ၊ အစိတ်ဝိသေသနခံရန်မလိုပါ၊ သဟဇာတသက်သက် ပါဠိတော်ကို ပထမဟောပါ၊ ပြီးတော့မှ ပစ္ဆာဟာရမိဿကနှင့် ပစ္ဆာဇာတိန္ဒြိယ မိဿကပါဠိတော်များကိုဟောပါ။

နိဿယ, အာဟာရ, ဣန္ဒြိယ ပစ္စည်းတို့မှာတော့ ဝိသေသနထည့်ဖို့ မလိုပါဘူး၊ ကျန် ၇-ပစ္စည်းမှာသာ ဝိသေသနထည့်ရပါတယ်၊ ကု-အကုစတဲ့ သချ်ာများမှာ တစ်မျိုးသာရရင် တစ်မျိုး၊ ၂-မျိုး ၃-မျိုးရရင် ၂-မျိုး ၃-မျိုး ဝိသေသန ထည့်ရပါတယ်၊ မာတိကာခံရပါတယ်။

ထပ်ပြောရရင် မိ, ဥ, ပု, ဝိပ်တို့ရဲ့ မျိုးယှက်သချ်ာမှာ အပေါင်းဝိသေသန, အစိတ်ဝိသေသနထည့်ပါ၊ မျိုးမယှက်တဲ့သချ်ာမှာ အစိတ်ဝိသေသနသာထည့်ပါ၊ နိ, ဟာ, ဣံ တို့မှာတော့ မျိုးယှက်သချ်ာဖြစ်စေကာမူ ဝိသေသန လုံးဝမထည့်ရပါဘူး၊ ကမ္မမှာ မျိုးယှက်သချ်ာ၌သာ ဝိသေသနထည့်ပါ၊ အတ္ထိ အဝိဂတတို့ကျတော့ လျော်သလိုသာထည့်ပါ၊ ဒါဟာ မျိုးယှက်ပစ္စည်း ဟောနည်းပါပဲ၊ ဝိဘင်္ဂဝါရ အပြီးသတ်လိုက်ကြစို့။

\+ + + + +

ဝိဘင်္ဂဝါရ ပြီး၏။

http://www.dhammadownload.com



# သင်္ဂဟဝါရ

## သုဒ္ဓသင်္ဂဟ

ဝိဘင်္ဂဝါရပြီးတော့ သင်္ဂဟဝါရကိုဟောရပါမယ်၊ ဒီသင်္ဂဟဝါရမှာ သုဒ္ဓသင်္ဂဟ, မိဿကသင်္ဂဟ–လို့ ၂–မျိုးရှိပါတယ်၊ သုဒ္ဓသင်္ဂဟက ပဋ္ဌာန်းစကတည်းက အရကျက်ပြီးဖြစ်တဲ့ သုဒ္ဓသင်္ဂဟပါပဲ၊ ဟောပုံက–

"ဟေတုပစ္စည်း၏ သုဒ္ဓသင်္ဂဟဝါရ၌ သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆–ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သောတရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း, ကတ္တားသမ္ပဒါန်နေဟန်သို့လိုက်၍လည်းကောင်း 'ဟေတုပစ္စယာ သတ္တ'ဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။"

ဒီလိုစသည်ဖြင့် အဝိဂတအထိ ဒေသနာက္ကမအတိုင်း ဟောရပါတယ်။

**အနက်။** ။ဟေတုယာ (ဟေတုပစ္စယေ)–ဟေတုပစ္စည်း၌၊ သတ္တ–ခုနစ်ပါးကုန်သော၊ ဝိဿဇ္ဇနာနိ–အဖြေတို့ကို၊ လဗ္ဘန္တိ–ရအပ်ကုန်၏။ (အရကောက်၊ ၄၄၂)

မျိုးယှက်ဖြစ်တဲ့ အဓိပတိဟောပုံကို ပြောပါဦးမယ်၊ အဓိပတိက အာဓိ, သဟာဓိ ၂–မျိုး၊ ဒါ့ကြောင့် အာဓိသုဒ္ဓသင်္ဂဟ, သဟာဓိသုဒ္ဓသင်္ဂဟ ၂–ခုလုံးကို ဆိုရပါမယ်၊ ဆိုပုံက–

"အဓိပတိပစ္စည်း၏ သုဒ္ဓသင်္ဂဟဝါရ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခု၊ မဟာကုသိုလ်စိတ် ၈–ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခု၊ လောကုတ္တရာစိတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄–ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု၊ နိဗ္ဗာန်–ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား x တပ်သော အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် တစ်ပါးပါးဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း၊ ဤပစ္စည်းတရား နှစ်ပါးတို့သည်

http://www.dhammadownload.com



> အဓိပတိပစ္စည်းတပ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း ။ ပ ။ "အဓိပတိယာ ဒသ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။" (အရကောက်၊ ၄၄၃)

ဒီလိုဆိုရပါတယ်၊ မျိုးယှက် ၁၀–ပစ္စည်းလုံး ယှက်သမျှမျိုးက သုဒ္ဓသင်္ချာကို ဒီလိုဆိုရ ဟောရပါတယ်၊ နိဿယ အတ္ထိ အဝိဂတတို့မှာတော့ ပထမမိဿက သင်္ချာပါရလို့ သင်္ချာ တေရသထွက်ပါတယ်၊ ဒါပေမယ့် မိဿကသုဒ္ဓသင်္ချာကိုတော့ ဆိုဖို့မလိုပါဘူး၊ အတ္ထိ အဝိဂတ ၂–ပစ္စည်းမှာ ဒုတိယ တတိယ မိဿကများပါ ရပါတယ်၊ ဒါပေမယ့် အဲဒီ မိဿကသင်္ချာ ၂–ချက်က သဟကြီးကသင်္ချာနဲ့တူလို့ သင်္ချာမတိုးပါဘူး၊ သင်္ချာ တေရသပါပဲ၊ ဒါဟာ သုဒ္ဓသင်္ချာဟောနည်း ဖြစ်ပါတယ်။

ဒီသုဒ္ဓသင်္ချာပြီးမှ မိဿကသင်္ချာကို ဟောပါတယ်၊ မိဿကသင်္ချာက သဘာဂ, ဃဋနာ–လို့ ၂–မျိုးရှိပါတယ်၊ အရကောက်ဆရာကြီးက ပါဠိတော်စဉ် အတိုင်း ပစ္စည်းတိုင်း ပစ္စည်းတိုင်းမှာ သဘာဂ ဃဋနာ ၂–မျိုးလုံးကို တွဲပြသွား တော်မူပါတယ်၊ ဒီမှာတော့ တစ်မျိုးစီ ခွဲပြပါမယ်၊ ကိုင်း---ဒါဖြင့် သဘာဂကို လေ့လာကြရအောင်၊ ဟောကြရအောင်။

## မိဿကသင်္ချာ / သဘာဂသင်္ချာ

**ဆောင်။** ။စည်းနှင့်ပွန်–တူမျှဟန်ပေါင်းဓမ္မ၊ "သဘာဂ"ခေါ်ဆို၊
ပစ္စည်းမူ–မျိုးတူမှသာ၊ ရှာရမည်ကို၊
သဘာဂ ဝါရကို၊ တွဲ၍ဆို နှစ်ပစ္စည်း၊
ဟောပြည့်ွန်–ယမိုက်ဟန် သဘောသက်တယ်၊ နှစ်ဖက်ရနည်း။

၁။ ပစ္စည်း ပစ္စယုပ္ပန် တူညီသောတရားအပေါင်းကို "သဘာဂ"ဟုခေါ်သည်၊
၂။ သဘာဂပစ္စည်းများကို မျိုးတူပစ္စည်း၌သာ ရှာရမည်၊
၃။ သဘာဂသင်္ချာဝါရ၌ နှစ်ပစ္စည်းသာတွဲ၍ ဟောတော်မူသည်၊
၄။ နှစ်ပစ္စည်း တိုက်ဆိုင်ကြည့်ရာ၌ နည်းသောပစ္စည်း နည်းသောပစ္စယုပ္ပန် ဘက်သို့ လိုက်၍ဆိုရမည်။

"သဘာဂ"ဆိုတာ သဘောတူတာကို ပြောတာပါ၊ လောကမှာ ပြောလေ့ ရှိပါတယ်၊ "ဒီလူနှစ်ယောက်ဟာ တယ်သဘာဂဖြစ်တာပဲ၊ ဒီလူနှစ်ယောက်ကတော့ သဘာဂမဖြစ်ဘူး"လို့၊ ယမိုက်သဘောအရပြောရရင် သူလဲရ ကိုယ်လဲရတဲ့ နှစ်ဖက်ရပါပဲ။

http://www.dhammadownload.com



မျိုးတူမှ သဘာဂဖြစ်ပါတယ်၊ မျိုးမတူလျှင် သဘာဂမဖြစ်ပါဘူး၊ ပုံစံအားဖြင့် ဟေတုနဲ့အာရမ္မဏကို ကြည့်ပါ၊ အာရမ္မဏက အာရမ်မျိုးမှာသာရှိပါတယ်၊ ဟေတုက သဟမျိုးမှာသာရှိပါတယ်၊ မျိုးမတူဘူး၊ မျိုးကွဲနေတယ်၊ "အသွင်မတူ အိမ်သူမဖြစ်"ဆိုတဲ့သဘောပေါ့၊ ဒါ့ကြောင့် ဟေတုနဲ့အာရမ္မဏကို သဘာဂလုပ်လို့ မရဘူး၊ ဟေတုနဲ့အဓိပတိကျတော့ သဟမျိုးထဲမှာ နှစ်ပစ္စည်းလုံးပါဝင်နေကြတယ်၊ ဒါ့ကြောင့် သဘာဂဖြစ်တယ်။

အဲဒီလို မျိုးတူမှသဘာဂဖြစ်တဲ့အတွက် သုဒ္ဓသချာလာမျိုးစဉ်အတိုင်း တစ်မျိုးချင်း တစ်မျိုးချင်း ရှင်းပြပါဦးမယ်၊ နောက်မှ မျိုးယှက်ပစ္စည်းတို့ရဲ့ သဘာဂ ဖြစ်ပုံကို ရှင်းပြပါ့မယ်၊ ကိုင်း ---နားထောင်၊ ရှင်းကြစို့၊ သုဒ္ဓသချာကို အာရုံပြု။

**အမှာ။** ။သဘာဂယှဉ်ဆပုံသဘောမျှကိုသာ နားလည်အောင်ရှင်းပြမည် ဖြစ်သောကြောင့် ဆိုရိုးများကို (အပြည့်အစုံ)ထုတ်နုတ်ပြမည်မဟုတ်ပါ၊ ဆိုရိုး ဟူသည်မှာလည်း အထူးအဆန်းမဟုတ်ပါ၊ ထုတ်ပြအပ်ခဲ့ပြီးသည့် သုဒ္ဓသချာပင် ဖြစ်ပါသည်၊ ရပြီးသုဒ္ဓသချာကို အသုံးချတတ်ဖို့သာ လိုပါသည်။

## (က) အာရမ်မျိုး သဘာဂ

အာရမ်မျိုးမှာ အာ မိ နိ ဥ ပု ဝိပ် အတ် အ-လို့ ရှစ်ပစ္စည်းရှိပါတယ်၊ အဲဒီ ရှစ်ပစ္စည်းကို ပစ္စည်း ပစ္စယုပ္ပန် အရတူအုပ်စု ဖွဲ့လိုက်လျှင် သုဒ္ဓသချာမှာလာတဲ့ အတိုင်း အာရမ္မဏ, အာဓိ, အာပု, ဝတ္ထာ-လို့ လေးအုပ်စုသာရှိပါတယ်။ [အာပု မိနဲ့ ဝတ္ထာမိကိုချန်ထားပါ၊ သဘာဂလုပ်တဲ့အခါမှ သူတို့အသုံးဝင်လာပါလိမ့်မယ်။]

**(၁) အာရမ္မဏ။** ။အာဓိ၊ အာပု၊ ဝတ္ထာ။

အခု အာရမ္မဏကိုမူတည်ပြီး ကျန် ၇-ပစ္စည်းနဲ့ သဘာဂဖြစ်ပုံကိုပြောပါမယ်၊ ကိုင်း---နားထောင်။

အာရမ်မျိုးမှာ အာရမ္မဏကခေါင်းဆောင်၊ ပစ္စည်း ပစ္စယုပ္ပန်တရားအရ အများဆုံးလဲဖြစ်တယ်၊ ဒါ့ကြောင့် မူလသဘာဂလုပ်မယ့် ပစ္စည်းတွေရဲ့ သုဒ္ဓသချာကို ဆိုလိုက်လျှင် ကိစ္စပြီးတာပါပဲ။

၁။ အာရမ္မဏမူ အဓိပတိသဘာဂ၌- [အာဓိသုဒ္ဓသချာကိုဆိုပါ။] အာဓိ အုပ်စုမှာ တွဲဖက်ပစ္စည်းများက အဓိပတိနဲ့ဥပနိဿယတို့ဖြစ်ပါတယ်၊ ဒါ့ကြောင့် "အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ အာရမ္မဏပစ္စယာ ဥပနိဿယေ သတ္တ"လို့ တစ်ခါတည်း သဘာဂလုပ်လိုက်ပါ။

http://www.dhammadownload.com



**သဘာဂဆိုရိုး။** ။ဤတရားတို့သည် အာရမ္မဏ အဓိပတိပစ္စည်းနှစ်ပါး တပ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း၊ ဝါရသို့လိုက်၍လည်းကောင်း၊ တိကပုဒ်၏အရသို့လိုက်၍ လည်းကောင်း၊ ကတ္တားသမ္ဗဒါန် နေဟန်သို့လိုက်၍လည်းကောင်း "အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ"ဟု သချာတပ်၍ ဟောအပ်ကုန်၏။

၂။ အာရမ္မဏမူ အာပုသဘာဂ၌–[အာပုသုဒ္ဓသချာကိုဆိုပါ။] အာပုအုပ်စုမှာ တွဲဖက်ပစ္စည်းများက ပုရေဇာတ, အတ္ထိ, အဝိဂတ–တို့ဖြစ်ပါတယ်၊ ဒါ့ကြောင့် "အာရမ္မဏပစ္စယာ ပုရေဇာတေ တီဏိ၊ အာရမ္မဏပစ္စယာ အတ္ထိယာ တီဏိ၊ အာရမ္မဏပစ္စယာ အဝိဂတေ တီဏိ"လို့ တစ်ခါတည်းသာ သဘာဂလုပ်လိုက်ပါ။

၃။ အာရမ္မဏမူ ဝတ္ထာသဘာဂ၌–[ဝတ္ထာသုဒ္ဓသချာကိုဆိုပါ။] ဝတ္ထာအုပ်စုမှာ တွဲဖက်ပစ္စည်းများက နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတတို့ ဖြစ်ပါတယ်၊ ဒါပေမယ့် အာပုမှာ ၃–ပစ္စည်းကိုယူခဲ့ပြီးဖြစ်တဲ့အတွက် ဒီမှာ နိဿယနှင့်ဝိပ္ပယုတ္တ ၂–ပစ္စည်းသာကျန်ပါတော့တယ်၊ ဒါ့ကြောင့် "အာရမ္မဏ ပစ္စယာ နိဿယေ တီဏိ၊ အာရမ္မဏပစ္စယာ ဝိပ္ပယုတ္တေ တီဏိ"လို့ တစ်ခါတည်း သဘာဂလုပ်လိုက်ပါ၊ အချုပ်ကတော့ ဒီအာရမ္မဏမူမှာ မူလီပစ္စည်းရဲ့ သုဒ္ဓသချာကို ဆိုပြီး သဘာဂလုပ်လိုက်ရုံပါပဲ။

**(၂) အာဓိ။** ။အာ၊ အာပု၊ ဝတ္ထာ။

ကဲ– အာဓိအုပ်စုကိုမူထားပြီး သဘာဂလုပ်ကြရအောင်၊ အထက်ကခွဲပြခဲ့တဲ့ သုဒ္ဓသချာ ၄–အုပ်စုနဲ့ အာပုဓိ, ဝတ္ထာဓိတို့ကို အာရုံပြု။

၁။ အာဓိ(အဓိပတိ)မူ အာရမ္မဏသဘာဂ၌–[အာဓိသုဒ္ဓသချာကိုဆိုပါ။] အဓိပတိပစ္စယာ အာရမ္မဏေ သတ္တ၊ ဥပနိဿယပစ္စယာ အာရမ္မဏေ သတ္တ။ ဒီအချက်က အာရမ္မဏမူတုန်းက (၁)နံပါတ်အချက်နဲ့ ဘာမှမထူးပါဘူး၊ မူလ x မူလီ ရှေ့နောက်ပြန်တာပဲ ထူးပါတယ်။

၂။ အာဓိ(အဓိပတိ)မူ အာပုသဘာဂ၌–[အာပုဓိသုဒ္ဓသချာကိုဆိုပါ။] အဓိ ပတိပစ္စယာ ပုရေဇာတေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။ ဥပနိဿယ ပစ္စယာ ပုရေဇာတေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

ဒီအချက်မှာ အာဓိနှင့်အာပု နှစ်ဖက်ရဖြစ်တဲ့ ပစ္စည်းပစ္စယုပ္ပန်ကို ဆွဲထုတ် လိုက်လျှင် သုဒ္ဓသချာမှာ ၅–နံပါတ်ဖြစ်တဲ့ အာပုဓိသုဒ္ဓသချာကိုရပါတယ်၊ သူရဲ့အသံထွက်ကို စဉ်းစားကြည့်ပါ၊ အာပုနဲ့အာဓိကိုပေါင်းထားတဲ့အတွက် "အာပု+အာဓိ=အာပုဓိ"လို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



၃။ အာဓိ(အဓိပတိ)မူ ဝတ္ထာသဘာဂ၁–[ဝတ္ထာဓိသုဒ္ဓသင်္ချာကိုဆိုပါ။] အဓိပတိပစ္စယာ နိဿယေ ဇကာ၊ ဝိပ္ပယုတ္တေ ဇကာ၊ ဥပနိဿယပစ္စယာ နိဿယေ ဇကာ၊ ဝိပ္ပယုတ္တေ ဇကာ။

ဒီမှာလဲ အထက်ကသဘောအတိုင်းပါပဲ၊ ဝတ္ထာနဲ့အာဓိကို ပေါင်းထားတဲ့ အတွက် "ဝတ္ထာ+အာဓိ=ဝတ္ထာဓိ"လို့ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သုဒ္ဓသင်္ချာမှာ (၆)နံပါတ်ဖြစ်တဲ့ ဝတ္ထာဓိသုဒ္ဓသင်္ချာကို ဆိုရပါတယ်။

**(၃) အာပု။** ။အာ၊ အာဓိ၊ ဝတ္ထာ။

ကဲ–အာပုအုပ်စုကိုမူထားပြီး သဘာဂလုပ်ကြရအောင်၊ အာရမ္မဏနဲ့အာဓိကို မူလိသွတ်ပြီး သဘာဂလုပ်လျှင် အာရမ္မဏမူ အာပုသဘာဂ၁၊ အာဓိမူ အာပု သဘာဂ၁–လို့ ခုနကအတိုင်းပဲဆိုတာ သဘောပေါက်လောက်ပါပြီ။

အာပုမူ ဝတ္ထာသဘာဂ၁–[အရနည်းတဲ့ ဝတ္ထာသုဒ္ဓသင်္ချာကိုဆိုပါ။] ပုရေဇာတ ပစ္စယာ, အတ္ထိပစ္စယာ, အဝိဂတပစ္စယာ နိဿယေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ။ တစ်ခုချင်းဆိုရမယ်ဆိုတာ နားလည်လောက်ပြီမို့ ပေါင်းပြောလိုက်ပါတယ်။

**(၄) ဝတ္ထာ။** ။အာ၊ အာဓိ၊ အာပု။

ကဲ–ဝတ္ထာအုပ်စုကိုမူထားပြီး သဘာဂလုပ်တာကို စဉ်းစားကြစို့၊ အခုမူလိ သွတ်မယ့် အုပ်စုသုံးခုဟာ မူတည်ခဲ့ပြီးဖြစ်တဲ့ အုပ်စုတွေချည်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အထူးလုပ်ပြဖို့ မလိုတော့ပါဘူး။

သုဒ္ဓသင်္ချာကို နှုတ်ရကျေညက်ရမယ်၊ သဘောပေါက်ကျေညက်ရမယ်၊ ဒီနှစ်မျိုးနဲ့ သုဒ္ဓသင်္ချာကို ကျေညက်ထားတဲ့သူဟာ ဘာမှသဘောမကျစရာမရှိပါဘူး၊ ဘုရားရှင်ရဲ့ ဒေသနာဉာဏ်လှည့်စားပုံကို သဘောကျမှာကေန်ပါပဲ၊ ဒါဟာ အာရမ်မျိုး သဘာဂဖြစ်ပါတယ်၊ သဟမျိုးသွားကြစို့။

+ + + + +

http://www.dhammadownload.com



## (ခ) သဟမျိုး သဘာဂ

သဟမျိုး သဘာဂပြောတဲ့အခါမှာ သဟငယ် ၇–ပစ္စည်းကို အရင်ပြောပါမယ်။

**သဟငယ်–၇။** ။ဟေ၊ ဓိ၊ ကံ၊ ဟာ၊ ဈာ၊ ဣံ၊ မဂ်။

**၁။ ဟေတု။** ။ဓိ+ဣံ+မဂ်+လတ်ကြီး ၈=၁၁။

**၁။ ဟေ+ဓိ။** ။အမောဟနှင့် ဝီမံသာဓိပတိ။

ဟေတုနဲ့အဓိပတိ သဘာဂဖြစ်တဲ့တရားဟာ ဟေတုမှအမောဟနှင့် အဓိပတိမှ ဝီမံသာဓိပတိတို့ ဖြစ်ပါတယ်၊ တရားကိုယ်က ပညာချည်းပါပဲ၊ ဒါပေမယ့် ဝီမံသာဓိပတိက တိဟိတ်ဇောမှာသာ ယှဉ်တဲ့အတွက် အရနည်းတဲ့ ဝီမံသာဓိပတိ နာမည်နဲ့ သဘာဂလုပ်ရပါလိမ့်မယ်၊ ဒါက ပစ္စည်းဘက်က နှစ်ဖက်ရပါ။

ပစ္စယုပ္ပန်မှာလဲ အဓိပတိဘက်ကအရနည်းပါတယ်၊ ပဋိသန္ဓေအခါမှာ မဖြစ်တဲ့ အဓိပတိဟာ အဓိပတိတပ်တဲ့ စိတ္တဇရုပ်သာရပါတယ်၊ ပဋိသန္ဓေကမ္မဇရုပ်မရဘူး၊ ဒါ့ကြောင့် အရနည်းတဲ့ အဓိပတိဘက်လိုက်ပြီး သဘာဂလုပ်ရမယ်၊ ကိုင်း--- သဘာဂလုပ်ကြရအောင်။

ဟေတုမှု အဓိပတိသဘာဂ၌– သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဝီမံသာဓိပတိ။ ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ။

ဒီမှာ ပစ္စည်းတရားဖြစ်တဲ့ ဝီမံသာဓိပတိက အကုသိုလ်မှာမယှဉ်တဲ့အတွက် အကုပဒသုံးချက်မရဘူး၊ ဒါ့ကြောင့် သင်္ချာစတ္တာရိသာ ရတော့တယ်။ [ကု–ကု၊ ကု–ဗျာ၊ ကု–ကုဗျာ၊ ဗျာ–ဗျာ။]

**၂။ ဟေ+ဣံ။** ။အမောဟနှင့် ပညိန္ဒြေ။

ဟေတုနဲ့ဣန္ဒြိယတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြုပါ၊ သူတို့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

ဟေတုမူ ဣန္ဒြိယသဘာဂ၌– သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော အမောဟ။ ဟေတုပစ္စယာ ဣန္ဒြိယေ စတ္တာရိ။ [တရားကိုယ် အမောဟ၊ အကုပဒသုံးချက်မရဘူး၊ နားလည်လောက်ပါတယ်။]

**၃။ ဟေတု+မဂ်။** ။အမောဟနှင့် ပညာ။

ဟေတုနဲ့မဂ္ဂတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြုပါ၊ သူတို့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

http://www.dhammadownload.com



ဟေတုမူ မဂ္ဂသဘာဂဍ္ဍ–သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော အမောဟ။ ဟေတုပစ္စယာ မဂ္ဂေ စတ္တာရိ။

**၄။ ဟေတု+အညွ။** ။ဟိတ် ၆–ပါးလုံး။

ဟေတုကို သဟလတ် ၄–ပစ္စည်းနဲ့ အစဉ်အတိုင်း သဘာဂလုပ်ကြရဦးမယ်၊ ဝိပါကမှတစ်ပါး သဟလတ် ၃–ပစ္စည်းဟာ သဟယ် ၇–ပစ္စည်းထက် ပစ္စည်း ဘက်က အရများတယ်၊ ပစ္စယုပ္ပန်ဘက်က အရနည်းတယ်၊ ဒါကို သဘောပေါက် အောင် သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ကြည့်ပါ၊ အာရုံပြုပါ၊ ကဲ---ဒါဖြင့် ဟေတုနဲ့ အညရဲ့ သုဒ္ဓသင်္ချာကို အာရုံပြု၊ သူတို့နှစ်ဖက်ရဆွဲထုတ်ပြီး သဘာဂလုပ်ကြ ရအောင်။

ဟေတုမူ အညသဘာဂဍ္ဍ–သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော ဟိတ် ၆–ပါး။ ဟေတုပစ္စယာ အညမညေ တီဏိ။

ဒီမှာ အညသုဒ္ဓသင်္ချာ သုံးပိုဒ်ရှိတဲ့အနက် ပထမပိုဒ်နှင့်သာ သဘာဂလုပ်နိုင် ပါတယ်၊ ဒီပထမပိုဒ်မှာလဲ အညဘက်က ရုပ်နဲ့ပတ်သက်လို့ ပဋိသန္ဓေကမ္မဇရုပ်ထဲက ဟဒယဝတ္ထုတစ်ခုသာ ရပါတယ်၊ ဒါ့ကြောင့် အရနည်းတဲ့ အညဘက်ကိုလိုက်ရ မယ်၊ အညရဲ့ ၃ , တအပိုဒ်များကိုတော့ ဟေတုကမလိုက်နိုင်ဘူး၊ သင်္ချာတီဏိက အညရဲ့သင်္ချာပါပဲ။

**၅။ ဟေတု+ဝိပါက။** ။ဝိပါက်ဟိတ် ၃–ပါး။

ဟေတုနဲ့ဝိပါကတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြု၊ သူတို့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

ဟေတုမူ ဝိပါကသဘာဂဍ္ဍ–သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်ဟိတ် ၃–ပါး။ ဟေတုပစ္စယာ ဝိပါကေ ဧကံ။

**၆။ ဟေတု+သမ္ပယုတ္တ။** ။ဟိတ် ၆–ပါးလုံး။

ဟေတုနဲ့သမ္ပယုတ္တတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြု၊ သူတို့နှစ်ဖက်ရကို ဆွဲ ထုတ်ပြီး သဘာဂလုပ်ကြရအောင်။

ဟေတုမူ သမ္ပယုတ္တသဘာဂဍ္ဍ–သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဟိတ် ၆–ပါး။ ဟေတုပစ္စယာ သမ္ပယုတ္တေ တီဏိ။

**၇။ ဟေတု+ဝိပ္ပယုတ္တ။** ။ဟိတ် ၆–ပါးလုံး။

ဟေတုနဲ့ဝိပ္ပယုတ္တတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြု၊ သူတို့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

http://www.dhammadownload.com



ဟေတုမှု ဝိပ္ပယုတ္တသဘာဂ၌–သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အား x တပ်သော ဟိတ် ၆–ပါး။ ဟေတုပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

**၈–၁၁။ ဟေတု+သဟကြီး–၄။** ။ဟိတ် ၆–ပါးလုံး။

ဟေတုကို သဟကြီး ၄–ပစ္စည်းနဲ့ သဘာဂလုပ်က ဟေတုသုဒ္ဓသချ်ာကို အပြည့်အစုံ ဆိုလိုက်လျှင် ကိစ္စပြီးတာပါပဲ၊ သဟမျိုးမှာဖြင့် သဟကြီး ၄–ပစ္စည်းဟာ ငယ်, လတ်တို့ထက် ပစ္စည်းပစ္စယုပ္ပန်တရားရ သာပါတယ်၊ အားလုံးအပေါ် လွှမ်းနေပါတယ်။ ဟေတုပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

ကဲ– အခု ဟေတုမှုပြီးသွားပါပြီ၊ နောင်လာမယ့် အဓိပတိအစရှိတဲ့ သဟငယ် ၆–ပါးကို သဟလတ် ၄–ခုနဲ့ သဘာဂလုပ်တဲ့အခါမှာ အခုပြခဲ့တဲ့ ဟေတုမှု အတိုင်းပဲဆိုတာ နားလည်ထားခဲ့စေချင်ပါတယ်၊ သဟကြီး ၄–ခုနဲ့ကတော့ ပြောစရာတောင် မလိုတော့ပါဘူး၊ မှုဖြစ်တဲ့ သဟငယ်ဘက်ကသာ တရားကိုယ် ပြောင်းလဲသွားတာပဲ ရှိပါတယ်။

**(၂) အဓိပတိ။** ။ဟေ, ဟာ, ဏ္ဏံ, မဂ်, လတ်ကြီး ၈=၁၂။

ကဲ– အဓိပတိကိုမှုထားပြီး သဘာဂလုပ်ပုံကို စဉ်းစားကြရမယ်၊ အဓိပတိရဲ့ သဘာဂပစ္စည်းရေဟာ ၁၂–ပါးရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ ကိုင်း—တစ်ခု ချင်း သဘာဂလုပ်ကြရအောင်။

**၁။ ဓိ+ဟေ။** ။ဝီမံသာဓိပတိနှင့် အမောဟ။

ဒီသဘာဂမှာ ဟေတုမှုတုန်းကနဲ့ အတူတူပါပဲ၊ မူလ–မူလီ ရှေ့နောက်ပြန် ထားတာပဲထူးပါတယ်၊ အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ။

**၂။ ဓိ+ဟာ။** ။စိတ္တာဓိပတိနှင့် ဝိညာဉ်။

အဓိပတိနဲ့ အာဟာရတို့ရဲ့ သုဒ္ဓသချ်ာကို အာရုံပြု၊ သူတို့နှစ်ဖက်ရကို ဆွဲ ထုတ်ပြီး သဘာဂလုပ်ကြရအောင်။

အဓိပတိမှု အာဟာရသဘာဂ၌– သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော စိတ္တာဓိပတိ။ အဓိပတိပစ္စယာ အာဟာရေ သတ္တ။ [ဝီမံသာဓိပတိမှ တစ်ပါး ကျန်အဓိပတိ ၃–ပါးမှာ အကုသိုလ်ယှဉ်ပါတယ်၊ ဒါ့ကြောင့် သချ်ာ ၇– ချက်လုံး ရပါတယ်။]

**၃။ ဓိ+ဏ္ဏံ။** ။ဝီရိယ စိတ္တ ဝီမံသာဓိပတိတို့နှင့် ဝီရိယိန္ဒြေ မနိန္ဒြေ ပညိန္ဒြေ။

http://www.dhammadownload.com



အဓိပတိနဲ့ ဣန္ဒြေတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြုပါ၊ သူတို့ရဲ့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

အဓိပတိမူ ဣန္ဒြိယသဘာဂဒွိ–သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဝီရိယ စိတ္တ ဝီမံသအားဖြင့် အဓိပတိတရားကိုယ် ၃–ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ ဣန္ဒြိယေ သတ္တ။

**၄။ ဓိ+မဂ်။** ။ဝီရိယ ဝီမံသာဓိပတိတို့နှင့် ဝီရိယ ပညာ။

အဓိပတိနဲ့ မဂ္ဂတို့ရဲ့ သုဒ္ဓသင်္ချာကို အာရုံပြုပါ၊ သူတို့ရဲ့နှစ်ဖက်ရကို ဆွဲထုတ်ပြီး သဘာဂလုပ်ကြရအောင်။

အဓိပတိမူ မဂ္ဂသဘာဂဒွိ–သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဝီရိယ ဝီမံသအားဖြင့် အဓိပတိတရားကိုယ် နှစ်ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ မဂ္ဂေ သတ္တ။

**၅–၈။ ဓိ+အည, ဝိ, သံ, ဝိပ်။** ။အဓိပတိတရားကိုယ် ၄–ပါး။

သဟာလတ် ၄–ခုမူလီကို တစ်ခါတည်းသာ ပြိုကြည့်လိုက်ပေတော့။

အဓိပတိမူ အညသဘာဂဒွိ – သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော အဓိပတိတရားကိုယ် ၃–ပါး၄–ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ အညမညေ တီဏိ။ [အဓိပတိက ပဋိသန္ဓေအခါမရလို့ ပစ္စယုပ္ပန်ဘက်မှာ ဟဒယဝတ္ထု မပါနိုင်တော့ပါဘူး။]

ဝိပါကသဘာဂဒွိ– သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဖိုလ်လေးခုဒွိရှိသော အဓိပတိတရားကိုယ် ၄–ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ ဝိပါကေ ဧကံ။

ဒီမှာ တစ်ခုသတိပြုဖို့က အဓိပတိက ဒွိဟိတ်ဇော တိဟိတ်ဇောမှာသာ ယှဉ်ပါတယ်၊ ဝိပါက်စိတ်က ဇောမထိုက်ဘူး၊ ဖိုလ်စိတ်ကို ဝိပါက်လို့ဆိုသော်လည်း ဖိုလ်စိတ်က ဇောကိစ္စတပ်ပါတယ်၊ ဒါ့ကြောင့် "ဖိုလ်၄–ခုဒွိရှိသော ဓိ–၄ပါးတို့တွင် တစ်ပါးပါး"လို့ ဆိုရပါတယ်။

သမ္ပယုတ္တသဘာဂဒွိ–သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဓိ–၃ပါး ၄ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တသဘာဂဒွိ– သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဓိ–၃ပါး၄ပါးတို့တွင် တစ်ပါးပါး။ အဓိပတိပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

http://www.dhammadownload.com



**၉-၁၂။ ဓိ+သဟကြီး-၄။** ။အဓိပတိတရားကိုယ် ၄-ပါး။

သဟာဓိသုဒ္ဓသင်္ချာကို အပြည့်အစုံဆိုပါ။ အဓိပတိပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

**(၃) ကမ္မ။** ။ဟာ+လတ်ကြီး ၈=၉။

ကဲ-ကမ္မကိုမူထားပြီး သဘာဂဖြစ်ပုံကို စဉ်းစားကြရမယ်၊ ကမ္မရဲ့သဘာဂ ပစ္စည်းရေဟာ ၉-ခုရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ ကိုင်း--- တစ်ခုချင်း သဘာဂလုပ်ကြရအောင်။

**၁။ ကံ+ဟာ။** ။စေတနာနှင့် စေတနာ။

ကမ္မမူ အာဟာရသဘာဂ၌-သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာ။ ကမ္မပစ္စယာ အာဟာရေ သတ္တ။

**၂-၅။ ကံ+အည, ဝိ, သံ, ဝိပ်။** ။စေတနာ။

ဒီမှာလဲ သဟလတ် ၄-ခု မူလီကို တစ်ခါတည်းပဲ ပြိုကြည့်ကြရမယ်။

ကမ္မမူ အညမညသဘာဂ၌-သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော စိတ် ၈၉-၌ရှိသော စေတနာ။ ကမ္မပစ္စယာ အညမညေ တီဏိ။

ဝိပါကသဘာဂ၌- သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်၌ရှိသော စေတနာ။ ကမ္မပစ္စယာ ဝိပါကေ ဓေ။

သမ္ပယုတ္တသဘာဂ၌- သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ ကမ္မပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တသဘာဂ၌- စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော စေတနာ။ ကမ္မပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

**၆-၉။ ကံ+သဟကြီး-၄။** ။စေတနာ။

သဟကမ္မသုဒ္ဓသင်္ချာကို အပြည့်အစုံဆိုပါ။ ကမ္မပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

**(၄) အာဟာရ။** ။ဓိ+ကံ+ဣံ+လတ်ကြီး ၈=၁၁။

ကဲ-အာဟာရကိုမူတည်ပြီး သဘာဂဖြစ်ပုံကို စဉ်းစားကြမယ်၊ အာဟာရရဲ့ သဘာဂပစ္စည်းရေဟာ ၁၁-ခုရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ ကိုင်း---တစ်ခုချင်း သဘာဂလုပ်ကြရအောင်။

http://www.dhammadownload.com



**၁။ ဟာ+ဓိ။** ။ဝိညာဉ်နှင့် စိတ္တာဓိပတိ။
အဓိပတိမူအတိုင်း သဘာဂလုပ်ပါ။

**၂။ ဟာ+ကံ ။** ။စေတနာနှင့် စေတနာ။
ကမ္မမူအတိုင်း သဘာဂလုပ်ပါ။

**၃။ ဟာ+ဣံ။** ။ဝိညာဉ်နှင့် မနိန္ဒြေ။
အာဟာရမူ ဣန္ဒြိယသဘာဂဒ္ဒ– သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော ဝိညာဏာဟာရ။ အာဟာရပစ္စယာ ဣန္ဒြိယေ သတ္တ။

**၄–၇။ ဟာ+လတ်–၄။** ။နာမ်အာဟာရတရားကိုယ် ၃–ပါး။
ဒီမှာလဲ သဟလတ် ၄–ခုမူလီကို တစ်ခါတည်းပဲ ပြိုကြည့်ကြရမယ်။

အာဟာရမူ အညသဘာဂဒ္ဒ– သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော နာမ်အာဟာရတရားကိုယ် ၃–ပါး။ အာဟာရပစ္စယာ အညမညေ တီဏိ။

ဝိပါကသဘာဂဒ္ဒ– သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်ဒ္ဒရှိသော နာမ်အာဟာရတရားကိုယ် ၃–ပါး။ အာဟာရပစ္စယာ ဝိပါကေ ဧကံ။

သမ္ပယုတ္တသဘာဂဒ္ဒ– သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော နာမ်အာဟာရ တရားကိုယ် ၃–ပါး။ အာဟာရပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တသဘာဂဒ္ဒ– စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော နာမ် အာဟာရတရားကိုယ် ၃–ပါး။ အာဟာရပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

**၈–၁၁။ ဟာ+သဟကြီး–၄။** ။နာမ်အာဟာရတရားကိုယ်။
နာမ်အာဟာရသုဒ္ဓသင်္ချာကို အပြည့်အစုံဆိုပါ။ အာဟာရပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

**(၅) ဣန္ဒြိယ။** ။ဟေ+ဓိ+ဟာ+ဈာ+မဂ်+လတ်ကြီး ၈=၁၃။
ကဲ–ဣန္ဒြိယကိုမူထားပြီး သဘာဂလုပ်ပုံကို စဉ်းစားကြမယ်၊ ဣန္ဒြိယရဲ့ သဘာဂပစ္စည်းရေဟာ ၁၃–ခုရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ ကိုင်း---သဘာဂ လုပ်ကြရအောင်။

**၁။ ဣံ+ဟေ။** ။ပညိန္ဒြေနဲ့ အမောဟ။
ဟေတုမူအတိုင်း သဘာဂလုပ်ပါ။

http://www.dhammadownload.com



၂။ ကွံ + မိ။ ။ဝီရိယိန္ဒြေ မနိန္ဒြေ ပညိန္ဒြေတို့နှင့် ဝီရိယ စိတ္တ ဝီမံသာ မိပတိ

အဓိပတိမူအတိုင်း သဘာဂလုပ်ပါ။

၃။ ကွံ + ဟာ။ ။မနိန္ဒြေနှင့် ဝိညာဏာဟာရ။

အာဟာရမူအတိုင်း သဘာဂလုပ်ပါ။

၄။ ကွံ + ဈာ။ ။ဝေဒနာ ဧကဂ္ဂတာနှင့် ဝေဒနာ ဧကဂ္ဂတာ။

ကွန္ဒြိယမူ ဈာနသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော ဝေဒနာ ဧကဂ္ဂတာ။ ကွန္ဒြိယပစ္စယာ ဈာနေ သတ္တ။

၅။ ကွံ + မဂ်။ ။ဝီရိယ သတိ ဧကဂ္ဂတာ ပညာ = အချင်းချင်း။

ကွန္ဒြိယမူ မဂ္ဂသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိ သန္ဓေကမ္မဇရုပ်အား x တပ်သော ဝီရိယ သတိ ဧကဂ္ဂတာ ပညာ။ ကွန္ဒြိယပစ္စယာ မဂ္ဂေ သတ္တ။

၆–၉။ ကွံ + သဟလတ်–၄။ ။နာမ်ကွန္ဒြေတရားကိုယ် ၈–ပါး။

ကွန္ဒြိယမူ အညမညသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ် သော နာမ်ကွန္ဒြေတရားကိုယ် ၈–ပါး။ ကွန္ဒြိယပစ္စယာ အညမညေ တီဏိ။

ဝိပါကသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်၌ရှိသော နာမ်ကွန္ဒြေတရားကိုယ် ၈–ပါး။ ကွန္ဒြိယပစ္စယာ ဝိပါကေ ဧကံ။

သမ္ပယုတ္တသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော နာမ်ကွန္ဒြေ တရားကိုယ် ၈–ပါး။ ကွန္ဒြိယပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တသဘာဂ၌–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော နာမ် ကွန္ဒြေတရားကိုယ် ၈–ပါး။ ကွန္ဒြိယပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

၁၀–၁၃။ ကွံ + သဟကြီး–၄။ ။နာမ်ကွန္ဒြေတရားကိုယ် ၈–ပါး။

နာမ်ကွန္ဒြေ သုဒ္ဓသချာကို အပြည့်အစုံဆိုပါ။ ကွန္ဒြိယပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

(၆) ဈာန။ ။ကွံ + မဂ် + လတ်ကြီး ၈ = ၁၀။

ကဲ–ဈာနကိုမူထားပြီး သဘာဂဖြစ်ပုံကို စဉ်းစားကြမယ်၊ ဈာနရဲ့ သဘာဂ ပစ္စည်းရေဟာ ၁၀–ခုရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ ကိုင်း --- တစ်ခုချင်း သဘာဂလုပ်ကြရအောင်။

http://www.dhammadownload.com



**၁။ ဈာ + ဣ။** ။ဝေဒနာ, ဧကဂ္ဂတာ=အချင်းချင်း။
ဣန္ဒြိယမူအတိုင်း သဘာဂလုပ်ပါ။

**၂။ ဈာ + မဂ်။** ။ဝိတက်, ဧကဂ္ဂတာ = အချင်းချင်း။
ဈာနမူ မဂ္ဂသဘာဂ၌ – သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိတက် ဧကဂ္ဂတာ။ ဈာနပစ္စယာ မဂ္ဂေ သတ္တ။

**၃–၆။ ဈာ + သဟလတ်–၄။** ။ဈာနင်တရားကိုယ် ၅–ပါး။
ဈာနမူ အညမညသဘာဂ၌ – သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော ဈာနင်တရားကိုယ် ၅–ပါး။ ဈာနပစ္စယာ အညမညေ တီဏိ။
ဝိပါကသဘာဂ၌ – သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်၌ရှိသော ဈာနင် ၅–ပါး။ ဈာနပစ္စယာ ဝိပါကေ ဧကံ။
သမ္ပယုတ္တသဘာဂ၌ – သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဈာနင် ၅–ပါး။ ဈာနပစ္စယာ သမ္ပယုတ္တေ တီဏိ။
ဝိပ္ပယုတ္တသဘာဂ၌ – စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဈာနင် ၅–ပါး။ ဈာနပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

**၇–၁၀။ ဈာ + သဟကြီး–၄။** ။ဈာနင်တရားကိုယ် ၅–ပါး။
ဈာနသုဒ္ဓသင်္ချာကို အပြည့်အစုံဆိုပါ။ ဈာနပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

### (၇) မဂ္ဂ။ ။ဟေ + ဓိ + ဣ + ဈာ + လတ်ကြီး ၈ = ၁၂။

ကဲ–သဟယော်ထဲမှာ နောက်ဆုံးဖြစ်တဲ့ မဂ္ဂကိုမူထားပြီး သဘာဂဖြစ်ပုံကို စဉ်းစားကြမယ်၊ မဂ္ဂရဲ့ သဘာဂပစ္စည်းရေဟာ ၁၂–ခုရှိတယ်ဆိုတာ သိပြီးဖြစ်နေပါပြီ၊ အခု သဘာဂလုပ်မဲ့ ဟေ, ဓိ, ဣ, ဈာတို့ဟာ သူတို့ကိုယ်တိုင်မူတုန်းက သဘာဂလုပ်ခဲ့ပြီးဖြစ်ပါတယ်၊ ဒါကိုလဲ နားလည်ပြီးဖြစ်ပါလိမ့်မယ်၊ ကိုင်း ---တစ်ခုချင်း သဘာဂလုပ်ကြစို့။

**၁။ မဂ် + ဟေ။** ။ပညာနဲ့ အမောဟ။
ဟေတုမူအတိုင်း သဘာဂလုပ်ပါ။

**၂။ မဂ် + ဓိ။** ။ဝီရိယ, ပညာနှင့် ဝီရိယ, ဝီမံသာဓိပတိ။
အဓိပတိမူအတိုင်း သဘာဂလုပ်ပါ။

http://www.dhammadownload.com



**၃။ မဂ်+ဣန္ဒြေ။** ။ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ=အချင်းချင်း။
ဣန္ဒြိယမူအတိုင်း သဘာဂလုပ်ပါ။

**၄။ မဂ်+ဈာန။** ။ ဝိတက်, ဧကဂ္ဂတာ=အချင်းချင်း။
ဈာနမူအတိုင်း သဘာဂလုပ်ပါ။

**၅–၈။ မဂ်+သဟလတ်–၄။** ။မဂ္ဂင်တရားကိုယ် ၉(၈)ပါး။

မဂ္ဂမူ အညမညသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော မဂ္ဂင်တရားကိုယ် ၉–ပါး။ မဂ္ဂပစ္စယာ အညမညေ တီဏိ။

ဝိပါကသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်၌ရှိသော မဂ္ဂင် ၈–ပါး။ မဂ္ဂပစ္စယာ ဝိပါကေ ဧကံ။ [ဒီမှာ ဒိဋ္ဌိက (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်မှာသာယှဉ်ပြီး) ဝိပါက်စိတ်မှာ မယှဉ်တဲ့အတွက် မဂ္ဂင် ၈–ပါးသာရပါတယ်၊ ၉–ပါးလုံး မရပါဘူး။]

သမ္ပယုတ္တသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော မဂ္ဂင် ၉–ပါး။ မဂ္ဂပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တသဘာဂ၌–သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော မဂ္ဂင်တရားကိုယ် ၉–ပါး။ မဂ္ဂပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

**၉–၁၂။ မဂ်+သဟကြီး–၄။** ။မဂ္ဂင်တရားကိုယ် ၉–ပါး။

မဂ္ဂသုဒ္ဓသချာကို အပြည့်အစုံဆိုပါ။ မဂ္ဂပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

**အချုပ်။** ။ဒါဟာ ဟေတုစတဲ့ သဟငယ် ၇–ပစ္စည်းတို့ရဲ့ သဘာဂပါပဲ၊ သဘာဂလုပ်မဲ့ ပစ္စည်းနှစ်ခုတို့ရဲ့ နှစ်ဖက်ရပစ္စည်း ပစ္စယုပ္ပန်ကို ညှိတတ်ဆွဲထုတ်တတ်လျှင် သဘာဂဟာ ခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး ယူဆတတ် ချိန်ဆတတ်တဲ့ ဉာဏ်ပဲ လိုပါတယ်။

သဟငယ် ၇–ပစ္စည်းကို သဟလတ် ၄–ပစ္စည်းနဲ့ သဘာဂလုပ်ရာမှာ ခြုံပြီး ပြောချင်သေးတယ်၊ ကိုင်း---နားထောင်။

၁။ သဟငယ် ၇–ပါးမူ အညမညသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, ဟဒယဝတ္ထုအား x တပ်သော ဟိတ် ၆–ပါး၊ ဓိ–၃ပါး ၄ပါးတို့တွင် တစ်ပါးပါး၊ စေတနာ၊ နာမ်အာဟာရ ၃ပါး၊ နာမ်ဣန္ဒြေ ၈ပါး၊ ဈာနင် ၅ပါး၊ မဂ္ဂင် ၉ပါး။ [ပဋိသန္ဓေအခါမှာမရတဲ့ အဓိပတိမှာ ဟဒယဝတ္ထုကို မထည့်ပါနဲ့။]

၂။ သဟငယ် ၇–ပါးမူ ဝိပါကသဘာဂ၌–သမ္ပယုတ္တက္ခန္ဓာ, (သဟိတ်) စိတ္တဇရုပ် (သဟိတ်)ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝိပါက်ဟိတ် ၃ပါး၊

http://www.dhammadownload.com



ဖိုလ်၄ခု၌ရှိသော ခိ–၄ပါးတို့တွင် တစ်ပါးပါး၊ ဝိပါက်၌ရှိသော စေတနာ၊ နာမ် အာဟာရ ၃ပါး၊ နာမ်ဣန္ဒြေ ၈ပါး၊ ဈာနင် ၅ပါး၊ မဂ္ဂင် ၈ပါး။ [အဟိတ်နဲ့မယှဉ်တဲ့ ဟေတုနဲ့အဓိပတိမှာ သဟိတ်ရုပ်များကိုသာ ရပါတယ်၊ အဓိပတိမှာ ရုပ်အတွက် သာဓိပတိစိတ္တဇရုပ်သာ ရပါတယ်။]

၃။ သဟာယ် ၇–ပါးမှ သမ္ပယုတ္တသဘာဂ၌– သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဟိတ် ၆ပါး၊ ခိ–၃, ၄၊ စေတနာ၊ နာမ်အာဟာရ ၃ပါး၊ နာမ်ဣန္ဒြေ ၈ပါး၊ ဈာနင် ၅ပါး၊ မဂ္ဂင် ၉ပါး။

၄။ သဟာယ် ၇–ပါးမှ ဝိပ္ပယုတ္တသဘာဂ၌– (သဟိတ်) စိတ္တဇရုပ် (သဟိတ်) ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆ပါး၊ ခိ–၃, ၄၊ နာမ်အာဟာရ ၃ပါး၊ နာမ်ဣန္ဒြေ ၈ပါး၊ ဈာနင် ၅ပါး၊ မဂ္ဂင် ၉ပါး။ [ဟေတု, အဓိပတိအတွက် အထက်က သမ္ပယုတ္တမှာ ညွှန်ကြားတဲ့အတိုင်း မှတ်ယူရမယ်။]

ဒါဟာ သဟာယ် ၇–ပစ္စည်းကို သဟလတ် ၄–ပစ္စည်းနဲ့ ခြုံပြီးပြောခြင်းပါပဲ၊ သဟကြီး ၄–ခုနဲ့ကတော့ အထူးပြောစရာမလိုတော့အောင် ရှင်းပါတယ်၊ သဟာယ် ၇–ပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို အသီးသီး အပြည့်အစုံဆိုပြီး သဘာဂလုပ်လိုက်လျှင် ကိစ္စပြီးတာပါပဲ၊ အဲဒီတော့ သဟာယ်ပြီးပါပြီ၊ သဟလတ်သွားကြစို့။

\+ + + + +

## သဟလတ် သဘာဂ

အခု သဟလတ် ၄–ပစ္စည်းရဲ့သဘာဂကို ပြောပါမယ်၊ သုဒ္ဓသင်္ချာကို စိတ်ထဲ ထင်မြင်နေအောင် အာရုံပြုထားပါ၊ သုဒ္ဓသင်္ချာကို လွှတ်ပစ်လို့မရဘူး၊ ရှုပ်ထွေး ထူထပ် အသွားကပ်တဲ့ သင်္ချာဝါရတောအုပ်ကြီးထဲ ရောက်နေတဲ့အခါမှာ သုဒ္ဓ သင်္ချာဟာ မိမိရဲ့ လက်ကသုံး တောင်ဝှေးပါပဲ။

ဒီသဟလတ်မှာ သိထားနှင့်ဖို့က သဟာယ် ၇–ပစ္စည်းကို မူလီသွတ်ပြီး သဘာဂလုပ်လျှင် သဟာယ်မူတုန်းကအတိုင်းဆိုတာပါပဲ၊ နောက်တစ်ခုက သဟကြီး ၄–ပစ္စည်းကို မူလီသွတ်လျှင် သဟလတ်သုဒ္ဓသင်္ချာများကို အပြည့်အစုံ ဆိုရမှာကိုလဲ သဘောပေါက်ရမယ်၊ သုဒ္ဓသင်္ချာဆိုတဲ့ လက်ကသုံးတောင်ဝှေးကို ကိုင်ထားလျှင် မခက်ခဲတဲ့အတွက် သဘောပေါက်လောက်ပါတယ်၊ ဒါ့ကြောင့် သဟလတ်အချင်းချင်း သဘာဂဖြစ်ပုံကိုသာ ပြောပါမယ်။

http://www.dhammadownload.com



**(၁) အညမည။** ။ဝိ + သံ + ဝိပ် + ငယ် ကြီး ၁၁ = ၁၄။

၁။ အညမညမှ ဝိပါကသဘာဂ၌– အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ, ဟဒယဝတ္ထုအားလည်းကောင်း x တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဟဒယဝတ္ထုအား x တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ။ အညမညပစ္စယာ ဝိပါကေ ဧကံ။

၂။ အညမညမှ သမ္ပယုတ္တသဘာဂ၌– အချင်းချင်းအား x တပ်သော အလုံး စုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အညမညပစ္စယာ သမ္ပယုတ္တေ တီဏိ။

၃။ အညမညမှ ဝိပ္ပယုတ္တသဘာဂ၌–အချင်းချင်းအား x တပ်သော ပဥ္စဝေါ ကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု။ အညမညပစ္စယာ ဝိပ္ပယုတ္တေ ဧကံ။

**(၂) ဝိပါက။** ။အည + သံ + ဝိပ် + ငယ် ကြီး ၁၁ = ၁၄။

၁။ ဝိ + အည။ ။ခုနက အညမှုအတိုင်းဆိုပါ။

၂။ ဝိ+သံ။ ဝိပါကမှု သမ္ပယုတ္တသဘာဂ၌– အချင်းချင်းအား x တပ်သော အလုံး စုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဝိပါကပစ္စယာ သမ္ပယုတ္တေ ဧကံ။

၃။ ဝိ+ဝိပ်။ ဝိပါကမှု ဝိပ္ပယုတ္တသဘာဂ၌– စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အား x တပ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်၄–ခု ဒွေးပဥ္စဝိညာဉ် တစ်ဆယ် ရဟန္တာ၁တို့စုတိကြဉ်သော ဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဟဒယဝတ္ထုအား x တပ်သော ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ။ ဝိပါကပစ္စယာ ဝိပ္ပယုတ္တေ ဧကံ။

**(၃) သမ္ပယုတ္တ။** ။အည + ဝိ + ငယ် ကြီး ၁၁ = ၁၃။

**(၄) ဝိပ္ပယုတ္တ။** ။အည + ဝိ + ငယ် ကြီး ၁၁ = ၁၃။

သမ္ပယုတ္တနဲ့ဝိပ္ပယုတ္တဟာ အချင်းချင်း သဘာဂမဖြစ်ပါဘူး၊ ဝိသဘာဂတွေ ဖြစ်တယ်၊ ဒါ့ကြောင့် အထက်မှာပြထားတဲ့ သဘာဂပစ္စည်းရေမှာ တစ်ပစ္စည်းစီ လျော့နေတာတွေ့ရလိမ့်မယ်၊ အညနဲ့ဝိပါကကို မူလီသွတ် သဘာဂလုပ်လျှင် အညနဲ့ဝိပါကမှုတုန်းကအတိုင်းပါပဲ၊ ဒါဟာ သဟလတ်သဘာဂဖြစ်ပါတယ်။

\+ + + + +

http://www.dhammadownload.com



## သဟကြီးသဘာဂ

သဟကြီးသဘာဂအတွက်ကတော့ အထူးပြောစရာတောင် မလိုတော့ သလောက်ပါပဲ၊ ဒါပေမဲ့ ညွှန်ကြားသတ်မှတ်ချက်ကလေးကိုတော့ ပြောလိုက်ပါဦးမယ်၊ သဘာဝအယူအဆနဲ့ အလုပ်လုပ်တဲ့အခါမှာ သဘာဝသတ်မှတ်ချက်ကလေးတွေကို မှတ်သားထားဖို့လိုပါတယ်၊ ကိုင်း---နားထောင်။

၁။ သဟကြီး ၄–ခုကို သဟငယ် ၇–ခုနှင့် သဘာဂလုပ်ပါက သဟငယ် သုဒ္ဓသင်္ချာကိုဆိုပါ။

၂။ သဟလတ် ၄–ခုနှင့် သဘာဂလုပ်ပါက သဟလတ်သုဒ္ဓသင်္ချာကိုဆိုပါ။

၃။ သဟကြီးအချင်းချင်း သဘာဂလုပ်ပါက သဟကြီးသုဒ္ဓသင်္ချာကိုဆိုပါ။

သဟကြီး ၄–ပစ္စည်းဟာ သဘာဂပစ္စည်းရေ ၁၄–ပစ္စည်းစီ ရှိကြပါတယ်။ ကိုင်း--- သဟမျိုးသဘာဂကို နားလည်အောင် အပြည့်အစုံ ညွှန်ကြားပို့ချလို့ပြီးပါပြီ။ အနန္တရမျိုး သွားကြစို့။

\+ + + + +

## (ဂ) အနန္တရမျိုး သဘာဂ

ကဲ–အနန္တရမျိုးရောက်လာပြီ အနန္တရမျိုး သုဒ္ဓသင်္ချာကို အာရုံပြု၊ အနန္တရမျိုးမှာ သုဒ္ဓသင်္ချာ ၃–အုပ်စုသာရှိပါတယ်၊ ၁–အနံရယ်၊ ၂–အာသေရယ်၊ ၃–အနံကံရယ်၊ ရှေ့ကပြခဲ့တဲ့ အာရမ်မျိုး သဟမျိုးတို့လို မရှုပ်ပါဘူး၊ ရှင်းပါတယ်၊ ဒါဖြင့် သဘာဂလုပ်ကြရအောင်။

**(၁) အနံ။** ။သနံ + ဥပ + နတ္ထိ + ဝိဂတ + အာသေ + ကံ = ၆။

ဒီမှာ အနန္တရမူ၊ မူလီသွတ်သဘာဂလုပ်မဲ့ သမနန္တရစတဲ့ ၆–ပစ္စည်းတို့ရဲ့ သုဒ္ဓသင်္ချာကို အသီးသီးဆိုပြီး သဘာဂလုပ်လိုက်လျှင် ကိစ္စပြီးတာပါပဲ။ အနန္တရပစ္စယာ သမနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဧကံ။

သမနန္တရစတဲ့ ကျန်ခေါင်းဆောင် ၆–ပစ္စည်းကို မူထားလျှင်လဲ ဒီအနန္တရမူ အတိုင်းပါပဲ။

http://www.dhammadownload.com



**(၂) အာသေ။** ။ခေါင်းဆောင် ၅–ပစ္စည်း။

အာသေသုဒ္ဓသင်္ချာကိုဆိုပြီး သဘာဂလုပ်ရုံပါပဲ။ အာသေဝနပစ္စယာ အနန္တရေ, သမနန္တရေ, ဥပနိဿယေ, နတ္ထိယာ, ဝိဂတေ=တီဏိ။

**(၃) အနံကံ။** ။ခေါင်းဆောင် ၅–ပစ္စည်း။

ဒီမှာလဲ အနံကံသုဒ္ဓသင်္ချာကိုဆိုပြီး သဘာဂလုပ်ရုံပါပဲ။ ကမ္မပစ္စယာ အနန္တရေ, သမနန္တရေ, ဥပနိဿယေ, နတ္ထိယာ, ဝိဂတေ=ဧကံ။

ဒီအနန္တရမျိုးမှာ အာသေနဲ့ကမ္မဟာ အချင်းချင်း သဘာဂမဖြစ်ကြဘူး၊ သုဒ္ဓသင်္ချာကိုကြည့်ပါ၊ ပစ္စည်း ပစ္စယုပ္ပန်ချင်း မတူကြဘူး၊ အလွယ်တကူ သိချင်လျှင်တော့ ကု–ကု စတဲ့သင်္ချာချင်း ယှဉ်ကြည့်ပါ၊ ကိုင်း---ဒီလောက်ဆိုလျှင် အနန္တရမျိုးမှာ သဘာဂဖြစ်ပုံကို နားလည်လောက်ပါပြီ၊ ပကတူပမျိုး သွားကြစို့။

+ + + + +

## (ဃ) ပကတူပမျိုး(စသည်) သဘာဂ

ပကတူမျိုးမှာ ဥပနိဿယနှင့်ကမ္မ ၂–ပစ္စည်းသာရှိပါတယ်၊ သုဒ္ဓသင်္ချာမှာလဲ ၂–အုပ်စုပဲ၊ အရနည်းတဲ့ဗလဝကမ္မသုဒ္ဓသင်္ချာကိုဆိုပြီး အပြန်အလှန် သဘာဂလုပ်ရုံပါပဲ။ ဥပနိဿယပစ္စယာ ကမ္မေ ဒွေ၊ ကမ္မပစ္စယာ ဥပနိဿယေ ဒွေ။

### (င) ဝတ္ထုမျိုး

ဝတ္ထုမျိုးမှာ ခေါင်းဆောင် ၅–ပစ္စည်း တစ်အုပ်စုနဲ့ နောက်လိုက် ဣန္ဒြိယပစ္စည်း တစ်အုပ်စု၊ ပေါင်း နှစ်အုပ်စုရှိပါတယ်၊ ခေါင်းဆောင်သုဒ္ဓသင်္ချာကို ဆိုပြီး ခေါင်းဆောင် ၅–ပစ္စည်း အချင်းချင်း သဘာဂလုပ်ပါ။ သင်္ချာ–တီဏိ။

ခေါင်းဆောင် ၅–ပစ္စည်းကို အသီးသီးမူတည်၊ ပုတိ သုဒ္ဓသင်္ချာကိုဆိုပြီး ဣန္ဒြိယကိုမူလီသွတ် သဘာဂလုပ်ပါ။ သင်္ချာ–ဧကံ။

နောက်ပြီးတော့ ဣန္ဒြိယကိုမူတည်၊ ပုတိ သုဒ္ဓသင်္ချာကိုဆိုပြီး ခေါင်းဆောင် ၅–ပစ္စည်းကို တစ်ခုစီမူလီသွတ်သဘာဂလုပ်ပါ။ သင်္ချာ–ဧကံစီ။

### (စ) ပစ္ဆာမျိုး

ပစ္ဆာမျိုးမှာက ရှင်းနေတာပဲ၊ သူ့သုဒ္ဓသင်္ချာဆိုပြီး အချင်းချင်း အပြန်အလှန် မူလ+မူလီ သဘာဂလုပ်ရုံပါပဲ။ သင်္ချာ–တီဏိ။

http://www.dhammadownload.com



### (ဆ) ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး

ဒီနာနာကံမျိုးမှာ ကမ္မတစ်ပစ္စည်းတည်းသာရှိပါတယ်၊ တွဲဖက်ပစ္စည်း မရှိဘူး၊ဒါ့ကြောင့် သဘာဂလုပ်ဖို့ မလိုတော့ဘူး၊ ရေ့သွားကြစို့။

### (ဇ၊ ဈ) ရုပ်ဟာနှင့် ရူပတိ

သုဒ္ဓသင်္ချာကိုကြည့်ပါ၊ ရှင်းနေပါတယ်၊ အပြန်အလှန် သဘာဂလုပ်ပါ။ သင်္ချာ–ဧကံ စီ။

### (ည၊ ဋ၊ ဌ) မိဿက ၃–ခု

မိဿကသုံးခုစလုံးလဲပဲ ရှင်းနေပါတယ်၊ အပြန်အလှန် သဘာဂလုပ်ပါ၊ သင်္ချာ–ဒွေ ချည်းပါပဲ။

ကိုင်း --- မျိုးစဉ်အလိုက် သဘာဂဖြစ်ပုံကို အလုံးစုံပြောပြလို့ ပြီးပါပြီ၊ မျိုးနှစ်မျိုးသုံးမျိုးစသည်မှာ ပါဝင်နေတဲ့ မျိုးယှက်ပစ္စည်းတွေကို ပြောကြဦးစို့။

## မျိုးယှက်ပစ္စည်းများ သဘာဂ

**ဆောင်။** ။ဓိ နိ ဥပ၊ ပု ကမ္မ၊ ဟာရ ဣန္ဒြေ။
ဝိပ် အတ် အ, စွက်၊ ဤဆယ်ချက်၊ မျိုးယှက်ပစ္စည်းတွေ။

မျိုး နှစ်မျိုး သုံးမျိုးစသည်မှာ ပါဝင်တဲ့ပစ္စည်းတွေကို ရှာကြည့်လိုက်တော့ ဓိ နိ ဥ ပု ကံ ဟာ ဣ ဝိပ် အတ် အ–လို့ဆိုတဲ့ ၁၀–ပစ္စည်းကို တွေ့ရပါတယ်၊ ဒါဖြင့် သူတို့ရောယှက်တဲ့မျိုးတွေကို ရှာကြည့်ရအောင်။

(၁) ဓိ။ ။အာဓိ, သဟာဓိ = ၂မျိုး။

(၂) နိ။ ။သဟနိ, ပုရေနိ = ၃မျိုး ။ (ပုရေက အာပု, ဝတ်ပု ၂–ခုမို့ ၃–မျိုးဖြစ်ပါတယ်။)

(၃) ဥ။ ။အာရမ္မဏူ, အနန္တရူ, ပကတူ = ၃မျိုး။

(၄) ပု ။ ။အာပု, ဝတ်ပု = ၂မျိုး။

(၅) ကံ။ ။သဟကံ, နာနာကံ = ၂မျိုး။ [နာနာကံက အနံကံ, ဗလဝကံ, ဗဒုကံ–လို့ ၃မျိုးရှိပါတယ်။]

(၆) ဟာ။ ။နာမ်ဟာ, ရုပ်ဟာ = ၂မျိုး။

(၇) ဣ။ ။သဟတိ, ပုတိ, ရူပတိ = ၃မျိုး။

(၈) ဝိပ်။ ။သဟာဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ် = ၃မျိုး။

http://www.dhammadownload.com



(၉) အတ်။ ။သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပါဟာရတ္ထိ,
ရူပဇီဝိတိန္ဒြိယတ္ထိ = ၅မျိုး။

(၁၀) အ။ ။အတ္ထိနည်းတူ ၅မျိုး။

ပုရေဇာတတ္ထိကို အာရမ္မဏပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ–လို့ နှစ်မျိုး ခွဲယူက အတ္ထိ ၆–မျိုးရှိပါတယ်။ အတ္ထိ ၅မျိုး(၆)မျိုးရှိသလို အဝိဂတလဲ ၅မျိုး (၆)မျိုး ရှိပါတယ်၊ သင်္ဂြိုဟ်ကလဲ ဆိုတယ်မဟုတ်လား –

"သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတမိစ္စယံ။
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ"လို့။

ဒီ မျိုးယှက်ပစ္စည်း ၁၀–ပစ္စည်းထဲက အဓိပတိနဲ့ နိဿယဆိုပါတော့၊ အဓိပတိနဲ့နိဿယဟာ သဟ, အာရမ်နှစ်မျိုးမှာ ပါဝင်နေတယ်၊ ဒါ့ကြောင့် အဓိပတိနဲ့ နိဿယကို သဘာဂလုပ်တဲ့အခါ အဲဒီနှစ်မျိုးလုံးက နှစ်ဖက်ရ ပစ္စည်းပစ္စယုပ္ပန်ကို ဆိုပြီး သဘာဂလုပ်ရမယ်၊ ဒီလို မျိုးတွဲတဲ့အခါမှာ သဟမျိုးကို အရင်ဆိုရမယ်၊ သဟမျိုးကို ဦးစားပေးရမယ်၊ ပြီးမှ အာရမ်မျိုးစသည်ကို ဆိုရတယ်၊ ကိုင်း--- နားထောင်။

အဓိပတိမူ နိဿယသဘာဂဋ္ဌ–အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း၊ အလုံးစုံသော ဝတ္ထာဓိပစ္စည်း။ အဓိပတိပစ္စယာ နိဿယေ အဋ္ဌ။

မျိုးယှက်ပစ္စည်းတွေရဲ့သဘောဟာ ဒီသဘောရှိပါတယ်၊ သဘာဂလုပ်မဲ့ မျိုးယှက်နှစ်ပစ္စည်းဟာ မျိုးနှစ်မျိုးမှာ, သို့မဟုတ် သုံးမျိုးစသည်မှာ ဒီလိုပါဝင်နေမယ်ဆိုလျှင် ပါဝင်သမျှမျိုးတွေမှ နှစ်ဖက်ရတရားများကို ကုန်စင်အောင်ထုတ်ပြီး သဘာဂလုပ်ရပါတယ်၊ ပြီးမှ အဂ္ဂဟိတဂ္ဂဟဏ(မယူရသေးသည်ကိုသာ ယူတဲ့နည်း၊ ယူပြီးသားကို မယူတော့တဲ့)နည်းအားဖြင့် သချာတပ်ယူရပါတယ်။

နောက်ဆုံး အတ္ထိနဲ့အဝိဂတကို ပြောပါဦးမယ်၊ သူတို့နှစ်ခုဟာ မျိုး ၅မျိုးမှာ ပါဝင်နေတယ်၊ ကဲ–နားထောင်။

အတ္ထိမူ အဝိဂတသဘာဂဋ္ဌ–အလုံးစုံသော သဟဇာတတ္ထိပစ္စည်း၊ အလုံးစုံသော ပုရေဇာတတ္ထိပစ္စည်း၊ အလုံးစုံသော ပစ္ဆာဇာတတ္ထိပစ္စည်း၊ အလုံးစုံသော ရူပါဟာရတ္ထိ ပစ္စည်း၊ အလုံးစုံသော ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း။ အတ္ထိပစ္စယာ အဝိဂတေ တေရသ။ [မိဿကသုံးခုလုံး ရပါတယ်။]

သဟနှင့်ပုရေ, ပစ္ဆာနှင့်ရူပါဟာ, ပစ္ဆာနှင့်ရူပတိ မျိုးများ ရောနှောပါဝင်လာလျှင် မိဿကသချာများကိုပါ ရတယ်ဆိုတာ သတိပြုရမယ်၊ မိဿကသုဒ္ဓသချာများကိုတော့ ဆိုဖို့မလိုပါဘူး၊ အဲဒီတော့– အားလုံးအကုန် ခြုံလိုက်ကြစို့။

http://www.dhammadownload.com



၁။ ဟေ, ဟာ ၂-ပစ္စည်းက သဘာဂ ၁၁-ပစ္စည်းစီ ရှိပါတယ်။
၂။ အာရမ္မဏက ၇-ပစ္စည်း ရှိပါတယ်။
၃။ အဓိပတိက ၁၅-ပစ္စည်း ရှိပါတယ်။
၄။ အာသေက ၅-ပစ္စည်း ရှိပါတယ်။
၅။ အနံ, သနံ, နတ္ထိ, ဝိဂတတို့က ၆-ပစ္စည်းစီ ရှိပါတယ်။
၆။ သဟ, အည, ကံ, ဝိပါ, ဣံ တို့က ၁၄-ပစ္စည်းစီ ရှိပါတယ်။
၇။ နိ, ဝိပ်တို့က ၁၇-ပစ္စည်းစီ ရှိပါတယ်။
၈။ ဈာနက ၁၀-ပစ္စည်းရှိပါတယ်။
၉။ ပုရေက ၈-ပစ္စည်း ရှိပါတယ်။
၁၀။ ပစ္ဆာက ၃-ပစ္စည်း ရှိပါတယ်။
၁၁။ ဥ, သံတို့က ၁၃-ပစ္စည်းစီ ရှိပါတယ်။
၁၂။ မဂ္ဂက ၁၂-ပစ္စည်း ရှိပါတယ်။
၁၃။ အတ္ထိ, အဝိဂတတို့က ၁၈-ပစ္စည်းစီ ရှိပါတယ်။

**ဆောင်**။ ။ကေ် ဒသ်ဟေဟာ၊ သတ်အာ-ပန်ဓိ၊ ဆရှိ နံနံ၊ နတ်ဝိ ကြဲလော၊ စုဒ္ဒံ သဟ၊ အည ကံဝိ၊ ဣံလည်း ထည့်ကြိတ်၊ ဝိပ်နိသ် သတ္တရသ်၊ တေရသ် ဥသံ၊ ပုဋ္ဌ ဈာတိ၊ ပဋ္ဌိ အာသေ၊ မဂ္ဂေ ဒွါဒသ်၊ ဍွာရသ် အတ္ထျာဝိ၊ ဈာနိဒသ၊ ပြိုင်ဖို့ပြသည်၊ ဆိုင်ကြပစ္စယ-သဘာဂ။

\+ + + + +

## သဘာဂနိဂုံး

သဘာဂသဘောဟာ "တစ်ပြိုင်နက် ယထာရဟ"ဖြစ်ပါတယ်၊ နောက်လာမယ့် ဃဋနာရဲ့သဘောက "တစ်ပြိုင်နက်"ဖြစ်ပါတယ်၊ အမှန်ကတော့ အားလုံး ဆက်စပ်တဲ့အနေနဲ့ပြောလျှင်သာ သဘာဂက တစ်ပြိုင်နက်ယထာရဟ-လို့ ပြောရတာပါ၊ တရားကိုယ်ထုတ်ပြီး တကယ့်တကယ် သဘာဂလုပ်တဲ့အခါ ကျတော့ သဘာဂဟာ "တစ်ပြိုင်နက်"ပါပဲ။

ပြောရသေးတာပေါ့၊ သဟမျိုးသုဒ္ဓသချာမှာ သဟငယ် ၇-ပစ္စည်းတို့ရဲ့ ပစ္စည်းရေများဟာ သဘာဂသဘောအရ တစ်ပြိုင်နက်ယထာရဟ ပစ္စည်းရေများ ဖြစ်ပါတယ်၊ သဟကြီးလတ်နဲ့ အာရမ်စတဲ့ ကျန်မျိုးတွေရဲ့ ပစ္စည်းရေများ ကတော့ ဃဋနာသဘောအရ တစ်ပြိုင်နက်ပစ္စည်းရေများ ဖြစ်ပါတယ်၊ ခုနက

http://www.dhammadownload.com



ပြောခဲ့သလို သဘာဂမှာ သုဒ္ဓသင်္ချာသဘောအရ တစ်ပြိုင်နက်ယထာရဟာ ဖြစ်သော်လဲ တကယ့်တကယ် တရားကိုယ်ထုတ် သဘာဂလုပ်တော့ တစ်ပြိုင်နက်သာ ဖြစ်ပါတယ်။

အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာ, ပကတူပသုဒ္ဓသင်္ချာနဲ့ ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုးရှိ ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာများကို သဘာဂနဲ့ဃဋနာခန်းမှာ သုံးစွဲခွင့်မရှိပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ ပစ္စည်းပစ္စယုပ္ပန်တွေဆိုပြီး သူတို့နဲ့ပြိုင်စရာ အခြားပစ္စည်း မရှိလို့ပါပဲ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုးမှာ တစ်မျိုးလုံးမှာမှ ကမ္မတစ်ပစ္စည်းသာ ရှိပါတယ်၊ အာရမ္မဏက အာရမ်မျိုးရှိ အခြား ၇–ပစ္စည်းနဲ့ သဘာဂဃဋနာလုပ်နိုင်သေးတယ်၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မကတော့ ဘယ်မျိုး ဘယ်ပစ္စည်းနဲ့မှ သဘာဂဃဋနာ မလုပ်နိုင်ဘူး၊ "တစ်ကောင်ကြွက် တစ်မျက်နှာ မျိုး ပစ္စည်းလေး"လို့ ဆိုရမှာပေါ့၊ ကဲ–တော်လောက်ပါပြီ၊ တိုးဝင် ကျော်ဖြတ်စရာ ဃဋနာတောအုပ်က ရှိပါသေးတယ်။

\+ + + + +

သဘာဂသင်္ချာ ပြီး၏။

http://www.dhammadownload.com



# ဃဋနာသင်္ချာ

**ဆောင်။** ။စွည်းပန်တူရာ–စိတ်ဓမ္မမှာ၊ ပေါင်းဆုံပြိုင်ကြ ပစ္စယာ။
သတ္တိပေါင်းကို ဃဋနာဟု၊ မှတ်သားပါကြ တိကျစွာ။
သဟာအာရမ် စသည်ရောလျှင်၊ မိဿကောတဲ့ ဃဋနာ။
သဟာမနော ပြိုးပြွမ်းဟော၊ မှတ်လော ပကိဏ်းသာ၊
အဲ – ဒါက ... ဦးစွာညွှန်ပြ ဃဋနာ့သဘာဝါ။ **(ပန်းကုံး)**

၁။ ပစ္စည်း ပစ္စယုပ္ပန်တူညီသော သဘာဂပစ္စယသတ္တိအပေါင်းကို "ဃဋနာ"ဟု ခေါ်သည်။

၂။ ဃဋနာကို သဘာဂပစ္စည်းထဲမှာသာ ရှာရသည်။

၃။ ဃဋနာတွဲစပ်ရာ၌ ပစ္စည်း ပစ္စယုပ္ပန် များသည့်တရားကို ရှေးဦးစွာ တွဲစပ်၍ နည်းသည့်တရားကို နောက်ထားကာ တွဲစပ်ရသည်။

**ဃဋနာသဘာဝ။** ။"ဃဋနာ"ဆိုတာဟာ အပေါင်းအစုကို ခေါ်ပါတယ်၊ အပေါင်းအစုကို "ဃဋနာ"လို့ ခေါ်ပါတယ်၊ ဘာတွေပေါင်းထားသလဲ ဆိုတော့ ပစ္စည်း ပစ္စယုပ္ပန်ချင်း အရတူတဲ့ သဘာဂပစ္စယသတ္တိတွေကို ပေါင်းစုထားပါတယ်၊ ပြီးခဲ့တဲ့သဘာဂမှာ ပစ္စည်းတစ်ခုကိုမူတည်ပြီး ပစ္စည်းတစ်ခုကိုသာ မူလီသွတ်ပါတယ်၊ ဒီဃဋနာမှာတော့ ပစ္စည်းတစ်ခုသာမက ၂–ခု , ၃–ခုစသည်ဖြင့် မူလီသွတ်ရပါတယ်၊ တစ်မျိုးပြောရမယ်ဆိုလျှင် သဘာဂမှာ မျိုးတူ ၂–ပစ္စည်းကိုသာ တွဲစပ်ရပါတယ်၊ ဃဋနာမှာတော့ ၂–ပစ္စည်းကစပြီး ၁၁–ပစ္စည်းအထိ တွဲစပ်ရပါတယ်၊ ၂–ပစ္စည်းတွဲတဲ့အခါ နှစ်ဖက်ရခေါ်သလို ၃–ပစ္စည်းစသည် တွဲစပ်တဲ့အခါ ၃–ဖက်ရစသည် ခေါ်နိုင်ပါတယ်၊ ၁၁–ပစ္စည်းတွဲစပ်တော့ ၁၁–ဖက်ရပေါ့။ ဒါ့ကြောင့်–

"သဘာဂ၌ မျိုးတူနှစ်ပစ္စည်းသာတွဲ၍ ဟောတော်မူသည်၊ ဃဋနာ၌ ၂–ပစ္စည်းမှစ၍ ၁၁–ပစ္စည်းအထိ တွဲ၍ဟောတော်မူသည်"လို့

မှတ်သားထားပါ။

ဃဋနာတွဲစပ်တဲ့အခါမှာ သဘာဂကို လွှတ်ပစ်လို့ မရပါဘူး၊ သဘာဂကို ကြည့်ပြီး တွဲစပ်ရပါတယ်၊ မျိုးတူ သဘာဂပစ္စည်းတွေကိုသာ ဃဋနာတွဲစပ်နိုင်ပါတယ်၊ မျိုးမတူလျှင် , သဘာဂမဖြစ်လျှင် ဃဋနာမတွဲစပ်နိုင်ပါဘူး၊ ဒါ့ကြောင့် သဘာဂကို အမြဲသတိပြုရမယ်။

ပြီးတော့ နောက်တစ်ချက်က ဃဋနာတွဲစပ်တဲ့အခါ ပစ္စည်း ပစ္စယုပ္ပန်တရား အရ အနည်းအများအလိုက် အစဉ်အတိုင်းတွဲစပ်ရပါတယ်၊ တရားအရများတဲ့

http://www.dhammadownload.com



အုပ်စုကစပြီး တွဲစပ်ရမယ်လို့ ဆိုလိုပါတယ်၊ အခုပြောခဲ့တဲ့ ဈာနရဲ့သဘော သဘာဝတွေကို ကြိုတင်မှတ်သားထားခဲ့ပါ။

လယ်တီဆရာတော်ဘုရားကြီးက "တစ်ခုတစ်ခုသော ပစ္စယုပ္ပန်တရား၌ များစွာသော ပစ္စည်းတို့၏ ပါဝင်ပေါင်းဆုံခြင်းသည် ပစ္စယဈာနမည်၏၊"လို့ မိန့်ဆိုပါတယ်။ [ကေကဿိ ပစ္စယုပ္ပန္နေ ဗဟုန္နံ ပစ္စယာနံ သမောဓာနံ ပစ္စယ ဈာနာ နာမ။ (ပဋ္ဌာနုဒ္ဒေသဒီပနီ)]

## ဈာနာ ၃–မျိုး

**ဈာနာဟာ–** ၁။ မိဿကဈာနာ
၂။ ပကိဏ္ဏကဈာနာ
၃။ သဟဇာတဈာနာ–လို့ ၃–မျိုးရှိပါတယ်။

ဒီ ဈာနာ ၃–မျိုးကို ပဥ္စာဝါရမှာ ဟောထားပါတယ်၊ အခု အဲဒီ ဈာနာ ၃–မျိုးကို တစ်ခုချင်း ရှင်းပြသွားမှာ ဖြစ်ပါတယ်။

**အမှာ။** ။ဈာနာယူဆပုံ သဘောသဘာဝကိုသာ နားလည်အောင် ရှင်းပြမည်ဖြစ်၍ ဆိုရိုးများကို (အများအားဖြင့်) ထုတ်ပြမည်မဟုတ်ပါ၊ သို့ရာတွင် ဆိုရိုးအတွက် ရေ့မှပြအပ်ခဲ့သည့် သုဒ္ဓသင်္ချာနှင့် သဘာဂသင်္ချာများကို ညွှန်ပြပါမယ်၊ ယင်းသင်္ချာနှစ်ခုကို နားလည်ပြီးဖြစ်က ဆိုရိုးကျဟောနိုင်ပါလိမ့်မယ်။

## ၁။ မိဿကဈာနာ (၃၉) ချက်

**ဆောင်။** ။သဟမူထား၊ ကြွင်းရောငြား၊ မှတ်သား မိဿကာ။
သဟ အာ ဝတ် ပစ်၊ ရုပ်မျိုးနှစ်၊ ရောလစ် မိဿကာ။
ဓိ နိ ဟာရ၊ ဣံ ဝိပ္ပ၊ အတ် အ ပစ္စည်းလာ။
ဓိ ဣံ သုံးချက်၊ နိခြောက်ချက်နှင့်၊ လေးချက်ဝိပ္ပ၊ ဟာကော၊
အတ် အ– ဇော်ဒသာ။
သုံးဆယ့်ကိုးဝ၊ ရေတွက်ကြ၊ မိဿက ဈာနာ။

ဤမိဿကဈာနာသည် "မိဿက"ဟုဆိုသည့်အတိုင်း ရောနှောရှုပ်ထွေးလှသည်၊ ယူဆချက်ဉာဏ်မပိုင်က ငိုင်ရမည့်ဈာနာပေတည်း။ ဤဈာနာ၌ ဘာတွေရောနှော၍ ဟောထားသနည်း။

သဟမျိုးကိုမူတည်၍ အာရမ်မျိုးစသည်တို့ကို ရောနှောကာ ဟောတော်မူသည်၊ အာရမ်မျိုး, သဟ, ဝတ္ထု, ပဥ္စာ, ရူပါဟာ, ရူပတိ–မျိုးတို့ကို ရောနှော၍

http://www.dhammadownload.com



ဟောတော်မူသည်၊ အနန္တရမျိုးနှင့် ပကတူကံ, ဗဒုကံမျိုး–တို့ကို မဟောပါ။ တစ်နည်းပြောရမယ်ဆိုလျှင် အတ္ထိ အဝိဂတပါတဲ့ မျိုး ၆–မျိုးကိုသာ ဟောပါတယ်။

**ဟောအပ်သည့် ပစ္စည်းများ။** ။ဤဈာန်၌ ဟောအပ်သည့်ပစ္စည်းများသည် သဟမျိုးဝင်ပစ္စည်းလည်းဖြစ်ရမည်၊ အနည်းဆုံး မျိုးနှစ်မျိုးမှာလည်း ပါဝင်ရမည်၊ မျိုးနှစ်မျိုးမှာ ပါဝင်ရမည်–ဟုဆိုသဖြင့် မျိုးယှက် ၁၀–ပစ္စည်းထဲက ဖြစ်ရမည်ကို သဘောပေါက်ပါ၊ ယင်း ပစ္စည်းများကား– ဓိ, နိ, ဟာ, ဣံ, ဝိပ်, အတ်, အ၊ ပေါင်း ၇–ပစ္စည်းတည်း။ [ကမ္မသည် မျိုးနှစ်မျိုး၌ ပါဝင် သော်လည်း နာနာကမ္မကို မဟောရကား ပြိုင်ဖက်ပစ္စည်း မရှိသောကြောင့် ယင်း ကမ္မကို မဟော၊ ဥပနိဿယနှင့် ပုရေဇာတကား မျိုးယှက်ပစ္စည်းဖြစ်သော်လည်း သဟမျိုးဝင် မဟုတ်၊ ဈာန်ကိုဟောရာ၌ သဘာဂကို အထူးသတိပြုပါ။]

**အဓိပတိ။** ။နိ၊ ဝိပ်၊ အတ်၊ အ။

ကဲ–အဓိပတိကို ဟောရန်စဉ်းစားကြစို့၊ အဓိပတိသည် သဟ, အာရမ် ၂–မျိုး၊ အဓိပတိနှင့် ဈာန်လုပ်လိုတဲ့ပစ္စည်းလဲပဲ သဟ, အာရမ် ၂–မျိုးဖြစ်ရမည်၊ ယင်း ပစ္စည်းများကား နိ ဝိပ် အတ် အ–တို့တည်း။ [အတ္ထိ အဝိဂတတို့မှာ မျိုး ၆–မျိုး၌ရသောကြောင့် ပစ္စည်းအားလုံးနှင့် ပြိုင်နိုင်သည်ကို သတိပြုခဲ့ပါ။]

နိဿယသည် အဓိပတိနှင့် သဟ, အာရမ် ၂–မျိုးတူသည်၊ ဝိပ္ပယုတ္တလဲ သဟ, အာရမ် ၂–မျိုးပင်တူသည်၊ အတ္ထိ အဝိဂတတို့ကား အဓိပတိထက်ပင် မျိုးပိုလွန်သေးသည်။ ဒီလို ယုဆချက်ကို အရင်သဘောပေါက်ထားရမယ်၊ ပြီးမှ ပစ္စည်းပစ္စယုပ္ပန် တရားရများတာကို အရင်ပြိုင်ရတယ်၊ ကဲ–ပြိုင်ကြရအောင်။

၁။ အဓိပတိကို အတ္ထိ အဝိဂတတို့နှင့်ပြိုင်က ၎င်းတို့ ၃–ဖက်ရဖြစ်သည့် (က) သဟမျိုးမှ သဟာဓိသုဒ္ဓသင်္ချာ၊ (ခ) အာရမ်မျိုးမှ အာပုဓိသုဒ္ဓသင်္ချာကို ဆိုရမည်ဖြစ်ကြောင်း (သုဒ္ဓသင်္ချာကိုမူတည်၍) သဘာဂကိုနှလုံးသွင်းပြီး သဘောပေါက်ပါ၊ ဈာန်အမည်ပေးက "အတ္ထိအဝိဂတဈာန်"။

၂။ အဓိပတိကို နိဿယနှင့်ပြိုင်က ၎င်းတို့ ၂–ဖက်ရဖြစ်သည့် (က) သဟမျိုးမှ ဓိ + နိသဘာဂဖြစ်တဲ့ သဟာဓိသုဒ္ဓသင်္ချာ၊ (ခ) အာရမ်မျိုးမှ ဓိ + နိ သဘာဂဖြစ်တဲ့ ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဈာန်"။

၃။ အဓိပတိကို ဝိပ္ပယုတ္တနှင့်ပြိုင်က ၎င်းတို့ ၂–ဖက်ရဖြစ်သည့် (က) သဟမျိုးမှ ဓိ + ဝိပ်သဘာဂဖြစ်တဲ့ သဟာဓိဝိပ်သုဒ္ဓသင်္ချာ၊ (ခ) အာရမ်မျိုးမှ ဓိ + ဝိပ် သဘာဂဖြစ်တဲ့ ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဝိပ္ပယုတ္တဈာန်"။

http://www.dhammadownload.com



[ဒီမှာ နိဿယလိုက်နိုင်ပါတယ်၊ နိဿယဟာ အတ္ထိအဝိဂတတို့ပြီးလျှင် အရာ အကျယ်ဆုံး ဖြစ်ပါတယ်၊ ဒါ့ကြောင့် နိဿယပါထည့်ပြီး သနိဿယဝိပ္ပယုတ္တ ဃဋနာ–လို့ အမည်ပေးရပါတယ်၊ နောင်လဲ ဒီသဘော တွေ့ရပါလိမ့်ဦးမယ်။]

အကျဉ်းချုပ်လိုက်သော်–

၁။ **ဓိ+အတ္ထိ အဝိဂတ။** ။သဟာဓိ, အာပုဓိသုဒ္ဓသင်္ချာ၊ အတ္ထိ အဝိဂတဃဋနာ၊ သင်္ချာ–အဋ္ဌ။ [အဓိပတိ အတ္ထိ အဝိဂတန္တိ အဋ္ဌ–ဟု ပါဠိတော် ရွတ်ပါ။]

**အနက်။** ။အဓိပတိ အတ္ထိ အဝိဂတန္တိ–အဓိပတိ အတ္ထိ အဝိဂတံဟူ၍၊ ဓောသု တီသု ပစ္စယေသု–ဤသုံးပစ္စည်းတို့ကို၊ ဃဋိတေသု–ပေါင်းစပ်အပ်ကုန် သည်ရှိသော်၊ အဓိပတိယာ–အဓိပတိပစ္စည်း၌၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်သော၊ အဋ္ဌေဝ–ရှစ်ပါးသာလျှင်ဖြစ်ကုန်သော၊ ဝိဿဇ္ဇနာနိ–အဖြေတို့ကို၊ လဗ္ဘန္တိ–ရအပ် ကုန်၏။

၂။ **ဓိ+နိ။** ။သဟာဓိ , ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ သနိဿယဃဋနာ၊ သင်္ချာ–အဋ္ဌ။ [အဓိပတိ နိဿယ အတ္ထိ အဝိဂတန္တိ အဋ္ဌ–ဟု ပါဠိတော် ရွတ်ပါ။]

၃။ **ဓိ+ဝိပ်။** ။သဟာဓိဝိပ်, ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ သနိဿယဝိပ္ပယုတ္တ အတ္ထိ အဝိဂတဃဋနာ၊ သင်္ချာ–စတ္တာရိ။ [အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ စတ္တာရိ–ဟု ပါဠိတော်ရွတ်ပါ၊ နောက်လဲ ဒီအတိုင်းပါပဲ။]

**နိဿယ။** ။ဓိ၊ က္ကံ၊ ဝိပ်၊ အတ်၊ အ။

ကဲ–အဓိပတိကိုဟောပြီးလို့ နိဿယကိုဟောရန် စဉ်းစားကြစို့၊ နိဿယသည် သဟနိ, ပုရေနိ ၂–မျိုး၊(ပုရေနိ၌ အာပု, ဝတ်ပု ၂–ခုပါသည်ကို သတိပြုပါ၊) အဲဒီတော့ နိဿယသည် သဟ, အာရမ်, ဝတ္ထု ၃–မျိုး၊ နိဿယနှင့်ဃဋနာလုပ် လိုတဲ့ ပစ္စည်းလဲပဲ ယင်း ၃–မျိုးတို့တွင် ၂–မျိုး၊ သို့မဟုတ် ၃–မျိုးလုံးဖြစ်ရမည်၊ ယင်း ပစ္စည်းများကား–ဓိ က္က ဝိပ် အတ် အ–တို့တည်း။

အဓိပတိသည် နိဿယနှင့် သဟ, အာရမ် ၂–မျိုးတူသည်၊ က္ကန္ဒြိယသည် သဟ, ပုရေ ၂–မျိုးတူသည်၊ ဝိပ္ပယုတ္တလဲ သဟ, ပုရေ ၂–မျိုးတူသည်၊ အတ္ထိ အဝိဂတတို့ကား နိဿယထက်ပင် မျိုးပိုလွန်သေးသည်။ ကဲ–တရားရများတာက စပြီး ပြိုင်ကြရအောင်။

http://www.dhammadownload.com



၁။ နိဿယကို အတ္ထိအဝိဂတတို့နှင့်ပြိုင်က ၄င်းတို့ ၃–ဖက်ရဖြစ်သည့် (က) သဟမျိုးမှ သဟနိ (သဟကြီး)သုဒ္ဓသချာ၊ (ခ) ဝတ္ထုမျိုးမှ ပုရေနိသုဒ္ဓသချာကို ဆိုရမည်ဖြစ်ကြောင်း (သုဒ္ဓသချာကိုမှတည်၍) သဘာဂကိုနှလုံးသွင်းပြီး သဘော ပေါက်ပါ၊ ဃဋနာအမည်ပေးက "အတ္ထိအဝိဂတဃဋနာ"။

၂။ နိဿယကို အဓိပတိနှင့်ပြိုင်က ၄င်းတို့ ၂–ဖက်ရဖြစ်သည့် (က)သဟ မျိုးမှ သဟာဓိသုဒ္ဓသချာ၊ (ခ)အာရမ်မျိုးမှ ဝတ္ထာဓိသုဒ္ဓသချာ၊ အမည်ပေးက "သာဓိပတိဃဋနာ"။

၃။ နိဿယကို ဣန္ဒြိယနှင့်ပြိုင်က ၄င်းတို့ ၂–ဖက်ရဖြစ်သည့် (က)သဟ မျိုးမှ သဟတိံသုဒ္ဓသချာ၊ (ခ)ပုရေမျိုးမှ ပုတိံသုဒ္ဓသချာ၊ အမည်ပေးက "သဣန္ဒြိယဃဋနာ"။

၄။ နိဿယကို ဝိပ္ပယုတ္တနှင့်ပြိုင်က ၄င်းတို့ ၂–ဖက်ရဖြစ်သည့် (က)သဟ မျိုးမှ သဟဝိပ်သုဒ္ဓသချာ၊ (ခ)ပုရေမျိုးမှ ပုရေဝိပ်သုဒ္ဓသချာ၊ အမည်ပေးက "သဝိပ္ပယုတ္တဃဋနာ"။

ဤတွင် နိဿယကို ဓိ ဣံ ဝိပ် ၃–ခုတို့နှင့် တစ်ခုစီ တစ်ခုစီ ပြိုင်ပြီးသွားပြီ၊ ခေါင်းစီးကို ပြန်လည်၍အာရုံပြု ကြည့်ရှုပါ။ ၄င်း ဓိ ဣံ ဝိပ် ၃–ခုတို့ကို ထပ်မံ၍ စဉ်းစားပြန်လိုက်သော် ဓိနှင့်ဝိပ်သည် သဟ, အာရမ် ၂–မျိုးမှာ သဘာဂဖြစ်ကြောင်း၊ ဣံနှင့်ဝိပ်သည် သဟ, ပုရေ ၂–မျိုးမှာ သဘာဂဖြစ်ကြောင်း တွေ့ရပြန်သည်၊ ထို့ကြောင့် မူတည်နိဿယကို ဓိဝိပ်နှင့်တစ်ချက်၊ ဣံဝိပ်နှင့်တစ်ချက် ပြိုင်နိုင် သေးသည်၊ ထပ်ပြိုင်ဃဋနာလို့ ဆိုရမှာပေါ့။ [နောက်မှာလဲ ဒီသဘောမျိုး တွေ့ ဦးမည်ဖြစ်၍ သဘောကျသည်အထိ လေ့လာမှတ်သားခဲ့ပါ။]

**ဆောင်။** ။ဓိဝိပ်, ဣံဝိပ်၊ ဤနှစ်စိတ်၊ နိဿယနှင့်ထပ်၍ပြိုင်။

ကိုင်း–အဲဒီနှစ်ချက်ကို ပြိုင်ကြစို့။

၅။ နိဿယကို ဓိဝိပ်နှင့်ပြိုင်က ၄င်းတို့ ၃–ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟာဓိဝိပ် (သဘာဂ)သုဒ္ဓသချာ၊ (ခ) အာရမ်မျိုးမှ ဝတ္ထာဓိသုဒ္ဓသချာ၊ အမည်ပေးက "သာဓိပတိဝိပ္ပယုတ္တဃဋနာ"။

၆။ နိဿယကို ဣံဝိပ်နှင့်ပြိုင်က ၄င်းတို့ ၃–ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိံဝိပ် (သဘာဂ) သုဒ္ဓသချာ၊ (ခ) ပုရေမျိုးမှ ပုတိံသုဒ္ဓသချာ၊ အမည်ပေးက "သဣန္ဒြိယဝိပ္ပယုတ္တဃဋနာ"။

http://www.dhammadownload.com



အကျဉ်းချုပ်လိုက်သော်–

**၁။ နိ + အတ္ထိ အဝိဂတ။** ။သဟနိ, ပုရေနိသုဒ္ဓသင်္ချာ၊ အတ္ထိ အဝိဂတဃဋနာ။ (သဟပုရေမိဿကပါရ၍) သင်္ချာ–တေရသ။

**၂။ နိ + မိ။** ။သဟာမိ, ဝတ္ထာမိသုဒ္ဓသင်္ချာ၊ သာမိပတိဃဋနာ၊ သင်္ချာ–အဋ္ဌ။

**၃။ နိ + ဣံ။** ။သဟတိံ, ပုတိံသုဒ္ဓသင်္ချာ၊ သဣန္ဒြိယဃဋနာ၊ သင်္ချာ–သတ္တ။

**၄။ နိ + ဝိပ်။** ။သဟဝိပ်, ပုရေဝိပ်သုဒ္ဓသင်္ချာ၊ သဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–ပဉ္စ။

**၅။ နိ + မိဝိပ်။** ။သဟာမိဝိပ်, ဝတ္ထာမိသုဒ္ဓသင်္ချာ၊ သာမိပတိဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–စတ္တာရိ။

**၆။ နိ + ဣံဝိပ်။** ။သဟတိံဝိပ်, ပုတိံသုဒ္ဓသင်္ချာ၊ သဣန္ဒြိယဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–တီဏိ။

**အာဟာရ။** ။အတ်၊ အ။

ကဲ–နိဿယကိုဟောပြီးလို့ အာဟာရကိုဟောရန် စဉ်းစားကြစို့။

အာဟာရသည် နာမ်ဟာ, ရုပ်ဟာ ၂–မျိုး၊ အာဟာရနဲ့ ဃဋနာလုပ်လိုတဲ့ ပစ္စည်းလဲပဲ နာမ်ဟာ, ရုပ်ဟာ ၂–မျိုးဖြစ်ရမည်၊ ထိုနှစ်မျိုးထက်သော်လည်း ပိုလွန်ရမည်၊ ယင်းပစ္စည်းများကား အတ္ထိအဝိဂတတို့တည်း။ [မိ နိ ဣံ ဝိပ်တို့သည် နာမ်ဟာ၌လိုက်နိုင်ကြသော်လည်း ရုပ်ဟာ၌ မလိုက်နိုင်ကြပါ။]

၁။ အာဟာရကို အတ္ထိအဝိဂတတို့နှင့်ပြိုင်က ၄င်းတို့ ၃–ဖက်ရဖြစ်သည့် (က)သဟမျိုးမှ နာမ်ဟာသုဒ္ဓသင်္ချာ၊ (ခ) ရုပ်ဟာမျိုးမှ ရုပ်ဟာသုဒ္ဓသင်္ချာကို ဆိုရမည်ဖြစ်ကြောင်း (သုဒ္ဓသင်္ချာကိုမူတည်၍)သဘာဂကို နှလုံးသွင်းပြီး သဘောပေါက်ပါ၊ တစ်ချက်သာရ၍ ဃဋနာအမည်ပေးရန်မလိုပါ။ သင်္ချာ–သတ္တ။

**ဣန္ဒြိယ။** ။နိ၊ ဝိပ်၊ အတ်၊ အ။

ကဲ–အာဟာရကိုဟောပြီးလို့ ဣန္ဒြိယကိုဟောရန် စဉ်းစားကြစို့။

ဣန္ဒြိယသည် သဟတိံ, ပုတိံ, ရူပတိံ ၃–မျိုး၊ ဣန္ဒြိယနဲ့ ဃဋနာလုပ်လိုတဲ့ ပစ္စည်းလဲပဲ အဲဒီ ၃–မျိုးထဲက ၂–မျိုးသော်လည်း ဖြစ်ရမည်၊ ၃–မျိုးသော်လည်း ဖြစ်ရမည်၊ ယင်း ပစ္စည်းများကား နိ, ဝိပ်, အတ်, အ–တို့တည်း။

http://www.dhammadownload.com



နိဿယသည် ဣန္ဒြိယနှင့် သဟ, ပုရေ ၂မျိုးတူသည်၊ ဝိပ္ပယုတ္တလဲ သဟ, ပုရေ ၂မျိုးတူသည်၊ အတ္ထိ အဝိဂတတို့ကား ဣန္ဒြိယထက်ပင် မျိုးပိုလွန်သေးသည်။

၁။ ဣန္ဒြိယကို အတ္ထိအဝိဂတတို့နှင့်ပြိုင်က ၎င်းတို့ ၃–ဖက်ရဖြစ်သည့် သဟတိ, ပုတိ, ရူပတိ ၃–မျိုးကို ဆိုရမည်ဖြစ်ကြောင်း (သုဒ္ဓသင်္ချာကိုဦးတည်၍) သဘာဂကိုနှလုံးမူပြီး သဘောပေါက်ပါ။ အမည်ပေးက "အတ္ထိအဝိဂတဃဋနာ"။

၂။ ဣန္ဒြိယကို နိဿယနှင့်ပြိုင်က ၎င်းတို့နှစ်ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိ (သဘာဂ) သုဒ္ဓသင်္ချာ၊ (ခ) ပုရေမျိုးမှ ပုတိသုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဃဋနာ"။

၃။ ဣန္ဒြိယကို ဝိပ္ပယုတ္တနှင့်ပြိုင်က ၎င်းတို့နှစ်ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိဝိပ် (သဘာဂ) သုဒ္ဓသင်္ချာ၊ (ခ) ပုရေမျိုးမှ ပုတိသုဒ္ဓသင်္ချာ၊ အမည်ပေးက (နိဿယလိုက်နိုင်၍) "သနိဿယဝိပ္ပယုတ္တဃဋနာ"။

အကျဉ်းချုပ်လိုက်သော်–

**၁။ ဣံ+အတ္ထိ အဝိဂတ။** ။သဟတိ, ပုတိ, ရူပတိ သုဒ္ဓသင်္ချာ၊ အတ္ထိ အဝိဂတဃဋနာ၊ သင်္ချာ–သတ္တ။

**၂။ ဣံ+နိ။** ။သဟတိ, ပုတိသုဒ္ဓသင်္ချာ၊ သနိဿယဃဋနာ၊ သင်္ချာ–သတ္တ။

**၃။ ဣံ+ဝိပ်။** ။သဟတိဝိပ်, ပုတိသုဒ္ဓသင်္ချာ၊ သနိဿယဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–တီဏိ။

**ဝိပ္ပယုတ္တ။** ။ဓိ၊ နိ၊ ဣံ၊ အတ်၊ အ။

ကဲ–ဣန္ဒြိယကိုဟောပြီးလို့ ဝိပ္ပယုတ္တကိုဟောရန် စဉ်းစားကြစို့။

ဝိပ္ပယုတ္တသည် သဟဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ် ၃–မျိုး၊ ဝိပ္ပယုတ္တနဲ့ ဃဋနာလုပ်လိုတဲ့ပစ္စည်းလဲပဲ အဲဒီ ၃မျိုးထဲက ၂မျိုးသော်လည်း ဖြစ်ရမည်၊ ၃မျိုးလုံးသော်လည်း ဖြစ်ရမည်၊ ယင်းပစ္စည်းများကား ဓိ, နိ, ဣံ, အတ်, အ–တို့တည်း။

အဓိပတိသည် ဝိပ္ပယုတ္တနှင့် သဟ, ဝတ္ထာ ၂မျိုးတူသည်၊ နိဿယသည် သဟ, ပုရေ ၂မျိုးတူသည်၊ ဣန္ဒြိယလဲ သဟ, ပုရေ၂မျိုးပင်တူသည်၊ အတ္ထိ အဝိဂတတို့ကား ဝိပ္ပယုတ္တထက်ပင် မျိုးပိုလွန်သေးသည်။ ကဲ–တရားရ များတာကစပြီး ပြိုင်ကြရအောင်။

http://www.dhammadownload.com



၁။ ဝိပ္ပယုတ္တကို အတ္ထိ အဝိဂတတို့နှင့်ပြိုင်က ၄င်းတို့ ၃–ဖက်ရဖြစ်သည့် သဟဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ် ၃မျိုးကို ဆိုရမည်ဖြစ်ကြောင်း (သုဒ္ဓသင်္ချာကို ဦးတည်၍) သဘာဂကိုနှလုံးမူပြီး သဘောပေါက်ပါ၊ အမည်ပေးက "အတ္ထိအဝိဂတဃဋနာ"။

၂။ ဝိပ္ပယုတ္တကို နိဿယနှင့်ပြိုင်က ၄င်းတို့ ၂–ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟဝိပ်သုဒ္ဓသင်္ချာ၊ (ခ)ပုရေမျိုးမှ ပုရေဝိပ်သုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဃဋနာ"။

၃။ ဝိပ္ပယုတ္တကို အဓိပတိနှင့်ပြိုင်က ၄င်းတို့ ၂–ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟာဓိဝိပ်(သဘာဂ)သုဒ္ဓသင်္ချာ၊ (ခ)အာရမ်မျိုးမှ ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ အမည်ပေးက "သာဓိပတိနိဿယဃဋနာ"။ [ဒီမှာ နိဿယလိုက်နိုင်ပါတယ်။]

၄။ ဝိပ္ပယုတ္တကို ဣန္ဒြိယနှင့်ပြိုင်က ၄င်းတို့ ၂ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိ˙(သဘာဂ)သုဒ္ဓသင်္ချာ၊ (ခ)ပုရေမျိုးမှ ပုတိ˙သုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဣန္ဒြိယဃဋနာ"။ [ဒီမှာလဲ နိဿယလိုက်နိုင်ပါတယ်။]

အကျဉ်းချုပ်လိုက်သော်–

**၁။ ဝိပ်+အတ် အ။** ။သဟဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ်သုဒ္ဓသင်္ချာ၊ အတ္ထိ အဝိဂတဃဋနာ၊ သင်္ချာ–ပဥ္စ။

**၂။ ဝိပ်+နိ။** ။သဟဝိပ်, ပုရေဝိပ်သုဒ္ဓသင်္ချာ၊ သနိဿယဃဋနာ၊ သင်္ချာ–ပဥ္စ။

**၃။ ဝိပ်+ဓိ။** ။သဟာဓိဝိပ်, ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ သာဓိပတိနိဿယဃဋနာ၊ သင်္ချာ–စတ္တာရိ။

**၄။ ဝိပ်+ဣံ။** ။သဟတိ˙ဝိပ်, ပုတိ˙သုဒ္ဓသင်္ချာ၊ သနိဿယဣန္ဒြိယဃဋနာ၊ သင်္ချာ–တီဏိ။

**အတ္ထိ။** ။ဓိ၊ နိ၊ ဟာ၊ ဣံ၊ ဝိပ်၊ အ။

ကဲ–ဝိပ္ပယုတ္တကိုဟောပြီးလို့ အတ္ထိကိုဟောရန် စဉ်းစားကြစို့။

အတ္ထိသည် သဟ, အာရမ်, ပုရေ, ပစ္ဆာ, ရူပါဟာ, ရူပတိ˙ ၆–မျိုး၌ ပါဝင်သည်၊ အတ္ထိနှင့် ဃဋနာလုပ်လိုတဲ့ ပစ္စည်းလဲပဲ ၄င်းနှင့်မျိုးတူ အနည်းဆုံး ၂မျိုး ဖြစ်ရမည်၊ ယင်းပစ္စည်းများကား ဓိ နိ ဟာ ဣံ ဝိပ် အ–တို့တည်း။

http://www.dhammadownload.com



အဓိပတိသည် အတ္တိနှင့် သဟ, အာရမ် ၂မျိုးတူသည်၊ နိဿယသည် သဟ, အာရမ်, ပုရေ ၃မျိုးတူသည်၊ အာဟာရသည် သဟ, ရူပါဟာ (နာမ်ဟာ, ရုပ်ဟာ) ၂မျိုးတူသည်၊ ဣန္ဒြိယသည် သဟ, ပုရေ, ရူပတိ ၃မျိုးတူသည်၊ ဝိပ္ပယုတ္တသည် သဟ, ပုရေ, ပစ္ဆာဝိပ် ၃မျိုးလုံးတူသည်၊ အဝိဂတသည် ၆မျိုးလုံးတူသည်။ ကဲ-တရားရများတာကစပြီး ပြိုင်ကြရအောင်၊ ဒီမှာ ထပ်ပြိုင်ဃဋနာတွေ ပါလာမှာမို့ သတိပြုပါ။

၁။ အတ္တိကို အဝိဂတနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် အတ္တိ ၆မျိုး သုဒ္ဓသချာကိုဆိုပါ။ အမည်ပေးက "အဝိဂတဃဋနာ"။

၂။ အတ္တိကို နိဿယနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟကြီးသုဒ္ဓသချာ၊(ခ)ပုရေမျိုးမှပုရေနိသုဒ္ဓသချာ၊ အမည်ပေးက "သနိဿယ ဃဋနာ"။

၃။ အတ္တိကို အဓိပတိနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟာဓိသုဒ္ဓသချာ၊ (ခ)အာရမ်မျိုးမှ အာပုဓိသုဒ္ဓသချာ၊ အမည်ပေးက "သာဓိ ပတိဃဋနာ"။

၄။ အတ္တိကို အဓိပတိနိဿယတို့နှင့်ထပ်၍ပြိုင်က ၄င်းတို့ ၃-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟာဓိသုဒ္ဓသချာ၊ (ခ)အာရမ်မျိုးမှ ဝတ္ထာဓိသုဒ္ဓသချာ၊ အမည် ပေးက "သာဓိပတိနိဿယဃဋနာ"။ [ထပ်ပြိုင်ဃဋနာ။]

၅။ အတ္တိကို အာဟာရနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ နာမ်ဟာသုဒ္ဓသချာ၊ (ခ) ရုပ်ဟာမျိုးမှ ရုပ်ဟာသုဒ္ဓသချာ၊ အမည်ပေးက "သာဟာရ ဃဋနာ"။

၆။ အတ္တိကို ဣန္ဒြိယနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် ဣံ ၃မျိုးလုံး သုဒ္ဓသချာ၊ အမည်ပေးက "သဣန္ဒြိယဃဋနာ"။

၇။ အတ္တိကို နိဿယဣန္ဒြိယတို့နှင့် ထပ်၍ပြိုင်က ၄င်းတို့ ၃-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိ ံသုဒ္ဓသချာ၊ (ခ)ပုရေမျိုးမှ ပုတိ ံသုဒ္ဓသချာ၊ အမည်ပေးက "သနိဿယဣန္ဒြိယဃဋနာ"။ [ထပ်ပြိုင်ဃဋနာ။]

၈။ အတ္တိကို ဝိပ္ပယုတ္တနှင့်ပြိုင်က ၄င်းတို့ ၂-ဖက်ရဖြစ်သည့် ဝိပ် ၃မျိုးလုံး သုဒ္ဓသချာ၊ အမည်ပေးက "သဝိပ္ပယုတ္တဃဋနာ"။

၉။ အတ္တိကို နိဿယဝိပ္ပယုတ္တတို့နှင့် ထပ်၍ပြိုင်က ၄င်းတို့ ၃-ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟဝိပ်သုဒ္ဓသချာ၊ (ခ) ပုရေမျိုးမှ ပုရေဝိပ်သုဒ္ဓသချာ၊ အမည် ပေးက "သနိဿယဝိပ္ပယုတ္တဃဋနာ"။ [ထပ်ပြိုင်ဃဋနာ။]

http://www.dhammadownload.com



၁၀။ အတ္ထိကို အဓိပတိ နိဿယ ဝိပ္ပယုတ္တတို့နှင့် ထပ်၍ပြိုင်က ၄င်းတို့ ၄– ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟာဓိဝိပ်(သဘာဂ) သုဒ္ဓသင်္ချာ၊ (ခ) အာရမ်မျိုးမှ ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ အမည်ပေးက "သာဓိပတိ နိဿယ ဝိပ္ပယုတ္တဃဋနာ"။ [ထပ်ပြိုင် ဃဋနာ။]

၁၁။ အတ္ထိကို နိဿယ ဣန္ဒြိယ ဝိပ္ပယုတ္တတို့နှင့် ထပ်၍ပြိုင်က ၄င်းတို့ ၄ဖက်ရဖြစ်သည့် (က)သဟမျိုးမှ သဟတိ၊ဝိပ်(သဘာဂ)သုဒ္ဓသင်္ချာ၊ (ခ)ပုရေ မျိုးမှ ပုတိ၊သုဒ္ဓသင်္ချာ၊ အမည်ပေးက "သနိဿယဣန္ဒြိယဝိပ္ပယုတ္တဃဋနာ"။ [ထပ်ပြိုင်ဃဋနာ။]

အကျဉ်းချုပ်လိုက်သော်–

**၁။ အတ္ထိ + အဝိဂတ။** ။အတ္ထိ ၆မျိုးသုဒ္ဓသင်္ချာ၊ အဝိဂတဃဋနာ၊ သင်္ချာ–တေရသ။

**၂။ အတ္ထိ + နိ။** ။သဟနိ , ပုရေနိသုဒ္ဓသင်္ချာ၊ သနိဿယဃဋနာ၊ သင်္ချာ–တေရသ။

**၃။ အတ္ထိ + ဓိ။** ။သဟာဓိ , အာပုဓိသုဒ္ဓသင်္ချာ၊ သာဓိပတိဃဋနာ၊ သင်္ချာ–အဋ္ဌ။

**၄။ အတ္ထိ + ဓိ + နိ။** ။သဟာဓိ , ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ သာဓိပတိ နိဿယဃဋနာ၊ သင်္ချာ–အဋ္ဌ။

**၅။ အတ္ထိ + ဟာ။** ။နာမ်ဟာ , ရုပ်ဟာသုဒ္ဓသင်္ချာ၊ သာဟာရဃဋနာ၊ သင်္ချာ–သတ္တ။

**၆။ အတ္ထိ + ဣံ။** ။သဟတိ၊ , ပုတိ၊ , ရူပတိ၊သုဒ္ဓသင်္ချာ၊ သဣန္ဒြိယ ဃဋနာ၊ သင်္ချာ–သတ္တ။

**၇။ အတ္ထိ + နိ + ဣံ။** ။သဟတိ၊ , ပုတိ၊သုဒ္ဓသင်္ချာ၊ သနိဿယဣန္ဒြိယ ဃဋနာ၊ သင်္ချာ–သတ္တ။

**၈။ အတ္ထိ + ဝိပ်။** ။သဟဝိပ် , ပုရေဝိပ် , ပစ္ဆာဝိပ်သုဒ္ဓသင်္ချာ၊ သဝိပ္ပ ယုတ္တဃဋနာ၊ သင်္ချာ–ပဉ္စ။

**၉။ အတ္ထိ + နိ + ဝိပ်။** ။သဟဝိပ် , ပုရေဝိပ်သုဒ္ဓသင်္ချာ၊ သနိဿယဝိပ္ပ ယုတ္တဃဋနာ၊ သင်္ချာ–ပဉ္စ။

**၁၀။ အတ္ထိ + ဓိ၊ နိ၊ ဝိပ်။** ။သဟာဓိဝိပ် , ဝတ္ထာဓိသုဒ္ဓသင်္ချာ၊ သာဓိ ပတိနိဿယဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–စတ္တာရိ။

http://www.dhammadownload.com



**၁၁။ အတ္ထိ + နိ၊ ဣံ၊ ဝိပ်။** ။သဟာတိ ဝိပ်, ပုတိ သုဒ္ဓသင်္ချာ၊ သနိဿယ ဣန္ဒြိယဝိပ္ပယုတ္တဃဋနာ၊ သင်္ချာ–တီဏိ။

**ထပ်ပြိုင်ဃဋနာများ**

ဒီမိဿကဃဋနာမှာ ဟောအပ်တဲ့ ၇–ပစ္စည်းထဲက အတ္ထိအဝိဂတ ၂–ပစ္စည်းဟာ တရားရအများဆုံး ပစ္စည်းများဖြစ်ပါတယ်၊ ဒါ့ကြောင့် ဃဋနာအချက်တိုင်းမှာ သူတို့နှစ်ပစ္စည်းဟာ အမြဲတမ်းပါဝင်နေခြင်းဖြစ်ပါတယ်၊ အတ္ထိအဝိဂတတို့ပြီးလျှင် အရာကျယ်တဲ့ပစ္စည်းတစ်ခုက နိဿယဖြစ်ပါတယ်၊ (ရှေ့ကလဲပြောခဲ့ပါတယ်၊) သဟမျိုးမှာ သူဟာခေါင်းဆောင်ထဲကပဲ၊ အဲဒီ အရာကျယ်တဲ့ နိဿယပစ္စည်းနဲ့ အနည်းဆုံးနှစ်မျိုးမှာ သဘာဂဖြစ်တဲ့–

၁။ အဓိပတိသည်လည်းကောင်း
၂။ ဣန္ဒြိယသည်လည်းကောင်း
၃။ ဝိပ္ပယုတ္တသည်လည်းကောင်း
၄။ ဓိ + ဝိပ်သည်လည်းကောင်း
၅။ ဣံ + ဝိပ်သည်လည်းကောင်း

ထပ်ပြိုင်ဃဋနာ ၅–ချက်အဖြစ် ပေါ်ထွက်လာပြန်ပါတယ်၊ အထက်ပါ ၅ချက်ဟာ ဘယ်မျိုးမှာ သဘာဂဖြစ်တယ်ဆိုတာ သုဒ္ဓသင်္ချာကိုသတိပြုလျှင် သိနိုင်ပါတယ်။

**ဆောင်။** ။ဓိ, ဣံ, ဝိပ်နှင့်၊ ဓိဝိပ်, ဣံဝိပ်၊ အစိတ်ငါးဖြာ၊
နိဿယာ၊ ဇွက်ကာ ထပ်၍ပြိုင်။

အဝိဂတကိုလဲ အတ္ထိအတိုင်း ၁၁–ချက်ပြိုင်ပါ၊ ၁–နံပါတ်ဃဋနာကို အတ္ထိဃဋနာ–လို့ အမည်ပေးပါ။

အဲဒီတော့ ဃဋနာတွေကို ပေါင်းလိုက်လျှင် အဓိပတိနဲ့ဣန္ဒြိယက ၃–ချက်စီ၊ နိဿယက ၆–ချက်၊ အာဟာရက တစ်ချက်၊ ဝိပ္ပယုတ္တက ၄–ချက်၊ အတ္ထိနဲ့အဝိဂတတို့က ၁၁–ချက်စီ၊ အားလုံးပေါင်း ၃၉–ချက်ရှိပါတယ်။

အဲ ... မိဿကဃဋနာ ပြီးပါပြီ၊ အစက အခြေခံမှုအဖြစ် တည်ပေးထားခဲ့တဲ့ ဆောင်ပုဒ်လေးတွေကို ညီညီညာညာ ပြိုင်တူရွတ်လိုက်ကြစမ်းပါ။

\+ + + + +

http://www.dhammadownload.com



## ၂။ ပကိဏ္ဏကဃဋနာ (၆၄) ချက်

**ဆောင်။** ။အာရမ်မိ နန်နန်နိ ဥပူ၊
ပစ် သေ ကံ ဣ္န ဝိပ် အတ်ရယ်၊ နတ် ဝိ အ , ယူ။
ပစ္စည်းဟူ ပကိဏ်းမူ ဆယ့်ခြောက်၊
ထောက်ချင့်ကာ ပြိုးပြွမ်းလို့ရယ်၊
ဟောစမ်း ဒိုးဒေါက်။

အာဝိပ္ပ ငါးချက်ရ ပကိဏ်းမှာ၊
မိနန်နန် နတ်ဝိများမှာ၊ သုံးပါးစီသာ။
ကမ္မဒွိ နိလေးဖြာ၊ ဥပုမှာ ခုနစ်၊
ပစ် အာသေ ဣ္န ဧကေရယ်နှင့်၊
အတ်အ , မှာ ရှစ်စီရတယ်၊ ကျနစိစစ်။ (ပန်းကုံး)

ဒီပကိဏ္ဏကဃဋနာက မိဿကဃဋနာလောက်မခက်ပါဘူး၊ ဒီပကိဏ္ဏကဃဋနာမှာ ပစ္စည်းများကိုသာ ပြိုးပြွမ်း၍ ဟောတော်မူပါတယ်၊ ဒါ့ကြောင့် မျိုးရောယှက်ရှုပ်ထွေးမှု မရှိပါဘူး၊ အဲဒီတော့ ဘာမျိုးတွေ ဘာပစ္စည်းတွေ ဟောတယ်ဆိုတာ ပထမသိထားရပါမယ်။

### ဟောအပ်သောမျိုး

ဒီ ပကိဏ္ဏကဃဋနာမှာ အာရမ်မျိုး၊ အနံ , ပကတူ , ဝတ္ထု , ပစ္ဆာ–မျိုးတို့ကို ဟောပါတယ်။ သဟာမျိုးနှင့်ရုပ်မျိုး နှစ်မျိုးကို မဟောပါဘူး။

**ဆောင်။** ။အာနံ ပကတူ၊ ဝတ်ပစ်ဟူ၊ ငါးဆူ ပကိဏ်းဟော။
သဟာတဲ့မျိုး၊ ရုပ်နှစ်မျိုး၊ သုံးမျိုး သူမဟော။

### ဟောအပ်သော ပစ္စည်းများ

အာ၊ မိ၊ အနံ၊ သနံ၊ နိ၊ ဥ၊ ပု၊ ပစ်၊ သေ၊ ကံ၊ ဣ္န၊ ဝိပ်၊ အတ်၊ နတ်၊ ဝိ၊ အ=၁၆။

သဟာမျိုးကို မဟောသောကြောင့် သဟာမျိုးသာဝင်သည့် ပစ္စည်းများကို မဟောပါဘူး၊ အဲဒီ ပစ္စည်းတွေက– ဟေ၊ သဟ၊ အည၊ ဝိပါ၊ ဈာ၊ မဂ်၊ သံ၊ ပေါင်း ၇–ပစ္စည်းဖြစ်ပါတယ်။

အာဟာရက သဟာမျိုးဝင်သာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဟောသင့်တဲ့ပစ္စည်းလို့ ထင်စရာရှိပါတယ်၊ သူ့မျိုးယှက်ရာဖြစ်တဲ့ ရုပ်မျိုးကိုလဲ မဟောသောကြောင့် မဟောသင့်တဲ့ပစ္စည်း ဖြစ်သွားပါတယ်၊ ဆိုလိုတာက ဒီပကိဏ္ဏကဃဋနာမှာ

http://www.dhammadownload.com



အာဟာရပါတဲ့ သဟမျိုး ရုပ်မျိုး နှစ်မျိုးလုံးကို မဟောသောကြောင့် အာဟာရ ပစ္စည်းကို ဟောတော်မမူဘူးလို့ ဆိုလိုပါတယ်။

ဒါဟာ ပကိဏ္ဏကဃဋနာဟောဖို့အတွက် အခြေခံပါပဲ၊ ဒီအခြေခံကို ပိုင်ပိုင် နိုင်နိုင် နားလည်ထားရမယ်၊ မှတ်မိနေရမယ်။

**၁။ အာရမ္မဏ။** ။ကဲ–အာရမ္မဏကိုဟောရန် စဉ်းစားကြစို့။

အာရမ္မဏဟာ အာရမ်မျိုးမှာသာရှိတယ်၊ အာရမ်မျိုးမှာ သူကခေါင်းဆောင် ဖြစ်တယ်၊ အာရမ်မျိုးဝင်ပစ္စည်းအားလုံးနဲ့ သူပြိုင်နိုင်တယ်၊ ပြိုင်တဲ့အခါမှာ ပစ္စည်းအားလုံးနဲ့ တစ်ခါတည်း တစ်ပြိုလုံး ပြိုင်လို့မဖြစ်ဘူး၊ "ဃဋနာ"ဆိုတဲ့ အတိုင်း အုပ်စုဖွဲ့ပြိုင်ရမယ်။

အာရမ်မျိုးသုဒ္ဓသင်္ချာမှာ အုပ်စု ၆–ခုရှိတယ်၊ အဲဒီ ၆–အုပ်စုလုံးကို အာရမ္မဏက ပြိုင်နိုင်တယ်၊ သို့ရာတွင် ၁–နံပါတ်အုပ်စုမှာ သူတစ်ပစ္စည်းထဲမို့ ပြိုင်ဘက်မရှိဘူး၊ အဲဒီတော့ ကျန် ၅–အုပ်စုနဲ့သာ ပြိုင်ရမယ်၊ ကဲ–ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

အာရမ္မဏကို ၁–အာဓိ
၂–အာပု ၄–အာပုဓိ
၃–ဝတ္ထာ ၅–ဝတ္ထာဓိ–တို့နဲ့ သုဒ္ဓသင်္ချာလာ

အတိုင်း တစ်ချက်စီ တစ်ချက်စီ ပြိုင်လိုက်လျှင် ရသင့်သည့်ပစ္စည်းရေနှင့် သင်္ချာ များဟာ တိကျစွာထွက်ပေါ်လာပါတယ်။

**ဃဋနာအမည်။** ။ဃဋနာအချက်ပေါင်း ၅–ချက်ဖြစ်ပါတယ်၊ အဲဒီ ဃဋနာ ၅–ချက်အမည်ကို အရကောက်ဆရာကြီးက ပစ္စည်း အတိုးအဆုတ်ကို ကြည့်ပြီး နာမည်ပေးထားပါတယ်၊ ဒါပေမယ့် ပေရေးအဆက်ဆက် ပုံနှိပ် အဆက်ဆက်ကြောင့်နဲ့တူတယ်၊ အဲဒီနာမည်တွေဟာ မူသေကိုင်လို့မရတဲ့အနေ အထားရှိနေပါတယ်၊ ရှုပ်ထွေးတဲ့သဘော ရှိနေပါတယ်၊ ဒါ့ကြောင့် ၁–အာဓိ ဃဋနာ၊ ၂–အာပုဃဋနာ၊ ၃–ဝတ္ထာဃဋနာ၊ ၄–အာပုဓိဃဋနာ၊ ၅–ဝတ္ထာဓိ ဃဋနာလို့သာ လွယ်လွယ်နာမည်ပေးလိုက်ပါတယ်၊ ဒါမှ သိလွယ်တယ်၊ ရှင်း ပါတယ်။

**အမှာ။** ။အထက်ပါ အာရမ္မဏပစ္စည်း၏ ဃဋနာအုပ်စု ယူဆပုံကို သဘောကျအောင် လေ့လာမှတ်သားခဲ့ပါ၊ ဒါမှ နောက်လာမည့် အဓိပတိစသည်တို့၏ ဃဋနာအုပ်စုယူဆပုံကို နားလည်ပါလိမ့်မယ်၊ ပဓာနကတော့ သုဒ္ဓသင်္ချာကို ကိုင်တွယ်တတ်ဖို့ပါပဲ၊ သဘောဉာဏ်သက်ဝင်က နားလည်နိုင်ပါတယ်။

http://www.dhammadownload.com



၂။ **အဓိပတိ**။ ။ကဲ-အဓိပတိကို စဉ်းစားကြစို့။

အဓိပတိဟာ အာရမ်မျိုးမှာသာရှိတယ်၊(သဟမျိုးကို မဟောဘူးနော၊ သတိပြုပါ၊) သဘာဂတုန်းက ၁-အာဓိ၊ ၂-အာပုဓိ၊ ၃-ဝတ္ထာဓိဆိုတဲ့ ၃-အုပ်စုနဲ့ သဘာဂလုပ်ခဲ့တယ်၊ အဲဒီ ၃-အုပ်စုသည်ပင် ဒီမှာဃဋနာလာဖြစ်ပါတယ်၊ ကဲ-ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

အဓိပတိကို ၁-အာဓိ

၂-အာပုဓိ ၃-ဝတ္ထာဓိ

တို့နဲ့ သုဒ္ဓသင်္ချာလာအတိုင်း တစ်ချက်စီ တစ်ချက်စီ ပြိုင်လိုက်လျှင် ရသင့်သည့် ပစ္စည်းရေနှင့် သင်္ချာများဟာ တိကျစွာထွက်ပေါ်လာပါတယ်၊ ဃဋနာအချက်ပေါင်း ၃-ချက်ဖြစ်ပါတယ်၊ ၁-အာဓိဃဋနာ၊ ၂-အာပုဓိဃဋနာ၊ ၃-ဝတ္ထာဓိဃဋနာလို့ အုပ်စုအမည်ဖြင့်သာ လွယ်လွယ်နာမည်ပေးလိုက်ပါ။

၃-၄။ **အနန္တရ၊ သမနန္တရ**။ ။ကဲ-အနန္တရကို စဉ်းစားကြစို့။

အနန္တရဟာ အနန္တရမျိုးမှာ ခေါင်းဆောင်ပဲ၊ အနန္တရမျိုးသုဒ္ဓသင်္ချာမှာ ၃-အုပ်စုရှိတယ်၊ ၁-အနံ၊ ၂-အာသေ၊ ၃-အနံကံ၊ အနန္တရဟာ မျိုးခေါင်းဆောင်ဖြစ်တဲ့အတွက် ၃-အုပ်စုလုံးနဲ့ပြိုင်နိုင်တယ်၊ သဘာဂတုန်းကလဲ ၃-အုပ်စုလုံးနဲ့ လုပ်ခဲ့တာပဲ၊ အခုလဲ အဲဒီအတိုင်းပြိုင်ပါ၊ ဃဋနာအမည်များကိုလဲ အနံဃဋနာ, အာသေဃဋနာ, အနံကံဃဋနာ-လို့ အုပ်စုအမည်အတိုင်းပေးပါ၊ အနန္တရပြီးလျှင် သမနန္တရလဲ ကိစ္စပြီးတာပါပဲ။

၅။ **နိဿယ**။ ။ကဲ-နိဿယကို စဉ်းစားကြစို့။

နိဿယဟာ အာရမ်မျိုးမှာရှိတယ်၊ ဝတ္ထုမျိုးမှာရှိတယ်၊ ဒီလိုရှိပုံကို သုဒ္ဓသင်္ချာကို အာရုံပြုသိပါ၊ အာရမ်မျိုးမှာ ဘယ်အုပ်စုထဲကလဲ၊ ဝတ္ထာအုပ်စုထဲက၊ ဝတ္ထာအုပ်စုဆိုလျှင် သဘာဂသဘောအရ ၁-ဝတ္ထာ၊ ၂-ဝတ္ထာဓိတို့နဲ့ ၂-အုပ်စု ခွဲပြီး ပြိုင်ရမယ်၊ တစ်ချက် မှတ်ခဲ့ပါ။

နောက်တစ်ချက်က ဝတ္ထုမျိုး၊ ဝတ္ထုမျိုးမှာ သူကခေါင်းဆောင်၊ ဒါ့ကြောင့် ၁-ဝတ်ပု၊ ၂-ပုတိ လို့ဆိုတဲ့ ၂-အုပ်စုနဲ့ပြိုင်ရမယ်၊ အဲဒီတော့ အာရမ်မျိုးက ၂-အုပ်စု၊ ဝတ္ထုမျိုးက ၂-အုပ်စု၊ ပေါင်း ၄-ချက်ပြိုင်ရမယ်၊ ကဲ-ဃဋနာသဘောအရ တရားအရများတာကစပြီး ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

http://www.dhammadownload.com



| | | |
|---|---|---|
| နိဿယကို | ၁-ဝတ်ပု | ၃-ဝတ္ထာမိ |
| | ၂-ဝတ္ထာ | ၄-ပုတိ |

ဆိုတဲ့ ၄-အုပ်စုနဲ့ပြိုင်ပါ။ ဝတ်ပုဃဋနာ, ဝတ္ထာဃဋနာ, ဝတ္ထာမိဃဋနာ, ပုတိ ဃဋနာ-လို့ အုပ်စုအတိုင်း ဃဋနာအမည်ပေးပါ။

**၆။ ဥပနိဿယ။** ။ကဲ-ဥပနိဿယကို စဉ်းစားကြစို့။

ဥပနိဿယဟာ အာရမ်မျိုးမှာရှိတယ်၊ အနံမျိုးမှာရှိတယ်၊ ပကတူမျိုးမှာ ရှိတယ်၊ ဒီလိုရှိပုံကို သုဒ္ဓသင်္ချာကို အာရုံပြုသိပါ၊ အာရမ်မျိုးမှာ ဘယ်အုပ်စုထဲကလဲ၊ အာမိအုပ်စုထဲက၊ ဒါ့ကြောင့် သဘာဂသဘောအရ ၁-အာမိ၊ ၂-အာပုမိ၊ ၃-ဝတ္ထာမိတို့နဲ့ ၃-အုပ်စုခွဲပြီး ပြိုင်ရမယ်၊ တစ်ချက်မှတ်ခဲ့ပါ။

နောက်တစ်ချက်က အနံမျိုးမှာ ၃-အုပ်စုခွဲပြီးပြိုင်ရမယ်ဆိုတာ သိလောက်, သဘောပေါက်လောက်ပါပြီ။

နောက်တစ်ချက်က ပကတူမျိုး၊ ပကတူမှာ ၂-အုပ်စုရှိတယ်၊ ဒါပေမယ့် ၂-အုပ်စုလုံးနဲ့ ပြိုင်လို့မဖြစ်ဘူး၊ သူကခေါင်းဆောင်၊ နောက်လိုက်က ကမ္မ၊ ၂-ပစ္စည်းသာရှိတယ်၊ ခေါင်းဆောင်ရတရားကို နောက်လိုက်က လိုက်မပြိုင်နိုင်ဘူး၊ ဒါ့ကြောင့် နာနာကံတစ်အုပ်စုသာရတယ်၊ အဲဒီတော့ အာရမ်မျိုးက ၃-ချက်၊ အနံမျိုးက ၃-ချက်၊ ပကတူက တစ်ချက်၊ ပေါင်း ၇-ချက်ပြိုင်ရမယ်၊ ကဲ-ဃဋနာသဘောအရ တရားအရ များတာကစပြီး ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

| | | |
|---|---|---|
| ဥပနိဿယကို | ၁-အာမိ | |
| | ၂-အာပုမိ | ၅-အာသေ |
| | ၃-ဝတ္ထာမိ | ၆-ပကတူကံ |
| | ၄-အနံ | ၇-အနံကံ |

ဆိုတဲ့ ၇-အုပ်စုနဲ့ပြိုင်ပါ၊ အာမိဃဋနာ, အာပုမိဃဋနာစသည်ဖြင့် အုပ်စုအတိုင်း ဃဋနာအမည်ပေးပါ။

**၇။ ပုရေဇာတ။** ။ကဲ-ပုရေဇာတကို စဉ်းစားကြစို့။

ပုရေဇာတဟာ အာရမ်မျိုးမှာရှိတယ်၊ ဝတ္ထုမျိုးမှာရှိတယ်၊ ဒီလိုရှိပုံကို သုဒ္ဓ သင်္ချာကို အာရုံပြုသိပါ၊ အာရမ်မျိုးမှာ ဘယ်အုပ်စုထဲကလဲ၊ အာပုနဲ့ဝတ္ထာအုပ်စု ထဲက၊ ဒါ့ကြောင့် သဘာဂသဘောအရ ၁-အာပု၊ ၂-ဝတ္ထာ၊ ၃-အာပုမိ၊ ၄-ဝတ္ထာမိတို့နဲ့ ၄-အုပ်စုခွဲပြီး ပြိုင်ရမယ်၊ တစ်ချက်မှတ်ခဲ့ပါ။

http://www.dhammadownload.com



နောက်တစ်ချက်က ဝတ္ထုမျိုး၊ ဝတ္ထုမျိုးမှာ သူကခေါင်းဆောင်ထဲက ဖြစ်တယ်၊ ဒါ့ကြောင့် ၁–ဝတ်ပု၊ ၂–ပုတိ ဆိုတဲ့ ၂–အုပ်စုနဲ့ပြိုင်ရမယ်၊ အဲဒီတော့ အာရမ်မျိုးက ၄–အုပ်စု၊ ဝတ္ထုမျိုးက ၂–အုပ်စု၊ ပေါင်း ၆–အုပ်စုရသွားပြီ။

ဒီမှာ တစ်ချက်မှတ်ဖို့က အာပုကလဲ အတ္ထိ အဝိဂတ ၂–ဖက်ရ၊ ဝတ်ပုကလဲ အတ္ထိ အဝိဂတ ၂–ဖက်ရ၊ ဒါ့ကြောင့် အာပု, ဝတ်ပု ၂–ခုတွဲပြီး အတ္ထိ အဝိဂတ နှစ်ပစ္စည်းနဲ့ သီးသန့်တစ်ချက်ပြိုင်ရမယ်၊ ကဲ–ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

| | | |
|---|---|---|
| ပုရေဇာတကို | ၁–အာပု၊ ဝတ်ပု | |
| | ၂–ဝတ်ပု | ၅–အာပုမိ |
| | ၃–အာပု | ၆–ဝတ္ထာမိ |
| | ၄–ဝတ္ထာ | ၇–ပုတိ |

ဆိုတဲ့ ၇–အုပ်စုနဲ့ပြိုင်ပါ၊ အာပုဝတ်ပုဃဋနာ, ဝတ်ပုဃဋနာစသည်ဖြင့် အုပ်စု အတိုင်း ဃဋနာအမည်ပေးပါ။

**၈။ ပစ္ဆာဇာတ။** ။ကဲ–ပစ္ဆာဇာတကို စဉ်းစားကြစို့။

ပစ္ဆာဇာတဟာ ပစ္ဆာမျိုးထဲမှာသာရှိပါတယ်၊ ပစ္ဆာမျိုးမှာလဲ တစ်အုပ်စုသာ ရှိတယ်၊ ဒါ့ကြောင့် သုဒ္ဓသင်္ချာ အရှိအတိုင်းဆိုပြီး ပြိုင်လိုက်ရုံပါပဲ၊ ဃဋနာ တစ်ချက်သာ ရပါတယ်၊ နာမည်ပေးဖို့ မလိုတော့ပါဘူး။

**၉။ အာသေဝန။** ။ကဲ–အာသေဝနကို စဉ်းစားကြစို့။

အာသေဝနဟာ အနံမျိုးထဲမှာသာရှိတယ်၊ သဘာဂသဘောအရ ကမ္မမလိုက် နိုင်ဘူး၊ ဒါ့ကြောင့် သူ့သုဒ္ဓသင်္ချာဆိုပြီး ခေါင်းဆောင် ၅–ပစ္စည်းနဲ့ တစ်ချက်ထဲ ပြိုင်လိုက်ရုံပါပဲ၊ နာမည်ပေးဖို့ မလိုတော့ဘူး။

**၁၀။ ကမ္မ။** ။ကဲ–ကမ္မကို စဉ်းစားကြစို့။

ကမ္မဟာ အနံမျိုး, ပကတူမျိုး ၂–မျိုးမှာရှိတယ်၊ အဲဒီတော့–

၁–ပကတူကံ

၂–အနံကံ

သုဒ္ဓသင်္ချာများကို အသီးသီးဆိုပြီး ဃဋနာ ၂–ချက်ပြိုင်လိုက်ပါ၊ ပကတူကံဃဋနာ, အနံကံဃဋနာလို့အမည်ပေးပါ။

http://www.dhammadownload.com



ဒီမှာ စဉ်းစားစရာတစ်ခုက ဗလဝဒုဗ္ဗလနာနာကံမျိုးဖြစ်တယ်၊ အဲဒီမျိုးမှာ ကမ္မတစ်ပစ္စည်းသာရှိတယ်၊ ပြိုင်ဖက်ပစ္စည်း မရှိဘူး၊ ဒါ့ကြောင့် ဗလဝဒုဗ္ဗလနာနာကံ တရားတွေကို ဈာနလုပ်ဖို့ မလိုတော့ဘူး။

**၁၁။ ဣန္ဒြိယ။** ။ကဲ-ဣန္ဒြိယကို စဉ်းစားကြစို့။

ဣန္ဒြိယဟာ ဝတ္ထုမျိုးမှာရှိတယ်၊ ဝတ္ထုမျိုးမှာ သူကခေါင်းဆောင် မဟုတ်ဘူး၊ နောက်လိုက်ဖြစ်တယ်၊ ဒါ့ကြောင့် ပုတိ သုဒ္ဓသင်္ချာအရှိအတိုင်းဆိုပြီး ပြိုင်လိုက်ရုံပါပဲ၊ ဈာနာတစ်ချက်သာရှိပါတယ်၊ နာမည်ပေးဖို့ မလိုတော့ဘူး။ [သဟာတိ, ပုတိ, ရူပတိ-လို့ ၃-မျိုးရှိတဲ့အနက် သဟမျိုးနဲ့ ရူပတိမျိုးကို ဒီဈာနာမှာ မဟောလေတော့ ပုတိတစ်မျိုးသာ ရပါတယ်။]

**၁၂။ ဝိပ္ပယုတ္တ။** ။ကဲ-ဝိပ္ပယုတ္တကို စဉ်းစားကြစို့။

ဝိပ္ပယုတ္တဟာ အာရမ်မျိုး, ဝတ္ထုမျိုး, ပစ္ဆာမျိုး ၃-မျိုးမှာရှိတယ်၊ အာရမ်မျိုးမှာ ဘယ်အုပ်စုထဲကလဲ၊ ဝတ္ထာအုပ်စုထဲက၊ ဒါ့ကြောင့် သဘာဂသဘောအရ ၁-ဝတ္ထာ၊ ၂-ဝတ္ထာမိတို့နဲ့ ၂-အုပ်စုခွဲပြီး ပြိုင်ရမယ်၊ တစ်ချက်မှတ်ခဲ့ပါ။

ဝတ္ထုမျိုးမှာ သူကခေါင်းဆောင်ထဲကဖြစ်တယ်၊ ဒါ့ကြောင့် ၂-အုပ်စုခွဲပြီး ပြိုင်ရမယ်ဆိုတာ သိလောက်ပါပြီ၊ ပစ္ဆာမျိုးမှာတော့ အထူးပြောဖို့တောင် မလိုတော့ပါဘူး၊ အဲဒီတော့ အာရမ်မျိုးက ၂-အုပ်စု၊ ဝတ္ထုမျိုးက ၂-အုပ်စု၊ ပစ္ဆာမျိုးက တစ်အုပ်စု၊ ပေါင်း ၅-အုပ်စုနဲ့ပြိုင်ပါ၊ ကဲ-ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

| | | |
|---|---|---|
| ဝိပ္ပယုတ္တကို | ၁-ပစ္ဆာ | |
| | ၂-ဝတ်ပု | ၄-ဝတ္ထာမိ |
| | ၃-ဝတ္ထာ | ၅-ပုတိ |

ဆိုတဲ့ ၅-အုပ်စုနဲ့ပြိုင်ပါ၊ ပစ္ဆာဈာနာ, ဝတ်ပုဈာနာစသည်ဖြင့် အုပ်စု အတိုင်းဈာနာအမည်ပေးပါ။

**၁၃-၁၄။ အတ္ထိ အဝိဂတ။** ။ကဲ-အတ္ထိကို စဉ်းစားကြစို့။

အတ္ထိဟာ အာရမ်မျိုး, ဝတ္ထုမျိုး, ပစ္ဆာမျိုး ၃-မျိုးမှာရှိတယ်၊ အာရမ်မျိုးမှာ ဘယ်အုပ်စုထဲကလဲ၊ အာပုနဲ့ဝတ္ထာ အုပ်စုထဲကဖြစ်တယ်၊ ဒါ့ကြောင့် သဘာဂ သဘောအရ ၁-အာပု၊ ၂-ဝတ္ထာ၊ ၃-အာပုမိ၊ ၄-ဝတ္ထာမိတို့နဲ့ ၄-အုပ်စုခွဲပြီး ပြိုင်ရမယ်။

http://www.dhammadownload.com



ဝတ္ထုမျိုးမှာ သူကခေါင်းဆောင်ဖြစ်တဲ့အတွက် ၂–အုပ်စုခွဲပြီးပြိုင်ရမယ်၊ ပစ္ဆာမျိုးမှာတော့ အထူးပြောဖို့တောင် မလိုတော့ပါဘူး၊ အဲဒီတော့ အာရမ်မျိုးက ၄–အုပ်စု၊ ဝတ္ထုမျိုးက ၂–အုပ်စု၊ ပစ္ဆာမျိုးက တစ်အုပ်စု၊ ပေါင်း ၇–အုပ်စုရသွားပြီ၊ ဒီမှာ တစ်ချက်မှတ်ဖို့က ပုရေဇာတတုန်းကလို အာပု ဝတ်ပုနှစ်ခုတွဲပြီး အတ္ထိ အဝိဂတနှစ်ပစ္စည်းနဲ့ သီးသန့်တစ်ချက် ပြိုင်သေးတယ်၊ အားလုံး ၈–ချက်ပေါ့၊ ကဲ–ဃဋနာသဘောအရ တရားအရများတာကစပြီး ပြိုင်ကြရအောင်၊ သုဒ္ဓသင်္ချာကို အာရုံပြု။

| | | |
|---|---|---|
| အတ္ထိကို | ၁–ပစ္ဆာ | ၅–ဝတ္ထာ |
| | ၂–အာပု , ဝတ်ပု | ၆–အာပုခိ |
| | ၃–ဝတ်ပု | ၇–ဝတ္ထာခိ |
| | ၄–အာပု | ၈–ပုတိ |

ဆိုတဲ့ ၈–အုပ်စုနဲ့ပြိုင်ပါ၊ ပစ္ဆာဃဋနာ , အာပုဝတ်ပုဃဋနာစသည်ဖြင့် အုပ်စုအတိုင်း ဃဋနာအမည်ပေးပါ။ အတ္ထိကိုနားလည်လျှင် အဝိဂတလဲ ကိစ္စပြီးတော့တာပါပဲ။

**၁၅–၁၆။ နတ္ထိ ဝိဂတ။** ။ကဲ–နောက်ပိတ်ဆုံးဖြစ်တဲ့ နတ္ထိ ဝိဂတတို့ကို စဉ်းစားကြစို့။

နတ္ထိဝိဂတတို့ဟာ အနန္တရမျိုးထဲမှာသာရှိတယ်၊ ပြီးတော့ ခေါင်းဆောင်တွေလဲ ဖြစ်တယ်၊ အနန္တရ , သမနန္တရတို့နဲ့ အတူတူပါပဲ၊ ဒါ့ကြောင့် အနန္တရတုန်းက ပြိုင်ခဲ့တဲ့အတိုင်း တထေရာထဲပြိုင်ပါ။

အဲဒီတော့ ဃဋနာတွေကိုပေါင်းလိုက်လျှင် အာရမ္မဏနဲ့ဝိပ္ပယုတ္တက ၅–ချက်စီ၊ အဓိပတိ , အနန္တရ , သမနန္တရ , နတ္ထိ , ဝိဂတတို့က ၃–ချက်စီ၊ ကမ္မက ၂–ချက်၊ နိဿယက ၄–ချက်၊ ဥပနိဿယနဲ့ပုရေဇာတက ၇–ချက်စီ၊ ပစ္ဆာဇာတ , အာသေဝန , ဣန္ဒြိယတို့က တစ်ချက်စီ၊ အတ္ထိနဲ့အဝိဂတတို့က ၈–ချက်စီ၊ အားလုံးပေါင်း ၆၄–ချက်ရှိပါတယ်။

အဲ... ပကိဏ္ဏကဃဋနာပြီးပါပြီ၊ အစက အခြေခံမှုအဖြစ် တည်ပေးထားခဲ့တဲ့ ဆောင်ပုဒ်လေးတွေကို ညီညီညာညာ ပြိုင်တူရွတ်လိုက်ကြစမ်းပါ။

\+ + + + +

http://www.dhammadownload.com



## ၃။ သဟဇာတဃဋနာ (၃၁၂) ချက်

**ဆောင်။** ။အဝိပါကာ ဝိပါကတဲ့၊ ခွဲစိတ်မှတ်ကြ ရှေးဦးစွာ။
သဗ္ဗအဉ်သံ ဝိပ္ပယောနှင့်၊ အဉ်ဝိပ္ပယော ငါးစီလာ။
သဟကြီးမှာ ဆယ်ဖြာရလို့၊ လတ်မှာမည့်မျှ ပါလေရာ။
"ဝိ"မသုံးသပ် ဟောကြားလတ်၊ ခေါ်မှတ် အဝိပါ။
အဲ... ဒါက ကြီးလတ်သဟ သတ်ပဋ္ဌ ဃဋနာ။ **(ပန်းကုံး)**
တစ်ဆယ်ရ ညီအမျှ ကြီးလေးတွင်၊
ညခြောက်သာ ဝိပါကမှာ၊ ငါးမျှသာပင်။
နှစ်ပါးရ သမ္ပတွင်၊ ပြိုင်စေချင် ဝိပ်လေး၊
ကြီးလတ်မှာ သတ်ပဋ္ဌာ သင်္ချာထွက်အောင်၊
ပေါင်းဖက် စစ်ဆေး။ **(ပန်းကုံး)**

သဟဇာတဃဋနာက မရှုပ်ထွေးလှပါဘူး၊ သဟမျိုးတစ်ခုထဲမှာသာ ကြည့်ရမယ်၊ သဟမျိုးသဘာဂကို နားလည်သဘောပေါက်ထားလျှင် မခက်ပါဘူး၊ ဟောအပ်တဲ့ပစ္စည်းများက သဟမျိုး ၁၅-ပစ္စည်းပါပဲ။

**နှစ်မျိုးခွဲပြိုင်။** ။သဟဇာတဃဋနာကို ပြိုင်တဲ့အခါမှာ (က)သဟကြီးလတ်ဃဋနာ၊ (ခ)သဟငယ်ဃဋနာလို့ နှစ်ပိုင်းခွဲပြိုင်ရလိမ့်မယ်၊ သဟကြီးလတ်ဃဋနာက ၅၇-ချက်ရှိတယ်၊ သဟငယ်ဃဋနာက ၂၅၅-ချက်ရှိတယ်၊ အဲဒီတော့ သဟမျိုးသုဒ္ဓသင်္ချာနဲ့ သဟမျိုးသဘာဂကို အထူးဂရုစိုက် အာရုံပြုထားပါ။

## (က)သဟကြီးလတ် ဃဋနာ (၅၇) ချက်

**အုပ်စုဖွဲ့ပုံ။** ။သဟကြီးလတ်မှာ သုဒ္ဓသင်္ချာ ၅-အုပ်စုရှိတယ်၊ ၁-သဟကြီး၊ ၂-အညမည၊ ၃-ဝိပါက၊ ၄-သမ္ပယုတ္တ၊ ၅-ဝိပ္ပယုတ္တ၊ ပြီးတော့ ဒီ သဟကြီးလတ်ဃဋနာမှာ အဝိပါက, သဝိပါကလို့ နှစ်မျိုးခွဲဟောတယ်၊ အဝိပါက ၅-ချက်၊ သဝိပါက ၅-ချက်၊ ပေါင်း ၁၀-ချက်၊ ဒါကို နားလည်အောင် ပထမလေ့လာကြရမယ်။

**အဝိပါက ၅-ချက်။** ။အဝိပါက ၅-ချက်ဖြစ်လာပုံကို စဉ်းစားကြစို့၊ သုဒ္ဓသင်္ချာကို အာရုံပြုပါ၊ "အဝိပါက"လို့ဆိုတဲ့အတွက် သုဒ္ဓသင်္ချာ ၅-အုပ်စုရှိတဲ့အနက် ဝိပါကကိုဖြုတ်ပစ်ရမယ်၊ အုပ်စု ၄-ခုပဲကျန်တယ်၊ ဆက်ကြည့်ပါ။

http://www.dhammadownload.com



| | |
|---|---|
| ၁–သဟကြီး | ၃–သမ္ပယုတ္တ |
| ၂–အညမည | ၄–ဝိပ္ပယုတ္တ |

ဒီလို ၄–အုပ်စုရှိတဲ့အနက် သမ္ပယုတ္တနဲ့ဝိပ္ပယုတ္တဟာ အချင်းချင်း သဘာဂ မဖြစ်ဘူး၊ အညမညကတော့ သမ္ပယုတ္တဝိပ္ပယုတ္တနှစ်ပါးလုံးနဲ့ သဘာဂဖြစ်တယ်၊ ဒါ့ကြောင့် "အဉ်သံ၊ အဉ်ဝိပ်"လို့ နှစ်အုပ်စုဖွဲ့နိုင်တယ်၊ ဒါပေမယ့် "အဉ်သံ" အုပ်စုကို ယူဖို့မလိုတော့ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ၃–နံပါတ် သမ္ပယုတ္တ အုပ်စုနဲ့ တရားရတူတဲ့အတွက်ကြောင့်ပါပဲ၊ ဒါ့ကြောင့် "အဉ်ဝိပ်" တစ်အုပ်စု ကိုသာယူပါ။

ဒီမှာ သံရတိုင်း အညရပါတယ်၊ အညရတိုင်း သံမရပါဘူး၊ သံက အရ နည်းတယ်မဟုတ်လား၊ ဒါ့ကြောင့် ၃–နံပါတ်သမ္ပယုတ္တကို (အညပါ ပါဝင်နိုင်လို့) "သအညမညသမ္ပယုတ္တဃဋနာ"လို့ နာမည်ပေးပါလိမ့်မယ်၊ အဲဒီတော့– (၁)သဟကြီး၊ (၂)အညမည၊ (၃)သမ္ပယုတ္တ၊ (၄)သဟဝိပ်၊ (၅)အဉ်ဝိပ်၊ ဒီလို ၅–အုပ်စုဖြစ်လာပါတယ်။

**သဝိပါက ၅–ချက်။** ။သဝိပါက ၅–ချက်ဖြစ်လာပုံကို စဉ်းစား ကြစို့၊ "သဝိပါက"လို့ ဆိုတဲ့အတွက် ဃဋနာအုပ်စုတိုင်းဟာ ဝိပါကနဲ့သဘာဂဖြစ်တဲ့ အုပ်စုတွေသာဖြစ်ရမယ်၊ အဝိပါကတုန်းက တည်ပြခဲ့တဲ့ ၅–အုပ်စုထဲမှာ ဝိပါက ထည့်ပေးရမယ်၊ အဲဒီလိုထည့်ပေးလိုက်လျှင်– (၁)ဝိပါက၊ (၂)ဝိအဉ်၊ (၃)ဝိသံ၊ (၄)ဝိဝိပ်၊ (၅)ဝိအဉ်ဝိပ်၊ ဒီလို ၅–အုပ်စု ဖြစ်လာပါတယ်၊ ကဲ–အဝိပါက, သဝိပါက ၅–အုပ်စုနှစ်ခုကို ယှဉ်ပြပါမယ်။

| **အဝိပါက ၅–ချက်** | **သဝိပါက ၅–ချက်** |
|---|---|
| (၁) သဟကြီး | (၁) ဝိပါက |
| (၂) အညမည | (၂) ဝိအဉ် |
| (၃) သမ္ပယုတ္တ | (၃) ဝိသံ |
| (၄) သဟဝိပ် | (၄) ဝိဝိပ် |
| (၅) အဉ်ဝိပ် | (၅) ဝိအဉ်ဝိပ် |

အထက်ပါအတိုင်း အဝိပါက ၅–ချက်, သဝိပါက ၅–ချက်ဖြစ်ပုံကို သဘော ပေါက်သည်အထိ လေ့လာပါ၊ သဘာဂကို ဆုပ်ကိုင်ထားပါ၊ ဒါမှ ဃဋနာတွဲစပ် တဲ့အခါ သဘောကျပါလိမ့်မယ်၊ ဒီသဟကြီးလတ် ဃဋနာမှာ ဟောအပ်တဲ့ ပစ္စည်းတွေကတော့ သဟကြီးလတ် ၈–ပစ္စည်းပါပဲ၊ ကိုင်း–ဖြိုင်ကြရအောင်။

http://www.dhammadownload.com



## အဝိပါက ၅-ချက်

**(၁) သဟကြီး။** ။သဟကြီး သုဒ္ဓသချိုး၊ သဟကြီး ၄-ပစ္စည်းသာ ပြိုင်နိုင်ပါတယ်၊ သဗ္ဗဋ္ဌာနိကဃဋနာ၊ သချိုး-နဝ။

**(၂) အညမည။** ။အညမည သုဒ္ဓသချိုး၊ အညနဲ့ သဟကြီး ၄၊ ပေါင်း ၅-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သအညမညဃဋနာ၊ သချိုး-တီဏိ။

**(၃) သမ္ပယုတ္တ။** ။သမ္ပယုတ္တသုဒ္ဓသချိုး၊ သမ္ပယုတ္တ, သဟကြီး ၄, အည၊ ပေါင်း ၆-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သအညမညသမ္ပယုတ္တဃဋနာ၊ သချိုး-တီဏိ။

**(၄) ဝိပ္ပယုတ္တ။** ။သဟဝိပ်သုဒ္ဓသချိုး၊ ဝိပ္ပယုတ္တနဲ့ သဟကြီး ၄၊ ပေါင်း ၅-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သဝိပ္ပယုတ္တဃဋနာ၊ သချိုး-တီဏိ။

**(၅) အဥ်ဝိပ်။** ။အဥ် + ဝိပ် (သဘာဂ) သုဒ္ဓသချိုး၊ အညမည, ဝိပ္ပယုတ္တ, သဟကြီး ၄၊ ပေါင်း ၆-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သအညမညဝိပ္ပယုတ္တဃဋနာ၊ သချိုး-ဧကံ။

+ + + + +

## သဝိပါက ၅-ချက်

**(၁) ဝိပါက။** ။ဝိပါကသုဒ္ဓသချိုး၊ ဝိပါကနဲ့ သဟကြီး ၄၊ ပေါင်း ၅-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သဗ္ဗဋ္ဌာနိကဃဋနာ၊ သချိုး-ဧကံ။

**(၂) ဝိအဥ်။** ။ဝိ + အဥ် (သဘာဂ) သုဒ္ဓသချိုး၊ ဝိပါက, အညမည, သဟကြီး ၄၊ ပေါင်း ၆-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သအညမညဃဋနာ၊ သချိုး-ဧကံ။

**(၃) ဝိသံ။** ။ဝိ + သံ (သဘာဂ) သုဒ္ဓသချိုး၊ ဝိပါက, အညမည, သမ္ပယုတ္တ, သဟကြီး ၄၊ ပေါင်း ၇-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သအညမညသမ္ပယုတ္တဃဋနာ၊ သချိုး-ဧကံ။

**(၄) ဝိဝိပ်။** ။ဝိ + ဝိပ် (သဘာဂ) သုဒ္ဓသချိုး၊ ဝိပါက, ဝိပ္ပယုတ္တ, သဟကြီး ၄၊ ပေါင်း ၆-ပစ္စည်းပြိုင်နိုင်ပါတယ်၊ သဝိပ္ပယုတ္တဃဋနာ။ သချိုး-ဧကံ။

http://www.dhammadownload.com



**(၅) ဝိအဉ်ဝိပ်။** ။ဝိ + အဉ် + ဝိပ် (သဘာဂ) သုဒ္ဓသချာ၊ ဝိပါက, အညမည, ဝိပ္ပယုတ္တ, သဟဇာတ ၄၊ ပေါင်း ၇–ပစ္စည်း ပြိုင်နိုင်ပါတယ်၊ သအညမညဝိပ္ပယုတ္တဃဋနာ၊ သချာ–ဇော်။

ဒါဟာ သဟဇာတလတ်ဃဋနာပါပဲ၊ အထက်ပါပြိုင်ခဲ့တဲ့ ရှင်းလင်းချက်ကို ကြည့်လိုက်လျှင် သဟဇာတ ၄–ပစ္စည်းက ၁၀–ချက်လုံး၊ အညက ၆–ချက်၊ ဝိပါကက (သဝိပါက) ၅–ချက်၊ သမ္ပယုတ္တက ၂–ချက်၊ ဝိပ္ပယုတ္တက ၄–ချက်၊ ဒီလို အသီးသီးပြိုင်နိုင်တာကို တွေ့ရမယ်၊ အားလုံး သဟဇာတလတ်ဃဋနာပေါင်း ၅၇–ချက်ရပါတယ်။

အဲဒီတော့ သဘောသဘာဝကို ပိုင်ပိုင်နိုင်နိုင်နဲ့ အဲဒီ ၅၇–ချက်ကို ဖြိုင်ဖြိုင် ကြီးပြိုင်လိုက်စမ်းပါ။

\+ + + + +

## (ခ) သဟယေ်ဃဋနာ (၂၅၅) ချက်

**ဆောင်။** ။ဟေဟာဏ္ဍံရျာ၊ မဂ္ဂမှာ၊ ပြိုင်ပါ သာမည။
အဓိ ခြောက်ပါး၊ ကြွင်း ကိုးပါး၊ ပိုင်းခြား မှတ်လေကြ။
အဓိဟေတု၊ စတုဝီသ၊ ကမ္မ ကိုးသာ၊ အာဟာ တေတ္တိံ၊
ဒွါသတ် ဣန္ဒြိ၊ ဆတ္တိံ ဈာနာ၊ ဃဋနာ၊ မဂ်မှာ သတ်ပဉ္စ။
သာမဉ် စရှိ၊ သတ္တသိ၊ တီဏိ ဧေ–လျော်စွာပ။
အမော ပညာ၊ ဝီမံသာ၊ စတ္တာ ဒွေ ဧေ။ (ပန်းကုံး)

**ပစ္စည်းနှင့်အုပ်စု။** ။သဟယေ်ဃဋနာမှာ ဟောတဲ့ပစ္စည်းများကတော့ ဟေ, ဓိ, ကံ, ဟာ, ဣံ, ဈာ, မဂ်–ဆိုတဲ့ သဟယေ် ၇–ပစ္စည်းပင် ဖြစ်ပါတယ်၊ သဟဇာတလတ်ဃဋနာလိုပဲ “အဝိပါက၊ သဝိပါက”ခွဲပြီး ဟောပါတယ်၊ အဝိပါက ၄–ချက်၊ သဝိပါက ၅–ချက်၊ ပေါင်း ၉–ချက်၊ အခု အဲဒီ ၉–ချက်ဖြစ်ပုံကို ပထမလေ့လာကြရအောင်၊ ဒီ ၉–ချက်ဖြစ်ဖို့အတွက် ကြီးလတ်ပစ္စည်းများကို (သဟယေ်ပစ္စည်းများဝင်နိုင်အောင်) အုပ်စုဖွဲ့ရမယ်၊ ကဲ–အုပ်စုဖွဲ့ကြစို့။

အုပ်စုဖွဲ့ကြစို့ဆိုပေမယ့် နောက်ထပ်သီးသန့် ဖွဲ့ဖို့မလိုပါဘူး၊ သဟဇာတလတ်တုန်းက အုပ်စုတွေပါပဲ၊ အဝိပါက ၅–ချက်ထဲက နောက်ဆုံး (၅) နံပါတ်အုပ်စုကို ဖြုတ်ပစ်တာပဲ ထူးပါတယ်၊ ထပ်ပြီး တည်ပြရသေးတာပေါ့၊ ကဲ–ကြည့်။

http://www.dhammadownload.com



| အဝိပါက ၄–ချက် | ဝိပါက ၅–ချက် |
|---|---|
| (၁) သဟာကြီး | (၁) ဝိပါက |
| (၂) အညမည | (၂) ဝိအဉ် |
| (၃) သမ္ပယုတ္တ | (၃) ဝိသံ |
| (၄) သဟာဝိပ် | (၄) ဝိဝိပ် |
| | (၅) ဝိအဉ်ဝိပ် |

သဟာငယ်ဈာနဆိုတော့ အထက်ပါ ၉–အုပ်စုဟာ သဟာငယ် ၇–ပစ္စည်းနဲ့ သဘာဂဖြစ်ရမယ်၊ သဟာငယ် ၇–ပစ္စည်းနဲ့ ဝင်ဆံ့ရမယ်။ ဈာနအမည်ကိုလဲ သဟာကြီး လတ်မှာ ပေးခဲ့တဲ့အတိုင်း "သဗ္ဗဋ္ဌာနိကဈာန"စသည်ဖြင့် အမည် ပေးပါ။

**အဓိ ၆ပါး၊ ကြွင်း ၉ပါး။** ။ပြီးတော့ နောက်တစ်ချက် မှတ်ရဦးမှာက "အဓိ ၆ပါး၊ ကြွင်း ၉ပါး၊ ပိုင်းခြား မှတ်လေကြ"လို့ ပရိဘာသာပြုခဲ့တဲ့အတိုင်း အဓိပတိမှာ ၉–ချက်လုံး မရဘူး၊ ၆–ချက်သာ ရပါတယ်၊ အဲဒီ ၆–ချက်သာရပုံကို အနုပြောပြပါမယ်၊ ဒါက ဘာမှဆန်းတာ မဟုတ်ပါဘူး၊ (၂) နံပါတ် အညမည, (၃) နံပါတ် သမ္ပယုတ္တတို့ကို အဓိပတိနဲ့ သဘာဂလုပ်လျှင် "သမ္ပယုတ္တက္ခန္ဓာအား တပ်သော ဆန္ဒာဓိပတိ"လို့ဆိုတဲ့ ဒီတရားတစ်မျိုးတည်းသာ ရပါတယ်၊ အရတူ ပါတယ်၊ အရမထူးပါဘူး၊ ဒါ့ကြောင့် (၂) နံပါတ် သအညမညဈာန ပြုတ်သွား ပါတယ်၊ သဝိပါကဘက်မှာလဲ (၂) နံပါတ်ပြုတ်သွားပါတယ်၊ (၅)နံပါတ်ကတော့ အဓိပတိမရတဲ့ "ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေ‌ဝါကာရပဋိသန္ဓေနာမက္ခန္ဓာ" ဖြစ်နေပါတယ်၊ ဒါ့ကြောင့် (၅) နံပါတ်လဲ မရပါဘူး၊ ဒါ့ကြောင့် အဓိပတိ ပစ္စည်းမှာ အဝိပါက ၃–ချက်, သဝိပါက ၃–ချက်စီသာ ရပါတယ်၊ ဒါဟာ "အဓိ ၆ပါး"ပါပဲ။

**သာမညဈာန။** ။ပြီးတော့ နောက်တစ်ချက်မှတ်ရန် ကျန်သေးတယ်၊ "ဟေ ဟာ ဣံ ဈာ၊ မဂ္ဂမှာ၊ ပြိုင်ပါသာမည"လို့ ပရိဘာသာပြုထားတဲ့အတိုင်း ဟေ, ဟာ, ဣံ, ဈာ, မဂ်–ပစ္စည်းများမှာသာ "သာမညဈာန"ရပါတယ်၊ ဓိ, ကံ– နှစ်ပစ္စည်းမှာ သာမညဈာန မရပါဘူး။

ဒါက ဒီလိုပါ၊ ဟေ ဟာ ဣံ ဈာ မဂ်တို့ရဲ့ ဆိုင်ရာဆိုင်ရာ တရားကိုယ်များကို တစ်ခြားစီ တစ်ခြားစီ သီးသန့်မခွဲသေးပဲ ဟေတုဆိုလျှင် ဟေတုတရားကိုယ် အားလုံးကို အာဟာရဆိုလျှင် အာဟာရတရားကိုယ် အားလုံးကို စသည်ဖြင့် တစ်ခါတည်း တစ်ပြိုင်တည်း ပြိုင်တာကို "သာမညဈာန"လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



**အဓိကမ္မဲ့ သာမဥ်မရ။** ။အဓိပတိမှာ သာမညဃဋနာ မရဘူးလို့ ပြောခဲ့တယ်၊ ဘာ့ကြောင့်လဲဆိုတော့– ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာဓိပတိဆိုတဲ့ အဓိပတိတို့ရဲ့သဘောဟာ ပြိုင်တူဖြစ်ရိုးထုံးစံမရှိဘူး၊ တစ်ပါးပါးက အဓိပတိ တပ်နေလျှင် ကျန်တဲ့သုံးပါးက နောက်လိုက်သာဖြစ်ရတယ်၊ ဒါ့ကြောင့် သူတို့ကို ပေါင်းလို့မရဘူး၊ ဂူတစ်လုံးတည်းမှာ ခြင်္သေ့နှစ်ကောင် အတူမအောင်းသလိုပေါ့၊ ကဲ–ဒီလောက်ဆို သဘောပေါက်လောက်ပါပြီ၊ ကမ္မမှာတော့ တရားကိုယ်တစ်ပါး တည်းမို့ ပေါင်းစရာကိုမရှိတဲ့အတွက် သာမညဃဋနာ မရဘူး။

ကိုင်း... အခုပြောခဲ့တာတွေဟာ သဟာယဃဋနာဟောဖို့အတွက် အခြေခံ အချက်တွေပဲ၊ ဒီအချက်တွေကို ပိုင်ပိုင်နိုင်နိုင် သဘောပေါက်ထားမှ ဖြစ်မယ်၊ သဘောမပေါက်သေးက ထပ်မံပြီး လေ့လာစဉ်းစားလိုက်ပါဦး။

## ဃဋနာဆိုရိုး

ဃဋနာကိုမဟောမီ အဝိပါက ၄–ချက်၊ သဝိပါက ၅–ချက်၊ ပေါင်း ဃဋနာ ၉–ချက်ဆိုရိုးကို မှတ်တည်လိုက်ကြဦးစို့၊ ၉–ချက်ဆိုပေမယ့် ၅–ချက်ဆိုလျှင် ကိစ္စ ပြီးတာပါပဲ၊ ကိုင်း–နားထောင်။

**၁။ သဗ္ဗဋ္ဌာနိကဃဋနာ(သဟကြီး)။** ။သမ္ပယုတ္တက္ခန္ဓာ, (သဟိတ်) စိတ္တဇရုပ်, (သဟိတ်)ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆–ပါး၊ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာဓိပတိ၊ စေတနာ၊ နာမ်အာဟာရတရားကိုယ် ၃–ပါး၊ နာမ်ဣန္ဒြေ တရားကိုယ် ၈–ပါး၊ ဈာနင်တရားကိုယ် ၅–ပါး၊ မဂ္ဂင်တရားကိုယ် ၉–ပါး။ [အဓိပတိမှာ ပဋိသန္ဓေကမ္မဇရုပ်ကို မထည့်ပါနဲ့။]

**၂။ သအညမညဃဋနာ။** ။သမ္ပယုတ္တက္ခန္ဓာ, ဟာဒယဝတ္ထုအား x တပ်သော ဟိတ် ၆–ပါးစသည်။

**၃။ သ အဉ်သံဃဋနာ။** ။သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဟိတ် ၆–ပါးစသည်။

**၄။ သဝိပ္ပယုတ္တဃဋနာ။** ။(သဟိတ်)စိတ္တဇရုပ်, (သဟိတ်)ပဋိသန္ဓေ ကမ္မဇရုပ်အား x တပ်သော ဟိတ် ၆–ပါးစသည်။ [အဓိပတိ၌ ပဋိသန္ဓေကမ္မဇရုပ် မထည့်ရ။]

**၅။ သ အဉ် ဝိပ် ဃဋနာ။** ။ဟာဒယဝတ္ထုအား x တပ်သော ဟိတ် ၆–ပါးစသည်။

http://www.dhammadownload.com



ဒါဟာ ဃင္ဒနာ ၉–ချက်ရဲ့ မူသေဆိုရိုးပါပဲ၊ ခုနကပြောခဲ့သလို ပထမ လေးအုပ်စုက အဝိပါက ၄–ချက်၊ ငါးအုပ်စုလုံးက သဝိပါက ၅–ချက်၊ ပေါင်း ၉–ချက်ဖြစ်ပါတယ်၊ အမှန်ကတော့ ဒါဟာ သဘာဂတွေသာ ဖြစ်ပါတယ်။

သဝိပါကဃင္ဒနာဆိုရိုးမှာ အဓိပတိအရကောက်ပုံလေးကို ပြောချင်ပါ သေးတယ်၊ ကဲ–နားထောင်။

**ဆန္ဒာဓိပတိ**။ ။သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဖိုလ်လေး ခုဦရှိသော ဆန္ဒာဓိပတိ။

**ဝီရိယာဓိပတိ**။ ။ဖိုလ်လေးခုဦရှိသော ဝီရိယာဓိပတိ။

**စိတ္တာဓိပတိ**။ ။ဖိုလ်လေးခုဟူသော စိတ္တာဓိပတိ။

**ဝီမံသာဓိပတိ**။ ။ဖိုလ်လေးခုဦရှိသော ဝီမံသာဓိပတိ။

အမှန်ကတော့ ဒါဟာ သင်္ဂြိုဟ်သရုပ်ကွဲလျှင် ဒီလောက်ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး၊ အရာဋ္ဌာနအားလျော်စွာ သဘောသဘာဝကို ချိန်ဆတတ်ဖို့ပဲ လိုပါတယ်။

မဂ္ဂအတွက်လဲ ပြောပြချင်ပါသေးတယ်၊ နောက်သဝိပါက ၅–ချက်မှာ "ဝိပါက် ဦရှိသော ဟိတ် ဖပါး"စသည်ဖြင့် ဒီလိုဆိုရိုးပြုပါတယ်၊ မဂ္ဂမှာတော့ မဂ္ဂင် တရားကိုယ် ၈–ပါးသာရပါတယ်၊ ဒိဋ္ဌိတရားကိုယ် မရဘူး၊ ဒိဋ္ဌိက ဒိဋ္ဌိဂတ သမ္ပယုတ် ၄–ခုမှာသာယှဉ်တယ်၊ ဝိပါက်မှာ မယှဉ်နိုင်ဘူး၊ သင်္ဂြိုဟ်သရုပ်ပါပဲ။

အဲဒီ သဝိပါကမှာပဲ နောက်ဆုံး ၅–နံပါတ် "သ အဉ်ဝိပ်" ဃင္ဒနာမှာ "ဟဒယ ဝတ္ထုအား x တပ်သော ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ–ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၅–ပါး"သာရပါတယ်၊ ဒိဋ္ဌိနှင့်ဝိရတီ ၃–ခု မရပါဘူး၊ ဒိဋ္ဌိမရပုံကို ပြောပြီးပါပြီ၊ ဝိရတီ ၃–ခုမရပုံက–ပစ္စယုပ္ပန်ဖြစ်တဲ့ ဟဒယဝတ္ထုက ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်နေတယ်၊ ဝိရတီ ၃–ခုက ပဋိသန္ဓေအခါမှာ မဖြစ်နိုင်ဘူး၊ ပဝတ္တိမှာ တောင် ဝီတိက္ကမိတဗ္ဗအာရုံနဲ့တွေ့လို့ ရှောင်ကြဉ်တဲ့အခါမှာသာ ဖြစ်နိုင် ယှဉ်နိုင် ပါတယ်၊ ဒါ့ကြောင့်ပါပဲ။

## သင်္ချာထုတ်ပုံ

ကုသလော ကုသလဿ–စတဲ့ သင်္ချာထုတ်ပုံကို ဒီနေရာကပင် ကျိန်းသေနည်း ပြောပြပါမယ်၊ သဟယေ ၇–ပစ္စည်းရဲ့ တရားကိုယ်ပစ္စည်းတရားတွေဟာ အမောဟ (ပညာ)မှတစ်ပါး အားလုံး "ကု၊ အကု၊ ဗျာ"သုံးပဒလုံး ရတာချည်းပဲ၊ အမောဟ ရယ်, (အမောဟတစ်စိတ်ဖြစ်တဲ့) ဝီမံသာဓိပတိရယ်ကတော့ "ကု၊ ဗျာ"နှစ် ပဒသာရပါတယ်၊ အကုသိုလ်မှာမယှဉ်လို့ အကုပဒမရဘူး။

http://www.dhammadownload.com



## အဝိပါက ၄-ချက် သင်္ချာထုတ်ပုံ

၁။ သဟကြီး ၄ပစ္စည်းသာပြိုင်တဲ့ သဗ္ဗဋ္ဌာနိကဃဋနာမှာ ဟေ မိ ကံ ဟာ ဣံ ဈာ မဂ်-တို့ရဲ့ သင်္ချာ-သတ္တ။

၂။ သအညမညဃဋနာမှာ အညမညသင်္ချာ-တီဏိ။

၃။ သ အဉ် သံဃဋနာမှာ သမ္ပယုတ္တသင်္ချာ-တီဏိ။

၄။ သဝိပ္ပယုတ္တဃဋနာမှာ ဝိပ္ပယုတ္တသင်္ချာ-တီဏိ။

အမောဟနဲ့ ဝီမံသာဓိပတိကို တရားကိုယ်ဆိုပြီး ပြိုင်ရာမှာတော့ (ခုနက ပြောခဲ့တဲ့အတိုင်း အကုပဒမရတဲ့အတွက်) အဝိပါက ၄-ချက် အစဉ်အတိုင်း စတ္တာရိ, ဒွေ , ဒွေ , ဒွေ-လို့ သင်္ချာထွက်ပါတယ်။ [ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ၊ ဗျာ-ဗျာ(စတ္တာရိ)။ ကု-ကု၊ ဗျာ-ဗျာ(ဒွေ-၃ချက်)။]

## သဝိပါက ၅-ချက် သင်္ချာထုတ်ပုံ

သဝိပါက ၅-ချက်မှာတော့ ဝိပါက , က အုပ်စိုးနေတဲ့အတွက် , ၅-ချက်လုံးမှာ ဝိပါကပါနေတဲ့အတွက် ဝိပါကရဲ့သင်္ချာ "ဗျာ-ဗျာ"တစ်ချက်သာရပါတယ်၊ ဒါ့ကြောင့် ၅-ချက်လုံးမှာ "ဧကံ"လို့ချည်းသာ သင်္ချာထုတ်ပါ၊ ဒါဟာ သင်္ချာထုတ်ပုံမူသေဖြစ်ပါတယ်။

အခြေခံသတ်မှတ်ချက်တွေကို ပြောပြလို့ပြီးပါပြီ၊ သဟငယ်တစ်ပစ္စည်းချင်း ပြိုင်ကြရုံပဲရှိတော့တယ်၊ သုဒ္ဓသင်္ချာကို အာရုံပြုထားပါ၊ သဘာဂကို နှလုံးသွင်းထားပါ၊ သဘောဉာဏ်ကို ရှေ့တန်းတင်ထားပါ။

**ဟေတု**။ ။မိ၊ ဣံ၊ မဂ်။
၆ ၁ ၁ ၁ =တရားကိုယ်

ကိုင်း-ဟေတုကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို သေချာစွာကြည့်ပါ၊ ဟေတုရဲ့တရားကိုယ်က ဟိတ် ၆-ပါး၊ ဟေတုရဲ့သဘာဂက မိ , ဣံ , မဂ်ပစ္စည်း၊ မိ ဣံ မဂ်တို့နဲ့ သဘာဂဖြစ်တာက "အမောဟ"တရားကိုယ် တစ်ပါးတည်းသာရှိပါတယ်၊ ဒါ့ကြောင့် "အမောဟ"တရားကိုယ်နဲ့ ပြိုင်ရမယ်၊ သဘာဂ ၃-ပစ္စည်းအနက် ဣန္ဒြိယ , မဂ္ဂတို့ကို "အမောဟ" အမည်နဲ့ပြိုင်ပါ၊ အဓိပတိမှာတော့ အဓိပတိက ဒွိဟိတ်ဇော တိဟိတ်ဇောမှာသာဖြစ်လို့ အမောဟကို မလိုက်နိုင်ဘူး၊ ယင်း အမောဟကို အဓိပတိနဲ့ နှစ်ဖက်ရညီလိုက်လျှင် အရနည်းတဲ့ အဓိပတိဘက် လိုက်ပြီး "ဝီမံသာဓိပတိ"အမည်နဲ့ ပြိုင်ရပါလိမ့်မယ်၊ ဝီမံသာဓိပတိဟာ တိဟိတ်

http://www.dhammadownload.com



ဓောမှာသာဖြစ်ပါတယ်၊ ဒါ့ကြောင့် ဟိတ် ၆–ပါးလုံးနဲ့ပြိုင်လျှင် "သာမညဃဋနာ"၊ အမောဟနဲ့ပြိုင်လျှင် "သဈ္ဈာနိန္ဒြိယမဂ္ဂဃဋနာ"၊ ဝီမံသာဓိပတိအမည်နဲ့ပြိုင်လျှင် (ဈာနိန္ဒြိယ မဂ္ဂတို့လဲလိုက်နိုင်လို့) "သာဓိပတိဈာနိန္ဒြိယမဂ္ဂဃဋနာ"၊ အဲဒီတော့–

(၁) ဟိတ် ၆–ပါးလုံး သာမညဃဋနာ၊

(၂) အမောဟ (ဈာံ၊ မဂ်) သဈ္ဈာနိန္ဒြိယမဂ္ဂဃဋနာ၊

(၃) ဝီမံသာဓိပတိ (ဓိ၊ ဈာံ၊ မဂ်) သာဓိပတိဈာနိန္ဒြိယမဂ္ဂဃဋနာ–လို့ ဃဋနာ ၃–မျိုး ထွက်လာပါတယ်၊ အဲဒီ ၃–မျိုးကို အုပ်စုတည်ပြခဲ့တဲ့ အဝိပါက ၄–ချက်, သဝိပါက ၅–ချက်တို့နဲ့ ဆိုရိုးပြုရပါမယ်၊ သို့ရာတွင် "အဓိ ၆–ပါး၊ ကြွင်း ၉–ပါး၊ ပိုင်းခြားမှတ်လေကြ" လို့ သတ်မှတ်ခဲ့တဲ့အတိုင်း ဝီမံသာဓိပတိ အမည်နဲ့ပြိုင်တဲ့ (၃) နံပါတ်မှာတော့ ၆–ချက်သာရပါတယ်၊ အဲဒီတော့ (၁၊ ၂) နံပါတ်များက ၉–ချက်စီ၊ (၃) နံပါတ်က ၆–ချက်ဆိုတော့ ဟေတုပစ္စည်းမှာ ဃဋနာပေါင်း ၂၄–ချက်ထွက်လာပါတယ်။ [သဘာဂပစ္စည်းထဲမှာ အဓိပတိ ပါလာလျှင် ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိအမည်များနဲ့ ပြိုင်ရမယ် ဆိုတာ သတိပြုမှတ်သားခဲ့ပါ။] ဟေတုပြီးပါပြီ။

**အဓိပတိ**။ ။ဟေ၊ ဟာ၊ ဈာံ၊ မဂ်။

၄ ၁ ၁ ၃ ၂ = တရားကိုယ်

ကိုင်း– အဓိပတိကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို သေချာစွာ ကြည့်ပါ၊ အဓိပတိရဲ့ ပစ္စည်းတရားက အဓိပတိတရားကိုယ် ၄–ပါး၊ အဓိပတိရဲ့ သဘာဂက ဟေ, ဟာ, ဈာံ, မဂ်–တို့ဖြစ်ပါတယ်၊ ဟေတုမှာ ဝီမံသာဓိပတိနဲ့ သဘာဂဖြစ်ပါတယ်၊ အာဟာရမှာ စိတ္တာဓိပတိနဲ့ သဘာဂဖြစ်ပါတယ်၊ ဈာနိန္ဒြိယမှာ ဝီရိယ, စိတ္တ, ဝီမံသာဓိပတိ ၃–ပါးနဲ့ သဘာဂဖြစ်ပါတယ်၊ မဂ္ဂမှာ ဝီရိယ, ဝီမံသာဓိပတိ ၂–ပါးနဲ့ သဘာဂဖြစ်ပါတယ်၊ ဒီသဘောကို သဘာဂပစ္စည်းများ အောက်မှာ (၁၊ ၁၊ ၃၊ ၂–လို့) ဂဏန်းထိုးပြထားပါတယ်၊ ဒါကိုကြည့်ပြီး ပြိုင်နိုင်တဲ့ပစ္စည်းရေကိုလည်း သိနိုင်ပါတယ်။

ဒီအဓိပတိမှာ ဃဋနာအမည်ကို သီးသန့်ပေးဖို့မလိုပါဘူး၊ အဓိပတိလေးပါးတို့ဟာ တစ်ပါးချင်းသာ အဓိပတိကိစ္စတပ်ကြလို့ "ဆန္ဒာဓိပတိဃဋနာ၊ စိတ္တာဓိပတိဃဋနာ၊ ဝီရိယာဓိပတိဃဋနာ၊ ဝီမံသာဓိပတိဃဋနာ" လို့ သူ့အမည်နဲ့သူသာ ဃဋနာအမည်တပ်ပါ၊ ဒီမှာ စိတ္တာဓိပတိက ဝီရိယာဓိပတိထက် အရာကျယ်လို့ ရှေ့ရောက်နေပါတယ်။

http://www.dhammadownload.com



အခုတည်ပြခဲ့တဲ့ ၄–အုပ်စုကို အဝိပါက, သဝိပါက ၃–ချက်စီဖြင့် ဆိုရိုးကျ ပြိုင်ပါ၊ တစ်ခုတစ်ခုမှာ ၆–ချက်စီရတဲ့အတွက် အဓိပတိဃဋနာပေါင်း ၂၄–ချက် ထွက်လာပါတယ်၊ အဓိပတိပြီးပါပြီ။

**ကမ္မ**။ ။ဟာ။
၁ ၁ =တရားကိုယ်

ကိုင်း–ကမ္မကိုဟောဖို့ စဉ်းစားကြစို့၊ ကမ္မရဲ့ပစ္စည်းတရားက စေတနာတစ်ခုသာ ရှိပါတယ်၊ ကမ္မရဲ့သဘာဂကလဲ အာဟာရတစ်ပစ္စည်းသာရှိပါတယ်၊ ဒါ့ကြောင့် ဒီစေတနာတရားကိုယ်နဲ့ တစ်အုပ်စုတည်းသာပြိုင်ပါ၊ နာမည်လဲ အထူးပေးဖို့ မလိုပါဘူး၊ သဟဇာတဃဋနာလို့သာ နာမည်တပ်ပါ၊ တစ်အုပ်စုတည်းမို့ ၉–ချက်သာရှိပါတယ်၊ ကမ္မပြီးပါပြီ။

**အာဟာရ**။ ။ဓိ၊ ကံ၊ ဣံ။
၃ ၁ ၁ ၁ = တရားကိုယ်

ကိုင်း– အာဟာရကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို သေချာစွာ ကြည့်ပါ၊ အာဟာရပစ္စည်းတရားက ဖဿ, စေတနာ, ဝိညာဉ်ဆိုတဲ့ နာမ်အာ ဟာရတရားကိုယ် ၃–ပါး၊ အာဟာရရဲ့သဘာဂက ဓိ, ကံ, ဣံ–တို့ ဖြစ်ပါတယ်၊ အဓိပတိမှာ စိတ္တာဓိပတိနဲ့၊ ကမ္မမှာ စေတနာနဲ့၊ ဣန္ဒြိယမှာ ဝိညာဉ်နဲ့ သဘာဂ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အထက်ပါသရုပ်ကိုကြည့်ပြီး (၁) အာဟာရတရားကိုယ် ၃–ပါးလုံးနဲ့ပြိုင်တာက သာမညဃဋနာ၊ (၂) သကမ္မ ဃဋနာ၊ (၃) သဣန္ဒြိယဃဋနာ၊ (၄) သာဓိပတိဣန္ဒြိယဃဋနာ–လို့ ဃဋနာ ၄–မျိုး ထွက်လာပါတယ်၊ အဓိပတိမှာ ဣန္ဒြိယလိုက်နိုင်ပါတယ်၊ တရားကိုယ်သဘာဂဖြစ်ပုံကို သတိပြုပါ။

ဒီ ၄–အုပ်စုကို အဝိပါက, သဝိပါကတို့ဖြင့် ဆိုရိုးပြုပါ၊ အဓိပတိက ၆–ချက်၊ ကျန် ၃–အုပ်စုက ၉–ချက်စီ၊ ပေါင်း ၃၃–ချက်ထွက်လာပါတယ်၊ အာဟာရပြီးပါပြီ။

**ဣန္ဒြိယ**။ ။ဟေ၊ ဓိ၊ ဟာ၊ ဈာ၊ မဂ်။
၈ ၁ ၃ ၁ ၂ ၄ = တရားကိုယ်

ကိုင်း– ဣန္ဒြိယကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို သေချာစွာကြည့်ပါ၊ ဣန္ဒြိယပစ္စည်းတရားက ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ–ဆိုတဲ့ နာမ်ဣန္ဒြေတရားကိုယ် ၈–ပါး၊ သဘာဂပစ္စည်းက

http://www.dhammadownload.com



ဟေ, ဓိ, ဟာ, ဈာ, မဂ်–တို့ဖြစ်ပါတယ်၊ ဟေတုမှာ အမောဟနဲ့၊ အဓိပတိမှာ ဝီရိယ, စိတ္တ, ဝီမံသတို့နဲ့၊ အာဟာရမှာ စိတ်နဲ့၊ ဈာနမှာ ဝေဒနာ, ဧကဂ္ဂတာ တို့နဲ့၊ မဂ္ဂမှာ ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာတို့နဲ့ သဘာဂဖြစ်နေကြပါတယ်၊ ဂဏန်းထိုးပြထားတဲ့ တရားကိုယ်များကို သတိပြုပါ၊ ဒါကိုကြည့်ပြီး ပြိုင်နိုင်တဲ့ ပစ္စည်းရေကိုလည်း သိနိုင်ပါတယ်။

တရားရများတာက စ, ပြိုင်ရမယ်ဆိုတော့ အရနည်းတဲ့ ဟေတုနဲ့အဓိပတိကို ခဏထားပါဦး၊ မဂ္ဂက အရအများဆုံးဖြစ်ပါတယ်၊ ဒါ့ကြောင့် (၁)တရားကိုယ် ၈–ပါးလုံးက သာမညဈာနာ၊ (၂) သမဂ္ဂဈာနာ၊ (၃) သဈာနဈာနာ၊ (၄) ဈာမဂ် ၂–ခုထဲမှာပါတဲ့ ဧကဂ္ဂတာကိုကြည့်ပြီး သဈာနမဂ္ဂဈာနာ၊ (၅) သာဟာရဈာနာ၊ (၆) အဓိပတိထဲက စိတ္တာဓိပတိမှာ အာဟာရလိုက်နိုင်လို့ သာဓိပတိအာဟာရ ဈာနာ၊ (၇) ဝီရိယာဓိပတိမှာ မဂ္ဂလိုက်နိုင်လို့ သာဓိပတိမဂ္ဂဈာနာ၊ (၈) ဟေတုမှ အမောဟ (ပညာ) မှာလဲ မဂ္ဂလိုက်နိုင်လို့ သဟေတုမဂ္ဂဈာနာ၊ (၉) ဝီမံသာ ဓိပတိမှာ ဟေတုနဲ့မဂ္ဂတို့လိုက်နိုင်လို့ သဟေတုအဓိပတိမဂ္ဂဈာနာ–လို့ ဈာနာ ၉–မျိုးထွက်လာပါတယ်၊ အမောဟနှင့်ဝီမံသာဓိပတိတို့တွင် အမောဟက တရားအရများလို့ ရှေ့ရောက်နေပါတယ်၊ ဝီမံသာဓိပတိက အနည်းဆုံးဖြစ်ပါ တယ်။

ဒီ ၉–အုပ်စုကို အဝိပါက, သဝိပါကတို့ဖြင့် ဆိုရိုးပြုပါ၊ အဓိပတိ ၃–ခုက ၆–ချက်စီ (၁၈ချက်)၊ ကျန် ၆–အုပ်စုက ၉–ချက်စီ (၅၄–ချက်)၊ ပေါင်း ၇၂– ချက်ဖြစ်ပါတယ်၊ ဣန္ဒြိယပြီးပါပြီ။

**ဈာန**။ ။ဣံ၊ မဂ်။
၅ ၂ ၂ = တရားကိုယ်

ကိုင်း–ဈာနကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို ကြည့်ပါ၊ ဈာနရဲ့ ပစ္စည်းက ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ–ဆိုတဲ့ ဈာနင် တရားကိုယ် ၅–ပါး၊ သဘာဂပစ္စည်းက ဣံ, မဂ်–တို့ဖြစ်ပါတယ်၊ ဣန္ဒြိယမှာ ဝေဒနာ, ဧကဂ္ဂတာတို့နဲ့၊ မဂ္ဂမှာ ဝိတက်, ဧကဂ္ဂတာတို့နဲ့ သဘာဂဖြစ်နေကြ ပါတယ်၊ ဂဏန်းထိုးပြထားတဲ့ တရားကိုယ်များကို သတိပြုပါ၊ ဒါကိုကြည့်ပြီး ပြိုင်နိုင်တဲ့ပစ္စည်းများကိုလည်း သိနိုင်ပါတယ်။

အဲဒီတော့–(၁) တရားကိုယ် ၅–ပါးလုံးက သာမညဈာနာ၊ (၂) သဣန္ဒြိယ ဈာနာ၊ (၃) သမဂ္ဂဈာနာ၊ (၄) ဣံမဂ် ၂–ခုထဲမှာပါတဲ့ ဧကဂ္ဂတာက သဣန္ဒြိယ မဂ္ဂဈာနာ–လို့ ဈာနာ ၄–မျိုး ထွက်လာပါတယ်၊ ဒီ ၄–အုပ်စုကို အဝိပါက, သဝိပါကတို့ဖြင့် ဆိုရိုးပြုပါ၊ ဈာနာပေါင်း ၃၆–ချက်ဖြစ်ပါတယ်၊ ဈာနပြီးပါပြီ။

http://www.dhammadownload.com



**မဂ္ဂ။** ။ဟေ၊ ဓိ၊ ဣံ၊ ဈာ။
၉ ၁ ၂ ၄ ၂ = တရားကိုယ်

ကိုင်း– မဂ္ဂကိုဟောဖို့ စဉ်းစားကြစို့၊ အထက်ပါသရုပ်ကို သေချာစွာကြည့်ပါ၊ မဂ္ဂရဲ့ပစ္စည်းက ပညာ, ဝိတက်, ဝိရတီ ၃ခု, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ– ဆိုတဲ့ မဂ္ဂင်တရားကိုယ် ၉–ပါး၊ သဘာဂက ဟေ, ဓိ, ဣံ, ဈာ– တို့ဖြစ်ပါတယ်၊ ဟေတုမှာ အမောဟနဲ့၊ အဓိပတိမှာ ဝီရိယ, ဝီမံသတို့နဲ့၊ ဣန္ဒြိယမှာဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာတို့နဲ့၊ ဈာနမှာ ဝိတက်, ဧကဂ္ဂတာတို့နဲ့ သဘာဂဖြစ်နေကြပါတယ်၊ ဂဏန်းထိုးပြထားတဲ့ တရားကိုယ်များကို သတိပြုပါ၊ ဒါကိုကြည့်ပြီး ပြိုင်နိုင်တဲ့ပစ္စည်းရေကိုလည်း သိနိုင်ပါတယ်။

တရားရများတာက စ, ပြိုင်ရမယ်ဆိုတော့ ဟေတုနဲ့အဓိပတိကို ခဏထားပါဦး၊ ဣန္ဒြိယက တရားရများနေပါတယ်၊ ဒါ့ကြောင့် (၁) တရားကိုယ် ၉–ပါးလုံးက သာမညဃဋနာ၊ (၂) သဣန္ဒြိယဃဋနာ၊ (၃) သဈာနဃဋနာ၊ (၄) ဣံဈာ ၂–ခုထဲမှာပါတဲ့ ဧကဂ္ဂတာကိုကြည့်ပြီး သဣန္ဒြိယဈာနဃဋနာ၊ (၅) အဓိပတိထဲက ဝီရိယာဓိပတိမှာ ဣန္ဒြိယလိုက်နိုင်လို့ သာဓိပတိဣန္ဒြိယဃဋနာ၊ (၆) ဟေတုမှ အမောဟ(ပညာ) မှာလဲ ဣန္ဒြိယလိုက်နိုင်လို့ သဟေတုဣန္ဒြိယဃဋနာ၊ (၇) ဝီမံသာဓိပတိမှာ ဟေတုနဲ့ဣန္ဒြိယတို့လိုက်နိုင်လို့ သဟေတုအဓိပတိဣန္ဒြိယဃဋနာ–လို့ ၇–မျိုးထွက်လာပါတယ်။

ဒီ ၇–အုပ်စုကို အဝိပါက, သဝိပါကတို့ဖြင့် ဆိုရိုးပြုပါ၊ အဓိပတိ ၂–ခုက ၆–ချက်စီ (၁၂–ချက်)၊ ကျန် ၅–ခုက ၉–ချက်စီ(၄၅–ချက်)၊ ပေါင်း ၅၇–ချက်ဖြစ်ပါတယ်။

ဒီ မဂ္ဂမှာ သတိပြုဖို့က (၁) နံပါတ် သာမညဃဋနာရဲ့ သဝိပါက ၅–ချက်မှာ ဒိဋ္ဌိမယှဉ်လို့ မဂ္ဂင်တရားကိုယ် ၈–ပါးသာကောက်ရပုံ၊ ၅–နံပါတ် "ဝိအဉ်ဝိပ်" ဟာဒယဝတ္ထုကိုသာကောက်ရတဲ့ ပဋိသန္ဓေအခါဆိုလျှင် ဝိရတီ ၃–ပါးပါ မယှဉ်လို့ တရားကိုယ် ၅–ပါးသာ ကောက်ရပုံများကို သတိပြုရပါမယ်၊ အခြေခံရှင်းစဉ် တုန်းကလဲပြောခဲ့ပါသေးတယ်၊ မဂ္ဂပြီးပါပြီ။

အဲဒီတော့ သဟဃယ်ဃဋနာတွေကို ပေါင်းလိုက်လျှင်–

| | |
|---|---|
| ဟေတုက | ၂၄–ချက်၊ |
| အဓိပတိက | ၂၄–ချက်၊ |
| ကမ္မက | ၉–ချက်၊ |
| အာဟာရက | ၃၃–ချက်၊ |

http://www.dhammadownload.com



| | |
|---|---|
| ဣန္ဒြိယက | ၇၂–ချက်၊ |
| ဈာနက | ၃၆–ချက်၊ |
| မဂ္ဂက | ၅၇–ချက်၊ |

အားလုံး (၂၅၅) ချက် ဖြစ်ပါတယ်။

အကုန်လုံးခြုံလိုက်တော့–

(က) သဟကြီးလတ် ဃဋနာက ၅၇–ချက်၊

(ခ) သဟငယ် ဃဋနာက ၂၅၅–ချက်၊

အားလုံး သဟဇာတဃဋနာပေါင်း = (၃၁၂)ချက် ဖြစ်ပါတယ်။

သဟဇာတဃဋနာပြီးပါပြီ၊ အစက အခြေခံမှုအဖြစ် တည်ပေးထားခဲ့တဲ့ ဆောင်ပုဒ်လေးတွေကို ညီညီညာညာ ပြိုင်တူရွတ်လိုက်ကြစမ်းပါ။

+ + + + +

## ဃဋနာစိစစ်ချက်

**ဆောင်။** ။ဟေသဟ အညရယ်တဲ့ ဝိပါကာ၊
ဈာမဂ်သံ ပေါင်းသတ္တငယ်၊ သဟမျှသာ။
အာနန်နန် ဥပနိရယ်နှင့်၊ နတ်ဝိပု ပစ္ဆာ၊ အာသေဝါပကိဏ်း၊
မိနိက္က၊ ဝိပ်အတ်အ တို့မှာလ၊ ဃဋနာ သုံးဖြာရပါလို့၊
ကမ္မမှာ ကိဏ်း သဟငယ်နှင့်၊
ဟာရမှာ မိဿသဟကို၊ ပြိုင်ကြ မတိမ်း။ **(ပန်းကုံး)**
မိတ်ိသ နိဿယ ဝီသံ၊
ဣန္ဒြေ ဆသတ္တငယ်၊ ဝိပ် တေရကြံ၊
အတ်နှင့်အ ဧကူနတိံသံ၊ ကမ္မမှန် ဧကဒသ်၊
စတုတ္တိံ အာဟာရပါတဲ့၊ အကြွင်းကို ဆိုင်ရာမှဝယ်၊ ယူကြ မချွတ်။
**(ပန်းကုံး)**

ပဉ္စာဝါရ အနုလုံ၌ ဟောတော်မူအပ်သော ဃဋနာများမှာ–

၁။ မိဿကဃဋနာ ၃၉–ချက်၊

၂။ ပကိဏ္ဏကဃဋနာ ၆၄–ချက်၊

၃။ သဟဇာတဃဋနာ ၃၁၂–ချက်၊

အားလုံးပေါင်း = (၄၁၅)ချက် ဖြစ်ပါတယ်။

http://www.dhammadownload.com



ဈာနင်္ဂတစ်ခု၌သာပါဝင်သော ပစ္စည်းများမှာ—

(ပကိဏ္ဏကမှ) အာ, အနံ, သနံ, ဥ, ပု, ပစ်, အာသေ, နတ်, ဝိဂတ = ၉။

(သဟဇာတမှ) ဟေ, သဟ, အည, ဝိ, ဈာ, မဂ်, သံ = ၇။

အားလုံးပေါင်း (၁၆) ပစ္စည်းဖြစ်ပါတယ်။

ဈာနင်္ဂနှစ်ခု၌ပါဝင်သော ပစ္စည်းများမှာ—

(ပကိဏ္ဏက၊ သဟဇာတမှ) ကမ္မ။

(မိဿက၊ သဟဇာတမှ) အာဟာရ။

အားလုံးပေါင်း (၂) ပစ္စည်းဖြစ်ပါတယ်။

ဈာနင်္ဂသုံးခုလုံး၌ပါဝင်သော ပစ္စည်းများမှာ—

ဓိ, နိ, ဣံ, ဝိပ်, အတ်, အဝိဂတ = ၆။

ပေါင်း (၆) ပစ္စည်းဖြစ်ပါတယ်။

ဈာနင်္ဂအချက်ပေါင်း အသီးသီးမှာ—

အဓိပတိ၌–၃၀၊ နိဿယ၌–၂၀၊ ဣန္ဒြိယ၌–၇၆၊ ဝိပ္ပယုတ္တ၌–၁၃၊ အတ္ထိ အဝိဂတတို့၌–၂၉စီ၊ ကမ္မ၌–၁၁၊ အာဟာရ၌–၃၄။

ဒါက မူလဈာနင်္ဂသုံးမျိုးတွင် နှစ်မျိုးသုံးမျိုးမှာ ပါဝင်နေတဲ့ ပစ္စည်းများရဲ့ အရေအတွက်ဖြစ်ပါတယ်၊ ဈာနင်္ဂတစ်ခုစီမှာသာ ပါဝင်တဲ့ပစ္စည်းများရဲ့ အရေအတွက်ကိုတော့ ဆိုင်ရာဈာနင်္ဂမှာပြခဲ့တဲ့ အရေအတွက်အတိုင်းပဲ–လို့ မှတ်ပါ။

## အနည်းဆုံးနဲ့ အများဆုံး

ဈာနင်္ဂမှာ ၂–ပစ္စည်းကစပြီး ၁၁–ပစ္စည်းအထိ တွဲစပ်ရတယ်လို့ ပြောခဲ့ပါတယ်၊ နှစ်ပစ္စည်းတွဲရတဲ့ ပစ္စည်းပစ္စယုပ္ပန်တရားတွေက အတ္ထိ ၆–မျိုး သုဒ္ဓသင်္ချာဖြစ်ပါတယ်၊ ဈာနင်္ဂ ၃–မျိုးထဲက မိဿကဈာနင်္ဂမှာ ပါပါတယ်၊ အတ္ထိ ၆–မျိုး သုဒ္ဓသင်္ချာများကိုဆိုပြီး "အတ္ထိ အဝိဂတန္တိ ဒွေ" လို့ ဈာနင်္ဂလုပ်ပြီး သင်္ချာထုတ်ခဲ့ပါတယ်။

၁၁–ပစ္စည်းတွဲရတာက သဟဇာတဈာနင်္ဂထဲမှာ ရှိပါတယ်၊ အဝိပါက ၄–ချက်, သဝိပါက ၅–ချက်ရှိတဲ့အနက် သဝိပါကထဲမှာ (၃) နံပါတ်ဖြစ်တဲ့ "သမ္ပယုတ္တက္ခန္ဓာအားသာတပ်သော ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိ" ပစ္စည်း ပစ္စယုပ္ပန်တရားများဟာ ၁၁–ပစ္စည်း ပြိုင်နိုင်တဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားများ ဖြစ်ပါတယ်၊ ပြိုင်တဲ့ပစ္စည်းတွေက ဟေတု, အဓိပတိ, သဟဇာတ, အညမည,

http://www.dhammadownload.com



နိဿယ , ဝိပါက , ဣန္ဒြိယ , မဂ္ဂ , သမ္ပယုတ္တ , အတ္ထိ , အဝိဂတ–တို့ ဖြစ်ပါတယ်၊ ဒါဟာ ဃဋနာစိစစ်ချက်ပါပဲ။

## သဘာဂမှ ဃဋနာယူနည်း

သဘာဂမှ ဃဋနာယူနည်းကို ပြောပါမယ်၊ သဘာဂဆိုတာ "နှစ်ဖက်ရ"လို့ ပြောခဲ့ပြီးပါပြီ၊ သဘာဂမှာ နှစ်ပစ္စည်းကိုသာ တွဲဟောပါတယ်၊ ဃဋနာမှာတော့ နှစ်ဖက်ရ, သုံးဖက်ရစသည်ဖြင့် ဆယ့်တစ်ဖက်ရအထိ ရှိပါတယ်၊ နှစ်ပစ္စည်းက စပြီး ဆယ့်တစ်ပစ္စည်းအထိ တွဲဟောပါတယ်။

သဘာဂမှ ဃဋနာယူနည်းကိုပြောတဲ့အခါ အပြည့်အစုံပြောလျှင် ကျယ်ဝန်းပြီး ရှုပ်ထွေးနေပါလိမ့်မယ်၊ ဒါ့ကြောင့် ယူနည်းသဘောလောက်ကိုသာ ပြောပါမယ်၊ ကဲ–အာရမ်မျိုးကို ကြည့်ကြစို့။

၁။ အာရမ်မျိုး(၂)နံပါတ်ဖြစ်တဲ့ အာဓိသုဒ္ဓသင်္ချာအုပ်စုမှာ အဓိပတိနဲ့ဥပနိဿယ နှစ်ပစ္စည်းရှိတယ်၊ အာရမ်မျိုးမှာ ခေါင်းဆောင်က တရားအရအများဆုံးဖြစ်တဲ့ အာရမ္မဏပါပဲ၊ အဲဒီ အာဓိသုဒ္ဓသင်္ချာလာ ပစ္စည်းပစ္စယုပ္ပန်တရားတွေကို ဆိုပြီး "အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ အာရမ္မဏပစ္စယာ ဥပနိဿယေ သတ္တ"လို့ နှစ်ပစ္စည်းစီသာ တွဲ–တွဲပြီး သဘာဂလုပ်ခဲ့ပါတယ်၊ အဲဒီ သဘာဂကို "အာရမ္မဏ အဓိပတိ ဥပနိဿယန္တိ သတ္တ"လို့ ဆိုလိုက်လျှင် ဃဋနာဖြစ်သွားပါတယ်၊ ဒီမှာ ပစ္စည်း ၃–ခုတွဲလိုက်တယ် မဟုတ်ပါလား၊ ၃–ခုတွဲလိုက်တာဟာ ဃဋနာပါပဲ။

၂။ နောက်တစ်ခါ (၃)နံပါတ်ဖြစ်တဲ့ အာပုသုဒ္ဓသင်္ချာလာ ပစ္စည်းပစ္စယုပ္ပန်တွေကိုဆိုပြီး "အာရမ္မဏပစ္စယာ ပုရေဇာတေ တီဏိ၊ အာရမ္မဏပစ္စယာ အတ္ထိယာ တီဏိ၊ အာရမ္မဏပစ္စယာ အဝိဂတေ တီဏိ"လို့ နှစ်ပစ္စည်းစီသာ တွဲ–တွဲပြီး သဘာဂလုပ်ခဲ့ပါတယ်၊ အဲဒီ သဘာဂကို "အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတန္တိ တီဏိ"လို့ဆိုလိုက်လျှင် ဃဋနာဖြစ်သွားပါတယ်၊ ဒီမှာ ၄–ပစ္စည်း တွဲထားပါတယ်။

၃။ အဲဒီသဘောအတိုင်းပါပဲ၊ (၄)နံပါတ်ဖြစ်တဲ့ ဝတ္ထာအုပ်စုမှာ "အာ နိ ပု ဝိပ် အတ် အ"လို့ ၆–ပစ္စည်းရှိပါတယ်၊ အဲဒီ ၆–ပစ္စည်းထဲက နှစ်ပစ္စည်းစီ တွဲ–တွဲပြီး "အာရမ္မဏပစ္စယာ နိဿယေ တီဏိ"စသည်ဖြင့် သဘာဂလုပ်ခဲ့ပါတယ်၊ အဲဒီသဘာဂကို "အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ"လို့ ဆိုလိုက်လျှင် ဃဋနာဖြစ်သွားပါတယ်။

http://www.dhammadownload.com



၄။ အာဟာရပုဒ်သုဒ္ဓသချ်ာအုပ်စုမှာ ၆–ပစ္စည်းရှိပါတယ်၊ အဲဒီ ၆–ပစ္စည်းထဲက နှစ်ပစ္စည်းစီ တွဲ–တွဲဟောလျှင် သဘာဂ၊ ၆–ပစ္စည်းလုံး တွဲလိုက်လျှင် ဃဋနာ ဖြစ်ပါတယ်။

၅။ ဝတ္ထာဓိသုဒ္ဓသချ်ာအုပ်စုမှာ ၈–ပစ္စည်းရှိပါတယ်၊ အဲဒီ ၈–ပစ္စည်းထဲက နှစ်ပစ္စည်းစီ တွဲ–တွဲဟောလျှင် သဘာဂ၊ ၈–ပစ္စည်းလုံးတွဲလိုက်လျှင် ဃဋနာ ဖြစ်ပါတယ်။

အချုပ်ကတော့ ပစ္စည်းပစ္စယုပ္ပန်တရားတွေမှာ ပစ္စည်းရေပေါင်း ၈–ပစ္စည်း ရတယ်ဆိုပါတော့၊ အဲဒီ ၈–ပစ္စည်းအနက် ၂–ခုစီ ၂–ခုစီ တွဲ–တွဲယူလျှင် သဘာဂဖြစ်ပါတယ်၊ ၈–ပစ္စည်းလုံး တစ်ခါတည်းပေါင်းယူလိုက်လျှင် ဃဋနာ ဖြစ်ပါတယ်၊ ဒါဟာ သဘာဂမှ ဃဋနာယူပုံကို သဘောပေါက်အောင် သဘော မျှကိုသာချုပ်ပြီး ပြောပြခြင်းဖြစ်ပါတယ်၊ ဒီအချုပ်ကို သဘောပေါက်လျှင် သဘာဂ ဃဋနာတို့ရဲ့ အကျယ်သဘာဝကို နားလည်နိုင်ပါတယ်၊ နားလည်အောင်လဲ လေ့လာသင့်ပါတယ်၊ သချ်ာတွေလေ့လာရတာ စိတ်ဝင်စားစရာကောင်းပါတယ်။

**သဟမျိုး။** ။သဟမျိုးမှာ သဘာဂမှ ဃဋနာယူနည်းကို ပြောပါမယ်၊ ဟေတုကိုကြည့်ပါ၊ ဟေတုသုဒ္ဓသချ်ာကို အပြည့်အစုံဆိုလိုက်လျှင် သဘာဂ ပစ္စည်းရေဟာ သဟကြီး ၄–ပစ္စည်းဖြစ်ပါတယ်၊ ဒါ့ကြောင့် သဘာဂတုန်းက "ဟေတုပစ္စယာ သဟဇာတေ သတ္တ၊ ဟေတုပစ္စယာ နိဿယေ သတ္တ၊ ဟေတု ပစ္စယာ အတ္ထိယာ သတ္တ၊ ဟေတုပစ္စယာ အဝိဂတေ သတ္တ"လို့ သဘာဂလုပ်ခဲ့ ပါတယ်၊ အဲဒီ သဘာဂကို "ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တ"လို့ ဆိုလိုက်လျှင် ဃဋနာဖြစ်သွားပါတယ်။

ဒီလောက်ပြောလျှင် သဘာဂမှ ဃဋနာယူနည်းကို သဘောပေါက်လောက် ပါတယ်၊ ဒါ့ကြောင့် သဟမျိုးမှ ကျန်ပစ္စည်းတွေနဲ့ အနန္တရမျိုးစတဲ့ ကျန်မျိုး တွေကို အထူးမပြောတော့ပါဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့သာ ခန့်မှန်းကြည့်ပါတော့။

## ဃဋနာမှ သဘာဂယူနည်း

ဃဋနာမှ သဘာဂယူနည်းကိုလဲ သဘောလောက်သာ ပြောပါမယ်၊ အပြည့် အစုံပြောလျှင် သိပ်ကျယ်ဝန်းနေပါလိမ့်မယ်၊ ကဲ–နားထောင်။

**အာရမ်မျိုး။** ။အာရမ်မျိုးမှာ (၂)နံပါတ်ဖြစ်တဲ့ အာဓိသုဒ္ဓသချ်ာကို ဆိုပြီး "အာရမ္မဏ အဓိပတိ ဥပနိဿယန္တိ သတ္တ"လို့ ဃဋနာလုပ်ခဲ့ပါတယ်၊ ဒါကို တစ်ခုချင်းခွဲပြီး "အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ အာရမ္မဏပစ္စယာ

http://www.dhammadownload.com



ဥပနိဿယေ သတ္တ”လို့ ပြင်လိုက်လျှင် သဘာဂဖြစ်သွားပါတယ်၊ ကျန်တဲ့ အာပုအုပ်စု, ဝတ္ထာအုပ်စု သုဒ္ဓသင်္ချာဝင် ပစ္စည်းများကိုလည်း ဒီသဘောအတိုင်း ယူဆရပါမယ်။

**သဟမျိုး။** ။သဟမျိုးမှာ ဟေတုကိုကြည့်ပါ၊ ဟေတုပစ္စည်းမှာ သာမညဃဋနာ ၉–ချက်၊ သဏ္ဍိယမဂ္ဂဃဋနာ ၉–ချက်၊ သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ ၆–ချက်၊ ပေါင်း ၂၄–ချက်ပြိုင်ခဲ့ပါတယ်၊ သာမညဃဋနာ ၉–ချက်ရှိတဲ့ အနက် ပထမဆုံး အဝိပါက ၄–ချက်ထဲက သဗ္ဗဋ္ဌာနိကဃဋနာမှာ “သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆–ပါး၊ ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တ”လို့ ဃဋနာလုပ်ခဲ့ ပါတယ်၊ အဲဒီဃဋနာကို တစ်ခုချင်းခွဲပြီး “ဟေတုပစ္စယာ သဟဇာတေ သတ္တ၊ ဟေတုပစ္စယာ နိဿယေ သတ္တ၊ ဟေတုပစ္စယာ အတ္ထိယာ သတ္တ၊ ဟေတုပစ္စယာ အဝိဂတေ သတ္တ”လို့ ပြင်လိုက်လျှင် သဘာဂဖြစ်သွားပါတယ်၊ အဝိပါက, သဝိပါကတွေပါ ဖြန့်ပြောလျှင် အတော်ကျယ်ဝန်းသွားပါလိမ့်မယ်။

အခုပြောခဲ့တဲ့ သဘာဂမှ ဃဋနာယူနည်း, ဃဋနာမှ သဘာဂယူနည်းဟာ အမှန်ကတော့ အတိအကျ မဟုတ်သေးပါဘူး၊ ယူနည်းသဘောပေါက်ရုံလောက်သာ ဖြစ်ပါတယ်၊ ယူဆပုံသဘောပေါက်ရုံလောက်သာ ပြောရခြင်းဖြစ်တဲ့အတွက် ဒီလောက်ဆို ကျေနပ်လောက်ပါပြီ။

ကဲ–ဒီလောက်နဲ့ပဲ ဃဋနာကိစ္စ အပြီးသတ်လိုက်ကြပါစို့။

\+ + + + +

ဃဋနာသင်္ချာ ပြီး၏။

http://www.dhammadownload.com



# ပစ္စယုဒ္ဒါရ

ပဋိစ္စဝါရ ပစ္စနိက်အစရှိသည်တို့၌ "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ"အစရှိသောဝိဘင်းကို ဟောတော်မူသကဲ့သို့ ပဉှာဝါရပစ္စနိက်၌ ဝိဘင်းကိုဟောတော်မမူ၊ ထိုသို့ ဟောတော်မမူသော်လည်း ထိုပစ္စနိက်လက္ခဏာအကျဉ်းအားဖြင့် ပစ္စနိက်ကိုပြအံ့သောငှာ သင်္ဂါယနာဆရာတို့သည် ပစ္စယုဒ္ဒါရကို ထားတော်မူကုန်၏။ (အရကောက်၊ ၅၂၇)

ဣဒါနိ ပစ္စနီယံ ဟောတိ။ တတ္ထ ယထာ ပဋိစ္စဝါရာဒီသု "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ"တိ အာဒိနာ နယေန လဗ္ဘမာနာ ပဉှာ လဗ္ဘမာနာနံ ပစ္စယာနံ ဝသေန သရူပတော ဝိတ္ထာရိတာ၊ ဧဝံ အဝိတ္ထာရေတွာ ဧကေန လက္ခဏေန သခေပတော ပစ္စနီယံ ဒဿေတုံ ဓမ္မသင်္ဂါဟကေဟိ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော"တိ အာဒိနာ နယေန အနုလောမတော ကုသလာဒီနံ ပစ္စယာ ဥဒ္ဓဋာ။ (ဌ၊ ၄၆၃)

ပစ္စယုဒ္ဒါရဆိုတာ ပစ္စည်းတွေကို အကျဉ်းချုပ်ထုတ်ပြခြင်းပါပဲ၊ ၈–ပစ္စည်း ၉–မျိုးထဲမှာ ကျန်ပစ္စည်းတွေကို သွင်းပြခြင်းဖြစ်ပါတယ်၊ သုဒ္ဓသင်္ချာမျိုးစဉ်အလိုက် သွင်းရပါတယ်၊ ဒီပဉှာဝါရ အနုလုံမှာ ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ–လို့ ပဒ ၅–ခု ရှိပါတယ်၊

ကုသလပဒမှာ ကု, အကု, ဗျာ, ကုဗျာ–လို့ ပဒါဝသာန ၄–ခု၊
အကုသလပဒမှာ အကု, ကု, ဗျာ, အကုဗျာ–လို့ ပဒါဝသာန ၄–ခု၊
အဗျာကတပဒမှာ ဗျာ, ကု, အကု–လို့ ပဒါဝသာန ၃–ခု၊
ကုဗျာပဒမှာ ကု, ဗျာ–လို့ ပဒါဝသာန ၂–ခု၊
အကုဗျာပဒမှာ အကု, ဗျာ–လို့ ပဒါဝသာန ၂–ခု၊
ပေါင်းသင်္ချာ ၁၅–ချက်ရှိပါတယ်။

အဲဒီ ၁၅–ချက်ကို တစ်ခုချင်း ၈–ပစ္စည်း ၉–မျိုးထဲ သွင်းပြရမယ်၊ ရတဲ့မျိုးထဲကမှ နောက်တစ်ဆင့်တက်ပြီး ရနိုင်တဲ့ပစ္စည်းသရုပ်ကို ထုတ်ပြရမယ်၊ ကဲ–သွင်းကြည့်, ထုတ်ကြည့်ကြရအောင်။

**၁။ ကု+ကု။** ။ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန ပစ္စယော၊ ဥပနိဿယပစ္စယေန

http://www.dhammadownload.com



ပစ္စယော။ [ကု+ကုဟာ ဘယ်မျိုးတွေထဲ ပါတယ်ဆိုတာ သုဒ္ဓသင်္ချာကို အာရုံပြုပါ။] ကုသလော ကုသလဿ၌ အာရမ္မဏ, သဟဇာတ, ဥပနိဿယ ဤ ၃-ပစ္စည်းကို ထုတ်အပ်၏။

ထိုတွင် အာရမ္မဏဖြင့် အာရမ္မဏမတ္တ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၊ ဤ ၃-ပစ္စည်းကို ပြအပ်၏။ [အာရမ်မျိုးမှာလဲ ဘယ်အုပ်စုထဲပါတယ်ဆိုတာ သုဒ္ဓသင်္ချာကို အာရုံပြုပါ။]

သဟဇာတဖြင့် သဟဇာတမတ္တ, ဟေတု, သဟဇာတာဓိပတိ, အညမည, သဟဇာတနိဿယ, သဟဇာတကမ္မ, သဟဇာတာဟာရ, သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ ဤ ၁၃-ပစ္စည်းကို ပြအပ်၏။ [သုဒ္ဓသင်္ချာကို အာရုံပြုပါ။]

အာရမ္မဏဖြင့် အာရမ္မဏူပနိဿယကို ပြပြီးဖြစ်သောကြောင့် ဥပနိဿယဖြင့် အနန္တရူပနိဿယ, ပကတူပနိဿယ ဤ၂-ပစ္စည်းကိုပြအပ်၏၊ ထိုတွင် အနန္တရူပနိဿယဖြင့် အနန္တရူပနိဿယ, အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ဤ၆-ပစ္စည်းကိုပြအပ်၏။ ပကတူပနိဿယဖြင့် ပကတူပစ္စည်းကို ပြအပ်၏။

၂။ ကု+အကု။ ။ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလော အကုသလဿ-၌ အာရမ္မဏ, ဥပနိဿယ၊ ဤ၂-ပစ္စည်းကို ထုတ်အပ်၏။

ထိုတွင် အာရမ္မဏဖြင့် အာရမ္မဏမတ္တ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၊ ဤ၃-ပစ္စည်းကို ပြအပ်၏။ အာရမ္မဏဖြင့် အာရမ္မဏူပနိဿယကို ယူပြီးဖြစ်သောကြောင့် ဥပနိဿယဖြင့် ပကတူပနိဿယ တစ်ပစ္စည်းကိုသာ ပြအပ်၏။

၃။ ကု+ဗျာ။ ။ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာ၊ သဟ၊ ဥပ၊ ပစ္ဆာ၊ ကမ္မပစ္စယေန ပစ္စယော။ ကု+ဗျာ၌ အာ, သဟ, ဥပ, ပစ္ဆာ, ကမ္မ ဤ ၅-ပစ္စည်းကို ထုတ်အပ်၏။

ထိုတွင် အာဖြင့် အာ, အာဓိ, အာရမ္မဏူ၊ ဤ ၃-ပစ္စည်းကို ပြအပ်၏၊ သဟဖြင့် သဟ, ဟေ, ဓိ, နိ, ကံ, ဟာ, ဣံ, ဈာ, မဂ်, ဝိပ်, အတ္ထိ, အဝိ ဤ ၁၂-ပစ္စည်းကို ပြအပ်၏။

http://www.dhammadownload.com



အာဖြင့် အာရမ္မဏာကို ယူပြီးဖြစ်သောကြောင့် ဥပဖြင့် အနန္တရ, ပကတူ၊ ဤ ၂–ပစ္စည်းကို ပြအပ်၏။ ထိုတွင် အနန္တရဖြင့် အနန္တရ, အနံ, သနံ, နတ္ထိ, ဝိဂတ ၅–ပစ္စည်း။ ပကတူဖြင့် ပကတူ, ဗလဝနာနာကံ ၂–ပစ္စည်း။

ပစ္ဆာဖြင့် ပစ္ဆာ, ဝိပ်, အတ်, အဝိ ၄–ပစ္စည်း။ သဟာဖြင့် သဟကံ, ဥပဖြင့် ဗလဝနာနာကံကို ယူပြီးဖြစ်သောကြောင့် ကမ္မဖြင့် ဗလဝဒုဗ္ဗလနာနာကံပစ္စည်းကို ပြအပ်၏။

**၄။ ကု+ကုဗျာ။** ။ကု+ကုဗျာ၌ သဟဇာတတစ်ပစ္စည်းကို ထုတ်အပ်၏၊ ထိုသဟဇာတဖြင့် သဟမတ္တ, ဟေ, ဓိ, နိ, ကံ, ဟာ, ဣံ, ဈာ, မဂ်, အတ်, အဝိ ၁၁–ပစ္စည်း။ [အကုပဒ ၄–ချက်၌လည်းနည်းတူပင်တည်း။]

**၉။ ဗျာ+ဗျာ။** ။အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာ၊ သဟ၊ ဥပ၊ ပု၊ ပစ္ဆာ၊ ဟာ၊ ဣံ။ ဗျာ–ဗျာ၌ အာ, သဟ, ဥပ, ပု, ပစ္ဆာ, ဟာ, ဣံ ၇–ပစ္စည်း။

ထိုတွင် အာဖြင့် အာမတ္တ, ဓိ, နိ, ဥပ, ပု, ဝိပ်, အတ်, အဝိ ၈–ပစ္စည်း။ သဟာဖြင့် သဟမတ္တ, ဟေ, ဓိ, အဉ်, နိ, ကံ, ဝိ, ဟာ, ဣံ, ဈာ, မဂ်, သံ, ဝိပ်, အ, အဝိ ၁၅–ပစ္စည်း။

အာဖြင့် အာရမ္မဏာကို ပြပြီးဖြစ်သောကြောင့် ဥပဖြင့် အနန္တရ, ပကတူ ၂–ပစ္စည်း။ ထိုတွင် အနန္တရဖြင့် အနန္တရ, အနံ, သနံ, အာသေ, နတ်, ဝိ ၆–ပစ္စည်း။ ပကတူဖြင့် ပကတူ။

အာဖြင့် အာပုကို ပြပြီးဖြစ်သောကြောင့် ပုရေဖြင့် ဝတ်ပုတစ်ပစ္စည်း ကိုသာ ထုတ်အပ်၏၊ ထိုဝတ်ပုဖြင့် ဝတ်ပု, နိ, ဣံ, ဝိပ်, အတ်, အဝိ ၆–ပစ္စည်း။ ပစ္ဆာဖြင့် ပစ္ဆာ, ဝိပ်, အ, အဝိ ၄–ပစ္စည်း။

သဟာဖြင့် သဟဟာကို ပြပြီးဖြစ်သောကြောင့် ဟာဖြင့် ရုပ်ဟာတစ်ပစ္စည်း ကိုသာပြအပ်၏၊ ထိုရုပ်ဟာဖြင့် ရုပ်ဟာ, အတ်, အဝိ ၃–ပစ္စည်း။ သဟာဖြင့် သဟတိ, ပုရေဖြင့် ပုတိကို ပြပြီးဖြစ်သောကြောင့် ဣန္ဒြိယဖြင့် ရူပတိတစ်ပစ္စည်း ကိုသာ ပြအပ်၏၊ ထိုရူပတိဖြင့် ရူပတိ, အတ်, အဝိ ၃–ပစ္စည်း။

**၁၀။ ဗျာ+ကု။** ။အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာ၊ ဥ၊ ပု။ ဗျာ–ကု၌ အာ, ဥ, ပု ၃–ပစ္စည်း။

ထိုတွင် အာဖြင့် အာမတ္တ, ဓိ, နိ, ဥပ, ပု, ဝိပ်, အတ်, အဝိ ၈–ပစ္စည်း။

http://www.dhammadownload.com



အာဖြင့် အာရမ္မဏူကို ယူပြီးဖြစ်သောကြောင့် ဥဖြင့် အနန္တရ, ပကတူ ၂–ပစ္စည်း။ ထိုတွင် အနန္တရဖြင့် ဥ, အနံ, သနံ, နတ်, ဝိဂတ ၅–ပစ္စည်း။ ပကတူဖြင့် ပကတူ။

အာဖြင့် အာပုကို ပြပြီးဖြစ်သောကြောင့် ပုဖြင့် ဝတ်ပုပစ္စည်းကိုသာ ပြအပ်၏၊ ထိုဖြင့် ဝတ်ပု, နိ, ဝိပ်, အတ်, အဝိ ၅–ပစ္စည်း။

**၁၁။ ဗျာ+အကု။** ။ဗျာ–ကုနည်းတူပင်။

**၁၂။ ကုဗျာ+ကု။** ။ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ သဟဇာတံ ပုရေဇာတံ။ (သဟပုရေ မိဿကသင်္ချာ)

ကုဗျာ–ကု၌ သဟဇာတ, ပုရေဇာတမိဿက တစ်ပစ္စည်းကိုသာ ထုတ်အပ်၏၊ ထိုဖြင့် နိ, အတ်, အဝိ ဤ ၃–ပစ္စည်းကိုပြအပ်၏။

**၁၃။ ကုဗျာ+ဗျာ။** ။ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတံ ပစ္ဆာဇာတံ အာဟာရံ ဣန္ဒြိယံ။ (သဟကြီးနှင့် နောက်မိဿက ၂–ခုသင်္ချာ)

ကုဗျာ–ဗျာ၌ သဟဇာတ, ပစ္ဆာဇာတအာဟာရမိဿက, ပစ္ဆာဇာတဣန္ဒြိယမိဿက ဤ ၃–ပစ္စည်းကို ထုတ်အပ်၏၊ ထိုတွင် သဟဇာတဖြင့် သဟ, နိ, အတ်, အဝိ ၄–ပစ္စည်း။ ပစ္ဆာဟာရမိဿကဖြင့် အရောဖြစ်သော အတ်, အဝိ ၂–ပစ္စည်း။ ပစ္ဆာဇာတိဣမိဿကဖြင့် အရောဖြစ်သော အတ်, အဝိ ၂–ပစ္စည်း။

**၁၄။ အကုဗျာ+အကု။** ။ကုဗျာ–ကု နည်းတူပင်။

**၁၅။ အကုဗျာ+ဗျာ။** ။ကုဗျာ+ဗျာ နည်းတူပင်။

၈–ပစ္စည်း ၉–မျိုး၌ ကျန်ပစ္စည်းများ ဝင်ကြသည်၊ အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ၄–ပစ္စည်းတို့၌ ကျန်ပစ္စည်း ၂၀–တို့သည် ယထာရဟဝင်ကြသည်။ [အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ (သင်္ဂဟ)]

\+ + + + +

ပစ္စည်းအနုလုံ ပြီး၏။

http://www.dhammadownload.com



## ၂။ ပစ္စည်း ပစ္စနိက်

ဆောင် ၁။ သအဉ်နိသံ ဇက်ဒသတဲ့၊ ပုရေ တေရ မှတ်လေပါ။
ဝိပ်အတ် အ, မှာ နဝါမှတ်တော့၊ ကြွင်းပန္နရသ် သုဒ္ဓမှာ။
အာဥ နှစ်ဖြာ မပါကလျှင်၊ သင်္ချာတေရ ထုတ်ကြရာ။
ပဉ္စာသဟ မရကာ၊ နဝသင်္ချာလာ
အဲဒါက... သုဒ္ဓ + ဒုက ပစ္စနိကသင်္ချာပါ။ (ပန်းကုံး)

၂။ အာဥ ပုရေ လျော့နဝတဲ့၊ အာဥ သဟ သတ္တလာ။
အာဥ အညာ လျော့သတ္တနှင့်၊ အာဥ သမ္ပ သတ္တပါ။
အာဥ သဟာ ပုပဥ္စနှင့်၊ အာဥ ဝိပ္ပ ပဥ္စသာ။
အာဥ သဟ ပစ်လျော့က၊ ပဥ္စ ထုတ်ကြရာ။
အဲဒါက... တိကာဒိက ပစ္စနိကသင်္ချာပါ။ (ပန်းကုံး)

၃။ သုဒ္ဓသင် ဒုကာဒိ၊ နှစ်မျိုးရှိ နိက်မှာ။
ကိုးမျိုးတွင် သဘာဂကို၊ နုတ်ရ သေချာ။
ကျန်တရား အားလျော့်စွာ၊ သင်္ချာကို မှတ်သား။
မျိုးခေါင်းဆောင် လားတူဖြစ်လျှင်တော့၊
မျိုးလုံးပင် ပြုတ်ကျန်ရစ်တယ်၊ စိစစ် ဟောသွား။ (ပန်းကုံး)

### သုဒ္ဓသင်္ချာဝါရ

ပြောပြီးခဲ့တဲ့ ရှေ့ပိုင်းက (၁) နံပါတ် အနုလောမ (အနုလုံ)ဖြစ်ပါတယ်၊ အဲဒီ အနုလုံမှာ ဝိဘင်္ဂဝါရ သင်္ချာဝါရလို့ နှစ်မျိုးရှိတဲ့အနက် နှစ်မျိုးလုံးကို ပြောပြီး ပါပြီ၊ ဒါ့ကြောင့် (၁) နံပါတ်အနုလုံ ပြီးပါပြီ၊ အခုပြောမှာက (၂) နံပါတ်ပစ္စနိက် ဖြစ်ပါတယ်။

ဒီပစ္စနိက်မှာ သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာဝါရလို့ နှစ်မျိုးရှိပါတယ်၊ သုဒ္ဓ သင်္ချာဝါရကို ယမိုက်သဘောသွားအတိုင်း န ပဋိသေဓဖြင့် ဟောရပါမယ်၊ သုဒ္ဓ သင်္ချာမှာ ပြထားတဲ့မျိုးအလိုက် မျိုးခေါင်းဆောင်ထဲက နောက်လိုက်ပစ္စည်းများကို နုတ်တတ်ဖို့ပဲလိုပါတယ်၊ ဒါနုတ်တတ်လျှင် ပစ္စနိက်နားလည်တာပါပဲ၊ မျိုးထဲမှာလဲ အာရမ်မျိုးနဲ့ သဟမျိုးမှာ နုတ်ပုံနားလည်အောင် လေ့လာရပါမယ်၊ ကျန်မျိုးတွေက မခက်ပါဘူး၊ ဒါ့ကြောင့် မျိုးစဉ်အလိုက်နုတ်ပုံကို အရင်ပြောပြပါမယ်။

http://www.dhammadownload.com



## အာရမ်မျိုး နုတ်နည်း

**အာဓိနုတ်ပုံ။** ။မျိုးခေါင်းဆောင် အာရမ္မဏထဲက အာဓိ, အာပု, ဝတ္ထာ သုံးခုကိုနုတ်ရပါမယ်၊ နုတ်ကျန်ဟာ နာဓိပတိစသည်ပါပဲ၊ အာဓိသုဒ္ဓသချ်ာမှာ "အလေးအမြတ် ပြုတတ်သော"လို့ ဝိသေသနပြုထားပါတယ်၊ ဒါ့ကြောင့် "အလေးအမြတ် မပြုတတ်သော"လို့ ဝိသေသနပြုပြီး အာရမ္မဏသုဒ္ဓသချ်ာကို ဆိုလိုက်လျှင် နာဓိပတိဖြစ်ပါတယ်၊ တစ်ခုသတိပြုဖို့က လောကုတ္တရာစိတ် ၈-ခုဟာ အဓိပတိကေန်ဖြစ်ပါတယ်၊ ဒါ့ကြောင့် လောကုတ္တရာကိုလဲ ကြဉ်ရမယ်။

**ဆောင်။** ။လောကုတ္တရာ၊ တရားမှန်၊ ကေန် အာဓိဖြစ်။

နာဓိပတိ၌ အလေးအမြတ်မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ်သုံးခု၊ နေဝသညာနာသညာယတနစိတ်သုံးခု၊ အဘိညာဉ်ဒွေး အား x တပ်သော အလေးအမြတ် မပြုအပ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်။

ဒါဟာ အာရမ္မဏထဲက အာဓိနုတ်ပုံဖြစ်ပါတယ်၊ အုပ်စုဝင်ဖြစ်တဲ့ ဥပနိဿယ လဲ နည်းတူပါပဲ။

**အာပုနုတ်ပုံ။** ။အာပုသုဒ္ဓသချ်ာမှာ ပစ္စည်းတရားက ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဖြစ်တယ်၊ အတိတ်အနာဂတ်နိပ္ဖန္နရုပ်နဲ့ အနိပ္ဖန္နရုပ်များ မပါဘူး၊ တစ်ချက်မှတ်ခဲ့ပါ၊ ပီးတော့ ပစ္စယုပ္ပန်ဖက်မှာ ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ်-၃ခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်များဟာ အာပုကေန်ဖြစ်တယ်၊ ဒါ့ကြောင့် ဒါတွေကို အာရမ္မဏထဲက နုတ်ပစ်ရမယ်၊ ကာမစိတ်-၅၄ထဲက ဒွေးပဉ္စဝိညာဉ်-၁၀နဲ့ မနောဓာတ်-၃ခုကိုနုတ်တော့ ၄၁-ပါးကျန်တယ်၊ အဲဒီအကျန်ကို "မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံ-၁၁" လို့ ဆိုရိုးပြုရပါလိမ့်မယ်။

**ဆောင်။** ။အဘိညာဉ်ဒွေး၊ မနော တေးနှင့်၊ ဒွေးပဉ္စဝိညာဏ်၊
၁၅-တန်၊ ကေန် အာပုဖြစ်။

[အာပုကေန်ဖြစ်တဲ့အကြောင်းကို အဓိပ္ပါယ်ခန်းကျမှ ပြောပါမယ်။]

န ပုရေဇာတ၌- မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ တဒါရုံ-၁၁၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ်မှတစ်ပါး အဘိညာဉ်ဒွေး၊ ဝိညာ-၃၊ နေဝ-၃၊ လောကုတ္တရာစိတ်-၈ခုအား x တပ်သော စိတ်-၈၉၊ စေ-၅၂၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသမှတစ်ပါး ရုပ်-၂၈၊ နိဗ္ဗာန်။ [အာပုအုပ်စုထဲမှ အတ္ထိအဝိဂတတို့လဲ နည်းတူပါပဲ။]

http://www.dhammadownload.com



**ဝတ္ထာနုတ်ပုံ**။ ။ဝတ္ထာနုတ်ပုံကတော့ အပါဒါန်ခံနုတ်ရုံပါပဲ၊ ပစ္စည်းကတော့ ဒီအုပ်စုမှာ ၅–ပစ္စည်းရှိတဲ့အနက် အာပုအုပ်စုမှာ မပါသေးတဲ့ နိဿယနဲ့ ဝိပ္ပယုတ္တပါပဲ။

နိဿယဥ္စ–မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅–ချက်၊ တဒါရုံအား x တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏမှတစ်ပါး အာရမ္မဏပစ္စည်း။ [ဒါဟာ ဝတ္ထာနုတ်ပုံပါပဲ။]

အခုပြောခဲ့တာဟာ အာရမ်မျိုးခေါင်းဆောင်ဖြစ်တဲ့ အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်ထဲက နောက်လိုက်ဖြစ်တဲ့ အာဓိ, အာပု, ဝတ္ထာ–တို့ကို နုတ်ပုံနုတ်နည်း ဖြစ်ပါတယ်။

**နုတ်နည်း စည်းကမ်း**။ ။မူတည်ပစ္စည်းမှ မူလီပစ္စည်းကိုနုတ်တဲ့အခါ သင်္ချာထွက်မထူးရာ၌ နုတ်မည့်တရားကိုဆိုကာ အပါဒါန်ခံပြီး နုတ်ရတယ်၊ သင်္ချာထွက်နှင့် တရားရထူးရာမှာတော့ နုတ်သည့်တရားမှ အကြွင်း(နုတ်ကြွင်း)ကို ဖော်ထုတ်ဆိုရပါတယ်။

**ဆောင်**။ ။သင်္ချာထွက်မှာ၊ မထူးပါက၊ ပါဒါန်ခံနုတ်၊ သရုပ် သင်္ချာ၊
ထူးလေပါမူ၊ လျော်စွာ နုတ်ကြွင်း၊ ဆိုရလျှင်းသည်၊
ဤသင်း ပစ္စနိက် နုတ်နည်းတည်း။

+ + + + +

## သဟမျိုး နုတ်နည်း

သဟမျိုးမှာ သဟကြီးထဲက သဟယေ်နှင့်သဟလတ်တို့ကို နုတ်ရမယ်၊ သဟယေ်နုတ်ပုံကို ၇–ပစ္စည်းလုံးရှုံပြောပါမယ်၊ သဟလတ်နုတ်ပုံကိုတော့ တစ်ခုချင်း ပြောပါမယ်၊ အခုပြောမယ့်ဟာကို နားလည်အောင် သုဒ္ဓသင်္ချာကို ညက်ညက်ကျေနေဖို့လိုပါတယ်၊ သုဒ္ဓသင်္ချာကျေညက်မှ အဖြေထွက်မှန်ပါလိမ့်မယ်။

**သဟယေ် နုတ်ပုံ**။ ။သဟကြီးသုဒ္ဓသင်္ချာမှာ အပိုင်းသုံးပိုင်းရှိတဲ့အနက် ပထမပိုင်းထဲက နုတ်ရမယ်၊ ဒုတိယ, တတိယအပိုင်းများထဲက နုတ်ဖို့မလိုသလောက်ပါပဲ၊ တတိယအပိုင်းထဲက ဝိပါက်အဗျာကတဟိတ် ၃–ပါးကိုသာ နုတ်စရာရှိပါတယ်။

http://www.dhammadownload.com



န ဟေတုဒ္ဓ– အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း x တပ်သော (ဟိတ် ၆–ပါးမှတစ်ပါး) အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း x တပ်သော အလုံးစုံသော မဟာဘုတ် ၄–ပါး။ အချင်းချင်းအား x တပ်သော (ဝိပါက်ဟိတ် ၃–ပါးမှတစ်ပါး) ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု။

ဒါဟာ ဟေတုကိုနုတ်ပုံပါပဲ၊ အဓိပတိစသည်တို့ကို နုတ်တဲ့အခါမှာ "အဓိပတိ တရားကိုယ် ၄–ပါးမှတစ်ပါး၊ စေတနာမှတစ်ပါး၊ နာမ်အာဟာရ ၃–ပါးမှတစ်ပါး၊ သဟဇာတိန္ဒြိယမှတစ်ပါး၊ ဈာနပစ္စည်းမှတစ်ပါး၊ မဂ္ဂပစ္စည်းမှတစ်ပါး" ဒီလိုဆိုပြီး နုတ်ရမယ်၊ ဒါဟာ သဟဇယ် ၇–ပါးနုတ်ပုံပါပဲ၊ သင်္ချာထွက်မထူး, တရားရ မထူးတဲ့အတွက် အပါဒါန်ခံနုတ်တာ ဖြစ်ပါတယ်။

**အညမည နုတ်ပုံ။** ။သဟလတ် ၄–ပစ္စည်းအနက် အညမညနုတ်ပုံကို ပြောပါမယ်၊ အညမညသုဒ္ဓသင်္ချာမှာလဲ အပိုင်းသုံးပိုင်းရှိပါတယ်၊ ပဌမပိုင်းထဲက အညမညရတဲ့ နာမက္ခန္ဓာနဲ့ ဟဒယဝတ္ထုကို နုတ်ရမယ်၊ ဒုတိယပိုင်းထဲက မဟာ ဘုတ်ကိုနုတ်ရမယ်၊ တတိယပိုင်းကိုတော့ အကုန်လုံး နုတ်ပစ်ရမယ်၊ သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ကြည့်ပါ။

န အညမညဒ္ဓ– စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ ဥပါဒါရုပ်အား x တပ်သော မဟာဘုတ် ၄–ပါး။

သဟကြီးထဲက အညမညကိုနုတ်လိုက်တော့ ဒါပဲကျန်ပါတယ်၊ သင်္ချာထွက် ထူးတဲ့အတွက် နုတ်ကြွင်းကို ဖော်ဆိုထားတယ်၊ ပစ္စယုပ္ပန်ဖက်မှာ ရုပ်သာကျန်တဲ့ အတွက် ပစ္စည်းနာမက္ခန္ဓာက ပဋ္ဌဝေါနာမက္ခန္ဓာသာ ဖြစ်ပါတယ်။

သင်္ချာထွက်ပုံနဲ့ပတ်သက်လို့ ဒီသဟမျိုးသက်သက်သာ ကြည့်မယ်ဆိုလျှင် ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ၊ ကုဗျာ–ဗျာ၊ အကုဗျာ–ဗျာ၊ သင်္ချာ ၅–ချက်သာ ရပါတယ်၊ ပစ္စယုပ္ပန်ကိုကြည့်ပါ၊ ရုပ်တရားမျှသာရှိပါတယ်၊ ပစ္စယုပ္ပန်စိတ္တဇရုပ်ကို ကု, အကုနာမက္ခန္ဓာနဲ့ မဟာဘုတ်က ကျေးဇူးပြုနိုင်တဲ့အတွက် "ကုဗျာ–ဗျာ၊ အကုဗျာ–ဗျာ"သင်္ချာများရပါတယ်၊ "ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ"လို့ ဝိဘင်္ဂဝါရတုန်းက ဟောခဲ့တယ်မဟုတ်ပါလား၊ သဟကြီး ရနေကျဖြစ်တဲ့ "ကု–ကုဗျာ၊ အကု–အကုဗျာ"သင်္ချာနှစ်ချက်မရဘူး၊ သဟပုရေ မိသကမှာပါတဲ့ သင်္ချာနှစ်ချက်လဲ မရဘူး၊ န အညမညရတာကို အားလုံးခြုံ

http://www.dhammadownload.com



လိုက်လျှင်တော့ အာရမ် ပကတူ ၉–ချက်နဲ့ ဒုတိယ တတိယမိဿကနှစ်ချက်၊ ပေါင်း ၁၁–ချက်ရပါတယ်။ [ဒါဟာ သင်္ချာထွက်ထူးလို့ နုတ်ကြွင်းကိုဖော်ဆိုပြီး နုတ်တာပါပဲ၊ နောက်လဲ ဒီအတိုင်းဆိုတာ သဘောပေါက်ခဲ့ပါ။]

**ဝိပါကနုတ်ပုံ**။ ။ဝိပါကကိုနုတ်လိုက်လျှင် သဟာကြီး ပထမပိုင်း ပစ္စည်းတရားထဲမှာ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာများသာ ကျန်ပါတယ်၊ ဒုတိယပိုင်းက အားလုံးကျန်ပါတယ်၊ တတိယပိုင်းထဲက ဝိပါကရတဲ့ တစ်ခြမ်းကို နုတ်လိုက်လျှင် တစ်ခြမ်းသာကျန်ပါတယ်၊ ဒီလိုနုတ်တာကို သဘောပေါက်ပါ၊ နောက်ပြီးတော့ ပစ္စည်းဖက်မှာ ဝိပါကမပါတော့လို့ ပစ္စယုပ္ပန်ဖက်မှာ ၄င်းက ကျေးဇူးပြုတဲ့ ပဋိသန္ဓေကမ္မဇရုပ် မပါနိုင်တော့ဘူး။

န ဝိပါကဉ္စ– အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ , စိတ္တဇ ရုပ်အားလည်းကောင်း x တပ်သော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ၄– ပါး။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း x တပ်သော အလုံးစုံသော မဟာဘုတ် ၄–ပါး။ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာအား x တပ်သော ဟဒယဝတ္ထု။

ဒါဟာ ဝိပါကနုတ်ပုံပါပဲ၊ ဝိပါက်ပြုတ်သော်လဲ သင်္ချာမလျော့ပါဘူး၊ တရား အရထူးလို့ နုတ်ကြွင်းကို ဖော်ဆိုတာဖြစ်ပါတယ်။

**သမ္ပယုတ္တနုတ်ပုံ**။ ။သမ္ပယုတ္တက နာမက္ခန္ဓာရနေတော့ အဲဒီ နာမက္ခန္ဓာကို နုတ်ပစ်ရမယ်၊ ပစ္စယုပ္ပန်ဘက်မှာ ရုပ်သာကျန်ပါတယ်၊ ရုပ်သာ ကျန်တဲ့အတွက် ပဉ္စဝေါကာရနာမက္ခန္ဓာသာ ပစ္စည်းထိုက်ပါတော့တယ်၊ န အည မညလိုပဲ သင်္ချာ ၅–ချက်သာရပါတယ်။

န သမ္ပယုတ္တဉ္စ–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ (ကျန်သဟာကြီး နှစ်ပိုင်း အပြည့်အစုံဆိုပါ။) ဒါဟာ သမ္ပယုတ္တနုတ်ပုံပါပဲ၊ အညမညနည်းတူ သင်္ချာ ၁၁–ချက်ရပါတယ်။

**ဝိပ္ပယုတ္တနုတ်ပုံ**။ ။ဝိပ္ပယုတ္တက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ကို ရနေတော့ အဲဒီရုပ်ကို နုတ်ပစ်ရမယ်၊ ပစ္စယုပ္ပန်ဘက်မှာ နာမက္ခန္ဓာသာကျန်တယ်၊ ပီးတော့ တတိယပိုင်းကိုလဲ ဝိပ္ပယုတ္တကရနေတော့ နုတ်ပစ်ရမယ်။

န ဝိပ္ပယုတ္တဉ္စ–အချင်းချင်းအား x တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်အားလည်း ကောင်း x တပ်သော မဟာဘုတ် ၄–ပါး။ ဒါဟာ ဝိပ္ပယုတ္တနုတ်ပုံပါပဲ၊ ကု–ကု၊

http://www.dhammadownload.com



အကု–အကု၊ ဗျာ–ဗျာ၊ သင်္ချာ ၃–ချက်ရမယ်ဆိုတာ သတိပြုပါ၊ ဒါဟာ သဟမျိုး နုတ်ပုံပါပဲ၊ သဘောဉာဏ်အရေးကြီးပါတယ်၊ အနန္တရမျိုးသွားကြစို့။

## အနန္တရမျိုး နုတ်နည်း

ခေါင်းဆောင် အနန္တရစတဲ့ ၅–ပစ္စည်းထဲက နောက်လိုက် အာသေဝနနဲ့ ကမ္မကို အပါဒါန်ခံပြီး နုတ်လိုက်လျှင် ကိစ္စပြီးတာပါပဲ။

နာသေဝနဒ္ဒ–ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောဧ ပညာသအား x တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသမှတစ်ပါး အနန္တရူပနိဿယပစ္စည်း။ (သင်္ချာ–ပဥ္စ)

ဒီမှာ ပြောစရာရှိနေပါတယ်၊ အနံထဲက အာသေကိုနုတ်တဲ့အခါ သင်္ချာ ၅–ချက်သာကျန်ပါတယ်၊ "ကု–ကု၊ အကု–အကု" ၂–ချက်လျော့ပါတယ်၊ အတန်ငယ် ရှင်းရသေးတာပေါ့၊ အာသေပစ္စည်းဘက်မှာ (ကု အကု ကြိ)ဇောတွေကို နုတ်လိုက်တော့ အဆုံးဇောသာကျန်ပါတယ်၊ ပစ္စယုပ္ပန်ဘက်ကလဲ နုတ်လိုက်တော့ ပထမဇောသာ ကျန်ပါတယ်။

ဆိုလိုရင်းက ပစ္စည်းဘက်မှာ အဆုံးဇော(သတ္တမဇော) တစ်ခုထဲသာရှိတယ်၊ (ဇော ၇–ကြိမ်ရေးပြီး ရှေ့က ၆–ကြိမ်ကို ဖျက်ကြည့်လိုက်ပါ၊) အဲဒီ သတ္တမဇောကို ကျေးဇူးပြုမယ့် ဆဋ္ဌ(ကု–အကု) ဇော မရှိဘူး၊ ဒါ့ကြောင့် "ကု–ကု၊ အကု–အကု" သင်္ချာ၂–ချက် မရနိုင်တော့ဘူး၊ ကျန်သင်္ချာ ၅–ချက်သာရပါတယ်၊ ဒီလောက်ဆို သဘောပေါက်လောက်ပါပြီ၊ သိပ်ပြီးရှင်းနေပြန်လျှင် ရှုပ်ထွေးကုန်အုံးမယ်။

နောက်တစ်ချက်က ဒီမှာ သင်္ချာထွက်ထူးသော်လဲ အပါဒါန်ခံနုတ်ထားတာပါလား၊ ဒီလိုဆို ရှေ့ကပြောခဲ့တဲ့ နုတ်နည်းစည်းကမ်းဟာ ယေဘုယျပဲလို့ ထင်စရာရှိပါတယ်၊ သို့သော် အနန္တရူပကတူနှစ်မျိုးမှာမှ ဥပနိဿယ တစ်ပစ္စည်းသာ ဖြစ်တယ်ဆိုတာကို သတိပြုရမယ်၊ အခုဟာက မျိုးအလိုက်သာ နုတ်ပြနေခြင်း ဖြစ်ပါတယ်၊ သူ့နေရာရောက်လို့ တကယ်ဆိုရိုးကျ ဆိုတဲ့အခါကျတော့ "အာသေဝနပစ္စည်းမှတစ်ပါး အနန္တရူပနိဿယ, ပကတူပနိဿယပစ္စည်း"လို့ ဆိုရိုးပြုပါလိမ့်မယ်၊ အာသေဝနပစ္စည်းကြဉ်ပေမယ်လို့ ဥပနိဿယသင်္ချာ မထူးပါဘူး၊ မလျော့ပါဘူး၊ ၉–ချက်လုံးရပါတယ်၊ ဒါ့ကြောင့် ယေဘုယျမဟုတ်ပါဘူး၊ ကောန်ပါပဲ။

န ကမ္မဒ္ဒ– မဂ္ဂါနန္တရဖိုလ်လေးခုအား x တပ်သော မဂ်၄–ခု စေတနာမှ တစ်ပါး အနန္တရူပနိဿယပစ္စည်း။ (သင်္ချာ–သတ္တ)

http://www.dhammadownload.com



## ပကတူမျိုး နုတ်နည်း

န ကမ္မဋ္ဌေ– ဝိပါက်စိတ် ဆတ္တိံသနာမက္ခန္ဓာအား x တပ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာမှတစ်ပါး ပကတူပနိဿယပစ္စည်း။ (သင်္ချာ–န၀)

ပကတူမျိုးမှာ နောက်လိုက်က ကမ္မတစ်ပစ္စည်းသာရှိပါတယ်၊ အပါဒါန်ခံ နုတ်တာပါပဲ၊ သင်္ချာလျော့မသွားပါဘူး၊ ၉–ချက်လုံးရပါတယ်။

ဒီနေရာမှာ ဘာတစ်ခုမှတ်ထားခဲ့ရမလဲဆိုတော့ “ရှစ်ပစ္စည်း ကိုးမျိုး”ဆိုတဲ့ စကားအရ အနန္တရ, ပကတူနှစ်မျိုးမှာမှ ဥပနိဿယတစ်ပစ္စည်းသာ ဖြစ်တယ် ဆိုတာပါပဲ၊ အဲဒီ နှစ်မျိုးမှာပါတဲ့ကမ္မဟာ မျိုးမတူသော်လဲ “နာနာက်” အနေနဲ့ သဘာဂဖြစ်နေပါတယ်၊ ဒါ့ကြောင့် အနန္တရမျိုးပြုတ်ပြီးတဲ့နောက် ပကတူကိုကောက် တဲ့အခါ အနံက်ကိုကြဉ်ပြီး ကောက်ရပါတယ်၊ အကယ်၍ ပကတူကံကိုပါကြဉ် ရမည်ဆိုပါက အဲဒီပကတူကံကို အပါဒါန်ခံပြီး ကြဉ်လိုက်ပါ၊ အနံက်ကို သီးသန့်ကြဉ်ဖို့ မလိုတော့ပါဘူး၊ ပကတူကံဆိုရိုးထဲ ဝင်ပြီးဖြစ်ပါတယ်၊ အနံက်နဲ့ ပကတူကံ သုဒ္ဓသင်္ချာချင်း ယှဉ်ကြည့်ပါ၊ ပကတူကံက တရားများပါတယ်။

## ဝတ္ထုမျိုး နုတ်နည်း

ဒီဝတ္ထုမျိုးမှာ နောက်လိုက်က ဣန္ဒြိယတစ်ပစ္စည်းသာရှိပါတယ်၊ ဒါ့ကြောင့် ပုတိ သုဒ္ဓသင်္ချာကိုဆိုပြီး အပါဒါန်ခံနုတ်ရုံပါပဲ၊ သင်္ချာလဲ မလျော့ပါဘူး၊ ပုရေ ဆိုလျှင် အာပု, ဝတ်ပုဆိုတာကိုလဲ သတိပြုရမယ်။

န ဣန္ဒြိယဋ္ဌေ–ပုရေဇာတိန္ဒြိယပစ္စည်းမှတစ်ပါး ဝတ္ထုပုရေဇာတပစ္စည်း။(သင်္ချာ– တိဏ်) ပစ္ဆာမျိုး, ဗဒုကံမျိုး, ရုပ်ဟာမျိုးမှာ နောက်လိုက်အုပ်စုကွဲပစ္စည်း မရှိတဲ့ အတွက် နုတ်စရာမလိုပါဘူး။

## မိဿက ၃–မျိုး

မိဿက ၃–မျိုးထဲက ပထမမိဿကက သဟနဲ့ပုရေ ရောထားတာဖြစ်ပါတယ်၊ ဒါ့ကြောင့် သဟနဲ့ပုရေ တစ်ခုခုမရလျှင် မပါလျှင် ဒီမိဿကသင်္ချာနှစ်ချက် မရနိုင်တော့ပါဘူး၊ ဒုတိယမိဿကက ပစ္ဆာနဲ့အာဟာရ ရောထားတယ်၊ သူတို့ နှစ်ခု တစ်ခုခုမရလျှင် မပါလျှင် ဒီမိဿကသင်္ချာမရဘူး၊ သို့သော် ဒီ ဒုတိယ မိဿက သင်္ချာနှစ်ချက်က သဟကြီးမှာပါတဲ့သင်္ချာနဲ့ တူနေတာကိုလဲ သတိပြု ရမယ်၊ တတိယမိဿကက ပစ္ဆာနဲ့ဣန္ဒြိယ ရောထားတယ်၊ သဘောသွားက ဒုတိယမိဿကအတိုင်းပါပဲ။

http://www.dhammadownload.com



အခုပြောခဲ့တာတွေဟာ အာရမ်စတဲ့မျိုးများမှာ သူ့မျိုးနဲ့သူ အသီးသီး နုတ်ပုံများဖြစ်ပါတယ်၊ ဒါကို အခြေခံနားလည်ထားရမယ်၊ ကဲ–ဒါဖြင့် တစ်ပစ္စည်းချင်း အစဉ်အတိုင်း နုတ်ကြစို့။

**န ဟေတု**။ ။န ဟေတုဒ္ဒ–အလုံးစုံသော အာရမ္မဏပစ္စည်း၊ (အာရမ္မဏ သုဒ္ဓသချာကို ဖော်ဆိုရပါမယ်) အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း x တပ်သော ဟိတ် ၆–ပါးမှတစ်ပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်း အားလည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း x တပ်သော မဟာဘုတ် ၄–ပါး။ အချင်းချင်းအား x တပ်သော ဝိပါက်ဟိတ် ၃–ပါးမှတစ်ပါး ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု–ဟုဆိုအပ်သော သဟဇာတပစ္စည်း။

အလုံးစုံသော အနန္တရူပ, ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။

ဤပစ္စည်းတရား ရှစ်ပါးတို့သည် န ဟေတုပစ္စည်းတပ်သော တရားတို့မည် ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍လည်းကောင်း၊ ဝါရသို့လိုက်၍လည်းကောင်း၊ တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း၊ ကတ္တား သမ္ပဒါန်နေဟန်သို့လိုက်၍လည်းကောင်း "န ဟေတုယာ ပန္နရသ"ဟု သချာ တပ်၍ဟောအပ်ကုန်၏။

**အနက်**။ ။န ဟေတုယာ (ထပေတွာ ဟေတုပစ္စယံ အနုရူပပစ္စယေဟိ)– ဟေတုပစ္စည်း ကိုထား၍ လျော်သောပစ္စည်းတို့ကြောင့်၊ ပန္နရသ–တစ်ဆယ့်ငါးပါး ကုန်သော၊ ဝိဿဇ္ဇနာနိ–အဖြေတို့ကို၊ လဗ္ဘန္တိ–ရအပ်ကုန်၏။ [၁၅–ပါးသရုပ်ကို "ကုသလော ကုသလဿ"စသည်ဖြင့် ရေတွက်ပါ။]

**နာရမ္မဏ**။ ။နာရမ္မဏဒ္ဒ–အလုံးစုံသော သဟဇာတပစ္စည်း၊ အနန္တရူပ, ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတ၊ ဗဒုက်၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ၇–ပါးတို့သည်... (စသည်ဖြင့် နဟေတု နည်းတူဆိုပါ၊ သုဒ္ဓသချာကို ဖော်ဆိုရမယ်၊ သဘောပေါက်လာလျှင်တော့ ဖော် ဆိုဖို့ မလိုတော့ပါဘူး၊ အနန္တရူနှင့်ပကတူကို ဥပနိဿယတစ်ပစ္စည်းတည်း ယူထားလို့ ၇–ပါးဖြစ်တာပါ၊ မျိုးအားဖြင့် ၉–မျိုး, ပစ္စည်းအနေနဲ့ ၈–ပစ္စည်းသာ ရှိပါတယ်။) နာရမ္မဏေ ပန္နရသ။

http://www.dhammadownload.com



**နာဓိပတိ**။ ။နာဓိပတိ၌–အလေးအမြတ်မပြုတတ်သော ။ ပ ။ (အာရမ်မျိုးနုတ်နည်းတုန်းက ပြခဲ့တဲ့အတိုင်းဆိုပါ၊) နိဗ္ဗာန်–ဟုဆိုအပ်သော အာရမ္မဏပစ္စည်း၊ အဓိပတိတရားကိုယ် ၄–ပါးကြဉ်သော အလုံးစုံသော သဟဇာတပစ္စည်း၊ အနန္တရူပ, ပကတူပ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကွဲ (၈–ပစ္စည်း)။ နာဓိပတိယာ ပန္နရသ။

**နာနန္တရ၊ နသမနန္တရ**။ ။အလုံးစုံသော အာရမ္မဏပစ္စည်း၊ သဟဇာတ၊ ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကွဲ (၈–ပစ္စည်း)။ နာနန္တရေ ပန္နရသ၊ န သမနန္တရေ ပန္နရသ။

**န သဟဇာတ**။ ။အလုံးစုံသော အာရမ္မဏပစ္စည်း၊ အနန္တရူ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကွဲ(၇–ပစ္စည်း)။ န သဟဇာတေ ကောဒသ။ [သဟဇ္ဈသာပါသည့် သင်္ချာနှစ်ချက်နှင့် သဟပုရေမိဿက သင်္ချာနှစ်ချက် မရပါဘူး။]

**န အညမည**။ ။အလုံးစုံသော အာရမ္မဏပစ္စည်း၊ စိတ္တဇရုပ်, ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ပဋ္ဌဝေါကာရပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဥပါဒါရုပ်အား x တပ်သော မဟာဘုတ် ၄–ပါးဟုဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရူ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကွဲ (၈–ပစ္စည်း)။ န အညမညေ ကောဒသ။ [နုတ်ပုံကို ရှေ့ကပြောခဲ့ပြီးပါပြီ။]

**န နိဿယ**။ ။ဒီမှာ သဟနိ ပုရေနိ မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ ပုရေနိဆိုလျှင် အာပု, ဝတ်ပုဆိုတာလဲ သိပြီးဖြစ်ပါလိမ့်မယ်၊ အာရမ်မျိုးမှ ဝတ္ထာကို နုတ်ရလိမ့်မယ်၊ သဟနဲ့ပုရေမှာတော့ မျိုးခေါင်းဆောင်ထဲကဖြစ်လို့ နှစ်မျိုးလုံး မရတော့ပါဘူး။

န နိဿယ၌–ဝတ္ထာရမ္မဏမှတစ်ပါး အာရမ္မဏပစ္စည်း၊ အနန္တရူ, ပကတူ၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကွဲ (၆–ပစ္စည်း)။ န နိဿယေ ကောဒသ။

**န ဥပနိဿယ**။ ။အာရမ္မဏူ အနန္တရူ ပကတူမျိုးယှက်ပစ္စည်း ဖြစ်ပါတယ်၊ အာရမ်မျိုးမှ အာဓိနုတ်ပုံကို ပြောခဲ့ပြီးပါပြီ၊ အနံနဲ့ပကတူမှာ ခေါင်းဆောင်ဖြစ်လို့ မရတော့ပါဘူး။

န ဥပနိဿယ၌–အလေးအမြတ်မပြုတတ်သော ။ ပ ။ (အာရမ်မျိုးနုတ်နည်းတုန်းက ပြောခဲ့တဲ့အတိုင်း ဆိုပါ၊) နိဗ္ဗာန်–ဟုဆိုအပ်သော အာရမ္မဏပစ္စည်း၊

http://www.dhammadownload.com



သဟဇာတ၊ ဝတ္ထု၊ ပဏ္ဍာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကံ(၇–ပစ္စည်း)။ န ဥပနိဿယေ ပန္နရသ။

**န ပုရေဇာတ**။ ။အာပု, ဝတ်ပု မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ အာပု နုတ်ပုံ ပြောခဲ့ပြီးပါပြီ၊ ဝတ်ပုမှာ ခေါင်းဆောင်ဖြစ်လို့ မရတော့ဘူး။

န ပုရေဇာတဠ်– မနောဒွါရာဝဇ္ဇန်း၊ ကာမဇော–၂၉၊ တဒါရုံ–၁၁၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှတစ်ပါး အဘိညာဉ်ဒွေး၊ ဝိညာ–၃၊ နေဝ–၃၊ လောကုတ္တရာ စိတ် ၈–ခုအား x တပ်သော စိတ်–၈၉၊ စေ–၅၂၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသမှ တစ်ပါး ရုပ်–၂၈၊ နိဗ္ဗာန်–ဟုဆိုအပ်သော အာရမ္မဏပစ္စည်း၊ သဟဇာတ၊ အနန္တရ, ပကတူ၊ ပဏ္ဍာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကံ(၇–ပစ္စည်း)။ န ပုရေဇာတေ တေရသ။

**န ပဏ္ဍာဇာတ**။ ။ပဏ္ဍာမျိုး ပြုတ်သွားပါတယ်။

န ပဏ္ဍာဇာတဠ်–အလုံးစုံသော အာရမ္မဏပစ္စည်း၊ သဟဇာတ၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကံ(၇–ပစ္စည်း)။ န ပဏ္ဍာဇာတေ ပန္နရသ။

**နာသေဝန**။ ။အာသေဝနဟာ အနန္တရမျိုးထဲကဖြစ်တယ်၊ ဒါ့ကြောင့် သူ့သုဒ္ဓသချာကိုဆိုကာ အပါဒါန်ခံပြီး နုတ်ရမယ်ဆိုတာ ရှေ့က ရှင်းပြခဲ့ပြီးပါပြီ။

နာသေဝနဠ်– အလုံးစုံသော အာရမ္မဏပစ္စည်း၊ သဟဇာတပစ္စည်း၊ ပထမဇော ဖိုလ်ဇောကြဉ်သော ။ ပ ။ လောကီဇော ၄၇–မှတစ်ပါး အနန္တရူပနိဿယ, ပက တူပနိဿယပစ္စည်း၊ ဝတ္ထု၊ ပဏ္ဍာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ကံ(၈–ပစ္စည်း)။ နာသေဝနေ ပန္နရသ။

**န ကမ္မ**။ ။သဟကံ, နာနာကံ မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ သဟကံကို အပါဒါန်ခံနုတ်ရမယ်၊ နာနာကံထဲက အနံကံနဲ့ ပကတူကံကိုလဲ အပါဒါန်ခံနုတ် ရမယ်၊ ဗဒုကံကတော့ ပြုတ်ရောပဲ။

န ကမ္မဠ်– အလုံးစုံသော အာရမ္မဏပစ္စည်း၊ စေတနာမှတစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း၊ မဂ္ဂါနန္တရဖိုလ်လေးခုအား x တပ်သော မဂ်လေးခုစေတနာမှ တစ်ပါး အနန္တရ, ဝိပါက်နာမက္ခန္ဓာ အား x တပ်သော ဗလဝနာနာကံမှတစ်ပါး ပကတူ၊ ဝတ္ထု၊ ပဏ္ဍာ၊ ရုပ်ဟာ၊ ရုပ်ကံ(၇–ပစ္စည်း)။ န ကမ္မေ ပန္နရသ။

**န ဝိပါက**။ ။သဟမျိုး တစ်ခုထဲကသာ နုတ်ရမယ်၊ ရှေ့က နုတ်ပြခဲ့ ပြီးပါပြီ။

http://www.dhammadownload.com



န ဝိပါကဒ္ဓ– အလုံးစုံသော အာရမ္မဏပစ္စည်း၊ အချင်းချင်းအားလည်းကောင်း အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်အားလည်းကောင်း x တပ်သော ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်အား လည်းကောင်း x တပ်သော မဟာဘုတ် ၄–ပါး။ ပဋိဝေါကာရပဋိသန္ဓေနာ မက္ခန္ဓာအား x တပ်သော ဟဒယဝတ္ထု–ဟုဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုက၊ ရုပ်ဟာ၊ ရုပ်ဣ (၈–ပစ္စည်း)။ န ဝိပါကေ ပန္နရသ။

**နာဟာရ**။ ။နာမ်ဟာ, ရုပ်ဟာ မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ သဟ မျိုးမှာ အပါဒါန်ခံပြီးနုတ်ရမယ်၊ ရုပ်ဟာကတော့ ပြုတ်ရောပဲ။

နာဟာရဒ္ဓ– အလုံးစုံသော အာရမ္မဏပစ္စည်း၊ နာမ်အာဟာရ ၃ပါးမှတစ်ပါး သဟဇာတပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုက၊ ရုပ်ဣ (၇–ပစ္စည်း)။ နာဟာရေ ပန္နရသ။

**န ဣန္ဒြိယ**။ ။သဟတိ, ပုတိ, ရူပတိ မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ သဟတိနဲ့ပုတိမှာ အပါဒါန်ခံပြီး နုတ်ရမယ်၊ ရူပတိကတော့ ပြုတ်ရောပဲ။

န ဣန္ဒြိယဒ္ဓ–အလုံးစုံသော အာရမ္မဏပစ္စည်း၊ သဟဇာတိန္ဒြိယမှတစ်ပါး သဟဇာတပစ္စည်း၊ အနန္တရ, ပကတူ၊ ပုတိမှတစ်ပါး ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာ၊ ဗဒုက၊ ရုပ်ဟာ (၇–ပစ္စည်း)။ န ဣန္ဒြိယေ ပန္နရသ။

**န ဈာန**။ ။သဟမျိုးထဲက အပါဒါန်ခံနုတ်ရုံပါပဲ။

နဈာနဒ္ဓ– အလုံးစုံသော အာရမ္မဏပစ္စည်း၊ ဈာနပစ္စည်းမှတစ်ပါး သဟ ဇာတပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုက၊ ရုပ်ဟာ၊ ရုပ်ဣ (၈– ပစ္စည်း)။ န ဈာနေ ပန္နရသ။

**န မဂ္ဂ**။ ။သဟမျိုးထဲကပါပဲ၊ အပါဒါန်ခံပြီး နုတ်ပါ။

န မဂ္ဂဒ္ဓ– အလုံးစုံသော အာရမ္မဏပစ္စည်း၊ မဂ္ဂပစ္စည်းမှတစ်ပါး သဟဇာတ ပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုက၊ ရုပ်ဟာ၊ ရုပ်ဣ (၈–ပစ္စည်း)။ န မဂ္ဂေ ပန္နရသ။

**န သမ္ပယုတ္တ**။ ။သဟမျိုးထဲကပဲ နုတ်ရမယ်၊ နုတ်ပုံကိုလဲ ပြောခဲ့ပြီး ပါပြီ။

နသမ္ပယုတ္တဒ္ဓ– အလုံးစုံသော အာရမ္မဏပစ္စည်း၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော ပဋိဝေါကာရပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ (ကျန်

http://www.dhammadownload.com



သဟာကြီးနှစ်ပိုင်း အပြည့်အစုံဆိုပါ၊) သဟဇာတပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ဣ(၈–ပစ္စည်း)။ န သမ္ပယုတ္တေ ကောဒသ။

**န ဝိပ္ပယုတ္တ**။ ။သဟာဝိပ်, ပုရေဝိပ်, ပစ္ဆာဝိပ် မျိုးယှက်ပစ္စည်းဖြစ်ပါတယ်၊ သဟာမျိုးထဲကနုတ်ပုံကို ပြောခဲ့ပြီးပါပြီ၊ ဝတ္ထုမျိုးနဲ့ပစ္ဆာမျိုးမှာတော့ သူက ခေါင်းဆောင်ဖြစ်လို့ အဲဒီနှစ်မျိုးလုံး ပြုတ်သွားပါတယ်၊ အာပုမှာ ဝတ္ထာကို အပါဒါန်ခံပြီး နုတ်ရမယ်။

န ဝိပ္ပယုတ္တာဒ္ဒ– ဝတ္ထာရမ္မဏာမှတစ်ပါး အာရမ္မဏပစ္စည်း၊ အချင်းချင်းအား x တပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး။ အချင်းချင်းအား လည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း x တပ်သော မဟာဘုတ် ၄ပါး– ဟုဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရ,ပကတူ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ဣ (၆–ပစ္စည်း)။ န ဝိပ္ပယုတ္တေ နဝ။ [သဟဇာတသာဆိုင်တဲ့ သင်္ချာ ၄–ချက်နဲ့ ဝတ္ထုမျိုးမှာသာပါတဲ့ "ဗျာ–ကု၊ ဗျာ–အကု"သင်္ချာများ မရနိုင်ပါဘူး။]

**နော အတ္ထိ၊ နော အဝိဂတ**။ ။အတ္ထိ ၆–မျိုးကို သတိပြုရမယ်၊ အတ္ထိ ၆–မျိုးထဲက အာပုတစ်ချက်သာ နောက်လိုက်ဖြစ်တယ်၊ ကျန် ၅–မျိုးက ခေါင်းဆောင်ချည်းပါပဲ၊ အဲဒါတွေ ပြုတ်ကုန်ပါတယ်။

နော အတ္ထိဒ္ဒ– အာရမ္မဏပုရေဇာတမှတစ်ပါး အာရမ္မဏပစ္စည်း၊ (ရှေ့က နုတ်ပြခဲ့တဲ့အတိုင်း သရုပ်ကိုလဲ ဖော်ဆိုနိုင်ပါတယ်၊) အနန္တရ, ပကတူ၊ ဗဒုကံ (၃–ပစ္စည်း)။ နော အတ္ထိယာ နဝ၊ နော အဝိဂတေ နဝ။

နတ္ထိနဲ့ဝိဂတက အနန္တရအတိုင်းပါပဲ၊ အဲဒီတော့ သုဒ္ဓသင်္ချာဝါရ ပြီးပါပြီ၊ ဒုကာဒိသွားကြစို့။

+ + + + +

http://www.dhammadownload.com



# ဒုကာဒိ သင်္ချာဝါရ

ဒီ ဒုကာဒိသင်္ချာဝါရမှာ ဒုကမှစပြီး ကေဝီသကအထိရှိပါတယ်၊ ဒုကဆိုတာက န ဟေတုကိုမူတည် နာရမ္မဏစတဲ့ ကျန်ပစ္စည်းများကို တစ်ခုချင်း မူလီသွတ်တာ ဖြစ်ပါတယ်၊ "န ဟေတုမူ နာရမ္မဏဒုကဥ္စ"စသည်ဖြင့် ဆိုရိုးပြုရပါတယ်၊ "ဟေတု အာရမ္မဏ နှစ်ပစ္စည်းမရတဲ့တရား"လို့ ဆိုလိုပါတယ်၊ သုဒ္ဓကျေညက် ခဲ့လျှင် ဒုကာဒိမခက်ပါဘူး၊ သွားပုံသဘောတရားကိုသာ နားလည်မှတ်သားမိဖို့ လိုပါတယ်၊ မူလီသွတ်တဲ့အခါ သဘာဂဖြစ်ဖြစ်, မဖြစ်ဖြစ် မူလီသွတ်ရပါတယ်၊ န ဟေတုမူဆိုလျှင် ကျန်တဲ့ ၂၃-ပစ္စည်းကို တစ်ပစ္စည်းချင်း မူလီသွတ်ပါတယ်။

အဲဒီလို ဒုကကိုဟောပြီးတဲ့နောက် နဟေတုနာရမ္မဏနှစ်ပစ္စည်းကို မူတည် ထားပြီး ကျန်ပစ္စည်းတွေကို တစ်ခုချင်းမူလီသွတ်ကာ "တိက"ကိုဟောပါတယ်၊ အဲဒီနောက် ၃-ပစ္စည်းကိုမူတည် တစ်ပစ္စည်းချင်း မူလီသွတ် စတုက္က၊ ၄-ပစ္စည်း ကိုမူတည် တစ်ပစ္စည်းချင်း မူလီသွတ် ပဉ္စက... စသည်ဖြင့် (ပစ္စည်း ၂၀-ကို မူတည် နောဝိဂတကို မူလီသွတ်တဲ့)ကေဝီသကအထိ ဟောပါတယ်။ ["နော အတ္ထိနဲ့ နောအဝိဂတမှာတော့ တေဝီသကအထိ ရှိပါတယ်။]

ထူးခြားချက်တစ်ခု ရှိပါသေးတယ်၊ နဟေတုမူမှစပြီး နာဟာရထိအောင် ၁၅-ပစ္စည်းမူတည်ကာ ကျန်ပစ္စည်းများကို မူလီသွတ်ဟောတဲ့ "သောဠသက" ရောက်တဲ့အခါ န ဣန္ဒြိယကို မူလီမသွတ်ရဘူး၊ န ဣန္ဒြိယကို မူလီသွတ်လိုက်လျှင် တရားအရမကျန်တော့ဘဲ ဖြစ်သွားလိမ့်မယ်၊ ဒါ့ကြောင့် န ဣန္ဒြိယကိုချန်ထား ခဲ့ပြီး "န ဈာနသောဠသကဥ္စ၊ န မဂ္ဂ, န သမ္ပယုတ္တ, န ဝိပ္ပယုတ္တ, နော နတ္ထိ, နော ဝိဂတသောဠသကဥ္စ"လို့ တစ်ပစ္စည်းချင်းမူလီသွတ်ကာ ရူပဇီဝိတိန္ဒြိယသုဒ္ဓ သင်္ချာကို ဆိုရပါတယ်၊ "သာဟာရသောဠသက"လို့ ခေါ်ပါတယ်။

ဒီသဘောအတိုင်းပဲ နာဟာရကိုချန်ထားကာ န ဣန္ဒြိယထိအောင် ၁၅-ပစ္စည်းကိုမူတည်ပြီး ကျန်ပစ္စည်းများကို မူလီသွတ်ရပါတယ်၊ နာဟာရကိုမူထဲ မထည့်ရဘူး၊ နာဟာရကိုမူထဲထည့်လိုက်လျှင် တရားအရမကျန်တော့ဘဲ ဖြစ်သွား လိမ့်မယ်၊ ဒါ့ကြောင့် "န ဟေတု ။ ပ ။ န ဝိပါကံ(နာဟာရကိုချန်ထားခဲ့)န ဣန္ဒြိယမူ နဈာနသောဠသကဥ္စ၊ န မဂ္ဂ, န သမ္ပယုတ္တ, န ဝိပ္ပယုတ္တ, နော နတ္ထိ, နောဝိဂတ သောဠသကဥ္စ"လို့ တစ်ပစ္စည်းချင်း မူလီသွတ်ပြီး ရုပ်အာဟာရသုဒ္ဓသင်္ချာကို ဆိုရပါတယ်၊ "သဣန္ဒြိယသောဠသက"လို့ ခေါ်ပါတယ်။

ရူပါဟာရသုဒ္ဓသင်္ချာနဲ့ ရူပဇီဝိတသုဒ္ဓသင်္ချာနှစ်ခုအနက် တစ်ခုခုကိုချန်ထားက အာဟာရ, သို့မဟုတ် ဣန္ဒြိယနှင့် အတ္ထိအဝိဂတတို့ပါ ၃-ပစ္စည်းလျော့နေပါတယ်၊

http://www.dhammadownload.com



၃–ပစ္စည်းလျော့နေတော့ ၂၁–ပစ္စည်းသာ ကျန်တော့တာပေါ့၊ ဒါ့ကြောင့် ဧကဝီသက အထိဟောတယ်လို့ ပြောခဲ့တာပဲ၊ ဒါဟာ န ဟေတုမူပဲ ရှိပါသေးတယ်၊ နာရမ္မဏမူ, နာဓိပတိမူစသည်တို့မှာလဲ (န ဟေတုမူနည်းတူ) ဒုကမှစပြီး ဧကဝီသက အထိ အသီးသီးဟောပါတယ်၊ အလွန်ကျယ်ဝန်းလှပါတယ်။

အင်မတန်ကျယ်ဝန်းလှတဲ့ ပဋ္ဌာန်းသင်္ချာဝါရလို့ဆိုတဲ့ သမုဒ္ဒရာပြင်ကျယ်ကို လွယ်လွယ်နဲ့တော့ ကူးလို့မရပေဘူးပေါ့၊ သို့သော် သုဒ္ဓသင်္ချာလို့ဆိုတဲ့ လှေလောင်း ပေါ်မှာ မိမိက အနေကောင်းကောင်းနဲ့ ရေကြောင်းမှန်အောင်လိုက်နိုင်လျှင် တစ်ဖက်ကမ်းရောက်မှာ သေချာပါတယ်၊ ဒါ့ကြောင့် လှော်ပါ ကူးပါ ခတ်ပါ၊ အိမ်မြှောင်သဖွယ် ဟောနည်းအသွယ်သွယ်ကို ညွှန်ပြသွားပါမယ်။

## ဒုကသင်္ချာဝါရ

န ဟေတုမူ နာရမ္မဏဒုကဌ် – ဟိတ် ၆ ပါးမှတစ်ပါး အလုံးစုံသော သဟဇာတ ပစ္စည်း၊ အနန္တရ, ပကတူ၊ ဝတ္ထု၊ ပစ္ဆာ၊ ဗဒုကံ၊ ရုပ်ဟာ၊ ရုပ်ဣံ။ ဤပစ္စည်း တရား ၇–ပါးတို့သည် နဟေတု နာရမ္မဏနှစ်ပစ္စည်းတပ်သော တရားတို့မည် ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်ဌ် ॥ ပ ॥ န ဟေတုပစ္စယာ နာရမ္မဏေ ပန္နရသ–ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဒီမှာ နာရမ္မဏလို့ဆိုတဲ့အတွက် အာရမ်မျိုးပြုတ်သွားပါတယ်၊ မရတော့ဘူး၊ ဒုကပြီးသည်အထိ ဒီသဘောချည်း သွားပါလိမ့်မယ်၊ ရှေ့ကပြီးခဲ့တဲ့သုဒ္ဓနဲ့ မကွာ လှပါဘူး၊ သုဒ္ဓသင်္ချာ ပစ္စည်းပစ္စယုပ္ပန် အရရောအကျန်ပါ သတိပြုပြီး သင်္ချာတပ်ရ မယ်။

## တိကသင်္ချာဝါရ

ဒီ တိကသင်္ချာဝါရမှာ န ဟေတုနာရမ္မဏနှစ်ပစ္စည်းကိုမူတည်ရတော့ အာရမ်မျိုး လုံးဝပြုတ်သွားပြီ၊ ကြည့်စရာမလိုတော့ဘူး၊ အာရမ်မျိုးပြုတ်စေကာမူ အာရမ်မျိုးနဲ့ သင်္ချာရတူတဲ့ ပကတူမျိုးရှိနေသေးတော့ သင်္ချာထွက်ပုံ ရှေ့ကနဲ့သိပ်ကွာလှဦးမယ် မဟုတ်ဘူး၊ ဒီသဘောကို သတိပြုရမယ်၊ ထူးတာလောက် ထောက်ပြပါမယ်။

နဟေတုနာရမ္မဏမူ နာဓိပတိတိကဌ်– ဟိတ် ၆ ပါး အဓိပတိ ၄–ပါးမှတစ်ပါး သဟဇာတပစ္စည်း (စသည်ဆိုပါ)။ နဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိယာ ပန္နရသ။

http://www.dhammadownload.com



နာနန္တရတိက၌– ဟိတ် ၆ ပါးမှတစ်ပါး သဟဇာတပစ္စည်း၊ မဂ္ဂါနန္တရဖိုလ် ၄–ခုအား x တပ်သော မဂ်၄ခုစေတနာမှတစ်ပါး ပကတူပပစ္စည်း (စသည်ဆိုပါ)။ နဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာနန္တရေ ပဉ္စရသ။

[အရကောက်စာအုပ်ထဲမှာ "ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှတစ်ပါး သဟဇာတပစ္စည်း"လို့ အဓိပတိကိုပါ အပါဒါန်ခံထားတာ တွေ့ရပါတယ်၊ ခံဖို့ မလိုပါဘူး၊ ပုံနှိပ်အမှားဖြစ်ပါလိမ့်မယ်၊ ပကတူကို ကောက်တဲ့အခါမှာ မဂ်စေတနာကိုကြဉ်တာက ပြုတ်သွားတဲ့အနန္တရမျိုးထဲက ကမ္မကိုဖယ်ထုတ်ခြင်း ဖြစ်ပါတယ်။]

န ကမ္မတိက၌– ဟေတုပစ္စည်း ကမ္မပစ္စည်းမှတစ်ပါး သဟဇာတပစ္စည်း၊ ဝိပါက်စိတ်ဆတ္တိံသအား x တပ်သော ဗလဝနာနာက္ခဏိကကမ္မမှတစ်ပါး အနန္တရရူ, ပကတူ၊ ဝတ္ထု၊ ပဏ္ဏာ၊ ရုပ်ဟာ၊ ရုပ်က္ကုံ။ နဟေတုပစ္စယာ နာရမ္မဏပစ္စယာ န ကမ္မေ ပဉ္စရသ။

ဒီမှာ အနံကံကို အထူးကြဉ်ဖို့မလိုပါဘူး၊ "ဝိပါက်စိတ်ဆတ္တိံသအားတပ်သော ဗလဝနာနာက္ခဏိကကမ္မမှတစ်ပါး"ဆိုတဲ့အထဲမှာ ပါသွားပြီးဖြစ်ပါတယ်၊ နောက်လာမည့် စတုက္က, ပဉ္စက–စသည်တို့မှာလဲ ဒီသဘောပါဗျဲ၊ ဒီလိုသတိမှတ်ချက်ကို သေချာစွာမှတ်သားထားရမယ်။

## ဆက္ကသင်္ချာဝါရ

န ဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ န သမနန္တရမှု–

န သဟဇာတေ–၁၁၊ န အညမညေ–၁၁၊ န နိဿယေ–၁၁၊ န ဥပနိဿယေ–၁၃၊ န ပုရေဇာတေ–၁၃၊ နပစ္ဆာဇာတေ–၁၅၊ နာသေဝနေ–၁၅၊ န ကမ္မေ–၁၅၊ န ဝိပါကေ–၁၅၊ နာဟာရေ–၁၅၊ န ဣန္ဒြိယေ–၁၅၊ န ဈာနေ–၁၅၊ န မဂ္ဂေ–၁၅၊ န သမ္ပယုတ္တေ–၁၁၊ န ဝိပ္ပယုတ္တေ–၉၊ နောအတ္ထိယာ–၉၊ နောနတ္ထိယာ–၁၅၊ နောဝိဂတေ–၁၅၊ နောအဝိဂတေ–၉။

ဒီဆက္ကမှာ အနန္တရမျိုး မူထဲဝင်လာလို့ ပြုတ်သွားပါပြီ၊ ဒါကြောင့် ပကတူ ကောက်တဲ့အခါ အနန္တရကမ္မကိုကြဉ်ကောက်ရမယ်၊ အနန္တရူ, ပကတူနှစ်မျိုးမှာမှ ဥပနိဿယတစ်ပစ္စည်းထဲ ဖြစ်တယ်ဆိုတာကို သတိပြုပါ။

http://www.dhammadownload.com



## သတ္တကသင်္ချာဝါရ

န ဟေတု နာရမ္မဏ ။ ပ ။ န သဟဇာတမူ—

မူထဲမှာ သဟဇာတဝင်လာတော့ သဟမျိုးပြုတ်သွားပါတယ်၊ အဲဒီတော့ ဒီသတ္တကမှာ အာရမ် , သဟ , အနံ သုံးမျိုးပြုတ်သွားပါပြီ၊ မူလီပစ္စည်းကိုကြည့်ပြီး ပကတူစတဲ့မျိုးများကို ရသင့်သလိုဆိုရမယ်၊ သင်္ချာထုတ်ရမယ်၊ သဟမျိုးပြုတ်တော့ ပကတူ ၉–ချက်၊ ဒု , တ , မိဿက ၂–ချက်၊ ပေါင်း အလွန်ဆုံး သင်္ချာ ၁၁–ချက်သာ ကျန်ပါတယ်။

န အညမညေ–၁၁၊ န နိဿယေ–၁၁၊ န ဥပနိဿယေ–၇၊ န ပုရေဇာတေ–၁၁၊ န ပစ္ဆာဇာတေ–၉၊ နာသေဝနေ–၁၁၊ န ကမ္မေ–၁၁၊ န ဝိပါကေ–၁၁၊ နာဟာရေ–၁၁၊ န ဣန္ဒြိယေ–၁၁၊ န ဈာနေ–၁၁၊ န မဂ္ဂေ–၁၁၊ န သမ္ပယုတ္တေ–၁၁၊ န ဝိပ္ပယုတ္တေ–၉၊ နောအတ္ထိယာ–၉၊ နောနတ္ထိယာ–၁၁၊ နောဝိဂတေ–၁၁၊ နောအဝိဂတေ–၉။ အဋ္ဌကလဲ သတ္တကနဲ့သင်္ချာတူပါတယ်၊ မူထဲ အညမညဝင်လာသောအားဖြင့် ဘာမှမထူးပါဘူး။

## နဝကသင်္ချာဝါရ

န ဟေတု နာရမ္မဏ ။ ပ ။ န နိဿယမူ—

မူထဲ နိဿယဝင်လာတော့ ဝတ္ထုမျိုးပြုတ်သွားပြန်တယ်၊ မူအနေနဲ့ကြည့်လျှင် သင်္ချာ ၁၁–ချက်ကျန်ပါသေးတယ်၊ မူလီကိုကြည့်ပြီး သင်္ချာဖော်ရမယ်။

န ဥပနိဿယေ–၅၊ န ပုရေဇာတေစတဲ့ ကျန်ပစ္စည်းများမှာတော့ သတ္တက အတိုင်း သင်္ချာထုတ်ရမယ်။

## ဒသကသင်္ချာဝါရ

န ဟေတု နာရမ္မဏ ။ ပ ။ န ဥပနိဿယမူ—

မူထဲ ဥပနိဿယဝင်လာတော့ ပကတူပြုတ်သွားပြန်တယ်၊ အဲဒီတော့ ပစ္ဆာဇာတစတဲ့ နောက်ပိုင်းမျိုးများသာ ကျန်ပါတယ်၊ သင်္ချာက အလွန်ဆုံး ၅–ချက်သာ ရှိတော့တယ်။

န ပုရေဇာတေ–၅၊ န ပစ္ဆာဇာတေ–၃၊ နာသေဝနေ–၅၊ န ကမ္မေ–၅၊ န ဝိပါကေ–၅၊ နာဟာရေ–၅၊ န ဣန္ဒြိယေ–၅၊ န ဈာနေ–၅၊ န မဂ္ဂေ–၅၊ န သမ္ပယုတ္တေ–၅၊ န ဝိပ္ပယုတ္တေ–၃၊ နောအတ္ထိယာ–၂၊ နောနတ္ထိယာ–၅၊ နောဝိဂတေ–၅၊ နောအဝိဂတေ–၂။

http://www.dhammadownload.com



ကောဒသကလဲ ဒသကနဲ့ သင်္ချာတူပါတယ်၊ မူထဲ ပုရေဇာတဝင်လာသော အားဖြင့် ဘာမှမထူးပါဘူး။

## ဒွါဒသကသင်္ချာဝါရ

န ဟေတု နာရမ္မဏ ။ ပ ။ န ပစ္ဆာဇာတမူ–

မူထဲ ပစ္ဆာဇာတဝင်လာတော့ ပစ္ဆာမျိုးပြုတ်သွားပြန်တယ်၊ ဗဒုကံ, ရုပ်ဟာ, ရုပ်ကံ ၃–မျိုးသာကျန်ပါတယ်၊ နောက်နားက ဒ, တ, မိဿကနှစ်ခုလဲ မရတော့ဘူး၊ ပစ္ဆာဇာတနဲ့ချည်း မိဿကလုပ်ထားတာကိုး၊ ဒါ့ကြောင့် မရတော့ဘူး၊ သင်္ချာ ၃–ချက်သာကျန်ပါတော့တယ်။

နာသေဝနေ–၃၊ န ကမ္မေ–၁၊ န ဝိပါကေ–၃၊ နာဟာရေ–၃၊ န ဣန္ဒြိယေ–၃၊ န ဈာနေ–၃၊ န မဂ္ဂေ–၃၊ န သမ္ပယုတ္တေ–၃၊ န ဝိပ္ပယုတ္တေ–၃၊ နောအတ္ထိယာ–၂၊ နော နတ္ထိယာ–၃၊ နောဝိဂတေ–၃၊ နောအဝိဂတေ–၂။ တေရသကလဲ အတူတူပါပဲ၊ မူထဲ အာသေဝနဝင်လာသောအားဖြင့် ဘာမှမထူးပါဘူး။

## စုဒ္ဒသကသင်္ချာဝါရ

န ဟေတု နာရမ္မဏ ။ ပ ။ န ကမ္မမူ–

မူထဲ ကမ္မဝင်လာတော့ ဗဒုကံပြုတ်သွားပြန်ပြီ၊ နောက်က ရုပ်မျိုးနှစ်မျိုးသာ ကျန်ပါတော့တယ်၊ မူလီအားလုံး သင်္ချာ "ဧကံ"ချည်းပါပဲ။ ပန္နရသကလဲ အတူတူပါပဲ၊ မူထဲ ဝိပါကဝင်လာသောအားဖြင့် ဘာမှမထူးပါဘူး။

## သောဠသက (သာဟာရ)

န ဟေတု နာရမ္မဏ ။ ပ ။ နာဟာရမူ–

မူထဲ အာဟာရဝင်လာတော့ ရူပဇီဝိတိ မျိုးသာ ကျန်ပါတော့တယ်၊ အစကပြော ခဲ့တဲ့အတိုင်း ဣန္ဒြိယကို မူလီမသွတ်ပါနဲ့၊ ပီးတော့ အတ္ထိ အဝိဂတကိုလဲ ရူပဇီဝိတိ မှာပါနေလို့ မူလီမသွတ်ပါနဲ့၊ ဈာနစတဲ့ ကျန် ၆–ပစ္စည်းကိုသာ မူလီသွတ်ပါ၊ သင်္ချာ "ဧကံ"ချည်းပါပဲ။ [ပါဠိတော်စာအုပ် (၁၉၃)မှာ "သောဠသက"ကို မပြဘဲ "သတ္တရသက"ကို ကျော်ပြထားပါတယ်။]

အဲဒီလို အာဟာရထိအောင်မူတည်(ဣန္ဒြိယကိုချန်ထားခဲ့ပြီး) ဈာနစတဲ့ ၅–ပစ္စည်းကို မူတည်ပစ္စည်းထဲ တစ်ခုချင်းထည့်လျှင် သတ္တရသက, အဋ္ဌာရသက, ဧကူနဝီသက, ဝီသက, ဧကဝီသကဖြစ်ပါတယ်၊ နောက်ဆုံး ဧကဝီသကမှာ မူလီသွတ်ရမှာက နောဝိဂတဖြစ်ပါတယ်။

http://www.dhammadownload.com



န ဟေတုပစ္စယာ ॥ ပ ॥ နာဟာရပစ္စယာ န ဈာနပစ္စယာ န မဂ္ဂပစ္စယာ န သမ္ပယုတ္တပစ္စယာ န ဝိပ္ပယုတ္တပစ္စယာ နောနတ္ထိပစ္စယာ နောဝိဂတေ–ဇကံ။

## သောဠသက (သဣန္ဒြိယ)

န ဟေတု နာရမ္မဏ ॥ ပ ॥ န ဝိပါက န ဣန္ဒြိယမူ–

ခုနက ချန်ထားခဲ့တဲ့ဣန္ဒြိယကို မူထဲထည့်ပြီး "သောဠသက"လို့ ပြန်တည်ရပါတယ်၊ အာဟာရကိုမူထဲ မထည့်ရဘူး၊ ရုပ်ဟာသုဒ္ဓသင်္ချာကိုဆိုပြီး သင်္ချာ "ဧကံ"ထုတ်ရမယ်၊ သာဟာရတုန်းကလိုပဲ သောဠသကမှ ဧကဝီသကထိအောင် ဟောရမယ်။

အခုပြောခဲ့တာဟာ နဟေတုမူပဲရှိပါသေးတယ်၊ နာရမ္မဏကိုမူတည်ပြီး "နာရမ္မဏပစ္စယာ နဟေတုယာ ပန္နရသ"စသည်ဖြင့် (နဟေတုမူလိုပဲ) ဒုကမှစပြီး ဧကဝီသကအထိ ဟောထားတော်မူပါတယ်၊ နောက်ပြီးတော့ နာဓိပတိမူ, နာနန္တရမူ... စသည်ဖြင့် ပစ္စည်းတိုင်း ပစ္စည်းတိုင်းမှာ ဒုကမှ ဧကဝီသကအထိ ဟောထားတော်မူပါတယ်။

နောအတ္ထိနဲ့ နောအဝိဂတမူများမှာဆိုလျှင် တေဝီသကထိအောင် ဟောထားတော်မူပါတယ်၊ တစ်ပစ္စည်းသာလျော့ပါတယ်၊ အဲဒီလိုလျော့ရတာက ပကတူနဲ့ ဗဒ္ဓကံတို့ဖြစ်ပါတယ်၊ ရှေ့ကပြခဲ့တဲ့ သောဠသက (သာဟာရ), သောဠသက (သဣန္ဒြိယ) တို့လိုပါပဲ၊ မူထဲမှာ ဥပနိဿယပါလျှင် ကမ္မကိုချန်ထား, ကမ္မပါလျှင် ဥပနိဿယကိုချန်ထားရပါတယ်၊ တေဝီသက (သဥပနိဿယ), တေဝီသက (သကမ္မ)လို့ ခေါ်ပါတယ်။

အဲဒီတော့ ပဋ္ဌာန်းဒေသနာတော်ဟာ ဘယ်လောက်ကျယ်ဝန်းမယ်ဆိုတာ မှန်းလို့သာကြည့်ပေတော့၊ သမုဒ္ဒရာတစ်ဖက်ကမ်း လှမ်းကြည့်တာကမှ မြင်အုံးမယ်၊ ဒါ့ကြောင့် အဋ္ဌကထာဆရာကြီးများက "အနန္တနယ သမန္တခေါ်မှန်း မြတ်ပဋ္ဌာန်း"လို့ အမွှမ်းတင်တော်မူခဲ့ကြပါတယ်၊ သို့ရာတွင် အင်မတန်ကျယ်ဝန်းများပြားတဲ့ သမုဒ္ဒရာရေကို တစ်နေရာကနေပြီး လက်ခုပ်နဲ့ခပ် အတန်ငယ်သောက်မြည်းကြည့်ရုံဖြင့် သမုဒ္ဒရာတစ်စင်းလုံးရဲ့အရသာကို ခန့်မှန်းနိုင်သလို ပစ္စနိက်သင်္ချာဝါရ၏ သဘောသွားကိုလဲ ဒီလောက်ပြရုံဖြင့် ခန့်မှန်းနိုင်လောက်ပါပြီ၊ ခန့်မှန်းနိုင်လိမ့်မယ်လို့ ယူဆပါတယ်၊ သမုဒ္ဒရာရေကို အကုန်သောက်နိုင်ပါ့မလား၊ ဘယ်သောက်နိုင်လိမ့်မှာတုန်း၊ ဘယ်ကုန်နိုင်လိမ့်မှာတုန်း၊ ကဲ ... အပြီးသတ်လိုက်ကြပါစို့၊ အစကအခြေခံမူအဖြစ် တည်ပေးထားခဲ့တဲ့ ဆောင်ပုဒ်လေးတွေကို ညီညီညာညာ ပြိုင်တူရွတ်လိုက်ကြစမ်းပါ။

http://www.dhammadownload.com



## ၃။ အနုလောမပစ္စနိက်

**ဆောင်။** ။စတုဝီ နှစ်စီပြ၊ ဒုကနှင့် ဃဋနာ။
မူ+မူလီ ညီအောင်ပြုရတယ်၊ နု+နိက် နယာ။
မူလီက ဝိသဘာ၊ မူသချာ မယွင်း။
သဘာဂါ မူမှာနုတ်လို့ရယ်၊ ထုတ်ရ အကြွင်း။ **(ပန်းကုံး)**

အနုလောမပစ္စနိက်ဆိုတော့ မူကအနုလုံ, မူလီက ပစ္စနိက်ဖြစ်ရပါမယ်၊ ဆိုပါတော့ "ဟေတု+နာရမ္မဏ"။ ဒီအနုလောမပစ္စနိက်မှာ (၁) ဒုက၊ (၂) ဃဋနာ–လို့ နှစ်မျိုးသာဟောပါတယ်၊ တိက, စတုက္ကစသည်များကို မဟောပါဘူး၊ ၁–နံပါတ် အနုလုံနဲ့ဆင်တူပါတယ်၊ ဒါပေမယ့် အနုလုံမှာ သဘာဂဖြစ်မှ မူလီသွတ်ရတယ်၊ ဒီမှာတော့ သဘာဂဖြစ်ဖြစ်, မဖြစ်ဖြစ် မူလီသွတ်ပါတယ်၊ ဒါပေမယ့် (ဒီ "ဒါပေမယ့်"က နောက်ထပ် ဒါပေမယ့်ပါ၊) ကိုင်း–ကိုင်း... ဒါပေမယ့် မျိုးခေါင်းဆောင်ပစ္စည်းများကို မူလီမသွတ်ရဘူး၊ အကြောင်းက မျိုးခေါင်းဆောင်ပစ္စည်းများကို မူလီသွတ်လိုက်လျှင် နောက်လိုက်မူပစ္စည်းအတွက် အရကောက်စရာ မကျန်တော့လို့ပါပဲ။

ဟေတုမူမှာ န သဟဇာတ, န နိဿယ, နော အတ္ထိ, နော အဝိဂတတို့ကို မူလီမသွတ်နိုင်ပါဘူး၊ ဟေတုသာရ၍ သဟဇာတမရသောတရား မရှိဘူး၊ အခြားမျိုးတွေမှာလဲ ဒီအတိုင်းပါပဲ၊ မျိုးခေါင်းဆောင်ပစ္စည်းတွေကို မူလီမသွတ်ရဘူး၊ ဒီလောက်ဆို ဒီအနုလောမပစ္စနိက်ရဲ့ အခြေခံသဘောတရားကို နားလည်လောက်ပါပြီ။

### တိက စတုက္ကစသည်ကို မဟော

နောက်ပြီးတော့ တိကစတုက္ကစသည်ကို မဟောဘူးလို့ ပြောခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တိကဆိုလျှင် ဟေတု အာရမ္မဏနှစ်ပစ္စည်းကို မူတည်ရပါလိမ့်မယ်၊ သူတို့နှစ်ပစ္စည်းဟာ သဘာဂမဖြစ်ဘူး၊ ဟေတု အာရမ္မဏ နှစ်ပါးစုံရတဲ့တရား မရှိပါဘူး၊ ဒါ့ကြောင့် "ဟေတု အာရမ္မဏမူ နာဓိပတိ တိကဋ္ဌ"လို့ ဟောလို့မဖြစ်ဘူး၊ တိကမှမဖြစ်လျှင် စတုက္ကစသည်လဲ ဘယ်ဖြစ်နိုင်ပါတော့မလဲ၊ ဒါ့ကြောင့် တိက စတုက္ကစသည်ကို မဟောပါဘူး၊ ဒုကနဲ့ဃဋနာကိုသာ ဟောပါတယ်၊ ၁–နံပါတ် အနုလုံတုန်းကလဲ သဘာဂနဲ့ဃဋနာကိုသာ ဟောခဲ့ပါတယ်၊ ဒီမှာဟောတဲ့ ဃဋနာက အဲဒီ ၁–နံပါတ် အနုလုံဃဋနာအတိုင်းပါပဲ၊ ဒါ့ကြောင့် ဒုကကိုသာ ပြောပါမယ်၊ ဟောပါမယ်။

http://www.dhammadownload.com



## အာရမ်မျိုး နုတ်ပုံ

ခေါင်းဆောင်ပစ္စည်းထဲက နောက်လိုက်ပစ္စည်းများ နုတ်ပုံကို ပစ္စနိက်တုန်းက ပြောခဲ့ပြီးပါပြီ၊ အခု နောက်လိုက်အချင်းချင်း နုတ်ပုံကို ပြောပါမယ်၊ ရှင်းအောင် မျိုးအလိုက်ပြောပါမယ်၊ အခု အာရမ်မျိုးကို ပြောပါမယ်။

၁။ **အာဝိ–န အာပု**။ ။အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဇ္ဈာရသမှတစ်ပါး အာရမ္မဏာဓိပတိပစ္စည်း။

ဒါဟာ အာဝိသုဒ္ဓသင်္ချာထဲက အာပုနုတ်ပုံပါပဲ၊ သဘောတရားက အာဝိနဲ့ အာပု အနုလုံသဘာဂနှစ်ဖက်ရဖြစ်တဲ့ "အာပုဝိသုဒ္ဓသင်္ချာ"ကို အပါဒါန်ခံနုတ်တာ ဖြစ်ပါတယ်။ [အာပုသုဒ္ဓသင်္ချာထဲက အာဝိကိုနုတ်လျှင်လဲ ဒီအတိုင်းပါပဲ၊ နောက်နား တွေ့ရပါလိမ့်မယ်။]

**အာဝိ–န ဝတ္ထာ**။ ။အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏမှ တစ်ပါး အာရမ္မဏာဓိပတိပစ္စည်း။ [ဝတ္ထာသုဒ္ဓသင်္ချာကို အပါဒါန်ခံနုတ်တာ ဖြစ်ပါတယ်။]

၂။ **အာပု–န အာဝိ**။ ။အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဇ္ဈာရသမှတစ်ပါး အာရမ္မဏပုရေဇာတပစ္စည်း။ [အာပုဝိသုဒ္ဓသင်္ချာကို အပါဒါန် ခံနုတ်တာဖြစ်ပါတယ်၊ ရှေ့က ပြောခဲ့ပါပြီ။]

**အာပု–န ဝတ္ထာ**။ ။ဝတ္ထာရမ္မဏမှတစ်ပါး အာရမ္မဏပုရေဇာတ ပစ္စည်း၊ ဝတ္ထာသုဒ္ဓသင်္ချာထက် အာပုသုဒ္ဓသင်္ချာက အရများပါတယ်၊ ဒါ့ကြောင့် ဝတ္ထာကို အပါဒါန်ခံနုတ်တာ ဖြစ်ပါတယ်။

၃။ **ဝတ္ထာ–န အာဝိ**။ ။အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅–ချက်အား x တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု (ဝတ္ထာဝိသုဒ္ဓသင်္ချာ)ဟုဆိုအပ်သော ဝတ္ထာရမ္မဏမှတစ်ပါး မနောဒွါရာဝဇ္ဇန်း ။ ပ ။ ဟဒယဝတ္ထု(ဝတ္ထာသုဒ္ဓသင်္ချာ)ဟုဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။

ဒါက ဝတ္ထာထဲက အာဝိနုတ်တာပါပဲ၊ လိုရင်းကတော့ "ဝတ္ထာဝိမှတစ်ပါး ဝတ္ထာ"ပါပဲ၊ အာဝိနဲ့ဝတ္ထာ အနုလုံနှစ်ဖက်ရဖြစ်တဲ့ ဝတ္ထာဝိသုဒ္ဓသင်္ချာကို ဖယ်ထုတ်ခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



**ဝတ္ထာ – န အာပု ။** ။ဒီမှာ ဘာမှနုတ်စရာမရှိပါဘူး၊ ဝတ္ထာသာရ၍ အာပုမရတဲ့တရား မရှိပါဘူး။

အခုပြောခဲ့တာဟာ အာရမ်မျိုးမှာ နောက်လိုက်သုံးအုပ်စုရှိတဲ့အနက်က အချင်းချင်း အပြန်အလှန် နုတ်ပြနေတာဖြစ်ပါတယ်၊ ဒါနားလည်လျှင် ဒီအန လောမပစ္စနိက် နားလည်တာပါပဲ။

## သဟာမျိုး နုတ်ပုံ

ဒီသဟာမျိုးမှာ သဟာကြီးထဲက ငယ်, လတ်တို့နုတ်ပုံကို ပစ္စနိက်တုန်းက ပြောခဲ့ပါပြီ၊ အခု အငယ်အချင်းချင်းနုတ်ပုံ, အငယ်ထဲက အလတ်နုတ်ပုံကို ပြောပါမယ်၊ ဟေတုကို မူတည်ပြောပါ့မယ်၊ ဟေတုနားလည်လျှင် ကျန်တာတွေ ကိုလဲ နားလည်နိုင်ပါတယ်။

ဟေတုရဲ့သဘာဂက ၁၁–ပစ္စည်းရှိပါတယ်၊ ခေါင်းဆောင်ပစ္စည်းများကို မူလီမသွတ်ရဘူးဆိုတော့ သဟာကြီး ၄–ပစ္စည်းဖယ်လိုက်လျှင် ၇–ပစ္စည်းသာ ကျန်ပါတယ်၊ လတ် ၄–ပစ္စည်းနဲ့ ဓိ ဣံ မဂ်၊ ဒီ ၇–ပစ္စည်းပေါ့။

**ဟေတု – နာဓိပတိ ။** ။သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝီမံသာဓိပတိမှတစ်ပါး ဟိတ် ၆–ပါး။ (သင်္ချာ–သတ္တ)

လိုရင်းကတော့ သဘာဂဖြစ်တာကို နုတ်ပစ်နေတာပဲ၊ ဟေတုနဲ့ သဘာဂ ဖြစ်တာက အမောဟနဲ့ဝီမံသာဓိပတိဖြစ်တယ်၊ ဝီမံသာဓိပတိကြဉ်ပေမယ်လို့ လျော့မသွားဘူး၊ အမောဟက အားသာတယ်၊ သင်္ချာလျော့မသွားဘူး၊ သဘော ကျအောင် စဉ်းစားပါ။

**ဟေတု – န ဣန္ဒြိယ ။** ။သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော အမောဟမှတစ်ပါး ဟိတ် ၅–ပါး။ [သဘာဂ ဖြစ်တဲ့ အမောဟကိုနုတ်ပစ်တာ၊ နားလည်လောက်ပါတယ်။]

**ဟေတု – န မဂ္ဂ ။** ။သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော အမောဟမှတစ်ပါး ဟိတ် ၅–ပါး။ [န ဣန္ဒြိယမူလီနဲ့ အတူတူပါပဲ။]

**ဟေတု – န အညမည ။** ။သဟိတ်စိတ္တဇရုပ်, ဟာဒယဝတ္ထုမှတစ်ပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆–ပါး။ (သင်္ချာ–တီဏိ)

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားချင်း ယှဉ်ကြည့်ပါ၊ အညမညရတဲ့ သမ္ပယုတ္တက္ခန္ဓာနဲ့ ဟဒယဝတ္ထုကို နုတ်ထားပါတယ်၊ သချာ ၃-ချက်သာရမယ်ဆိုတာ သဘော ပေါက်လောက်ပါတယ်။

**ဟေတု – န ဝိပါက**။ ။သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ်အား x တပ်သော ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော ဟိတ် ၆-ပါး။ (သချာ-သတ္တ)

ပစ္စည်းပစ္စယုပ္ပန်ချင်း ယှဉ်ကြည့်ပါ၊ ပစ္စည်းဘက်က ဝိပါကနုတ်လိုက်တော့ ကုသိုလ် အကုသိုလ် ကြိယာမှာရှိတဲ့ ဟိတ် ၆-ပါးလို့ ဖြစ်သွားပါတယ်၊ ဝိပါက်ဟိတ် မပါပေမယ်လို့ သချာမလျော့ပါဘူး၊ ကုသိုလ်ဟိတ် ကြိယာဇျာကတဟိတ် ရှိနေ ပါသေးတယ်၊ အရကောက်စာအုပ် (၅၇၆)မှာ "ဟိတ်သုံးပါး"လို့ ရှိနေပါတယ်၊ ပုံနှိပ်အမှား ဖြစ်ပါလိမ့်မယ်၊ နောက်ပြီးတော့ ပစ္စည်းဘက်မှာ ဝိပါက်မပါတော့လို့ ၄င်းကကျေးဇူးပြုတဲ့ ပဋိသန္ဓေကမ္မဇရုပ်လဲ ပစ္စယုပ္ပန်ဘက်မှာ မပါနိုင်တော့ပါဘူး၊ ပစ္စနိက်တုန်းကလဲ ပြောခဲ့ပါပြီ။

**ဟေတု – န သမ္ပယုတ္တ**။ ။သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား x တပ်သော ဟိတ် ၆-ပါး၊ (သချာ-တီဏိ)။ ပစ္စည်းပစ္စယုပ္ပန်ချင်း ယှဉ်ကြည့်လျှင် သိသာထင်ရှားပါတယ်၊ အထူးရှင်းဖို့ လိုမယ်မထင်ပါဘူး။

**ဟေတု – န ဝိပ္ပယုတ္တ**။ ။သမ္ပယုတ္တက္ခန္ဓာအားသာ x တပ်သော ဟိတ် ၆-ပါး။ (သချာ-တီဏိ)၊ ဒီမှာလဲ ထင်ရှားပါတယ်၊ သုဒ္ဓသချာချင်း နှိုင်းယှဉ် ချိန်ဆတတ်ဖို့ပဲ လိုပါတယ်။

အခုပြောခဲ့တာဟာ ဟေတုရဲ့သဘာဂပစ္စည်းများကို ဟေတုထဲက နုတ်ပုံ ပါပဲ၊ ဝိသဘာဂပစ္စည်းတွေကိုတော့ အထူးရှင်းဖို့ လိုမယ်မထင်ပါဘူး၊ ဟေတုရဲ့ သုဒ္ဓသချာကို အပြည့်အစုံ ဆိုရုံပါပဲ၊ ဝိသဘာဂ ၁၂-ပစ္စည်းရှိပါတယ်။

ဟေတုမူ နာရမ္မဏ, နာနန္တရ, န သမနန္တရ, န ဥပနိဿယ, န ပုရေဇာတ, န ပစ္ဆာဇာတ, နာသေဝန, န ကမ္မ, နာဟာရ, န ဈာန, နောနတ္ထိ, နောဝိဂတ ဒုက၌- သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဟိတ် ၆-ပါး။ ဤတရားတို့သည် ဟေတု နာရမ္မဏ ပစ္စည်းနှစ်ပါး တပ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလောမပစ္စနိက်၌ ။ ပ ။ "ဟေတုပစ္စယာ နာရမ္မဏေ သတ္တ"ဟု သချာတပ်၍ဟောအပ်ကုန်၏။

ဝိသဘာဂပစ္စည်းများကို သိလွယ်အောင်, ပြီးလွယ်အောင် ပေါင်းစည်းပြ လိုက်ပါတယ်၊ ဟေတုမူသွားပုံကို သဘောပေါက်လျှင် အာရမ္မဏစတဲ့ နောက်နောက်

http://www.dhammadownload.com



မူများကိုလဲ မှန်းဆသိနိုင်လောက်ပါပြီ၊ မူလ+မူလီပစ္စည်းများဟာ မျိုးယှက်ပစ္စည်းများဖြစ်လျှင် အဲဒီ ယှက်တဲ့မျိုးတွေမှာ အနုတ်အသိမ်း လုပ်ရပါလိမ့်မယ်၊ ကဲ ... အနုလောမပစ္စနိက်ကို အဆုံးသတ်လိုက်ကြစို့၊ အစက မူတည်ပေးခဲ့တဲ့ ဆောင်ပုဒ်ကို ညီညီညာညာ ရွတ်လိုက်ကြစမ်းပါ။

+ + + + +

## ၄။ ပစ္စနီယာနုလောမ

**ဆောင်။** ။စ္စည်းတိုင်းမှာ ဒုကာဒိ၊ ပစ္စနိ နုလောတွင်၊
မူ+မူလီ ညီအောင်ထားလို့ရယ်၊ ဟောကြား အစဉ်။
မူဘက်မှ ဝိတွေ့လျှင်၊ မူလီပင် မယွင်း၊
သဘာဂါ မူလီနုတ်လို့ရယ်၊ ထုတ်ရ အကြွင်း။ (ပန်းကုံး)

ပစ္စနီယာနုလောမဆိုတော့ မူက ပစ္စနိက်, မူလီက အနုလုံ ဖြစ်ရပါမယ်၊ ဆိုပါတော့ "န ဟေတု+အာရမ္မဏ"။ အာရမ္မဏသာရ၍ ဟေတုမရသော တရား–လို့ ဆိုလိုပါတယ်၊ ပြီးခဲ့တဲ့ အနုလောမပစ္စနိက်တုန်းကလိုပါပဲ၊ မူလမူလီ ရှေ့နောက်ပြန်တာပဲ ထူးပါတယ်၊ အနုလောမပစ္စနိက်မှာ မူသင်္ချာထဲက မူလီ သဘာဂကို နုတ်ရတယ်၊ ဒီပစ္စနီယာနုလောမမှာတော့ မူလီသင်္ချာထဲက မူသဘာ ဂကိုနုတ်ရပါတယ်၊ ဝိသဘာဂပစ္စည်းအတွက်ကတော့ အထူးပြောဖို့ မလိုပါဘူး၊ နုတ်ဖို့မှ မလိုဘဲကိုး။

**ဟောနည်း။** ။န ဟေတုမူ အာရမ္မဏဒုကဉ္စ၊ န ဟေတုမူ အဓိပတိဒုကဉ္စ... စသည်ဖြင့် ဟောရပါမယ်၊ န ဟေတု နာရမ္မဏမူ အဓိပတိတိက ဉ္စ ... စသည်ဖြင့် တိကကိုဟောရပါမယ်၊ စတုက္ကစသည်ကိုလဲ ဒီနည်း ဒီဟန် အတိုင်း ဟောရမည်ဖြစ်ပါတယ်၊ နားလည်ရမှာက လုံလေးလုံရှိတဲ့အနက် သူ့လုံ နဲ့သူ လုံစည်းကမ်းအရ သုဒ္ဓသင်္ချာကို အမျိုးမျိုး လှည့်အသုံးချ အလုပ်လုပ်နေတာ ပါပဲ၊ ဒါ့ကြောင့် အနုလောမပစ္စနိက်ကို ဟောနိုင်ခဲ့သူဟာ ဒီမှာ မခက်တော့ ပါဘူး၊ လုံလေးလုံရဲ့ သင်္ချာဝါရကို အကျဉ်းချုပ်သုံးသပ်ပြပါမယ်။

### လုံလေးလုံသဘော အကျဉ်းချုပ်

၁။ အနုလုံမှာ (၁) သုဒ္ဓသင်္ချာ၊ (၂) မိဿကသင်္ချာ–လို့ နှစ်မျိုးဟောပါတယ်၊
မိဿကသင်္ချာမှာလဲ သဘာဂ ဃဋနာ–လို့ နှစ်မျိုး ထပ်ဟောပါတယ်။

http://www.dhammadownload.com



၂။ ပစ္စနိက်မှာ (၁)သုဒ္ဓသင်္ချာ၊ (၂)ဒုကာဒိ–လို့ နှစ်မျိုးဟောပါတယ်၊ ဒုကာဒိမှာ ဒုကမှစပြီး ဧကဝီသကအထိ ဟောပါတယ်၊ အတ္ထိ, အဝိဂတပစ္စည်းများမှာဆိုလျှင် တေဝီသကအထိ ဟောပါတယ်။

၃။ အနုလောမပစ္စနိက်မှာ (၁)ဒုက၊ (၂)ဃဋနာ–လို့ နှစ်မျိုးဟောပါတယ်။

၄။ ပစ္စနီယာနုလောမမှာ ဒုက, တိက–စသည်ဖြင့် ဗာဝီသကအထိ ဟောပါတယ်။

၁–နံပါတ်အနုလုံနဲ့ ၃–နံပါတ်အနုလောမပစ္စနိက် ဆင်တူပါတယ်။

၂–နံပါတ်ပစ္စနိက်နဲ့ ၄–နံပါတ်ပစ္စနီယာနုလောမ ဆင်တူပါတယ်။

ဒီလုံလေးလုံရဲ့သဘောကို သေချာစွာမှတ်သားထားပါ၊ ပစ္စည်းတွန်းတဲ့အခါ အသုံးပြုရပါလိမ့်ဦးမယ်၊ အဲဒီတော့… လုံလေးလုံ ပြီးပြီဆိုပါတော့၊ ပစ္စည်းတွန်း လေ့ကျင့်ကြရအောင်။

\+ + + + +

## ပဋ္ဌာန်ဝါရ၊ ပစ္စည်းတွန်း

**ဆောင်။** ။သရုပ် သင်္ချာ၊ ဖွေရှာကာ၊ စဉ်ပါ လုံလေးရပ်။
လက်ဝဲ မ, လုံ၊ လက်ယာစုံ၊ နှစ်ဖုံ လှည့်ကာပတ်။
ပ, မှာမူရှု၊ မူလီဒု၊ နှစ်ခု တွန်းလေအပ်။
တွန်းလိုသည့်လုံ၊ တွန်းပါကုန်၊ သူ့လုံ မည်သုံးသပ်။

"ပစ္စည်းတွန်း"ဆိုတာက ("နယ"လို့လဲခေါ်တဲ့) "လုံလေးလုံ"ကို လေးချက်စက်လှည့်ပြီး သရုပ်ခွဲတဲ့နည်းဖြစ်ပါတယ်၊ ပစ္စည်းတွေရဲ့ သဘာဂ, ဝိသဘာဂသဘောကို နိုင်ထားလျှင် မခက်ပါဘူး၊ ဒါပေမယ့် "စက်လှဲ့"ဆိုတဲ့အတိုင်း အလှည့်မခံနိုင်သူအတွက်မှာ ရှုပ်ထွေးနေတတ်ပါတယ်၊ လေးချက်စက်လှည့်ပြီး သရုပ်ခွဲတယ်ဆိုတော့ အဲဒီလေးချက်မှာ သတ်မှတ်ထားတဲ့ ဥပဒေသကို နားလည်ထားရမယ်။

**၁။ အနုလုံ။** ။ဟေတုမူ အဓိပတိမူလီဆိုပါတော့၊ သူတို့ရဲ့ သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပြီး နှစ်ဖက်ရကိုဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ၊ ဘယ်မူလ မူလီပဲဖြစ်ဖြစ် သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပါ။

**၂။ ပစ္စနိက်။** ။မူလ မူလီနှစ်ခုလုံး မရတဲ့တရားများကို ဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ။

http://www.dhammadownload.com



**၃။ အနုလောမပစ္စနိက်။** ။မူသာရ၍ မူလီမရသော တရားများကို ဆွဲထုတ်ပါ၊ သချာတပ်ပါ။

**၄။ ပစ္စနိယာနုလောမ။** ။မူလီသာရ၍ မူမရသောတရားများကို ဆွဲထုတ်ပါ၊ သချာတပ်ပါ။ ဒါဟာ "သရုပ်သချာ၊ ဖွေရှာကာ၊ စဉ်ပါ လုံလေးရပ်" ပါပဲ။

အထက်ပါ လုံလေးလုံအနက် (၁နဲ့၃)က မ, လုံ၊ (၂နဲ့၄)က စုံလုံဖြစ်ပါတယ်၊ လောကဝေါဟာရအနေနဲ့ သတ်မှတ်ထားပါတယ်၊ မ, လုံကို လက်ဝဲရစ်, စုံလုံကို လက်ယာရစ်လှည့်ပြီး တွန်းရပါတယ်၊ ဒါဟာ "လက်ဝဲမ, လုံ၊ လက်ယာစုံ၊ နှစ်ဖုံ လှည့်ကာပတ်"ပါပဲ။

တွန်းတဲ့အခါမှာ လေးလုံလုံးမတွန်းရဘူး။ ပထမအချက်နဲ့ ဒုတိယအချက်ကိုသာ တွန်းရတယ်၊ ပထမအချက်မှာ(မူလီသာရသောတရားဖြစ်လို့) မူကို တွန်းပစ်ရတယ်၊ ဒုတိယအချက်မှာ(မူသာရသောတရားဖြစ်လို့) မူလီကိုတွန်းပစ်ရတယ်၊ တတိယအချက်က နှစ်ပါးစုံမရသောတရား၊ စတုတ္ထအချက်က နှစ်ပါးစုံရသောတရား ဖြစ်ပါတယ်၊ သူတို့ကိုတော့ တွန်းမပစ်ရဘူး၊ "နှစ်ပါးစုံ မရသောတရား၊ နှစ်ပါးစုံ ရသောတရား"လို့သာ ဆိုရပါတယ်၊ ဒါဟာ "ပ, မှာမူရှု၊ မူလီဒု၊ နှစ်ခု တွန်းလေအပ်"ပါပဲ။

အဲဒီလိုတွန်းတဲ့အခါမှာ အနုလုံကနေ တွန်းမယ်ဆိုပါတော့၊ အနုလုံဟာ ၁–နံပါတ် မ, လုံဖြစ်လို့(၄–၃–၂–၁)လက်ဝဲရစ် လှည့်စဉ်ပြီးတွန်းပါ၊ ပထမအချက်နဲ့ ဒုတိယအချက်ဖြစ်တဲ့ (၄နဲ့၃)ကိုသာတွန်းရမယ်၊ ၂နဲ့၁ကို မတွန်းရဘူး၊ ပထမအချက်မှာ မူကိုတွန်းပါ၊ ဒုတိယအချက်မှာ မူလီကိုတွန်းပါ၊ ပီးတော့ "ဟေတု+အဓိပတိ"ဆိုတဲ့ အနုလုံအမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

ပစ္စနိက်ကနေ တွန်းချင်တယ်ဆိုပါတော့၊ ပစ္စနိက်ဟာ ၂–နံပါတ် စုံလုံဖြစ်လို့ (၃–၄–၁–၂)လက်ယာရစ်လှည့်စဉ်ပြီး တွန်းပါ၊ ပ, ဒုဖြစ်တဲ့ (၃နဲ့၄)ကိုသာ တွန်းရမယ်၊ "န ဟေတု+နာဓိပတိ"ဆိုတဲ့ ပစ္စနိက်အမည်ကိုသုံးသပ်ပြီး တွန်းရပါတယ်။

အနုလောမပစ္စနိက်ကနေ တွန်းချင်တယ်ဆိုပါတော့၊ နုနိက်ဟာ ၃–နံပါတ် မ, လုံဖြစ်လို့ (၂–၁–၄–၃)လက်ဝဲရစ်လှည့်စဉ်ပြီး တွန်းပါ၊ ပ, ဒုဖြစ်တဲ့(၂နဲ့၁)ကိုသာ တွန်းရမယ်၊ "ဟေတု + နာဓိပတိ"ဆိုတဲ့ အနုလောမပစ္စနိက်အမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

ပစ္စနိယာနုလောမကနေ တွန်းချင်တယ်ဆိုပါတော့၊ နိက်နုဟာ ၄–နံပါတ် စုံလုံဖြစ်လို့ (၁–၂–၃–၄)လက်ယာရစ်လှည့်စဉ်ပြီး တွန်းပါ၊ ပ, ဒုဖြစ်တဲ့ (၁နဲ့၂)

http://www.dhammadownload.com



ကိုသာ တွန်းရမယ်၊ "န ဟေတု+အဓိပတိ"ဆိုတဲ့ ပစ္စနီယာနုလောမအမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

အဲဒီတော့ အခုတည်ပြခဲ့တဲ့ လုံလေးလုံမှာ ဘယ်လုံကနေတွန်းချင်သလဲ၊ အနုလုံကနေ တွန်းချင်သလား၊ ပစ္စနိက်ကနေ တွန်းချင်သလား၊ အနုလောမ ပစ္စနိက်ကနေ တွန်းချင်သလား၊ ပစ္စနီယာနုလောမကနေ တွန်းချင်သလား၊ တွန်းချင်ရာလုံရဲ့အမည်ကို သုံးသပ် သုံးသပ်ပြီး တွန်းရပါတယ်၊ ဒါဟာ "တွန်းလိုသည့်လုံ၊ တွန်းပါကုန်၊ သူ့လုံ မည်သုံးသပ်"ပါပဲ၊ ကဲ–ဒါဖြင့် တွန်း ကြရအောင်။

## ၁။ ပစ္စည်းအနုလုံ

| | | |
|---|---|---|
| ပ။ | ၄–ပစ္စနီယာနုလောမ | (န ဟေတု + အဓိပတိ) |
| ဒု။ | ၃–အနုလောမပစ္စနိက် | (ဟေတု + နာဓိပတိ) |
| တ။ | ၂–ပစ္စနိက် | (န ဟေတု + နာဓိပတိ) |
| စ။ | ၁–အနုလုံ | (ဟေတု + အဓိပတိ) |

ဒါဟာ မ, လုံဖြစ်တဲ့ အနုလုံကနေ တွန်းမှာဖြစ်တဲ့အတွက် (၄–၃–၂–၁)လို့ လက်ဝဲရစ်လှည့်ပြီး စဉ်ထားတာဖြစ်ပါတယ်။

**ပထမ**။ ။မူလီ အဓိပတိသာတပ်၍ မူဟေတုမတပ်သောတရား၊ အဲဒီ ပစ္စည်းပစ္စယုပ္ပန်တရားများကို သုဒ္ဓသင်္ချာမှ ရှာယူရမယ်၊ အဲဒီတရားတွေက–

အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု, လောကုတ္တရာစိတ်ရှစ်ခုအား x တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆယ့်လေးခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း၊ သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဝီမံသာဓိပတိမှတစ်ပါး အဓိပတိတရားကိုယ်သုံးပါးတို့တွင် တစ်ပါးပါးဟုဆိုအပ်သော သဟဇာတာဓိပတိ ပစ္စည်း။

ဒီတရားတွေ ဖြစ်ပါတယ်။

ဒီလို သုဒ္ဓသင်္ချာမှ ရှာယူဆိုပြီးနောက် "ဤတရားတို့သည် အဓိပတိပစ္စည်းသာ တပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍စင်ကုန်၏"လို့

http://www.dhammadownload.com



ဟေတုအဓိပတိဆိုတဲ့ အနုလုံနာမည်နဲ့ မူဟေတုကိုတွန်းပစ်ရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမဌ် 'န ဟေတုပစ္စယာ အဓိပတိယာ ဒသ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။

**ဒုတိယ။** ။မူ ဟေတုသာတပ်၍ မူလီ အဓိပတိမတပ်သောတရား၊ အဲဒီ တရားတွေကို သုဒ္ဓသင်္ချာမှ ရှာယူရမယ်၊ အဲဒီ တရားတွေက—

သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဝီမံသာဓိပတိမှတစ်ပါး ဟိတ် ၆-ပါး။

ဒီတရားတွေ ဖြစ်ပါတယ်။

ဒီလို သုဒ္ဓသင်္ချာမှ ရှာယူဆိုပြီးနောက် "ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အဓိပတိပစ္စည်းမတပ်သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏"လို့ ဟေတု အဓိပတိဆိုတဲ့ အနုလုံနာမည်နဲ့ မူလီ အဓိပတိပစ္စည်းကို တွန်းပစ်ရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်ဌ် 'ဟေတုပစ္စယာ နာဓိပတိယာ သတ္တ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။

**တတိယ။** ။မူလမူလီ ဟေတုအဓိပတိ နှစ်ပါးစုံမတပ်တဲ့တရား၊ အဲဒီ တရားတွေကို သုဒ္ဓသင်္ချာမှ ရှာရမယ်၊ အဲဒီ တရားတွေက—

အလေးအမြတ်မပြုတတ်သော ကာမစိတ်စတုပညာသ, ဝိညာဏဉ္စာယတန စိတ်သုံးခု, နေဝသညာနာသညာယတနစိတ်သုံးခု, အဘိညာဉ်ဒွေးအား x တပ်သော အလေးအမြတ်မပြုအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏပစ္စည်း၊ [လောကုတ္တရာစိတ်က အာရမ္မဏာဓိပတိပစ္စယုပ္ပန်ဧကန်။] အချင်းချင်းအား လည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း x တပ်သော ဟိတ် ၆-ပါး အဓိပတိတရားကိုယ် ၄-ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအား လည်းကောင်း ဥပါဒါရုပ်အားလည်းကောင်း x တပ်သော မဟာဘုတ် ၄-ပါး၊ အချင်းချင်းအား x တပ်သော ပဋိသန္ဓေဟိတ် ၃-ပါးမှတစ်ပါး ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတပစ္စည်း၊ အလုံးစုံသော အနန္တရူပနိဿယပစ္စည်း(အနန္တရသုဒ္ဓသင်္ချာကိုဖော်ဆိုပါ)၊ ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ နာနာက္ခဏိကကမ္မပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။

ဒီတရားတွေ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီလို သုဒ္ဓသင်္ချာမှ ရှာယူဆိုပြီးနောက် "ဤပစ္စည်းတရားရှစ်ပါးတို့သည် ဟေတု အဓိပတိပစ္စည်းနှစ်ပါး မတပ်ကုန်"လို့ ဟေတုအဓိပတိဆိုတဲ့ အနုလုံ နာမည်နဲ့ ဆိုရမယ်၊ တွန်းပစ်ဖို့မလိုဘူး၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ 'န ဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ'ဟု သင်္ချာတပ်၍ ဟောအပ် ကုန်၏"လို့ အဆုံးသတ်ပါ။

**စတုတ္ထ**။ ။မူလမူလီ ဟေတုအဓိပတိ နှစ်ပါးစုံတပ်တဲ့တရား၊ အဲဒီ တရားတွေကို သုဒ္ဓသင်္ချာမှ ရှာထုတ်ရမယ်၊ အဲဒီ တရားတွေက—

သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား x တပ်သော ဝီမံသာဓိပတိပစ္စည်း။ ဒီတရားတွေ ဖြစ်ပါတယ်။

ဒီလို သုဒ္ဓသင်္ချာမှ ရှာယူဆိုပြီးနောက် "ဤတရားတို့သည် ဟေတု အဓိပတိ ပစ္စည်းနှစ်ပါးတပ်သော တရားတို့မည်ကုန်၏"လို့ ဟေတု အဓိပတိဆိုတဲ့ အနုလုံ နာမည်နဲ့ဆိုရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့လိုက်၍ လည်းကောင်း, ကတ္တားသမ္ဗန္ဒါန်နေဟန်သို့လိုက်၍လည်းကောင်း 'ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။ ဒါဟာ အနုလုံပစ္စည်းတွန်းနည်းပါပဲ။

\+ + + + +

## ၂။ ပစ္စည်း ပစ္စနိက်

ပ။ ၃–အနုလောမပစ္စနိက် (ဟေတု + နာဓိပတိ)

ဒု။ ၄–ပစ္စနိယာနုလောမ (န ဟေတု + အဓိပတိ)

တ။ ၁–အနုလုံ (ဟေတု + အဓိပတိ)

စ။ ၂–ပစ္စနိက် (န ဟေတု + နာဓိပတိ)

ဒါဟာ စုံလုံဖြစ်တဲ့ ပစ္စနိက်ကနေ တွန်းမှာဖြစ်တဲ့အတွက် (၃–၄–၁–၂)လို့ လက်ယာရစ်လှည့်ပြီး စဉ်ထားတာဖြစ်ပါတယ်။

**ပထမ**။ ။ဟေတုသာတပ်၍ အဓိပတိမတပ်တဲ့တရားများကိုဆိုပြီး "ဤတရားတို့သည် နာဓိပတိပစ္စည်းသာတပ်၍ နဟေတုပစ္စည်းမတပ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏"လို့ နဟေတုနာဓိပတိဆိုတဲ့ ပစ္စနိက်ရဲ့ မူလ

http://www.dhammadownload.com



ပင်ကိုယ်နာမည်နဲ့ မူဖြစ်တဲ့ နဟေတုကို တွန်းပစ်ရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ 'ဟေတုပစ္စယာ နာဓိပတိယာ သတ္တ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။ [ဆိုရမည့် ပစ္စည်း ပစ္စယုပ္ပန် တရားများက အနုလုံမှာပြခဲ့တဲ့ ဒုတိယအချက်တရားများ ဖြစ်ပါတယ်။]

ဒီမှာ ဆိုရိုးသဘောနားလည်ထားဖို့က– "နာဓိပတိပစ္စည်းသာတပ်၍ နဟေတု ပစ္စည်းမတပ်သောကြောင့်"ဆိုတဲ့စကားနဲ့ "ဟေတုပစ္စည်းသာတပ်၍ အဓိပတိ ပစ္စည်းမတပ်သောကြောင့်"ဆိုတဲ့ စကားနှစ်ခုဟာ အတူတူပင်ဖြစ်ပါတယ်၊ အနုလုံ ဒုတိယအချက်ကို ပြန်ကြည့်ပါ။

**ဒုတိယ**။ ။အဓိပတိသာတပ်၍ ဟေတုမတပ်တဲ့တရားများကိုဆိုပြီး "ဤတရားတို့သည် နဟေတုပစ္စည်းသာတပ်၍ နာဓိပတိပစ္စည်းမတပ်သောကြောင့် နာဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏"လို့ နဟေတု နာဓိပတိဆိုတဲ့ ပစ္စနိက်ရဲ့ မူလ ပင်ကိုယ်နာမည်နဲ့ မူလီနာဓိပတိကို တွန်းပစ်ရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ 'နဟေတုပစ္စယာ အဓိပတိယာ ဒသ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။ [ဆိုရမည့် ပစ္စည်း ပစ္စယုပ္ပန် တရားတွေကတော့ အနုလုံမှ ပထမအချက်တရားများ ဖြစ်ပါတယ်။]

ဒီမှာလဲ "နဟေတုပစ္စည်းသာတပ်၍ နာဓိပတိပစ္စည်းမတပ်"ဆိုတဲ့စကားနဲ့ "အဓိပတိပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်"ဆိုတဲ့ စကားနှစ်ခုဟာ အတူတူပင် ဖြစ်ပါတယ်၊ အနုလုံ ပထမအချက်ကို ပြန်ကြည့်ပါ။

**တတိယ**။ ။မူလ မူလီ ဟေတု အဓိပတိ နှစ်ပါးစုံတပ်တဲ့တရားကို "ဤတရားတို့သည် နဟေတု နာဓိပတိပစ္စည်းနှစ်ပါး မတပ်ကုန်"လို့ နဟေတု နာဓိပတိဆိုတဲ့ ပစ္စနိက်ရဲ့ မူလပင်ကိုယ်နာမည်နဲ့ ဆိုရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ 'ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။ [ဆိုရမည့် ပစ္စည်း ပစ္စယုပ္ပန်တရားတွေက အနုလုံမှ စတုတ္ထအချက်တရားများ ဖြစ်ပါတယ်။]

ဒီမှာလဲ "နဟေတု နာဓိပတိပစ္စည်းနှစ်ပါးမတပ်သော"ဆိုတဲ့စကားနဲ့ "ဟေတု အဓိပတိပစ္စည်းနှစ်ပါးတပ်သော"ဆိုတဲ့ စကားနှစ်ခုဟာ အတူတူပင်ဖြစ်ပါတယ်၊ အနုလုံ စတုတ္ထအချက်ကို ပြန်ကြည့်ပါ။

**စတုတ္ထ**။ ။မူလ မူလီ ဟေတု အဓိပတိ နှစ်ပါးစုံမတပ်တဲ့တရားကို ဆိုပြီး "ဤတရားတို့သည် နဟေတု နာဓိပတိပစ္စည်းနှစ်ပါး တပ်ကုန်၏"လို့

http://www.dhammadownload.com



နဟေတု နာဓိပတိဆိုတဲ့ ပစ္စနိက်ရဲ့ မူလပင်ကိုယ်နာမည်နဲ့ ဆိုရမယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း , တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း, ကတ္တား သမ္ဘဒါန်နေဟန်သို့လိုက်၍လည်းကောင်း 'နဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ'ဟု သချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။ [ဆိုရမည့် ပစ္စည်း ပစ္စယုပ္ပန် တရားတွေကတော့ အနုလုံမှ တတိယအချက်တရားများ ဖြစ်ပါတယ်။]

ဒီမှာလဲ "န ဟေတုနာဓိပတိပစ္စည်းနှစ်ပါး တပ်ကုန်၏"ဆိုတဲ့စကားနဲ့ "ဟေတုအဓိပတိပစ္စည်းနှစ်ပါး မတပ်ကုန်"ဆိုတဲ့ စကားနှစ်ခုဟာ အတူတူပင် ဖြစ်ပါတယ်၊ အနုလုံ တတိယအချက်ကို ပြန်ကြည့်ပါ။ ဒါဟာ ပစ္စနိက် ပစ္စည်းတွန်းနည်းပါပဲ။

## ဝိသဘာဂ တွန်းနည်း

နောက်ပြီးတော့ ဒီပစ္စနိက်မှာ သဘာဂပစ္စည်းချင်းသာမက ဝိသဘာဂ ပစ္စည်းများကိုလဲ မူလ, မူလီလုပ်ကာ ဟောထားတဲ့အတွက် ဟေတုနဲ့အာရမ္မဏ ပစ္စည်းတွန်း ထူးခြားချက်ကလေးကို ပြောချင်ပါသေးတယ်၊ ရှင်းအောင် မှတ်လိုက်ကြဦးစို့။

| | | |
|---|---|---|
| ပ။ | ၃–အနုလောမပစ္စနိက် | (ဟေတု + နာရမ္မဏ) |
| ဒု။ | ၄–ပစ္စနိယာနုလောမ | (နဟေတု + အာရမ္မဏ) |
| တ။ | ၁–အနုလုံ | (ဟေတု + အာရမ္မဏ) |
| စ။ | ၂–ပစ္စနိက် | (နဟေတု + နာရမ္မဏ) |

သေချာစွာကြည့်ပါ၊ တတိယအချက်ဟာ အနုလုံဖြစ်နေပါတယ်၊ ဒီတတိယ အချက်မှာ ဟေတု, အာရမ္မဏ ပစ္စည်းနှစ်ပါးတပ်တဲ့တရား မရှိပါဘူး၊ ဟေတုနဲ့ အာရမ္မဏဟာ မျိုးကွဲနေတယ်၊ ဒါ့ကြောင့် ဒီလိုအချက်မျိုးမှာ ပစ္စနိက်ရဲ့ မူလ ပင်ကိုယ်နာမည်နဲ့ "နဟေတု နာရမ္မဏပစ္စည်းနှစ်ပါး မတပ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ 'ဟေတုပစ္စယာ အာရမ္မဏေ'အစရှိသည်ဖြင့် မဟော ရသတည်း၊"လို့ ဆိုရပါမယ်၊ မျိုးတူပစ္စည်းမဟုတ်လျှင်, မျိုးတူပေမယ်လို့ သဘာဂ မဖြစ်လျှင် အနုလုံအချက်မှာ ဒီသဘောချည်းပါပဲ၊ ဒီလောက်ဆို ဝိသဘာဂ ပစ္စည်းတွန်း နားလည်လောက်ပါပြီ။

\+ + + + +

http://www.dhammadownload.com



## ၃။ ပစ္စည်းအနုလောမ ပစ္စနိက်

ကဲ–အနုလောမပစ္စနိက်တွန်းနည်းကို လေ့လာသုံးသပ်ကြရအောင်။

အနုလောမပစ္စနိက်တွန်းတဲ့အခါမှာ ရှေ့ကပြခဲ့တဲ့ ဥပဒေသအတိုင်း တည်ထားရမယ်၊ ကိုင်း–တည်ကြစို့။

| | | |
|---|---|---|
| ပ။ | ၂–ပစ္စနိက် | (နဟေတု + နာဓိပတိ) |
| ဒု။ | ၁–အနုလုံ | (ဟေတု + အဓိပတိ) |
| တ။ | ၄–ပစ္စနိယာနုလောမ | (နဟေတု + အဓိပတိ) |
| စ။ | ၃–အနုလောမပစ္စနိက် | (ဟေတု + နာဓိပတိ) |

ဒါဟာ မ, လုံဖြစ်တဲ့ အနုလောမပစ္စနိက်ကနေ တွန်းမှာဖြစ်တဲ့အတွက် (၂–၁–၄–၃) လို့ လက်ဝဲရစ်လှည့်ပြီး စဉ်ထားတာဖြစ်ပါတယ်၊ ဒီလောက်တည်ပြလိုက်တယ်ဆိုရင်ပဲ နားလည်နိုင်လောက်ပါပြီ၊ သိပ်ရှင်းလွန်းအားကြီးရင်လဲ ရှုပ်သွားတတ်ပါတယ်၊ အဲဒီတော့ အကျဉ်းချုပ်ပြီးသာ ပြောလိုက်တော့မယ်။

**ပထမ။** ။နှစ်ပါးစုံမတပ်သော တရားများကိုဆိုပါ၊ ဤတရားတို့သည် နာဓိပတိပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။

**ဒုတိယ ။** ။နှစ်ပါးစုံတပ်သော တရားများကိုဆိုပါ၊ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ နာဓိပတိပစ္စည်းမတပ်သောကြောင့် နာဓိပတိပစ္စည်း တွန်း၍ စင်ကုန်၏။

**တတိယ။** ။အဓိပတိသာတပ်၍ ဟေတုမတပ်သော တရားများကို ဆိုပါ၊ ဤတရားတို့သည် ဟေတု နာဓိပတိပစ္စည်းနှစ်ပါး မတပ်ကုန်။

**စတုတ္ထ။** ။ဟေတုသာတပ်၍ အဓိပတိမတပ်သော တရားများကို ဆိုပါ၊ ဤတရားတို့သည် ဟေတုနာဓိပတိပစ္စည်းနှစ်ပါး တပ်ကုန်၏။ ဒါဟာ အနုလောမပစ္စနိက် ပစ္စည်းတွန်းနည်းပါပဲ။

\+ + + + +

http://www.dhammadownload.com



## ၄။ ပစ္စည်း ပစ္စနီယာနုလောမ

| | | |
|---|---|---|
| ပ။ | ၁–အနုလုံ | (ဟေတု + အဓိပတိ) |
| ဒု။ | ၂–ပစ္စနိက် | (နဟေတု + နာဓိပတိ) |
| တ။ | ၃–အနုလောမပစ္စနိက် | (ဟေတု + နာဓိပတိ) |
| စ။ | ၄–ပစ္စနီယာနုလောမ | (နဟေတု + အဓိပတိ) |

ဒါဟာ စုံလုံဖြစ်တဲ့ ပစ္စနီယာနုလောမကနေ တွန်းမှာဖြစ်တဲ့အတွက် (၁–၂–၃–၄)လို့ လက်ယာရစ်လှည့်ပြီး စဉ်ထားတာဖြစ်ပါတယ်၊ ဒီ ပစ္စနီယာနုလောမ ပစ္စည်းတွန်းကိုလဲ အကျဉ်းချုပ်လို့ပဲ ပြောပါမယ်၊ တစ်ခါတစ်ရံ, ဆိုပါတော့ ဒီလိုအကွက်မျိုးမှာ အကျဉ်းချုပ်ပြောတာဟာ အကျယ်ပြောတာထက်တောင် ထိရောက်ပါသေးတယ်၊ ကဲ–နားထောင်။

**ပထမ**။ ။နှစ်ပါးစုံတပ်တဲ့ တရားကိုဆိုပါ၊ ဤတရားတို့သည် အဓိပတိ ပစ္စည်းသာတပ်၍ နဟေတုပစ္စည်းမတပ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။

**ဒုတိယ**။ ။နှစ်ပါးစုံမတပ်တဲ့ တရားကိုဆိုပါ၊ ဤတရားတို့သည် နဟေတုပစ္စည်းသာတပ်၍ အဓိပတိပစ္စည်းမတပ်သောကြောင့် အဓိပတိပစ္စည်း တွန်း၍ စင်ကုန်၏။

**တတိယ**။ ။ဟေတုသာတပ်၍ အဓိပတိမတပ်သောတရားကိုဆိုပါ၊ ဤတရားတို့သည် နဟေတုအဓိပတိပစ္စည်းနှစ်ပါး မတပ်ကုန်။

**စတုတ္ထ**။ ။အဓိပတိသာတပ်၍ ဟေတုမတပ်သောတရားကိုဆိုပါ၊ ဤတရားတို့သည် နဟေတုအဓိပတိပစ္စည်းနှစ်ပါး တပ်ကုန်၏။ ဒါဟာ ပစ္စနီယာနုလောမ ပစ္စည်းတွန်းပါပဲ၊ ဒါဟာ ဒုကပစ္စည်းတွန်းနည်းပါပဲ။

## တိကတွန်း

တိကတွန်းပုံကို ပြောပါဦးမယ်၊ လုံလေးလုံရှိတဲ့အနက် ၂–နံပါတ်ပစ္စနိက်နဲ့ ၄–နံပါတ်ပစ္စနီယာနုလောမ နှစ်လုံ၌သာ တိက, စတုက္ကစသည်များကို ဟောပါတယ်၊ ကျန်နှစ်လုံမှာ မဟောပါဘူး၊ (ရှေ့ကလဲပြောခဲ့ပြီးပါပြီ၊) ဒါ့ကြောင့် အနုလုံနဲ့ အနုလောမပစ္စနိက်မှာ တရားအရရှိမယ် မဟုတ်ဘူးဆိုတာ အခုကတည်းက သဘောပေါက်နေရမယ်၊ ကိုင်း–ပစ္စနိက်ကိုမူတည်ပြီး တိကတွန်းကို လေ့လာ သုံးသပ်ကြရအောင်။

http://www.dhammadownload.com



ပ။ ၃–အနုလောမပစ္စနိက် (ဟေတုအာရမ္မဏ + နာဓိပတိ)
ဒု။ ၄–ပစ္စနီယာနုလောမ (နာဟေတုနာရမ္မဏ + အဓိပတိ)
တ။ ၁–အနုလုံ (ဟေတုအာရမ္မဏ + အဓိပတိ)
စ။ ၂–ပစ္စနိက် (နဟေတုနာရမ္မဏ + နာဓိပတိ)

ဒါဟာ စုံလုံဖြစ်တဲ့ ပစ္စနိက်ကနေ တွန်းမှာဖြစ်တဲ့အတွက် (၃–၄–၁–၂)လို့ လက်ယာရစ်လှည့်ပြီး စဉ်ထားတာဖြစ်ပါတယ်။

**ပထမ။** ။ဟေတု အာရမ္မဏနှစ်ပါးတပ်၍ အဓိပတိမတပ်သော တရားကား မရှိ၊ (မူ ဟေတုနှင့်အာရမ္မဏတို့ မျိုးမတူ, သဘာဂမဖြစ်သည်ကို သတိပြုပါ၊) ဒါ့ကြောင့် ဒီပထမအချက်ကို မူတည်ပစ္စနိက်ပစ္စည်းရဲ့ ပင်ကိုယ်နာမည်နဲ့ ဒီလိုဆိုလိုက်ပါ–

"နာဓိပတိပစ္စည်းသာတပ်၍ နဟေတု နာရမ္မဏပစ္စည်းနှစ်ပါး မတပ်သော တရားကား မရှိ၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ 'ဟေတုပစ္စယာ အာရမ္မဏပစ္စယာ နာဓိပတိယာ'အစရှိသည်ဖြင့် မဟောရသတည်း။"

**ဒုတိယ။** ။မူလီ အဓိပတိသာတပ်၍ မူဟေတုအာရမ္မဏမတပ်သော တရား၊ အဲဒီတရားတွေကို သုဒ္ဓသင်္ချာမှ ထုတ်ယူရမယ်၊ အဲဒီတရားတွေက–

"ဝိမံသာဓိပတိမှတစ်ပါး အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း။"
ဒီတရားတွေဖြစ်ပါတယ်။

ဤတရားတို့သည် နဟေတုနာရမ္မဏပစ္စည်းသာတပ်၍ နာဓိပတိပစ္စည်း မတပ်သောကြောင့် နာဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

**တတိယ။** ။နဟေတု နာရမ္မဏ နာဓိပတိပစ္စည်းသုံးပါး မတပ်သော တရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိယာ"အစရှိသည်ဖြင့် မဟောရသတည်း။

**စတုတ္ထ။** ။ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှတစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း၊ အနန္တ ရူပ, ပကတူပနိဿယပစ္စည်း၊ ဝတ္ထုပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ နာနာက္ခဏိကကမ္မပစ္စည်း၊ ရုပ်အာဟာရပစ္စည်း၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။

http://www.dhammadownload.com



ဤပစ္စည်းတရား ၇–ပါးတို့သည် နဟေတု နာရမ္မဏ နာဓိပတိပစ္စည်း သုံးပါးတပ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့လိုက်၍လည်းကောင်း, ကတ္တားသမ္ပဒါန်နေဟန်သို့လိုက်၍လည်းကောင်း "နဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိယာ ပန္နရသ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ဒါဟာ တိကပစ္စည်းတွန်းနည်းပါပဲ။

## သင်္ချာဝါရ နိဂုံး

နောက်ဆုံး ပစ္စည်းတွန်းအချုပ်ကတော့ လေးချက်မူသေ စက်လှည့်ပြီး သရုပ်ခွဲထားတဲ့ တရားလေးပုံကို

၁။ အနုလုံစကားအသုံးအနှုန်းနဲ့ သရုပ်ခွဲပြတယ်၊

၂။ ပစ္စနိက်စကားအသုံးအနှုန်းနဲ့ သရုပ်ခွဲပြတယ်၊

၃။ အနုလုံပစ္စနိက်စကားအသုံးအနှုန်းနဲ့ သရုပ်ခွဲပြတယ်၊

၄။ ပစ္စနိက်အနုလုံစကားအသုံးအနှုန်းနဲ့ သရုပ်ခွဲပြတယ်၊

ဒီလို အမျိုးမျိုး လှည့်ပြနေခြင်းသာ ဖြစ်ပါတယ်၊ ဒါဟာ အရကောက်ဆရာကြီး ပေးတဲ့ နည်းဖြစ်ပါတယ်၊ ဆဝါရမှာ နည်းပေးထားပါတယ်၊ အခုဟာက ပဋ္ဌာဝါရက စ, သင်နေကြပါတယ်၊ ဆဝါရရောက်တော့ တွေ့ကြသေးတာပေါ့၊ ဘယ်လိုပဲ လှည့်လှည့် ဒီတရားလေးပုံပါပဲ။

အဲဒီလို အမျိုးမျိုးလှည့်ပြနေတာကို မိမိက "လည်"ထွက်မသွားရလေအောင် ကတွတ်ပေါက်မှ ငါးစောင့်တဲ့ဗျိုင်းလို သဘောဉာဏ်နဲ့ စောင့်ဖမ်းတတ်ဖို့လိုပါတယ်၊ စောင့်ဖမ်းတတ်ရမယ်၊ အဲဒီလို ဖမ်းတတ်ပြီ, ဖမ်းနိုင်ပြီဆိုလျှင် ပစ္စည်းတွန်း ပိုင်ပါပြီ။

ဒီလို သဘောဉာဏ်သုံးရတဲ့ သင်္ချာနည်းတွေကို သင်ယူတဲ့အခါမှာ ဆရာရော တပည့်ပါ (စာဟန်နဲ့ပြောရလျှင် သင်တတ်သူရော သင်အပ်သူပါ) တက်ညီလက်ညီ ရှိဖို့လိုပါတယ်၊ ဆရာက အသင်အပြမရှင်းလျှင် တပည့်နားလည်ဖို့ မလွယ်ပါဘူး၊ ပြီးတော့ ဆရာက ထင်းကနဲ လင်းကနဲ, ဝင်းကနဲ လက်ကနဲ, ကွင်းကနဲ ကွက်ကနဲ နေအောင် အသင်အပြကောင်းစေဦးတော့ တပည့်က သဘောဉာဏ်မပါလျှင်လဲ, သဘောဉာဏ်ပါပေမယ့် မကြိုးစားလျှင်လဲ ဒီသင်္ချာဝါရတွေကို နားလည်ဖို့မလွယ်ပါဘူး၊ ဒါ့ကြောင့် သင်္ချာဝါရတွေကို နားလည်ရေးအတွက် ဆရာနဲ့တပည့် ဘက်ညီဖို့လိုပါတယ်၊ တွဲဖက်ညီမှ ကဲတက် "ဒီ"လိုဖြစ်မှာပေါ့။

http://www.dhammadownload.com



ဒီနေရာမှာ ပါဠိတော်နှင့်အဋ္ဌကထာ ၁၂-အုပ်ကုန်သည်အထိ စာဆိုစေပြီး ပို့ချပေးတော်မူခဲ့တဲ့ မိမိ၏ကျေးဇူးရှင် ထီးဆောင်းဆရာတော်(ဥူးစက္ကပါလ)၏ စကားနဲ့ နိဂုံးချုပ်ပါမယ်၊ ဒီစကားက ၁၃၂၂-ခု၊ ပြာသိုလဆန်း ၁၄-ရက် (၁၀၊ ၁၊ ၇၁)နေ့ထုတ် မိုလ်တထောင်သတင်းစာပါ ဆောင်းပါးက စကား ဖြစ်ပါတယ်၊ ကဲ-နားထောင်။

## စာတွေ့၊ နှုတ်တွေ့၊ လက်တွေ့

အထက်ပါ "တွေ့"သုံးတွေ့ကို ဆရာနှင့်တပည့်, တပည့်နှင့်ဆရာ

၁။ အာသေဝနပစ္စည်းတပ်၊
၂။ အညမညပစ္စည်းတပ်၊
၃။ သဟဇာတပစ္စည်းတပ်၊
၄။ မအောင်မြင်လျှင် စားရေးသူကို ကလော်ဆဲပါ။

ကဲ-တော်လောက်ပါပြီ။

သချ်ာသရုပ် ဖွေရှာထုတ်၊
လက်ဝဲမ, လုံ လက်ယာစုံ၊
နှစ်ဖုံလှည့်ပတ် လုံလေးရပ်၊
ပ, ဒုကိုသာ တွန်းလေပါ၊
တွန်းရာလုံမှတ် မည်သုံးသပ်။

အဲ ... ပစ္စည်းတွန်း ပြီးတယ်ဆိုလျှင် သချ်ာဝါရ ပြီးပါပြီ၊ ပဥှာဝါရလဲ ပြီးပါပြီ။

, , , , ,

ပဥှာဝါရ ပြီးပြီ။

http://www.dhammadownload.com



## ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။

## ပစ္စယနိဒ္ဒေသ

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ ထိုပစ္စယနိဒ္ဒေသ၌တုံသော်လည်း—

ဟေတုပစ္စည်း၏ပစ္စယနိဒ္ဒေသ, အာရမ္မဏ—စသည် —၂၂၊
နိဒ္ဒိသိတဗ္ဗ, နိဒဿနာကာရ — ၂၊

ထိုနှစ်ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— "ဟေတုပစ္စယောတိ" ဟူသည်တည်း၊ ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏၊ ဟောဟန်ကား—"ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။

**အနက်။** ။ပစ္စယုဒ္ဒေသေ—ပစ္စည်းတို့ကိုအကျဉ်းပြရာ၌၊ ယော (ယာဒိသော)—အကြင်သို့သဘောရှိသော၊ ပစ္စယော—ပစ္စည်းကို၊ ဟေတုပစ္စယောတိ—ဟေတုပစ္စည်းဟူ၍၊ ဘဂဝတာ—သည်၊ ဥဒ္ဒိဋ္ဌော—အကျဉ်းပြတော်မူအပ်ပြီ၊ သော (တာဒိသော)—ထိုသို့သဘောရှိသော၊ ပစ္စယော—ပစ္စည်းကို၊ ပစ္စယနိဒ္ဒေသေ—ပစ္စည်းတို့ကို မကျဉ်းမကျယ်ပြရာ၌၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိ—ဟေတူ ။ ပ ။ ပစ္စယော ဟူ၍၊ ဘဂဝတာ—သည်၊ နိဒ္ဒိဋ္ဌော—မကျဉ်းမကျယ် ပြတော်မူအပ်ပြီ။

ဟေတူ—ဟိတ် ၆—ပါးတို့သည်၊ ဟေတုသမ္ပယုတ္တကာနံ—ဟိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ—သဟိတ်စိတ် စေတသိက်တို့, မောဟမူဒွေး၌မောဟကြဉ်သော စေတသိက်ဒွေးပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ—ထိုဟိတ်, ဟိတ်နှင့် ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ—စိတ္တဇရုပ် , ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန—ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော(ဥပကာရကော)—ကျေးဇူးပြုသည်၊ ဟောတိ—၏။ (အရကောက်၊ ၃)

http://www.dhammadownload.com



ပဥှာဝါရကို ဟောပြီးတဲ့သူဟာ ပစ္စယနိဒ္ဒေသအတွက် ခက်ခဲစရာမရှိပါဘူး၊ ပဥှာဝါရသုဒ္ဓသင်္ချာကိုပဲ သရုပ်ခွဲပြီး ဟောရပါတယ်၊ ပါဠိတော်ရော အရကောက်ပါ ဒီသရုပ်ကိုကြည့်ပြီး ဟောရ ကောက်ရပါတယ်၊ ကတ္တားအရ ပစ္စည်းကို, သမ္ပဒါန် အရ ပစ္စယုပ္ပန်ကို, ကရိဏ်းအရ ပစ္စယသတ္တိများကို ကောက်ရပါတယ်။

ပစ္စယနိဒ္ဒေသဟာ မကျဉ်းမကျယ်ဟောထားအပ်တဲ့ ဒေသနာဖြစ်တဲ့အတွက် အချို့ပစ္စည်းများမှာ တရားအရ ကျန်နေပါတယ်၊ "သာဝသေသဒေသနာ"–လို့ ခေါ်ပါတယ်၊ အဲဒီ ပစ္စည်းတွေက ပုရေဇာတ, ဝိပါက, အတ္ထိ, အဝိဂတ–တို့ ဖြစ်ပါတယ်။

**ဆောင်။** ။ပု, ဝိ, အတ်, အ၊ ဤလေးဝ၊ သာဝသေသာ ဒေသနာ။

ကရိဏ်းပါဠိအရ ကောက်တဲ့အခါ သဘာဂနဲ့ဃဋနာကို သတိပြုရပါမယ်၊ သဘာဂရဲ့သဘောက တစ်ပြိုင်နက်ယထာရဟဖြစ်ပါတယ်၊ ပစ္စည်းပစ္စယုပ္ပန် တစ်စိတ်တစ်ဒေသပဲတူတူ, အားလုံးပဲတူတူ ရနိုင်သမျှ ပစ္စယသတ္တိတွေကို ကောက်ပါတယ်၊ ဃဋနာရဲ့သဘောက တစ်ပြိုင်နက်ဖြစ်ပါတယ်၊ ပစ္စည်းပစ္စယုပ္ပန် အားလုံးတူတဲ့ ပစ္စယသတ္တိတွေကို သူ့အုပ်စုနဲ့သူခွဲပြီး ကောက်ရပါတယ်၊ ဒီသဘောကို ပဥှာဝါရတုန်းကလဲ ရှင်းပြခဲ့ပါပြီ၊ ဒီပစ္စယနိဒ္ဒေသမှာ အရကောက်ဆရာကြီးက ကရိဏ်းပါဠိအရကို သဘာဂသဘောအရ ပထမကောက်ပြပါတယ်၊ ပြီးတော့မှ ဃဋနာသဘောအရ တစ်နည်းကား ကောက်ပြပါတယ်။

ဒါဟာ ပစ္စယနိဒ္ဒေသအတွက် အခြေခံသဘောတရားများဖြစ်ပါတယ်၊ ဒီအခြေခံ သဘောတရားကို မှတ်သားပြီး အရကောက်စာအုပ်ကြီးနဲ့ တိုက်ဆိုင်လေ့လာရ ပါမယ်၊ ဒီမှာတော့ သရုပ်သဘောလောက်ကိုသာ အကျဉ်းချုပ်တည်ခင်းပြပါမယ်၊ အကျဉ်းသရုပ်ကို လက်ကိုင်ပြုပြီး အကျယ်သဘောနားလည်အောင် လေ့လာနည်း ဖြစ်ပါတယ်၊ ပဋ္ဌာန်းလေ့လာနေသူဟာ ပစ္စယနိဒ္ဒေသပါဠိတော်ကို အရကျက်ပြီး နေ့တိုင်းဝတ်ထားသရဇ္ဈာယ်က အကောင်းဆုံးပါပဲ၊ သုဒ္ဓသင်္ချာကို အာရုံပြုပြီး သရဇ္ဈာယ်မယ်ဆိုလျှင် သာပြီးကောင်းပါတယ်၊ သုဒ္ဓသင်္ချာလဲ မမေ့တော့တာပေါ့၊ ဒါ့ကြောင့် သုဒ္ဓသင်္ချာသရုပ်နဲ့ ပါဠိတော်ကိုသာ ပြပါမယ်၊ အရကောက်ကိုကား မပြတော့ဘဲ အရကောက်စာအုပ်ကြီးနဲ့ တိုက်ဆိုင်လေ့လာပါ–လို့ ညွှန်းလိုက်ပါတယ်။

http://www.dhammadownload.com



## ဟေတုပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဟိတ် ၆–ပါး | သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |
| ဟေတူ | ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## အာရမ္မဏပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိ၊ ပညတ်။ | စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈။ |
| ရူပါယတနံ | စက္ခုဝိညာဏဓာတုယာ, တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ။ |
| ။ ပ ။ ဖောဋ္ဌဗ္ဗာယတနံ၊ | ။ ပ ။ ကာယဝိညာဏဓာတုယာ ။ |
| ရူ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖော၊ | မနောဓာတုယာ ။ |
| သဗ္ဗေ ဓမ္မာ၊ | မနောဝိညာဏဓာတုယာ ။ |
| ယံ ယံ ဓမ္မံ အာရဗ္ဘ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ |
| တေ တေ ဓမ္မာ၊ | တေသံ တေသံ ဓမ္မာနံ။ |

## အဓိပတိပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| **သဟာဓိ**=အဓိပတိ ၄–ပါး။ | သမ္ပယုတ္တက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ |
| **အာဓိ**=စိတ်–၈၄၊ စေ–၄၇၊ နိပ္ဖန္နရုပ်–၁၈၊ နိ ။ | လောဘမူ–၈၊ မဟာကု–၈၊ မဟာကြိ သံ–၄၊ လောကုတ္တရာ–၈။ |
| ဆန္ဒာဓိပတိ | ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ |
| ဝီရိယ၊ စိတ္တ၊ ဝီမံသ– | ဝီ၊ စိ၊ ဝီမံသ ။ |
| ယံ ယံ ဓမ္မံ ဂရုံ ကတွာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ |
| တေ တေ ဓမ္မာ | တေသံ တေသံ ဓမ္မာနံ–။ |

http://www.dhammadownload.com



## အနန္တရ၊ သမနန္တရပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ အဆုံးဖောကြဉ်သော ရှေးရှေးသော ကု, အကုနာမက္ခန္ဓာ။ | ပ–ဖောကြဉ်သော နောက်နောက်သော ကု, အကုနာမက္ခန္ဓာ။ |
| ၂။ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိ–၃၆၊ ကြိ–၂၀ နာမက္ခန္ဓာ။ | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိ–၃၆၊ ကြိ–၂၀ နာမက္ခန္ဓာ။ |
| စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ။ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ။ |
| မနောဓာတု ။ | မနောဝိညာဏဓာတုယာ ။ |
| သော၊ ဃာ၊ ဇိ၊ ကာ x မနောဓာတု | မနောဓာတုယာ x မနောဝိညာဏဓာတုယာ–။ |
| ပုရိမာ ပုရိမာ ကု–ဓမ္မာ–၂။ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကု–ဓမ္မာနံ၊ ဗျာ–ဓမ္မာနံ။ |
| ။ အကု–ဓမ္မာ–၂။ | ။ အကု–၊ ဗျာ–။ |
| ။ ဗျာ–ဓမ္မာ–၃။ | ။ ဗျာ–ကု–အကု–ဓမ္မာနံ။ |
| ယေသံ ယေသံ ဓမ္မာနံ အနန္တရာ၊ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ |
| တေ တေ ဓမ္မာ၊ | တေသံ တေသံ ဓမ္မာနံ။ |

## သဟဇာတပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ နာမက္ခန္ဓာ ၄–ပါး။ | ၁။ အချင်းချင်း(နာမက္ခန္ဓာ–၄)၊ နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိ–။ |
| ၂။ မဟာဘုတ်–၄။ | ၂။ အချင်းချင်း(မဟာဘုတ်–၄)၊ ဥပါဒါရုပ်။ |
| ၃။ ပဉ္စဝေါ ပဋိ–နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။ | ၃။ ဟဒယဝတ္ထု၊ ပဉ္စဝေါ ပဋိ–နာမက္ခန္ဓာ။ |
| စတ္တာရော ခန္ဓာ အရူပိနော၊ | အညမညံ။ |
| စတ္တာရော မဟာဘူတာ | ။ |

http://www.dhammadownload.com



## ဥပနိဿယပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈။ | စိတ်–၈၉၊ စေ–၅၂။ |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ x ၃ | ပစ္ဆိမာနံ ကု၊ အကု–ကေသဉ္စိ၊ ဗျာ။ |
| ။ အကု– x ၃ | ။ အကု၊ ကု–ကေသဉ္စိ၊ ဗျာ။ |
| ။ ဗျာ– x ၃ | ။ ဗျာ၊ ကု၊ အကု။ |

ဥတုဘောဇနမ္ပိ x ပုဂ္ဂလောပိ x သေနာသနမ္ပိ–။

## ပုရေဇာတပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| **ဝတ်ထု** = စက္ခုဝတ္ထု ။ ပ ။ ကာယဝတ္ထု၊ ဟဒယဝတ္ထု။ | ပဋ္ဌဝေါ–အခါ အရူပ ၄–ကြဉ်သော သတ္တဝိညာဏဓာတ်။ |
| **အာရုံ** = ပစ္စုပ္ပန်နိပ္ဖန္နရုပ်–၁၈။ | ကာမ–၅၄၊ ဒိဗ္ဗစက္ခု, သောတအဘိညာဉ်။ |
| စက္ခာယတနံ ။ ပ ။ ကာယာယတနံ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ။ ပ ။ ကာယ–။ |
| ရူပါယတနံ ။ ပ ။ ဖော–။ | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ။ ပ ။ ကာယ–။ |
| ရူ, သဒ္ဒါ, ဂန္ဓာ, ရသာ, ဖော–၊ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ–။ |
| ယံ ရူပံ | နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ |
| တံ ရူပံ | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ–၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတ–။ ကိဉ္စိ ကာလေ န ပုရေဇာတ–။ |

## ပစ္ဆာဇာတပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| ပဋ္ဌဝေါ–အခါ အရူပဝိ ၄–ကြဉ်သော နောက်နောက်သော နာမက္ခန္ဓာ–၄။ | ပဋိသန္ဓေအစရှိသော ။ ပ ။ ဧကဇ, ဒွိဇ, တိဇ, စတုဇကာယ။ |
| ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ | ပုရေဇာတဿ ဣမဿ ကာယဿ။ |

http://www.dhammadownload.com



## အာသေဝနပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော–၄၇။ | ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော–၅၁။ |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ။ |
| ။ အကု– | ။ အကု–။ |
| ။ ကိရိယာဗျာကတာ– | ။ ကိရိယာဗျာကတာနံ–။ |

## ကမ္မပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| **နာနာက်** = ကု , အကု စေတနာ။ | ဝိ–၃၆၊ ကဋတ္တာရုပ်။ |
| **သဟာက်** = စိတ် ၈၉–၌ရှိသော စေတနာ။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇ , ပဋိ–ကမ္မဇရုပ်။ |
| ကုသလာကုသလံ ကမ္မံ၊ | ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ။ |
| စေတနာ၊ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## ဝိပါကပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ ဝိပါက်နာမက္ခန္ဓာ–၄။ | ၁။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ၂။ ပဉ္စဝေါ–ပဋိသန္ဓေနာမက္ခန္ဓာ။ | ၂။ ဟဒယဝတ္ထု။ |
| ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော၊ | အညမညံ။ |

## အာဟာရပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| **ရုပ်ဟာ** = စတုသမုဋ္ဌာနိကဩဇာ။ | ကလာပ်တူ ။ ပ ။ စတုသမုဋ္ဌာနိကရုပ်။ |
| **နာမ်ဟာ** = အာဟာရ–၃။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ် , ပဋိ–ကမ္မဇရုပ်။ |
| ကဗဠီကာရော အာဟာရော၊ | ဣမဿ ကာယဿ။ |
| အရူပိနော အာဟာရာ၊ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

http://www.dhammadownload.com



## ဣန္ဒြိယပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| **ပုတိ** = ပဋ္ဌဝတ္ထု၊ | ဒွေးပဉ္စဝိညာဉ်–၁၀။ |
| **ရူပတိ** = ရုပ်ဇီဝိတိန္ဒြေ၊ | ရုပ်ဇီဝိတကြဉ် ကလာပ်တူကမ္မဇရုပ်–၉။ |
| **သဟတိ** = ဣန္ဒြေတရားကိုယ်–၈၊ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇ, ပဋိ–ကမ္မဇရုပ်။ |
| စက္ခုန္ဒြိယံ ။ ပ ။ ကာယိန္ဒြိယံ၊ | စက္ခုဝိညာဏဓာတုယာ တံသမ္ပ–ဓမ္မာနံ ။ ပ ။ ကာယ။ |
| ရူပဇီဝိတိန္ဒြိယံ၊ | ကဋတ္တာရူပါနံ။ |
| အရူပိနော ဣန္ဒြိယာ၊ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## ဈာနပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဈာနင်တရားကိုယ်–၅။ | သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇ, ပဋိ–ကမ္မဇရုပ်။ |
| ဈာနင်္ဂါနိ၊ | ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## မဂ္ဂပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| မဂ္ဂင်တရားကိုယ်–၉။ | သမ္ပယုတ္တက္ခန္ဓာ၊သဟိတ်စိတ္တဇ,ပဋိ–ရုပ်။ |
| မဂ္ဂင်္ဂါနိ၊ | မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ။ |

## သမ္ပယုတ္တပစ္စယောတိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| နာမက္ခန္ဓာ–၄။ | အချင်းချင်း။ |
| စတ္တာရော ခန္ဓာ အရူပိနော။ | အညမည်။ |

http://www.dhammadownload.com



## ဝိပ္ပယုတ္တပစ္စယောတ္တိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| သဟဇိပ် = ပဉ္စဝေါ-နာမက္ခန္ဓာ-၄။ | စိတ္တဇ, ပဋိ-ကမ္မဇရုပ်။ |
| ပဉ္စဝေါ-ပဋိ-ခန္ဓာ x ဟဒယဝတ္ထု။ | ဟဒယဝတ္ထု x ပဉ္စဝေါ-ပဋိ-နာမက္ခန္ဓာ။ |
| ပုရေဇိပ် = ဆ ဝတ္ထု။ | အရူပဝိပါကြဉ် သတ္တဝိညာဏဓာတ်။ |
| ပစ္ဆာဇိပ် = ပဉ္စဝေါ-စိတ်-၈၅၊ စေ၅၂။ | ဧကဇ, ဒွိဇ, တိဇ, စတုဇကာယ။ |
| ရူပိနော ဓမ္မာ၊ | အရူပီနံ ဓမ္မာနံ။ |
| အရူပိနော ဓမ္မာ၊ | ရူပီနံ ဓမ္မာနံ။ |

## အတ္ထိ၊ အဝိဂတပစ္စယောတ္တိ

အတ္ထိ ၅-မျိုးအနက် သဟဇာတတ္ထိ, ပုရေဇာတတ္ထိ ၂-မျိုးကိုသာ ဟောတော်မူပါတယ်၊ ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ-တို့ကို မထည့်သွင်းဘဲ သာဝသေသအားဖြင့် ဟောတော်မူပါတယ်၊ သဟဇာတတ္ထိကို သဟဇာတ ရှေ့၅-ချက်အတိုင်း ဟောပါ၊ ပုရေဇာတတ္ထိကို ပုရေဇာတအတိုင်းတွင် "ကိဉ္စိကာလေ" ပုဒ် မထည့်ဘဲဟောပါ။

## နတ္ထိ၊ ဝိဂတပစ္စယောတ္တိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ်-၈၉၊ စေ-၅၂။ | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ်-၈၉၊ စေ-၅၂။ |
| သမနန္တ ရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ။ |
| သမနန္တ ရဝိဂတာ ။ | ။ |

/ / / / /

ပစ္စယနိဒ္ဒေသ ပြီးပြီ။

http://www.dhammadownload.com



## ဆဝါရ မြေပုံ

ပုစ္ဆာဝါရ + ဝိသဇ္ဇနာဝါရ = ၂

ဓမ္မအနုလုံ + ဓမ္မပစ္စနိက် + နုနိက် + နိက်နု = ၄

တိက + ဒုက + ဒုကတိက + တိကဒုက + တိကတိက + ဒုကဒုကပဋ္ဌာန်း = ၆

ကုသလတိက် + ဝေဒနာတိက်(စသည်) = ၂၂

ပဋိစ္စ + သဟဇာတ + ပစ္စယ + နိဿယ + သံသဋ္ဌ + သမ္ပယုတ္တ + ပဉှာဝါရ = ၇

လုံ-၁ + လုံ-၂ + လုံ-၃ + လုံ-၄ = ၄

ဝိဘင်္ဂဝါရ + သင်္ချာဝါရ = ၂

၁။ ပါဠိတော်

၂။ အရကောက်

သုဒ္ဓ + ဒုကာဒိ = ၂

ဟေတုဒုကာဒိ = ၂၃

ဒုက + တိက ။ ပ ။ ဗာဝီသက = ၂၁

ဟေတုမူ အာရမ္မဏဒုက(စသည်) = ၂၂

http://www.dhammadownload.com



# ပုဏ္ဏာဝါရ

ဆောင်။ ။ဓမ်စတု–ခြောက်ခုရယ်တဲ့ ပဋ္ဌာန်းမှာ၊
တိက်ဗာဝီ–ခွန်ဝါရငယ် နယ လေးဖြာ။
သုဒ္ဓနှင့်–ဒုကာ ဟေတာဒိပစ္စည်း၊
ပဒ ပဒါ–ခွန်စီမှတ်လို့ရယ် ဟောရွတ်မေးချည်း။ (ပန်းကုံး)

## ဟောရိုးစစ်

### ၁။ ဓမ္မအနုလုံ

နိဒ္ဒေသကိုဟောတော်မူသည်၏အခြားမဲ့၌ ပုဏ္ဏာဝါရကိုဟောတော်မူ၏၊ ထို ပုဏ္ဏာဝါရ၌တုံသော်လည်း–

| | |
|---|---|
| ဓမ္မအနုလုံ + ဓမ္မပစ္စနိက် + ဓမ္မအနုလောမပစ္စနိက် + ဓမ္မပစ္စနီယာနုလောမ | = ၄ |
| တိကပဋ္ဌာန်း +ဒုက+ ဒုကတိက+တိကဒုက+တိကတိက+ဒုကဒုကပဋ္ဌာန်း | = ၆ |
| ကုသလတိက် + ဝေဒနာတိက် စသောအားဖြင့် | =၂၂ |
| ပဋိစ္စဝါရ + သဟဇာတ + ပစ္စယ + နိဿယ + သံသဋ္ဌ + သမ္ပယုတ္တ + ပဥှာဝါရ | = ၇ |
| ပစ္စည်းအနုလုံ + ပစ္စည်းပစ္စနိက် + နနိက် + နိက်န | = ၄ |
| သုဒ္ဓ + ဒုကာဒိ | = ၂ |
| ဟေတုပစ္စည်း၏သုဒ္ဓ + အာရမ္မဏပစ္စည်း၏သုဒ္ဓစသည် | =၂၄ |
| ကုသလပဒ + အကု + ဗျာ + ကုဗျာ + အကုဗျာ + ကုအကု + ကုအကုဗျာ | = ၇ |
| ကုသလပဒါဝသာန + အကုသလပဒါဝသာန စသည် | = ၇ |

ဟောဟန်ကား–

## (၁) တိကပဋ္ဌာန်း

### ကုသလတိက်

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ | ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | အကုသလော– ။ |
| ၃။ ။ | အဗျာကတော– ။ |
| ၄။ ။ | ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ။ |
| ၅။ ။ | အကုသလော စ အဗျာကတော စ– ။ |
| ၆။ ။ | ကုသလော စ အကုသလော စ– ။ |
| ၇။ ။ | ကု – အကု – အဗျာကတော စ ဓမ္မာ–။ |

http://www.dhammadownload.com



ဤသို့ ကုသလပဒ၌ ၇–ဝါရရှိ၏၊ အကု , ဗျာ, ကုဗျာ, အကုဗျာ, ကုအကု, ကုအကုဗျာပဒတို့၌လည်း ၇–ဝါရစီရှိ၏၊ ဤသို့လျှင် ဟေတုပစ္စည်း၌ (၇ x ၇= ၄၉)ဝါရရှိ၏၊ အာရမ္မဏပစ္စည်းစသည်တို့၌လည်း ၄၉–ဝါရစီရှိ၏၊ ထို့ကြောင့် ၂၄–ပစ္စည်း(ကေက=သုဒ္ဓ)၌ (၄၉ x ၂၄=၁၁၇၆)ဝါရရှိ၏။ ဝေဒနာတိက်စသည် တို့၌လည်း ၁၁၇၆–ဝါရစီရှိ၏၊ ထို့ကြောင့် တိက်အားလုံး၌ (၁၁၇၆ x ၂၂= ၂၅၈၇၂)ဝါရရှိ၏။ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ၊ ဒုကာဒိကို "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ"စသည်ဖြင့် ဟောရမည်။

**အနက်။** ။ယော(ယာဒိသော)–အကြင်သို့သဘောရှိသော၊ ကုသလော– ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ– တရားကို၊ ပဋိစ္စ(ပဋိဂ္ဂန္တွာ)–တကွဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်သို့ရောက်၍၊ သိယာ–ဖြစ်ရာသလော၊ သော(တာဒိသော)–ထိုသို့သဘောရှိသော၊ ကုသလော– ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ဟေတုပစ္စယာ–ဟေတုပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇေယျကိံ–ဖြစ်ရာသလော။

ကုသလံ–သော၊ ဓမ္မံ–ကို၊ ပဋိစ္စ(ပဋိဂ္ဂန္တွာ)–၍၊ ကုသလော–သော၊ ဓမ္မော– သည်၊ ဟေတုပစ္စယာ–ကြောင့်၊ သိယာ ဥပ္ပဇ္ဇေယျကိံ–ဖြစ်ရာသလော။ [ပထမ နည်း၌ ပဒ , ပဒါဝသာနနှစ်ခုကို နိယတ် အနိယတ်ထည့်၍ အနက်ပေးခြင်းတည်း၊ ဒုတိယနည်း၌ နိယတ် အနိယတ် မထည့်ဘဲ တစ်ဆက်တည်း အနက်ပေးခြင်း တည်း။]

## (၂) ဒုကပဋ္ဌာန်း

### ဟေတုဒုက်

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ | ဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | နဟေတု ဓမ္မော– ။ |
| ၃။ ။ | ဟေတု စ နဟေတု စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ–။ |
| ၄။ သိယာ နဟေတုံ ဓမ္မံ ပဋိစ္စ | နဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၅။ ။ | ဟေတု ဓမ္မော ။ |
| ၆။ ။ | ဟေတု စ နဟေတု စ ဓမ္မာ–။ |
| ၇။ သိယာ ဟေတုဉ္စ နဟေတုဉ္စ ဓမ္မံ ပဋိစ္စ | ဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၈။ ။ | နဟေတု ဓမ္မော– ။ |
| ၉။ ။ | ဟေတု စ နဟေတု စ ဓမ္မာ–။ |

http://www.dhammadownload.com



ဤသို့ ဟေတုပဒ၌ ၃-ဝါရ၊ နဟေတုပဒ၌ ၃-ဝါရ၊ ဟေတု နဟေတုပဒ၌ ၃-ဝါရ၊ ပေါင်း ဟေတုပစ္စည်း၌ (၃ x ၃=၉)ဝါရဖြစ်၏၊ အာရမ္မဏပစ္စည်း စသည်တို့၌လည်း ၉-ဝါရစီရှိ၏၊ ထို့ကြောင့် ၂၄-ပစ္စည်း(ဧကက=သုဒ္ဓ)၌ (၂၄ x ၉= ၂၁၆)ဝါရရှိ၏။ သဟေတုဒုက်စသည်တို့၌လည်း ၂၁၆-ဝါရစီရှိ၏၊ ထို့ကြောင့် ဒုက်အားလုံး၌ (၂၁၆ x ၁၀၀=၂၁၆၀၀)ဝါရရှိ၏၊ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ၊ ဒုကာဒိကို "သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ"စသည်ဖြင့် ဟော ရမည်။

## (၃) ဒုကတိကပဋ္ဌာန်း

### ၁-ဟေတုဒုက်၊ ၁-ဟေတုပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ | ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | ဟေတု အကုသလော ဓမ္မော-။ |
| ၃။ ။ | ဟေတု အဗျာကတော ဓမ္မော-။ |
| ၄။ ။ | ဟေတု ကုသလော စ အဗျာကတော စ ဓမ္မာ-။ |
| ၅။ ။ | ဟေတု အကုသလော စ အဗျာကတော စ ဓမ္မာ-။ |
| ၆။ ။ | ဟေတု ကုသလော စ အကုသလော စ ဓမ္မာ-။ |
| ၇။ ။ | ဟေတု ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ |

ဒုက်တစ်ရာ၌ တိက် ၂၂-တိက်ကို ထည့်သွင်း၍ ဟောတော်မူအပ်သော ပဋ္ဌာန်းသည် "ဒုကတိကပဋ္ဌာန်း"မည်၏၊ ဤအထက်ပါအတိုင်း "ဟေတုကုသလ ပဒ"၌ ၇-ဝါရရှိ၏၊ ထို့အတူ ဟေတုအကုသလ, ဟေတုအဗျာကတ, ဟေတု ကုဗျာ, ဟေတုအကုဗျာ, ဟေတုကုအကု, ဟေတုကုအကုဗျာပဒတို့၌လည်း ၇-ဝါရစီ ရှိ၏၊ ထို့ကြောင့် ဟေတုပဒဝယ် ကုသလတိက်ကိုထည့်ရာ၌ (၇ x ၇= ၄၉)ဝါရရှိ၏။

http://www.dhammadownload.com



## ၂–န ဟေတုပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ နဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ | နဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | နဟေတု အကုသလော ဓမ္မော–။ |
| ၃။ ။ | နဟေတု အဗျာကတော ဓမ္မော–။ |
| ၄။ ။ | နဟေတု ကုသလော စ အဗျာကတော စ ဓမ္မာ–။ |
| ၅။ ။ | နဟေတု အကုသလော စ အဗျာကတော စ ဓမ္မာ–။ |
| ၆။ ။ | နဟေတု ကုသလော စ အကုသလော စ ဓမ္မာ–။ |
| ၇။ ။ | နဟေတု ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ |

ဤသို့ "န ဟေတုကုသလပဒ"၌ ၇–ဝါရရှိ၏၊ ထို့အတူ နဟေတုအကုသလ, နဟေတုအဗျာကတ, နဟေတုကုဗျာ, နဟေတုအကုဗျာ, နဟေတုကုအကု, နဟေတုကုအကုဗျာပဒတို့၌လည်း ၇–ဝါရစီရှိ၏၊ ထို့ကြောင့် နဟေတုပဒဝယ် ကုသလတိက်ကိုထည့်ရာ၌ (၇ x ၇=၄၉)ဝါရရှိ၏။

## ၃–ဟေတု နဟေတုပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ဟေတုံ ကုသလဉ္စ နဟေတုံ ကုသလဉ္စ ဓမ္မံ ပဋိစ္စ | ဟေတု ကုသလော စ နဟေတု ကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ |
| ၂။ ။ | ဟေတု အကုသလော စ နဟေတု အကုသလော စ–။ |
| ၃။ ။ | ဟေတု အဗျာကတော စ နဟေတု အဗျာကတော စ–။ |

http://www.dhammadownload.com



| | |
|---|---|
| ၄။ သိယာ ဟေတုံ ကုသလဉ္စ နဟေတုံ ကုသလဉ္စ ဓမ္မံ ပဋိစ္စ | ဟေတု ကုသလာဗျာကတော စ နဟေတု ကုဗျာ–။ |
| ၅။ ။ | ဟေတု အကုသလာဗျာကတော စ နဟေတု အကုဗျာ–။ |
| ၆။ ။ | ဟေတု ကုသလာကုသလော စ နဟေတု ကု အကု–။ |
| ၇။ ။ | ဟေတု ကုသလာကုသလာဗျာကတော စ နဟေတု ကုလာကုသလာဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ |

ဤသို့ "ဟေတု နဟေတုကုသလပဒ"၌ ၇–ဝါရရှိ၏၊ ထို့အတူ ဟေတု နဟေတုအကုသလ, ဟေတု နဟေတုအဗျာကတ, ဟေတု နဟေတုကုဗျာ, ဟေတု နဟေတုအကုဗျာ, ဟေတု နဟေတုကု အကု, ဟေတု နဟေတုကုအကုဗျာ ပဒတို့၌လည်း ၇–ဝါရစီရှိ၏၊ ထို့ကြောင့် ဟေတု နဟေတုပဒဝယ် ကုသလတိက်ကို ထည့်ရာ၌ (၇ x ၇= ၄၉)ဝါရရှိ၏။

ဤသို့လျှင် ဟေတုဒုက်ဝယ် ကုသလတိက်ကိုထည့်ရာ၌ ဟေတုပဒ၌ ၄၉–ဝါရ၊ နဟေတုပဒ၌ ၄၉–ဝါရ၊ ဟေတု နဟေတုပဒ၌ ၄၉–ဝါရ၊ ပေါင်း ဟေတု ပစ္စည်း၌ (၄၉ x ၃=၁၄၇)ဝါရဖြစ်၏။ အာရမ္မဏပစ္စည်းစသည်တို့၌လည်း ၁၄၇–ဝါရစီရှိ၏၊ ထို့ကြောင့် ၂၄–ပစ္စည်း(ဧကက=သုဒ္ဓ)၌ (၁၄၇ x ၂၄=၃၅၂၈) ဝါရရှိ၏။ ဝေဒနာတိက်စသည်တို့ကို ထည့်ရာ၌လည်း ၃၅၂၈–ဝါရစီရှိ၏၊ ထို့ကြောင့် ဟေတုဒုက်ဝယ် တိက် ၂၂–တိက်ကိုထည့်ရာ၌ (၃၅၂၈ x ၂၂=၇၇၆၁၆) ဝါရရှိ၏၊ ဤကား ဟေတုဒုက်၌ ၂၄–ပစ္စည်းဖြင့် တိက် ၂၂–တိက်ကို ထည့်ခြင်း တည်း။

ဟေတုဒုက်၌ထည့်သကဲ့သို့ ကျန်ဒုက်များ၌လည်း ထို့အတူပင်ဖြစ်၏၊ ထို့ကြောင့် ဒုက်တစ်ရာလုံး၌ထည့်သော် (၇၇၆၁၆ x ၁၀၀=၇၇၆၁၆၀၀)ဝါရဖြစ်၏၊ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ။

+ + + + +

http://www.dhammadownload.com



# (၄) တိကဒုကပဋ္ဌာန်း

## ၁–ကုသလတိက်၊ ၁–ကုသလပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ | ကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | အကုသလော ဟေတု ဓမ္မော–။ |
| ၃။ ။ | အဗျာကတော ဟေတု ဓမ္မော–။ |
| ၄။ ။ | ကုသလော ဟေတု ဓမ္မော စ အဗျာကတော ဟေတု ဓမ္မော စ–။ |
| ၅။ ။ | အကု ဟေတု, ဗျာ ဟေတု–။ |
| ၆။ ။ | ကု ဟေတု, အကု ဟေတု–။ |
| ၇။ ။ | ကု ဟေတု, အကု ဟေတု, ဗျာ ဟေတု–။ |

တိက် ၂၂–တိက်တို့၌ ဒုက်တစ်ရာကိုထည့်သွင်း၍ ဟောတော်မူအပ်သော ပဋ္ဌာန်းသည် "တိကဒုကပဋ္ဌာန်း"မည်၏၊ ဤအထက်ပါအတိုင်း "ကုသလဟေတုပဒ"၌ ၇–ဝါရရှိ၏၊ ထို့အတူ ကုသလ နဟေတု, ကုသလ ဟေတု နဟေတုပဒ တို့၌လည်း ၇–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလပဒဝယ် ဟေတုဒုက်ကိုထည့်ရာ၌ (၇ x ၃=၂၁)ဝါရရှိ၏။ ကုသလပဒ၌ ဟေတုဒုက်ထည့်သည့်နည်းတူ အကု, ဗျာ, ကုဗျာ, အကုဗျာ, ကု အကု, ကု အကုဗျာပဒတို့ကိုထည့်ရာ၌လည်း ၂၁–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလတိက်ဝယ် ဟေတုဒုက်ကိုထည့်ရာ၌ (၂၁ x ၇= ၁၄၇)ဝါရရှိ၏။

အာရမ္မဏပစ္စည်း စသည်တို့၌လည်း ၁၄၇–ဝါရစီရှိ၏၊ ထို့ကြောင့် ၂၄–ပစ္စည်း(ဧကက=သုဒ္ဓ)၌ (၁၄၇ x ၂၄=၃၅၂၈)ဝါရရှိ၏။ ကျန်ဒုက်တို့ကိုထည့်ရာ၌လည်း ၃၅၂၈–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလတိက်ဝယ် ဒုက်တစ်ရာကိုထည့်ရာ၌ (၃၅၂၈ x ၁၀၀=၃၅၂၈၀၀)ဝါရရှိ၏၊ ဤကား ကုသလတိက်၌ ၂၄–ပစ္စည်းဖြင့် ဒုက်တစ်ရာကိုထည့်ခြင်းတည်း။

ကုသလတိက်၌ထည့်သကဲ့သို့ ကျန်တိက်များ၌ထည့်ရာ၌လည်း ထို့အတူပင် ဖြစ်၏၊ ထို့ကြောင့် တိက် ၂၂–တိက်လုံး၌ထည့်သော် (၃၅၂၈၀၀ x ၂၂=၇၇၆၁၆၀၀) ဝါရဖြစ်၏၊ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ။

http://www.dhammadownload.com



# (၅) တိကတိကပဋ္ဌာန်း

## ကုသလပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ | ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတု ပစ္စယာ။ |
| ၂။ ။ | အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော–။ |
| ၃။ ။ | အဗျာကတော– ။ |
| ၄။ ။ | ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော စ–။ |
| ၅။ ။ | အကု–ဗျာ |
| ၆။ ။ | ကု–အကု |
| ၇။ ။ | ကု–အကု–ဗျာ |

တစ်တိက် တစ်တိက်၌ ကျန် ၂၁–တိက်ကိုထည့်သွင်း၍ ဟောတော်မူအပ်သော ပဋ္ဌာန်းသည် "တိကတိကပဋ္ဌာန်း"မည်၏၊ ဤအထက်ပါအတိုင်း ကုသလတိက်၌ ၇–ပဒရှိသကဲ့သို့ ဝေဒနာတိက်၌လည်း ၇–ပဒရှိ၏၊ သုခါယဝေဒနာယသမ္ပယုတ္တပဒ, ဒုက္ခာယ, အဒုက္ခမသုခါယ, သုခါယ အဒုက္ခမသုခါယ, ဒုက္ခာယ အဒုက္ခမသုခါယ, သုခါယ ဒုက္ခာယ, သုခါယ ဒုက္ခာယ အဒုက္ခမသုခါယပဒတို့တည်း၊ ကျန်တိက်အားလုံးတို့၌လည်း ၇–ပဒစီရှိ၏။

ဤသို့ "ကုသလ သုခါယ ဝေဒနာယ သမ္ပယုတ္တပဒ"၌ ၇–ဝါရရှိ၏၊ ထို့အတူ ကုသလဒုက္ခာယဝေဒနာယစသော ၆–ပဒတို့၌လည်း ၇–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလပဒဝယ် ဝေဒနာတိက်ကိုထည့်ရာ၌ (၇ x ၇=၄၉)ဝါရရှိ၏။ ကုသလပဒ၌ ဝေဒနာတိက်ကိုထည့်သည့်နည်းတူ အကု, ဗျာ, ကုဗျာ, အကုဗျာ, ကု အကု, ကုအကုဗျာပဒတို့ကိုထည့်ရာ၌လည်း ၄၉–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလတိက်ဝယ် ဝေဒနာတိက်ကိုထည့်ရာ၌ (၄၉ x ၇=၃၄၃)ဝါရဖြစ်၏။

အာရမ္မဏပစ္စည်း စသည်တို့၌လည်း ၃၄၃–ဝါရစီရှိ၏၊ ထို့ကြောင့် ၂၄–ပစ္စည်း(ဧကက=သုဒ္ဓ)၌ (၃၄၃ x ၂၄=၈၂၃၂)ဝါရရှိ၏။ ကျန်တိက်တို့ကိုထည့်ရာ

http://www.dhammadownload.com



၌လည်း ၈၂၃၂–ဝါရစီရှိ၏၊ ထို့ကြောင့် ကုသလတိက်ဝယ် ကျန်တိက်တို့ကို ထည့်ရာ၌ (၈၂၃၂ x ၂၁=၁၇၂၈၇၂)ဝါရရှိ၏၊ ဤကား ကုသလတိက်၌ ၂၄–ပစ္စည်းဖြင့် ကျန်တိက်များကိုထည့်ခြင်းတည်း။

ကုသလတိက်၌ထည့်သကဲ့သို့ ကျန်တိက်များ၌ထည့်ရာ၌လည်း ထို့အတူပင်ဖြစ်၏၊ ထို့ကြောင့် တစ်တိက်တစ်တိက်၌ ကျန်တိက်များကိုထည့်သော် (၁၇၂၈၇၂ x ၂၂=၃၈၀၃၁၈၄)ဝါရဖြစ်၏၊ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ။

+ + + + +

## (၆) ဒုကဒုကပဋ္ဌာန်း

### ၁–ဟေတုဒုက်၊ ၁–သဟေတုကဒုက်

### သဟေတုကပဒ

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ | ဟေတုသဟေတုကော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | နဟေတု သဟေတုကော ဓမ္မော–။ |
| ၃။ ။ | ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ–။ |
| ၄။ သိယာ နဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ | နဟေတု သဟေတုကော ဓမ္မော–။ |
| ၅။ ။ | ဟေတု သဟေတုကော ဓမ္မော–။ |
| ၆။ ။ | ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ–။ |
| ၇။ သိယာ ဟေတုံ သဟေတုကဉ္စ နဟေတုံ သဟေတုကဉ္စ ဓမ္မံ ပဋိစ္စ | ဟေတု သဟေတုကော ဓမ္မော–။ |
| ၈။ ။ | နဟေတု သဟေတုကော ဓမ္မော–။ |
| ၉။ ။ | ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ–။ |

http://www.dhammadownload.com



တစ်ဒုက်တစ်ဒုက်၌ ကျန် ၉၉–ဒုက်ကို ထည့်သွင်း၍ ဟောတော်မူအပ်သော ပဋ္ဌာန်းသည် "ဒုကဒုကပဋ္ဌာန်း"မည်၏၊ ဤအထက်ပါအတိုင်း ဟေတုဒုက်မှ ၃–ပဒကိုမူတည်၍ သဟေတုဒုက်မှ "သဟေတုကပဒ"ကိုထည့်က ၉–ဝါရဖြစ်၏၊ ထို့အတူ အဟေတုကပဒ, သဟေတုက အဟေတုကပဒတို့ကိုထည့်ရာ၌လည်း ၉–ဝါရစီရှိ၏၊ ထို့ကြောင့် ဟေတုဒုက်ဝယ် သဟေတုကဒုက်ကိုထည့်ရာ၌ (၉ x ၃=၂၇)ဝါရရှိ၏။

အာရမ္မဏပစ္စည်း စသည်တို့၌လည်း ၂၇–ဝါရစီရှိ၏ ထို့ကြောင့် ၂၄–ပစ္စည်း (ဧကက=သုဒ္ဓ)၌ (၂၇ x ၂၄=၆၄၈)ဝါရရှိ၏။ ကျန် ၉၉–ဒုက်ကိုထည့်ရာ၌လည်း ၆၄၈–ဝါရစီရှိ၏၊ ထို့ကြောင့် ဟေတုဒုက်ဝယ် ကျန်ဒုက်တို့ကိုထည့်ရာ၌ (၆၄၈ x ၉၉=၆၄၁၅၂)ဝါရရှိ၏၊ ဤကား ဟေတုဒုက်၌ ၂၄–ပစ္စည်းဖြင့် ကျန်ဒုက်များကို ထည့်ခြင်းတည်း။

ဟေတုဒုက်၌ထည့်သကဲ့သို့ ကျန်ဒုက်များ၌ထည့်ရာ၌လည်း ထို့အတူပင်ဖြစ်၏၊ ထို့ကြောင့် တစ်ဒုက်တစ်ဒုက်၌ ကျန်ဒုက်များကိုထည့်သော် (၆၄၁၅၂ x ၁၀၀= ၆၄၁၅၂၀၀)ဝါရဖြစ်၏၊ ဤသည်လည်း သုဒ္ဓသာရှိသေး၏၊ ဒုကာဒိမပါသေးပေ။

+ + + + +

## ၂။ ဓမ္မပစ္စနိက်

ဓမ္မအနုလုံကို ဟောတော်မူသည်၏အခြားမဲ့၌ ဓမ္မပစ္စနိက်ကိုဟောတော်မူ၏၊ ထိုဓမ္မပစ္စနိက်၌တုံသော်လည်း—

တိကပဋ္ဌာန်း + ဒုက + ဒုကတိက + တိကဒုက + တိကတိက + ဒုကဒုကပဋ္ဌာန်း=၆။
ကုသလတိက် + ဝေဒနာတိက် စသောအားဖြင့် =၂၂။
ပဋိစ္စဝါရ + သဟဇာတ + ပစ္စယ + နိဿယ + သံသဋ္ဌ + သမ္ပယုတ္တ + ပဉှာဝါရ= ၇။
ပစ္စည်းအနုလုံ + ပစ္စည်းပစ္စနိက် + နုနိက် + နိက်နု = ၄။
သုဒ္ဓ + ဒုကာဒိ = ၂။
ဟေတုပစ္စည်း၏သုဒ္ဓ + အာရမ္မဏပစ္စည်း၏သုဒ္ဓ စသည် =၂၄။
န ကုသလပဒ + န အကု + န အဗျာ + န ကု န ဗျာ + န အကု န ဗျာ +
န ကု န အကု + န ကု န အကု န ဗျာ = ၇။
န ကုသလပဒါဝသာန + န အကုသလပဒါဝသာန စသည် = ၇။
ဟောဟန်ကား—

http://www.dhammadownload.com



## (၁) တိကပဋ္ဌာန်း

### ကုသလတိက်

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ နကုသလံ ဓမ္မံ ပဋိစ္စ | နကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | နအကုသလော– ။ |
| ၃။ ။ | နအဗျာကတော– ။ |
| ၄။ ။ | နကုသလော စ နအဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ–။ |
| ၅။ ။ | နအကုသလောစ နအဗျာကတောစ–။ |
| ၆။ ။ | နကုသလောစ နအကုသလောစ–။ |
| ၇။ ။ | နကု – နအကု – နအဗျာကတောစ–။ |

နအကုသလပဒစသည်ကိုလည်း မူတည်၍ဟောက ဟေတုပစ္စည်း၌ (၇ x ၇= ၄၉)ချက်ဖြစ်၏၊ အာရမ္မဏစသည်တို့၌လည်း ထို့အတူ ၄၉–ချက်စီရှိ၏၊ ကျန်ဝါရများ ဟောပုံနှင့်တွက်ပုံကို ဓမ္မအနုလုံကို နည်းမှီ၍သိပါ။

+ + + + +

## ၃။ ဓမ္မအနုလောမပစ္စနီက်

ဓမ္မပစ္စနီက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ဓမ္မအနုလောမပစ္စနီက်ကို ဟောတော်မူ၏၊ ထိုဓမ္မအနုလောမပစ္စနီက်၌တုံသော်လည်း–

တိကပဋ္ဌာန်း + ဒုက + ဒုကတိက + တိကဒုက + တိကတိက + ဒုကဒုကပဋ္ဌာန်း ၆။
ကုသလတိက် + ဝေဒနာတိက် စသောအားဖြင့် =၂၂။
ပဋိစ္စဝါရ+သဟဇာတ+ ပစ္စယ+နိဿယ+သံသဋ္ဌ+သမ္ပယုတ္တ+ပဉှာဝါရ = ၇။
ပစ္စည်းအနုလုံ + ပစ္စည်းပစ္စနီက် + နုနိက် + နိက်နု = ၄။
သုဒ္ဓ + ဒုကာဒိ = ၂။
ဟေတုပစ္စည်း၏သုဒ္ဓ + အာရမ္မဏပစ္စည်း၏သုဒ္ဓ စသည် =၂၄။
ကုသလပဒ + အကု + ဗျာ + ကုဗျာ+ အကုဗျာ + ကုအကု + ကုအကုဗျာ = ၇။
နကုသလပဒါဝသာန + နအကုသလပဒါဝသာန စသည် = ၇။
ဟောဟန်ကား–

http://www.dhammadownload.com



## (၁) တိကပဋ္ဌာန်း

### ကုသလတိက်

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ | န ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | န အကုသလော– ။ |
| ၃။ ။ | န အဗျာကတော– ။ |
| ၄။ ။ | န ကုသလော စ န အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ။ |
| ၅။ ။ | န အကုသလော စ န အဗျာကတော စ–။ |
| ၆။ ။ | န ကုသလော စ န အကုသလော စ–။ |
| ၇။ ။ | န ကု – န အကု – န အဗျာကတော စ–။ |

အကုသလပဒစသည်ကိုလည်း မူတည်၍ဟောက ဟေတုပစ္စည်း၌ (၇ x ၇= ၄၉)ချက်ဖြစ်၏၊ အာရမ္မဏစသည်တို့၌လည်း ထို့အတူ ၄၉–ချက်စီရှိ၏၊ ကျန်ဝါရများ ဟောပုံနှင့်တွက်ပုံကို ဓမ္မအနုလုံကို နည်းမှီ၍သိပါ။

\+ + + + +

## ၄။ ဓမ္မပစ္စနီယာနုလောမ

ဓမ္မအနုလောမပစ္စနီက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ဓမ္မပစ္စနီယာနုလောမကို ဟောတော်မူ၏၊ ထိုဓမ္မပစ္စနီယာနုလောမ၌တုံသော်လည်း–

တိကပဋ္ဌာန်း + ဒုက + ဒုကတိက + တိကဒုက + တိကတိက + ဒုကဒုကပဋ္ဌာန်း =၆။
ကုသလတိက် + ဝေဒနာတိက် စသောအားဖြင့် =၂၂။
ပဋိစ္စဝါရ + သဟဇာတ + ပစ္စယ + နိဿယ + သံသဋ္ဌ + သမ္ပယုတ္တ + ပဉှာဝါရ = ၇။
ပစ္စည်းအနုလုံ + ပစ္စည်းပစ္စနီက် + နုနိက် + နိက်နု = ၄။
သုဒ္ဓ + ဒုကာဒိ = ၂။
ဟေတုပစ္စည်း၏သုဒ္ဓ + အာရမ္မဏပစ္စည်း၏သုဒ္ဓ စသည် =၂၄။
န ကုသလပဒ + န အကု + န အဗျာ + န ကု နဗျာ + န အကု န ဗျာ +
န ကု န အကု + န ကု န အကု န ဗျာ = ၇။
ကုသလပဒါဝသာန + အကုသလပဒါဝသာန စသည် = ၇။
ဟောဟန်ကား–

http://www.dhammadownload.com



## (၁) တိကပဋ္ဌာန်း

### ကုသလတိက်

| ပဒ | ပဒါဝသာန |
|---|---|
| ၁။ သိယာ န ကုသလံ ဓမ္မံ ပဋိစ္စ | ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ |
| ၂။ ။ | အကုသလော– ။ |
| ၃။ ။ | အဗျာကတော– ။ |
| ၄။ ။ | ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ။ |
| ၅။ ။ | အကုသလော စ အဗျာကတော စ ။ |
| ၆။ ။ | ကုသလော စ အကုသလော စ ။ |
| ၇။ ။ | ကု – အကု – အဗျာကတော စ ။ |

န အကုသလပဒစသည်ကိုလည်း မူတည်၍ဟောက ဟေတုပစ္စည်း၌(၇ x ၇=၄၉)ချက်ဖြစ်၏၊ အာရမ္မဏစသည်တို့၌လည်း ထို့အတူ ၄၉–ချက်စီရှိ၏။ ကျန်ဝါရများ ဟောပုံနှင့်တွက်ပုံကို ဓမ္မအနုလုံကို နည်းမှီ၍ သိပါ။

ယခုထုတ်ပြအပ်သည့် ဝါရများမှာ ဓမ္မအနုလုံစသော လုံ ၄–လုံကို ပဓာနထားကာ တိကပဋ္ဌာန်းစသော ပဋ္ဌာန်း ၆–ကျမ်းကို ပစ္စည်းအနုလုံဖြင့် ထုတ်ပြအပ်သည့်(ဧကက=သုဒ္ဓ)ဝါရများ ဖြစ်ပါသည်၊ ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်း ပစ္စနီယာနုလောမတို့ မပါဝင်သေးပါ။

မိမိ၏ကျေးဇူးရှင် သက်တော်, ဝါတော်(၈၃ / ၆၃)ရှိ ထီးဆောင်းဆရာတော်(အရှင်စက္ကပါလမထေရ်)က "ငါ့ရှင်! ပဋိစ္စ ပုစ္ဆာဝါရ တိကပဋ္ဌာန်းဒုကပဋ္ဌာန်းစသည်တို့၏ ပါဠိတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်လိုသည်"ဟု အမိန့်ရှိသောကြောင့် မိမိဉာဏ်မီသမျှ အဋ္ဌကထာကို ကြည့်ရှုတွက်ချက်ကာ သုဒ္ဓသက်သက်မျှကိုသာ ထုတ်ပြဆက်ကပ်လိုက်ပါသည်၊ ယင်း တွက်ချက်ထားသည့်ဝါရများ ပျောက်ပျက်မသွားစေရန် ဤစာအုပ်ပုံရိုက်ချိန်နှင့် ကြုံကြိုက်သောကြောင့် ထည့်သွင်း လိုက်ပါသည်၊ အတွက်အချက် အယူအဆ မှားယွင်းသည်ကိုတွေ့ပါက ပြင်ဆင်ကြပါရန် ပန်ကြားပါသည်။

\+ + + + +

ပုစ္ဆာဝါရ ပြီး၏။

http://www.dhammadownload.com



## ပဋိစ္စ ဝိသဇ္ဇနာဝါရ

ပုစ္ဆာဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိသဇ္ဇနာဝါရကို ဟောတော်မူ၏၊ ထိုဝိသဇ္ဇနာဝါရ၌တုံသော်လည်း—

ဓမ္မအနုလုံ + ဓမ္မပစ္စနိက် + ဓမ္မအနုလောမပစ္စနိက် + ဓမ္မပစ္စနိယာနုလောမ = ၄။
တိကပဋ္ဌာန်း + ဒုက + ဒုကတိက + တိကဒုက + တိကတိက + ဒုကဒုက = ၆။
ကုသလတိက် + ဝေဒနာတိက် အစရှိသောအားဖြင့် =၂၂။
ပဋိစ္စဝါရ+သဟဇာတ+ပစ္စယ+နိဿယ+သံသဋ္ဌ+သမ္ပယုတ္တ+ပဉှာဝါရ = ၇။
ပစ္စည်းအနုလုံ + ပစ္စည်းပစ္စနိက် + ပစ္စည်းအနုလောမပစ္စနိက် +
ပစ္စည်းပစ္စနိယာနုလောမ = ၄။
ဝိဘင်္ဂဝါရ + သင်္ချာဝါရ = ၂။
ဟေတုပစ္စည်း၏ဝိဘင်္ဂဝါရ + အာရမ္မဏပစ္စည်း၏ဝိဘင်္ဂဝါရ အစရှိသော
အားဖြင့် =၂၃။
ကုသလပဒ + အကု + ဗျာ + ကု–ဗျာ + အကု–ဗျာ = ၅။
ကုသလပဒါဝသာန + အဗျာကတ + ကုသလာဗျာကတ = ၃။
ဝိဓိ + အနုဝါဒ = ၂။

ထိုနှစ်ပါးတို့တွင် ဝိဓိကို ရှေးဦးစွာဟောတော်မူ၏၊ ဟောဟန်ကား "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏၊ ဟောဟန်ကား "ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"ဟူသည်တည်း။

### ဝါရ ၆–ပါး သဘောသွား

**၁။ ပဋိစ္စဝါရ။** ။ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ (ပါ၊ ၁၉)

**၂။ သဟဇာတဝါရ။** ။ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ။ (ပါ၊ ၆၆)

**အနက်။** ။ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ ပဋိစ္စ–စွဲ၍၊ (တစ်နည်းကား) ပဋိစ္စ (ပဋိဂန္တွာ)–တကွဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်ဖြင့်

http://www.dhammadownload.com



ရောက်၍၊ ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ဟေတုပစ္စယာ– ဟေတုပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ (အရကောက်၊ ၆၄)

ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ ပဋိစ္စ–စွဲ၍၊ ပဋိစ္စ(ပဋိဂန္တွာ)– တကွဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်ဖြင့်ရောက်၍၊ တေန–ထိုကုသိုလ်ဓမ္မ နှင့်၊ သဟဇာတော–တကွဖြစ်သော၊ ကုသလော–သော၊ ဓမ္မော–သည်၊ ဟေတု ပစ္စယာ–ကြောင့်၊ ဥပ္ပဇ္ဇတိ–၏။ (အရကောက်၊ ၂၅၉)

**၃။ ပစ္စယဝါရ။** ။ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ။ (ပါ၊ ၆၉)

**၄။ နိဿယဝါရ။** ။ကုသလံ ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ။ (ပါ၊ ၁၀၆)

**အနက်။** ။ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ ပစ္စယာ(နိဿယတ္တေန ပစ္စယံ ကတွာ)–မှီရာဟူသောအနက်ဖြင့် အကြောင်းပြု၍၊ ကုသလော– သော၊ ဓမ္မော–သည်၊ ဟေတုပစ္စယာ–ကြောင့်၊ ဥပ္ပဇ္ဇတိ–၏။ (အရကောက်၊ ၂၆၃)

ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ နိဿာယ (ပတိဋ္ဌတ္တေန ပစ္စယံ ကတွာ)–မှီရာဟူသောအနက်ဖြင့် ပစ္စည်းကိုပြု၍။ (ဤသို့ အစရှိသောအားဖြင့် အနက်ယောဇနာလေ။) (အရကောက်၊ ၂၉၇)

**၅။ သံသဋ္ဌဝါရ။** ။ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။ (ပါ၊၁၁၁)

**၆။ သမ္ပယုတ္တဝါရ။** ။ကုသလံ ဓမ္မံ သမ္ပယုတ္တော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ သမ္ပယုတ္တာ တယော ခန္ဓာ၊ တယော ခန္ဓေ သမ္ပယုတ္တော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သမ္ပယုတ္တာ ဒွေ ခန္ဓာ။ (ပါ၊ ၁၂၉)

**အနက်။** ။ကုသလံ–သော၊ ဓမ္မံ–ကို၊ သံသဋ္ဌော–ကေပ္ပါဒါဒိလက္ခဏာ ဟူသော သမ္ပယောဂလဘောအားဖြင့် ပစ္စည်းကိုပြု၍၊ (တစ်နည်းကား) ကုသလံ– သော၊ ဓမ္မံ–ကို၊ ပဋိစ္စ–၍၊ တေန–ထိုကုသိုလ်ဓမ္မနှင့်၊ သံသဋ္ဌော–ကေပ္ပါဒါဒိ

http://www.dhammadownload.com



အစရှိသော လက္ခဏာလေးပါးနှင့် နှီးနှောသော၊ ကုသလော–သော၊ ဓမ္မော–သည်၊ ဟေတုပစ္စယာ–ကြောင့်၊ ဥပ္ပဇ္ဇတိ–၏။ ကုသလံ–သော၊ ဧကံ–သော၊ ခန္ဓံ–ကို၊ သံသဋ္ဌာ (သမ္ပယုတ္တပစ္စယံ ကတွာ)–သမ္ပယုတ္တပစ္စည်းပြုကုန်၍၊ တယော–ကုန်သော၊ ခန္ဓာ–တို့သည်၊ ဟေတုပစ္စယာ–ကြောင့်၊ ဥပ္ပဇ္ဇန္တိ–ကုန်၏။ (အရကောက်၊ ၂၉၉။ သမ္ပယုတ္တဝါရလည်း သံသဋ္ဌဝါရနှင့် တူပြီ။ အရကောက်၊ ၃၂၁)

+ + + + +

## ဆဝါရကိုင်တွယ်ပုံ

**ဆောင်။** ။ပဋိစ္စ–သဟရယ်တဲ့ နှစ်ဝါရာ။
သဟဇာ ဝိဘင်္ဂေါ်ကို၊ ဟောရပြန်ကာ။
ပစ် နိဿ်မှာ နိဿယာဝိဘင်း၊
သံနှင့်သမ် သမ္ပယုတ်ငယ်၊ ဟောထုတ် မယွင်း။ **(ပန်းကုံး)**

ပဋ္ဌာန်းကျမ်းမှာ ဘုရားရှင် ဟောကြားထားတော်မူခဲ့တဲ့ ဒေသနာစဉ်ကတော့–

| | |
|---|---|
| ၁။ ပစ္စယုဒ္ဒေသ | |
| ၂။ ပစ္စယနိဒ္ဒေသ | ၆။ နိဿယဝါရ |
| ၃။ ပဋိစ္စဝါရ | ၇။ သံသဋ္ဌဝါရ |
| ၄။ သဟဇာတဝါရ | ၈။ သမ္ပယုတ္တဝါရ |
| ၅။ ပစ္စယဝါရ | ၉။ ပဉှာဝါရ |

ဒီအစီအစဉ်အတိုင်း ရှိပါတယ်၊ ပဋိစ္စဝါရမှ သမ္ပယုတ္တဝါရအထိ ၆–ဝါရကို "ဆဝါရ"လို့ ခေါ်ပါတယ်။

အခု ပဋ္ဌာန်းဟောနေကြတာက နောက်ဆုံး ပဉှာဝါရကစပြီး ဟောလေ့ရှိကြပါတယ်၊ ပဉှာဝါရကို စပြီးဖွင့်လေ့ရှိကြပါတယ်၊ ခက်ခဲကျယ်ဝန်းတဲ့ ပဉှာဝါရကို ဟောပြီးမှ ပစ္စယနိဒ္ဒေသနဲ့ဆဝါရကို ဟောလေ့ရှိကြပါတယ်၊ ပဉှာဝါရကို ဟောပြီးသူဟာ ဆဝါရကို လွယ်ကူစွာဟောနိုင်ပါတယ်၊ ခက်ခဲမှုမရှိပါဘူး၊ ဒါပေမယ့် ဆဝါရကို မကိုင်တွယ်တတ်ဘဲ ဖြစ်နေတတ်ပါသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆဝါရသုဒ္ဓသချာမှာ ပစ္စယုပ္ပန်တရားလောက်သာပါပြီး ပစ္စည်းတရား မပါလို့ ပါပဲ။

ပဉှာဝါရမှာ ပစ္စည်းတရားကို ပဓာနထားပြီး ဟောပါတယ်၊ ဆဝါရမှာ ပစ္စယုပ္ပန်တရားကို ပဓာနထားပြီး ဟောပါတယ်၊ ပဉှာဝါရမှာ သုဒ္ဓသချာကိုကိုင်ပြီး

http://www.dhammadownload.com



"ကုသလော ကုသလဿ"စတဲ့ သင်္ချာများကိုထုတ်ယူဖို့ သိသာမြင်လွယ်ပါတယ်၊ ဆဝါရမှာတော့ ဒီလို မသိသာမမြင်လွယ်ပါဘူး၊ အဲဒီတော့ ဆဝါရခက်တယ်လို့ ညည်းကုန်ကြရော၊ အမှန်က ဒီလိုမဟုတ်ပါဘူး။

အရာဝတ္ထုတစ်ခုကို သိနိုင်ဘို့အတွက် "သိဒ္ဓ"လေးမျိုးဆိုတာ ရှိပါတယ်၊

၁။ ပစ္စက္ခသိဒ္ဓ (တိုက်ရိုက်သိ၊ လက်တွေ့သိ)
၂။ အနုမာနသိဒ္ဓ (မှန်းဆသိ)
၃။ အာကပ္ပသိဒ္ဓ (ပုံပန်းကြည့်သိ)
၄။ သဒ္ဒေယျသိဒ္ဓ (ယုံကြည်သိ)

ပဉှာဝါရမှာ ပစ္စည်း ပစ္စယုပ္ပန် အပြည့်အစုံပါလို့(တိုက်ရိုက်ပါလို့) သင်္ချာထုတ်ပုံ, ကျေးဇူးပြုပုံကို သိရတာဟာ ပစ္စက္ခသိဒ္ဓပါပဲ၊ ဆဝါရမှာတော့ အကျိုးပစ္စယုပ္ပန်တရားသာပါတယ်၊ အကြောင်းပစ္စည်းတရား မပါဘူး၊ ဒါပေမယ်လို့ မီးခိုးမြင်က မီးရှိမှန်းသိရသလို အကျိုးပစ္စယုပ္ပန်မြင်က အကြောင်းပစ္စည်းတရားကိုလဲ သိနိုင်ပါတယ်၊ အဲဒီလိုသိရတာဟာ အနုမာနသိဒ္ဓပါပဲ၊ အခု ဒီဆဝါရမှာ ဒီအနုမာနသိဒ္ဓနည်းနဲ့ နားလည်ရမှာပါ၊ ဒီအနုမာနသိဒ္ဓနည်းနဲ့ ဆဝါရကိုင်တွယ်ပုံကို ပြောပြပါမယ်၊ ပဉှာဝါရကို သင်ယူပြီးဖြစ်တဲ့အတွက် ပဉှာဝါရကိုပဲ မူတည်ပြီး ပြောရပါလိမ့်မယ်၊ အောက်ပါ သတ်မှတ်ချက်များကို ရှေးဦးစွာမှတ်သားထားပါ။

၁။ ပဋိစ္စ , သဟဇာတနှစ်ဝါရ၌ ပဉှာဝါရလာ သဟဇာတပစ္စည်းကို ဟောတော်မူသည်။
၂။ ပစ္စယ , နိဿယနှစ်ဝါရ၌ ပဉှာဝါရလာ နိဿယ(သဟနိ , ပုရေနိ) ပစ္စည်းကို ဟောတော်မူသည်။
၃။ သံသဋ္ဌ , သမ္ပယုတ္တနှစ်ဝါရ၌ ပဉှာဝါရလာ သမ္ပယုတ္တပစ္စည်းကို ဟောတော်မူသည်။

ပဋိစ္စနဲ့သဟဇာတ တူပါတယ်၊ ပစ္စယနဲ့နိဿယ တူပါတယ်၊ သံသဋ္ဌနဲ့ သမ္ပယုတ္တ တူပါတယ်၊ အခု ဒီ ၆-ဝါရ(၃-တွဲ)ကို အသီးသီး သရုပ်ခွဲပြမယ်။

**ဆောင်။** ။ဋိစ်ဇာ ပစ်နိ၊ သံသမ်ရှိ၊ မှတ်သိ ဆဝါရ။
စဉ်တိုင်း နှစ်ခု၊ သုံးတွဲပြု၊ တူမှု ဆဝါရ။

http://www.dhammadownload.com



## ၁။ ပဋိစ္စ၊ သဟဇာတဝါရ
## (သဟဇာတပစ္စည်း)
## သင်္ချာ–နဝ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ (သဟိတ်) စိတ္တဇရုပ်။<br>၃။ (သဟိတ်) ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ (မဟာဘုတ်၊ ဥပါဒါရုပ်) |

အထက်ပါ (ပဋိစ္စဝါရ, သဟဇာတဝါရတို့၏) တရားသရုပ် အနေအထားကို ကြည့်ပါ၊ ဒီနှစ်ဝါရမှာ ပဥ္စာဝါရက သဟဇာတပစ္စည်းတရားကို ဟောပါတယ်၊ အခု ပြတဲ့တရားတွေဟာ တရားအကုန်ရတဲ့ သဟဇာတပစ္စည်း၏ သရုပ်များဖြစ်ပါတယ်။

ပစ္စည်းဖက်မှာ ဘာတရားမှ ပြမထားပါဘူး၊ ပစ္စယုပ္ပန်တရားကို ပဓာနထားဟောတယ် မဟုတ်ပါလား၊ ပစ္စည်းတရားမပါလို့ ခက်တယ်ထင်ရတဲ့ ဆဝါရသုဒ္ဓသင်္ချာဟာ ဖော်ထုတ်နည်းကို သိတဲ့အခါကျတော့ ပစ္စည်းတရားမပါတာကတောင် သာပြီးရှင်းတာကို တွေ့လာရပါလိမ့်မယ်၊ ကိုင်း–ဒါဖြင့် နံပါတ်တစ်ခုချင်း ရှင်းကြရအောင်၊ အထက်မှာ ထုတ်ပြထားတဲ့ သုဒ္ဓသင်္ချာကို အာရုံပြုပါ။

၁။ (၁) နံပါတ်မှာ နာမက္ခန္ဓာလေးပါး ဖြစ်ပါတယ်၊ နာမက္ခန္ဓာလေးပါးတို့တွင် ကုသိုလ်နာမက္ခန္ဓာသည် ကုသိုလ်နာမက္ခန္ဓာကြောင့်၊ အကုသိုလ်နာမက္ခန္ဓာသည် အကုသိုလ်နာမက္ခန္ဓာကြောင့်၊ ဝိပါက် ကြိယာ အဗျာကတနာမက္ခန္ဓာသည် ဝိပါက် ကြိယာနာမက္ခန္ဓာကြောင့် (သဟဇာတသတ္တိဖြင့်) အသီးသီးဖြစ်လာကြရတယ်၊ အဲဒီလို အကျိုးပစ္စယုပ္ပန်တရားများ ဖြစ်လာကြရပါတယ်၊ အဲဒီတော့ နဂိုက ဘာမှမရှိတဲ့ အကြောင်းပစ္စည်းတရားဘက်မှာ နာမက္ခန္ဓာလေးပါး ပေါ်ထွက်လာပါတယ်၊ သင်္ချာ ထုတ်မယ်ဆိုလျှင် ၃–ချက်ထွက်ပါတယ်။ (ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ)

၂။ (၂) နံပါတ်မှာ စိတ္တဇရုပ်ဖြစ်ပါတယ်၊ ဟေတုပစ္စည်း မဂ္ဂပစ္စည်းဆိုလျှင်တော့ သဟိတ်စိတ္တဇရုပ် ဖြစ်ပါတယ်၊ စိတ္တဇရုပ်သည်–

(က) ကုသိုလ်နာမက္ခန္ဓာကြောင့်လည်းကောင်း (ကု–ဗျာ)၊

(ခ) အကုသိုလ်နာမက္ခန္ဓာကြောင့်လည်းကောင်း (အကု–ဗျာ)၊

http://www.dhammadownload.com



(ဂ) ဝိပါက်ကြိယာအဗျာကတနာမက္ခန္ဓာကြောင့်လည်းကောင်း(ဗျာ–ဗျာ)၊
(ဃ) မဟာဘုတ်ကြောင့်လည်းကောင်း (ဗျာ–ဗျာ)၊
(င) ကုသိုလ်နာမက္ခန္ဓာနှင့် မဟာဘုတ်ကြောင့်လည်းကောင်း (ကုဗျာ–ဗျာ)၊
(စ) အကုသိုလ်နာမက္ခန္ဓာနှင့် မဟာဘုတ်ကြောင့်လည်းကောင်း(အကုဗျာ–ဗျာ)၊

ဖြစ်ပေါ်လာရပါတယ်။

**စိတ္တဇရုပ် ဖြစ်ကြောင်း။** ။စိတ္တဇရုပ်ဖြစ်ခြင်း၏ အကြောင်းဟာ (အထက်ပါ အချက်များကိုကြည့်ပြီး) ၆–ပါးရှိတယ်လို့ မှတ်ချက်ချနိုင်ပါတယ်၊ အကျဉ်းချုပ်ကတော့ နာမက္ခန္ဓာနှင့်မဟာဘုတ်ကြောင့် ဖြစ်ပါတယ်၊ ဒီလိုဆိုလျှင် စိတ္တဇရုပ်ဖြစ်ခြင်း၏ အကြောင်းဟာ ၂–ပါးပေါ့၊ သင်္ချာ ၅–ချက်ထွက်ပါတယ်။

အဲဒီတော့ အကျိုးပစ္စယုပ္ပန် စိတ္တဇရုပ်ကိုကြည့်သောအားဖြင့် အကြောင်း ပစ္စည်းတရားတွေကို သိလာရပါတယ်၊ နဂိုက ဘာမှမရှိတဲ့ ပစ္စည်းတရားဖက်မှာ နာမက္ခန္ဓာလေးပါးနဲ့မဟာဘုတ် ပေါ်ထွက်လာပါတယ်။

၃။ (၃) နံပါတ်မှာ ပဋိသန္ဓေကမ္မဇရုပ်ဖြစ်ပါတယ်၊ ဟေတုပစ္စည်း မဂ္ဂပစ္စည်း ဆိုလျှင် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဖြစ်ပါတယ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟာ ဝိပါက် ပဋိသန္ဓေနာမက္ခန္ဓာကြောင့် ဖြစ်ပေါ်လာရပါတယ်၊ သင်္ချာတစ်ချက်သာ ထွက် ပါတယ်။ (ဗျာ–ဗျာ)

၄။ (၄) နံပါတ်မှာ ဗာဟိရရုပ်စတဲ့ မဟာဘုတ်လေးပါးနဲ့ ဥပါဒါရုပ်များ ဖြစ်ပါတယ်၊ မဟာဘုတ်လေးပါးနဲ့ ဥပါဒါရုပ်များဟာ မဟာဘုတ်လေးပါးကြောင့် ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် နဂိုက ဘာမှမရှိတဲ့ ပစ္စည်းဖက်မှာ မဟာဘုတ် လေးပါး ပေါ်ထွက်လာပါတယ်၊ သင်္ချာတစ်ချက်သာ ထွက်ပါတယ်။ (ဗျာ–ဗျာ)

ပစ္စည်းတရားကို ချုပ်လိုက်မယ်ဆိုလျှင် နာမက္ခန္ဓာလေးပါးနဲ့ ရုပ် ၂၈–ပါးပဲ ရှိပါတယ်၊ ဒါကို အသီးသီးကျေးဇူးပြုတဲ့အနေနဲ့ ခွဲခြားနေခြင်းသာဖြစ်ပါတယ်၊ ပစ္စည်းတရားကို သေချာစွာကြည့်ပါ၊ ပစ္စည်းသာမကပါဘူး၊ ပစ္စယုပ္ပန်တရားမှာလဲ နာမက္ခန္ဓာလေးပါးနဲ့ ရုပ် ၂၈–ပါးပါပဲ၊ တစ်မျိုးချုပ်ပြောရလျှင် စိတ်, စေတသိက်, ရုပ်–လို့ဆိုတဲ့ ပရမတ္ထတရား ၃–ပါးပဲဖြစ်ပါတယ်။

**ဟဒယဝတ္ထုနဲ့ နာမက္ခန္ဓာ။** ။ထိုပြင် (၃) နံပါတ် ပဋိသန္ဓေကမ္မဇ ရုပ်မှာ ပါဝင်တဲ့ ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာကြောင့် ဖြစ်ပေါ်

http://www.dhammadownload.com



လာရပါတယ်၊ (၁) နံပါတ်မှာပါဝင်တဲ့ ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာသည်လည်း ဟာဒယဝတ္ထုကြောင့် ဖြစ်ပေါ်လာရပါတယ်၊ ပစ္စာဝါရသုဒ္ဓသင်္ချာမှာ "အချင်းချင်း အား x တပ်သော ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟာဒယဝတ္ထု"ဆိုတဲ့ အချက်ပါပဲ။

"အချင်းချင်းအားတပ်သော"ဆိုတာက–ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာက ပစ္စည်း, ဟာဒယဝတ္ထုက ပစ္စယုပ္ပန်၊ တစ်ခါ ဟာဒယဝတ္ထုက ပစ္စည်း, ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာက ပစ္စယုပ္ပန်၊ ဒီလို အပြန်အလှန် ကျေးဇူးပြုတာကို ဆိုလိုပါတယ်။ ပစ္စာဝါရတုန်းက "ခန္ဓာ ဝတ္ထုဿ၊ ဝတ္ထု ခန္ဓာနံ"လို့ ပါဠိတော်ဟောခဲ့ပါတယ်၊ ဒီပဋိစ္စဝါရမှာတော့ "ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ"လို့ ပါဠိတော်ဟောရပါလိမ့်မယ်။ [ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာဆိုတဲ့ နာမ်တရားနဲ့ ဟာဒယဝတ္ထုဆိုတဲ့ ရုပ်တရားဟာ ပဋ္ဌဝေါကာရပဋိသန္ဓေခဏမှာ အတူတူလာဖြစ်နေကြပါတယ်၊ ပဋိသန္ဓေအခါချင်း တူနေကြပါတယ်၊ ဒါ့ကြောင့် အပြန်အလှန် ကျေးဇူးပြုတဲ့ အနေနဲ့ သူတို့နှစ်ခုကိုပေါင်းပြီး သီးသန့်ဟောထားပါတယ်။]

အခုပြခဲ့တာဟာ အကျိုးပစ္စယုပ္ပန်ကိုကြည့်ပြီး အကြောင်းပစ္စည်းကို ဖော်ထုတ်ခြင်းဖြစ်ပါတယ်၊ နားလည်အောင် လေ့လာဖို့လိုပါတယ်၊ အခုပြခဲ့တာနားလည်လျှင် နောက်ပြမယ့် သုဒ္ဓသင်္ချာများအတွက် ခက်ခဲမှုမရှိနိုင်ပါဘူး၊ နံပါတ်အသီးသီးမှာ ပြခဲ့တဲ့ သုဒ္ဓသင်္ချာကို ပဒ, ပဒါဝသာနအလိုက် စဉ်လိုက်လျှင် အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ ကု–ကု၊ ကု–ဗျာ၊ ကု–ကုဗျာ။

၂။ အကု–အကု၊ အကု–ဗျာ၊ အကု–အကုဗျာ။

၃။ ဗျာ–ဗျာ။

၄။ ကုဗျာ–ဗျာ။

၅။ အကုဗျာ–ဗျာ။

အားလုံး သင်္ချာ ၉–ချက်ဖြစ်ပါတယ်၊ "ကုသလေန ကုသလံ"စသည်ဖြင့် ဟောရပါတယ်၊ ဒါဟာ "ပဋိစ္စ, သဟာရယ်တဲ့ နှစ်ဝါရာ"တို့ရဲ့ အခြေခံသဘောပါပဲ။

\+ + + + +

http://www.dhammadownload.com



## ၂။ ပစ္စယ၊ နိဿယဝါရ
## (နိဿယပစ္စည်း)
## သချာ–သတ္တရသ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥတု, အသညပဝတ္တိကမ္မဇရုပ်။<br>(မဟာဘုတ်၊ ဥပါဒါရုပ်) |

ဒီပစ္စယ, နိဿယနှစ်ဝါရမှာ ပဉှာဝါရနိဿယ(သဟနိ, ပုရေနိ)ပစ္စည်း တရားများကို ဟောတော်မူပါတယ်။

အထက်ပါ သရုပ်အနေအထားဟာ ပဋိစ္စဝါရမှာပြခဲ့တဲ့ သရုပ်အတိုင်းပါပဲ၊ ဘာမှမထူးပါဘူး၊ ဘာမှမရှိသေးတဲ့ ပစ္စည်းဖက်မှာသာ ထူးပါတယ်၊ ထူးပုံက– ပစ္စယုပ္ပန်ဖက် နာမက္ခန္ဓာလေးပါးထဲမှာ ဒွေးပဥ္စဝိညာဉ် ၁၀–ပါပါတယ်၊ အဲဒီ ဒွေးပဥ္စဝိညာဉ် ၁၀–ဟာ ပဥ္စဝတ္ထုက(နိဿယသတ္တိဖြင့်) ကျေးဇူးပြုလိုက်လို့ ဖြစ်လာရပါတယ်၊ အဲဒီတော့ ပစ္စည်းဖက်မှာ ပဥ္စဝတ္ထုတိုးလာပါတယ်၊ ဒါဟာ ထူးပုံပါပဲ၊ ပြီးတော့ နိဿယပစ္စည်းထိုက်တဲ့ တရားများကို ပြောပါဦးမယ်။

## နိဿယပစ္စည်း

၁။ နာမက္ခန္ဓာပစ္စည်း
၂။ မဟာဘုတ်ပစ္စည်း
၃။ ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်း
၄။ ဆဝတ္ထုပစ္စည်း

ဒါဟာ ပဉှာဝါရက သဟနိ, ပုရေနိသုဒ္ဓသချာလာ ပစ္စည်းများဖြစ်ပါတယ်။

နိဿယက သဟနိ, ပုရေနိ–လို့ နှစ်မျိုးရှိပါတယ်၊ သဟပုရေနှစ်မျိုးလုံးကို ရတဲ့(ဗျာ–ဗျာ)ပဒမှာ သဟပုရေမိဿက(သုဒ္ဓသချာ)ကိုလဲ ရပါတယ်၊ ပြီးတော့ "ပုရေသဟမိဿက, သဟပုရေသဟမိဿက"တို့ကိုလဲဟောထားပါသေးတယ်၊ ဒါ့ကြောင့် သချာ"သတ္တရသ"ဖြစ်လာရပါတယ်။

သချာသတ္တရသတို့တွင် ကုသလပဒ ၃–ချက်, အကုသလပဒ ၃–ချက်, ပေါင်း ၆–ချက်က သဟသက်သက်ဖြစ်တဲ့အတွက် ရှေ့ကပြခဲ့ပြီးတဲ့ ပဋိစ္စဝါရနဲ့

http://www.dhammadownload.com



တူပါတယ်၊ ပစ္စည်းတရားများ ထွက်လာပုံလဲ ပဋိစ္စဝါရက ပြခဲ့တဲ့အတိုင်းပါပဲ၊ မိဿကသင်္ချာတွေအတွက် ယူဆပုံကိုသာ နားလည်ဖို့လိုပါတော့တယ်၊ မိဿက သင်္ချာတွေကို နားလည်အောင် သင်္ချာ ၁၇–ချက်ကို အစဉ်အတိုင်း ထုတ်ပြပါမယ်။

၁–၃။ ကု–ကု၊ ကု–ဗျာ၊ ကု–ကုဗျာ

၄–၆။ အကု–အကု၊ အကု–ဗျာ၊ အကု–အကုဗျာ (ဤ ၆–ချက် သဟနိသာ)

| | |
|---|---|
| ၇။ ဗျာ–ဗျာ | (သဟပုရေမိဿက) |
| ၈။ ဗျာ–ကု | (ပုရေသာ) |
| ၉။ ဗျာ–အကု | (ပုရေသာ) |
| ၁၀။ ဗျာ–ကုဗျာ | (ပုရေ+သဟမိဿက) |
| ၁၁။ ဗျာ–အကုဗျာ | (ပုရေ+သဟမိဿက) |
| ၁၂။ ကုဗျာ–ကု | (သဟ+ပုရေမိဿက) |
| ၁၃။ ကုဗျာ–ဗျာ | (သဟ+သဟမိဿက) |
| ၁၄။ ကုဗျာ–ကုဗျာ | (သဟ+ပုရေ+သဟမိဿက) |
| ၁၅။ အကုဗျာ–အကု | (သဟ+ပုရေမိဿက) |
| ၁၆။ အကုဗျာ–ဗျာ | (သဟ+သဟမိဿက) |
| ၁၇။ အကုဗျာ–အကုဗျာ | (သဟ+ပုရေ+သဟမိဿက) |

**သင်္ချာယူပုံ။** ။ပဉ္စာဝါရသုဒ္ဓသင်္ချာလာအတိုင်း သဟဌ်ပါသည့် သင်္ချာကို သဟသာဟုလည်းကောင်း၊ ပုရေဌ်ပါသည့်သင်္ချာကို ပုရေသာဟု လည်းကောင်း မှတ်ပါ၊ သဟ , ပုရေနှစ်မျိုးလုံး၌ (တိုက်ရိုက်)မပါသောသင်္ချာများကို သဟနှင့်ပုရေကို ရောနှောထားသည့် မိဿကသင်္ချာများ(သဟပုရေမိဿက၊ သို့မဟုတ် ပုရေသဟမိဿက)ဟု မှတ်ပါ။

ပဉ္စာဝါရသုဒ္ဓသင်္ချာ၌ သဟနိသင်္ချာ ၉–ချက်၊ ပုရေနိသင်္ချာ ၃–ချက်၊ ထိုတွင် "ဗျာ–ဗျာ"သည် နှစ်မျိုးလုံး၌ပါ၏၊ ထို့ကြောင့် သင်္ချာ ၁၁–ချက်မှတစ်ပါး ကျန် ၆–ချက်သည် မိဿကသင်္ချာများဖြစ်၏။

အတန်ငယ် ရှင်းကြဦးစို့၊ အဗျာကတပဒမှာ ပဒါဝသာန ၅–ချက်ရှိတဲ့အနက် ပထမသုံးချက်ကို ပဉ္စာဝါရသုဒ္ဓသင်္ချာကို နှလုံးသွင်းရုံမျှဖြင့် သိနိုင်ပါတယ်။

၇။ "ဗျာ–ဗျာ"ဟာ သဟမှာလဲပါတယ်၊ ပုရေမှာလဲပါတယ်၊ ဒါ့ကြောင့် သဟပုရေမိဿကဖြစ်ပါတယ်၊ ပါဠိတော်ရွတ်တဲ့အခါ သဟနိကို ပဋိစ္စကအတိုင်း ရွတ်ပြီး ပုရေနိကို "စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ ။ ပ ။ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ"လို့ ရွတ်ရပါတယ်။

http://www.dhammadownload.com



၈–၉။ "ဗျာ–ကု"က ပုရေသာဖြစ်ပါတယ်၊ ဒါ့ကြောင့် "ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ"လို့ ရွတ်ပါ။ "ဗျာ–အကု"မှာ "ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ"လို့ ရွတ်ပါ။

၁၀–၁၁။ "ဗျာ–ကုဗျာ"မှာ ပုရေမှ "ဗျာ–ကု"နှင့် သဟမှ "ဗျာ–ဗျာ"(ဘုတ်ပစ္စည်းနှင့် စိတ္တဇရုပ်ပစ္စယုပ္ပန်)တို့ကို ရောနှောပေါင်းစပ်ထားပါတယ်၊ "ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ"လို့ရွတ်ပါ။ "ဗျာ–အကုဗျာ"လဲ နည်းတူပါပဲ၊ "ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ"လို့ရွတ်ပါ။

၁၂။ "ကုဗျာ–ကု"က ပဥ္စာဝါရ သဟပုရေမိဿကသုဒ္ဓသင်္ချာအတိုင်းပါပဲ၊ "ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ"လို့ရွတ်ပါ။

၁၃။ "ကုဗျာ–ဗျာ"က ပဥ္စာဝါရ သဟဇာတအတိုင်းပါပဲ၊ ဒါကိုပဲ "သဟ+သဟမိဿက"လို့ သုံးနှုန်းကြပါတယ်၊ "ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ"လို့ ရွတ်ပါ။

၁၄။ "ကုဗျာ–ကုဗျာ"က သဟပုရေမိဿက "ကုဗျာ–ကု"နှင့် သဟသဟမိဿက "ကုဗျာ–ဗျာ"တို့ကို ရောနှောပေါင်းစပ်ထားတာဖြစ်ပါတယ်၊ ဒါကိုပဲ "သဟပုရေသဟမိဿက"လို့ ခေါ်ပါတယ်၊ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ"လို့ ရွတ်ပါ။ [ကျန် အကုသလာဗျာကတပဒသုံးချက်လဲ ထို့အတူပါပဲ။]

အဲဒီတော့ ပစ္စယဝါရ, နိဿယဝါရများမှာ ကုသလပဒ ၃–ချက်၊ အကုသလပဒ ၃–ချက်၊ အဗျာကတပဒ ၅–ချက်၊ ကုသလာဗျာကတပဒ ၃–ချက်၊ အကုသလာဗျာကတပဒ ၃–ချက်၊ ပေါင်း ၁၇–ချက်ဖြစ်ပါတယ်။

**အမှာ။** ။နောက်မှာ သုဒ္ဓသင်္ချာအုပ်စုအလိုက် သရုပ်ခွဲပြပါလိမ့်မယ်၊ နာမက္ခန္ဓာထဲမှာ ဒွေးပဥ္စဝိညာဉ်တစ်ဆယ်ပါက ပစ္စည်းဖက်မှာ ပဥ္စဝတ္ထုကိုလဲ ရပါတယ်၊ မပါလျှင်တော့ ဟဒယဝတ္ထုသာရပါတယ်၊ နှစ်ခုလုံးအတွက်ဆိုလျှင် ဆဝတ္ထုပေါ့။ [ပဥ္စာဝါရ ဝတ္ထုမျိုးသုဒ္ဓသင်္ချာမှာ ဆဝတ္ထုပစ္စည်းဖြစ်သည်ကို သတိပြုပါ။]

ဒါဟာ ပစ္စယ, နိဿယနှစ်ဝါရတို့ရဲ့ အခြေခံသဘောပါပဲ၊ ဒီအခြေခံသဘောကို ညက်ညက်ကြေအောင် နားလည်နေရမယ်၊ အခြေခံသဘောကိုနားလည်ပါမှ

http://www.dhammadownload.com



အဆင့်မြင့်ကို သဘောပေါက်ပါလိမ့်မယ်၊ အခြေခံသဘောနားမလည်လျှင် အဆင့်မြင့်မှာ ဝေ့လည်လည်ဖြစ်တတ်ပါတယ်။

v v v v v

## ၃။ သံသဋ္ဌ၊ သမ္ပယုတ္တဝါရ
## (သမ္ပယုတ္တပစ္စည်း)
## သင်္ချာ–တီကဓိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ |

ဒီသံသဋ္ဌ, သမ္ပယုတ္တနှစ်ဝါရမှာ ပဉ္စာဝါရ သမ္ပယုတ္တပစ္စည်းတရားများကို ဟောတော်မူပါတယ်။ သင်္ချာတီကဓိက အထူးအဆန်းမဟုတ်ပါဘူး၊ ကုသိုလ်နာမက္ခန္ဓာချင်း, အကုသိုလ်နာမက္ခန္ဓာချင်း, ဝိပါက်ကြိယာအဗျာကတ နာမက္ခန္ဓာချင်း ကျေးဇူးပြုတဲ့ ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ–သုံးချက်တို့ပင် ဖြစ်ပါတယ်။

အဲဒီတော့ ဆဝါရလို့ခေါ်တဲ့ ၆–ဝါရ(၃–တွဲ)ကို အသီးသီး သရုပ်ခွဲပြပြီးပါပြီ၊ သုဒ္ဓသင်္ချာမှာ တိုက်ရိုက်မပါတဲ့ အကြောင်းပစ္စည်းတရားများကို အနုမာနသိဒ္ဓနည်းနဲ့ ဖော်ထုတ်ယူပုံကိုလဲပြောပြီးပါပြီ၊ ဒါဟာ ဆဝါရကို နားလည်ဖို့ အခြေခံပါပဲ။

အခု သုဒ္ဓသင်္ချာအလိုက် သရုပ်ကိုထုတ်ပြပါမယ်၊ ထုတ်ပြတဲ့ ပစ္စယုပ္ပန်သရုပ်ကို ကြည့်ပြီး ပစ္စည်းတရားကို ဖော်ထုတ်နိုင်ရပါမယ်၊ သင်္ချာထုတ်နိုင်ရပါမယ်၊ ပါဠိတော် ဟောနိုင်ရပါမယ်၊ အရကောက်နိုင်ရပါမယ်၊ အရကောက်စာအုပ်ကို နိဿယအနေထားပြီး သရုပ်ကိုကြည့်ကာ ဟောနိုင်ရပါမယ်၊ အဲဒီလို ဟောနိုင်သည်အထိ လေ့လာရပါမယ်၊ သဘောသက်ဝင်ဖို့ အင်မတန်အရေးကြီးပါတယ်၊ သဘောသက်ဝင်ထားတဲ့ ဘာသာရပ်တစ်ခုဟာ မေ့ခဲ ပျောက်ခဲပါတယ်၊ သဘောနဲ့ လေ့လာရမယ့်အပိုင်းကို အာဂုံကျက်လို့, သင်္ကေတမှတ်လို့ မရပါဘူး၊ ရလဲ ခဏပါပဲ၊ တော်ကြာ မေ့ပျောက်သွားပါတယ်၊ အခုရှင်းပြနေတာဟာ သဘောသဘာဝကို ရှင်းပြနေခြင်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သဘောသက်ဝင်အောင် လေ့လာဖို့ လိုပါတယ်၊ ကိုင်း–လေ့လာကြစို့။

http://www.dhammadownload.com



## ပါဠိတော်ဟောပုံ အစုံ

| ပစ္စည်း | | ပစ္စယုပ္ပန် |
|---|---|---|
| **၁-၆။ ကုသလပဒ-၃၊ အကုသလပဒ-၃** | | |
| ကုသလံ | ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| ကုသလေ ခန္ဓေ | | စိတ္တသမုဋ္ဌာနံ ရူပံ။ |
| ကုသလံ | ၁ x ၃ x ၂ | ၃ x ၁ x ၂ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ |
| **၇။ အဗျာကတေန အဗျာကတံ** | | |
| ပဝတ္တိ ဝိ, ကိရိယာဗျာကတံ | ၁ x ၃ x ၂ | ၃ x ၁ x ၂ စိတ္တသမုဋ္ဌာနဉ္စရူပံ။ |
| ပဋိ ဝိပါကာဗျာကတံ | ၁ x ၃ x ၂ | ၃ x ၁ x ၂ ကဋတ္တာစ ရူပံ။ |
| ခန္ဓေ x ဝတ္ထုံ | | ဝတ္ထု x ခန္ဓာ။ |
| ရုပ် | ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| | မဟာဘူတေ | စိတ္တ, ကဋတ္တာ, ဥပါဒါရူပံ |
| ဗာဟိရံ၊ အာဟာ၊ ဥတု- | ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| | မဟာဘူတေ | ဥပါဒါရူပံ |
| အသညသတ္တာနံ | ၁ x ၃ x ၂ | ၃ x ၁ x ၂ |
| | မဟာဘူတေ | ကဋတ္တာရူပံ, ဥပါဒါရူပံ |
| **၈-၉။ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာ** | | |
| ကုသလေ ခန္ဓေ စ, မဟာဘူတေ စ | | စိတ္တသမုဋ္ဌာနံ ရူပံ |
| အကုသလေ- ။ | | ။ |

ဒါဟာ ပဋိစ္စဝါရမှာ တရားအကုန်ရတဲ့ သဟဇာတပစ္စည်း ပါဠိတော်အပြည့်အစုံ ဖြစ်ပါတယ်၊ ဟေတုစတဲ့ကျန်ပစ္စည်းများရဲ့ပါဠိတော်ကိုလဲ သူ့ရဲ့ဆိုင်ရာသုဒ္ဓသင်္ချာကို ကြည့်ပြီး သုဒ္ဓသင်္ချာရသလောက် ဟောရပါမယ်၊ သုဒ္ဓသင်္ချာပစ္စယုပ္ပန်ကိုကြည့်ပြီး ပစ္စည်းတရားကို ဖော်ထုတ်ဟောရပါမယ်၊ ကိုင်း-ဒါဖြင့် ဟေတုကိုဟောကြစို့။

http://www.dhammadownload.com



### ဟေတု၊ မဂ္ဂ
### သရျာ-န၀၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| | ၁။ သဟိတ်-၇၁၊ မောဠ်မောကြဥ် သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ |
| X | ၂။ သဟိတ်စိတ္တဇရုပ်။ |
| | ၃။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |
| | ၄။ (မရှိ) |

### ပါဠိတော်ဟောပုံ

ကုသိုလ်နာမက္ခန္ဓာကြောင့် (၁) နံပါတ် ပစ္စယုပ္ပန်ကုသိုလ်နာမက္ခန္ဓာ ဖြစ်လာရပါတယ် (ကု-ကု)၊ (၂)နံပါတ် စိတ္တဇရုပ်ဖြစ်လာရပါတယ်(ကု-ဗျာ)၊ ကုသိုလ်နာမက္ခန္ဓာနဲ့ စိတ္တဇရုပ်တို့ တွဲဖြစ်လာရပါတယ်(ကု-ကုဗျာ)၊ ဒါ့ကြောင့် အခြေခံတုန်းကပြောခဲ့တဲ့အတိုင်း ကုသလပဒ ၃-ချက်ကိုဟောပါ၊ အကုသလပဒသုံးချက်လဲနည်းတူပါပဲ။

"ဗျာ-ဗျာ"ပဝတ္တိနှင့်ပဋိသန္ဓေမှာလဲ မထူးပါဘူး၊ (၃) နံပါတ် ပဋိသန္ဓေကမ္မဇရုပ်ကိုကြည့်လို့ "ခန္ဓေ ပဋိစ္စ ဝတ္ထု"ရပါတယ်၊ (၁) နံပါတ်ထဲက ဝိပါက်နာမက္ခန္ဓာကိုကြည့်လို့ "ဝတ္ထုံ ပဋိစ္စ ခန္ဓာ"လဲ ရပါတယ်။

ရုပ်သက်သက်မှာ (၂၊ ၃) နံပါတ် စိတ္တဇမဟာဘုတ်, ပဋိသန္ဓေကမ္မဇမဟာဘုတ်, စိတ္တဇဥပါဒါရုပ်, ပဋိသန္ဓေကမ္မဇဥပါဒါရုပ်များဟာ မဟာဘုတ်ကြောင့်ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် ဘုတ်ချင်းချင်း "ဧကံ မဟာဘူတံ"စသည်ဖြင့် ဟောရပါမယ်၊ ပြီးတော့မှ မဟာဘုတ်က မဟာဘုတ်နှင့်ဥပါဒါရုပ်ကိုပေါင်းပြီး "မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ"လို့ ဟောရပါမယ်၊ ဗာဟိရရုပ်စသည်မပါလို့ ဟောဖို့မလိုတော့ပါဘူး။

"ကုဗျာ-ဗျာ"ကတော့ ကုသိုလ်နာမက္ခန္ဓာနဲ့ မဟာဘုတ်ကပေါင်းပြီး ကျေးဇူးပြုအပ်တဲ့ (၂) နံပါတ် စိတ္တဇရုပ်ဖြစ်ပါတယ်၊ စိတ္တဇရုပ်ဖြစ်ခြင်းအကြောင်းတုန်းကရှင်းခဲ့ပါပြီ၊ "အကုဗျာ-ဗျာ"လဲနည်းတူပါပဲ။

**ကတ္တားပါဠ်**။ ။ပစ္စည်းတရားကို စွဲ၍ဖြစ်သော ပစ္စယုပ္ပန်တရားရ၏။ [ပဓာနလိုရင်းမှာ ပစ္စယုပ္ပန်တရား ရ၏။]

http://www.dhammadownload.com



**ဟိတ်ပါဋ္ဌိ။** ။ပစ္စယုပ္ပန်တရားအားတပ်သော ပစ္စည်းတရား၏ သတ္တိရ၏။ [ပစ္စယုပ္ပန်တရားကို (ဆိုင်ရာပစ္စယသတ္တိဖြင့်) ကျေးဇူးပြုနိုင်သမျှသော ပစ္စည်းတရားများကို ဖော်ထုတ်ကောက်ပါ။]

**ကုသလေန ကုသလံ။** ။ဤဌ် ပစ္စယုပ္ပန်တရားသည် ကုသိုလ်နာမက္ခန္ဓာဖြစ်၏၊ ထို ကုသိုလ်နာမက္ခန္ဓာသည် ကုသိုလ်နာမက္ခန္ဓာ(ပစ္စည်းတရား) ကြောင့် ဖြစ်ရ၏၊ ထို့ကြောင့်–"ကတ္တားပါဋ္ဌ်၏အရကား– ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုကောက်ရ၏။

ဟိတ်ပါဋ္ဌ်၏အရကား–သမ္ပယုတ္တက္ခန္ဓာအား x တပ်သော ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

**ကုသလေန အဗျာကတံ။** ။ ဤဌ် ပစ္စယုပ္ပန်တရားသည် သဟိတ်စိတ္တဇရုပ်ဖြစ်၏၊ ထိုသဟိတ်စိတ္တဇရုပ်သည် ကုသိုလ်နာမက္ခန္ဓာ(ပစ္စည်းတရား) ကြောင့်ဖြစ်ရ၏၊ ထို့ကြောင့်– "ကတ္တားပါဋ္ဌ်၏အရကား–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ပြုအပ်သောစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

ဟိတ်ပါဋ္ဌ်၏အရကား–စိတ္တဇရုပ်အား x တပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

**ကုသလေန ကုသလာဗျာကတံ။** ။ဤဌ် ပစ္စယုပ္ပန်တရားသည် ကုသိုလ်နာမက္ခန္ဓာနှင့် စိတ္တဇရုပ်ဖြစ်၏၊ ၎င်းတို့သည် ကုသိုလ်နာမက္ခန္ဓာ (ပစ္စည်းတရား) ကြောင့်ဖြစ်ကြရ၏၊ထို့ကြောင့်–"ကတ္တားပါဋ္ဌ်၏အရကား–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်စိတ်ကေဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

http://www.dhammadownload.com



ဟိတ်ပါဠိ၏အရကား–သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အား x တပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ , စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏ တစ်ခုတစ်ခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ , အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ , အလောဘ အဒေါသ အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

[အကုသလပဒ ၃–ချက်၌လည်း ဤနည်းတူပင်၊ ကုသိုလ်အရာ၌ အကုသိုလ်–ဟုဆိုရ၏၊ လောဘမူဖြစ်အံ့ , လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ , ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ , မောဟ၊ ဤဟိတ်တစ်ပါးနှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏–ဟု ဆိုရိုးပြုရ၏။]

**အဗျာကတေန အဗျာကတံ။** ။ပဝတ္တိအခါ၌ ပစ္စယုပ္ပန်တရားသည် သဟိတ်ဝိပါက်ကြိယာနာမက္ခန္ဓာနှင့် စိတ္တဇရုပ်ဖြစ်၏၊ ၄င်းတို့သည် သဟိတ် ဝိပါက်ကြိယာနာမက္ခန္ဓာ (ပစ္စည်းတရား) ကြောင့် ဖြစ်ကြရ၏၊ ထို့ကြောင့်–"ကတ္တားပါဠိ၏အရကား–သဟိတ်ဝိပါက်ကေဝီသ , သဟိတ်ကြိယာသတ္တရသ , စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော သဟိတ်ဝိပါက်ကေဝီသ , သဟိတ်ကြိယာသတ္တရသ , စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထို နာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

ဟိတ်ပါဠိ၏အရကား– သမ္ပယုတ္တက္ခန္ဓာအားလည်းကောင်း , သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အားလည်းကောင်း တပ်သော သဟိတ်ဝိပါက်ကေဝီသ , သဟိတ် ကြိယာသတ္တရသ , စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ရှိသော ဒွိဟိတ် ဖြစ်အံ့ , အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ , အလောဘ အဒေါသ အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

**ပဋိသန္ဓေအခါ။** ။ပဋိသန္ဓေအခါ၌ ပစ္စယုပ္ပန်တရားတို့သည် သဟိတ် ပဋိသန္ဓေစိတ် ၁၇–ခုနှင့် ပဋိသန္ဓေကမ္မဇရုပ် (ကဋတ္တာရုပ်) တို့ဖြစ်၏၊ ၄င်းတို့သည် သဟိတ်ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထု (ပစ္စည်းတရား) ကြောင့်ဖြစ်ကြရ၏၊ ထို့ကြောင့်– "ကတ္တားပါဠိ၏အရကား–သဟိတ်ပဋိသန္ဓေသတ္တရသ , စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာ , ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော သဟိတ်ပဋိသန္ဓေသတ္တရသ , စေတသိက်ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ , ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

ဟိတ်ပါဠိ၏အရကား– သမ္ပယုတ္တက္ခန္ဓာအားလည်းကောင်း (စတုဝေါကာရကို ရည်သည်၊) သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားလည်းကောင်း (ပဉ္စဝေါကာရကို

http://www.dhammadownload.com



ရည်သည်) x တပ်သော သဟိတ်ပဋိသန္ဓေသတ္တရသ, စေတသိက်ပဉ္စတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

**ရုပ်သက်သက်။** ။ရုပ်သက်သက်၌ ပစ္စယုပ္ပန်တရားသည် (သဟိတ်စိတ္တဇ, သဟိတ်ပဋိသန္ဓေကမ္မဇ)မဟာဘုတ်နှင့် (သဟိတ်စိတ္တဇ, သဟိတ်ပဋိသန္ဓေကမ္မဇ) ဥပါဒါရုပ်များဖြစ်၏၊ ၎င်းတို့သည် စိတ္တဇ, ပဋိသန္ဓေကမ္မဇ မဟာဘုတ် (ပစ္စည်းတရား)ကြောင့် ဖြစ်ကြရ၏၊ ထို့ကြောင့်– "ကတ္တားပါဠ်၏အရကား– (ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော)သဟိတ်စိတ္တဇမဟာဘုတ်၊ (သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူဥပါဒ်သော) သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော သဟိတ်စိတ္တဇဥပါဒါရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

ဟိတ်ပါဠ်၏အရကား– သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏ တစ်ခုတစ်ခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ အမောဟ၊ လောဘမူဖြစ်အံ့, လောဘ မောဟ၊ ဒေါသမူဖြစ်အံ့, ဒေါသ မောဟ၊ မောဟမူဖြစ်အံ့, မောဟ၊ ဤဟိတ်တစ်ပါး နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

**ကုသလာဗျာကတေန အဗျာကတံ။** ။ဤ၌ ပစ္စယုပ္ပန်တရားသည် စိတ္တဇရုပ်ဖြစ်၏၊ ယင်းစိတ္တဇရုပ်သည် ကုသိုလ်နာမက္ခန္ဓာနှင့် မဟာဘုတ် (ပစ္စည်းတရား) တို့ကြောင့်ဖြစ်ရ၏၊ ထို့ကြောင့်–" ကတ္တားပါဠ်၏အရကား–ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်းမဟာဘုတ်ကို စွဲ၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏"ဟု ဆိုရိုးပြုရ၏။

ဟိတ်ပါဠ်၏အရကား– စိတ္တဇရုပ်အား x တပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့, အလောဘ အဒေါသ

http://www.dhammadownload.com



အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။ [အကုသလာဗျာကတေန အဗျာကတံ–၌လည်း ဤနည်းတူပင်တည်း။]

**အမှာ။** ။နောက်၌ဆက်လက်ပြမည့် အာရမ္မဏစသောပစ္စည်းတို့၏ သရုပ်တို့၌လည်း ဤဟေတုကိုပင်နည်းမှီ၍ ဆိုင်ရာပစ္စယသတ္တိအလိုက် ကုသိုလ်ပါဠိ၌, ဟိတ်ပါဠိ၌အရများကို ကောက်ယူရမည်။

\+ + + + +

## အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ သဘျာ–တိကဲ၊ သတ္တ၊ တိကဲ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ၂–၃–၄။ (မရှိ။) |

### ပါဠိတော်ဟောပုံ

ဒီအာရမ္မဏမှာ နာမက္ခန္ဓာသာရလို့ ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ၊ သဘျာ ၃–ချက်သာထွက်ပါတယ်၊ ဟေတုတုန်းကလို "ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ၊ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ"စသည်ဖြင့် ပါဠိတော်ဟောရပါမယ်၊ ပဋိသန္ဓေအခါမှာ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုနဲ့ပတ်သက်လို့ ပြောစရာရှိပါတယ်၊ ပစ္စယုပ္ပန်မှာ နာမက္ခန္ဓာသာရှိတဲ့အတွက် (အဲဒီနာမက္ခန္ဓာထဲမှာ ဝိပါက်နာမက္ခန္ဓာပါလို့) "ဝတ္ထုံ ပဋိစ္စ ခန္ဓာ"တစ်ချက် ရပါသေးတယ်၊ ပဋိသန္ဓေကမ္မဇရုပ် (ဟဒယဝတ္ထု) မပါလို့ "ခန္ဓေ ပဋိစ္စ ဝတ္ထု"မရပါဘူး၊ ဒါမျိုးနားလည်အောင် သုဒ္ဓသဘျာကို ကိုင်တွယ်တတ်ရမယ်။

**ကု–ကု။** ။ကုသိုလ်ပါဠိ၌အရ ကုသိုလ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ် နာမက္ခန္ဓာကိုပဲ ကောက်ရမယ်ဆိုတာ သဘောပေါက်လောက်ပါတယ်၊ ဒါ့ကြောင့် ဟိတ်ပါဠိ၌အရကောက်ကိုသာ ပြောပါမယ်။

ဒီအာရမ္မဏမှာ အာရုံနှင့်အာရမ္မဏိကကို သတိပြုရပါလိမ့်မယ်၊ အာရုံ ပစ္စည်း, အာရမ္မဏိက ပစ္စယုပ္ပန်၊ သရုပ်မှာတိုက်ရိုက်ပါတဲ့ (အာရမ္မဏိက) ပစ္စယုပ္ပန်တရားက

http://www.dhammadownload.com



ကုသိုလ်နာမက္ခန္ဓာဖြစ်ပါတယ်၊ အဲဒီကုသိုလ်ကအာရုံပြုတဲ့ အာရုံပစ္စည်းများကို ဖော်ထုတ်ကောက်ရပါမယ်၊ ကုသိုလ်က အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုပါတယ်၊ ဒါ့ကြောင့် "ဟိတ်ပါင်္ဂ၏အရကား–ကုသိုလ်စိတ်ဧကဝီသ အား x တပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇–ခု, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်၊ ဤအာရုံခြောက်ပါး ပစ္စည်းတရား တို့၏ အာရမ္မဏသတ္တိ ရ၏"လို့ ဆိုရိုးပြုကောက်ရပါတယ်။

[ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိစေဝ ပဋ္ဌမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။ (သင်္ဂဟ)]

**အကု–အကု။** ။အကုသိုလ်က လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုပါတယ်၊ ဒါ့ကြောင့် "ဟိတ်ပါင်္ဂ၏အရကား– အကုသိုလ်စိတ်ဒွါဒသအား x တပ်သော လောကီစိတ်ကောသီတိ, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, ပညတ်–ဟုဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏"လို့ ဆိုရိုးပြုပါ။ [အကုသလာနိစေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိစေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။ (သင်္ဂဟ)]

**ဗျာ–ဗျာ။** ။ပစ္စယုပ္ပန်တရားက ဝိပါက်ကြိယာနာမက္ခန္ဓာ ဖြစ်ပါတယ်၊ အဲဒီ ဝိပါက်ကြိယာက အလုံးစုံကို အာရုံပြုပါတယ်၊ ဒါ့ကြောင့် (ပဝတ္တိအခါ) "ဟိတ်ပါင်္ဂ၏အရကား–ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသအား x တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်–ဟုဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏"လို့ ဆိုရိုးပြုပါ။ [ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိစေ ကြိယာဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။(သင်္ဂဟ)]

(ပဋိသန္ဓေအခါ) ပစ္စယုပ္ပန်နာမက္ခန္ဓာထဲမှာ ပဋိသန္ဓေစိတ်အားလုံး ပါပါတယ်၊ အဲဒီ ပဋိသန္ဓေစိတ်က ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုပါတယ်၊ ဒါ့ကြောင့် "ဟိတ်ပါင်္ဂ၏အရကား–ပဋိသန္ဓေစိတ် ဧကူနဝီသအား x တပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏"လို့ ဆိုရိုးပြုပါ။ [ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ ။ ပ ။ ကမ္မ ကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။ (သင်္ဂဟ)]

**ပစ္စယ၊ နိဿယဝါရ။** ။ပဉှာဝါရလာ နိဿယပစ္စည်းကို ဟောတဲ့ အလယ်နှစ်ဝါရအတွက် ပြောချင်ပါသေးတယ်၊ သုဒ္ဓသင်္ချာသရုပ်ခွဲ နာမက္ခန္ဓာ ထဲမှာ ဒွေးပဉ္စဝိညာဉ် ၁၀–ပါးပါပါတယ်၊ ယင်းတို့တွင် စက္ခုဝိညာဉ်က စက္ခု

http://www.dhammadownload.com



ဝတ္ထုကိုမှီပြီး ဖြစ်ရပါတယ်၊ သောတဝိညာဉ်စသည်က သောတဝတ္ထုစသည်ကို မှီပြီး ဖြစ်ရပါတယ်၊ အချုပ်ကတော့ ပဉ္စဝိညာဉ်က ပဉ္စဝတ္ထုကိုမှီပြီး ဖြစ်ရတယ် ပေါ့။

ဒါကြောင့် (ဗျာ-ဗျာမှာ) ပဝတ္တိ, ပဋိသန္ဓေ, ဝတ္ထုကံ-လို့ သုံးမျိုးရှိပါတယ်၊ ဝတ္ထုကံနေရာမှာ "စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊ ဃာနာယတနံ ပစ္စယာ ဃာနဝိညာဏံ၊ ဇိဝှါယတနံ ပစ္စယာ ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ"လို့ ပါဠိတော်ဟောရပါတယ်။ [ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ပါတဲ့ နောက်နောက်သရုပ်များမှာလဲ ဒီသဘောချည်းပါပဲ။]

## အဓိပတိ

## သရုပ်-နဝ၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ။<br>၂။ သာဓိပတိ စိတ္တဇရုပ်။<br>၃-၄။ (မရှိ) |

## ပါဠိတော်ဟောပုံ

အဓိပတိပါဠိတော်မှာ ကုသလပဒ, အကုသလပဒတို့မှာ မထူးပါဘူး၊ အဗျာကတပဒမှာ ပဋိသန္ဓေမပါတာ ထူးပါတယ်၊ (၁) နံပါတ်နာမက္ခန္ဓာထဲမှာ ဝိပါက်စိတ်မပါပါဘူး။ (၃) နံပါတ်ပဋိသန္ဓေကမ္မဇရုပ်လဲ မပါဘူး၊ ရုပ်သက်သက်မှာ စိတ္တဇမဟာဘုတ် ဥပါဒါရုပ်သာရှိပါတယ်၊ ဒါ့ကြောင့် ဇော် မဟာဘူတံ-စသည် ဟောပြီး "မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ"လို့ဟောပါ၊ ကျန် နှစ်ပဒ မထူးပါဘူး၊ ရှေ့ကအတိုင်းပါပဲ။

## အရကောက်ပုံ

အရ ကောက်တဲ့အခါမှာ အဓိပတိက အာဓိ, သဟာဓိ နှစ်မျိုးရှိတာကို သတိပြုရပါမယ်၊ ဒီပဋိစ္စဝါရမှာ ပဥာဝါရက သဟဇာတပစ္စည်းကို ဟောလေတော့

http://www.dhammadownload.com



သဟာဓိကို အထူးစဉ်းစားစရာ မလိုပါဘူး၊ သင်္ချာအချက်တိုင်း ရပါတယ်၊ အာဓိကိုသာ စဉ်းစားရပါမယ်၊ ပစ္စယုပ္ပန်တရားကိုကြည့်ပြီး အာဓိရ, မရ နားလည်ရပါမယ်၊ "ကု–ကု"မှာ ပစ္စယုပ္ပန်က ကုသိုလ်နာမက္ခန္ဓာဖြစ်လို့ အာဓိရပါတယ်၊ "ကု–ဗျာ"မှာ ပစ္စယုပ္ပန်က စိတ္တဇရုပ်ဖြစ်လို့ အာဓိမရပါဘူး၊ ကု–ဗျာမှာ အာဓိမရမှတော့ "ကု–ကုဗျာ"မှာလဲ မရဘူးပေါ့၊ အကုသလပဒ ၃–ချက်လဲ နည်းတူပါပဲ။

"ဗျာ–ဗျာ"ပဝတ္တိမှာ အာဓိရပါတယ်၊ ရုပ်သက်သက်မှာတော့ အာဓိမရပါဘူး၊ ကျန်နှစ်ပဒမှာလဲ အာဓိမရပါဘူး။ အရကောက်ဆရာကြီးက "ဤဆဝါရ၌ သဟဇာတာဓိပတိကိုသာလိုသည်၊ အာရမ္မဏာဓိပတိမလို–ဟု ဆရာတို့ဆိုကြကုန်၏၊ ဆိုကြောင်းကို ဆင်ခြင်အပ်၏။"ဒီလို မှာထားပါတယ်၊ ဆိုကြောင်းကို ဆင်ခြင်တဲ့အခါမှာ ဘာတွေ့ရသလဲဆိုတော့ "ပဥှာဝါရမှ သဟဇာတပစ္စည်းကိုသာ ဤပဋိစ္စဝါရ၌ ဟောသောကြောင့်"လို့ တွေ့ရပါတယ်၊ ထပ်ဆင်ခြင်အုံးပေါ့။

ဟိတ်ပါဠိအရ ကောက်တဲ့အခါမှာ အရကောက်ဆရာကြီးက အာဓိကိုလဲ ကောက်ပြထားလေတော့ ပဥှာဝါရ အာဓိသုဒ္ဓသင်္ချာလာ အာရုံ အာရမ္မဏာဓိက တရားများကို သတိထားကောက်ရပါမယ်၊ "လောဘမူသည်၊ ဒေါသမူ မောဟ" အစချီတဲ့လင်္ကာကို သတိပြုရမယ်၊ အဲဒီလင်္ကာကို အချုပ်သရုပ်ခွဲပြခဲ့တဲ့ ၄–ချက်ကိုလဲ သတိပြုရမယ်၊ သဟာဓိဟိတ်ပါဠိကိုတော့ ပဥှာဝါရကတ္တားပါဠိကိုနည်းမှီပြီး ကောက်ရုံပါပဲ။

## အနန္တရ

အနန္တရပါဠိတော်က အာရမ္မဏနဲ့အတူတူပါပဲ၊ "ကု–ကု"ဟိတ်ပါဠိအရကောက်မှာ "နောက်နောက်သော ကုသိုလ်ဇေတီသအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသပစ္စည်း တရားတို့၏ အနန္တရသတ္တိရ၏။"လို့ အရကောက်ဆရာကြီး ဆိုရိုးပြုထားပါတယ်။ ဒါက ဒီလိုပါ၊ ကုသိုလ်ဇောကျတဲ့ဝီထိမှာ ကုသိုလ်ပထမဇော ပစ္စယုပ္ပန်အား ကျေးဇူးပြုတာက ဝုဋ္ဌောဖြစ်ပါတယ်၊ ဒါက ဆိုရိုးတစ်ချက်၊ နောက်တစ်ခါ ဒုတိယကုသိုလ်ဇောစတဲ့ ပစ္စယုပ္ပန်အား ကျေးဇူးပြုတာက ပထမကုသိုလ်ဇောစသည် ဖြစ်ပါတယ်၊ ဒါက ဆိုရိုးတစ်ချက်၊ ပေါင်း နှစ်ချက်ပေါ့၊ အဲဒီ နှစ်ချက်ကိုပေါင်းပြီး အရကောက်ဆရာကြီးက ဆိုရိုးတစ်ချက်တည်း ပြုထားတာဖြစ်ပါတယ်။

"အကု–အကု"ဟိတ်ပါဠိအရကောက်မှာ "အကုသိုလ်ဒွါဒသပထမဇောအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊ ပထမဇောကြဉ်သော နောက်နောက်သော

http://www.dhammadownload.com



အကုသိုလ်ဒွါဒသအားတပ်သော အဆုံးဓောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။"လို့ ဆိုရိုးပြုထားပါတယ်။ သဘောတရားက ကု-ကုတုန်းက ရှင်းခဲ့တဲ့အတိုင်းပါပဲ၊ ဒီမှာ နှစ်ချက်ခွဲပြီး ဆိုရိုးပြုထားပါတယ်။

"ဗျာ-ဗျာ"ဟိတ်ပါဠ်အရကောက်နဲ့ပတ်သက်လို့ ဝီထိသဘောကိုပြောပါဦးမယ်၊ ကုသိုလ်ဇော အကုသိုလ်ဇောကျတဲ့ဝီထိများမှာ ကျန်ဝီထိစိတ်တွေက ဝိပါက်(ကြိယာ) အဗျာကတတွေဖြစ်ပါတယ်၊ ကြိယာဇောကျတဲ့ဝီထိမှာတော့ တစ်ဝီထိလုံး အဗျာကတစိတ်တွေချည်းပါပဲ၊ အဲဒီတော့ ဒီမှာ ပဓာနထားဟောတဲ့ အဗျာကတပစ္စယုပ္ပန်တရားကို ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-ပါးလုံးက အနန္တရသတ္တိနဲ့ ကျေးဇူးပြုနိုင်ပါတယ်၊ အဲဒါကြောင့် အရကောက်ဆရာကြီးက "ဟိတ်ပါဠ်၏အရကား နောက်နောက်သော ဝိပါက်, ကြိယာနာမက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ, ကုသိုလ်ကေဝီသအဆုံးဇော၊ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိပါက်, ကြိယာနာမက္ခန္ဓာပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။" လို့ ဆိုရိုးပြုထားပါတယ်။ ကု, အကုသတ္တမဇောတို့က တဒါရုံအားကျေးဇူးပြုတယ် မဟုတ်ပါလား။

## သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ
## သမ္ပယုတ္တ–နဝ၊ သတ္တရသ၊ တိဏ်

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသည, ပဝတ္တိကမ္မဇရုပ်။<br>(မဟာဘုတ်၊ ဥပါဒါရုပ်) |

### သဟဇာတ

အခြေခံရှင်းလင်းချက်နဲ့ ဟေတုဟောပုံကို သဘောပေါက်ခဲ့လျှင် ဒီ သဟဇာတမှာ ပါဠိတော်ဟောပုံရော အရကောက်ပုံပါ နားလည်နိုင်ပါတယ်၊ အခြေခံသရုပ်ခွဲတုန်းက တရားအကုန်ရတဲ့ ဒီသဟဇာတကိုပဲ မူတည်ပြီးရှင်းခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီမှာအထူးရှင်းပြဖို့ မလိုတော့ပါဘူး၊ ဒါပေမယ့် ပစ္စယုပ္ပန်က အဗျာကတစိတ္တဇရုပ်ဖြစ်လို့ ဆိုရိုးပြုပုံကိုတော့ ပြောပြချင်ပါသေးတယ်။

http://www.dhammadownload.com



**ကုသလေန အဗျာကတံ။** ။စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စေတနာ, စေတသိက်အဌ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားလည်းကောင်း , ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

ဒီအရကောက်သဘောက ဒီလိုပါ၊ အဗျာကတပစ္စယုပ္ပန်စိတ္တဇရုပ် (ဘုတ်နဲ့ ဥပါဒါရုပ်) ကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုနိုင်တဲ့ပစ္စည်းတရားတွေကို ဖော်ထုတ်ပြီး ကောက်ခြင်းဖြစ်ပါတယ်၊ အခြေခံတုန်းကပြောခဲ့တဲ့အတိုင်း စိတ္တဇရုပ်ကို ကုသိုလ်နာမက္ခန္ဓာကလဲ ကျေးဇူးပြုတယ်၊ မဟာဘုတ် (အချင်းချင်း) ကလဲ ကျေးဇူးပြုပါတယ်၊ ဒီသဘောကိုဖော်ပြီး အရကောက်ဆရာကြီးက ဆိုရိုးပြုခြင်းဖြစ်ပါတယ်။

**ကုသလေန ကုသလာဗျာကတံ။** ။ဒီမှာ ပစ္စယုပ္ပန်က ကုသိုလ်နာမက္ခန္ဓာနဲ့ စိတ္တဇရုပ်ဖြစ်ပါတယ်၊ ကုသိုလ်နာမက္ခန္ဓာက ကုသိုလ်နာမက္ခန္ဓာကြောင့်ဖြစ်တယ်၊ စိတ္တဇရုပ် (ဘုတ်, ဥပါဒါရုပ်) က ကုသိုလ်နာမက္ခန္ဓာနဲ့မဟာဘုတ် (အချင်းချင်း) ကြောင့်ဖြစ်တယ်၊ ဒီသဘောနားလည်လျှင် ဆိုရိုးနားလည်ပါတယ်၊ ဆိုရိုးကို ထုတ်ပြပါဦးမယ်။

အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စေတနာ, စေတသိက်အဌ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ။ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်းတပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ [အကု–ဗျာ၊ အကု–အကုဗျာ–နှစ်ချက်လဲ ဒီနည်းအတိုင်းပါပဲ။ ဗျာ–ဗျာလဲ ဒီသဘောပါပဲ။]

## အညမည
## သရုပ်ပြ–တိကဆိုးသတ္တု၊ တိကဆို

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| | ၁။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ |
| X | ၂။ X (စိတ္တဇရုပ် မရ) |
| | ၃။ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။ |
| | ၄။ စိတ္တဇမဟာဘုတ်, ပဋိ, ဗာ, အာ, ဥ, အသည, ပဝတ္တိ ကမ္မဇမဟာဘုတ်။ |

(၃) နံပါတ်သရုပ်မှာ ပဋိသန္ဓေနာမက္ခန္ဓာဟာ ဟဒယဝတ္ထုကြောင့်၊ ဟဒယဝတ္ထုဟာလဲ ပဋိသန္ဓေနာမက္ခန္ဓာကြောင့် ဖြစ်လာရပါတယ်၊ "အချင်းချင်းအား X

http://www.dhammadownload.com



တပ်သော ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု”ဆိုတဲ့ ပဥ္စာဝါရ သုဒ္ဓ သင်္ချာပေါ့။

ဒီအညမည(ပဋိသန္ဓေ)ပစ္စယုပ္ပန်မှာ ရုပ်နဲ့ပတ်သက်လို့ ဟဒယဝတ္ထုသာ ရပါတယ်၊ ဒါ့ကြောင့် ဗျာ–ဗျာပဋိသန္ဓေမှာ “ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ဝတ္ထု စ”စသည်ဖြင့် ပါဠိတော်ဟောပါ၊ ပဥ္စာဝါရ တုန်းက “ဝိပါကာဗျာကတော ကောေ ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ”လို့ ဟောခဲ့ပါတယ်။

## နိဿယ

နိဿယပါဠိတော်က သဟဇာတနဲ့ အတူတူပါပဲ၊ အရကောက်တဲ့အခါမှာ သဟနိ, ပုရေနိနှစ်မျိုးရှိတာကို သတိပြုရမယ်၊ သဟနိက သဟဇာတအတိုင်း ပါပဲ၊ ပုရေနိမှာ ပစ္စည်းက ဆဝတ္ထုဖြစ်ပါတယ်၊ ဆဝတ္ထုဆိုတော့ ပဥ္စဝတ္ထု, ဟဒယ ဝတ္ထုဆိုရိုးတွေ ဝင်လာပါတယ်၊ ပုရေဇာတမှာပြထားတဲ့ “ဟဒယဝတ္ထုလှေ့လာချက်” ကို လှမ်းကြည့်ပါ။

## ဥပနိဿယ

ဥပနိဿယပါဠိတော်က အာရမ္မဏနဲ့ အတူတူပါပဲ၊ အရကောက်တဲ့အခါမှာ အာရမ္မဏူ, အနန္တရူ, ပကတူ ၃–မျိုးရှိတဲ့အနက် အာရမ္မဏူနဲ့အနန္တရူက ပြီးခဲ့ ပါပြီ၊ ပကတူကိုကောက်တဲ့အခါ ပဥ္စာဝါရသုဒ္ဓသင်္ချာကို အာရုံပြုကောက်ရုံပါပဲ။

## ပုရေဇာတ
## သင်္ချာ–တီဏိ၊ သတ္တ၊ တီဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အရူပဝိပါက် ၄–ခုကြဉ်သော ပဥ္စဝေါကာရပဝတ္တိ နာမက္ခန္ဓာလေးပါး။<br>၂–၃–၄။ (မရှိ) |

ဒီပုရေဇာတမှာ ပဋိသန္ဓေနာမက္ခန္ဓာ မပါသည်ကို သတိပြုပါ၊ ပါဠိတော်က အာရမ္မဏနဲ့တူပါတယ်၊ ပဋိသန္ဓိက္ခဏေ မပါတာဘဲ ထူးပါတယ်။ အာပု, ဝတ်ပု နှစ်ခုရှိတဲ့အနက် အာပုကိုမဟောပါဘူး၊ ဝတ်ပုကိုသာ ဟောပါတယ်၊ ဒါ့ကြောင့် (ဝတ်ပုမှန်းသိသာအောင်) သင်္ချာတိုင်းရဲ့ အနုဝါဒပါဠိတော် အဆုံးအဆုံးမှာ

http://www.dhammadownload.com



"ဝတ္ထုံ ပုရေဇာတပစ္စယာ"လို့ ထည့်သွင်း ဟောထားပါတယ်။ [အာပု မဟော ကြောင်းကို အဓိပ္ပါယ်ခန်း၌ ကြည့်ပါ။]

**အနက်။** ။ဝတ္ထုံ–ဟဒယဝတ္ထုကို၊ ပဋိစ္စ–စွဲ၍၊ ပုရေဇာတပစ္စယာ(ဝတ္ထုနှာ ပုရေဇာတပစ္စယတံ သာမေဒ္ဓေ နှ)–ဟဒယဝတ္ထုဖြင့် ပုရေဇာတသတ္တိကို ပြီးစေတတ် သည်၏အဖြစ်ကြောင့်၊ ခန္ဓာ–ပဉ္စဝေါကာရကုသိုလ်နာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ – ဖြစ်ကုန်၏။ [ဤ "ကု–ကု"ကိုနည်းမှီ၍ "အကု–အကု"ကိုလည်း အနက်ပေးပါ။]

**ဗျာ–ဗျာ။** ။ပုရေဇာတပစ္စယာ(ဝတ္ထုနှာ ပုရေဇာတပစ္စယတံ သာမေဒ္ဓေ နှ)–ဆဝတ္ထုဖြင့် ပုရေဇာတသတ္တိကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၊ ခန္ဓာ–ပဉ္စဝေါကာရ ဝိပါက်ကြိယာနာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ –ဖြစ်ကုန်၏။

## ဟဒယဝတ္ထုလေ့လာချက်

ဒီနေရာမှာ ဟိတ်ပါဠိအရ ဆိုရိုးပြုထားတဲ့ ဟဒယဝတ္ထုကို လေ့လာကြရမယ်၊ အောက်ပါ ခွဲပြတဲ့အချက် ၃–ချက်ကို ကြည့်ပါ။

၁။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ဒွေးပဉ္စဝိညာဉ် ၁၀–ကြဉ်သော နောက်နောက်သော(ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်, ကြိယာ) နာမက္ခန္ဓာအား x တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစ ရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ (ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု)

၂။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား x တပ်သော ရှေ့စိတ္တက္ခဏတစ်ချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ (ဗျာ–ဗျာ)

၃။ မရဏာသန္နအခါ ပဉ္စဝေါကာရဘဝင် ၁၅–ချက်, အာဝဇ္ဇန်းဒွေး, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏသုံးခု, ဝုဋ္ဌော, မရဏာသန္န(ကုသိုလ်၊အကုသိုလ်၊ ကြိယာ)ဇော ၅–ချက်, တဒါရုံ, စုတိအား x တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယ ဝတ္ထု။ (ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု)

ဒီဟဒယဝတ္ထုသုံးမျိုးဟာ ပစ္စည်းတရားဖြစ်ပါတယ်၊ ပစ္စယုပ္ပန် ကု, အကု, ဗျာ ပဒါဝသာနအလိုက် ထုတ်နုတ်ပြီး ဆိုရိုးပြုရပါမယ်၊ (၁–၃)နံပါတ်များမှာ လက်သည်း ကွင်းပြထားတဲ့ ကုသိုလ်, အကုသိုလ်, အဗျာကတတို့ကို တစ်ခြားစီခွဲထုတ်ပြီး ဆိုရိုးပြုရပါမယ်၊ (၂)နံပါတ်ကတော့ "ဗျာ–ဗျာ"တစ်ချက်သာရပါတယ်။

http://www.dhammadownload.com



ဒီဟဒယဝတ္ထုဆိုရိုးကို ဝိပ္ပယုတ္တပစ္စည်းမှာလဲ တွေ့ရပါလိမ့်ဦးမယ်၊ ပဉ္စာဝါရ နိဿယပစ္စည်းမှာလဲ ဒီအတိုင်း ကောက်ပြထားပါတယ်၊ ဟဒယဝတ္ထုတွေ့လာရင် ဒီသဘောချည်းပါပဲ၊ ဒါ့ကြောင့် ဒီဟဒယဝတ္ထုသုံးမျိုးကို ပတ်ပတ်နပ်နပ် လေ့လာထားရမယ်။

**အာသေဝန**

**သင်္ချာ–တီဏိ၊ သတ္တ၊ တီဏိ**

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အကု–ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကု–ကြိ ဒုတိယာဒိဇော၊ မဟဂ္ဂုတ် ကု–ကြိ၊ မဂ် ၄–ခုနာမက္ခန္ဓာ။ ၂–၃–၄။ (မရှိ) |

ပါဠိတော်က အာရမ္မဏနည်းတူဖြစ်ပါတယ်၊ သို့သော် တရားသရုပ်ထဲမှာ ဝိပါက်စိတ်မပါသည်ကို သတိပြုပါ၊ ဇျာ–ဇျာမှာ ကြိယာသာ ရပါတယ်၊ ဝိပါက် မရပါဘူး၊ ဝိပါက်မရတော့ ပဋိသန္ဓိက္ခဏလဲ မရတော့ပါဘူး။

**ကု–ကု။** ။ဟိတ်ပါဌ်၏အရကား–ပထမဇောကြဉ်သော နောက် နောက်သော ကုသိုလ်စိတ်ကေဝိသအား x တပ်သော အဆုံးဇောကြဉ်သော ရှေး ရှေးသော လောကီကုသိုလ် သတ္တရသ, စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားတို့၏ အာသေဝနသတ္တိ ရ၏။ [အကု, ဇျာတို့ကိုလည်း နည်းမှီ၍ ကောက်ပါ။]

**ကမ္မ**

**သင်္ချာ–နဝ၊ သတ္တရသ၊ တီဏိ**

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ ကု, အကု, ကြိစေတနာကြဉ် အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ အသညသတ်, ပဝတ္တိကမ္မဇရုပ်။ |

ပါဠိတော် ဟောတဲ့အခါ (၄) နံပါတ်သရုပ်မှာ ဗာဟိရစတဲ့ရုပ် အကုန်မရဘဲ အသညသတ် ပဝတ္တိကမ္မဇရုပ်မျှသာရသည်ကို သတိပြုဟောပါ။

http://www.dhammadownload.com



**ဗျာ–ဗျာ။** ။(ပဝတ္တိအခါ) ဟိတ်ပါဠ်၏အရကား– သမ္ပယုတ္တက္ခန္ဓာ အားလည်းကောင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း x တပ်သော ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသဥ္စရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ။

ဝိပါက်စိတ် ဆတ္တိံသအား x တပ်သော အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိရ၏။

**ပဋိသန္ဓေအခါ။** ။ဟိတ်ပါဠ်၏အရကား– သမ္ပယုတ္တက္ခန္ဓာအား လည်းကောင်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားလည်းကောင်း x တပ်သော ပဋိသန္ဓေစိတ်ဧကူနဝီသ, စေတသိက်ပဥ္စတိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ။

ပဋိသန္ဓေစိတ်ဧကူနဝီသနာမက္ခန္ဓာ, ကဋတ္တာရုပ်အား x တပ်သော ဥဒ္ဒစ္စ ကြဉ်သော အကုသိုလ်စေတနာ ၁၁–ခု, မဟာကုသိုလ်စေတနာ ၈–ခု, ရူပကုသိုလ် စေတနာ ၅–ခု, အရူပကုသိုလ်စေတနာ ၄–ခုပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

**ရုပ်သက်သက်။** ။ဟိတ်ပါဠ်၏အရကား–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အား x တပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄–ခု ဒွေး ပဥ္စဝိညာဉ် ၁၀ ရဟန္တာ့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏတစ်ခုတစ်ခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ သဟ ဇာတကမ္မသတ္တိ။

ပဋိသန္ဓေကမ္မဇရုပ်အား x တပ်သော ဥဒ္ဒစ္စကြဉ်သော အကုသိုလ်စေတနာ ၁၁–ခု, မဟာကုသိုလ်စေတနာ ၈–ခု, ရူပကုသိုလ်စေတနာ ၅–ခု၊ ပဝတ္တိကမ္မဇ ရုပ်အား x တပ်သော အကုသိုလ်စေတနာ ၁၂–ခု, မဟာကုသိုလ်စေတနာ ၈– ခု, ရူပကုသိုလ်စေတနာ ၅–ခု၊ အသညသတ်ကမ္မဇရုပ်အား x တပ်သော ရူပါ ဝစရပဥ္စမစျာန်ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိရ၏။

ဒီမှာ သဟကံ, နာနာကံ နှစ်မျိုးကောက်ထားပုံကို အကဲခတ်လေ့လာနိုင် ပါတယ်၊ မျိုးယှက်ပစ္စည်းတွေကို ကောက်တဲ့အခါမှာ ဒီသဘောချည်းပါပဲ၊ ပဥ္စာဝါရသုဒ္ဓသချာကို သတိပြုကောက်ရပါတယ်။

http://www.dhammadownload.com



## ဝိပါက
## သင်္ချာ–ကော်၊ ကော်၊ ကော်

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| x | ၁။ အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။<br>၂။ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ (မရှိ) |

ဝါရသုံးတွဲလုံး သင်္ချာ "ကော်"ချည်း ဖြစ်ပါတယ်၊ သင်္ချာကော်က ဝိပါက် နာမက္ခန္ဓာနဲ့ရုပ်ဆိုတော့ "ဗျာ–ဗျာ"ဖြစ်ပါတယ်၊ ပဋိသန္ဓေမှာ "ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ၂–ချက်လုံးရနိုင်ပုံကို သရုပ်ကြည့်ပြီး သိနိုင်ပါတယ်၊ အရကောက်လဲ လွယ်ပါတယ်။

## အာဟာရ
## သင်္ချာ–နဝ၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| x | ၁။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ အာဟာရဇရုပ်။ |

ဗျာ–ဗျာ ရုပ်သက်သက်မှာ "အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ" စသည်ဖြင့်သာ ဟောရပါမယ်၊ ဗာဟိရံ, ဥတုသမုဋ္ဌာနံ, အသညသတ္တာနံ–တို့ကို ဟောဖို့ မလိုတော့ပါဘူး။

ရုပ်သက်သက် ဟိတ်ပါဠိအရကို နာမ်ဟာ, ရုပ်ဟာ နှစ်ချက်ကောက်ရပါမယ်၊ နာမ်ဟာကမခက်ပါဘူး၊ ကောက်ရိုးကောက်စဉ်ပါပဲ၊ ရုပ်ဟာကို "အာဟာရဇရုပ်အား x တပ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ပစ္စည်းတရားတို့၏ ရုပ်အာဟာရသတ္တိရ၏"လို့ ကောက်ပါ။

http://www.dhammadownload.com



## ဏ္ဍန္တိယ
## သင်္ချာ–န၀၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပ၀တ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပ၀တ္တိကမ္မဇရုပ်။ |

ဗျာ–ဗျာ ရုပ်သက်သက်ပါဠိတော် ဟောတဲ့အခါ ၄–နံပါတ်သရုပ်ကို သတိပြု ဟောရမယ်၊ ဗာဟိရစတဲ့ရုပ်တွေ ပါလျှင်ပါသလို, မပါလျှင် မပါသလို ဟောပါ။

ဟိတ်ပါဠ်အရကောက်ကတော့ သဟာတိ , ပုတိ , ရူပတိ သုံးမျိုးကို သတိပြုရပါမယ်၊ သင်္ချာအလိုက် တစ်မျိုးသာရလျှင် တစ်မျိုး, နှစ်မျိုးရလျှင် နှစ်မျိုး, သုံးမျိုးလုံးရလျှင် သုံးမျိုးလုံး ကောက်ရပါမယ်။

## ဈာန
## သင်္ချာ–န၀၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ ဒွေးပဥ္စဝိညာဉ် ၁၀–ကြဉ်သော အလုံးစုံသော ပ၀တ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ (မရှိ) |

ဒီဈာနပစ္စည်းက ဟေတုမဂ္ဂတို့သဘောအတိုင်းပါပဲ၊ ပါဠိတော်ရော အရကောက်ပါ လွယ်ကူပါတယ်၊ အလယ်နှစ်ဝါရအတွက် ဒွေးပဥ္စဝိညာဉ်–၁၀ မပါသည်ကို သတိပြုပါ။

http://www.dhammadownload.com



## ဝိပ္ပယုတ္တ
## သင်္ချာ–နဝ၊ သတ္တရသ၊ တိဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ (မရှိ) |

## ဝိပ္ပယုတ္တပါဠိတော်
## အဖျားသတ် ယူဆပုံ

ဒီ ဝိပ္ပယုတ္တမှာ အဖျားသတ်ပါဠိတော်ဟောပုံကို ပြောပြပါမယ်၊ ယူဆပုံကို သဘောပေါက် နားလည်သည်အထိ လေ့လာမှတ်သားရပါမယ်။

**(၁) ကု–ကု။** ။ဤ၌ ပစ္စယုပ္ပန်ကုသိုလ်သည် ပုရေဝိပ်ဖြစ်၏၊ ပုရေဝိပ်၏ပစ္စည်းသည် ဟဒယဝတ္ထုဖြစ်၏၊ ထို့ကြောင့် ပုရေဝိပ်ပစ္စည်းမှန်း သိသာစေရန် "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ"ဟု အဖျားသတ်ပါဠိထည့်ပါ။

ဝတ္ထုံ–ဟဒယဝတ္ထုကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝတ္ထုနော ဝိပ္ပယုတ္တပစ္စယတ် သာမေန္တေန)–ဟဒယဝတ္ထုဖြင့် ဝိပ္ပယုတ္တပစ္စယသတ္တိကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၊ ခန္ဓာ–ပဉ္စဝေါကာရကုသိုလ်နာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။

**(၂) ကု–ဗျာ။** ။ဤ၌ ပစ္စယုပ္ပန်အဗျာကတသည် ရုပ်ဗျာ, သဟာဝိပ် ဖြစ်၏၊ သဟာဝိပ်၏ပစ္စည်းသည် နာမ်ဖြစ်၏၊ ထို့ကြောင့် သဟာဝိပ်ပစ္စည်းမှန်း သိသာစေရန် "ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ"ဟု အဖျားသတ်ပါဠိထည့်ပါ။

ခန္ဓေ–ပဉ္စဝေါကာရ ကုသိုလ်နာမက္ခန္ဓာတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝတ္ထုနော ဝိပ္ပယုတ္တပစ္စယတ် သာမေန္တေဟိ)–ဝိပ္ပယုတ္တပစ္စယသတ္တိကို ပြီးစေတတ်ကုန်သော၊ ခန္ဓေဟိ–ပဉ္စဝေါကာရ အစိတ်အပေါင်း ကုသိုလ်နာမက္ခန္ဓာတို့ကြောင့်၊ စိတ္တသမုဋ္ဌာနံ– စိတ်လျှင်ဖြစ်ကြောင်းရှိသော၊ ရူပံ–ရုပ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

**(၃) ကု–ကုဗျာ။** ။ဤ၌ အထက်ကနှစ်ချက်အတိုင်း ပစ္စယုပ္ပန် ကုသိုလ်အတွက် "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ"၊ ပစ္စယုပ္ပန်အဗျာကတအတွက် "ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ"ဟုထည့်ပါ၊ သို့ရာတွင် သဟ, ပုရေရောနေသောကြောင့် ကတ္တား အသီးသီး ထည့်ပေးရပါဦးမည်။

http://www.dhammadownload.com



အခု ယင်းကတ္တားများကို ထည့်ပြပါမယ်၊ စိတ်ဝင်တစား လေ့လာကြည့်ပါ၊ စိတ်ဝင်တစားလေ့လာလျှင် ကွက်ကွက်ကွင်းကွင်း ပေါ်လာပါလိမ့်မယ်၊ သဘော ပေါက်လာပါလိမ့်မယ်၊ သဘောက ယင်းပစ္စယုပ္ပန်ကိုပင် ကတ္တားပြန်လုပ်တာ ပါပဲ။

ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။
စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ဝတ္ထုံ–ဟဒယဝတ္ထုကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ(ဝတ္ထုနာ ဝိပ္ပယုတ္တ ပစ္စယတံ သာဓေန္တေန)–ဟဒယဝတ္ထုဖြင့် ဝိပ္ပယုတ္တပစ္စယသတ္တိကို ပြီးစေတတ် သည်၏အဖြစ်ကြောင့်၊ ခန္ဓာ–ပဋိသန္ဓေဝါကာရ ကုသိုလ်နာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ– ဖြစ်ကုန်၏။

ခန္ဓေ–ပဋိသန္ဓေဝါကာရ ကုသိုလ်နာမက္ခန္ဓာတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝိပ္ပယုတ္တပစ္စယတံ သာဓေန္တေဟိ)–ဝိပ္ပယုတ္တပစ္စယသတ္တိကို ပြီးစေတတ်ကုန်သော၊ ခန္ဓေဟိ–ပဋိသန္ဓေဝါကာရ ကုသိုလ်နာမက္ခန္ဓာတို့ကြောင့်၊ စိတ္တသမုဋ္ဌာနံ–စိတ်လျှင် ဖြစ်ကြောင်းရှိသော၊ ရူပံ–ရုပ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ [အကုသလပဒ ၃– ချက်လည်း နည်းတူပင်။]

**(၇) ဗျာ–ဗျာ။** ။ဤ၌လည်း သဟ, ပုရေ ရောနေ၏၊ ထို့ကြောင့် ကတ္တားအသီးသီးထည့်ပါ။

**(ပဝတ္တိ)** ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။
စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ဝတ္ထုံ–ဆ ဝတ္ထုကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ(ဝတ္ထုနာ ဝိပ္ပယုတ္တပစ္စယတံ သာဓေန္တေန)– ဆ ဝတ္ထုဖြင့် ဝိပ္ပယုတ္တပစ္စယသတ္တိကို ပြီးစေတတ်သည်၏ အဖြစ် ကြောင့်၊ ခန္ဓာ–ပဋိသန္ဓေဝါကာရ ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ ခန္ဓေ–ပဋိသန္ဓေဝါကာရ ဝိပါက်ကြိယာနာမက္ခန္ဓာတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝိပ္ပယုတ္တပစ္စယတံ သာဓေန္တေဟိ)–ကုန်သော၊ ခန္ဓေဟိ–ပဋိသန္ဓေဝါကာရ ဝိပါက် ကြိယာ နာမက္ခန္ဓာတို့ကြောင့်၊ စိတ္တသမုဋ္ဌာနံ–သော၊ ရူပံ–သည်၊ ဥပ္ပဇ္ဇတိ–၏။

**(ပဋိသန္ဓေ)** ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။
ကဋတ္တာရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ဝတ္ထုံ–ဟဒယဝတ္ထုကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ(ဝတ္ထုနာ ဝိပ္ပယုတ္တပစ္စယတံ သာဓေန္တေန)–ကြောင့်၊ ခန္ဓာ–ပဋိသန္ဓေဝါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ– ကုန်၏။ ခန္ဓေ–ပဋိသန္ဓေဝါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တ

http://www.dhammadownload.com



ပစ္စယာ (ဝိပ္ပယုတ္တပစ္စယတံ သာခေန္တ္တေဟိ)–ကုန်သော၊ ခန္ဓေဟိ–ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့ကြောင့်၊ ကဋတ္တာရူပံ–သည်၊ ဥပ္ပဇ္ဇတိ–၏။

ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ–၌လည်း သဟ , ပုရေ ရောသောကြောင့် ကတ္တားအသီးသီးထည့်ပါ။

ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

(ခန္ဓာ ဝတ္ထုံ–ကို ရှေ့ကအတိုင်း အနက်ပေးပါ၊) ခန္ဓေ–ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝိပ္ပယုတ္တပစ္စယတံ သာခေန္တ္တေဟိ)– ကုန်သော၊ ခန္ဓေဟိ–ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့ကြောင့်၊ ဝတ္ထု–ဟဒယ ဝတ္ထုသည်၊ ဥပ္ပဇ္ဇတိ–၏။

**(ရုပ်သက်သက်)** ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ခန္ဓေ–ပဉ္စဝေါကာရ ကုသိုလ်အကုသိုလ်ဝိပါက်ကြိယာနာမက္ခန္ဓာတို့ကို၊ ပဋိစ္စ– စွဲ၍၊ ဝိပ္ပယုတ္တပစ္စယာ (ဝိပ္ပယုတ္တပစ္စယတံ သာခေန္တ္တေဟိ)–ကုန်သော၊ ခန္ဓေဟိ– ပဉ္စဝေါကာရ ကုသိုလ်အကုသိုလ်ဝိပါက်ကြိယာနာမက္ခန္ဓာတို့ကြောင့်၊ စိတ္တသမုဋ္ဌာန်– သော၊ ရူပံ–ရုပ်သည်လည်းကောင်း၊ ကဋတ္တာရူပံ–ပဋိသန္ဓေကမ္မဇရုပ်သည်လည်း ကောင်း၊ ဥပ္ပဇ္ဇတိ–၏။

**(၈) ကုဗျာ–ဗျာ။** ။ဤ၌ သဟာဝိပ်သာဖြစ်ပါတယ်၊ ဒါ့ကြောင့် "ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ"ဟုထည့်ပါ၊ အကုဗျာ–ဗျာလည်း နည်းတူပင်။

အခုပြခဲ့တဲ့ ဝိပ္ပယုတ္တအဖျားသတ် ကိုင်တွယ်ပုံဟာ ကံ, ကတ္တားသဘောကို နားလည်လျှင် မခက်ပါဘူး၊ အတန်ငယ် ပြောရသေးတာပေါ့။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ"ဆိုတဲ့ ဝိဓိဖါဠိတော်ကို သတိပြုပါ၊ ကုသလော ဓမ္မော–သည် ကတ္တားပစ္စယုပ္ပန်ဖြစ်၏၊ ယင်း ပစ္စယုပ္ပန်ကတ္တားသည် မည်သည့်အကြောင်းကို (ကံကို) စွဲ၍ မည်သည့်ပစ္စယ သတ္တိဖြင့် ဖြစ်လာရသနည်း၊ ဤအမေး၏အဖြေ ပေါ်ထွက်လာရန်အတွက် "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ"စသည်ဖြင့် အဖျားသတ်ပါဠိတော်ကို ဟောထားခြင်း ဖြစ်ပါတယ်။

"ဟဒယဝတ္ထုကိုစွဲ၍ (ဟဒယဝတ္ထုကြောင့်) ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ဖြစ်လာရပါတယ်"လို့ ဖြေဆိုလိုရင်းပါပဲ၊ သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူး ပြုရာမှာလဲ ဒီသဘောပါပဲ။ လိုရင်းက ပဥ္စဝါရသုဒ္ဓသချာ ပစ္စည်း ပစ္စယုပ္ပန်ယူဆ ပုံကို သဘောပေါက်ဖို့ပါပဲ၊ ဆဝါရသုဒ္ဓသချာဆိုတာလဲ ပဥ္စဝါရသုဒ္ဓသချာပါပဲ၊ အခု ဝိပ္ပယုတ္တပစ္စည်း အဖျားသတ်ပါဠိတော်ယူဆပုံ အချုပ်ကို ပြောပါ့မယ်။

http://www.dhammadownload.com



**(၁) ပုရေဇိပ်။** ။နာမ်ပစ္စယုပ္ပန်၊ ရုပ်(ဆ ဝတ္ထု) ကြောင့်ဖြစ်၏၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ (အဖျားသတ်ပါဠိတော်)

**(၂) သဟာဇိပ်။** ။ရုပ်ပစ္စယုပ္ပန်၊ နာမ်ကြောင့်ဖြစ်၏၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။ (အဖျားသတ်ပါဠိတော်)

**(၃) သဟာဇိပ်၊ ပုရေဇိပ်။** ။နာမ်ရော ရုပ်ရော ပစ္စယုပ္ပန်၊ နှစ်မျိုးလုံး ပါဝင်၏။ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ဒီ (၃) နံပါတ်မှာတော့ ဒီလောက်နဲ့ မလုံလောက်သေးပါဘူး၊ မျိုးနှစ်ခုရော နေတဲ့အတွက် သူတို့ရဲ့ မူလပစ္စယုပ္ပန်ကတ္တားကို အသီးသီး ထပ်ထည့်ရပါသေးတယ်။

ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ (ပုရေဇိပ်)

စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။ (သဟာဇိပ်)

ဒါဟာ ဝိပ္ပယုတ္တအဖျားသတ်ဟောနည်း အချုပ်ပါပဲ။

သင်္ချာ သတ္တရသရတဲ့ အလယ်နှစ်ဝါရမှာ တိုးလာတဲ့သင်္ချာတွေကို သတိပြုရပါမယ်၊ ပစ္စယုပ္ပန်ဟာ နာမ်လား၊ သို့မဟုတ် ရုပ်လား၊ သို့မဟုတ် နာမ်ရုပ်နှစ်ခုလုံးလား၊ နာမ်ဆိုလျှင် ပုရေဇိပ်၊ ရုပ်ဆိုလျှင် သဟာဇိပ်၊ ဒါကိုသတိထားပြီး အဖျားသတ်ပါဠိ ထည့်ဟောရပါမယ်။

**ဆောင်** ၁။ ပုရေဇိပ်ဟု၊ သိစေမှု၊ ဝတ္ထုကံပုဒ်လုပ်။ (ကု-ကု)
သဟာဇိပ်မှာ၊ သိစေရာ၊ ခန္ဓာကံပုဒ်လုပ်။ (ကု-ဗျာ)
သဟပုရေ၊ ရောနှောလေက၊ ကံအနေထက်၊ ကတ္တားစွက်၊
နောက်ဆက်ပါဠိထုတ်။ (ကု-ကုဗျာ)

၂။ ရုပ်ကြောင့်သာရုပ်၊ နာမ် နာမ်ထုတ်၊ ကံပုဒ် ဖျားသတ်ဟော။
နှစ်ဖြာ ရုပ်နာမ်၊ အကြောင်းခံက၊ ရုပ်နာမ် ကံပြင်၊ ကတ္တားဝင်၊
ဉာဏ်ရှင် ဝိပ်၌ဟော။

ကဲ-ဒီလောက်ဆို ဝိပ္ပယုတ္တပစ္စည်း အဖျားသတ်ဟောနည်း နားလည်လောက်ပါပြီ၊ ဆဝါရအနုလုံကိုင်တွယ်ပုံကို အဆုံးသတ်လိုက်ကြပါစို့။

+ + + + +

http://www.dhammadownload.com



# ဆ၀ါရ (ပစ္စနိက်) ကိုင်တွယ်ပုံ

## န ဟေတု
## သင်္ချာ–ဒွေ၊ စတ္တာရီ၊ ဒွေ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပ၀တ္တိပဋိသန္ဓေနာမက္ခန္ဓာ လေး‌ပါး။<br>၂။ အဟိတ်စိတ္တဇရုပ်။<br>၃။ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသည, ပ၀တ္တိကမ္မဇရုပ်။ |

**ဒွေ။** ။အကု–အကု၊ ဗျာ–ဗျာ။

**စတ္တာရီ။** ။အကု–အကု၊ ဗျာ–ဗျာ၊ ဗျာ–အကု၊ အကုဗျာ–အကု။

(၁) နံပါတ်ရှိ မောဟမူဒွေး၌ မောဟစေတသိက်ဟာ မောဟမူဒွေးမှာ ယှဉ်ပါတယ်၊ ဒါ့ကြောင့် "ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"ဟု ပါဠိတော်ဟောပါ။

နောက်တစ်ချက်က အဟိတ် (အဗျာကတ) နာမက္ခန္ဓာတွေ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "အဟေတုကံ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ" စသည်ဖြင့်လည်းကောင်း၊ "အဟေတုကပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ"စသည်ဖြင့်လည်းကောင်း ဟောပါ။

အလယ်နှစ်ဝါရအတွက် အဟိတ်နာမက္ခန္ဓာထဲမှာ ဒွေးပဉ္စဝိညာဉ်–၁၀ ပါနေသည်ကို သတိပြုပါ၊ "စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ"စသည်ဖြင့် ပဉ္စဝိညာဉ် ပါဠိတော်ဟောပြီးနောက် "ဝတ္ထုံ ပစ္စယာ အဟေတုကာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ"ဟု ဆက်ဟောပါ။

ဗျာ–အကု၌ "ဝတ္ထုံ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"ဟု ဟောပါ။

အကုဗျာ–အကု၌ "ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"ဟု ဟောပါ။

**အနက်။** ။အကုသလံ–အကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ ပဋိစ္စ–စွဲ၍၊ (တစ်နည်းကား) ပဋိစ္စ (ပဋိဂ္ဂဏ္ဍ)–တကွဖြစ်ခြင်းဟုဆိုအပ်သော တူသော

http://www.dhammadownload.com



အဖြစ်ဖြင့်ရောက်၍၊ အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ နဟေတုပစ္စယာ(ဟေတုပစ္စယံ ဝိနာ အညေန ပစ္စယေန)–ဟေတုပစ္စည်းကိုကြဉ်၍ တစ်ပါးသောပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဝိစိကိစ္ဆာသဟဂတော–ဝိစိကိစ္ဆာနှင့် တကွဖြစ်ကုန်သော၊ ဥဒ္ဓစ္စသဟဂတော–ဥဒ္ဓစ္စနှင့်တကွဖြစ်ကုန်သော၊ ခန္ဓေ–ခန္ဓာ တို့ကို၊ ပဋိစ္စ–စွဲ၍၊ ဝိစိကိစ္ဆာသဟဂတော–ဝိစိကိစ္ဆာနှင့်တကွဖြစ်သော၊ ဥဒ္ဓစ္စသဟ ဂတော–ဥဒ္ဓစ္စနှင့်တကွဖြစ်သော၊ မောဟော–မောဟသည်၊ နဟေတုပစ္စယာ (ဌပေတွာ ဟေတုပစ္စယံ အညေဟိ အတ္တနော အနုရူပပစ္စယေဟိ)–ဟေတု ပစ္စည်းကိုထား၍ ဟေတုပစ္စည်းမှတစ်ပါးကုန်သော မိမိအားလျော်ကပ်သော ပစ္စည်းတို့ကြောင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

**အမှာ။** ။ဟိတ်ပါဠိအရ မျိုးစဉ်အလိုက် ဃဋနာအတိုင်းကောက်ပုံကို အရကောက်စာအုပ် (နှာ–၂၂၀)၌ ကြည့်ပါ၊ ပဥာဝါရဃဋနာကို နားလည်ခဲ့လျှင် ဒီမှာမခက်ပါဘူး၊ ပဥာဝါရဃဋနာကို နားမလည်ခဲ့လျှင်ကား ဒီမှာ နားလည်မည် မဟုတ်ပါ၊ ထုတ်ပြရှင်းနေလျှင်လဲ အပိုသာဖြစ်ပါလိမ့်မယ်။

### နာရမ္မဏာဒိ

### သင်္ချာ–ပဥ္စ၊ ပဥ္စ၊ +၊

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| x | ၁။ x (နာမက္ခန္ဓာ မရ)<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသညာ, ပဝတ္တိကမ္မဇရုပ်။ |

**ပဥ္စ။** ။ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ၊ ကုဗျာ–ဗျာ၊ အကုဗျာ–ဗျာ။

(၂)နံပါတ်မှာ "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ အကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ"ဟု ဟောပါ။

(၃)နံပါတ်မှာ "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတေ ခန္ဓေ ပဋိစ္စ ကဋတ္တာရူပံ"ဟု ဟောပါ၊ နောက်က "ခန္ဓေ ပဋိစ္စ ဝတ္ထု"တစ်ချက်သာ ရပါတယ်၊ ပစ္စယုပ္ပန်သရုပ်ကို သတိပြုပါ၊ ရုပ်တရားချည်းသာ ဖြစ်ပါတယ်၊ ပြီးတော့ နာမ်ကိုသာဟောတဲ့ နောက်ဆုံး သံသဋ္ဌ, သမ္ပယုတ္တနှစ်ဝါရအတွက် မရနိုင်တော့ပါဘူး။

http://www.dhammadownload.com



## နာဓိပတိ

### သင်္ချာ–နဝ၊ သတ္တရသ၊ တိံသ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အဓိ–ကိုရသောအခါ အဓိ–တရားကိုယ်။<br>မရသောအခါ အကု–၁၂, အဟိတ်ကြိယာ, မဟာကု–ကြိ,<br>လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။<br>၂။ နိရာဓိပတိစိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသညာ, ပဝတ္တိကမ္မဇရုပ်။ |

ဒီ နာဓိပတိမှာ သရုပ်မတူစေကာမူ ပါဠိတော်ဟောပုံကတော့ မထူးပါဘူး၊ သင်္ချာ ၉–ချက် အပြည့်အဝရနေပါတယ်၊ အရကောက်တဲ့အခါမှာသာ သရုပ်ရှိအတိုင်း ကြည့်ကောက်ရမှာပါ။

## နအညမည

### သင်္ချာ–ပဉ္စ၊ ပဉ္စ၊ + ၊

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ x (နာမက္ခန္ဓာ မရ)<br>၂။ စိတ္တဇရုပ်။<br>၃။ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ စိတ္တဇဥပါဒါ, ပဋိ, ဗာ, အာ, ဥ, အသညာ, ပဝတ္တိကမ္မဇ ဥပါဒါရုပ်။ |

ပဉ္စ။ ။ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ၊ ကုဗျာ–ဗျာ၊ အကုဗျာ–ဗျာ။

(၄) နံပါတ် ဥပါဒါရုပ်ဟာ မဟာဘုတ်ကြောင့် ဖြစ်လာရပါတယ်၊ ဒါ့ကြောင့် "မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ"ဟု ဟောပါ၊ ပြီးတော့ "ဗာဟိရေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အာဟာရသမုဋ္ဌာနေ၊ ဥတုသမုဋ္ဌာနေ၊ အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ"ဟု ဟောပါ။

ဒါဟာ သင်္ကေတမှတ်ပြနေတာ မဟုတ်ပါဘူး၊ အကျိုးပစ္စယုပ္ပန်ကိုကြည့်ပြီး အကြောင်းပစ္စည်းတရားကို ဖော်ထုတ်ပြနေခြင်းဖြစ်ပါတယ်၊ မူလကိုင်ပြခဲ့တဲ့ အခြေခံသတ်မှတ်ချက်ကို မိအောင်ဆုပ်ကိုင်ပါ။

http://www.dhammadownload.com



ဒီအညမညမှာလဲ ရုပ်တရားချည်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် နောက်ဆုံး နှစ်ဝါရအတွက် မရနိုင်တော့ပါဘူး။

## နပုရေဇာတ
## သချ်ာ–သတ္တ၊ သတ္တ၊ တီဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အရူပဝိ–၄၊ အရူပဘုံ၌ဖြစ်သောအခါ လော, မော, မနောဒွါ, မဟာကု–ကြိ, အရူပကု–ကြိ, အထက်မဂ် ၃–ခု, ဖိုလ် ၄–ခု နာမက္ခန္ဓာ။ ပဋိဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ |
| | ၂။ စိတ္တဇရုပ်။ |
| | ၃။ ပဋိသန္ဓေကမ္မဇရုပ်။ |
| | ၄။ ဗာ, အာ, ဥ, အသည, ပဝတ္တိကမ္မဇရုပ်။ |
| သတ္တ။ | ။ကု–ကု၊ ကု–ဗျာ၊ အကု–အကု၊ အကု–ဗျာ၊ ဗျာ–ဗျာ၊ ကုဗျာ–ဗျာ၊ အကုဗျာ–ဗျာ။ |

"အရူပဘုံ၌ ဖြစ်သောအခါ"ဆိုတဲ့ သုဒ္ဓသချ်ာစကားအတိုင်း "အရူပေ ကုသလံ ဓေကံ ခန္ဓံ ပဋိစ္စ၊ အရူပေ အကုသလံ ဓေကံ ခန္ဓံ ပဋိစ္စ၊ အရူပေ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဓေကံ ခန္ဓံ ပဋိစ္စ"စသည်ဖြင့် ဟောပါ။

အရူပဘုံမှာဖြစ်တဲ့ ကုသိုလ်အကုသိုလ်နာမက္ခန္ဓာနဲ့ စိတ္တဇရုပ်တို့ဟာ အကျိုး ပစ္စယုပ္ပန်အနေနဲ့ ပြိုင်တူမဖြစ်နိုင်ကြဘူး၊ ဒါ့ကြောင့် (ကု–ကုဗျာ၊ အကု–အကုဗျာ) သချ်ာနှစ်ချက် ဒီမှာမရနိုင်ဘူး၊ နောက်တစ်ခါမှတ်ဖို့က အရူပဘုံမှာဖြစ်တဲ့အတွက် ကြောင့် မှီရာဟဒယဝတ္ထုရုပ်ကို မရနိုင်ပါဘူး၊ ဟဒယဝတ္ထုကိုမရလျှင် ပုရေဇာ မရနိုင်ပါဘူး၊ ဒီလိုဆိုတော့ သဟပုရေဇာမိဿကသချ်ာများ မရနိုင်တော့ပါဘူး၊ ဒါ့ကြောင့် ပဋိစ္စနဲ့ပစ္စယဝါရတို့ သချ်ာသတ္တချင်းတူကြပါတယ်။

http://www.dhammadownload.com



## နပစ္ဆာဇာတ
## သင်္ချာ–န၀၊ သတ္တရသ၊ တိဏ္ဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အလုံးစုံသော ပ၀တ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသညပ, ၀တ္တိကမ္မဇရုပ်။ |

အနုလုံမှာ ပစ္ဆာဇာတကို မဟောခဲ့ပါဘူး၊ ဒါ့ကြောင့် ပစ္စနိက်မှာ တရားအပြည့်အစုံရပါတယ်၊ တရားအပြည့်အစုံရတဲ့အတွက် အနုလုံက သဟဇာတအတိုင်းပါပဲ။

## နာသေ၀န
## သင်္ချာ–န၀၊ သတ္တရသ၊ တိဏ္ဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အကု–၁၂ ဟသိတုပ္ပါဒ် မဟာကု–ကြိ ပထမဇော၊ အာ၀ဇ္ဇန်း ဒွေး၊ ဝိပါက်စိတ် ဆတ္တိံသ ပ၀တ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ စိတ္တဇရုပ်။<br>၃။ ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသည, ပ၀တ္တိကမ္မဇရုပ်။ |

ဒီ နာသေ၀နမှာ (၁)နံပါတ်ထဲက ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့ကို သုဒ္ဓသင်္ချာမှာ ပြထားသလောက် အသီးသီးခွဲထုတ်ပြီး ဟောရုံပါပဲ။

## နကမ္မ
## သင်္ချာ–တိဏ္ဏိ၊ သတ္တ၊ တိဏ္ဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ ကု–အကု–ကြိ စေတနာ။<br>၂–၃။ (မရှိ)<br>၄။ ဗာ, အာ, ဥတုဇရုပ်။ |

http://www.dhammadownload.com



**တိကဓ။** ။ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ။

**သတ္တ။** ။ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု၊ ကုဗျာ–ကု၊ အကုဗျာ–အကု။

(၁)နံပါတ်မှာ "ကုသလေ ခန္ဓေ ပဋိစ္စ ကုသလာ စေတနာ၊ အကုသလေ ခန္ဓေ ပဋိစ္စ အကုသလာ စေတနာ၊ ကိရိယာဗျာကတေ ခန္ဓေ ပဋိစ္စ ကိရိယာဗျာကတာ စေတနာ"ဟု ဟောပါ။

အလယ်နှစ်ဝါရအတွက် ဗျာ–ဗျာ၌ သဟနိရုပ်များကို ဟောပြီးနောက် ပုရေနိအတွက် "ဝတ္ထုံ ပစ္စယာ ကိရိယာဗျာကတာ စေတနာ"ဟု ဟောပါ။ ဗျာ–ကု၌ "ဝတ္ထုံ ပစ္စယာ ကုသလာ စေတနာ"၊ ဗျာ–အကု၌ "ဝတ္ထုံ ပစ္စယာ အကုသလာ စေတနာ"ဟုဟောပါ။ ကုဗျာ–ကု၌ "ကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ကုသလာ စေတနာ"၊ အကုဗျာ–အကု၌ "အကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ အကုသလာ စေတနာ"ဟု ဟောပါ။

## နဝိပါက

### သင်္ချာ–နဝ၊ သတ္တရသ၊ တိကဓ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| x | ၁။ ကု–အကု–ကြိနာမက္ခန္ဓာ။ |
| | ၂။ စိတ္တဇရုပ်။ |
| | ၃။ x (ပဋိ–ကမ္မဇရုပ် မရ) |
| | ၄။ ဗာ, အာ, ဥ, အသညပဝတ္တိကမ္မဇရုပ်။ |

(၁)နံပါတ်မှာ အနုလုံတုန်းက ဝိပါက်နာမက္ခန္ဓာကိုသာ ဟောခဲ့တဲ့အတွက် ပစ္စနိက်မှာ ကု–အကု–ကြိယာနာမက္ခန္ဓာများ ကျန်ပါတယ်။ (ဝိပါက်နာမက္ခန္ဓာ မရလို့ ဗျာ–ဗျာမှာ ပဋိသန္ဓေအခါ မရနိုင်ပါဘူး။)

## နာဟာရ

### သင်္ချာ–ဧကံ၊ ဧကံ၊ x ။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| x | ၁–၂–၃။ (မရှိ) |
| | ၄။ ဗာ, ဥ, အသညပဝတ္တိကမ္မဇရုပ်။ |

ရုပ်တစ်မျိုးတစ်ဝက်သာ ရှိတဲ့အတွက် ရှိတဲ့ရုပ်ကိုကြည့်ပြီး "ဗာဟိရံ၊ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ"စသည်ဖြင့် "ဗျာ–ဗျာ" တစ်ချက်သာ ဟောရုံပါပဲ။

http://www.dhammadownload.com



## နဣန္ဒြိယ

**သင်္ချာ–ကော်၊ ကော်၊ x ။**

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁–၂–၃။ (မရှိ)<br>၄။ ဗာ, အာ, ဥ, အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ,<br>ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ |

ဒီမှာလဲ ရုပ်တစ်ချို့တစ်ဝက်သာရှိပါတယ်၊ ဗာဟိရံ, အာဟာရသမုဋ္ဌာနံ, ဥတုသမုဋ္ဌာနံ–တို့ကိုဟောပြီး "အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ရူပဇီဝိတိန္ဒြိယံ"ဟု ဆက်ဟောပါ၊ အနုလုံတုန်းက ရုပ်ဇီဝိတိန္ဒြေကို ကြဉ်ထားခဲ့ပါတယ်။

## နဈာန

**သင်္ချာ–ကော်၊ ကော်၊ ကော်**

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ ဒွေးပဉ္စဝိညာဉ် ၁၀–နာမက္ခန္ဓာ။<br>၂–၃။ (မရှိ)<br>၄။ ဗာ, အာ, ဥ, အသည, ပဝတ္တိကမ္မဇရုပ်။ |

(၁) နံပါတ်မှာ "ပဉ္စဝိညာဏသဟဂတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ" စသည်ဖြင့် ဟောပါ၊ အလယ်နှစ်ဝါရအတွက်ကတော့ "စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ"စသည်ဖြင့် ဟောရပါလိမ့်မယ်။ (ဗျာ–ဗျာ)

(၂) နံပါတ်မှာ "ဗာဟိရံ"စသည်ဖြင့် ဟောပါ။

ဒီဈာနမှာ နာမက္ခန္ဓာနဲ့ပတ်သက်လို့ ဒွေးပဉ္စဝိညာဉ် ၁၀–သာကျန်ပါတယ်၊ အခြားနာမက္ခန္ဓာတွေကို အနုလုံမှာ အသုံးပြုခဲ့ပြီးပါပြီ၊ ပြီးတော့ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တွေကိုလဲ အနုလုံမှာ အသုံးပြုခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒီပစ္စနိက်မှာ မရတော့ပါဘူး၊ အခြားပစ္စည်းတွေမှာလဲ ဒီသဘောချည်းပါပဲ။

http://www.dhammadownload.com



## နမဂ္ဂ
## သချာ–ကော်၊ ကော်၊ ကော်

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အဟိတ် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>၂။ အဟိတ် စိတ္တဇရုပ်။<br>၃။ အဟိတ် ပဋိသန္ဓေကမ္မဇရုပ်။<br>၄။ ဗာ, အာ, ဥ, အသညဲ, ပဝတ္တိကမ္မဇရုပ်။ |

(၁)နံပါတ်မှာ အဟိတ်နာမက္ခန္ဓာဖြစ်ပါတယ်၊ ဒါ့ကြောင့် "အဟေတုကံ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ကော် ခန္ဓံ ပဋိစ္စ"စသည်ဖြင့် ဟောပါ၊ ပဋိသန္ဓေမှာတော့ "အဟေတုကပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ"စသည်ဖြင့် ဟောပါ။

အလယ်နှစ်ဝါရအတွက် ဒွေးပဉ္စဝိညာဉ် ၁၀–ပါနေသည်ကို သတိပြုပါ၊ "စက္ခာယတနံ ပစ္စယာ"စသည်ဖြင့် ပဉ္စဝိညာဉ်ကို ဟောပြီးနောက် ဟဒယဝတ္ထု ကြောင့်ဖြစ်တဲ့ ကျန်အဟိတ်စိတ်များကို "ဝတ္ထုံ ပစ္စယာ အဟေတုကဝိပါကာ ဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ"ဟု ဟောပါ။

## နဝိပ္ပယုတ္တ
## သချာ–တီဏိ၊ တီဏိ၊ တီဏိ

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| X | ၁။ အရူပ–၄ခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။<br>အရူပ–၌ဖြစ်သောအခါ လော , မော, မနောဒွါ, မဟာကု–ကြိ, အရူပကု–ကြိ, အထက်မဂ် ၃ခု, ဖိုလ် ၄ခုနာမက္ခန္ဓာ။<br>၂–၃။ (မရှိ)<br>၄။ ဗာ, အာ, ဥ, အသညဲ, ပဝတ္တိကမ္မဇရုပ်။ |

**တီဏိ။** ။ကု–ကု၊ အကု–အကု၊ ဗျာ–ဗျာ။

"အရူပဘုံ၌ဖြစ်သောအခါ"လို့ဆိုတဲ့ သုဒ္ဓသချာအရ နပုရေဇာတတုန်းကလို "အရူပေ ကုသလံ ကော် ခန္ဓံ ပဋိစ္စ"စသည်ဖြင့် ဟောပါ၊ ဒီမှာလဲ နပုရေဇာတ တုန်းကလိုပါပဲ၊ ပစ္စယုပ္ပန်နာမက္ခန္ဓာတွေပါသော်လဲ အရူပဘုံမှာ မှီရာဝတ္ထုရုပ် မရှိသောကြောင့် "ဗျာ–ကု၊ ဗျာ–အကု"ပုရေနိသချာများ မရနိုင်ပါဘူး။

http://www.dhammadownload.com



အခု ပြောခဲ့တာတွေဟာ ဆဝါရပစ္စနိက်ရဲ့ အနေအထားပါပဲ၊ ဒီပစ္စနိက်မှာ ပါဠိတော်ဟောပုံကိုသာ ပြောခဲ့ပါတယ်၊ ပစ္စည်းတရားဖော်ထုတ်ပုံကို မပြောခဲ့ပါဘူး၊ အနုလုံက နည်းပေးခဲ့တဲ့အတိုင်း ပစ္စယုပ္ပန်ရ တရားကိုကြည့်ပြီး ပစ္စည်းတရားကို ဖော်ထုတ်ပါ။

အနုလုံရော ပစ္စနိက်ပါ အားလုံးအတွက် အရကောက်ကတော့ သုဒ္ဓသချ်ာလာအတိုင်း ကုသိုလ်ဆိုလျှင် ကုသိုလ်ရသလောက်, အကုသိုလ်ဆိုလျှင် အကုသိုလ်ရသလောက်, ဝိပါက်ကြိယာဗျာကတဆိုလျှင်လဲ ဝိပါက်ကြိယာရသလောက် သရုပ်ကိုကြည့်ပြီး ကောက်ရပါလိမ့်မယ်၊ ဒီမှာတော့ ကိုင်တွယ်ပုံနည်းကိုသာ ပေးခြင်းဖြစ်တဲ့အတွက် အရကောက်ဆိုရိုးတွေကို ထုတ်မပြနိုင်ပါဘူး၊ အရကောက် စာအုပ်နဲ့ တိုက်ဆိုင်ပြီးလေ့လာပါ။

အခု ပြခဲ့တာဟာ ဆဝါရ ဝိဘင်္ဂဝါရမှာ အနုလုံရောပစ္စနိက်ပါ အကျိုးပစ္စယုပ္ပန်ကိုကြည့်ပြီး အကြောင်းပစ္စည်းကို ဖော်ထုတ်နည်းဖြစ်ပါတယ်၊ အကြောင်းမြင်လျှင် အကျိုးကိုသိရမယ်၊ အကျိုးမြင်လျှင် အကြောင်းကိုသိရမယ်၊ ဒါဟာ ဘုရားရှင်ညွှန်ပြတော်မူတဲ့ နည်းပါပဲ။

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ။ (မူလပံ၊ မဟာဟတ္ထိပဒေါပမသုတ်၊ ၂၄၉)

ပစ္စယဓမ္မေ ပဿန္တောပိ ပစ္စယုပ္ပန္နဓမ္မေ ပဿတိ၊ တေ ပဿန္တောပိ ပစ္စယဓမ္မေ ပဿတိ။ (ဋီ-ဒု၊ ၁၇၅)

+ + + + + + + + +

ဆဝါရကိုင်တွယ်ပုံ ပြီး၏။

**ဝိဘင်္ဂဝါရ ပြီးပြီ။**

http://www.dhammadownload.com



## ဆဝါရ၊ သဉ်္ချာဝါရ

**၁။ အနုလုံ။** ။အခု ပြောခဲ့တာဟာ ဆဝါရမှာ ဝိဘင်္ဂဝါရကိုင်တွယ်ပုံ ဖြစ်ပါတယ်၊ အနုလုံရော ပစ္စနိက်ပါ ဖြစ်ပါတယ်၊ ဝိဘင်္ဂဝါရပြီးတော့ သင်္ချာဝါရကို ဆက်လက်ဟောရမှာဖြစ်ပါတယ်၊ အနုလုံ သင်္ချာဝါရမှာ (မြေပုံပြထားတဲ့အတိုင်း) သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာဝါရလို့ နှစ်မျိုးရှိပါတယ်၊ သုဒ္ဓသင်္ချာဝါရကတော့ ကြိုတင်ကျက်ထားပြီးဖြစ်တဲ့ သုဒ္ဓသင်္ချာပါပဲ၊ ဒုကာဒိသင်္ချာဝါရမှာ ဟေတုဧ၏ ဒုကာဒိစသည်ဖြင့် ၂၃–ပါးရှိပါတယ်၊ ဟေတုဧ၏ဒုကာဒိမှာလဲ ဒုက, တိက, စတုက္က, ပဉ္စက–စသည်ဖြင့် ဗာဝီသကအထိ ရှိပါတယ်။

ဒီအနုလုံမှာ ပစ္ဆာဇာတကို မဟောပါဘူး၊ နောက်ပီးတော့ အာသေဝနနဲ့ဝိပါက တို့ဟာ မူထဲမှာတွဲဖက်မပါဝင်နိုင်ဘူး၊ အာသေဝနက ဇောသာရပါတယ်၊ ဝိပါကက ဝိပါက်သာရပါတယ်၊ သဘာဝချင်း မတူဘူး၊ ဒါ့ကြောင့် ဗာဝီသကအထိသာ ရှိပါတယ်၊ အရကောက်စာအုပ်မှာ တေဝီသကလို့ ဖြစ်နေပါတယ်၊ ပါဠိတော်စာအုပ် (၂၉) မှာ အာသေဝနထိအောင်မူတည်ပြီး ဒွါဒသကကို ဟောပါတယ်၊ ပီးတော့မှ ဝိပါကကို မူထဲရော မူလီထဲပါမထည့်ဘဲ ဗာဝီသကအထိ ဟောပါတယ်။ နောက် တစ်ခါ အာသေဝနကိုချန်ကာ ဝိပါကအထိမူတည်ပြီး တေရသကကို ဟောပါတယ်၊ ပြီးတော့ ဗာဝီသကအထိ ဆက်ဟောတော်မူပါတယ်။

ဒုကမှာလဲ ဟေတုမူ အာရမ္မဏဒုကစသည်ဖြင့် ၂၂–ပါးရှိပါတယ်၊ ပဋိစ္စဝါရမှာ ဒီအစီအစဉ်အတိုင်း ဟောလိုက်လျှင် လုံ–၁(ပစ္စည်းအနုလုံ) ပြီးပါပြီ။

**၂။ ပစ္စနိက်။** ။လုံ–၂(ပစ္စနိက်) မှာလဲ အနုလုံနည်းတူ ဝိဘင်္ဂဝါရ, သင်္ချာဝါရ အစဉ်အတိုင်း ဟောရပါမယ်၊ ဝိဘင်္ဂဝါရမှာ နဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် (၂၀) ရှိပါတယ်၊ သဟကြီး ၄–ပစ္စည်း မရဘူး၊ အဲဒီ ဝိဘင်္ဂဝါရက ပြီးခဲ့ပါပြီ။

သင်္ချာဝါရမှာ သုဒ္ဓသင်္ချာ, ဒုကာဒိသင်္ချာလို့ နှစ်မျိုးရှိတဲ့အနက် သုဒ္ဓသင်္ချာ ကတော့ ကြိုတင်ကျက်ထားပြီးဖြစ်တဲ့ သုဒ္ဓသင်္ချာအတိုင်းပါပဲ၊ သဟကြီး ၄–ပစ္စည်းမပါလို့ (၂၀) ပါပဲ။ ဒုကာဒိသင်္ချာဝါရမှာ နဟေတုဒုကာဒိစသည်ဖြင့် (၂၀)ပဲရှိပါတယ်၊ မူလီသွတ်တော့ "နဟေတုမူ နာရမ္မဏဒုက"စသည်ဖြင့် (၁၉)ပါးရှိပါတယ်။

**၃။ အနုလောမပစ္စနိက်။** ။လုံ–၃(အနုလောမပစ္စနိက်)မှာ ဝိဘင်္ဂဝါရနဲ့ သုဒ္ဓသင်္ချာဝါရ မရှိပါဘူး၊ ဒုကာဒိသာ ရှိပါတယ်၊ ဒုကာဒိမှာ ဟေတု ဒုကာဒိစသည်ဖြင့် (၂၃)ပါးရှိပါတယ်၊ ပစ္ဆာဇာတကို မဟောလို့ ၂၃–ပါးသာ

http://www.dhammadownload.com



ရှိပါတယ်။ ဟေတုဇ၏ဒုကာဒိမှာ ဒုက, တိကစသည်ဖြင့် (၂၂)ပါးရှိပါတယ်၊ ဟေတုမူမှာ မူလီ(၁၅)ပါး ရှိပါတယ်၊ သဟကြီး ၄-ပစ္စည်းနဲ့ ဟာဏ္ကုံ ရျာမင်္ဂတို့ကို မူလီမသွတ်ရဘူး၊ အကြောင်းက မူဟေတုသာရတဲ့တရား မရှိလို့ပါပဲ။

**၄။ ပစ္စနီယာနုလောမ။** ။လုံ-၄(ပစ္စနီယာနုလောမ)မှာလဲ ဝိဘင်္ဂဝါရနဲ့သုဒ္ဓသင်္ချာဝါရ မရှိပါဘူး၊ ဒုကာဒိသာ ရှိပါတယ်၊ ဒုကာဒိမှာ နဟေတုဒုကာဒိစသည်ဖြင့် (၂၀)ရှိပါတယ်၊ သဟကြီး ၄-ပစ္စည်း မရပါဘူး။

အဲဒီလို လုံလေးလုံရှိတဲ့အနက် အနုလောမပစ္စနိက်နဲ့ ပစ္စနီယာနုလောမမှာ ဝိဘင်္ဂဝါရကို(ပါဠိတော်မှာ)မဟောသော်လဲ အရကောက်ဆရာကြီးက သင်္ချာတွေ ထုတ်အပြီးမှာ (အနုလုံနဲ့ ပစ္စနိက်တို့ရဲ့ ဝိဘင်္ဂဝါရအတိုင်း) အရကောက်ပြပါတယ်၊ ဝိဓိဝိဘင်းပါဠိတော်တွေကိုလဲ ထုတ်ပြပါတယ်၊ အင်မတန်ကျယ်ဝန်းတာပေါ့၊ အရကောက်ဆရာကြီးရဲ့ ဝီရိယအား ဉာဏ်အားဟာ အံ့သြစရာကြီးပဲ။

အခုပြောခဲ့တဲ့ အစီအစဉ်ဟာ လုံလေးလုံရဲ့အနေအထား အခြေခံအချုပ် ဖြစ်ပါတယ်၊ အခု အဲဒီလုံလေးလုံကို တစ်နေရာထဲကခြုံပြီး ဒုကသင်္ချာဝါရကို ပြောပါမယ်၊ ပို့ချပါမယ်၊ အရကောက်ဆရာကြီးကလဲ တစ်လုံတစ်လုံမှာ လေးလုံ စလုံး တစ်ခါတည်း ပြသွားတယ်မဟုတ်ပါလား၊ အဲဒါကို "ပစ္စည်းတွန်း"လို့ ခေါ်ပါတယ်။

ပစ္စည်းတွန်းဆိုတော့ ပဉှာဝါရတုန်းကလဲ နည်းပေးခဲ့ပါပြီ၊ အခု အဲဒီနည်းကိုပဲ ထပ်ပြောပါမယ်၊ ဒီပစ္စည်းတွန်းကို နားလည်လျှင် လုံလေးလုံရဲ့ ဒုကသင်္ချာဝါရ တစ်ခါတည်း ပြီးတာပါပဲ၊ ကဲ... နားထောင်။

## ပစ္စည်းတွန်း

**ဆောင်။** ။သရုပ်သင်္ချာ၊ ဖွေရှာကာ၊ စဉ်ပါ လုံလေးရပ်။
လက်ဝဲ မ-လုံ၊ လက်ယာစုံ၊ နှစ်ဖုံ လှည့်ကာပတ်။
ပ-မှာ မူရှု၊ မူလီဒု၊ နှစ်ခု တွန်းလေအပ်။
တွန်းလိုသည့်လုံ၊ တွန်းပါကုန်၊ သူ့လုံ မည်သုံးသပ်။

**၁။ အနုလုံ။** ။ဟေတုမူ အာရမ္မဏဒုကဆိုပါတော့ သူတို့ရဲ့အနုလုံ သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပြီး နှစ်ဖက်ရကို ဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ၊ ဘယ် မူလ မူလီပဲဖြစ်ဖြစ် အနုလုံသုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပါ။

http://www.dhammadownload.com



**၂။ ပစ္စနိက်။** ။မူလ မူလီနှစ်ခုလုံးရဲ့ ပစ္စနိက်သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပြီး နှစ်ဖက်ရကိုဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ၊ ဘယ်မူလ မူလီပဲဖြစ်ဖြစ် ပစ္စနိက်သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ပါ။

**၃။ အနုလောမပစ္စနိက်။** ။မူဟေတုရဲ့ အနုလုံသုဒ္ဓသင်္ချာနဲ့ မူလီအာရမ္မဏရဲ့ ပစ္စနိက်သုဒ္ဓသင်္ချာတို့ကို တိုက်ဆိုင်ပြီး နှစ်ဖက်ရကိုဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ၊ ဘယ်မူလ မူလီပဲဖြစ်ဖြစ် ဒီလိုတိုက်ဆိုင်ပါ။

**၄။ ပစ္စနီယာနုလောမ။** ။မူဟေတုရဲ့ ပစ္စနိက်သုဒ္ဓသင်္ချာနဲ့ မူလီအာရမ္မဏရဲ့ အနုလုံသုဒ္ဓသင်္ချာကိုတိုက်ဆိုင်ပြီး နှစ်ဖက်ရကိုဆွဲထုတ်ပါ၊ သင်္ချာတပ်ပါ၊ ဘယ်မူလ မူလီပဲဖြစ်ဖြစ် ဒီလိုတိုက်ဆိုင်ပါ။ ဒါဟာ "သရုပ်သင်္ချာ၊ ဖွေရှာကာ၊ စဉ်ပါ လုံလေးရပ်"ပါပဲ။

အထက်ပါ လုံလေးလုံအနက် (၁နဲ့၃)က မ–လုံ, (၂နဲ့၄)က စုံလုံဖြစ်ပါတယ်၊ လောကဝေါဟာရအနေနဲ့ သတ်မှတ်ထားတယ်ပေါ့၊ မ–လုံကို လက်ဝဲရစ်, စုံလုံကို လက်ယာရစ်လှည့်ပြီး တွန်းရပါတယ်၊ ဒါဟာ "လက်ဝဲ မ–လုံ၊ လက်ယာစုံ၊ နှစ်ဖုံ လှည့်ကာပတ်"ပါပဲ။

တွန်းတဲ့အခါမှာ လေးချက်လုံး မတွန်းရဘူး၊ ပထမအချက်နဲ့ ဒုတိယအချက်ကိုသာ တွန်းရတယ်၊ ပထမအချက်မှာ(မူလီသာရသောတရားဖြစ်လို့) မူကိုတွန်းပစ်ရတယ်၊ ဒုတိယအချက်မှာ(မူသာရသောတရားဖြစ်လို့) မူလီကို တွန်းပစ်ရမယ်၊ တတိယအချက်က နှစ်ပါးစုံမရသောတရား၊ စတုတ္ထအချက်က နှစ်ပါးစုံရသောတရား ဖြစ်ပါတယ်၊ သူတို့ကို မတွန်းရဘူး၊ နှစ်ပါးစုံ မရသောတရား, နှစ်ပါးစုံရသောတရားလို့သာ ဆိုရပါတယ်၊ ဒါဟာ "ပ–မှာမူရှု၊ မူလီဒု၊ နှစ်ခု တွန်းလေအပ်"ပါပဲ။

အဲဒီလို တွန်းတဲ့အခါမှာ အနုလုံကနေ တွန်းချင်တယ်ဆိုပါတော့၊ အနုလုံဟာ မ–လုံဖြစ်လို့ (၄–၃–၂–၁) လက်ဝဲရစ် လှည့်စဉ်ပြီးတွန်းပါ၊ ပထမအချက်နဲ့ ဒုတိယအချက်ဖြစ်တဲ့(၄ နဲ့၃)ကိုသာ တွန်းရမယ်၊ (၂ နဲ့၁)ကို မတွန်းရဘူး၊ ပထမအချက်မှာ မူကိုတွန်းပါ၊ ဒုတိယအချက်မှာ မူလီကိုတွန်းပါ၊ ပြီးတော့ "ဟေတု+အာရမ္မဏ"ဆိုတဲ့ အနုလုံအမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

http://www.dhammadownload.com



ပစ္စနိက်ကနေ တွန်းချင်တယ်ဆိုပါတော့၊ ပစ္စနိက်ဟာ စုံလုံဖြစ်လို့ (၃-၄-၁-၂)လက်ယာရစ် လှည့်စဉ်ပြီးတွန်းပါ၊ ပ, ဒုဖြစ်တဲ့ (၃နဲ့၄)ကိုသာ တွန်းရမယ်၊ "နဟေတု+နာရမ္မဏ"ဆိုတဲ့ ပစ္စနိက်အမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

အနုလောမပစ္စနိက်ကနေ တွန်းချင်တယ်ဆိုပါတော့ နိက်နုဟာ မ-လုံဖြစ်လို့ (၂-၁-၄-၃)လက်ဝဲရစ် လှည့်စဉ်ပြီးတွန်းပါ၊ ပ, ဒုဖြစ်တဲ့ (၁နဲ့၂)ကိုသာ တွန်းရမယ်၊ "ဟေတု+နာရမ္မဏ"ဆိုတဲ့ အနုလောမပစ္စနိက်အမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

ပစ္စနိယာနုလောမကနေ တွန်းချင်တယ်ဆိုပါတော့ နုနိက်ဟာ စုံလုံဖြစ်လို့ (၁-၂-၃-၄)လက်ယာရစ် လှည့်စဉ်တွန်းပါ၊ ပ, ဒုဖြစ်တဲ့ (၂နဲ့၁)ကိုသာ တွန်းရမယ်၊ "နဟေတု+အာရမ္မဏ"ဆိုတဲ့ ပစ္စနိယာနုလောမအမည်ကို သုံးသပ်ပြီး တွန်းရပါတယ်။

အဲဒီတော့ အခုတည်ပြခဲ့တဲ့ လုံလေးလုံမှာ ဘယ်လုံကနေတွန်းချင်သလဲ၊ အနုလုံကနေတွန်းချင်သလား၊ ပစ္စနိက်ကနေတွန်းချင်သလား၊ အနုလောမပစ္စနိက်ကနေ တွန်းချင်သလား၊ ပစ္စနိယာနုလောမကနေ တွန်းချင်သလား၊ တွန်းချင်ရာလုံရဲ့အမည်ကို သုံးသပ် သုံးသပ်ပြီး တွန်းရပါတယ်၊ ဒါဟာ "တွန်းလိုသည့်လုံ၊ တွန်းပါကုန်၊ သူ့လုံ မည်သုံးသပ်"ပါပဲ။

## တွန်းပုံ တွန်းနည်း

၁။ တွန်းပုံတွန်းနည်းကို ပြောပါဦးမယ်၊ အနုလုံကနေတွန်းလျှင် ပထမအချက်ဖြစ်တဲ့(၄)ကို "ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏"လို့ မူလ မူလီနှစ်ခုလုံး "ဟေတု အာရမ္မဏ"ဆိုတဲ့ အနုလုံအမည်ကို သုံးသပ်ကိုင်တွယ်ပြီး တွန်းရပါတယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ 'နဟေတုပစ္စယာ အာရမ္မဏေ ဒွေ'ဟု သချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ပါ။

ဒုတိယအချက်(၃)ကို တွန်းတဲ့အခါ "ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်း တွန်း၍စင်ကုန်၏"လို့ဆိုပါ၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ 'ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ'ဟု သချာတပ်၍ ဟောအပ်ကုန်၏"လို့ ဆိုပါ။

http://www.dhammadownload.com



တတိယအချက်(၂)ကိုတော့ မတွန်းရဘူး၊ "ဤတရားတို့သည် ဟေတု အာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားမည်ကုန်၏"လို့ ဆိုရပါတယ်၊ အနုလုံအမည်နဲ့ပဲ သုံးသပ်ကိုင်တွယ်ရပါတယ်၊ ပြီးတော့မှ "ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ 'နဟေတုပစ္စယာ နာရမ္မဏေ ဇကံ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ ဆိုပါ။

စတုတ္ထအချက်(၁)ကိုလဲ မတွန်းရဘူး၊ "ဤတရားတို့သည် ဟေတု အာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဖြစ်သောတရား မည်ကုန်၏"လို့ ဆိုရပါတယ်၊ အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်၊ အနုလုံအမည်ကိုပဲ သုံးသပ်ကိုင်တွယ်ရပါတယ်၊ ပြီးတော့မှ အနုလုံကနေတွန်းတဲ့အတွက် "ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း, ကံ ကတ္တားနေဟန်သို့လိုက်၍လည်းကောင်း 'ဟေတုပစ္စယာ အာရမ္မဏေ တီဏိ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ရပါတယ်။

၂။ ပစ္စနိက်ကနေတွန်းလျှင် ပထမအချက်(၃)ကို "ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ် သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏"လို့ မူလ မူလီနှစ်ခုလုံး "နဟေတု နာရမ္မဏ"ဆိုတဲ့ ပစ္စနိက်အမည်ကို သုံးသပ်ကိုင်တွယ်ပြီး တွန်းရပါတယ်။

ဒုတိယအချက်(၄)ကိုတွန်းတဲ့အခါ "နဟေတုသာဖြစ်၍ နာရမ္မဏမဖြစ် သောကြောင့် နာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏"လို့ဆိုပါ။ (အကျဉ်းချုပ်ပြီး ပြောလိုက်ပါတယ်။)

တတိယအချက်(၁)ကို "ဤတရားတို့သည် နဟေတုနာရမ္မဏပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားမည်ကုန်၏"လို့ ဆိုပါ။

စတုတ္ထအချက်(၂)ကို "ဤတရားတို့သည် နဟေတု နာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဖြစ်သောတရား မည်ကုန်၏"လို့ ဆိုပါ၊ ပြီးတော့မှ ပစ္စနိက်ကနေ တွန်းတဲ့ အတွက် "ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍ လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့လိုက်၍လည်း ကောင်း, ကံကတ္တား နေဟန်သို့ လိုက်၍လည်းကောင်း 'နဟေတုပစ္စယာ နာရမ္မဏေ ဇကံ'ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏"လို့ အဆုံးသတ်ရပါတယ်။

၃။ အနုလောမပစ္စနိက်ကနေတွန်းလျှင် ပထမအချက်(၂)ကို "ဤတရား တို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မမဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍စင်ကုန်၏"လို့ "ဟေတု+နာရမ္မဏ" ဆိုတဲ့ အနုလောမပစ္စနိက်အမည်ကို သုံးသပ်ကိုင်တွယ်ပြီး တွန်းရပါတယ်။

http://www.dhammadownload.com



ဒုတိယအချက် (၁) ကိုတွန်းတဲ့အခါ "ဟေတုသာဖြစ်၍ နာရမ္မဏမဖြစ်သောကြောင့် နာရမ္မဏပစ္စည်းတွန်း၍စင်ကုန်၏"လို့ဆိုပါ။ (ခြိုလို့ပဲ ပြောလိုက်ပါတယ်။)

တတိယအချက်(၄) ကို "ဤတရားတို့သည် ဟေတုနာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရား မည်ကုန်၏"လို့ဆိုပါ။

စတုတ္ထအချက် (၃) ကို "ဤတရားတို့သည် ဟေတုနာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏"လို့ဆိုပါ၊ ပြီးတော့မှ အနုလောမပစ္စနိကကနေတွန်းတဲ့အတွက် "ထို့ကြောင့် ထိုတရားတို့ကို ဤအနုလောမပစ္စနိက်၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း, ကံကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း 'ဟေတုပစ္စယာ နာရမ္မဏေ ပဥ္စ'ဟု သချာတပ်၍ဟောအပ်ကုန်၏" လို့ အဆုံးသတ်ရပါတယ်။

၄။ ပစ္စနီယာနုလောမကနေတွန်းလျှင် ပထမအချက် (၁) ကို "ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏"လို့ "နဟေတု+ အာရမ္မဏ" ဆိုတဲ့ ပစ္စနီယာနုလောမအမည်ကို သုံးသပ်ကိုင်တွယ်ပြီး တွန်းရပါတယ်။

ဒုတိယအချက် (၂) ကို တွန်းတဲ့အခါ "နဟေတုသာဖြစ်၍ အာရမ္မဏမဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍စင်ကုန်၏"လို့ဆိုပါ။ (ခြိုလို့ပဲ ပြောလိုက်ပါတယ်။)

တတိယအချက် (၃) ကို "ဤတရားတို့သည် နဟေတု အာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားမည်ကုန်၏"လို့ဆိုပါ။

စတုတ္ထအချက် (၄) ကို "ဤတရားတို့သည် နဟေတုအာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏" လို့ ဆိုပါ၊ ပြီးတော့မှ ပစ္စနီယာနုလောမကနေတွန်းတဲ့အတွက် "ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနီယာနုလောမ၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း, ကံ ကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း 'နဟေတုပစ္စယာ အာရမ္မဏေ ဒွေ'ဟု သချာတပ်၍ ဟောအပ်ကုန်၏" လို့ အဆုံးသတ်ရပါတယ်။

http://www.dhammadownload.com



## တရားရ မရှိခဲ့သော်

အကယ်၍ အနုလုံအချက်မှာ တရားရမရှိဘူးဆိုပါတော့၊ အဲဒီလိုမရှိလျှင် "ဟေတု အာရမ္မဏနှစ်ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားကား မရှိကုန်၊ ထို့ကြောင့် အနုလုံ၌ 'ဟေတုပစ္စယာ အာရမ္မဏေ'အစရှိသည်ဖြင့် မဟောရသတည်း"လို့ဆိုရပါတယ်။ [ပုံစံအနေဖြင့်သာ ဟေတုနဲ့အာရမ္မဏကို သတ်မှတ်ပြခြင်း ဖြစ်ပါတယ်၊ ဒီသဘောကို အာသေဝနမူ ဝိပါကမူလီမှာ တွေ့ရပါလိမ့်မယ်။]

ပစ္စနိကအချက်မှာ တရားရမရှိလျှင် "ဟေတု အာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားကား မရှိကုန်၊ ထို့ကြောင့် ပစ္စနိက၌ 'နဟေတုပစ္စယာ နာရမ္မဏေ'အစရှိသည်ဖြင့် မဟောရသတည်း"လို့ ဆိုရပါတယ်။ [ဟေတုမူ သဟဇာတမူလီစသည်မှာ တွေ့ရပါလိမ့်မယ်။]

အနုလောမပစ္စနိကမှာ တရားရမရှိလျှင် "ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလောမပစ္စနိက၌ 'ဟေတုပစ္စယာ နာရမ္မဏေ'အစရှိသည်ဖြင့် မဟောရသတည်း"လို့ ဆိုရပါတယ်။ [ဟေတုမူ သဟဇာတမူလီစသည်မှာ တွေ့ရပါလိမ့်မယ်။]

ပစ္စနိယာနုလောမမှာ တရားရမရှိလျှင် "အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားကား မရှိ၊ ထို့ကြောင့် ပစ္စနိယာနုလောမ၌ 'နဟေတုပစ္စယာ အာရမ္မဏေ'အစရှိသဖြင့် မဟောရသတည်း" လို့ ဆိုရပါတယ်။ [ဟေတုမူ အဓိပတိမူလီစသည်မှာ တွေ့ရပါလိမ့်မယ်။]

## ပစ္စည်းတွန်း အစိပ္ပါယ်

"မူကိုတွန်းပါ၊ မူလီကိုတွန်းပါ"ဆိုတာ နားလည်လွယ်အောင် ပြောခဲ့တဲ့ စကားဖြစ်ပါတယ်၊ အမှန်ကတော့ မူကတွန်းပစ်တာ, မူလီကတွန်းပစ်တာသာ ဖြစ်ပါတယ်၊ မူကိုတွန်းပစ်တာ, မူလီကိုတွန်းပစ်တာ မဟုတ်ပါဘူး။ ပထမအချက်ဟာ မူဟေတုကလက်မခံပဲ တွန်းပစ်လိုက်လို့ စင်ထွက်သွားတဲ့ မူလီ အာရမ္မဏရဲ့ တစ်ဖက်ရတရားတွေ ဖြစ်ပါတယ်၊ ဒုတိယအချက်ကတော့ မူလီ အာရမ္မဏက လက်မခံပဲ တွန်းပစ်လိုက်လို့ စင်ထွက်သွားတဲ့ မူဟေတုရဲ့ တစ်ဖက်ရတရားတွေ ဖြစ်ပါတယ်၊ မူကတ္တား, မူလီကတ္တားက တွန်းပစ်တာဖြစ်ပါတယ်၊ အတွန်းခံရတဲ့ ကံပုဒ်မဟုတ်ပါဘူး။

http://www.dhammadownload.com



## အရကောက် ဆရာကြီးနည်း

အခုပြောခဲ့တဲ့ ပစ္စည်းတွန်းအစီအစဉ်ဟာ အရကောက်ဆရာကြီး နည်းပေးထားတဲ့ အစီအစဉ်ဖြစ်ပါတယ်၊ အရကောက်ဆရာကြီးက ဒီလိုအမိန့်ရှိပါတယ်–

"အနုလုံမှာ ပစ္စနီယာနုလောမကို စ၍တွန်းသည်၊ ပစ္စနိက်မှာ အနုလောမပစ္စနိက်ကို စ၍တွန်းသည်၊ အနုလောမပစ္စနိက်မှာ ပစ္စနိက်ကို စ၍တွန်းသည်၊ ပစ္စနီယာနုလောမမှာ အနုလုံကို စ၍တွန်းသည်၊ ဤသည်လျှင် အထူးတည်း" တဲ့။ (အရကောက်၊ ၂၃၈)

အဲ ... အခုပြောခဲ့တဲ့ အစီအစဉ်အတိုင်း ဒုကသင်္ချာဝါရသရုပ်တွေကို ထုတ်ပြပါမယ်၊ သရုပ်မြင်မြင် ဉာဏ်ရွှင်ရွှင်နဲ့ အရှုပ်ဘုရင်ကို ခုတ်ထွင်ကာ သုတ်သင်နိုင်ကြရလေအောင် ကျုပ်အမြင်နဲ့ အဟုတ်ထွင်ပြီး ထုတ်ဆင်ကာ ပြလိုက်ပါတယ်။

ဉာဏ်ရောင် ရွှန်းရွှန်း၊ ညှိကာ ထွန်း၍၊ တွန်းကြပေတော့။
ဉာဏ်ရည် ရွှမ်းရွှမ်း၊ လွန်ကြိုးပမ်း၍၊ အစွမ်း ပြကြပေတော့။

= = = = =

http://www.dhammadownload.com



# ပဋ္ဌာနပါဠိ၊ ဒုကသင်္ချာ

## ဟေတုမူ

### ဟေတုမူ+အာရမ္မဏဒုက

၁။ သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေးပညာသ၊ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ သင်္ချာ–တီဏိ။ (အနုလုံ၊ နှစ်ပါးစုံရ)

၂။ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ သင်္ချာ–ဧကံ။ (ပစ္စနိက်၊ နှစ်ပါးစုံ မရ)

၃။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာ–ပဉ္စ။ (အနုလောမ ပစ္စနိက်၊ ဟေတုသာ)

၄။ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ သင်္ချာ–ဒွေ။ (ပစ္စနီယာနုလောမ၊ အာရမ္မဏသာ)

### ဟေတုမူ+အဓိပတိဒုက

၁။ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ငါးဆယ့်နှစ်ခုနာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ သင်္ချာ–နဝ။ (အနုလုံ၊ နှစ်ပါးစုံရ)

၂။ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ် စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိ ကမ္မဇရုပ်။ သင်္ချာ–ဒွေ။ (ပစ္စနိက်၊ နှစ်ပါးစုံ မရ)

၃။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် မဟာကြိယာ၊ သဟိတ်လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ သင်္ချာ–နဝ။(နုနိက်၊ ဟေတုသာ)

၄။ x (နိက်နု၊ အဓိပတိသာ မရှိ)

### ဟေတုမူ+သဟဇာတဒုက

၁။ သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူ ဒွေး၌မောဟကြဉ်သော စေတသိက် ဒွေးပညာသ၊ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇ ရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

http://www.dhammadownload.com



၂။ x (ပစ္စနိက်၊ မရှိ)
၃။ x (နုနိက်၊ မရှိ)
၄။ မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (နိက်နု)

## ဟေတုမူ+အညမညဒုက

၁။ သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေးပညာသ၊ သဟဝိပ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋိ သန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက် အပ်သော သဟိတ်စိတ္တဇမဟာဘုတ်၊ သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်။ တီဏိ။ (အနုလုံ)
၂။ နာမက္ခန္ဓာမှထောက်အပ်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော အဟိတ် စိတ္တဇဥပါဒါ, အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ဇော်။ (ပစ္စနိက်)
၃။ နာမက္ခန္ဓာမှထောက်အပ်သော သဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော သဟိတ် စိတ္တဇဥပါဒါ, သဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်။ ပဉ္စ။ (နုနိက်)
၄။ မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်း ချင်းမှထောက်အပ်သော အဟိတ်စိတ္တဇမဟာဘုတ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇမဟာဘုတ်။ ဒွေ။ (နိက်နု)

## ဟေတုမူ + ပုရေဇာတဒုက

၁။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ အရူပဝိပါက် လေးခုကြဉ်သော သဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)
၂။ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ၊ မနောဒွါရာဝဇ္ဇန်း၊ အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟကြဉ်သော လောဘမူ, မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ သတ္တ။ (နုနိက်)

၄။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး။ ဒွေ။ (နိက်နု)

**ဟေတုမူ + အာသေဝနဒုက**

၁။ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာ။ တိဏိ။ (အနုလုံ)

၂။ မောဟမူပထမဇော၌ရှိသော မောဟ၊ ဟသိတုပ္ပါဒ်ပထမဇော၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (ပစ္စနိက်)

၃။ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် မဟာကြိယာပထမဇော၊ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (နုနိက်)

၄။ မောဟမူ ဒုတိယာဒိဇော၌ရှိသော မောဟ၊ ဟသိတုပ္ပါဒ်ဒုတိယာဒိဇော။ ဒွေ။ (နိက်နု)

**ဟေတုမူ + ကမ္မဒုက**

၁။ မောဟမူဒွေး၌မောဟ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ အဟိတ်ကြိယာ စေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာ။ တိဏိ။ (နုနိက်)

၄။ မောဟမူဒွေး၌မောဟ၊ ကြိယာစေတနာကြဉ်သော အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (နိက်နု)

http://www.dhammadownload.com



**ဟေတုမူ + ဝိပါကဒုက**

၁။ သဟိတ်ဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ကော်။ (အနုလုံ)

၂။ မောဟမူဒွေး၌မောဟ၊ အဟိတ်ကြိယာနာမက္ခန္ဓာလေးပါး၊ အဟိတ်ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (ပစ္စနိက်)

၃။ မောဟမူဒွေး၌မောဟကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာ၊ ထိုကုသိုလ် အကုသိုလ် သဟိတ်ကြိယာနာမက္ခန္ဓာပြုအပ်သော သဟိတ်စိတ္တဇရုပ်။ နဝ။ (နုနိက်)

၄။ အဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ကော်။ (နိက်နု)

**ဟေတုမူ + အာဟာရဒုက**

၁။ မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။(အနုလုံ)

၂။ ဗာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ကော်။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရဇရုပ်။ ဒွေ။ (နိက်နု)

**ဟေတုမူ + ဣန္ဒြိယဒုက**

၁။ ဟေတုသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဗာ၊ အာ၊ ဥ၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ကော်။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (နိက်နု)

**ဟေတုမူ + ဈာနဒုက**

၁။ ဟေတုသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဒွေးပဥ္စဝိညာဉ်တစ်ဆယ် နာမက္ခန္ဓာလေးပါး၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ကော်။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ x (နနိက်၊ မရှိ)

၄။ မောဟမူဒွေး၌မောဟ၊ ဒွေးပဥ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဒွေ။ (နိက်န)

## ဟေတုမူ + မဂ္ဂဒုက

၁။ ဟေတုသုဒ္ဓသချာအတိုင်း။ နဝ။ (အနုလုံ)

၂။ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ x (နနိက်၊ မရှိ)

၄။ မောဟမူဒွေး၌မောဟ။ ဧကံ။ (နိက်န)

## ဟေတုမူ + ဝိပ္ပယုတ္တဒုက

၁။ မောဟမူဒွေး၌မောဟ အရူပဝိပါက်လေးခုကြဉ်သော သဟိတ်ပဥ္စဝေါကာရပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ၊ မနောဒွါရာဝဇ္ဇန်း၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဒွေ။ (ပစ္စနိက်)

၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သော်အခါ မောဟမူဒွေး၌မောဟကြဉ်သော လောဘမူ မောဟမူ၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (နနိက်)

၄။ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဒွေ။ (နိက်န)

+ + + + +

http://www.dhammadownload.com



## အာရမ္မဏမူ

### အာရမ္မဏမူ + အဓိပတိဒုက

၁။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဖောင်းဆယ့်နှစ်ခု နာမက္ခန္ဓာ။ တီကာ။ (အနုလုံ)

၂။ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ တီကာ။ (နုနိက်)

၄။ သာဓိပတိစိတ္တဇရုပ်။ ပဋ္ဌ။ (နိက်နု)

### အာရမ္မဏမူ + အနန္တရဒုက

၁။ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ တီကာ။ (အနုလုံ)

၂။ စိတ္တဇရုပ်၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ x (နိက်နု၊ မရှိ)

### အာရမ္မဏမူ + သဟဇာတဒုက

၁။ အာရမ္မဏသုဒ္ဓသင်္ချာအတိုင်း။ တီကာ။ (အနုလုံ)

၂။ x (ပစ္စနိက်၊ မရှိ)

၃။ x (နုနိက်၊ မရှိ)

၄။ စိတ္တဇရုပ်၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (နိက်နု)

### အာရမ္မဏမူ + အညမညဒုက

၁။ အာရမ္မဏသုဒ္ဓသင်္ချာအတိုင်း။ တီကာ။ (အနုလုံ)

၂။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇမဟာဘုတ်။ ဧကံ။ (နိက်နု)

http://www.dhammadownload.com



**အာရမ္မဏမူ + ပုရေဇာတဒုက**

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဋ္ဌဝေါကာရပဝတ္တိနာမက္ခန္ဓာလေးပါး။ တိကဓိ။ (အနုလုံ)

၂။ စိတ္တဇရုပ်၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ တိကဓိ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

**အာရမ္မဏမူ + အာသေဝနဒုက**

၁။ ပထမဇောဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောဇေပညာသ၊ တိကဓိ။ (အနုလုံ)

၂။ စိတ္တဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ တိကဓိ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

**အာရမ္မဏမူ + ကမ္မဒုက**

၁။ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ တိကဓိ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တိကဓိ။ (နုနိက်)

၄။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (နိက်နု)

**အာရမ္မဏမူ + ဝိပါကဒုက**

၁။ အလုံးစုံသော ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဧကံ။ (အနုလုံ)

၂။ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာလေးပါး။ တီဏိ။ (နနိုက်)
၄။ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ ဧကံ။ (နိုက်န)

**အာရမ္မဏမူ + အာဟာရဒုက**

၁။ အာရမ္မဏသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ ဗာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)
၃။ x (နနိုက်၊ မရှိ)
၄။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရဇရုပ်။ ပဉ္စ။ (နိုက်န)

**အာရမ္မဏမူ + ဣန္ဒြိယဒုက**

၁။ အာရမ္မဏသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ ဗာ၊ အာ၊ ဥ၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိက်)
၃။ x (နနိုက်၊ မရှိ)
၄။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ ပဉ္စ (နိုက်န)

**အာရမ္မဏမူ + ဈာနဒုက**

၁။ ဒွေပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)
၂။ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)
၃။ ဒွေပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာလေးပါး။ ဧကံ။ (နနိုက်)
၄။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စ။ (နိုက်န)

**အာရမ္မဏမူ + မဂ္ဂဒုက**

၁။ သဟိတ်စိတ် ဧကသတ္တတိ၊ စေတသိက်ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)
၂။ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)
၃။ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဧကံ။ (နနိုက်)
၄။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စ။ (နိုက်န)

http://www.dhammadownload.com



**အာရမ္မဏမူ + ဝိပ္ပယုတ္တဒုက**

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ တီဏိ။ (အနုလုံ)

၂။ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ အရူပဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ လေးပါး။ တီဏိ။ (နုနိက်)

၄။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စ။ (နိက်နု)

[အာရမ္မဏနှင့် သုဒ္ဓသဘောတူ အနန္တရ, သမနန္တရ, ဥပနိဿယ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတတို့လည်း နည်းတူပင်။]

= = = = =

## အဓိပတိမူ

**အဓိပတိမူ + သဟဇာတဒုက**

၁။ အဓိပတိသုဒ္ဓသဘောအတိုင်း။ နဝ။ (အနုလုံ)

၂။ x (ပစ္စနိက်၊ မရှိ)

၃။ x (နုနိက်၊ မရှိ)

၄။ နာဓိပတိသုဒ္ဓသဘောအတိုင်း။ နဝ။ (နိက်နု)

**အဓိပတိမူ + အညမညဒုက**

၁။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခုနာမက္ခန္ဓာ၊ အချင်းချင်းမှထောက်အပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်။ တီဏိ။ (အနုလုံ)

၂။ နာမက္ခန္ဓာမှထောက်အပ်သော နိရာဓိပတိစိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော နိရာဓိပတိစိတ္တဇ ဥပါဒါ၊ ပဋိသန္ဓေကမ္မဇဥပါဒါ ။ပ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဉ္စ။ (ပစ္စနိက်)

၃။ နာမက္ခန္ဓာမှထောက်အပ်သော သာဓိပတိစိတ္တဇရုပ်၊ မဟာဘုတ်မှထောက် အပ်သော သာဓိပတိစိတ္တဇဥပါဒါရုပ်။ ပဉ္စ။ (နုနိက်)

http://www.dhammadownload.com



၄။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာ မှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော နိရာဓိပတိစိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ် ။ ပ ။ ပဝတ္တိ ကမ္မဇမဟာဘုတ်။ တီဏိ။ (နိက်နု)

**အဓိပတိမူ + ပုရေဇာတဒုက**

၁။ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂–ခုနာမက္ခန္ဓာ။ တီဏိ။ (အနုလုံ)

၂။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိ ပတိတရားကိုယ်၊ မရသောအခါ လောဘမူ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ နိရာဓိပတိ စိတ္တဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ သတ္တ။ (ပစ္စနိက်)

၃။ အရူပဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ် သော လောဘမူ မဟာကုသိုလ် မဟာကြိယာ၊ ကြွင်းသော အရူပ ကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာလေး ပါး၊ သာဓိပတိစိတ္တဇရုပ်။ သတ္တ။ (နုနိက်)

၄။ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပဝိပါက်လေးခုကြဉ်သော လောကီဝိပါက်ပဝတ္တိ နာမက္ခန္ဓာလေးပါး။ တီဏိ။ (နိက်နု)

**အဓိပတိမူ + အာသေဝနဒုက**

၁။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ကြွင်းသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (အနုလုံ)

၂။ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာ ကြိယာပဌမဇော၊ ဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ်၊ မရသော အခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပဌမဇော၊ အာဝဇ္ဇန်းဒွေး၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ

http://www.dhammadownload.com



လေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ နဝ။ (ပစ္စနိက်)

၃။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ပထမဇော၊ ဖိုလ်လေးခုနာမက္ခန္ဓာလေးပါး၊ သာဓိပတိစိတ္တဇရုပ်။ နဝ။ (နုနိက်)

၄။ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်၌ါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော။ တီဏိ။ (နိက်နု)

## အဓိပတိမူ+ကမ္မဒုက

၁။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်, ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော သာဓိပတိဇော ၅၂–ခုနာမက္ခန္ဓာ၊ ထို နာမက္ခန္ဓာပြုအပ်သော သာဓိပတိစိတ္တဇရုပ်။ နဝ။ (အနုလုံ)

၂။ နိရာဓိပတိကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ သာဓိပတိကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တီဏိ။ (နုနိက်)

၄။ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အကုသိုလ်၌ါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိ၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ နဝ။ (နိက်နု)

## အဓိပတိမူ+ဝိပါကဒုက

၁။ အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ်လေးခုနာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ ဧကံ။ (အနုလုံ)

၂။ အဓိပတိပစ္စည်းကိုရသောအခါ ကုသိုလ် အကုသိုလ် ကြိယာ၌ရှိသော အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်၌ါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာကြိယာနာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ်ကြိယာပြုအပ်သော နိရာဓိပတိစိတ္တဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်၊ နဝ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ၊ ကုသိုလ်အကုသိုလ်ကြိယာပြုအပ်သော သာဓိပတိစိတ္တဇရုပ်။ နဝ။ (နနိက်)

၄။ ဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ်၊ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ လောကီဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ ဧကံ။ (နိက်န)

## အဓိပတိမူ + အာဟာရဒုက

၁။ အဓိပတိသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနလုံ)
၂။ နာဟာရသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (ပစ္စနိက်)
၃။ x (နနိက်၊ မရှိ)
၄။ အဓိပတိပစ္စည်းကိုရသောအခါ ။ ပ ။ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရဇရုပ်။ နဝ။ (နိက်န)

## အဓိပတိမူ + ဣန္ဒြိယဒုက

၁။ အဓိပတိသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနလုံ)
၂။ နဣန္ဒြိယသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (ပစ္စနိက်)
၃။ x (နနိက်၊ မရှိ)
၄။ အဓိပတိပစ္စည်းကိုရသောအခါ ။ ပ ။ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ နဝ။ (နိက်န)

## အဓိပတိမူ + ဈာနဒုက

၁။ အဓိပတိသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနလုံ)
၂။ နဈာနသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (ပစ္စနိက်)
၃။ x (နနိက်၊ မရှိ)
၄။ အဓိပတိပစ္စည်းကိုရသောအခါ ။ ပ ။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော လောကီဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (နိက်န)

## အဓိပတိမူ + မဂ္ဂဒုက

၁။ အဓိပတိသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနလုံ)
၂။ နမဂ္ဂသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ x (နနိက်၊ မရှိ)

၄။ အဓိပတိပစ္စည်းကိုရသောအခါ ။ ပ ။ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိ စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ န၀။ (နိက်န)

**အဓိပတိမူ + ဝိပ္ပယုတ္တဒုက**

၁။ ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခုနာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ န၀။ (အနလုံ)

၂။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ အဓိ ပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ အရူပဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ် သော လောဘမူ မဟာကုသိုလ် မဟာကြိယာ၊ ကေန်ရသော အရူပ ကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခုနာမက္ခန္ဓာလေး ပါး။ တီဏိ။ (နနိက်)

၄။ ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ် မဟာ ကြိယာ၊ အရူပဝိပါက်လေးခုကြဉ်သော လောကီဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ န၀။ (နိက်န)

= = = = =

**သဟဇာတမူ**

**သဟဇာတမူ + အညမညဒုက**

၁။ အညမညသုဒ္ဓသချာအတိုင်း။ တီဏိ။ (အနလုံ)

၂။ x (ပစ္စနိက်၊ မရှိ)

၃။ နအညမညသုဒ္ဓသချာအတိုင်း။ ပဋ္ဌ။ (နနိက်)

၄။ x (နိက်န၊ မရှိ)

**သဟဇာတမူ + နိဿယဒုက**

၁။ သဟဇာတသုဒ္ဓသချာအတိုင်း။ န၀။ (အနလုံ)

http://www.dhammadownload.com



၂။ x (ပစ္စနိက်၊ မရှိ)
၃။ x (နုနိက်၊ မရှိ)
၄။ x (နိက်နု၊ မရှိ)

**သဟဇာတမူ + ပုရေဇာတဒုက**

၁။ ပုရေဇာတသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ x (ပစ္စနိက်၊ မရှိ)
၃။ နပုရေဇာတသုဒ္ဓသင်္ချာအတိုင်း။ သတ္တ။ (နုနိက်)
၄။ x (နိက်နု၊ မရှိ)

**သဟဇာတမူ + အာသေဝနာဒိဒုက**

၁။ အာသေဝန၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ သုဒ္ဓသင်္ချာအတိုင်း။ ဆိုင်ရာသင်္ချာထုတ်ပါ။ (အနုလုံ)
၂။ x (ပစ္စနိက်၊ မရှိ)
၃။ နာသေဝန၊ နကမ္မ၊ နဝိပါက၊ နာဟာရ၊ နဣန္ဒြိယ၊ နဈာန၊ နမဂ္ဂ၊ နဝိပ္ပယုတ္တ–သုဒ္ဓသင်္ချာအတိုင်း။ ဆိုင်ရာသင်္ချာထုတ်ပါ။ (နုနိက်)
၄။ x (နိက်နု၊ မရှိ)

\+ + + + +

## အညမညမူ

**အညမညမူ + ပုရေဇာတဒုက**

၁။ ပုရေဇာတသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ ။ ပ ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဥ္စ။ (ပစ္စနိက်)
၃။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု၊ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ

http://www.dhammadownload.com



ထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိ ॥ ပ ॥ ပဝတ္တိကမ္မဇမဟာဘုတ်။ တီဏိ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

**အညမညမှု + အာသေဝနဒုက**

၁။ အာသေဝနသုဒ္ဓသဘ်ျာအတိုင်း။ တီဏိ။ (အနုလုံ)

၂။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ ॥ ပ ॥ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဥ္စ။ (ပစ္စနိက်) (ပုရေဇာတဒုကအတိုင်းပင်။)

၃။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သောစိတ္တဇမဟာဘုတ်၊ ပဋိ ॥ ပ ॥ ပဝတ္တိကမ္မဇမဟာဘုတ်။ တီဏိ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

**အညမညမှု + ကမ္မဒုက**

၁။ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိ၊ အသညာ၊ ပဝတ္တိကမ္မဇမဟာဘုတ်။ တီဏိ။ (အနုလုံ)

၂။ မဟာဘုတ်မှထောက်အပ်သော ဗာဟိရဥပါဒါ၊ အာ၊ ဥတုဇဥပါဒါရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ အချင်းချင်းမှထောက်အပ်သော ဗာဟိရမဟာဘုတ်၊ အာ၊ ဥတုဇမဟာဘုတ်။ တီဏိ။ (နုနိက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ၊ အသညာ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဥ္စ။ (နိက်နု)

**အညမညမှု + ဝိပါကဒုက**

၁။ အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော

http://www.dhammadownload.com



ဝိပါက်ပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကဋ္ဌဇမဟာဘုတ်။ ကေ။ (အနုလုံ)

၂။ နာမက္ခန္ဓာမှထောက်အပ်သော ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော ကုသိုလ် အကုသိုလ် ကြိယာ ပြုအပ်သော စိတ္တဇဥပါဒါ၊ ဗာ၊ အာ၊ ဥ၊ အသညသတ္တ၊ ပဝတ္တိကဋ္ဌဇဥပါဒါရုပ်။ ပဋ္ဌ။ (ပစ္စနိက်)

၃။ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာလေးပါး၊ အချင်းချင်းမှထောက် အပ်သော ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇမဟာဘုတ်၊ ဗာ၊ အာ၊ ဥ၊ အသညသတ္တ၊ ပဝတ္တိကဋ္ဌဇမဟာဘုတ်။ တီဏိ။ (နုနိက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ဟဒယ ဝတ္ထုမှတစ်ပါး ပဋိသန္ဓေကဋ္ဌဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော ဝိပါက်ပြုအပ်သော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကဋ္ဌဇဥပါဒါရုပ်။ ကေ။ (နိက်နု)

## အညမညမူ + အာဟာရဒုက

၁။ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇ မဟာဘုတ်၊ ပဋိ၊ အာဟာရဇ မဟာဘုတ်။ တီဏိ။ (အနုလုံ)

၂။ မဟာဘုတ်မှထောက်အပ်သော ဗာဟိရဥပါဒါ၊ ဥ၊ အသညသတ္တ၊ ပဝတ္တိကဋ္ဌဇ ဥပါဒါရုပ်။ ကေ။ (ပစ္စနိက်)

၃။ အချင်းချင်းမှထောက်အပ်သော ဗာဟိရမဟာဘုတ်၊ ဥ၊ အသညသတ္တ၊ ပဝတ္တိ ကဋ္ဌဇမဟာဘုတ်။ ကေ။ (နုနိက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေ ကဋ္ဌဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ၊ အာဟာ ရဇဥပါဒါရုပ်။ ပဋ္ဌ။ (နိက်နု)

## အညမညမူ + ဣန္ဒြိယဒုက

၁။ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇ မဟာဘုတ်၊ ပဋိ၊ အသညသတ္တ၊ ပဝတ္တိကဋ္ဌဇမဟာဘုတ်။ တီဏိ။ (အနုလုံ)

၂။ မဟာဘုတ်မှထောက်အပ်သော ဗာဟိရဥပါဒါ၊ အာ၊ ဥတုဇဥပါဒါရုပ်၊ အသညသတ်ကဋ္ဌဇ ရုပ်ဇီဝိတိန္ဒြေ။ ကေ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ အချင်းချင်းမှထောက်အပ်သော ဗာဟိရမဟာဘုတ်၊ အာ၊ ဥတုဇမဟာဘုတ်။ ဇော်။ (နုနိုက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကမ္မဇဥပါဒါ၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ပဋ္ဌ။ (နိုက်နု)

## အညမညမူ + ဈာနဒုက

၁။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်။ တိဏ်။ (အနုလုံ)

၂။ မဟာဘုတ်မှထောက်အပ်သော ဗာဟိရဥပါဒါ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇဥပါဒါ။ ဇော်။ (ပစ္စနိက်)

၃။ ဒွေးပဉ္စဝိညာဉ်နာမက္ခန္ဓာ၊ ဗာဟိရမဟာဘုတ်၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇမဟာဘုတ်။ ဇော်။ (နုနိုက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကမ္မဇဥပါဒါ။ ပဋ္ဌ။ (နိုက်နု)

## အညမညမူ + မဂ္ဂဒုက

၁။ အလုံးစုံသော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ်၊ သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်။ တိဏ်။ (အနုလုံ)

၂။ နာမက္ခန္ဓာမှထောက်အပ်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော အဟိတ်စိတ္တဇဥပါဒါ၊ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ဇော်။ (ပစ္စနိက်)

၃။ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော အဟိတ်စိတ္တဇမဟာဘုတ်၊ အဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇမဟာဘုတ်။ ဇော်။ (နုနိုက်)

http://www.dhammadownload.com



၄။ နာမက္ခန္ဓာမှထောက်အပ်သော သဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော သဟိတ် စိတ္တဇဥပါဒါ၊ သဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်။ ပဋ္ဌ။ (နိုက်နု)

## အညမညမူ + ဝိပ္ပယုတ္တဒုက

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဥ္စဝေါကာရပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ ပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်း ချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်။ တိဏ္ဏံ။ (အနုလုံ)

၂။ မဟာဘုတ်မှထောက်အပ်သော ဗာဟိရဥပါဒါ၊ အာ၊ ဥ၊ အသညပဝတ္တိ ကမ္မဇဥပါဒါ။ ဧကံ။ (ပစ္စနိက်)

၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ် သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာ ကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာလေးပါး၊ အချင်းချင်းမှထောက်အပ်သော ဗာဟိရမဟာဘုတ်၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇမဟာဘုတ်။ တိဏ္ဏံ။ (နုနိုက်)

၄။ နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတစ်ပါး ပဋိ သန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သော စိတ္တဇဥပါဒါ၊ ပဋိ သန္ဓေကမ္မဇဥပါဒါရုပ်။ ပဋ္ဌ။ (နိုက်နု)

\+ + + + +

## ပုရေဇာတမူ

## ပုရေဇာတမူ + အာသေဝနဒုက

၁။ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာ ကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ် ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာလေးပါး၊ တိဏ္ဏံ။ (အနုလုံ)

၂။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ ပဌမဇော၊ မနောဒွါရာဝဇ္ဇန်း၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ် ॥ ပ ॥ ပဝတ္တိကမ္မဇရုပ်။ သတ္တ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဈာန်၊ အာဝဇ္ဇန်းဒွေး၊ အရူပဝိပါက်လေးခု ကြဉ်သော ပဋိဝေါကာရဝိပါက် ပဝတ္တိနာမက္ခန္ဓာလေးပါး။ တီဏိ။ (နုနိက်)

၄။ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဈာန်၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ် သုံးခုနာမက္ခန္ဓာလေးပါး။ တီဏိ။ (နိက်နု)

**ပုရေဇာတမူ + ကမ္မဒုက**

၁။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ အရူပဝိပါက်လေးခု ကြဉ်သော ပဋိဝေါကာရပဝတ္တိနာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)

၂။ အရူပဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာဟိရ ရုပ်၊ အာ၊ ဥတုဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တီဏိ။ (နုနိက်)

၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ ပဋိဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇ ရုပ်၊ ပဋိ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ သတ္တ။ (နိက်နု)

**ပုရေဇာတမူ + ဝိပါကဒုက**

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဋိဝေါကာရဝိပါက် ပဝတ္တိနာမက္ခန္ဓာလေးပါး။ ဧကံ။ (အနုလုံ)

၂။ အရူပဘုံ၌ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာလေးပါး၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိ ကမ္မဇရုပ်။ သတ္တ။ (ပစ္စနိက်)

၃။ ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာလေးပါး။ တီဏိ။ (နုနိက်)

၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ ဖိုလ်လေးခုနာမက္ခန္ဓာ၊ ပဋိဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သောစိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ ဧကံ။ (နိက်နု)

http://www.dhammadownload.com



**ပုရေဇာတမူ + အာဟာရဒုက**

၁။ ပုရေသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ ဗာဟိရရုပ်၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)
၃။ x (နုနိက်၊ မရှိ)
၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိ၊ အာဟာရဇရုပ်။ သတ္တ။ (နိက်နု)

**ပုရေဇာတမူ + ဣန္ဒြိယဒုက**

၁။ ပုရေသုဒ္ဓသင်္ချာအတိုင်း။ တီဏိ။ (အနုလုံ)
၂။ ဗာဟိရရုပ်၊ အာ၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိက်)
၃။ x (နုနိက်၊ မရှိ)
၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ သတ္တ။ (နိက်နု)

**ပုရေဇာတမူ + ဈာနဒုက**

၁။ အရူပဝိပါက်လေးခု, ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)
၂။ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)
၃။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာလေးပါး။ ဧကံ။ (နုနိက်)
၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ သတ္တ။ (နိက်နု)

**ပုရေဇာတမူ + မဂ္ဂဒုက**

၁။ အရူပဝိပါက်လေးခုကြဉ်သော သဟိတ်ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာလေးပါး။ တီဏိ။ (အနုလုံ)

http://www.dhammadownload.com



၂။ အရူပဘုံ၌ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း၊ အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဇော်။ (ပစ္စနိက်)

၃။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး။ ဇော်။ (နုနိက်)

၄။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ သတ္တ။ (နိက်နု)

**ပုရေဇာတမူ + ဝိပ္ပယုတ္တဒုက**

၁။ ပုရေသုဒ္ဓသချာအတိုင်း။ တီဏိ။ (အနုလုံ)

၂။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာလေးပါး၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စ။ (နိက်နု)

+ + + + +

## အာသေဝနမူ

**အာသေဝနမူ + ကမ္မဒုက**

၁။ စေတနာကြဉ်သော အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (အနုလုံ)

၂။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပဌမဇော၊ အာဝဇ္ဇန်းဒွေး၌ရှိသော စေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ တီဏိ။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာဒုတိယာ ဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု၌ရှိသော စေတနာ။ တီဏိ။ (နနိက်)

၄။ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိ၊ အသညာ၊ ပဝတ္တိကမ္မဇ ရုပ်။ နဝ။ (နိက်န)

**အာသေဝနမ္မ + ဝိပါကဒုက**

၁။ x (အနုလုံ၊ မရှိ)

၂။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး နာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ်ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ နဝ။ (ပစ္စနိက်)

၃။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာဒုတိယာ ဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (နနိက်)

၄။ ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဇော်။ (နိက်န)

**အာသေဝနမ္မ + အာဟာရဒုက**

၁။ အာသေသုဒ္ဓသချာအတိုင်း။ တီဏိ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇရုပ်။ ဇော်။ (ပစ္စနိက်)

၃။ x (နနိက်၊ မရှိ)

၄။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိ၊ အာဟာရဇရုပ်။ နဝ။ (နိက်န)

**အာသေဝနမ္မ + ဣန္ဒြိယဒုက**

၁။ အာသေသုဒ္ဓသချာအတိုင်း။ တီဏိ၊ (အနုလုံ)

၂။ ဗာဟိရရုပ်၊ အာ၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိ ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဇော်။ (ပစ္စနိက်)

၃။ x (နနိက်၊ မရှိ)

http://www.dhammadownload.com



၄။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ နဝ။ (နိုက်နု)

**အာသေဝနမူ + ဈာနဒုက**

၁။ အာသေသုဒ္ဓသချိုအတိုင်း။ တီဏိ။ (အနုလုံ)

၂။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇ ရုပ်။ ဧကံ။ (ပစ္စနိုက်)

၃။ x (နုနိုက်၊ မရှိ)

၄။ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော၊ အာဝဇ္ဇန်းဒွေး၊ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ဝိပါက်စိတ်ဆဗ္ဗီသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (နိုက်နု)

**အာသေဝနမူ + မဂ္ဂဒုက**

၁။ အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (အနုလုံ)

၂။ ဟသိတုပ္ပါဒ်ပထမဇော၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိုက်)

၃။ ဟသိတုပ္ပါဒ်ဒုတိယာဒိဇော။ ဧကံ။ (နုနိုက်)

၄။ အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာပထမဇော၊ သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိ သန္ဓေကမ္မဇရုပ်။ နဝ။ (နိုက်နု)

**အာသေဝနမူ + ဝိပ္ပယုတ္တဒုက**

၁။ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာ ကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ် ကြိယာ၊ မဂ်လေးခုနာမက္ခန္ဓာလေးပါး၊ တီဏိ။ (အနုလုံ)

၂။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ် သောအခါ လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာပထမဇော၊

http://www.dhammadownload.com



မနောဒွါရာဝဇ္ဇန်း၊ ဖိုလ်လေးခုနာမက္ခန္ဓာ၊ ဗာ၊ အာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဈာန်၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခုနာမက္ခန္ဓာ၊ တီဏိ။ (နုနိက်)

၄။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဈာန်၊ အာဝဇ္ဇန်းနွေး၊ အရူပဝိပါက်လေးခုကြဉ်သော ဝိပါက်စိတ်ဗာတ္တိံသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (နိက်နု)

\+ + + + +

## ကမ္မမူ

### ကမ္မမူ + ဝိပါကဒုက

၁။ ဝိပါကသုဒ္ဓသချာအတိုင်း။ ဧကံ။ (အနုလုံ)

၂။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ တီဏိ။ (ပစ္စနိက်)

၃။ စေတနာကြဉ်သော ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ နဝ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

### ကမ္မမူ + အာဟာရဒုက

၁။ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ ဥတုဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (နုနိက်)

၄။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ အာဟာရဇရုပ်။ တီဏိ၊ (နိက်နု)

### ကမ္မမူ + ဣန္ဒြိယဒုက

၁။ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိ

http://www.dhammadownload.com



ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ အာ၊ ဥတုဇရုပ်။ ဇော်။ (ပစ္စနိက်)

၃။ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဇော်။ (နုနိက်)

၄။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တီဏိ။ (နိက်နု)

**ကမ္မမူ + ဈာနဒုက**

၁။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်၊ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ အာ၊ ဥတုဇရုပ်။ ဇော်။ (ပစ္စနိက်)

၃။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇ ရုပ်။ ဇော်။ (နုနိက်)

၄။ ကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တီဏိ။ (နိက်နု)

**ကမ္မမူ + မဂ္ဂဒုက**

၁။ ကုသိုလ်အကုသိုလ်ကြိယာ စေတနာကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ အဟိတ်ကြိယာစေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ ဇော်။ (ပစ္စနိက်)

၃။ ကြိယာစေတနာကြဉ်သော အလုံးစုံသော အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဇော်။ (နုနိက်)

၄။ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာစေတနာ။ တီဏိ။ (နိက်နု)

**ကမ္မမူ + ဝိပ္ပယုတ္တဒုက**

၁။ ပဉ္စဝေါကာရဘုံ၌ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ အရူပဝိပါက်လေးခုကြဉ်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ အရူပဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာ၊ အာ၊ ဥတုဇရုပ်။ ဇော်။ (ပစ္စနိက်)

http://www.dhammadownload.com



၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သော အခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော လောဘမူမောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပ ကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ၊ အသညသတ်ကမ္မဇ ရုပ်၊ ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (နုနိက်)

၄။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာစေတနာ။ တီဏိ။ (နိက်နု)

\+ + + + +

## ဝိပါကမူ

### ဝိပါကမူ + အာဟာရဒုက

၁။ ဝိပါကသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ အာဟာရဇရုပ်။ နဝ။ (နိက်နု)

### ဝိပါကမူ + ဣန္ဒြိယဒုက

၁။ ဝိပါကသုဒ္ဓသင်္ချာအတိုင်း။ ဧကံ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ အာ၊ ဥ၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိက်)

၃။ x (နုနိက်၊ မရှိ)

၄။ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ နဝ။ (နိက်နု)

### ဝိပါကမူ + ဈာနဒုက

၁။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဧကံ။ (အနုလုံ)

http://www.dhammadownload.com



၂။ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဇော်။ (ပစ္စနိက်)
၃။ ဒွေးပဋိသန္ဓိဉာဉ်တစ်ဆယ်နာမက္ခန္ဓာ။ ဇော်။ (နုနိက်)
၄။ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ၊ ကုသိုလ်အကုသိုလ်ကြိယာပြု အပ်သော စိတ္တဇရုပ်။ နဝ။ (နိက်နု)

## ဝိပါကမူ + မဂ္ဂဒုက

၁။ သဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဇော်။ (အနုလုံ)
၂။ အဟိတ်ကြိယာနာမက္ခန္ဓာ၊ အဟိတ်ကြိယာပြုအပ်သော အဟိတ်စိတ္တဇရုပ်၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဇော်။ (ပစ္စနိက်)
၃။ အဟိတ်ဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်ဝိပါက်ပြု အပ်သော အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဇော်။ (နုနိက်)
၄။ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာနာမက္ခန္ဓာ၊ ထိုကုသိုလ် အကုသိုလ် သဟိတ်ကြိယာနာမက္ခန္ဓာပြုအပ်သော သဟိတ်စိတ္တဇရုပ်။ နဝ။ (နိက်နု)

## ဝိပါကမူ + ဝိပ္ပယုတ္တဒုက

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဇော်။ (အနုလုံ)
၂။ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာ ကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု နာမက္ခန္ဓာ၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (ပစ္စနိက်)
၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ၊ အရူပဘုံ၌ဖြစ်သောအခါ ဖိုလ်လေးခု။ ဇော်။ (နုနိက်)
၄။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ လေးပါး၊ ကုသိုလ် အကုသိုလ်ကြိယာပြုအပ်သော စိတ္တဇရုပ်။ နဝ။ (နိက်နု)

\+ + + + +

http://www.dhammadownload.com



## အာဟာရမူ

### အာဟာရမူ + ဣန္ဒြိယဒုက

၁။ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာဟိရရုပ်၊ ဥ၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိက်)

၃။ အာဟာရဇရုပ်။ ဧကံ။ (နုနိက်)

၄။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (နိက်နု)

### အာဟာရမူ + ဈာနဒုက

၁။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ၊ အာဟာရဇရုပ်။ ဧကံ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

### အာဟာရမူ + မဂ္ဂဒုက

၁။ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရဇရုပ်။ ဧကံ။ (နုနိက်)

၄။ x (နိက်နု၊ မရှိ)

### အာဟာရမူ + ဝိပ္ပယုတ္တဒုက

၁။ ဝိပ္ပယုတ္တသုဒ္ဓသင်္ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဗာ၊ ဥ၊ အသည၊ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ အရူပဝိပါက် ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သော အခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာ

http://www.dhammadownload.com



ကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာလေးပါး၊ အာဟာရဇရုပ်။ တီဏိ။ (နုနိုက်)

၄။ x (နိုက်နု၊ မရှိ)

+ + + + +

## ဣန္ဒြိယမူ

### ဣန္ဒြိယမူ + ဈာနဒုက

၁။ ဈာနသုဒ္ဓသရုပ်ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဗ၊အာ၊ဥ၊အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိုက်)

၃။ ဒွေးပဉ္စဝိညာဉ်နာမက္ခန္ဓာ၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (နုနိုက်)

၄။ x (နိုက်နု၊ မရှိ)

### ဣန္ဒြိယမူ + မဂ္ဂဒုက

၁။ မဂ္ဂသုဒ္ဓသရုပ်ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဗ၊အာ၊ဥ၊အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိုက်)

၃။ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (နုနိုက်)

၄။ x (နိုက်နု၊ မရှိ)

### ဣန္ဒြိယမူ + ဝိပ္ပယုတ္တဒုက

၁။ ဝိပ္ပယုတ္တသုဒ္ဓသရုပ်ချာအတိုင်း။ နဝ။ (အနုလုံ)

၂။ ဗ၊အာ၊ဥ၊အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ဧကံ။ (ပစ္စနိုက်)

၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု

http://www.dhammadownload.com



နာမက္ခန္ဓာ၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်။ တီဏိ။ (နနိုက်)

၄။ x (နိုက်န၊ မရှိ)

+ + + + +

## ဈာနမူ

### ဈာနမူ + မဂ္ဂဒုက

၁။ မဂ္ဂသုဒ္ဓသင်္ချာအတိုင်း၊ နဝ။ (အနုလုံ)

၂။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ၊ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိုက်)

၃။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဧကံ။ (နနိုက်)

၄။ x (နိုက်န၊ မရှိ)

### ဈာနမူ + ဝိပ္ပယုတ္တဒုက

၁။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ် အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ ဗာဟိရရုပ် ။ ပ ။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ (ပစ္စနိုက်)

၃။ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူမောဟမူမနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခု နာမက္ခန္ဓာ။ တီဏိ။ (နနိုက်)

၄။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်နာမက္ခန္ဓာ။ ဧကံ။ (နိုက်န)

+ + + + +

http://www.dhammadownload.com



## မဂ္ဂမူ

### မဂ္ဂမူ + ဝိပ္ပယုတ္တဒုက

၁။ အရူပဝိပါက်လေးခုကြဉ်သော ပဉ္စဝေါကာရ သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ နဝ။ (အနုလုံ)

၂။ အရူပဘုံ၌ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း၊ဗာဟိရရုပ် ။ ပ ။ ပဝတ္တိ ကမ္မဇရုပ်။ ဧကံ။ (ပစ္စနိက်)

၃။ အရူပဝိပါက်လေးခု ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ် သောအခါ လောဘမူ မောဟမူ၊ မဟာကုသိုလ် မဟာကြိယာ၊ အရူပ ကုသိုလ် အရူပကြိယာ၊ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမက္ခန္ဓာ။ တီဏိ။ (နုနိက်)

၄။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဧကံ။ (နိက်နု)

အခုပြခဲ့တာတွေဟာ ပဋိစ္စဝါရရဲ့ ဒုကသင်္ချာသက်သက်ဖြစ်ပါတယ်၊ ဒုကကို နားလည်လျှင် တိကစသည်ကိုလဲ နားလည်နိုင်ပါတယ်၊ အရကောက်ဆရာတော်ကြီး ကလဲ မိန့်မှာတော်မူခဲ့ပါတယ်။

"ဒုကတွန်းကို ကြိုးစား၍ဆောင်ရွက်ကြကုန်၊ ဒုကကိုဆောင်သောသူတို့သည် တိကတွန်းစသည်တို့၌ လွယ်လတ္တံ့၊ အလိုအလျောက် ဆိုနိုင်လတ္တံ့"တဲ့။ (အရကောက်၊ ၂၀၂)

+ + + + +

သင်္ချာဝါရ ပြီး၏။

http://www.dhammadownload.com



# ခန္ဓာဝါရ ဖွဲ့ပုံ

## ဆဝါရ၊ အနုလုံ

**ဆောင်။** ။နာမ်နာမ် ဆယ့်လေး၊ နာမ်ရုပ်တွေး၊ ဖွဲ့ရေး နှစ်နှစ်ငါး။
နာမ်ရုပ် အားမှာ၊ နာမ်ကသာ၊ နှစ်ရာတစ်ဆယ်ထား။
ခန္ဓာ ဝတ္ထု၊ ဝတ္ထု ခန္ဓာ၊ ရုပ်ရုပ်မှာ၊ မှတ်ပါ တစ်ဆယ့်ငါး။

အရကောက်စာအုပ်မှာ ခန္ဓာဝါရဖွဲ့ပုံကို အထူးတလည် ပြထားပါတယ်၊ ဒါ့ကြောင့် ခန္ဓာဝါရဖွဲ့ပုံကိုလဲ လေ့လာရပါမယ်၊ ခန္ဓာဝါရဖွဲ့တာဟာ ဘာကျေးဇူး ရှိသလဲဆိုတော့၊ "အစိတ်အစိတ်, အစိတ်အပေါင်း"ဆိုတဲ့ ဆိုရိုးဝေါဟာရတွေကို နားလည်ရခြင်း ကျေးဇူးရှိပါတယ်၊ ဝိဘင်္ဂဝါရကို အရကောက်တဲ့အခါမှာ "အစိတ်အစိတ်နာမက္ခန္ဓာ၊ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ"ဆိုတဲ့ ဆိုရိုးတွေပါ ပါတယ်၊ အဲဒီဆိုရိုးတွေကို မှန်ကန်အောင်ဆိုနိုင်ဖို့ အတွက် ခန္ဓာဝါရက ကျေးဇူးပြုပါတယ်။ နောက်ပြီးတော့ စာအုပ်တွေမှာ ပေရေး အဆက်ဆက်, ပုံနှိပ်အဆက်ဆက်ကြောင့်ဖြစ်တတ်တဲ့ ချွတ်ချော်မှုများကိုလဲ အမှားအမှန် ခွဲခြားနိုင်ပါတယ်၊ ဒါ့ကြောင့် ခန္ဓာဝါရဖွဲ့ပုံကို လေ့လာသင့်ပါတယ်၊ ကဲ... လေ့လာကြရအောင်။

နာမ်ကနာမ်အား ကျေးဇူးပြုလျှင် ၁၄–ဝါရ၊ နာမ်က ရုပ်အား ကျေးဇူးပြုလျှင် ၂၂၅–ဝါရ၊ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုလျှင် ၂၁၀–ဖြစ်ပါတယ်၊ ပဋိသန္ဓေ နာမက္ခန္ဓာက ဟဒယဝတ္ထုအား, ဟဒယဝတ္ထုက ပဋိသန္ဓေနာမက္ခန္ဓာအား, ရုပ်က ရုပ်အားကျေးဇူးပြုလျှင် ၁၅–ဝါရစီ ရပါတယ်။ [ဆဝါရဟာန် ကံပုဒ် ကတ္တားပုဒ် မသုံးဘဲ ပစ္စည်းပစ္စယုပ္ပန်ပေါ်လွင်အောင် ပဉှာဝါရဟာန်အတိုင်း "နာမ်က နာမ်အား"လို့ ကတ္တား, သမ္ပဒါန် သုံးလိုက်ပါတယ်။]

**ခန္ဓာ။** ။ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။
**မဟာဘုတ်။** ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။

### ခန္ဓာ(၁၅)ဝါရ

**ဧကက ၄–ဝါရ။** ။ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။
**ဒွိက ၄–ဝါရ။** ။ဝေသဉ်သင်၊ သဉ်သင်ဝိဉ်၊ သင်ဝိဉ်ဝေ၊ ဝိဉ်ဝေသဉ်။

http://www.dhammadownload.com



ဒုက ၆–ဝါရ။ ။ဝေသဉ်၊ ဝေသင်၊ ဝေဝိဉ်၊ သဉ်သင်၊ သဉ်ဝိဉ်၊ သင်ဝိဉ်။

စတုက္က ၁–ဝါရ။ ။ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်။

## မဟာဘုတ် (၁၅) ဝါရ

ဧကက ၄–ဝါရ။ ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။

တိက ၄–ဝါရ။ ။ပ အာ တေ၊ အာ တေ ဝါ၊ တေ ဝါ ပ၊ ဝါ ပ အာ။

ဒုက ၆–ဝါရ။ ။ပ အာ၊ ပ တေ၊ ပ ဝါ၊ အာ တေ၊ အာ ဝါ၊ တေ ဝါ။

စတုက္က ၁–ဝါရ။ ။ပထဝီ အာပေါ တေဇော ဝါယော။

အစိတ်အစိတ်နာမက္ခန္ဓာမှာ ဧကက, တိက, ဒုကဝါရတို့သာ ရပါတယ်၊ နာမ်အချင်းချင်း ကျေးဇူးပြုသောကြောင့် စတုက္ကဝါရ မရဘူး၊ လေးပါးလုံးပေါင်းပြီး ကျေးဇူးပြုလို့မဖြစ်ဘူး၊ တစ်ပါးစီ သုံးပါးစီ နှစ်ပါးစီသာခွဲပြီး ကျေးဇူးပြုပါတယ်၊ အပေါင်းနာမက္ခန္ဓာမှာတော့ နာမ်က ရုပ်အား ကျေးဇူးပြုသောကြောင့် စတုက္ကဝါရပါ ရပါတယ်၊ လေးပါးလုံးပေါင်းပြီးလဲ ကျေးဇူးပြုပါတယ်။

ဧကကဆိုတာက "ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"ဖြစ်ပါတယ်၊ တိကဆိုတာက "တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော"ဖြစ်ပါတယ်၊ ဒုကဆိုတာက "ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"ဖြစ်ပါတယ်၊ စတုက္ကဆိုတာက "ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ"ဖြစ်ပါတယ်။

၁။ ကု–ကု=၁၄

အစိတ်အစိတ်နာမက္ခန္ဓာ။ (ဧကက၊ တိက၊ ဒုက)

၂။ ကု–ဗျာ=၂၂၅

အစိတ်အပေါင်းနာမက္ခန္ဓာ။ (ဧကက၊ တိက၊ ဒုက၊ စတုက္က)(ခန္ဓာ ၁၅ x ဘုတ် ၁၅=၂၂၅)

၃။ ကု–ကုဗျာ=၂၁၀

အစိတ်အစိတ်နာမက္ခန္ဓာ။ (ဧကက၊ တိက၊ ဒုက) (ခန္ဓာ ၁၄ x ဘုတ် ၁၅=၂၁၀) [အကုသလပဒသုံးချက်လည်း နည်းတူပင်။]

၇။ ဗျာ–ဗျာ=၆၄၅

(က) ပဝတ္တိ=၂၁၀။ အစိတ်အစိတ်။ (ခန္ဓာ ၁၄ x ဘုတ် ၁၅=၂၁၀) နာမ်သာရသော အာရုပ္ပဇာအုပ်စု, ပုရေ, အာသေ, အညာ–တို့၌ ၁၄–ဝါရစီသာ။

http://www.dhammadownload.com



**(ခ) ပဋိသန္ဓေ** = ၂၄၀။ အစိတ်အစိတ်, အစိတ်အပေါင်း။ နာမ်နှင့်နာမ်ဘုတ်= ၂၁၀။ အစိတ်အစိတ်။ (ခန္ဓာ ၁၄ x ဘုတ် ၁၅ = ၂၁၀)

ခန္ဓေ ပဋိစ္စ ဝတ္ထု = ၁၅။ အစိတ်အပေါင်း။ (ခန္ဓာ ၁၅ x ဟဒယဝတ္ထု ၁= ၁၅)

ဝတ္ထုံ ပဋိစ္စ ခန္ဓာ = ၁၅။ အစိတ်အပေါင်း။ (ဟဒယဝတ္ထု ၁ x ခန္ဓာ ၁၅=၁၅)

**(ဂ) ရုပ်သက်သက်** = ၁၀၅။ အစိတ်အပေါင်း။

စိတ္တဇဘုတ်ချင်းချင်း = ၁၄။ (ဧကက၊ တိက၊ ဒုက)

ဘုတ်က ဥပါဒါရုပ်အား = ၁။ (စတုက္က) ၁၄ + ၁ = ၁၅။

ကမ္မဇ၊ ဗာ၊ အာ၊ ဥ၊ အသညာ၊ ပဝတ္တိကမ္မဇ –တို့၌လည်း ၁၅–ဝါရစီ။ (၁၅ x ၇ = ၁၀၅)

**(ဃ) ဝတ္ထုကဲ** = ၉၀။

ပဥ္စဝတ္ထု = ၇၅။ စက္ခုဝတ္ထု ၁ x ၁၅ = ၁၅ x ၅ = ၇၅။

ဟဒယဝတ္ထု = ၁၅။ ဟဒယဝတ္ထု ၁ x ၁၅ = ၁၅။ (၇၅ + ၁၅ = ၉၀)

**၈။ ဗျာ–ကု = ၁၅**

ဟဒယဝတ္ထုနှင့် ကုသိုလ်ခန္ဓာ။ (၁ x ၁၅ = ၁၅)

**၉။ ဗျာ–အကု = ၁၅**

ဟဒယဝတ္ထုနှင့် အကုသိုလ်ခန္ဓာ။ (၁ x ၁၅ = ၁၅)

**၁၀။ ဗျာ – ကုဗျာ = ၃၀**

ဗျာ–ကု၌ ၁၅၊ ဗျာ–ဗျာ၌ ၁၅။ (၁၅ + ၁၅ = ၃၀)

ဒီမှာ မိဿကပြုထားပါတယ်၊ ပါဠိတော်နှစ်ချက် ထွက်ပါတယ်၊ ဒါ့ကြောင့် ပေါင်းယူရပါတယ်။

**၁၁။ ဗျာ – အကုဗျာ = ၃၀** (ဗျာ–ကုဗျာ နည်းတူပင်။)

**၁၂။ ကုဗျာ–ကု = ၁၄**

အစိတ်အစိတ်၊ (ကု–ကုနည်းတူ၊) ဒီမှာ ပါဠိတော်တစ်ချက်တည်းပေါင်းပြီး ဟောထားပါတယ်။

**၁၃။ ကုဗျာ–ဗျာ = ၂၂၅**

အစိတ်အပေါင်း၊ (ကု – ဗျာ နည်းတူ၊) ဒီမှာလဲ တစ်ချက်တည်းပေါင်းပြီး ဟောထားပါတယ်။

http://www.dhammadownload.com



**၁၄။ ကုဗျာ– ကုဗျာ=၂၃၉**

ကုဗျာ–ကုဒ္ဒ ၁၄၊ ကုဗျာ–ဗျာဒ္ဒ ၂၂၅။ (၁၄+၂၂၅=၂၃၉)

အထက်ကနှစ်ချက်ကို မိဿကပြုထားပါတယ်၊ ပါဠိတော်နှစ်ချက် ထွက်ပါတယ်၊ ဒါ့ကြောင့် ပေါင်းယူရပါတယ်။ [အကုဗျာပဒ သုံးချက်လည်း ကုဗျာပဒနည်းတူပင်။] အားလုံး ခန္ဓာဝါရပေါင်း (၂၅၈၉)ဝါရဖြစ်ပါတယ်။

ပါဠိတော် ပေါင်းဟောတာနဲ့ပတ်သက်လို့ လိုရင်းကတော့ ပစ္စယုပ္ပန်ပဓာနပါပဲ၊ ပစ္စယုပ္ပန်ဖက်မှာ ကု, အကု, ဗျာ တစ်ခုခုသာရှိလျှင် ပစ္စည်းဖက်က ကုဗျာ, သို့မဟုတ် အကုဗျာ နှစ်ခုရှိစေကာမူ ပေါင်းဟောပါတယ်။ ပစ္စယုပ္ပန်ဖက်မှာ ကုဗျာ, သို့မဟုတ် အကုဗျာ နှစ်ခုရှိနေလျှင်တော့ တစ်ချက်ချင်းခွဲဟောပါတယ်၊ ပါဠိတော် အသွားအလာကြည့်ပြီး ဒီမှတ်ချက်ကို ဆွဲထုတ်နိုင်ပါတယ်။

ဒါဟာ ပစ္စယဝါရက တရားအကုန်ရပြီး သင်္ချာသတ္တရသထွက်တဲ့ သဟဇာတပစ္စည်းအတွက် ပြထားတာဖြစ်ပါတယ်၊ အခြားဝါရ, အခြားပစ္စည်းများအတွက်လဲ နည်းမှီပြီး သိနိုင်ပါတယ်၊ အနုဝါဒပါဠိတော်ရွတ်ပြီး ပါဠိတော်ထွက်သလောက် တွက်ယူလျှင် ရနိုင်ပါတယ်၊ သုဒ္ဓသင်္ချာကိုမှတည်ပြီး ပါဠိတော်ရွတ်ပါ၊ ခန္ဓာဝါရတွက်ပါ၊ ဒီလောက်ဆို နားလည်လောက်ပါပြီ။

ယမိုက်ပဋ္ဌာန်းနဲ့ပတ်သက်လို့ ဘယ်နည်းပဲလေ့လာလေ့လာ အရကောက်စာအုပ်များကို လွှတ်ပစ်လို့ မဖြစ်ပါဘူး၊ ဒါ့ကြောင့် အရကောက်စာအုပ်နဲ့ တိုက်ဆိုင်လေ့လာပါ။ ဒါဟာ ဆဝါရမှာ ခန္ဓာဝါရဖွဲ့ပုံပါပဲ။

+ + + + +

http://www.dhammadownload.com



## ပဉ္စာဝါရ၊ ခန္ဓာဝါရဖွဲ့ပုံ

ပဉ္စာဝါရမှာ သဟမျိုးပစ္စည်းများ ခန္ဓာဝါရဖွဲ့ပုံကို ပြောပါဦးမယ်၊ ပထမ သဟငယ်ကို ပြောပါမယ်၊ သဟငယ်ပစ္စည်းတို့ရဲ့ တရားကိုယ်များကို သတိပြုပါ။

### ဟေတု

**၁။ ကု–ကု=၁၀**

**ဒွိဟိတ်။** ။အလောဘ၊ အဒေါသ၊ အလောဘ အဒေါသ။ (၃–ဝါရ)

**တိဟိတ်။** ။အလောဘ၊ အဒေါသ၊ အမောဟ၊ အလောဘ အဒေါသ၊ အလောဘ အမောဟ၊ အဒေါသ အမောဟ၊ အလောဘ အဒေါသ အမောဟ။ (၇–ဝါရ)

[ကု–ဗျာ၊ ကု–ကုဗျာတို့၌လည်း (၁၀)ဝါရစီပင် ရှိပါတယ်။]

**၄။ အကု–အကု=၇**

လောဘမူဖြစ်အုံ၊ လောဘ၊ မောဟ၊ လောဘ မောဟ။ (၃–ဝါရ)

ဒေါသမူဖြစ်အုံ၊ ဒေါသ၊ မောဟ၊ ဒေါသ မောဟ။ (၃–ဝါရ)

မောဟမူဖြစ်အုံ၊ မောဟ။ (၁–ဝါရ)

[အကု–ဗျာ၊ အကု–အကုဗျာ တို့၌လည်း (၇)ဝါရစီပင် ရှိပါတယ်၊]

**၇။ ဗျာ–ဗျာ=၂၀**

ဗျာ–ဗျာ၌ ပဝတ္တိရောပဋိသန္ဓေပါ ကု–ကုနည်းတူ (၁၀)ဝါရစီပင် ရှိပါတယ်။

အဓိပတိနဲ့ကမ္မတို့မှာ သင်္ချာ(၇)ချက်လုံး တစ်ဝါရစီသာရှိပါတယ်၊ အာဟာရမှာ တရားကိုယ် ၃–ပါးရှိ၍ ကေက, ဒုက, တိက–ဟုရှိရာ သင်္ချာ(၇)ချက်လုံး (၇)ဝါရစီ ရှိပါတယ်။

ဣန္ဒြိယ၏ ကုသလပဒသုံးချက်မှာ တရားကိုယ်အလိုက် အဋ္ဌကအထိရှိ၍ (၁၆၂)ဝါရစီ ရှိပါတယ်၊ အကုသလပဒသုံးချက်မှာ တရားကိုယ် ၅–ပါးသာရှိ၍ ပဉ္စကအထိရှိရာ ဝါရ(၃၀)စီရှိပါတယ်၊ ဗျာ–ဗျာ၌ ပဝတ္တိရော ပဋိသန္ဓေပါ ကုသလပဒနည်းတူ (၁၂၆)ဝါရစီ ရှိပါတယ်၊ ကု–ကုကို ခန္ဓာဝါရဖွဲ့ပြပါမယ်။

**ကေက=၈**

ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ကေဂ္ဂတာ၊ ပညာ။

http://www.dhammadownload.com



**ဒုက = ၂၈**

ဇီဝိတစိတ်၊ ဇီဝိတဝေဒနာ၊ ဇီဝိတသဒ္ဓါ၊ ဇီဝိတဝီရိယ၊ ဇီဝိတသတိ၊ ဇီဝိတ
ကေဂ္ဂတာ၊ ဇီဝိတပညာ၊(၇–ဝါရ)
(ထို့အတူ) စိတ်မှုတည် ဝေဒနာစသည်ကို မူလီသွတ်။ (၆–ဝါရ)
ဝေဒနာမှုတည် သဒ္ဓါစသည်ကို မူလီသွတ်။ (၅–ဝါရ)
သဒ္ဓါမှုတည် ဝီရိယစသည်ကို မူလီသွတ်။ (၄–ဝါရ)
ဝီရိယမှုတည် သတိစသည်ကို မူလီသွတ်။ (၃–ဝါရ)
သတိမှုတည် ကေဂ္ဂတာပညာကို မူလီသွတ်။ (၂–ဝါရ)
ကေဂ္ဂတာမှုတည် ပညာကို မူလီသွတ်။ (၁–ဝါရ)

**တိက = ၅၆**

ဇီဝိတ စိတ်မှုတည် နောက်က ၆–ခု မူလီသွတ်။ (၆–ဝါရ)
ဇီဝိတ ဝေဒနာမှုတည် နောက်က ၅–ခု မူလီသွတ်။ (၅–ဝါရ)

ဇီဝိတသဒ္ဓါမှု၌ (၄) ဝါရ။ ဇီဝိတဝီရိယမှု၌ (၃) ဝါရ။ ဇီဝိတသတိမှု၌ (၂) ဝါရ။ ဇီဝိတကေဂ္ဂတာမှု၌ (၁) ဝါရ။

စိတ် ဝေဒနာ၊ စိတ် သဒ္ဓါစသည်၌ (၁၅) ဝါရ။ ဝေဒနာ သဒ္ဓါစသည်၌ (၁၀) ဝါရ။ သဒ္ဓါဝီရိယစသည်၌ (၆) ဝါရ။ ဝီရိယသတိစသည်၌ (၃) ဝါရ။ သတိကေဂ္ဂတာမှုတည် ပညာမူလီ၌ (၁) ဝါရ။ ပေါင်း (၅၆)

**စတုက္က = ၃၅**

ဇီဝိတစိတ်ဝေဒနာ၊ ဇီဝိတစိတ်သဒ္ဓါမှုစသည်၌ (၁၅) ဝါရ။
စိတ်ဝေဒနာသဒ္ဓါ၊ စိတ်ဝေဒနာဝီရိယမှု စသည်၌ (၁၀) ဝါရ။
ဝေဒနာသဒ္ဓါဝီရိယ၊ ဝေဒနာသဒ္ဓါသတိမှု စသည်၌ (၆) ဝါရ။
သဒ္ဓါဝီရိယသတိ၊ သဒ္ဓါဝီရိယကေဂ္ဂတာမှု၌ (၃) ဝါရ။
ဝီရိယသတိကေဂ္ဂတာမှု၌ (၁) ဝါရ။ ပေါင်း(၃၅)

**ပဥ္စက = ၂၀**

ဇီဝိတစိတ်ဝေဒနာသဒ္ဓါမှု၊ ဝီရိယမှု၊ သတိမှု၊ ကေဂ္ဂတာမှုတို့၌ (၁၀) ဝါရ။
စိတ်ဝေဒနာသဒ္ဓါဝီရိယမှု၊ သတိမှု၊ ကေဂ္ဂတာမှုတို့၌ (၆) ဝါရ။
ဝေဒနာသဒ္ဓါဝီရိယသတိမှု၊ ကေဂ္ဂတာမှုတို့၌ (၃) ဝါရ။
သဒ္ဓါဝီရိယသတိကေဂ္ဂတာမှု၌ (၁) ဝါရ။ ပေါင်း(၂၀)

http://www.dhammadownload.com



**ဆက္က = ၁၀**

ဇီဝိတစိတ်ဝေဒနာသဒ္ဓါဝီရိယမူ၊ သတိမူ၊ ကေဂ္ဂတာမူတို့၌ (၆) ဝါရ။
စိတ်ဝေဒနာသဒ္ဓါဝီရိယသတိမူ၊ ကေဂ္ဂတာမူတို့၌ (၃) ဝါရ။
ဝေဒနာသဒ္ဓါဝီရိယသတိကေဂ္ဂတာမူ၌ (၁) ဝါရ။ ပေါင်း (၁၀)

**သတ္တက = ၄**

ဇီဝိတစိတ်ဝေဒနာသဒ္ဓါဝီရိယသတိမူ၊ ကေဂ္ဂတာမူတို့၌ (၃) ဝါရ။
စိတ်ဝေဒနာသဒ္ဓါဝီရိယသတိကေဂ္ဂတာမူ၌ (၁) ဝါရ။ ပေါင်း (၄)

**အဋ္ဌက = ၁**

ဇီဝိတစိတ်ဝေဒနာသဒ္ဓါဝီရိယသတိကေဂ္ဂတာမူ ပညာမူလီ၌ (၁) ဝါရ။

အဲဒီတော့ ကု-ကုမှာ ဧကက-၈၊ ဒုက-၂၈၊ တိက-၅၆၊ စတုက္က-၃၅၊ ပဥ္စက-၂၀၊ ဆက္က-၁၀၊ သတ္တက-၄၊ အဋ္ဌက-၁၊ ပေါင်း (၁၆၂) ဝါရဖြစ်ပါတယ်။ တရားကိုယ် ၅-ပါးရှိတဲ့ အကုသလပဒကိုလဲ ဒီဖွဲ့နည်းအတိုင်း ဖွဲ့ယူပါ။

ဗျာနမှာ တရားကိုယ် ၅-ပါးရှိ၍ ပဥ္စကအထိရှိရာ သင်္ချာ(၇) ချက်လုံး ဝါရ (၃၀) စီရှိပါတယ်။

မဂ္ဂမှာ ကုသလပဒသုံးချက်၌ တရားကိုယ် ၈-ပါးရှိ၍ အဋ္ဌကအထိ ရှိရာ (၁၆၂)ဝါရစီရှိပါတယ်၊ အကုသလပဒမှာ တရားကိုယ် ၄-ပါးရှိ၍ စတုက္ကအထိ ရှိရာ (၁၅) ဝါရစီရှိပါတယ်၊ ဗျာ-ဗျာ၌ ပဝတ္တိအခါ ကုသလပဒနည်းတူ (၁၆၂) ဝါရရှိပါတယ်၊ ပဋိသန္ဓေအခါမှာ တရားကိုယ် ၅-ပါးသာရှိ၍ ပဥ္စကအထိရှိရာ ဝါရ(၃၀) ရှိပါတယ်၊ ဣန္ဒြိယမှာ ဖွဲ့ပြခဲ့တဲ့နည်းအတိုင်း ဖွဲ့ယူပါ။

အညမည၌ ကုပဒသုံးချက် , အကုပဒသုံးချက်တို့မှာ (၁၄) ဝါရစီ၊ ဗျာ-ဗျာမှာ ပဝတ္တိရော ပဋိသန္ဓေပါ (၁၄) ဝါရစီ၊ ခန္ဓာ-ဝတ္ထု၊ ဝတ္ထု-ခန္ဓာတို့မှာ (၁၅) ဝါရစီ၊ ရုပ်သက်သက်မှာ (၉၈) ဝါရရှိပါတယ်။

ဝိပါက၌ ဗျာ-ဗျာမှာ ပဝတ္တိရော ပဋိသန္ဓေပါ (၂၁၀)စီ၊ ခန္ဓာ-ဝတ္ထုမှာ (၁၅) ဝါရရှိပါတယ်။

သမ္ပယုတ္တ၌ ကု၊ အကု၊ ဗျာပဒသုံးချက်လုံး (၁၄) ဝါရစီရှိပါတယ်။

ဝိပ္ပယုတ္တ၌ ကု-ဗျာ၊ အကု-ဗျာတို့မှာ (၂၂၅) ဝါရစီ၊ ဗျာ-ဗျာမှာ ပဝတ္တိရော ပဋိသန္ဓေပါ (၂၂၅) ဝါရစီ၊ ခန္ဓာ-ဝတ္ထု၊ ဝတ္ထု-ခန္ဓာတို့မှာ (၁၅) ဝါရစီရှိပါတယ်။

သဟကြီး၌ ကု-ကုမှာ(၁၄)၊ ကု-ဗျာမှာ(၂၂၅)၊ ကု-ကုဗျာမှာ (၂၁၀) ရှိပါတယ်၊ အကုပဒသုံးချက်လဲ နည်းတူပါပဲ။

http://www.dhammadownload.com



ဇျာ–ဇျာမှာ ပဝတ္တိရောပဋိသန္ဓေပါ (၂၁၀)စီ၊ ခန္ဓာ–ဝတ္ထု၊ ဝတ္ထု–ခန္ဓာ တို့မှာ (၁၅)ဝါရစီ၊ ရုပ်သက်သက်မှာ (၁၀၅)ဝါရရှိပါတယ်။

ကုဇ္ဇာ–ဇျာ၊ အကုဇျာ–ဇျာနှစ်ချက်မှာ (၂၂၅)ဝါရစီရှိပါတယ်။

ဒီသဟလတ်နဲ့သဟကြီးကိုတော့ ဆဝါရက နည်းပေးခဲ့တဲ့အတိုင်း ဖွဲ့ယူပါ၊ ဖွဲ့ယူနိုင်လောက်ပါပြီ။

အခြားမျိုးပစ္စည်းတွေကိုတော့ မပြတော့ပါဘူး၊ ပြမယ်ဆိုလျှင်လဲ ကုန်နိုင်ဖွယ်ရှိမယ် မဟုတ်ဘူး၊ ပဋ္ဌာန်းကျမ်းဟာ ဘယ်နေရာစမ်းလိုက်စမ်းလိုက် အံ့မခန်း ကျယ်ဝန်းနက်နဲလှပါတယ်၊ သင်္ချာခန်းတုန်းကလဲ သင်္ချာခန်းမို့ သဘာဂတွေ, ဃဋနာတွေ, ပစ္စည်းတွန်းတွေနဲ့ ကျယ်ဝန်းနက်နဲလှပါတယ်၊ ချဲ့လေကျယ်လေ, နှိုက်လေ နက်လေပါပဲ၊ မိမိကသာ နှိုက်နိုင်သလောက်နှိုက်၊ နှိုက်သလောက် ဉာဏ်ပွင့်လာမယ်၊ ပွင့်လာတဲ့ဉာဏ်မျိုးဟာ နက်ရှိုင်းတဲ့စားကျက်မှာ ကျက်စားစမြဲ ဖြစ်ပါတယ်၊ စားကျက်ကောင်းမှာ ကျက်စားခွင့်ရတဲ့ ဉာဏ်ဟာလဲ ထက်မြက် သထက် ထက်မြက်လာကာ ပဋ္ဌာန်းရွတ်ဆိုတဲ့ ပရိယတ္တိနယ်ကို ကျော်လွန်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ပဋိပတ္တိစခန်းမှာ အေးအေးမြမြနေနိုင်ဖို့ လမ်းညွှန်ပါလိမ့်မယ်။

ဒါ့ကြောင့် နက်နဲကျယ်ဝန်းတဲ့ ပဋ္ဌာန်းသင်္ချာဝါရနှင့် ခန္ဓာဝါရဖွဲ့ပုံများကို အစွမ်းကုန် လေ့လာကြရပါမယ်၊ ကြိုးစားကြရပါမယ်၊ အားထုတ်ကြရပါမယ်၊ အဲဒီလို လေ့လာအားထုတ်နိုင်အောင် နည်းပေးခဲ့ပါတယ်၊ အခု ခန္ဓာဝါရဖွဲ့ပုံ နည်းပေးတာ ပြီးပြီဆိုပါတော့၊ အပြီးသတ်လိုက်ကြပါစို့။

\+ + + + +

ခန္ဓာဝါရဖွဲ့ပုံ ပြီး၏။

http://www.dhammadownload.com



# အဓိပ္ပါယ်ခန်း

## ပစ္စယုဒ္ဒေသ အဓိပ္ပါယ်

၁။ အဘယ့်ကြောင့် "ပဋ္ဌာန်း"မည်ပါသနည်း၊ ပဋ္ဌာန်းမည်ပုံကို ရေးပြပါ။

အထူးထူးသောအပြားရှိသော အကြောင်း(ပစ္စည်း)၏အဖြစ်ကြောင့်၊ ဟေတုစသောပစ္စည်းတို့မှာ တစ်ပါးမက များပြားသောတရားတို့ ရှိသည်၏အဖြစ်ကြောင့် "ပဋ္ဌာန်း"မည်ပါသည်။

နာနပ္ပကာရပစ္စယဋ္ဌေန ပဋ္ဌာနံ နာမ။ (ဌ၊ ၃၄၃)

လောဘသည် ဟေတုပစ္စည်းဟူသော အကြောင်း(ပစ္စည်း)လည်း ဖြစ်နိုင်သည်၊ အာရမ္မဏ, အဓိပတိစသော အကြောင်းပစ္စည်းလည်း ဖြစ်နိုင်သည်၊ ဤသို့ အထူးထူးအပြားပြားသော အကြောင်း(ပစ္စည်း)၏အဖြစ်ကြောင့် "ပဋ္ဌာန်း"မည်၏။

ဟေတုပစ္စည်း၌ လောဘသည်သာ ဟေတုပစ္စည်း မဟုတ်သေး၊ ဒေါသ မောဟ အလောဘ အဒေါသ အမောဟတို့သည်လည်း ဟေတုပစ္စည်းဟုတ်၏၊ ဤသို့ ဟေတုပစ္စည်း တစ်မျိုးတည်း၌ပင် တရားအရေအတွက် များပြား၏၊ ထိုသို့ တစ်ပါးမက များသောတရားရှိသည်၏အဖြစ်ကြောင့် "ပဋ္ဌာန်း"မည်၏။

တတ္ထ ဧကဿပိ ဓမ္မဿ ဟေတုအာဒီဟိ အနေကပစ္စယဘာဝတော စ, ဧကေကဿ ပစ္စယဿ အနေကဓမ္မဘာဝတော စ နာနပ္ပကာရပစ္စယတာ ဝေဒိတဗ္ဗာ။ (ဋီ၊ ၁၆၆)

ပဋ္ဌာနဥ္စ ပ, ဥပသာရပုဒ်သည် နာနပ္ပကာရအနက်ကို ဟော၏၊ ဌာနသဒ္ဒါသည် အကြောင်း(ပစ္စယ)ဟူသောအနက်ကို ဟော၏၊ ပစ္စယဋ္ဌ၌ အဋ္ဌ (အတ္ထ )သဒ္ဒါသည် ဘာဝ(အဖြစ်)ဟူသောအနက်ကို ဟော၏။ [နာနာဗေ + ပကာရာ = နာနပ္ပကာရာ။ နာနပ္ပကာရာ + ပစ္စယတာ = နာနပ္ပကာရပစ္စယတာ(ကမ္မဓာရည်း)။ နာနပ္ပကာရာနံ + ပစ္စယတာ = နာနပ္ပကာရပစ္စယတာ(တပ္ပုရိသ်)။ နာနပ္ပကာရပစ္စယဿ + ဘာဝေါ = နာနပ္ပကာရပစ္စယဋ္ဌော။]

(တစ်နည်း) ဓမ္မသင်္ဂဏီပါဠိတော်၌လာသော ကုသိုလ်အစရှိသော တရားတို့ကို ဟေတုအစရှိသော ပစ္စည်းတို့ဖြင့် ဝေဖန်ရာဖြစ်သောကြောင့် "ပဋ္ဌာန်း"မည်ပါသည်။

ဝိဘဇနဋ္ဌေန ပဋ္ဌာနံ နာမ။ ကုသလာဒီနံ ဓမ္မာနံ ဟေတုပစ္စယာဒိဝသေန ဝိဘတ္တတ္တာ ပဋ္ဌာနံ နာမ။ (ဌ၊ ၃၄၃) [ပပုဗ္ဗ ဌာဓာတ်သည် ဝိဘဇနအနက်ကို ဟော၏။]

http://www.dhammadownload.com



(တစ်နည်း) ဟေတုပစ္စည်းစသောအားဖြင့် ပြားသော ကုသိုလ်စသော တရားတို့၌ (အကျယ်ချဲ့ထွင်ကြောင်း နည်းကိုရခြင်းကြောင့်) ငြိကပ်ခြင်းမရှိ သဗ္ဗညုတဉာဏ်တော်၏ ဉာဏဂတိဖြင့် သွားရာဌာနဖြစ်သောကြောင့် "ပဋ္ဌာန်း"မည်ပါသည်။

ပဋ္ဌိတဌ္ဌေန ပဋ္ဌာနံ နာမ။ သဗ္ဗညုတဉာဏဿ ဟေတုပစ္စယာဒိဘေဒဘိန္နေသု ကုသလာဒီသု ဝိတ္ထာရိတနယလာဘတော နိဿင်္ဂဝသေန ပဝတ္တဂမနတ္တာ "ပဋ္ဌာနံ" နာမ။ (ဋ္ဌ၊ ၃၄၃) [ပပုဗ္ဗဌာဓာတ်သည် (ဂမနတ္ထ) မရပ်မတည်ခြင်းအနက်ကို ဟော၏၊ ပ, ဥပသာရသည် ဓာတွတ္ထဗာဓက။]

**ဆောင်။** ၁။ အထူးထူး အပြားပြား၊ အကြောင်းများ၊ မှတ်သား ပဋ္ဌာန်းခေါ်။
များပြားတရား၊ ရှိလေငြား၊ မှတ်သား ပဋ္ဌာန်းခေါ်။

၂။ ကုသိုလ်စသား၊ တရားများကို၊ ပိုင်းခြား ဝေဖန်၊ ဟောရာမှန်၊ မှတ်ရန် ပဋ္ဌာန်းခေါ်။

၃။ ကုသိုလ်စသား၊ တရားများ၌၊ စွမ်းအားလျင်မြန်၊ သဗ္ဗင်ဉာဏ်၏၊ ဉာဏ်ဂတိဖြင့်၊ ကပ်ငြိကင်းကွာ၊ သွားရာဌာန၊ ဖြစ်လာရ၊ မှတ်ကြ ပဋ္ဌာန်းခေါ်။

၂။ ပဋ္ဌာန်းကျမ်း၏ "ပဋ္ဌာန"အမည်ရပုံကို ဖြေဆိုပါ။

အထူးထူး အပြားပြားသော အကြောင်းဖြစ်သော ပစ္စယသတ္တိနှင့် သတ္တိမန္တ တရားတို့ရှိရာ (ဟောအပ်ရာ)၏အဖြစ်ကြောင့် ကျမ်းဂန်သည် "ပဋ္ဌာန = ပဋ္ဌာန်း" မည်ပါသည်။

ယတ္ထ နာနပ္ပကာရာ ဟေတာဒိပစ္စယသတ္တိယော စ လောဘာဒိသတ္တိမန္တ ပစ္စယာ စ ဒေသီယန္တိ၊ တသ္မာ တံ ပဋ္ဌာနပကရဏံ နာမ။ (နာနပ္ပကာရာနိ ဌာနာနိ ဧတ္ထာတိ ပဋ္ဌာနံ။)

**ဆောင်။** ။ပစ္စယသတ္တိ၊ သတ္တိမန္တ၊ ဤနှစ်ဝတို့၊ ဟောပြရာမှန်၊ အကြောင်းခံ၊ ကျမ်းဂန် ပဋ္ဌာန်းမည်။

ပဋ္ဌာန်း ၂၄-ကျမ်းတို့တွင် တစ်ကျမ်းတစ်ကျမ်းသည်ပင် (နာနပ္ပကာရပစ္စယဋ္ဌေန-အရ) ပဋ္ဌာနအမည်ရ၏၊ အစိတ်ဖြစ်သော ယင်း ၂၄-ကျမ်းတို့ကို ပေါင်းထားသောကြောင့် ကျမ်းဂန်သည်လည်း ဧကဒေသူ (အဝယဂူ) ပစာရအားဖြင့် "ပဋ္ဌာန မဟာပကရဏ"အမည်ရသည်။ [ဣတိ နာနပ္ပကာရာနံ ပစ္စယာနံ ဝသေန ဒေသိတတ္တာ ဣမေသု စတုဝီသတိယာ ပဋ္ဌာနေသု ဧကေကံ ပဋ္ဌာနံ နာမ၊

http://www.dhammadownload.com



ဣမေသံ ပန ပဋ္ဌာနာနံ သမူဟဘာဝေါ သဗ္ဗမွေတံ ပကရဏံ ပဋ္ဌာနန္တိ ဝေဒိတဗ္ဗံ။ (ဋ္ဌ၊ ၃၄၃)]

**ဆောင်။** ။တစ်ကျမ်း တစ်ကျမ်း၊ အခန်းခန်း၊ ပဋ္ဌာန်း မည်သည်ပင်။
နှစ်ဆယ့်လေးဖြာ၊ စုဝေးကာ၊ တည်ရာ ကျမ်းဂန်လျှင်။
ကေဒေသူ၊ ပစာရူ၊ မှတ်ယူ ပဋ္ဌာန်းတွင်။

၃။ ပဋ္ဌာန်း ၂၄–ကျမ်းကို ရေတွက်ပြပါ။

ဓမ္မအနုလုံ, ဓမ္မပစ္စနိက်, ဓမ္မအနုလောမပစ္စနိက်, ဓမ္မပစ္စနိယာနုလောမဟူ၍ နယလေးပါးရှိပါသည်၊ ထိုလေးပါးတို့တွင် တစ်ပါးတစ်ပါး၌ တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုက ပဋ္ဌာန်းအားဖြင့် ၆–ကျမ်းစီရှိပါသည်၊ ဤသို့လျှင် ပဋ္ဌာန်း ၂၄–ကျမ်းဖြစ်ပါသည်။

ဓမ္မာနုလောမံ ဓမ္မပစ္စနီယံ ဓမ္မာနုလောမပစ္စနီယံ ဓမ္မပစ္စနီယာနုလောမန္တိ စတ္တာရော နယာ၊ တတ္ထ ဧကေကသ္မိံ တိကပဋ္ဌာနံ ဒုကပဋ္ဌာနံ ဒုကတိကပဋ္ဌာနံ တိကဒုကပဋ္ဌာနံ တိကတိကပဋ္ဌာနံ ဒုကဒုကပဋ္ဌာနန္တိ ဆ ဟောန္တိ၊ ဧဝံ စတုဝီသတိ မဟာပဋ္ဌာနပကရဏံ ဟောတိ။

**ဆောင်။** ။တစ်လုံ ခြောက်ကျမ်း၊ လေးလုံပြွမ်း၊ ပဋ္ဌာန်း နှစ်ဆယ့်လေး။

တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ။
ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။
တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊
ဆ အနုလောမမှိ နယာ သုဂမ္ဘီရာ။

တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။
တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ၊
ဆ ပစ္စနီယမှိ နယာ သုဂမ္ဘီရာ။

တိကဉ္စ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
ဒုကံ တိကဉ္စေဝ တိကံ ဒုကဉ္စ။
တိကံ တိကဉ္စေဝ ဒုကံ ဒုကဉ္စ။
ဆ အနုလောမပစ္စနီယမှိ နယာ သုဂမ္ဘီရာ။

http://www.dhammadownload.com



တိကဋ္ဌ ပဋ္ဌာနဝရံ ဒုကုတ္တမံ၊
ဒုကံ တိကဉ္စေဝ တိကံ ဒုကဋ္ဌ။
တိကံ တိကဉ္စေဝ ဒုကံ ဒုကဋ္ဌ၊
ဆ ပစ္စနီယာနုလောမမှိ နယာ သုဂမ္ဘီရာ။

(ပါဠိတော်၊ ၁၅)

\+ + + + +

## ပစ္စယနိဒ္ဒေသ အဓိပ္ပါယ်

### ဟေတုပစ္စည်း

၁။ "ဟေတူ+သမ္ပယုတ္တကာနံ"ဟုသာ မဟောဘဲ အဘယ့်ကြောင့် "ဟေတူ+ဟေတုသမ္ပယုတ္တကာနံ"ဟု ဟေတုတစ်ပုဒ် အပိုထည့်၍ ဟောတော်မူရပါသနည်း။

"သမ္ပယုတ္တကာနံ"ဟုသာဟောက သမ္ပယုတ်ပစ္စည်းထိုက်သော အဟိတ်စိတ္တုပ္ပါဒ်လည်း ပါဝင်နေပါသည်၊ ဤ၌ အဟိတ်စိတ္တုပ္ပါဒ် မပါဝင်ထိုက်ရကား ယင်းအဟိတ်စိတ္တုပ္ပါဒ်ကို စင်စေလို(တားမြစ်လို)သောကြောင့် "ဟေတုသမ္ပယုတ္တကာနံ"ဟု ဟေတုတစ်ပုဒ် အပိုထည့်၍ ဟောတော်မူပါသည်။

"သမ္ပယုတ္တကာန"န္တေဝ ဝုတ္တေ သမ္ပယုတ္တပစ္စယာရဟာ အဟေတုကစိတ္တုပ္ပါဒါပိ အန္တောဂဓာ ဟောန္တိ၊ တွေ့ ပန တေ န လဗ္ဘန္တိ၊ ဇဝံ တေသံ ပဋိက္ခိပိတုကာမတာယ ဒုတိယဟေတုပဒံ ပက္ခိပိတွာ "ဟေတူ+ဟေတုသမ္ပယုတ္တကာန"န္တိ ဝုတ္တံ။

**ဆောင်။** ။အဟိတ်စိတ္တုပ်၊ သမ္ပယုတ်မို့၊ ထုတ်ပစ်ဖို့ရာ၊ ဟောရပါ၊
ထည့်ကာ "ဟေတု"ပုဒ်။

၂။ စိတ်စေတသိက် နှစ်ပါးစုံကြောင့် ဖြစ်ရပါလျက် (စိတ္တစေတသိကဇရုပ်ဟု မဆိုဘဲ)အဘယ့်ကြောင့် "စိတ္တဇရုပ်"ဟုသာ ဆိုရပါသနည်း။

စိတ် စေတသိက် နှစ်ပါးစုံကြောင့် ဖြစ်ရသည်မှန်သော်လည်း လောကီဒေသနာတော်ဝယ် စိတ်သာလျှင် အဓိကပဓာနဖြစ်သောကြောင့် "စိတ္တဇရုပ်"ဟုသာ ဆိုရပါသည်။

လောကိယဓမ္မဒေသနာယံ ပန စိတ္တဿ အဓိကဘာဝတော တထာဝိခံ ရူပံ "စိတ္တသမုဋ္ဌာန"န္တိ ဝုစ္စတိ။

**ဆောင်။** ။လောကီဒေသနာ၊ ဟောလေရာဝယ်၊ စိတ်သာအဓိက၊
ကြောင်းထောက်ဆ၊ "စိတ္တဇရုပ်"ဟုခေါ်။

http://www.dhammadownload.com



၃။ "တသမုဋ္ဌာနာနံ"ဟု မဟောဘဲ အဘယ့်ကြောင့် တ, ၌ နိဂ္ဂဟိတ်ဖြင့် "တံ သမုဋ္ဌာနာနံ"ဟု ဟောတော်မူရပါသနည်း။

ယ, သဒ္ဒါ တ, သဒ္ဒါတို့နှင့် သမာသ်တွဲစပ်ရာ၌ နိဂ္ဂဟိတ်သော်လည်း ရှေ့၌ လာရာ၏၊ ဒွေးဘော်သော်လည်း နောက်၌ရောက်ရာ၏၊ ဤသို့ သတ်မှတ်ချက် ရှိသောကြောင့် "တံသမုဋ္ဌာနာနံ"ဟု နိဂ္ဂဟိတ်ဖြင့် ဟောတော်မူ၏ (ဟုမှတ်ရာ၏)။

ယတသဒ္ဒသမာသမှိ၊ သဒ္ဓိံ ပရပဒေန စေ၊
နိဂ္ဂဟိတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေါ ဝါ ပရော သိယာ။

၄။ သဟဇာတရုပ်ဟူသည် အဘယ်သို့သော ရုပ်နည်း။

သဟဇာတရုပ်ဟူသည် ပဝတ္တိအခါ စိတ္တဇရုပ်, ပဋိသန္ဓေအခါ ကမ္မဇရုပ် ဖြစ်ပါသည်။

သဟဇာတရူပံ နာမ ပဝတ္တိယံ စိတ္တဇရူပံ, ပဋိသန္ဓိယံ ကမ္မဇရူပံ။

**ဆောင်။** ။စိတ္တဇ ပဝတ္တိ၊ သန္ဓိ ကမ္မဇ၊ ဤနှစ်တန်၊ ခေါ်ဟန် သဟဇရုပ်။

၅။ အဘယ့်ကြောင့် စိတ်က ပဝတ္တိအခါ ကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ် ရပါသနည်း၊ ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာတပစ္စည်း တပ်ရပါသနည်း။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါ၌ စိတ်နှင့်သာစပ်၍ ဖြစ်ကုန်၏၊ စိတ်နှင့် ကင်း၍ မဖြစ်ကုန်၊ ပဝတ္တိအခါ၌မူကား စိတ်နှင့်ကင်းသော်လည်း (နိရောဓသမာ ပတ်ဝင်စားသော ပုဂ္ဂိုလ်တို့သန္တာန်၌) ဖြစ်ကုန်၏၊ ထို့ကြောင့် စိတ်က ပဝတ္တိကမ္မဇ ရုပ်အား သဟဇာတပစ္စည်း မတပ်ပါ၊ ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာတပစ္စည်း တပ်ပါသည်။

ကမ္မဇရူပါနိ ပဋိသန္ဓိယံ စိတ္တပဋိဗဒ္ဓဝုတ္တီနိ ဟောန္တိ၊ ပဝတ္တိယံ ပန အဝိဇ္ဇ မာနေပိ စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိ၊ တသ္မာ စိတ္တံ ပဝတ္တိကမ္မဇရူပါနံ န သဟဇာတပစ္စယော, ပဋိသန္ဓိကမ္မဇရူပါနံယေဝ သဟဇာတပစ္စယော။

**ဆောင်။** ။သန္ဓေအခါ၊ ကမ္မဇာတို့၊ စိတ်မှာ ဆက်စပ်၊ ပဝတ်အခါ၊
စိတ်ကင်းကွာလည်း၊ သမာပန္န၊ နိရောဓအား၊ ဖြစ်ရလေဘိ၊
ဗျူပ္ပတ္တိကြောင့်၊ သန္ဓိကမ္မဇာ၊ ရုပ်အားသာ၊ ဇာတာ သဟ–
ပစ္စည်းရ။

http://www.dhammadownload.com



၆။ ပဋိသန္ဓေစိတ်သည် အဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

ပဋိသန္ဓေစိတ်သည် ကံအဟုန်ကလည်း ပစ်ချအပ်, တည်ငြိမ်သောမှီရာဝတ္ထု ရုပ်လည်း မရှိသည့်အတွက် အားနည်းသောကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါ။ [ပဝတ္တိအခါ၌သာ စိတ္တဇရုပ်ကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် သဟဇာတရူပအရ ပဝတ္တိအခါ စိတ္တဇရုပ်, ပဋိသန္ဓေအခါ ကမ္မဇရုပ်ကိုသာ ယူရသည်။]

ပဋိသန္ဓိက္ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ န သက္ကောတိ ကမ္မဝေဂက္ခိတ္တတာယ စေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယ စ ဒုဗ္ဗလတ္တာ။

**ဆောင်။** ။ကံဟုန် ပစ်ချ၊ သူခံရ၍။ ငြိမ်စွ မှီပြု၊ ရုပ်ဝတ္ထုလည်း၊ သူ့မှာမရ၊ ဖြစ်လေစွတည်း၊ နှစ်ဝသို့တွက်၊ အားနည်းချက်ကြောင့်၊ သက်သက် သန္ဓေ၊ စိတ်အနေက၊ စိတ္တဇ–ရူပ မဖြစ်စေ။

\+ + + + +

## အာရမ္မဏပစ္စည်း

၇။ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ"မှစ၍ "သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ။ ပ ။ ပစ္စယော"တိုင်အောင်သော ပါဠ်တို့ဖြင့် အာရုံ အာရမ္မဏိကအဖြစ်သည် ပြီးကောင်းပါလျက် အဘယ့်ကြောင့် "ယံ ယံ ဓမ္မံ"စသည်ကို ဟောတော်မူရပြန်ပါသနည်း။

အာရုံပြု၍ ဖြစ်သောအခါ၌သာလျှင် ထိုအာရုံ ၆–ပါးတို့သည် ၇–ပါးသော ဝိညာဏဓာတ်တို့၏ အာရမ္မဏပစ္စည်းဖြစ်ကုန်၏၊ သို့သော်(ထိုသို့ဖြစ်သော်လည်း) အတူတကွကား မဖြစ်ကုန်၊ အာရုံ ၆–ပါးတို့သည် သတ္တဝိညာဏဓာတ်တို့၏ အာရမ္မဏပစ္စည်း အသီးသီးဖြစ်ကုန်၏–ဟူသော အနက်အဓိပ္ပါယ်ကို ပြလိုသော ကြောင့် "ယံ ယံ ဓမ္မံ"အစရှိသောပါဠ်ကို ဟောတော်မူရပြန်ပါသည်။

ဆဠာရမ္မဏဓမ္မာ သတ္တန္နံ ဝိညာဏဓာတူနံ အာရမ္မဏံ ကတွာ ဥပ္ပါဒက္ခဏေ ယေဝ အာရမ္မဏပစ္စယာ ဟောန္တိ၊ တထာပိ န ဧကတော ဟောန္တိ၊ ဝိသုံ ဝိသုံ ယေဝ ဟောန္တီတိ ဒဿနတ္ထံ "ယံ ယံ ဓမ္မံ"န္တိအာဒိ ဝုတ္တံ။

**ဆောင်။** ။အာရုံပြုခိုက်၊ ခဏ၌၊ ဖြစ်ထိုက် ပစ္စယာ။
တကွ မဖြစ်၊ သီးသီး ဖြစ်၊ စိစစ် ပြဘို့ရာ။
ထပ်၍ ဟောပြန်၊ နောက် ယံယံ၊ ဓမ္မံ အာရဗ္ဘာ။

http://www.dhammadownload.com



## အဓိပတိပစ္စည်း

၈။ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ"ဟု တစ်ပေါင်းတည်း ဟောတော်မူသကဲ့သို့ "အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ"ဟု တစ်ပေါင်းတည်း ဟောတော်မမူဘဲ အဘယ့်ကြောင့် ဆန္ဒာဓိပတိ အစရှိသည်ဖြင့် အသီးသီး ဟောတော်မူရပါသနည်း။

(ဂူတစ်လုံးတည်း၌ ကေသရာဇာခြင်္သေ့နှစ်ကောင် အတူမအောင်းသကဲ့သို့) အဓိပတိတရားလေးပါးတို့သည် တစ်ပြိုင်နက် ပစ္စည်းမတပ်ကုန်၊ အသီးသီးသာ တပ်ကုန်၏–ဟု ပြတော်မူလိုသောကြောင့် အသီးသီး ဟောတော်မူရပါသည်။

စတ္တာရော အဓိပတီ ဧကက္ခဏေ ပစ္စယာ န ဟောန္တိ၊ ပစ္စေကမေဝ ဟောန္တီတိ ဒဿနတ္ထံ "ဆန္ဒာဓိပတိ"တျာဒိနာ ဝိသုံ ဝိသုံ ဝုတ္တာ။

**ဆောင်။** ။ဇာတိ ခလေ့၊ ဖော်မမွေ့သည့်၊ ခြင်္သေ့တစ်မူ၊ မိလေးဆူတို့၊ အတူမဖြစ်၊ သီးသီး ဖြစ်ဟု၊ သနစ် ထိုထို၊ လှစ်ပြလို၊ ဓိကို သီးခြားဟော။

၉။ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ"ဝယ် ဆန္ဒသမ္ပယုတ္တကာနံ၌ အဓိပတိ သဒ္ဒါထည့်၍ "ဆန္ဒာဓိပတိသမ္ပယုတ္တကာနံ"ဟု မဟောဘဲ အဘယ့်ကြောင့် "ဆန္ဒသမ္ပယုတ္တကာနံ"ဟုသာ ဟောတော်မူရပါသနည်း။

အဓိပတိသဒ္ဒါမပါသော ဆန္ဒသဒ္ဒါသက်သက်ဖြင့်ပင် ဆန္ဒာဓိပတိပစ္စည်းနှင့် ယှဉ်သော တရားထူးဖြစ်ကြောင်းကို ပြပြီးဖြစ်သောကြောင့် အဓိပတိသဒ္ဒါမပါဘဲ "ဆန္ဒသမ္ပယုတ္တကာနံ"ဟုသာ ဟောတော်မူပါသည်။

ဆန္ဒသမ္ပယုတ္တကာနံ၌ပါသော ဆန္ဒသဒ္ဒါသည် ဆန္ဒာဓိပတိ၌ပါသော ဆန္ဒသဒ္ဒါနှင့် အသွင်တူ၏၊ ကပ်လျက်နေ၏၊ ဆက်စပ်လျက်ရှိ၏၊ ထို့ကြောင့် ထို ဆန္ဒသဒ္ဒါဖြင့်ပင် ဆန္ဒာဓိပတိပစ္စည်းနှင့်ယှဉ်သော ပစ္စယုပ္ပန်တရားထူးဖြစ်ကြောင်းကို ပြပြီးဖြစ်တော့သည်။ [ဆန္ဒသမ္ပယုတ္တကာနံ–အရ ဆန္ဒသာမညနှင့်ယှဉ်သော တရားများကို မယူရ၊ ဆန္ဒာဓိပတိနှင့်ယှဉ်သော တရားများကို ယူပါ–ဟု ဆိုလို၏။ ဝီရိယသမ္ပယုတ္တကာနံ–စသည်တို့၌လည်း နည်းတူပင်။ ဟေတူ + ဟေတုသမ္ပယုတ္တကာနံ–ဝယ် ဟေတုသမ္ပယုတ္တကာနံ၌ ဟေတုပုဒ်အပိုထည့်ဟောရပုံနှင့် မတူ၊ ဋီကာများကို ရှုပါ။]

ဆန္ဒသမ္ပယုတ္တကာနန္တိ ဧတ္ထ ဆန္ဒသဒ္ဒေါ ပုရိမဆန္ဒဿ သမာနရူပေါ, တဒနန္တရံ နိဒ္ဒိဋ္ဌော, တံသမ္ဗန္ဓော၊ တထာရူပေန အဓိပတိသဒ္ဒရဟိတေန ဆန္ဒသဒ္ဒေနေဝ ပစ္စယဘူတဿ ဆန္ဒဿ သမ္ပယုတ္တကဝိသေသနဘာဝေါ ဒဿိတော၊ တသ္မာ "ဆန္ဒာဓိပတိသမ္ပယုတ္တကာန"န္တိ အဝတွာ "ဆန္ဒသမ္ပယုတ္တကာန"န္တွေဝ ဝုတ္တံ။

http://www.dhammadownload.com



ဆောင်။ ။ဆန္ဒာဓိပတိ၊ ပုဒ်နီးရှိသည့်၊ စပ်သည့်ဆန္ဒ၊ သဒ္ဒါမျှဖြင့်၊ သမ္ပယုတ္တက၊ ဝိသေသကို၊ ပြပြီး ဆို၏၊ ထိုကို ထောက်ဆ၊ ဟောကာပြသည်၊ ဆန္ဒသက်သက်-ဓိ မစွက်။

## အနန္တရပစ္စည်း

၁၀။ စက္ခုဝိညာဏဓာတု-စသည်ဖြင့် စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်းအား၊ သမ္ပဋိစ္ဆိုင်းက သန္တီရဏအား ကျေးဇူးပြုပုံကိုသာပြ၍၊ သန္တီရဏက ဝုဋ္ဌောအား-စသည်ဖြင့် ဘဝင်တိုင်အောင် ကျေးဇူးပြုပုံကို ဆက်လက်မပြဘဲ အဘယ့်ကြောင့် ဒေသနာတော်ကို ချုံးထားရပါသနည်း။

ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင် သိနိုင်လောက်ပြီ-ဟု နှလုံးသွင်း၍ ဒေသနာတော်ကို အကျဉ်းချုံးထားရပါသည်။

(တစ်နည်းကား) နောက်၌ဟောအပ်လတ္တံ့သော "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"စသော ဆဋ္ဌနည်း၌ သွင်းယူနိုင်သောကြောင့် အကျဉ်းချုံးထားရပါသည်။

ဝေါဋ္ဌဗ္ဗနဇဝနတဒါရမ္မဏာဘဝင်္ဂကိစ္စာသု မနောဝိညာဏဓာတူသု ဝတ္တဗ္ဗာသုပိ "ဣမိနာဝ နယေန ဝေဒိတဗ္ဗာ"တိ နယံ ဒဿေတွာ ဒေသနာ သံခိတ္တာ။

(အထဝါ) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာတိ အာဒိကေ ဆဋ္ဌနယေ တာ မနောဝိညာဏဓာတုယော သင်္ဂဟိတာတိပိ ဣဓ န ဝုတ္တာ။

ဆောင်။ ၁။ ဝုဋ္ဌောစသည်၊ မဟောပြီလည်း၊ နည်းမှီ သိရန်၊ စွမ်းနိုင်တန်ဟု၊ ရည်သန်ပြု၊ ချုံးမူ ဒေသနာ။

၂။ ဆဋ္ဌ နည်းလာ၊ ပုရိမာ၌၊ သွင်းကာ ယူရ၊ တစ်နည်းပြ၊ ချုံးရဒေသနာ။

၁၁။ စက္ခုဝိညာဏဓာတု-စသောပါဠ်ဖြင့် ပစ္စည်း, ပစ္စယုပ္ပန် လုံလောက်ပြီးဖြစ်လျက် အဘယ်အကျိုးငှာ "ယေသံ ယေသံ ဓမ္မာနံ"အစရှိသောပါဠ်ကို ထပ်၍ဟောတော်မူရပါသနည်း။

ခပ်သိမ်းသော အနန္တရပစ္စည်းတို့၏ သခေ်ပလက္ခဏာကို ပြအံ့သောငှာ "ယေသံ ယေသံ ဓမ္မာနံ"အစရှိသောပါဠ်ကို ထပ်၍ဟောတော်မူရပါသည်။

သဗ္ဗေသမ္ပိ အနန္တရပစ္စယဓမ္မာနံ သခေ်ပလက္ခဏဒဿနတ္ထံ "ယေသံ ယေသံ ဓမ္မာနံ"တျာဒိ ပုန ဝုတ္တံ။

ဆောင်။ ။လုံးစုံ အနန္တရ၊ ပစ္စယ၏၊ သခေ်ပလက္ခဏာ၊ ပြစိမ့်ငှာ၊ ထပ်ကာ "ယေသံ"ဟော။

http://www.dhammadownload.com



## သမနန္တရပစ္စည်း

၁၂။ အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် တူသလော, ထူးသလော၊ ရှင်းပြပါ။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် ဥပစယနှင့်သန္တတိတို့ကဲ့သို့လည်းကောင်း၊ အဓိဝစနဒုက်နှင့် နိရုတ္တိဒုက်စသည်တို့ကဲ့သို့လည်းကောင်း အနက်အားဖြင့် အထူးအပြားမရှိပါ၊ သဒ္ဒါမျှသာ ထူးခြားပါသည်။

အနန္တရသမနန္တရပစ္စယာနံ အတ္ထတော နာနံ နတ္ထိ၊ ဗျဉ္ဇနမတ္တမေဝ နာနံ၊ ဥပစယသန္တတိအာဒီနံ ဝိယ အဓိဝစနနိရုတ္တိဒုကာဒီနံ ဝိယ စ။

**ဆောင်။** ။အနံ သနံ၊ ဤနှစ်တန်၊ ထူးဟန် ရှိ-မရှိ။
အနက် မပြား၊ သဒ္ဒါကား၊ ထူးခြား ကွဲလေ၏။

## သဟဇာတပစ္စည်း

၁၃။ သဟဇာတပစ္စည်း၌ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ-စသောစကားကို အဘယ်ကိုရည်ရွယ်၍ ဟောတော်မူပါသနည်း။

ဟဒယဝတ္ထုကို ရည်ရွယ်၍ ဟောတော်မူပါသည်။
ဟဒယဝတ္ထုံ သန္ဓာယ "ရူပိနော ဓမ္မာ"တျာဒိ ဝုတ္တံ။

**ဆောင်။** ။သဟဇာတ၊ ပစ္စယတွင်၊ ဟဒယဝတ္ထု၊ ရည်ရွယ်ပြု၊ ဟောမူ ရူပိနော။

၁၄။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-ဝယ် စိတ္တစေတသိကာ၌ စိတ္တစေတသိကာအရကို ကောက်ပြ၍၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-၌ ရူပါနံအရကို နာနာဝါဒတို့ဖြင့် ကောက်ပြပါ။

စိတ္တစေတသိကာအရကား ပဝတ္တိအခါ နာမ်ခန္ဓာလေးပါးတို့ ဖြစ်ပါသည်။

ရူပါနံအရ အဋ္ဌကထာနည်းအားဖြင့် စိတ္တဇရုပ်ကိုသာရပါသည်၊ ဆရာနည်းအားဖြင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်များကို ရပါသည်။

စိတ္တစေတသိကာတိဧတ္ထ ပဝတ္တိယံ စတ္တာရော အရူပိနော ခန္ဓာ ဂဟိတာ။

ရူပါနန္တိဧတ္ထ စိတ္တဇရူပမေဝ ဂဟိတန္တိ အဋ္ဌကထာဝါဒေါ။ စိတ္တဇရူပံ ပဋိသန္ဓိကမ္မဇရူပဉ္စ ဂဟိတန္တိ အာစရိယဝါဒေါ။

http://www.dhammadownload.com



**ဆောင်** ၁။ ပဝတ် အခါ၊ ခန္ဓာလေး၀၊ ယူလေကြ၊ စိတ္တ စေတသိကာ။
၂။ ရူပ အရ၊ စိတ္တဇသော၊ ယူရပါ၊ အဋ္ဌကထာနည်း။
ပဋိကမ္မဇ၊ ကိုလည်းရ၊ အာစရိယနည်း။

၁၅။ အဘယ်ကိုရည်ရွယ်၍ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော–ပါဠ်တို့ကို ဟောတော်မူရပါသနည်း။

ပဋိသန္ဓေအခါကို ရည်ရွယ်၍ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော–ပါဠ်ကို ဟောပါသည်၊ ပဝတ္တိအခါကို ရည်ရွယ်၍ ကိဉ္စိကာလေ န သဟဇာတ ပစ္စယေန ပစ္စယော–ပါဠ်ကို ဟောပါသည်။

ပဋိသန္ဓိံ သန္ဓာယ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယောတိ ဝုတ္တံ။ ပဝတ္တိံ သန္ဓာယ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယောတိ ဝုတ္တံ။

**ဆောင်။** ။သန်နှင့် ပဝတ်၊ ဤနှစ်ရပ်ကို၊ သတ်မှတ် ဟောပြ၊ စဉ်တိုင်းပ၊ သဟကိဉ္စိ–န ကိဉ္စိ။

## ဥပနိဿယပစ္စည်း

၁၆။ ဥပနိဿယပစ္စည်း၀ယ် ကုသလော ကုသလဿ–စသော ၇–ချက်တို့၌ ကေသဉ္စိသဒ္ဒါမထည့်ဘဲ "ကု–အကု၊ အကု–ကု" ၂–ချက်တို့၌သာ အဘယ့်ကြောင့် ထည့်ဟောရပါသနည်း။

ကေသဉ္စိသဒ္ဒါဖြင့် အနန္တရူပနိဿယကို စင်စေလို (တားမြစ်လို) သောကြောင့် "ကု–အကု၊ အကု–ကု" ၂–ချက်တို့၌သာ ကေသဉ္စိသဒ္ဒါကို ထည့်ဟောရပါသည်။

ကုသလော ကုသလဿ–စသော ၇–ချက်တို့၌ အနန္တရူပနိဿယရနိုင်၏၊ "ကု–အကု၊ အကု–ကု" ၂–ချက်၌ကား အနန္တရူပနိဿယမရနိုင်၊ ထို့ကြောင့် ယင်း၂–ချက်တို့၌ ကေသဉ္စိသဒ္ဒါထည့်ဟောထား၏။

ဆက်ဦးအံ့၊ အနန္တရူ, ပကတူနှစ်မျိုးမှာမှ ဥပနိဿယတစ်ပစ္စည်းသာဖြစ်သောကြောင့် ပကတူရသည့် သင်္ချာ ၉–ချက်ထဲမှ အနန္တရူမရသည့်နှစ်ချက်ကို ကေသဉ္စိထည့်ကာ ဟောထားခြင်းဖြစ်၏၊ အာရမ္မဏမျိုး၀င်ဖြစ်သည့် အာရမ္မဏူ ကိုကား စဉ်းစားစရာမလိုပေ။

ကုသလေန အကုသလေ စ အကုသလေန ကုသလေ စ အနန္တရူပနိဿယ ပစ္စယတာ န လဗ္ဘတိ၊ တသ္မာ တေသု "ကေသဉ္စိ"တိ ဝုတ္တံ။

**ဆောင်။** ။ကု–အကုနှင့်၊ အကု–ကုသာ၊ နှစ်ခုမှာမူ၊ နန္တရူကို၊ မယူလို၊ မိန့်ဆို ကေသဉ္စိ။

http://www.dhammadownload.com



၁၇။ ပကတူပနိဿယအတွက် ကုသလော ကုသလဿ-၏ ပစ္စည်းဘက်၌ အရဟတ္တမဂ်ကို၊ အဗျာကတော ကုသလဿ-၏ ပစ္စည်းဘက်၌ အရဟတ္တဖိုလ်ကို ကြဉ်သင့် မကြဉ်သင့် စိစစ်ပြပါ။

မိမိသန္တာန်၌ဖြစ်ဖူးသော ပစ္စည်းတရားကို ရည်ရွယ်ပါက အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ရပါမည်၊ သူတစ်ပါးသန္တာန်၌ဖြစ်သော ပစ္စည်းတရားကို ယူသော် မကြဉ်သင့်ပါ။ (ကုသိုလ်စိတ် ဇောဝီသ, ဝိပါက်စိတ် ဆတ္တိံသ အားလုံးပင် ရသင့်ပါသည်။)

[အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုတောင့်တ၍ ကုသိုလ်ပြုသည့်အခါ မိမိသန္တာန်၌ဖြစ်လတ္တံ့သော အနာဂတ် အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုလည်း ရသင့်ပါသေးသည်၊ ကြဉ်ရန်မလိုပါ။]

အဇ္ဈတ္တသန္တာနေ ပစ္စယဓမ္မေ ဂဟိတေ အရဟတ္တမဂ္ဂဖလာနိ ဝဇ္ဇေတဗ္ဗာနိ။ ဗဟိဒ္ဓသန္တာနေ ပစ္စယဓမ္မေ ဂဟိတေ န ဝဇ္ဇေတဗ္ဗာနိ။

အရဟတ္တမဂ္ဂဖလံ ပတ္ထေတွာ ပုညကရဏကာလေ အဇ္ဈတ္တသန္တာနေ ဥပ္ပဇ္ဇိတဗ္ဗာနိ အရဟတ္တမဂ္ဂဖလာနိပိ န ဝဇ္ဇေတဗ္ဗာနိ။

**ဆောင်။** ။မိမိသန္တာန်၊ ပစ္စည်းမှန်၊ ကြဉ်ရန် မဂ်နှင့်ဖိုလ်။
သန္တာန်တစ်ပါး၊ ရည်ရွယ်ငြား၊ မြစ်တား မပြုလို။
နောင်ရလိုမှု၊ ကုသိုလ်ပြု၊ ကြဉ်မှုမလို-ကိုယ့်မဂ်ဖိုလ်။
ပကတူစပ်၊ ပစ္စည်းတပ်၊ သုံးရပ် မှတ်စေလို။

၁၈။ ဥတုဘောဇနမ္ပိ ပုဂ္ဂလောပိ သေနာသနမ္ပိ-၌ အကြောင်းပြကာ ပရမတ် ပညတ်ခွဲပြ၍၊ ပုဂ္ဂလောပိ သေနာသနမ္ပိ-တို့၌ ပိသဒ္ဒါဖြင့် ပေါင်းယူအပ်သော အနက်တို့ကိုလည်း ပြပါ။

ပညတ်ကိုမဟောမူ၍ ခန္ဓာထိုက်သော ပရမတ်တရားတို့ကိုသာဟောရာ ပဋ္ဌာဝါဠပါဠိတော်၌ "ဥတု, ဘောဇနံ, သေနာသနံ"တို့ကိုသာ ဟောပါသည်၊ "ပုဂ္ဂလော"ကို မဟောပါ၊ ထို့ကြောင့် ဥတု, ဘောဇန, သေနာသန-တို့သည် ပရမတ်ဖြစ်ပါသည်၊ ပုဂ္ဂလသည် ပညတ်ဖြစ်ပါသည်။

ပိသဒ္ဒါဖြင့် သင်္ကန်း, တော, သစ်ပင်, တောင်-အစရှိသော ပညတ်တို့ကို ယူ၍၊ ထိုသင်္ကန်းစသည်တို့၏ စွဲမှီရာဖြစ်သော ပကတူပနိဿယတပ်ကောင်း သမျှသော ရုပ်တရားတို့ကို ပေါင်းယူအပ်ပါသည်။ (ပိ-သဒ္ဒါ အဝုတ္တသမ္ပိဏ္ဍနတ္ထ။)

ပဋ္ဌာဝါဠေ ပရမတ္ထဓမ္မာယေဝ ဝုတ္တာ၊ န ပညတ္တိ၊ တတ္ထ စ ဥတု ဘောဇန သေနာသနပဒါနေဝ ဝုတ္တာနိ၊ န ပုဂ္ဂလပဒံ။ တသ္မာ ဥတု ဘောဇန သေနာသနာနိ ပရမတ္ထော၊ ပုဂ္ဂလော ပညတ္တိ။

http://www.dhammadownload.com



ပုဂ္ဂလောပိ သေနာသနမ္ပိ တိဇ္ဇော ပိသဒ္ဒေန စီဝရာရည္ပရိက္ခပဗ္ဗတာဒိဂ္ဂဟဏ ဝသေန ဥပနိဿယဘာဝံ ဘဇန္တေ သဗ္ဗေ သင်္ဂဏှာတိ။

**ဆောင်** ၁။ ပရမတ်သာ၊ ဟောထိုက်ရာ၊ ပဥာဝါ ရဝယ်။
ဥ, ဘော, သေနာ၊ ဟောလေပါ၊ ပုဂ်မှာ မဟောပယ်။
ထို့ကြောင့် မှတ်အပ်၊ ပုဂ် ပညတ်၊ ပရမတ် ကြွင်းသုံးသွယ်။
၂။ တော တောင် ရေမြေ၊ သစ်ပင်တွေနှင့်၊ တစ်ထွေ သင်္ကန်း၊
အခန်းခန်းလျှင်၊ ဆန်းပြား ဆူဆူ၊ ပကတူပ၊ စပ်သမျှ၊ ပေါင်းပြ
ပိသဒ္ဒါ။

၁၉။ အရည, ပဗ္ဗတစသည်တို့ကို မဟောဘဲ၊ အဘယ့်ကြောင့် ပုဂ္ဂလသေနာသန-နှစ်ပါးကို ဦးတည်၍ ဟောရပါသနည်း။

ကုသိုလ် အကုသိုလ်ဖြစ်ခြင်း၌ အားကြီးသောအကြောင်း ဖြစ်သောကြောင့် ပုဂ္ဂလ သေနာသနနှစ်ပါးတို့ကိုသာ ဦးတည်၍ ဟောရပါသည်။

ပုဂ္ဂလသေနာသနဒွယံ ကုသလာကုသလပ္ပဝတ္တိယာ ဗလဝပစ္စယော ဟောတိ၊ တသ္မာ တံ ဒွယံ ပဓာနဝသေန ဝုတ္တံ။

**ဆောင်။** ။အကု ဖြစ်ခြင်း၊ ကုဖြစ် ခြင်း၏၊ လွန်မင်း အကြောင်း၊
ဖြစ်စကောင်းမို့၊ ဦးခေါင်းတည်ကာ၊ ဟောရပါ၊ သေနာသန-
ပုဂ္ဂလ။

## ပုရေဇာတပစ္စည်း

၂၀။ အဘယ်ကိုရည်ရွယ်၍ "ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော"ပါဠ်တို့ကို ဟောတော်မူရပါသနည်း။

ပဝတ္တိအခါကို ရည်ရွယ်၍ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော-ပါဠ်ကို ဟောပါသည်၊ ပဋိသန္ဓေအခါကို ရည်ရွယ်၍ ကိဉ္စိကာလေ န ပုရေဇာတ ပစ္စယေန ပစ္စယော-ပါဠ်ကို ဟောပါသည်။

ပဝတ္တိံ သန္ဓာယ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယောတိ ဝုတ္တံ။ ပဋိသန္ဓိံ သန္ဓာယ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယောတိ ဝုတ္တံ။

**ဆောင်။** ။ပဝတ်နှင့်သန်၊ ဤနှစ်တန်ကို၊ ရည်သန်မိန့်ချေ၊ စဉ်တိုင်းပေ၊
ပုရေကိဉ္စိ-န ကိဉ္စိ။

http://www.dhammadownload.com



၂၁။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ–စသည်ဖြင့် ပဥ္စဒွါရမျှကိုသာ ဟောထားသောကြောင့် မနောဒွါရ၌ အာရမ္မဏပုရေဇာတပစ္စည်းကို မရသင့်ဟု မှတ်ရပါမည်လော၊ သာဓကနှင့်တကွ ဖြေဆိုပါ။

“စက္ခုံ အနိစ္စတော”စသည်ဖြင့် ပဥှာဝါရ၌ ဟောထားသောကြောင့် မနောဒွါရ၌ အာရမ္မဏပုရေဇာတပစ္စည်းကို မရသင့်သည်မဟုတ်ပါ၊ ရသင့်ပါသည်။

ပဥှာဝါရေ “စက္ခုံ အနိစ္စတော”တိ အာဂတတ္တာ မနောဒွါရေပိ အာရမ္မဏပုရေဇာတံ န န လဗ္ဘတိ၊ လဗ္ဘတေဝ။

၂၂။ ရသင့်ပါလျက် အဘယ့်ကြောင့် မနောဒွါရ၌ အာရမ္မဏပုရေဇာတကို မဟောရပါသနည်း။

ဤပစ္စယနိဒ္ဒေသသည် သာဝသေသဒေသနာဖြစ်သောကြောင့် မဟောပါ။

ဣမဿ ပစ္စယနိဒ္ဒေသဿ သာဝသေသဒေသနာဘာဝတော(မနောဒွါရေ အာရမ္မဏပုရေဇာတံ) န ဝုတ္တံ။

၂၃။ အဘယ့်ကြောင့် သာဝသေသအားဖြင့် ဟောကြားရပါသနည်း။

ပစ္စယနိဒ္ဒေသသည် မကျဉ်းမကျယ် ဒေသနာဖြစ်သောကြောင့် သာဝသေသအားဖြင့် ဟောကြားရပါသည်။

ဣမဿ ပစ္စယနိဒ္ဒေသဿ နာတိသင်္ခေပနာတိဝိတ္ထာရဒေသနာဘာဝတော သာဝသေသဝသေန ဒေသနာ ကတာ။

**ဆောင်။** ။စက္ခုံ အနိစ္စ၊ ပဥှာပြ၍၊ မနောဒွါရ၊ ရသင့်ရှု၊ အာပု ပစ္စယ။
ရသင့်ပါလျက်၊ သာဝသေတွက်၊ ထည့်စွက် မဟောပြ။
မကျဉ်း မကျယ်၊ ဖြစ်လို့ကွယ်၊ ဟောတယ် သာဝသေသ။

## ပစ္ဆာဇာတပစ္စည်း

၂၄။ ပစ္ဆာဇာတပစ္စည်းသည် ရုပ်ပစ္စယုပ္ပန်တရားအား ရုပ်၏ ဥပါဒ်ခဏ ဌီခဏ ဘင်ခဏတို့တွင်အဘယ်ခဏ၌ ကျေးဇူးပြုပါသနည်း။

ပစ္ဆာဇာတပစ္စည်းသည် ရုပ်ပစ္စယုပ္ပန်တရားအား ရုပ်၏ဥပါဒ်ခဏ ဘင်ခဏတို့၌ ကျေးဇူးမပြုပါ၊ ရုပ်၏ ဌီခဏ၌သာ ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



ရုပ်၏ဌီခဏတို့တွင်လည်း ရှေးရှေးသောစိတ်၏ ဌီခဏ ဘင်ခဏတို့၌ ကျေးဇူး မပြုသေး၊ နောက်နောက်စိတ်၏ ဥပါဒ်ခဏသို့ရောက်မှသာ ယင်းနောက်နောက် စိတ်က ကျေးဇူးပြုပါသည်။

ဆိုလိုသည်မှာ ကျေးဇူးပြုခံ ရှေ့ကပစ္စယုပ္ပန်တရားသည် နောက်မှကျေးဇူး ပြုမည့် ပစ္စည်းတရား၏ ရှေ့မှောက် ဥပါဒ်သို့ရောက်မှသာ ကျေးဇူးပြုခံရ၏-ဟု ဆိုလို၏၊ ဥပမာ ဆရာ့ထံမှောက်သို့ ရောက်လာသောတပည့်ကိုသာ ဆရာက ကျေးဇူးပြုသကဲ့သို့တည်း။

**ဆောင်။** ။ရုပ်၏ ဌီမှာ၊ ကျေးဇူးလာ၊ ပစ္ဆာဇာတ-ပစ္စယ။
နောက်စိတ် ဥပါဒ်၊ သို့ရောက်လတ်၊ ပြုတတ် နောက်စိတ်က။

ပစ္ဆာဇာတ၌ ပစ္စည်းတရားသည် နာမ်၊ ပစ္စယုပ္ပန်တရားသည် ရုပ်ဖြစ်၏၊ (သုဒ္ဓသင်္ချာကိုရှုပါ၊) ပဋိသန္ဓေမှစ၍ သောဠသမဘဝင်အထိ ရုပ်သက် ၁၇-ချက် ရှိသည်ကိုလည်းကောင်း၊ ပဋိသန္ဓေစိတ်၏ဌီမှစ၍ သောဠသမဘဝင်၏ဌီတိုင်အောင် ရုပ်၏ဌီခဏပေါင်း ၄၉-ချက်ရှိသည်ကိုလည်းကောင်း သတိပြုပါ၊ သို့မှသာ အထက်ပါ မေးခွန်း၏အဖြေကို နားလည်ပါလိမ့်မည်။

၂၅။ (တစ်နည်း) ပစ္ဆာဇာတပစ္စည်း၌ ရုပ်ပစ္စယုပ္ပန်တရားသည် (ရုပ်၏ ဥပါဒ် ဌီ ဘင်ခဏတို့တွင်) အဘယ်ခဏသို့ရောက်မှ ကျေးဇူးပြုခံရပါသနည်း။

ပစ္ဆာဇာတပစ္စယုပ္ပန်တရားသည် ရုပ်၏ဌီခဏသို့ရောက်မှ (နောက်နောက် သောနာမ်ပစ္စည်းတရား၏) ကျေးဇူးပြုမှုကို ခံရပါသည်။

ရုပ်၏ဌီဟူသည် ပဋိသန္ဓေ၏ဥပါဒ်နောက်ဖက် ရုပ်၏ဌီချည်းပင်တည်း၊ (အောက်ပါ ဝီထိကိုကြည့်ပါ၊) ထို့ကြောင့် ရုပ်၏ဌီဟူသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာ၏ ဥပါဒ်သို့ရောက်မှ ယင်းနောက်နောက်ဘဝင်နာမက္ခန္ဓာ၏ ကျေးဇူးပြုမှုကို ခံရ၏။ ဆရာ့ထံမှောက် ရောက်လာသောတပည့်သည်သာ ဆရာ၏ ကျေးဇူးပြုမှုကို ခံရသကဲ့သို့တည်း။ (ရှေ့ကအဓိပ္ပါယ်နှင့် သဘောတူပင်၊ ဆဝါရ နှင့်လည်း ဆက်စပ်ကြည့်ပါ။)

**ဆောင်။** ။ရုပ်ဌီခဏ၊ သို့ရောက်မှ၊ ပွန်က ကျေးဇူးခံ။
ဝီထိကိုချ၊ သဘာဝ၊ ဇာတ တွေးတောကြံ။

ပဋိ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

ooo ooo ရုပ်၏ဌီ ၄၉-ချက် ooo

http://www.dhammadownload.com



ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်သော ဧကဇကာယပစ္စယုပ္ပန်တရားသည် ရုပ်၏ ဌီဟူသော ပထမဘဝင်၏ ဥပါဒ်ခဏအရောက်၌ ကျေးဇူးပြုခံရသည်၊ ပထမဘဝင်နှင့်အတူဥပါဒ်သော ဒွိဇကာယပစ္စယုပ္ပန်တရားသည် ရုပ်၏ဌီဟူသော ဒုတိယဘဝင်၏ ဥပါဒ်ခဏအရောက်၌ ကျေးဇူးပြုခံရသည်၊ ဤသို့စသည်ဖြင့် နောက်နောက်စိတ်များ၌လည်း နားလည်ပါ။ အရကောက်၌ တစ်နည်းကား အရကောက်ပုံနှင့်လည်း ဆက်စပ်နားလည်သင့်၏၊ ဆက်လက်ပြပါဦးမည်။

| | | | | | | |
|---|---|---|---|---|---|---|
| ပစ္ဆာဇာတစိတ် | = | ပဋိ | ဘဝင်-၁၆ | ဓုန်း | ပဥ္စဝိ | သို့ဝင်း |
| ပုရေရုပ် | = | ००० | ००० | ००० | ००० | ००० |

ကမ္မဇဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ။
ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ။
ဌီတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ။
ဩဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ။ (သင်္ဂဟ)

ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ကမ္မသမုဋ္ဌာန်ရုပ်ဖြစ်၏ (ဧကဇကာယ)၊ ပဋိသန္ဓေ၏ ဌီခဏ၌ ဥတုသမုဋ္ဌာန်ရုပ်ပါဖြစ်၏ (ဒွိဇကာယ)၊ ပထမဘဝင်၏ ဥပါဒ်ခဏ၌ စိတ္တသမုဋ္ဌာန်ရုပ်ပါဖြစ်၏ (တိဇကာယ)၊ ဩဇာပြန့်နှံ့ရာအခါ၌ အာဟာရသမုဋ္ဌာန်ရုပ်ပါဖြစ်၏ (စတုဇကာယ)။

ဤသင်္ဂဟအသွားကို သဘောပေါက်ပါက တစ်နည်းကားအရကောက်ပုံကို နားလည်နိုင်၏၊ ထို့ပြင် သုဒ္ဓသချာ၌ "ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော"စသည်ဖြင့် အားလုံးအတွက် သိမ်းခြုံဆိုထားသည့်စကားကို အစိတ်အစိတ် နားလည်ရမည်၊ သင်္ဂဟစကားကို သဘောပေါက်က နားလည်နိုင်ပါ၏။

ပဋိသန္ဓေနာမက္ခန္ဓာနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော၊ ပထမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော၊-ဤသို့စသည်ဖြင့် အရကောက်နှင့် တိုက်ဆိုင်လေ့လာပါ။

## အာသေဝနပစ္စည်း

၂၆။ ကုသိုလ်အကုသိုလ်တို့က ဝိပါက်ကြိယာအား အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်ပါသနည်း။ (အနန္တရပစ္စည်း၌ကဲ့သို့ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"စသည်ဖြင့် အဘယ့်ကြောင့် ဤအာသေဝနပစ္စည်း၌ မဟောရပါသနည်း။)

http://www.dhammadownload.com



မိမိဟူသော ကုသိုလ်အကုသိုလ်တို့၏သဘောကို ဝိပါက်ကြိယာတို့အား မယူစေနိုင်သောကြောင့် အာသေဝနပစ္စည်း မတပ်ပါ။

အတ္တနော ဂတိံ ဂါဟာပေတုံ အသမတ္ထတာယ ဝိပါကကိရိယာနံ န အာသေဝနပစ္စယော။

၂၇။ ကုသိုလ်အကုသိုလ်တို့က အဘယ့်ကြောင့် မိမိသဘောကို မယူစေနိုင်ပါသနည်း။

ဇာတ်မတူသောကြောင့် မယူစေနိုင်ပါ။

ဘိန္နဇာတိကတာယ အတ္တနော ဂတိံ ဂါဟာပေတုံ အသမတ္ထ ဟောတိ။

ဆောင် ၁။ ကုနှင့်အကု၊ ဤနှစ်ခုက၊ သူ့ဟန်သဘော၊ ယူစိမ့်သောငှာ၊ မစွမ်းပါ၍၊ ဝိ ပါ ကြိဟု၊ ဗျာအစု၊ တပ်မှု အာသေခမ်း။
၂။ ဘိန္နဇာတိ၊ သဘောရှိ၍၊ မိမိသဘော၊ ယူစိမ့်သော၊ မှတ်လောသူမစွမ်း။

၂၈။ (ကုသိုလ်အကုသိုလ်တို့က ဝိပါက်ကြိယာအား ဇာတ်မတူသောကြောင့် အာသေဝနပစ္စည်း မတပ်လျှင်ရှိစေ၊) ဝိပါက်သည် ဝိပါက်အား (ဝိပါက်ချင်းချင်း၊ ဇာတ်တူချင်း) အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်ပါသနည်း။

ရှေ့ရှေ့ (ပစ္စည်း) ဝိပါက်ကလည်း အဖန်တလဲလဲ မှီဝဲထုံမွမ်းတတ်သည်၏ အဖြစ်မရှိ၊ နောက်နောက် (ပစ္စယုပ္ပန်) ဝိပါက်ကလည်း အဖန်တလဲလဲ မှီဝဲထုံမွမ်းအပ်သည်၏အဖြစ် မရှိခြင်းကြောင့် ဝိပါက်ချင်းချင်း အာသေဝနပစ္စည်း မတပ်ပါ။

ဝိပါက်သည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးမျှသာဖြစ်၍ အားနည်း၏၊ မိမိက အာသေဝနပစ္စည်းအနေဖြင့်လည်း ကျေးဇူးမပြုနိုင်၊ ပစ္စယုပ္ပန်အနေဖြင့်လည်း ကျေးဇူးအပြုမခံနိုင်၊ ထို့ကြောင့် အာသေဝနပစ္စည်း မတပ်–ဟု ဆိုလို၏။

အာသေဝနာဘာဝေန ဝိပါကာနံ အညမညံ န အာသေဝနပစ္စယော။

ဝိပါကံ ကမ္မဝသေန ဝိပါကဘာဝပ္ပတ္တံ ဟုတွာ ဒုဗ္ဗလံ ဟောတိ၊ အာသေဝနဂုဏေန အတ္တနော သဘာဝံ ဂါဟာပေတွာ နေဝ အညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ၊ န ပုရိမဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပဇ္ဇိတုံ။ တသ္မာ န အာသေဝနပစ္စယော။

ဆောင်။ ။ထုံတတ် ထုံအပ်၊ ဤနှစ်ရပ်တို့၊ ကင်းပြတ်သည့်တွက်၊ ဝိပါက်ချင်းချင်း၊ စွည်း+ပွန်ခင်း၊ လွတ်ကင်း အာသေဝန။

http://www.dhammadownload.com



## ကမ္မပစ္စည်း

၂၉။ နာနာက္ခဏိကကမ္မသည် အဘယ်အခါမျိုးမှာ အကျိုးပေးပါသနည်း၊ မိမိဖြစ်ဆဲခဏ၌ပင် အကျိုးပေးပါသလော။

နာနာက္ခဏိကကမ္မသည် မိမိဖြစ်ဆဲခဏ၌ အကျိုးမပေးပါ၊ ချုပ်သွားပြီးနောက်၌သာ အကျိုးပေးပါသည်။

နာနာက္ခဏိကကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ၊ နိရုဒ္ဓတော ပရံ ဖလံ ဒေတိ။ [ယသ္မိံ ခဏေ ကမ္မံ ကတံ၊ တတော အညသ္မိံ ခဏေ ဖလံ ဒေတိ။]

**ဆောင်။** ။ဖြစ်ဆဲ ခဏ၊ ကျိုး မပြတည်း၊ ချုပ်ပြီး နောက်သာ၊ ကျိုးပေးတာ၊ မှတ်ပါ နာနာက်။

၃၀။ နာနာက္ခဏိကကမ္မ၏ ချုပ်သွားပြီးနောက်မှ အကျိုးပေးပုံကို သဘာဝယုတ္တိဖြင့် နှိုင်းညှိပြပါ။

ကုသိုလ် အကုသိုလ်ကံသည် အကယ်၍ မိမိဖြစ်ခိုက်မှာ အကျိုးပေးခဲ့ပါလျှင် နတ်ပြည်ရောက်ကြောင်း ကောင်းမှုပြုသောသူသည် ချက်ချင်းပင် နတ်ဖြစ်လေရာ၏၊ ယင်းသို့ ဖြစ်ရိုးကား မရှိပါပေ၊ ထို့ကြောင့် ကံပြုရာခဏမှတစ်ပါးသော နောက်ကာလ၌သာ အကျိုးပေးသည်-ဟု မှတ်ရပါမည်။

ယဒိ ကုသလာကုသလံ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ ဒဒေယျ၊ ဒေဝလောကူပဂံ ကုသလံ ကရောန္တော တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ၊ တသ္မာ "ကမ္မကရဏကာလတော အညသ္မိံယေဝ ခဏေ ဖလံ ဒေတီ"တိ ဒဋ္ဌဗ္ဗံ။

**ဆောင်။** ။ကု အကုကံ၊ ဤနှစ်တန်တို့၊ ဓကန် ဖြစ်ခိုက်၊ ကျိုးပေး လိုက်လျှင်၊ နတ်၌ ဖြစ်မှု၊ ကုသိုလ်ပြုက၊ ယခု အမှန်၊ နတ်ဖြစ်တန်၏၊ ဖြစ်ရန် ကားဝေး၊ ဤအရေးကြောင့်၊ ကံဒွေး နှစ်ခု၊ ကျိုးပေးမှု၌၊ ပြုပြီး နောက်သာ၊ ကျိုးပေးပါသည်၊ နာနာကမ္မ သဘောတည်း။

၃၁။ ကံသည် ချုပ်သွားပြီးဖြစ်ပါလျက် အကျိုးပေးပုံကို ဥပမာဖြင့် ပြပါ။

ရှေးကသင်ယူပြီးဖြစ်သော အတတ်ပညာစသည်တို့သည် ချုပ်သွားပြီးဖြစ်ပါသော်လည်း နောက်နောက်သော အတတ်ပညာအစရှိသည်တို့အား ကျေးဇူးပြု

http://www.dhammadownload.com



သကဲ့သို့ ရှေးကပြုအပ်သော ကုသိုလ်အကုသိုလ်ကံတို့သည် ချုပ်သွားပြီးဖြစ်ပါသော်လည်း ပြုပြီးနောက်မှ အကျိုးပေးပါသည်။

ယထာ ပုရိမသိပ္ပါဒိကိရိယာ နိရုဒ္ဓါပိ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကိရိယာယ ပစ္စယော ဟောတိ၊ တထာ ကုသလာကုသလံ ကမ္မံ အညသ္မိံ ယေဝ ခဏေ ဖလံ ဒေတိ။ (တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။) [နာနာခဏ = အကျိုးပေးရာခဏမှ အသီးသီးဖြစ်သော(ကွဲပြားသော)ခဏာ၌၊ ဣက = ဖြစ်သောစေတနာ။]

**ဆောင်။** ။သင်ပြီးလေပါ၊ ရှေးပညာက၊ နောက်မှာသင်ကြား၊ ပညာအားလျှင်၊ ထောက်ထားသမူ၊ ကျေးဇူးပြုသို့၊ ကု အကုကံ၊ ချုပ်ပြီးမှန်လည်း၊ လျော်ကန်နှောင်ခါ၊ ကျိုးပေးပါသည်၊ နာနာကမ္မ သဘောတည်း။

## ဝိပါကပစ္စည်း

၃၂။ ပဋ္ဌာဝါရ၌ ဝိပါက်အဗျာကတသည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ပစ္စည်းတပ်ဟန်ကို ဟောပါလျက် ဤပစ္စယနိဒ္ဒေသ၌ အဘယ့်ကြောင့် ဟောတော်မမူပါသနည်း။

မကျဉ်း မကျယ်ပြရာဖြစ်သော ဤပစ္စယနိဒ္ဒေသ၌ သာဝသေသအားဖြင့် ပြလိုသောကြောင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ပစ္စည်းတပ်ဟန်ကို ဟောတော်မမူပါ။ (ပဋ္ဌာဝါရသုဒ္ဓသချိုကို သတိပြုပါ။)

နာတိသင်္ခေပနာတိဝိတ္ထာရေ ဣမသ္မိံ ပစ္စယနိဒ္ဒေသေ သာဝသေသဝသေန ဒေသနာ ကတာ၊ တသ္မာ တံ န ဝုတ္တံ။

**ဆောင်။** ။မကျဉ်း မကျယ်၊ နည်းတစ်သွယ်ဖြင့်၊ အလယ် ညွှန်ပြ၊ နိဒ္ဒေသ၌၊ သာဝသေသာ၊ ဒေသနာမို့၊ ရုပ်မှာ တပ်ပုံ၊ မဟောတုံ၊ သိမ်းခြုံ ဝိပါကာ။

## အာဟာရပစ္စည်း

၃၃။ "ကဗဠီကာရော အာဟာရော"၌ အာဟာရ–အရ ဗဟိဒ္ဓဥတုဇဩဇာမျှကိုသာ ယူရမည်လော၊ အဘယ်ဩဇာကို ယူရပါမည်နည်း။

အာဟာရ–အရ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇဩဇာမျှကိုသာ မယူရပါ၊ စတုသမုဋ္ဌာနိကဩဇာကို ယူရပါမည်။

http://www.dhammadownload.com



အာဟာရေတိဧတ္တ ဗဟိဒ္ဓဥတုဇသြဇာမတ္တကမေဝ န ဂဟေတဗ္ဗံ၊ စတုသမုဋ္ဌာနိကသြဇာ ဂဟေတဗ္ဗာ။

**ဆောင်။** ။အာဟာရေဟု၊ သာမန်ပြလည်း၊ စတုသမုဋ္ဌာ၊ ရုပ်သြဇာ၊ ယူပါ အာဟာရ။

၃၄။ အာဟာရေမျှသာ ဟောတော်မမူဘဲ အဘယ့်ကြောင့် "ကဗဠီကာရေ"ဟု ဖြည့်စွက်၍ ဟောတော်မူရပါသနည်း။

အာဟာရသည် အလုပ်အလွေးပြု၍ မျိုသုံးစားသောက်မှသာ အာဟာရကိစ္စကို ပြုနိုင်၏၊ အပြင်အပဌ် တည်နေရုံမျှဖြင့် အာဟာရကိစ္စကို မပြုလုပ်နိုင်-ဟူသော အနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့် "ကဗဠီကာရေ"ပုဒ်ကို ဖြည့်စွက်၍ ဟောတော်မူရပါသည်။

ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝ အာဟာရကိစ္စံ ကရောတိ၊ န ဗဟိ ဌိတော။ တသ္မာ "အာဟာရေ"တိဧတ္တဝ အဝတွာ "ကဗဠီကာရေ အာဟာရေ"တိ ဝုတ္တံ။

**ဆောင်။** ။လုပ်လွေး ပြုကာ၊ မျိုမှသာ၊ အာဟာ ကိစ္စပြီး။
မစား မမျို၊ အပသို၊ အပို အချည်းနှီး။
ထို့ကြောင့် ရှင်စော၊ အာဟာရေမျှ၊ ဟောမပြဘဲ၊ ကဗဠီကာရေ၊
ထည့်စွက်ဟော၊ မှတ်လော ဟာပစ္စည်း။

၃၅။ ရုပ်အာဟာရ၏ ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိတပ်ပုံကို ယထာရဟ ယှဉ်တွဲပြပါ။

ဗဟိဒ္ဓဥတုဇသြဇာသည် အာဟာရဇရုပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ကြွင်းသော တိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကမ္မဇ စိတ္တဇ အာဟာရဇ (တိဇ) သြဇာသည် စတုသမုဋ္ဌာနိကရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(တစ်နည်းကား) ကလာပ်တူအား ဇနကသတ္တိဖြင့်၊ ကလာပ်ပြားအား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**ဆောင်။** ။ဗဟိဒ် ဥတုဇာ၊ သြဇာမှာ၊ ဟာရာ ဇနက။
ကြွင်း တိဇအား၊ ပြုလေငြား၊ မှတ်သား ထမ္ဘက။
တိဇောဇာကား၊ စတုဇအား၊ ပြုငြား ထမ္ဘက။
ကလာပ်တူအား၊ ဇနကထား၊ ကွဲပြား ထမ္ဘက-တစ်နည်းပြ။

http://www.dhammadownload.com



## ဣန္ဒြိယပစ္စည်း

၃၆။ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ဣန္ဒြေဖြစ်ကြပါလျက် အဘယ့်ကြောင့် ဣန္ဒြိယ ပစ္စည်း မတပ်ကြပါသနည်း။

ကလလအခါစသည်တို့၌ ဣတ္ထိလိင်အစရှိသည်တို့ မရှိခြင်းကြောင့် ဣန္ဒြိယ ပစ္စည်း မတပ်ကြပါ။

ကလလာဒိကာလေ ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ အဘာဝါ တာနိ နေဝ တေသံ, န အညေသံ ဣန္ဒြိယပစ္စယတံ ဖရန္တိ။

ကလလာဒိကာလေ၌ အာဒိသဒ္ဒါဖြင့် "ပဌမံ ကလလံ ဟောတိ"စသော ဂါထာလာ အဗ္ဗုဒ, ပေသိ, ဃန, ပသာခ–စသည်ကိုယူပါ။

ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ၌ အာဒိသဒ္ဒါဖြင့် "လိင်္ဂံ နိမိတ္တသဏ္ဌာနံ"စသော ဂါထာလာ နိမိတ္တ, သဏ္ဌာန, အာကပ္ပ, ဂမနာဒိ, ကုတ္တ, ကီဠ–တို့ကိုယူပါ။ (တေသု–ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည်၊ ဝိဇ္ဇမာနေသုပိ–သော်လည်း။ တေသံ–ထိုဣတ္ထိလိင်ပုရိသလိင်စသည်တို့၏အပေါ်၌၊ ဣန္ဒြိယပစ္စယတံ–ဣန္ဒြိယပစ္စယ သတ္တိကို၊ နေဝဖရန္တိ–မဖြန့်နိုင်ကုန်၊ အညေသံ–ဣတ္ထိလိင် ပုရိသလိင်စသည်တို့မှ အခြားသော ကလာပ်တူကမ္မဇရုပ်တို့၏အပေါ်၌၊ ဣန္ဒြိယပစ္စယတံ–ကို၊ နဖရန္တိ– မဖြန့်နိုင်ကုန်။)

**ဆောင်။** ။ကလလစသည်၊ အခါဆီဝယ်၊ ဣတ္ထီပုရိသ၊ သွင်ကင်းပ၍၊ ပစ္စယဣန္ဒြိ၊ မတပ်ဘိ၊ ဣတ္ထိဘာဝ–ပုရိသ။

## ဈာနပစ္စည်း

၃၇။ ဒွေးပဥ္စဝိညာဉ်တစ်ဆယ်၌ရှိသော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာတို့သည် အဘယ့်ကြောင့် ဈာနပစ္စည်း မတပ်ကြပါသနည်း။

ဒွေးပဥ္စဝိညာဉ်တစ်ဆယ်တို့သည် အာရုံ၌ရှေးရှုကျရောက်ခြင်း သဘောမျှသာ ရှိ၏၊ ထိုသဘောရှိသည့် ဒွေးပဥ္စဝိညာဉ်တို့၌ရှိသော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာ တို့သည် ကသိုဏ်းစသောအာရုံကို စူးစူးစိုက်စိုက် မရှုတတ်သောကြောင့် ဈာနပစ္စည်း မတပ်ပါ။

အာရမ္မဏေ အဘိနိပါတမတ္တေသု ဒွိပဥ္စဝိညာဏေသု ဝိဇ္ဇမာနာ ဥပေက္ခာ သုခဒုက္ခဝေဒနာ ဥပနိဇ္ဈာနာကာရဿ အဘာဝတော န ဈာနပစ္စယာ ဟောန္တိ။

**ဆောင်။** ။ကသိုဏ်း စတုံ၊ များအာရုံကို၊ ခုံမင်သမှု၊ ကပ် မရှု၍၊ ဆယ်ခု ဝိဉ်ပါ၊ ဝေဒနာ၊ ကင်းကွာ ဈာန–ပစ္စယ။

http://www.dhammadownload.com



[ဒွေးပဉ္စဝိညာဉ်တစ်ဆယ်၌ ဈာနပစ္စည်းမရသောကြောင့် ကျန်အဟိတ်စိတ်တို့၌လည်း ဈာနပစ္စည်းမရချေ။ တတ္ထ ပဥ္စဝိညာဏ ပန သေသာဟေတုကေသုပိ ဈာနင်္ဂံ န ဥဒ္ဓရမေဝ။(ဠ၊ ၃၇၉) ဓမ္မသင်္ဂဏီမှာ မပြခြင်းကိုသာ ဆို၏။]

## မဂ္ဂပစ္စည်း

၃၈။ အဟိတ်စိတ်အင်္ဂါရသည်၌ အဘယ့်ကြောင့် မဂ္ဂပစ္စည်း မတပ်ပါသနည်း။

(မဂ္ဂင်တရားကိုယ် ၉-ပါးတို့တွင်) အဟိတ်စိတ်၌ယှဉ်သော ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် ဟိတ်မရှိသောကြောင့် မဂ္ဂပစ္စည်းမတပ်ပါ။ [ပညာစသည်တို့ကား ပင်ကိုယ်ကပင် အဟိတ်စိတ်၌ မယှဉ်ချေ။]

အင်္ဂါရသာဟေတုကေသု ဟေတုဝိရဟတော မဂ္ဂပစ္စယော န လဗ္ဘတိ။

**ဆောင်။** ။အဟိတ်၌ယှဉ်၊ သုံးမဂ္ဂင်တို့၊ ဟိတ်စင် ကင်းပ၊ သဘာဝကြောင့်၊ အဟိတ်ဌာရသ်၊ မဂ် မတပ်၊ စွဲမှတ် မြဲသေချာ။

## ဝိပ္ပယုတ္တပစ္စည်း

၃၉။ ရူပါရုံအစရှိသော အာရုံတရားတို့သည် အာရမ္မဏိကနာမ်တရားတို့နှင့် ဝိပ္ပယုတ်ဖြစ်ကုန်လျက် (ရုပ်နှင့်နာမ် ဝိပ္ပယုတ်ဖြစ်လျက်) အဘယ့်ကြောင့် ရူပါရုံစသည်တို့ကို ဝိပ္ပယုတ္တပစ္စည်း၌ မဟောအပ်ပါသနည်း။(အဘယ့်ကြောင့် အာပုကို မဟောပါသနည်း-လည်းဟူ။)

ရူပါရုံအစရှိသည်တို့သည် အာရမ္မဏိကနာမ်တရားတို့နှင့် ဝိပ္ပယုတ်ကေန်ဖြစ်ကုန်၏၊ "သမ္ပယုတ်လေလား"ဟု ယုံမှားဖွယ်မရှိ၊ ထို့ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောပါ။

ရူပါယတနာဒယော အာရမ္မဏာဓမ္မာ စက္ခုဝိညာဏာဒီဟိ ဝိပ္ပယုတ္တဓမ္မာ သမာနာပိ သမ္ပယောဂါသင်္ကာယ အဘာဝတော ဝိပ္ပယုတ္တပစ္စယာ န ဟောန္တိ။

**ဆောင်။** ။သမ္ပယုတ်လေလား၊ တွေးယုံမှားဖို့၊ လားလား မပြု၊ အကြောင်းရှု၊ အာပု ဝိပ်မတပ်။

၄၀။ ဝိပ္ပယုတ္တပစ္စည်း၌ ဝတ္ထုပုရေဇာတကို ဟောရခြင်း၏ အကြောင်းကို ပြပါ။

စက္ခုဝိညာဉ်စသော နာမက္ခန္ဓာလေးပါးတို့သည် စက္ခုဝတ္ထုစသည်တို့၏ အတွင်းမှ ထွက်လာသကဲ့သို့ ဖြစ်ကုန်၏၊ ထိုသို့ဖြစ်ရာ၌ "စက္ခုစသောဝတ္ထုရုပ်

http://www.dhammadownload.com



တို့သည် စက္ခုဝိညာဉ်စသော နာမ်ခန္ဓာတို့နှင့် သမ္ပယုတ်လေလား၊ ဝိပ္ပယုတ်လေလား”ဟု ယုံမှားဖွယ်ရှိနိုင်ပါသည်၊ ထို့ကြောင့် ဝတ္ထုပုရေဇာတကို ဝိပ္ပယုတ္တပစ္စည်း၌ ဟောရပါသည်။

စက္ခုဝိညာဏာဒယော အရူပိနော ခန္ဓာ စက္ခာဒီနံ ဝတ္ထူနံ အဗ္ဘန္တရတော နိက္ခန္တာ ဝိယ ဥပ္ပဇ္ဇန္တိ။ တတ္ထ အာသင်္ကာ ဟောတိ “ကိံ နု ခေါ ဧတေ စက္ခာဒယော ဧတေဟိ စက္ခုဝိညာဏာဒီဟိ သမ္ပယုတ္တာ, ဥဒါဟု ဝိပ္ပယုတ္တာ”တိ။ တသ္မာ ဝတ္ထုပုရေဇာတံ (ဆဝတ္ထု) ဝိပ္ပယုတ္တပစ္စယေ ဝုတ္တံ။

**ဆောင်။** ။ရုပ်နှင့် နာမ်ကား၊ သမ်+ဝိပ်လားဟု၊ ယုံမှား သမှု၊ အကြောင်းပြု၊ ဝတ်ပု ဝိပ်၌ဟော။

## အတ္ထိပစ္စည်း

၄၁။ အတ္ထိ ၅-မျိုးတို့တွင် အဘယ်အတ္ထိတို့ကို ဟော၍၊ အဘယ်အတ္ထိတို့ကို အဘယ့်ကြောင့် မဟောပါသနည်း။

အတ္ထိ ၅-မျိုးတို့တွင် သဟဇာတတ္ထိ, ပုရေဇာတတ္ထိ ၂-မျိုးတို့ကို ဟောပါသည်၊ ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ ၃-မျိုးတို့ကိုကား သာဝသေသဒေသနာ ဖြစ်သောကြောင့် မဟောပါ။

ပဥ္စသု အတ္ထိဇာတီသု ဒွေ သဟဇာတပုရေဇာတတ္ထိဇာတိယော ဝုတ္တာ။ တိဿော ပစ္ဆာဇာတာဟာရိန္ဒြိယတ္ထိဇာတိယော န ဝုတ္တာ, သာဝသေသဒေသနာ ဘာဝတော။

**ဆောင်။** ။သဟ ပုရေ၊ မျိုးအနေဖြင့်၊ နှစ်ထွေ အတ္ထိ၊ ဟောပြ ဘိ၏၊ ဣန္ဒြိ ပစ္ဆာ၊ ဟာရာ သုံးဝ၊ ဟောမပြဘူး၊ သာဝသေသာ၊ ဒေသနာ၊ ဖြစ်ပါလေသောကြောင့်။

\+ + + + +

ပစ္စယနိဒ္ဒေသ အဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com



# ဆဝါရအခိပ္ပါယ်

## သဟဇာတပစ္စည်း

၁။ ပဋိသန္ဓိက္ခဏေ–ဟူသော ပါဠိတော်၌ အဘယ်ပဋိသန္ဓေကို ယူရမည်နည်း၊ ဤပဋိသန္ဓိက္ခဏေနှင့် ပစ္စယနိဒ္ဒေသ၌ဟောအပ်သော ဩက္ကန္တိက္ခဏေတို့ အဘယ်သို့ ထူးခြားပါသနည်း။

ပဋိသန္ဓိက္ခဏေအရ ပဉ္စဝေါကာရပဋိသန္ဓေကို ယူရပါမည်၊ ပစ္စယနိဒ္ဒေသလာ ဩက္ကန္တိက္ခဏေနှင့် ထူးခြားမှုမရှိပါ၊ သဒ္ဒါမျှသာ ကွဲပြားပါသည်။ ဩက္ကန္တိက္ခဏေ အရလည်း ပဉ္စဝေါကာရပဋိသန္ဓေကိုပင် ယူရပါသည်။

(တစ်နည်း)ဩက္ကန္တိက္ခဏေအရ ပဉ္စဝေါကာရပဋိသန္ဓေကို ယူရပါမည်၊ ပဋိသန္ဓိက္ခဏေအရ ပဋိသန္ဓေအားလုံးကို ယူရပါမည်။

ပဋိသန္ဓိက္ခဏေတိဧတ္ထ ပဉ္စဝေါကာရပဋိသန္ဓိ ဂဟေတဗ္ဗာ၊ တထာ ဩက္ကန္တိက္ခဏေတိဧတ္ထာပိ။ ဣဒံ ဒွယံ အတ္ထတော ဧကံ၊ ဗျဉ္ဇနမေဝ နာနံ။

(အထဝါ)ဩက္ကန္တိက္ခဏေတိဧတ္ထ ပဉ္စဝေါကာရပဋိသန္ဓိ ဂဟေတဗ္ဗာ၊ ပဋိသန္ဓိက္ခဏေတိဧတ္ထ သဗ္ဗာ ပဋိသန္ဓိယော ဂဟေတဗ္ဗာတိ အယမေတေသံ ဝိသဒိသော။

"တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿ အဝက္ကန္တိ"ဟူသော ပါဠိတော်အရ ဩက္ကန္တိ ဟူသည် ဂဗ္ဘသေယျကပဋိသန္ဓေနှင့် ခန္ဓာငါးပါးရှိခြင်းအားဖြင့် လက္ခဏာတူသော ပဉ္စဝေါကာရပဋိသန္ဓေတည်း၊ ပဋိသန္ဓိဟူသောစကားသည် ဘဝအားလုံးနှင့် သက်ဆိုင်၏၊ သို့သော် ဤပဋိစ္စသဟဇာတဒေသနာတော်၌ကား "ကဋတ္တာ စ ရူပံ"ဟု ဟောတော်မူခြင်းကြောင့် ပဉ္စဝေါကာရပဋိသန္ဓေကိုသာ ယူရမည်၊ ပဉ္စဝေါကာရပဋိသန္ဓေကသာ ရုပ်နာမ်နှစ်မျိုးလုံး၏ ပစ္စည်းလည်းဖြစ်နိုင်, ပစ္စယုပ္ပန်လည်း ဖြစ်နိုင်သည်။ (ဋ္ဌ၊ ၄၁၃။ မူလဋီ၊ ၂၀၆။ အနုဋီ၊ ၂၇၆။)

**ဆောင်** ၁။ ပဋိသန္ဓိ၊ ဩက္ကန္တိ၊ တူ၏ အဓိပ္ပါယ်။
သန္ဓေ ပဉ္စဝေါ၊ ရည်ကာဟော၊ မှတ်လော ပါဌ်နှစ်သွယ်။

၂။ ဩက္ကန္တိမှာ၊ ပဉ္စဝေါသာ၊ သေချာမှတ်လေမင့်။
ပဋိသန်မူ၊ အားလုံးယူ၊ တစ်မူ ထပ်ကာဖွင့်။

၃။ ကဋတ္တာရူပံ၊ ကြည့်၍ကြံ၊ ယူရန် ပဉ္စဝေါ။
ရုပ်နှင့် နာမ်နှစ်၊ စွည်း+ပွန်ဖြစ်၊ မှတ်လစ် သူ့သဘော။

http://www.dhammadownload.com



၂။ "ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ"၌ ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်တို့၏ အရကို ကောက်ပြ၍၊ ပဝတ္တိကမ္မဇရုပ်ကို သီးခြားမဟောရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

ဗာဟိရဟူသည် တောတောင် မိုးမြေအစရှိသော အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ်တည်း၊ အာဟာရဇရုပ်ဟူသည်အဇ္ဈတ္တသန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကသြဇာကြောင့်ဖြစ်သော အာဟာရဇ အဋ္ဌကလာပ်အစရှိသည်တည်း၊ ဥတုဇဟူသည် အဇ္ဈတ္တသန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကတေဇောကြောင့်ဖြစ်သော ဥတုဇအဋ္ဌကလာပ်အစရှိသည်တည်း။

ပဝတ္တိကမ္မဇရုပ်သည် အသညသတ်ကမ္မဇရုပ်နှင့် အလားတူသောကြောင့် "အသညသတ္တာနံ"စသောဝိဘင်း၌ အတွင်းဝင်ပါသည်၊ ထို့ကြောင့် ဝိဘင်းသီးခြား မဟောပါ။

ဗာဟိရံ နာမ ဝနပဗ္ဗတမေဃပထဝီပါသာဏာဒိကံ အနိန္ဒြိယဗဒ္ဓံ ဥတုဇရူပံ။ အာဟာရသမုဋ္ဌာနံ နာမ အဇ္ဈတ္တသန္တာနေ စတုသမုဋ္ဌာနိကသြဇသမ္ဘူတံ အာဟာရဇ အဋ္ဌကလာပရူပါဒိ။ ဥတုသမုဋ္ဌာနံ နာမ အဇ္ဈတ္တသန္တာနေ စတုသမုဋ္ဌာနိကတေဇော သမ္ဘူတံ ဥတုဇအဋ္ဌကလာပရူပါဒိ။

ပဝတ္တိကမ္မဇရူပံ အသညသတ္တကမ္မဇရူပဂတိကတ္တာ အသညသတ္တေ အန္တောဂဓံ၊ တသ္မာ တံ န ဝိသုံ ဝုတ္တံ။

**ဆောင်** ၁။ တောတောင် ရေမြေ၊ အထွေထွေ၊ မှတ်လေ ဗာဟိရ။
အာဟာရဇဋ္ဌ၊ ကလာပ၊ မှတ်ပါ ဟာရဇ။
ဥတုဇဋ္ဌ၊ ကလာပ၊ မှတ်ကြ ဥတုဇ။
၂။ အသညသတ်တွင်း၊ ယှဉ်သွတ်သွင်း၍၊ ဝိဘင်း သီးခြား၊ မဟောကြား၊ မှတ်သား ပဝတ္တ-ကမ္မဇ။

## ဥပနိဿယပစ္စည်း

၃။ ပကတူပနိဿယ၏ "ကုသလေန ကုသလံ"ဝယ် ဟိတ်ပါဌ်အရကို ကောက်ရာ၌ အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို ကြံသင့် မကြံသင့် စိစစ်ပြပါ။

သူတစ်ပါးသန္တာန်၌ဖြစ်ဖူးသော ပစ္စည်းတရားကို ရည်ရွယ်ပါက အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မကြံရပါ၊ မိမိသန္တာန်၌ဖြစ်သော ပစ္စည်းတရားကို ရည်ရွယ်ပါက ကြံရပါမည်၊ အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုတောင့်တ၍ ကုသိုလ်ပြုရာ၌ကား မိမိသန္တာန်၌ဖြစ်စေကာမူ မကြံရပါ။ [ဤအဓိပ္ပါယ်များကား ပစ္စယနိဒ္ဒေသလာ အဓိပ္ပါယ်များပင် ဖြစ်၏။]

http://www.dhammadownload.com



ဗဟိဒ္ဓသန္တာနေ ပစ္စယဓမ္မေ ဂဟိတေ အရဟတ္တမဂ္ဂဖလာနိ န ဝဋ္ဋေတဗ္ဗာနိ။ အဇ္ဈတ္တသန္တာနေ ပစ္စယဓမ္မေ ဂဟိတေ ဝဋ္ဋေတဗ္ဗာနိ။

အရဟတ္တမဂ္ဂဖလံ ပဋ္ဌေတွာ ပုညကရဏကာလေ အဇ္ဈတ္တသန္တာနေ ဥပ္ပဇ္ဇိတဗ္ဗာနိ အရဟတ္တမဂ္ဂဖလာနိ န ဝဋ္ဋေတဗ္ဗာနိ။

**ဆောင်။** ။ဗဟိဒ် ရည်မှတ်၊ မကြဉ်အပ်၊ အရဟတ် မဂ်ဖလ်။
အဇ္ဈတ် ကိုကား၊ ရည်ရွယ်ငြား၊ ကြဉ်ထား ထိုနှစ်တန်။
နာဂတ် ရည်က၊ မကြဉ်ရ၊ မှတ်ကြ အဇ္ဈတ္တံ။

## ပုရေဇာတပစ္စည်း

၄။ ဆဝါရ၌ အဘယ့်ကြောင့် အာရမ္မဏပုရေဇာတကို မဟောပါသနည်း။

အာရုံပစ္စည်းတရားက ပုရေဇာတသတ္တိဖြင့် အမြဲအားဖြင့် ကျေးဇူးမပြုနိုင်သောကြောင့်(အာရုံပြု မမြဲသောကြောင့်)ဆဝါရ၌ အာရမ္မဏပုရေဇာတကို မဟောပါ။

ဒွေးပဥ္စဝိညာဉ် ၁၀–သည် ပစ္စုပ္ပန်ပဉ္စာရုံကို အမြဲအာရုံပြု၏၊ မနောဓာတ် ၃–ခုသည်လည်း ပစ္စုပ္ပန်ပဉ္စာရုံကို အမြဲအာရုံပြု၏၊ အဘိညာဉ်ဒွေးသည် ပစ္စုပ္ပန် ရူပါရုံ သဒ္ဒါရုံကို အမြဲအာရုံပြု၏၊(အာပု သုဒ္ဓသင်္ချာကိုရှုပါ၊) ထို့ကြောင့် ထိုအာရုံတို့သည် ထိုဝိညာဉ်တို့အား အာပု ဧကန် တပ်၏။

မနောဝိညာဏဓာတ်သည်ကား ပစ္စုပ္ပန်ပဉ္စာရုံကိုလည်း အာရုံပြု၏၊ အခြားသော အတိတ်, အနာဂတ် အာရုံများကိုလည်း အာရုံပြု၏၊ အာရုံပြုမမြဲချေ။ ဤသို့ပြုရာတွင် ပဋိသန္ဓေစိတ်၏ ပစ္စုပ္ပန်အာရုံမှတစ်ပါးသော ပစ္စုပ္ပန်ပဉ္စာရုံက မနောဝိညာဏဓာတ်အား အာပုတပ်၍, အတိတ် အနာဂတ်အာရုံက ၎င်းအား အာပု မတပ်ချေ။ ဤသို့ အမြဲအားဖြင့်(မြဲသောအားဖြင့်) ကျေးဇူးမပြုနိုင်သောကြောင့် ဆဝါရ၌ အာရမ္မဏပုရေဇာတကို မဟောပါ။

[ဤအဖြေသည် အရကောက်၌ပါသည့် "မနောဝိညာဏဓာတ်အား ပုရေဇာတ ဧကန်မဖြစ်သောကြောင့်"ဟူသောအဖြေနှင့် အဓိပ္ပါယ်အတူတူပင်တည်း။ "အာပု မတပ်သောကြောင့်"စကားနှင့် "ပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုသောကြောင့်" စကားနှစ်ရပ် အဓိပ္ပါယ်တူ၏။]

အာရမ္မဏဘူတဿ ပစ္စယဓမ္မဿ ဧကန္တ တော ပုရေဇာတသတ္တိယာ အနုပကာရကတ္တာ ဆဝါရေ(ဆသု ဝါရေသု)အာရမ္မဏပုရေဇာတံ န ဝုတ္တံ။

**ဆောင်။** ။ဝိညာဉ်မနော၊ ဓာတ်သဘောကား၊ ရောနှောသမ္ဘူ၊ အာရုံပြု၍၊ အာပုဧကန်၊ မဟုတ်ပြန်ခဲ့၊ သို့ဟန်ကြောင်းရှု၊ မဟောပြု၊ အာပုပစ္စယ–ဆဝါရ။

http://www.dhammadownload.com



## ပစ္ဆာဇာတပစ္စည်း

၅။ ဆဝါရအနုလုံ၌ အဘယ့်ကြောင့် ပစ္ဆာဇာတကို မဟောပါသနည်း။

ဇနကသတ္တိကိုပြသော "ဥပ္ပန္နတိ"ကြိယာနှင့် မလျော်ကန်သောကြောင့် ဆဝါရအနုလုံ၌ ပစ္ဆာဇာတကို မဟောပါ။

ပစ္ဆာဇာတပစ္စယော "ဥပ္ပဇ္ဇတိ ပစ္ဆာဇာတပစ္စယာ"တိ ဝတ္တုံ နာရဟတိ၊ တသ္မာ ဆဝါရာနုလောမေ န ဝုတ္တော။

**ဆောင်။** ။ဇနကာသတ္တိ၊ ပြတုံဘိသည့်၊ ဥပ္ပဇ္ဇတိ ကြိယာ၊ မလျော်ပါ၍၊ ပစ္ဆာဇာတ၊ ဆဝါရ၊ မပြ အနုလုံ။

၆။ ပစ္ဆာဇာတပစ္စည်းသည် အဘယ့်ကြောင့် ဥပ္ပဇ္ဇတိ (ပစ္စုပ္ပန်) ကြိယာနှင့် မလျော်ကန်ပါသနည်း။

ပစ္ဆာဇာတပစ္စည်းသည် ကုသိုလ်အကုသိုလ် (နာမ်တရား) တို့အား ကျေးဇူးမပြုပါ၊ မိမိ၏ပစ္စယုပ္ပန်ဖြစ်သော စတုဇကာယ (ရုပ်တရား) အားသော်မှလည်း ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုပါသည်၊ ဇနကသတ္တိဖြင့် ကျေးဇူးမပြုပါ၊ ထို့ကြောင့် ဥပ္ပဇ္ဇတိကြိယာနှင့် မလျော်ကန်ပါ။

ပစ္ဆာဇာတော ကုသလာကုသလာနံ နာမဓမ္မာနံ နုပကာရကော၊ အတ္တနော ပစ္စယုပ္ပန္နဘူတဿာပိ စတုဇကာယဿ ဥပတ္ထမ္ဘကဝသေနေဝ ဥပကာရကော, န ဇနကဝသေန။ တသ္မာ "ဥပ္ပဇ္ဇတိ ပစ္ဆာဇာတပစ္စယာ"တိ ဝတ္တုံ နာရဟတိ။

**ဆောင်။** ။ပစ္ဆာဇာတ၊ ထမ္ဘကသာ၊ ဇနကာသတ္တိ၊ ကင်းကွာဘိ၍၊ ဥပ္ပဇ္ဇတိ ကြိယ်၊ ပစ္စုပ္ပန်၊ ဟောရန် မသင့်လျော်။

**အဓိပ္ပါယ်။** ။ပစ္ဆာဇာတပစ္စည်းသည် ဥပတ္ထမ္ဘကသတ္တိသာရှိ၏၊ ဇနကသတ္တိမရှိချေ၊ ပစ္စည်းတရားက ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ နောက်ကနေ ထောက်ပံ့၏၊ ဥပတ္ထမ္ဘကသတ္တိဟုခေါ်၏၊ အဋ္ဌကထာ၌ လင်းတငယ်များ၏ အာဟာရာသာစေတနာဖြင့် ဥပမာပြ၏၊ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီ၌ "ရှေးရှေးနှစ်က ပေါက်ပြီးသောသစ်ပင်များကို နောက်နောက်နှစ်၌ ရွာသွန်းသောမိုးရေက ကျေးဇူးပြုသလို, ထောက်ပံ့သလို"ဟု ဥပမာပြထား၏။ စာသင်နေသောတပည့်အား ဆရာက ပစ္စည်းလေးပါးဖြင့် ထောက်ပံ့အားပေးခြင်း စသည်တို့သည်လည်း ပစ္ဆာဇာတသတ္တိပင်တည်း။

http://www.dhammadownload.com



ဆက်ဦးအံ့၊ "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဉပ္ပဇ္ဇတိ ဟေတုပစ္စယာ" စသောပါဠိတော်၌ "ဉပ္ပဇ္ဇတိ၊ ဉပ္ပဇ္ဇန္တိ"ကြိယာတို့၏အရ အဋ္ဌကထာက ခဏတ္တယကို ကောက်ပြ၏၊ ဋီကာများကား ဉပ္ပါဒက္ခဏကိုသာ ကောက်ပြကြသည်၊ အကြောင်းကား ဆဝါရ၌ ဉပါဒ်ခဏကိုသာ ဘုရားရှင် ဟောတော်မူသောကြောင့် တည်း။ မှန်၏၊ ဆဝါရအနုလုံ၌ ပစ္ဆာဇာတကို မဟောခြင်းသည်လည်း ဉပါဒ် ခဏကိုသာဟောသောကြောင့်ပင် ဖြစ်ပေသည်။

"ယာဝ နိရောဓဂမနာ ဥဒ္ဓံ ပဇ္ဇတီ"တိစ "ဉပ္ပါဒါဒယော ဝါ ပါပုဏာတီ"တိ စ ဝစနေဟိ ခဏတ္တယသမင်္ဂီ (ခဏတ္တယနှင့် ပြည့်စုံခြင်းရှိသောခန္ဓာ) ဉပ္ပဇ္ဇတီတိ ဝုစ္စတီတိ အနုညာတံ ဝိယ ဟောတိ၊ ဉပ္ပါဒက္ခဏသမင်္ဂီယေဝ ပန ဧဝံ ဝုတ္တောတိ ဒဋ္ဌဗ္ဗော။ (မူလဋီ၊ ၂၀၅)

အနုညာတံ ဝိယ ဟောတီတိ ယဒိပိ အဋ္ဌကထာယံ "ယာဝ နိရောဓဂမနာ"တိ အာဒိဝစနေဟိ ခဏတ္တယသမင်္ဂီ ဉပ္ပဇ္ဇတီတိ အနုညာတံ ဝိယ ဟောတိ၊ ဉပ္ပါဒက္ခဏသမင်္ဂီယေဝ ပန ဉပ္ပဇ္ဇတီတိ ဝုတ္တော ပဋိစ္စဝါရာဒီနံ ဆန္နံ ဝါရာနံ ဉပ္ပါဒမေဝ ဂဟေတွာ ပဝတ္တတ္တာ။ တထာ ဟိ တေသု ပစ္ဆာဇာတပစ္စယော အနုလောမတော န တိဋ္ဌတိ။ (အနုဋီ၊ ၂၇၅)

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဉပ္ပဇ္ဇတိ"စသည်ဖြင့် ဇနကသတ္တိ ကိုသာဟောရာ ဤဆဝါရအနုလုံ၌ ဉပတ္ထမ္ဘကသတ္တိသာရှိသော ပစ္ဆာဇာတကို ဟောနိုင်ခွင့်မရှိပေ၊ အကယ်၍ "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဉပ္ပဇ္ဇိတ္ထ" ဟူသော အတိတ်ကြိယာဖြင့်ဟောသော်ကား ဟောနိုင်ခွင့်ရှိပေသည်၊ အတိတ် ကြိယာဖြင့်ကား မဟောပေ။

ပစ္ဆာဇာတပစ္စည်းသည် ရုပ်၏ဉပါဒ်ခဏ၌ ကျေးဇူးမပြု၊ ရုပ်၏ဋီသို့ရောက် မှသာ ကျေးဇူးပြုသောကြောင့် ဉပ္ပဇ္ဇတိ(ပစ္စုပ္ပန်)ကြိယာနှင့် မလျော်ကန်ချေ။ (ပစ္စယနိဒ္ဒေသကိုလည်း ပြန်ရှုပါ။)

**ဆောင်။** ။ရုပ် ဉပ္ပါဒ၊ ခွင့်ခဏ၌၊ မပြု ကျေးဇူး၊ ဋီသို့ ကူးမှ၊ ကျေးဇူး ပြုလို့၊ ကာလ ပစ္ဆုပ်၊ ဖွင့်ကာထုတ်သည့်၊ ဉပ္ပဇ္ဇနံ၊ ကြိယံ–မတန်ဟူ၍မှတ်။

ဉပ္ပဇ္ဇတိအရ နာမက္ခန္ဓာဖြစ်အံ့, ဉပါဒ်ဋီဘင်ဟူသော ခဏတ္တယကိုယူရ၏၊ ရူပက္ခန္ဓာဖြစ်အံ့, ဉပါဒ်ကိုသာ ယူရ၏၊ ဤသို့ အထူးကိုသိစေသည်။

ဉပ္ပဇ္ဇတီတိ ဉပ္ပါဒတော ယာဝ နိရောဓဂမနာ ဥဒ္ဓံ ပဇ္ဇတိ၊ နိဗ္ဗတ္တတီတိပိ အတ္ထော။ အတ္တာနံ (သဘောကို) လဘတိ၊ ဉပ္ပါဒါဒယော တယောပိ ခဏေ ပါပု ဏာတီတိ ဝုတ္တံ ဟောတိ။ (ဋ္ဌ၊ ၄၁၁)

**ဆောင်။** ။နာမ်မှာ ခဏတ်၊ ရုပ် ဉပါဒ်၊ ယူအပ် ဉပ္ပဇ္ဇတိ။

http://www.dhammadownload.com



## ဣန္ဒြိယပစ္စည်း

၇။ ဣန္ဒြိယပစ္စည်း၌ ရုပ်ဇီဝိတိန္ဒြေသည် အဘယ်သို့သော သဘောလက္ခဏာ ရှိပါသနည်း၊ မည်သို့သော သတ္တိရှိပါသနည်း၊ ဥပမာဖြင့်ဖြေဆိုပါ။

ကြာရိုး၌ရှိသောရေသည် ကြာကိုစောင့်သကဲ့သို့ ဇီဝိတိန္ဒြေသည် မိမိနှင့် ကလာပ်တူကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း, အစိုးရခြင်း လက္ခဏာရှိပါသည်၊ ပါလနသတ္တိ ရှိပါသည်။

ရူပဇီဝိတိန္ဒြိယံ ဧကကလာပါနံ ကမ္မဇရူပါနံ ပရိပါလနလက္ခဏံ, ဥပ္ပလာဒိ အနုပါလကံ ဥဒကံ ဝိယ။ ပါလနသတ္တိကံ စ။

**ဆောင်။** ။ကြာကို စောင့်တတ်၊ ကြာရေ ဓာတ်သို့၊ ကလာပ် တူမျှ၊ ကမ္မဇကို၊ စောင် မ, ဆို၊ မှတ်သို ဇီဝိ–တိန္ဒြိ။

၈။ ပဋိစ္စဝါရနှင့် သဟဇာတဝါရသည် အဘယ်သို့ ထူးပါသနည်း။

ပဋိစ္စဝါရနှင့် သဟဇာတဝါရတို့သည် အနက်အားဖြင့် အထူးမရှိပါ၊ အချင်းချင်း အနက်ကိုမှတ်သားခြင်းအကျိုးငှာ ဟောထားပါသည်။

ဒွေပိ ဝါရာ နိန္နာနာကရဏာ၊ ဧဝံ သန္တေပိ အညမညဿ အတ္ထနိယမနတ္ထံ ဘဂဝတာ ဝုတ္တာ။

**ဆောင်။** ။ပဋိစ္စ သဟ၊ နှစ်ဝါရ၊ အတ္ထ ထူးမရှိ။
အနက် ချင်းချင်း၊ မှတ်သားခြင်း၊ ဤသင်း အကျိုးရှိ။

(တစ်နည်း) ပဋိစ္စဟူသောအခြင်းအရာ , သဟဇာတဟူသောအခြင်းအရာ အားဖြင့် သိလတ္တံ့သော ဝေနေယျတို့၏ အဇ္ဈာသယ၏အစွမ်းကြောင့်လည်းကောင်း၊ ဒေသနာတော်၏တင့်တယ်ကြောင်း သဗ္ဗညုတဉာဏ်တော် အစွမ်းကြောင့်လည်း ကောင်း၊ နိရုတ္တိပဋိသမ္ဘိဒါအပြားကို သိတော်မူခြင်းကြောင့်လည်းကောင်း ဤနှစ် ဝါရတို့ကို ဟောထားခြင်းဖြစ်ပါသည်။ (အထူး မရှိ ဟူလို။)

အပိစ တထာ ဗုဇ္ဈနကာနံ အဇ္ဈာသယဝသေန ဒေသနာဝိလာသနိရုတ္တိပဋိသမ္ဘိဒါပ္ပဘေဒဇာနနဝသေန စ ဧတေ ဥဘောပိ ဝုတ္တာ။ (ဋ၊ ၄၂၆) [ပစ္စယဝါရနှင့် နိဿယဝါရ၊ သမ္ပယုတ္တဝါရနှင့် သံသဋ္ဌဝါရတို့ ထူးပုံသည်လည်း နည်းတူပင်တည်း။]

**ဆောင်။** ။အဇ္ဈာသယာ၊ ဒေသနာ၊ တစ်ဖြာ နိရုတ္တိ။
အကြောင်း သုံးပါး၊ အစွမ်းအား၊ ဟောကြား တစ်နည်းသိ။
ကျန် နှစ်တွဲလည်း၊ ဉာဏ်ဖြင့်မှီး၊ ဤနည်း ယူ၍ညှိ။

http://www.dhammadownload.com



၉။ အဘယ်ကိုရည်ရွယ်၍ ပစ္စယဝါရနှင့် နိဿယဝါရတို့ကို ဟောတော်မူပါသနည်း။

သဟဇာတနိဿယ, ပုရေဇာတနိဿယနှစ်ပါး ရကောင်းသည်ကို ရည်ရွယ်၍ ပစ္စယဝါရနှင့် နိဿယဝါရတို့ကို ဟောတော်မူပါသည်။

ပစ္စယဝါရဖြင့် နိဿယဝါရ၌ဟောအပ်သော သဟနိ, ပုရေနိတရား၏ ပစ္စည်း၏အဖြစ်ကိုလည်းကောင်း၊ နိဿယဝါရဖြင့် "ပစ္စယာ"ဟုဟောအပ်သော ပစ္စည်းတရား၏ သဟဇာတ, ပုရေဇာတ၏အဖြစ်ကိုလည်းကောင်း သတ်မှတ်ပြခြင်းငှာ ပစ္စယဝါရ နိဿယဝါရတို့ကို ဟောတော်မူပါသည်။

ပစ္စယဝါရေန နိဿယပစ္စယဘာဝံ, နိဿယဝါရေန စ "ပစ္စယာတိ" ဝုတ္တဿ သဟဇာတပုရေဇာတဘာဝံ နိယမိတုံ ဥဘောပေတေ ဝုတ္တာ။ (ဠ၊ ၄၃၁)

\+ + + + +

ဆဝါရအဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com



# ပဥ္စာဝါရ အစိပ္ပါယ်

## ဟေတုပစ္စည်း

၁။ ပစ္စယနိဒ္ဒေသ၌ကဲ့သို့ “ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ”ဟု ဟော တော်မမူဘဲ အဘယ်အကျိုးငှာ “ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ”ဟု ပဥ္စာဝါရ၌ ခန္ဓသဒ္ဒါဖြင့် ဟောတော်မူရပါသနည်း။

ပစ္စယနိဒ္ဒေသ၌(ဓမ္မသဒ္ဒါ၏အနက်ဖြစ်သည့်)သတ္တဇီဝမှကင်းဆိတ်သော နိဿ တ္တနိဇ္ဇီဝဟူသော သုညအနက်ကိုပြခြင်းငှာ “ဓမ္မာနံ”ဟု ဟောပါသည်၊ ဤပဥ္စာဝါရ ၌ကား ဟေတုပစ္စည်းကြောင့် ဖြစ်သောတရားတို့သည် (ခန္ဓသဒ္ဒါ၏အနက်ဖြစ်သည့်) တပေါင်းတည်းဖြစ်ကြသည်, တစ်သီးတစ်ခြား မဖြစ်ကြ–ဟူသော ရာသိအနက်ကို ပြခြင်းအကျိုးငှာ “ခန္ဓာနံ”ဟု ဟောတော်မူပါသည်။

(တစ်နည်း) ပဋိစ္စစသောဆဝါရတို့၌ ပစ္စယုပ္ပန်တရားကို ခန္ဓသဒ္ဒါဖြင့် ဟော တော်မူသကဲ့သို့ ဤပဥ္စာဝါရ၌လည်း ခန္ဓသဒ္ဒါဖြင့် ဟောတော်မူလိုသောကြောင့် “ဓမ္မာနံ”ဟု ဟောတော်မမူဘဲ “ခန္ဓာနံ”ဟု ဟောတော်မူပါသည်။ [အရကောက် စာအုပ်၌ နောက်နည်းကိုသာ ပြထား၏။]

ပစ္စယဝိဘင်္ဂဝါရေ သုညဋ္ဌံ ဒီပေတုံ “ဓမ္မာန”န္တိ ဝုတ္တံ၊ ဣဓ ပစ္စယတော ဥပ္ပန္နဓမ္မာနံ ဓမ္မာ ရာသိတော ဥပ္ပန္နန္တိ, န ဧကေကတော ရာသဋ္ဌံ ဒီပေတုံ “ခန္ဓာန”န္တိ ဝုတ္တံ။

ပဋိစ္စဝါရာဒီသု ဝါ ခန္ဓဝသေန ပစ္စယုပ္ပန္နဒေသနာ အာရဠှာတိ တေနေ ဝါနုက္ကမေန ဣဓာပိ အာရဠှာ၊ တသ္မာ “ဓမ္မာန”န္တိ အဝတွာ “ခန္ဓာန”န္တိ ဝုတ္တံ။

ဆောင် ၁။ ပစ္စယ နိဒ္ဒေသ၊ ထိုဝါရ၌၊ သုညဋ္ဌကို၊ သိစေလို၊ မိန့်ဆို ဓမ္မာနံ။
ပဥ္စာဝါရ၊ ဤဌာန၌၊ ရာသဋ္ဌကို၊ သိစေလို၊ မိန့်ဆို ခန္ဓာနံ။
၂။ ဝါတစ်နည်းမှာ၊ ဆဝါရာ၌၊ ခန္ဓာ စွမ်းအား၊ ဟော၍ထား၏၊
အလားတူစွာ၊ ပဥ္စာမှာလည်း၊ ဆဝါရ်မှီး၊ ဟောနည်း ခန္ဓာနံ။

၂။ ပဋိစ္စအစရှိသောဝါရတို့၌ အဘယ်အကျိုးငှာ ခန္ဓာအားဖြင့် ဟောတော်မူပါ သနည်း။

ပစ္စည်းပစ္စယုပ္ပန် မရောယှက်သောအားဖြင့် ဝေဖန်အပ်သော အထူးအပြားကို ပြခြင်းအကျိုးငှာ ခန္ဓာအားဖြင့် ဟောတော်မူပါသည်။

http://www.dhammadownload.com



"ကော် ခမ္မံ ပဋိစ္စ သေသာ ခမ္မာ"အစရှိသည်ဖြင့် ဟောတော်မူသည်ရှိသော် ခွဲခြားခြင်းဝိသေသမဖြစ်, ရောယှက်သည်၊ "ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ" စသည်ဖြင့် ခန္ဓသဒ္ဒါဖြင့် ဟောတော်မူမှသာ ခွဲခြားခြင်းဝိသေသဖြစ်သည်-ဟု ဆိုလိုသည်။

ပဋိစ္စဝါရာဒီသု အသင်္ကရတော ဝိဘာဂဒဿနတ္ထံ ခန္ဓဝသေန ဝုတ္တံ။ "ကော် ခမ္မံ ပဋိစ္စ သေသာ ခမ္မာ"တိအာဒိနာ နယေန ဝုစ္စမာနေ န ဝိဘာဂေါ ဟောတိ၊ "ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"တိအာဒိနာ နယေန ဝုစ္စမာနေယေဝ ဝိဘာဂေါ ဟောတိ။ တသ္မာ အသင်္ကရတော ဝိဘာဂဒဿနတ္ထံ ခန္ဓဝသေန ဝုတ္တံ။

ဆောင်။ ။စွည်း ပွန်နှစ်ချက်၊ မရောယှက်ဘဲ၊ သက်သက် သီးခြား၊
ထူးအပြားကို၊ ခွဲခြားလို၊ မိန့်ဆိုခန္ဓ-ဆဝါရ။

## အာရမ္မဏပစ္စည်း

### ၁။ ကုသလော-ကုသလဿ

၃။ စေတောပရိယဉာဏေန-စသည်ဖြင့် ဟောပြီးဖြစ်လျက် အဘယ့်ကြောင့် "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ"ဟု စေတောပရိယဉာဏ်ကို ဟောတော်မူရပြန်ပါသနည်း။

စေတောပရိယဉာဏေန-စသည်သည် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာဖြစ်ပါသည်၊ "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ"စသည်သည် ဓမ္မာဓိဋ္ဌာန်ဒေသနာဖြစ်ပါသည်၊ ထို့ကြောင့် စေတောပရိယဉာဏ်ကို ထပ်၍ဟောရပြန်ပါသည်။

စေတောပရိယဉာဏေနာတိ ပုဂ္ဂလာဓိဋ္ဌာနဒေသနာ၊ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿာတိ ဓမ္မာဓိဋ္ဌာနဒေသနာ။ တသ္မာ ဟေဋ္ဌာ ဂဟိတမ္ပိ စေတောပရိယဉာဏံ ပုန ဝုတ္တံ။

ဆောင်။ ။စေတောပရိယ၊ ဉာဏေန၊ ပုဂ္ဂလ အဓိဋ္ဌာန်။
ကုသလာ ခန္ဓာ၊ စသည်မှာ၊ ဓမ္မာ အဓိဋ္ဌာန်။
ထို့ကြောင့် မှတ်လော၊ ထပ်၍ဟော၊ စေတောပရိဉာဏ်။

၄။ သီလံ(ပဉ္စင်္ဂါဒိဝသေန နိစ္စသီလံ)၌ နိစ္စသီလကို ပုဂ္ဂိုလ်အလိုက် ပိုင်းခြား သတ်မှတ်ပြ၍၊ အာဒိသဒ္ဒါ၏ အာဒိဝန်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



လူဝတ်ကြောင်တို့အတွက် ပဉ္စသီလ, သာမဏေတို့အတွက် ဒသင်္ဂသီလသည် နိစ္စသီလဖြစ်ပါသည်။

အာဒိဝန်ကား ရဟန်းပဉ္စင်းတို့အတွက် စတုပါရိသုဒ္ဓိသီလ, ဝတ္တသီလများ ဖြစ်ပါသည်။

ဂဟဋ္ဌာနံ ပဉ္စသီလံ, သာမဏေရာနံ ဒသင်္ဂသီလဉ္စ နိစ္စသီလံ နာမ။
အာဒိသဒ္ဒေန ဘိက္ခူနံ စတုပါရိသုဒ္ဓိသီလံ ဝတ္တသီလဉ္စ ဂဟေတဗ္ဗံ။

**ဆောင်။** ။လူမှာ ငါးပါး၊ သာမဏေကား၊ ဆယ်ပါး နိစ္စမှန်။
စတုပါရိ၊ သုဒ္ဓိသီလ၊ ဝတ်သီလ၊ ယူရ အာဒိဝန်။

၅။ သီလံ သမာဒိယိတွာဖြင့် အဘယ်ဝိရတီကို ပြပါသနည်း၊ အဘယ်ဝိရတီကို အဘယ့်ကြောင့် မပြပါသနည်း။

သီလံ သမာဒိယိတွာဖြင့် သမာဒါနဝိရတီကို ပြပါသည်။

သမ္ပတ္တဝိရတီ, သမုစ္ဆေဒဝိရတီတို့ကိုကား လောက၌ သီလဟုမထင်ရှား သောကြောင့် မပြပါ။ [သို့ပင် မပြသော်လည်း အာရမ္မဏပစ္စည်းကား ဖြစ်ကြ သည်သာ။]

သီလံ သမာဒိယိတွာတိ ဣမိနာ သမာဒါနဝိရတိယေဝ ဒဿိတာ။ သမ္ပတ္တ သမုစ္ဆေဒဝိရတိယော ပန လောကေ သီလန္တိ အပါကဋတ္တာ န ဝုတ္တာ။ [ကိဉ္စာပိ န ဝုတ္တာ၊ အာရမ္မဏပစ္စယာ ပန ဟောန္တိယေဝ။ တတ္ထ သမုစ္ဆေဒဝိရတိ သေက္ခာနံ ယေဝ ကုသလဿ အာရမ္မဏံ ဟောတိ, န ဣတရေသံ။ (ဋ၊ ၄၃၅)]

**ဆောင်။** ။သီလံ သမာဒိယိတွာ၊ အရမှာ၊ သမာဒါန ဝိရတီ။
သီလ မထင်ရှား၊ ကျန်နှစ်ပါး၊ ကြဉ်ထား မပြပြီ။
သို့ပင် မပြ၊ အာရမ္မဏ၊ ပစ္စယ တပ်လေသည်။

၆။ ဥပေါသထကမ္မံ ကတွာ၌ ဥပေါသထကမ္မဟူသည် အဘယ်နည်း။

ဥပေါသထကမ္မဟူသည် ဥပုသ်နေ့၌ လူတို့ဆောက်တည်ရသော အဋ္ဌင်္ဂသီလ (ရှစ်ပါးသီလ)ဖြစ်ပါသည်၊ စွမ်းနိုင်လျှင် နေ့တိုင်းမပြတ်ပင် ဆောက်တည်အပ်ပါ သည်။

ဥပေါသထကမ္မန္တိ ဂဟဋ္ဌာနံ ဥပေါသထဒိဝသေသု အဋ္ဌင်္ဂဥပေါသထကိရိယာ။ သမတ္ထေန အနုဒိဝသံ သမာဒါတဗ္ဗံ။

http://www.dhammadownload.com



**ဆောင်။** ။လူများဝေလေ့၊ ဥပုသ်နေ့၌၊ ပျော်မွေ့ ဆောက်တည်၊
အင်ရှစ်လီ၊ ခေါ်သည် "ဥပုသ်ကံ"။
စွမ်းနိုင် ပေလတ်၊ နေ့မလပ်၊ မပြတ် ဆောက်တည်ရန်။

"ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ"၌ ဒါနံ၏အရကား အန္နပါနအစရှိသော ဒါနဝတ္ထု, ဒါနစေတနာရ၏။ ဒတွာ၏အရကား ပရိစ္စာဂစေတနာ, ဝိသောကေ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိ"၌ သီလံ၏အရကား ပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏၊ ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ"၌ ဥပေါသထကမ္မံ ကတွာ တံ၏အရကား အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏၊ ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"၌ ပုဗ္ဗေ သုစိဏ္ဏာနိ၏အရကား ရှေး၌အလေ့ အကျက် ပြုအပ်ကုန်ပြီးသော ဒါနသီလအဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမ ကုသိုလ် ရ၏။ ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ"၌ ဈာနံ၏အရကား မဟဂ္ဂုတ်ကုသိုလ် ဈာန် ၉-ခုရ၏။ ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ"၌ သေက္ခာ၏အရကား သောတာပန် ပုဂ္ဂိုလ်ရ၏။ ဂေါတြဘုံ၏အရကား သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကိစ္စတပ် သော မဟာကုသိုလ်ပဌမဒွေး, တတိယဒွေးရ၏။သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခန္တိ"၌ သေက္ခာ၏အရကား သကဒါဂါမ် အနာ ဂါမ်ပုဂ္ဂိုလ်ရ၏။ ဝေါဒါနံ၏အရကား သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ရှေး ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး, တတိယဒွေးရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏ အရကား သကဒါဂါမ်, အနာဂါမ်တို့သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ရ၏။

"သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ"၌ သေက္ခာ၏အရကား သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်ရ၏။ မဂ္ဂါ မဂ္ဂံတို့၏အရကား

http://www.dhammadownload.com



အောက်မဂ် ၃-ခုရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သောတာပန် သကဒါဂါမ် အနာဂါမ်တို့သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ရ၏။

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"၌ သေက္ခာဝါ ပုထုဇ္ဇနာ ဝါ၏အရကား သေက္ခပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ကုသလံ၏အရကား တေဘုမ္မကကုသိုလ်ရ၏။ သေက္ခာ ဝါ ပုထုဇ္ဇနာဝါ ဝိပဿန္တိ၏ အရကား သေက္ခပုထုဇဉ်တို့သန္တာန်၌ဖြစ်သော အနိစ္စဒုက္ခအနတ္တဟု ဝိပဿနာ ရှုသော ကာမကုသိုလ်ရ၏။

"(သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ) စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ"၌ စေတောပရိယဉာဏေန၏အရကား စေတောပရိယကုသိုလ် အဘိညာဉ် ရ၏။ ကုသလစိတ္တသမင်္ဂိဿ စိတ္တံ၏အရကား လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ် ကြဉ်သော သူတစ်ပါး၏ ကုသိုလ်စိတ်ဝီသရ၏။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စေတောပရိယဉာဏေန ဇာနန္တိ၏အရကား သေက္ခပုထုဇဉ်တို့သန္တာန်၌ ဖြစ်သော စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ် ရ၏။

"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ"၌ အာကာသာနဉ္စာယတနကုသလံ၏အရကား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ရ၏။ ဝိညာဏဉ္စာယတနကုသလဿ၏အရကား ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်ရ၏။

"အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ"၌ အာကိဉ္စညာယတနကုသလံ၏အရကား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ်ရ၏။ နေဝသညာနာသညာယတနကုသလဿ၏အရကား ဖြစ်ဆဲသော နေဝသညာနာသညာယတနကုသိုလ် ရ၏။

"ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ"၌ ခန္ဓာ၏အရကား ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ရ၏။ ဣဒ္ဓိဝိဓဉာဏဿ၏အရကား ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတစ်ပါး၏ ကုသိုလ်စိတ်ဝီသရ၏။ စေတောပရိယဉာဏဿ၏အရကား စေတောပရိယကုသိုလ်အဘိညာဉ်ရ၏။

http://www.dhammadownload.com



"ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"၌ ကုသလာ ခန္ဓာ၏ အရကား ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ ရ၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၏အရကား ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ ယထာကမ္မူပဂဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား အတိတ်ဖြစ်သော လောကီကုသိုလ်ကံရ၏။ ယထာကမ္မူပဂဉာဏဿ၏အရကား ယထာကမ္မူပဂကုသိုလ်အဘိညာဉ် ရ၏။

"ကုသလာ ခန္ဓာ အနာဂတံသဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသရ၏။ အနာဂတံသဉာဏဿ၏အရကား အနာဂတံသကုသိုလ်အဘိညာဉ်ရ၏။

## ၂။ ကုသလော-အကုသလဿ

"ဒါနံ ဒတွာ တံ အဿာဒေတိ"၌ ဒါနံ၏အရကား ဒါနဝတ္ထု, ဒါနစေတနာ ရ၏။ ဒတွာ တံ၏အရကား ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ အဿာဒေတိ၏အရကား လောဘမူသောမနဿသဟဂုတ် ၄-ခုတို့တွင် တစ်ခုခုရ၏။ အဘိနန္ဒတိ၏အရကား လောဘမူပီတိသဟဂုတ် ၄-ခုတို့တွင် တစ်ခုခုရ၏။ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူစိတ် ၈-ခုတို့တွင် တစ်ခုခုရ၏။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၏အရကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုတို့တွင် တစ်ခုခုရ၏။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၏အရကား ဝိစိကိစ္ဆာ သဟဂုတ်စိတ်ရ၏။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၏အရကား ဥဒ္ဓစ္စသဟဂုတ်စိတ်ရ၏။ ဒေါမနဿံ ဥပ္ပဇ္ဇတိ၏အရကား ဒေါသမူ‌ဒွေးရ၏။ [အဿာဒေတိစသော ကြိယာအားလုံး၏ အရကား အကုသိုလ်စိတ် ဒွါဒသရ၏။]

"သီလံ သမာဒိယိတွာ တံ အဿာဒေတိ"စသည်၌ သီလံ၏အရကား ပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ (အဿာဒေတိ စသည် ရှေးကအတိုင်းပင်။)

"ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ"စသည်၌ ဥပေါသထကမ္မံ တံ၏အရကား အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ (အဿာဒေတိစသည် ရှေးကအတိုင်းပင်။)

"ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ"စသည်၌ ပုဗ္ဗေသုစိဏ္ဏာနိ တံ၏အရကား ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါနသီလအဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ (အဿာဒေတိစသည် ရှေးကအတိုင်းပင်။)

http://www.dhammadownload.com



"ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ"စသည်၌ ဈာနံ၏အရကား မဟဂ္ဂုတ်ကုသိုလ် ၉–ခုရ၏။ (အဿာဒေတိစသည်၏အရကား လောဘမူစိတ် ၈–ခု၊ မောဟမူဒွေး ရ၏။)

"ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"၌ ဈာနေ ပရိဟီနေ၏အရကား ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ရ၏။ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ၏အရကား "ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီ"ဟု နှလုံးမသာရှိသောသူ၏ ဒေါသမူဒွေး ရ၏။

## ၃။ ကုသလော–အဗျာကတဿ

"အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ"၌ အရဟာ၏အရကား ရဟန္တာပုဂ္ဂိုလ်ရ၏။ မဂ္ဂံ၏အရကား အရဟတ္တမဂ်ရ၏။ အရဟာ ပစ္စဝေက္ခတိ၏ အရကား ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာ ၁၁–ရ၏။

"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"၌ (ပုဗ္ဗေ သုစိဏ္ဏာနိ၏အရ ရှေးကအတိုင်းပင်။) ပစ္စဝေက္ခတိ၏အရကား ဆင်ခြင်သော ကာမကြိယာ ၁၁–ရ၏။

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ။ပ။ တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၌ ကုသလံ၏အရကား ကာမကုသိုလ်ရ၏။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ၏အရကား အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ဇောနောင် တဒါရုံ ကောဒသရ၏။

"ကုသလံ အဿာဒေတိ ။ပ။ ဥပ္ပဇ္ဇတိ"၌ ကုသလံ၏အရကား ကာမကုသိုလ်ရ၏။ အဿာဒေတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ၏အရကား လောဘမူသောမနဿသဟဂုတ်ဇောနောင် တဒါရုံ ကောဒသ ရ၏။

"အဘိနန္ဒတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရကား သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ်ဇောနောင် တဒါရုံ ကောဒသရ၏။

"ရာဂေါ ဥပ္ပဇ္ဇတိ အကုသလေ ။ ပ ။ ဥပ္ပဇ္ဇတိ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူဇောနောင် တဒါရုံ ၁၁–ရ၏။

"ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ။ ပ ။ ဥပ္ပဇ္ဇတိ၏အရကား ဒိဋ္ဌိဂတသမ္ပယုတ်ဇောနောင် တဒါရုံ ၁၁–ရ၏။

http://www.dhammadownload.com



"ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ။ ပ ။ ဥပ္ပဇ္ဇတိ၏အရကား ဝိစိကိစ္ဆာသဟဂုတ်ဇောနှောင် တဒါရုံ ၁၁–ရ၏။

ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ။ ပ ။ ဥပ္ပဇ္ဇတိ၏အရကား ဥဒ္ဓစ္စသဟဂုတ်ဇောနှောင် တဒါရုံ ၁၁–ရ၏။

"ဒေါမနဿံ ဥပ္ပဇ္ဇတိ ။ ပ ။ ဥပ္ပဇ္ဇတိ၏အရကား ဒေါသမူဇောနှောင် ဥပေက္ခာတဒါရုံ ၆–ခုရ၏။ (ပေါင်းသော ကာမကုသိုလ်သည် တဒါရုံ ဧကာဒသအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။)

"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ"၌ အာကာသာနဉ္စာယတနကုသလ်၏အရကား ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ရ၏။ ဝိညာဏဉ္စာယတနဝိပါကဿ၏အရကား ဝိညာဏဉ္စာယတနပဋိသန္ဓေ, ဘဝင်, စုတိ (ဝိပါက်) ရ၏။

"အာကာသာနဉ္စယတနကုသလံ ဝိညာဏဉ္စာယတနကြိယဿ"၌ အာကာသာနဉ္စာယတနကုသလ်၏အရကား ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ရ၏။ ဝိညာဏဉ္စာယတနကြိယဿ၏အရကား ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကြိယာရ၏။

"ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား လွန်လေပြီးသော ။ ပ ။ ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ ကုသိုလ်စိတ် ကောဋ္ဌာသရ၏။ စေတောပရိယဉာဏဿ၏အရကား စေတောပရိယကြိယာ အဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"၌ ကုသလာ ခန္ဓာ၏ အရကား ပုဗ္ဗေနိဝုတ္ထဖြစ်သော ကုသိုလ်စိတ် ကောဋ္ဌာသရ၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၏အရကား ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ ယထာကမ္မူပဂဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား အတိတ်ဖြစ်သော လောကီကုသိုလ်ကံရ၏။ ယထာကမ္မူပဂဉာဏဿ၏အရကား ယထာကမ္မူပဂကြိယာအဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ အနာဂတံသဉာဏဿ"၌ ကုသလာ ခန္ဓာ၏အရကား အနာဂတ်ဖြစ်သော ကုသိုလ်စိတ် ကောဋ္ဌာသရ၏။ အနာဂတံသဉာဏဿ၏ အရကား အနာဂတံသကြိယာအဘိညာဉ်ရ၏။

"ကုသလာ ခန္ဓာ အာဝဇ္ဇနာယ"၌ ကုသလာ ခန္ဓာ၏အရကား ကုသိုလ်စိတ် ကောဋ္ဌာသရ၏။ အာဝဇ္ဇနာယ၏အရကား အမှတ်မဲ့ တစ်ပါးပါးသော မနောဒွါရိကဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းရ၏။

http://www.dhammadownload.com



## ၄။ အကုသလော–အကုသလဿ

"ရာဂံ အဿာဒေတိ"၌ ရာဂံ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ရ၏။ အဿာဒေတိ၏အရကား သာယာသောအခါ လောဘမူသောမနဿ သဟဂုတ်ရ၏။ အဘိနန္ဒတိ၏အရကား သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ်ရ၏။ (ရာဂေါ ဥပ္ပဇ္ဇတိစသည် ရှေးကအတိုင်းပင်။)

## ၅။ အကုသလော–ကုသလဿ

"သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ"၌ ပဟီနေ ကိလေသေ၏ အရကား ဒိဋ္ဌိ ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏ အရကား သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ် ရ၏။

"သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ"၌ (သောတာပန်ဖြစ်အံ့) ဝိက္ခမ္ဘိတေ ကိလေသေ၏အရကား သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ–ဟူသော ကိလေသာ ၈–ပါးရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ရ၏။

(သကဒါဂါမ်ဖြစ်အံ့) ဝိက္ခမ္ဘိတေ ကိလေသေ၏အရကား သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ–ဟူသော ကိလေသာ ၈–ပါးရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သကဒါဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ရ၏။

(အနာဂါမ်ဖြစ်အံ့) ဝိက္ခမ္ဘိတေ ကိလေသေ၏အရကား အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ, အရူပရာဂဟုဆိုအပ်သော လောဘတစ်စိတ်၊ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ–ဟူသော ကိလေသာ ၇–ပါးရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား အနာဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ရ၏။

"ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ"၌ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ၏ အရကား ရှေး၌အလေ့အကျက်ပြုအပ်ကုန်သော ကိလေသာ ၁၀–ပါးရ၏။ ဇာနန္တိ၏အရကား သိသောကာမကုသိုလ်ရ၏။

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ ။ ပ ။ ဝိပဿန္တိ"၌ အကုသလံ၏ အရကား အကုသိုလ်ဒွါဒသရ၏။ သေက္ခာ ဝါ ။ ပ ။ ဝိပဿန္တိ၏အရကား ဝိပဿနာပြုသော ကာမကုသိုလ်ရ၏။

http://www.dhammadownload.com



"သေက္ခာ ဝါ ။ ပ ။ ဇာနန္တိ"၌ အကုသလစိတ္တသမင်္ဂီသ စိတ္တံ၏အရကား လွန်လေပြီးသော ၇-ရက် ။ ပ ။ သူတစ်ပါးတို့၏ အကုသိုလ်စိတ် ဒွါဒသရ၏။ သေက္ခာ ဝါ ။ ပ ။ ဇာနန္တိ၏အရကား စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်ရ၏။

"အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ"စသည်၌ အကုသလာ ခန္ဓာ၏ အရကား လွန်လေပြီးသော ။ ပ ။ ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ အကုသိုလ်စိတ်ဒွါဒသရ၏။ စေတောပရိယဉာဏဿ၏အရကား စေတောပရိယကုသိုလ်အဘိညာဉ်ရ၏။

အကုသလာ ခန္ဓာ၏အရကား ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အကုသိုလ်စိတ်ဒွါဒသရ၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၏အရကား ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ် ရ၏။

အကုသလာ ခန္ဓာ၏အရကား အတိတ်ဖြစ်သော အကုသိုလ်ကံရ၏။ ယထာကမ္မုပဂဉာဏဿ၏အရကား ယထာကမ္မုပဂကုသိုလ် အဘိညာဉ်ရ၏။

## ၆။ အကုသလော-အဗျာကတဿ

"အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ"၌ ပဟီနေ ကိလေသေ၏ အရကား အရဟတ္တမဂ်သည်ပယ်အပ်သော ရူပရာဂ, အရူပရာဂဟုဆိုအပ်သော လောဘတစ်စိတ်၊ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ-ဟုဆိုအပ်သော ကိလေသာ ၇-ပါးရ၏။ အရဟာ ပစ္စဝေက္ခတိ၏အရကား ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာရ၏။ [ပုဗ္ဗေ သမုဒါစိဏ္ဏေစသည်၌လည်း ရှေးကနည်းအတိုင်းပင်။]

## ၇။ အဗျာကတော-အဗျာကတဿ

၇။ စက္ခုအစရှိသော ပသာဒရုပ် ၅-ပါးနှင့် ဟဒယဝတ္ထုတို့ကို "စက္ခုံ"အစရှိသည်ဖြင့် အဘယ့်ကြောင့် ဧကဝုစ်ဝိဘတ်ဖြင့် ဟောတော်မူပါသနည်း၊ ရူပ သဒ္ဒစသည်တို့ကို "ရူပေ"အစရှိသည်ဖြင့် အဘယ့်ကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောတော်မူပါသနည်း။

စက္ခုအစရှိသော ပသာဒရုပ် ၅-ပါးနှင့် ဟဒယဝတ္ထုတို့သည် ကံကြောင့်ဖြစ်သော(ကမ္မဇ) ဧကဇရုပ်များ ဖြစ်ကြပါသည်၊ ထို့ကြောင့် ဧကဝုစ်ဝိဘတ်ဖြင့် ဟောတော်မူပါသည်။

ရူပ သဒ္ဒစသည်တို့တွင် သဒ္ဒရုပ်သည် စိတ်, ဥတုကြောင့်ဖြစ်သော ဒွိဇရုပ် ဖြစ်ပါသည်၊ ရူပ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် အကြောင်းလေးပါးကြောင့်ဖြစ်သော စတုဇရုပ်များဖြစ်ကြပါသည်၊ ထို့ကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောတော်မူပါသည်။

http://www.dhammadownload.com



(တစ်နည်း) ဤနေရာ၌ စက္ခုံ သောတံစသည်ဖြင့် (ဩဠာရိကရုပ် ၁၂-နှင့် ဟာဒယဝတ္ထု) ရုပ် ၁၃-ပါးမျှသာပါဝင်၏၊ ဟာဒယဝတ္ထုမှတစ်ပါး ကျန်သုခုမရုပ် ၁၅-ပါးကိုလည်း နိဒဿနနည်း, နာနန္တရိကနည်းအားဖြင့် ယူစေတော်မူလို သောကြောင့် "ရူပေ သဒ္ဒေ"စသည်ဖြင့် ဗဟုဝုစ်ဖြင့် ဟောတော်မူပါသည်။

[ရူပ သဒ္ဒစသည်တည်းဟူသော အထင်ကိုဆိုသဖြင့် ကျန်သုခုမရုပ် ၁၅-ပါး ကိုလည်း ယူရသောနည်းသည် နိဒဿနနည်းမည်၏။ ရူပ သဒ္ဒစသည်တည်းဟူသော မကင်းရာကိုဆိုသဖြင့် ကျန်သုခုမရုပ် ၁၅-ပါးတည်းဟူသော မကင်းတတ်သည် ကိုလည်း ယူရသောနည်းသည် နာနန္တရိကနည်းမည်၏။ ဤနည်းများအရ အရကောက်ဆရာကြီးက ရုပ် ၂၈-ပါးအပြည့်အစုံ ကောက်ပြထားသည်။]

ပဉ္စ ပသာဒရူပါနိ ဟာဒယဝတ္ထု စ ကမ္မတော ဓာတတ္တာ ကေဝလမုဋ္ဌာနိကာနိ ဟောန္တိ၊ တသ္မာ ဧကဝစနနိဒ္ဒေသော ကတော။

ရူပါဒီသု သဒ္ဒေါ စိတ္တောတုဇော, ဒွိသမုဋ္ဌာနိကော၊ သေသာနိ စတုသမုဋ္ဌာနိ ကာနိ၊ တသ္မာ ဗဟုဝစနနိဒ္ဒေသော ကတော။ နိဒဿနာနန္တရိကနယဝသေန ဝါ ဗဟုဝစနနိဒ္ဒေသော ကတော။

**ဆောင်** ၁။ ပဉ္စပသာဒ၊ ဟာဒယတို့၊ ကမ္မဇသာ၊ ဖြစ်လေရာ၊ ဟောပါ ဧကဝုစ်။
အာရုံ ငါးခု၊ ဒွိ စတုဇ၊ ဖြစ်လေကြ၊ ဟောပြ ဗဟုဝုစ်။
၂။ နိဒဿနံ၊ နာနန္တရိက၊ တစ်နည်းပြ၊ ဟောရ ဗဟုဝုစ်။
ရုပ် ဆယ့်သုံးသာ၊ ဟောစေကာ၊ ကောက်ပါ ရုပ်ကုန်ထုတ်။

"အရဟာ ဖလံ ပစ္စဝေက္ခတိ"၌ ဖလံ၏အရကား အရဟတ္တဖိုလ်ရ၏။ အရဟာ ပစ္စဝေက္ခတိ၏အရကား ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင် သော မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုတို့တွင် တစ်ခုခုရ၏။

"နိဗ္ဗာနံ ပစ္စဝေက္ခတိ"၌ နိဗ္ဗာနံ၏အရကား နိဗ္ဗာန်ရ၏။ အရဟာ ပစ္စဝေ က္ခတိ၏အရကား ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုတို့တွင် တစ်ခုခုရ၏။

"နိဗ္ဗာနံ ဖလဿ"၌ နိဗ္ဗာနံ၏အရကား နိဗ္ဗာန်ရ၏။ ဖလဿ၏အရကား ဖိုလ်၄-ခုရ၏။

"နိဗ္ဗာနံ အာဝဇ္ဇနာယ"၌ နိဗ္ဗာနံ၏အရကား နိဗ္ဗာန်ရ၏။ အာဝဇ္ဇနာယ၏ အရကား မနောဒွါရာဝဇ္ဇန်းရ၏။

"အရဟာ စက္ခုံ ။ ပ ။ ဝိပဿတိ"၌ စက္ခု၏အရကား စက္ခုပသာဒရုပ်ရ၏။ အရဟာ ။ ပ ။ ပဿတိ၏အရကား ဝိပဿနာပြုသော မဟာကြိယာဇောရ၏။

http://www.dhammadownload.com



ရူပေ၏အရကား စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ရူပါရုံရ၏။ သဒ္ဒေ၏ အရကား ဒွိသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော သဒ္ဒါရုံရ၏။ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေတို့၏အရကား စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံရ၏။ ဝတ္ထုံ၏အရကား ကမ္မဇရုပ်၌အကျုံးဝင်သော ဟဒယဝတ္ထုရ၏။ ဝိပါကာဗျာကတေ၏အရကား လောကီဝိပါက်ဖာတ္တိ'သရ၏။ ကြိယာဗျာကတေ၏ အရကား ကြိယာစိတ် ဝီသရ၏။ (အနိစ္စတောစသည်တို့၏အရသည် ရှေးက အတိုင်းပင်။)

"ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ"၌ ရူပံ၏အရကား ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံရ၏။ ဒိဗ္ဗေန စက္ခုနာ ပဿတိ၏အရကား ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်ရ၏။

"ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ"၌ သဒ္ဒံ၏အရကား ဒူရ ပဋိစ္ဆန္န သဏှသုခုမပစ္စုပ္ပန်သဒ္ဒါရုံရ၏။ ဒိဗ္ဗာယ သောတဓာတုယာ သုဏာတိ၏ အရကား ဒိဗ္ဗသောတကြိယာ အဘိညာဉ်ရ၏။ (စေတောပရိယဉာဏေနစသည်သည် ရှေးကအတိုင်းပင်။)

ရူပါယတနံ၏အရကား ပစ္စုပ္ပန်ရူပါရုံရ၏။ စက္ခုဝိညာဏဿ၏အရကား စက္ခုဝိညာဉ်ဒွေးရ၏။ (သဒ္ဒါယတနံစသည်လည်း နည်းတူပင်။)

"အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ"၌ အဗျာကတာ ခန္ဓာ၏အရကား ပါဒကဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်, သတသဟဿစသော နိမ္မိတရုပ် ရ၏။ ဣဒ္ဓိဝိဓဉာဏဿ၏အရကား ဣဒ္ဓိဝိဓကြိယာအဘိညာဉ်ရ၏။

အဗျာကတာ ခန္ဓာ၏အရကား လွန်လေပြီးသော ၇-ရက် ။ ပ ။ သူတစ်ပါးတို့၏ ဝိပါက်စိတ်ဆတ္တိံ'သ, ကြိယာစိတ်ဝီသရ၏။ စေတောပရိယဉာဏဿ၏ အရကား စေတောပရိယကြိယာအဘိညာဉ် ရ၏။

အဗျာကတာ ခန္ဓာ၏အရကား ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်စိတ်ဆတ္တိံ'သ, ကြိယာစိတ်ဝီသ, စေတသိက်-၃၈, ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ အစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်ရ၏။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၏အရကား ပုဗ္ဗေနိဝါသာနုဿတိကြိယာ အဘိညာဉ်ရ၏။ (အနာဂတံသ မှာလည်း နည်းတူယူ၊ အနာဂတ်ဆိုသည်သာ ထူးသည်။)

"အဗျာကတာ ခန္ဓာ အာဝဇ္ဇနာယ"၌ အဗျာကတာ ခန္ဓာ၏အရကား ဝိပါက်စိတ်ဆတ္တိံ'သ, ကြိယာစိတ်ဝီသ, ရုပ်အဋ္ဌဝီသရ၏။ အာဝဇ္ဇနာယ၏အရကား မနောဒွါရာဝဇ္ဇန်း ရ၏။

http://www.dhammadownload.com



**၈။ အဗျာကတော–ကုသလဿ**

"သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ"၌ (သောတာပန်ဖြစ်အံ့) ဖလ်၏အရကား သောတာပတ္တိဖိုလ်ရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့တွင် တစ်ခုခု ရ၏။

(သကဒါဂါမ်ဖြစ်အံ့) ဖလ်၏အရကား သကဒါဂါမိဖိုလ်ရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား သကဒါဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့တွင် တစ်ခုခုရ၏။

(အနာဂါမ်ဖြစ်အံ့) ဖလ်၏အရကား အနာဂါမိဖိုလ်ရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏ အရကား အနာဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄–ခုတို့တွင် တစ်ခုခုရ၏။

နိဗ္ဗာန်၏အရကား နိဗ္ဗာန်ရ၏။ သေက္ခာ ပစ္စဝေက္ခန္တိ၏အရကား မဟာ ကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုရ၏။

"နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ"၌ နိဗ္ဗာန်၏အရကား နိဗ္ဗာန် ရ၏။ ဂေါတြဘုဿ၏အရကား ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပထမ ဒွေး, တတိယဒွေး ရ၏။ ဝေါဒါနဿ၏အရကား ဝေါဒါန်ကိစ္စတပ်သော မဟာ ကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ မဂ္ဂဿ၏အရကား မဂ်၄–ခုရ၏။ (သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံစသည်၌ ဗျာ–ဗျာနည်းတူပင်၊ ကုသိုလ်ဇော ယူသည်သာ ထူးသည်။)

**၉။ အဗျာကတော–အကုသလဿ**

စက္ခုံ အဿာဒေတိစသည်၌ စက္ခုံအရကား စက္ခုပသာဒရုပ်ရ၏။ အဿာ ဒေတိ၏အရကား လောဘမူသောမနဿသဟဂုတ် ၄–ခုတို့တွင် တစ်ခုခုရ၏။ (ရှေးကအတိုင်းပင်။)

+ + + + +

http://www.dhammadownload.com



## အဓိပတိပစ္စည်း

၈။ ကုသလော ကုသလဿ–၌ ကုသလဿဟု သာမညဟောထားပါလျက် အရကောက်ဆရာကြီးက မဟာကုသိုလ်စိတ် ၈–ခုကိုသာ ကောက်ပြထားရာ အဘယ့်ကြောင့် မဟဂ္ဂုတ်ကုသိုလ်ကို ချန်ထားရပါသနည်း၊ အကြောင်းသွင်းကာ ဥပမာဖြင့် ရှင်းပြပါ။

အထွတ်အမြတ်မင်းအဖြစ်သို့ ရောက်သောသူသည် တစ်စုံတစ်ယောက်သောသူကိုမျှ အလေးအမြတ်မပြုသကဲ့သို့ မဟဂ္ဂုတ်ကုသိုလ်သည် မိမိကိုယ်တိုင်က မြတ်သောတရားဖြစ်သောကြောင့် တစ်စုံတစ်ခုသောတရားကိုမျှ အလေးအမြတ်မပြုပါ၊ ထို့ကြောင့် ချန်ထားပါသည်။

ယထာ ရာဇာ အတ္တနော ရာဇဘာဝတော ကိဉ္စိ ဂရုံ န ကရောတိ၊ ဧဝံ မဟဂ္ဂတကုသလံ အတ္တနော မဟဂ္ဂတတာယ ကိဉ္စိ ဂရုံ န ကရောတိ။ တသ္မာ အဋ္ဌ မဟာကုသလစိတ္တာနေဝ ဂဟေတွာ မဟဂ္ဂတကုသလံ ဝဇ္ဇိတံ။

**ဆောင်။** ။ပြည့်ရှင်မင်းက၊ ဘယ်သူ့မှ၊ တုပ်ကွ လေးမမူ။
မဟဂ် ကုလည်း၊ မြင့်မြတ်ကြီး၊ ပုံမှီး ထို့အတူ။
သို့တွက် ကြဉ်ရ၊ အာဓိမှ၊ မှတ်ကြ သူ့အမူ။

၉။ ဒေါသမူဒွေး မောဟမူဒွေး မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄–ခု မဟဂ္ဂုတ်ကုသိုလ်တို့ အာရမ္မဏာဓိပတိပစ္စယုပ္ပန်တရား၌ မပါဝင်ရခြင်းအကြောင်းကို ဖြေဆိုပါ။

ဒေါသစိတ်ကိန်းဝပ်ခံရ၍ ပြစ်မှားအမျက်ထွက်သူသည် တစ်စုံတစ်ယောက်ကိုမျှ အလေးဂရုမပြုပါ၊ ထို့ကြောင့် ဒေါသမူဒွေးသည် အာဓိပစ္စယုပ္ပန်တရား၌ မပါဝင်နိုင်ပါ။ [န ဟိ ကုဒ္ဓေါ ကိဉ္စိ ဂရုံ ကရောတိ။ (နီ၊ ၃၀၀)]

မောဟစိတ်ကိန်းဝပ်ခံရ၍ မိုက်မဲတွေဝေသူသည် တစ်စုံတစ်ယောက်ကိုမျှ အလေးဂရုမပြုပါ။ ထို့ကြောင့် မောဟမူဒွေးသည် အဓိပတိပစ္စယုပ္ပန်တရား၌ မပါဝင်နိုင်ပါ။

မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄–ခုသည် ဉာဏ်ကင်းသောကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်ပါ၊ ယင်းစိတ်တို့၏ဖြစ်ရာ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း အထွတ်အမြတ်သို့ ရောက်ပြီးသူများဖြစ်၍ လောကီတရားကို အလေးအမြတ် အာရုံမပြုပါ၊ ထို့ကြောင့် လောကီဖြစ်သော မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄–ခုသည် အာဓိပစ္စယုပ္ပန်တရား၌ မပါဝင်နိုင်ပါ။ (မဟဂ္ဂုတ်ကုသိုလ်အတွက် ရေးခဲ့ပြီ။)

http://www.dhammadownload.com



ဒုဋ္ဌော မူဠှော စ န ကိဉ္စိ ဂရုံ ကရောတိ၊ တသ္မာ ဒေါသမောဟာ အာရမ္မဏာ ဓိပတိပစ္စယုပ္ပန္နတော ဝိနိမုတ္တာ။

စတ္တာရိ မဟာကိရိယဉာဏဝိပ္ပယုတ္တစိတ္တာနိ ဉာဏဝိရဟာတော လောကုတ္တရံ အာရမ္မဏံ န ကရောန္တိ၊ တေသဉ္စ ဥပ္ပတ္တိဋ္ဌာနဘူတာ အရဟန္တော မတ္တကပ္ပတ္တတ္တာ လောကိယဓမ္မံ န ဂရုံ ကရောန္တိ၊ တသ္မာ တာနိ အာရမ္မဏာဓိပတိပစ္စယုပ္ပန္နတော ဝိနိမုတ္တာနိ။

**ဆောင်။** ။ပြစ်မှား သသူ၊ တွေဝေသူ၊ နှစ်လူ ဘယ်သူ့–လေးမပြု။
ထို့ကြောင့် အာဓိ၊ ပွန် မငြိ၊ လွတ်၏ ဒေါမောစု။
မဟာ ကြိဝိပ်၊ ဉာဏ်မှဆိတ်၊ ကျိတ်လိတ် သတိပြု။

၁၀။ အာရမ္မဏာဓိပတိပစ္စည်း မထိုက်သောတရားတို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဉ်, အနိပ္ဖန္နရုပ် ၁၀–ပါး, အနိဋ္ဌဖြစ်သော နိပ္ဖန္နရုပ်များသည် အလေးအမြတ်ပြုအပ်သောအာရုံများ မဟုတ်သောကြောင့် အာဓိပစ္စည်းမထိုက်သောတရားများဖြစ်ပါသည်။ [အနိပ္ဖန္န ရုပ် ၁၀–ပါးသည် ပရမတ်အစစ်မဟုတ်, ပညတ်သဘောမျှသာ ဖြစ်သောကြောင့် အလေးအမြတ်ပြုအပ်သောအာရုံများ မဟုတ်ကြချေ။]

**ဆောင်။** ။ဒေါ မော ဒုက္ခံ၊ အနိပ္ဖန်၊ နိပ္ဖန် အနိဋ္ဌ။
အာရုံ လေးမြတ်၊ မဟုတ်လတ်၊ ကင်းလွတ် အာဓိမှ။

## အနန္တ ရပစ္စည်း

### ၁။ ကုသလော–ကုသလဿ

၁၁။ ကုသလော ကုသလဿ–၌ (က) ပုရိမာ ပုရိမာအစရှိသောပါဌ်၊ (ခ) အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ–ပါဌ်၊ (ဂ) ဂေါတြဘု မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿ–ပါဌ်တို့ကို အဘယ်၏အစွမ်းအားဖြင့် ဟောထားပါသနည်း၊ အသီးသီး ခွဲခြားဖြေဆိုပါ။

(က) ဘုံတူဘုံပြားဖြစ်သော ကုသိုလ်နာမက္ခန္ဓာတို့ကို တပေါင်းတည်းပြု၍ "ပုရိမာ ပုရိမာ"အစရှိသောပါဌ်ကို ဟောပါသည်။

ကေဘူမကေပိ နာနာဘူမကေပိ ကုသလနာမက္ခန္ဓေ ဧကတော ကတွာ "ပုရိမာ ပုရိမာ"တျာဒိ ဝုတ္တံ။

http://www.dhammadownload.com



(ခ) ဘုံတူ အာရုံပြား၏အစွမ်းအားဖြင့် "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"ပါဠ်ကို ဟောပါသည်။

ကေဘူမကနာနာရမ္မဏဝသေန "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿာ"တိ ဝုတ္တံ။

(ဂ) အာရုံတူ ဘုံပြား၏အစွမ်းအားဖြင့် "ဂေါတြဘု မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿ"ပါဠ်ကို ဟောပါသည်။

ဧကာရမ္မဏနာနာဘူမိဝသေန "ဂေါတြဘု မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿာ"တိ ဝုတ္တံ။

**ဆောင်။** ။ဘုံတူ ဘုံပြား၊ ပေါင်းကာထား၊ ဟောကြား ပုရိမာ။
ဘုံတူ အာရုံပြား၊ အစွမ်းအား၊ ဟောကြား နုလောမာ။
အာရုံတူ ဘုံပြား၊ အစွမ်းအား၊ ဟောကြား ဂေါတြာ။

၁၂။ "ပုရိမာ ပုရိမာ"စသောပါဠ်ဖြင့်ပင်လျှင် ကုသိုလ်သည် ကုသိုလ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသောတရား ကုန်ပြီးဖြစ်လျက် အဘယ်အကျိုးငှာ "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"ဟု ဟောတော်မူရပြန်ပါသနည်း။

ဘုံတူချင်းပင်ဖြစ်သော်လည်း အာရုံကွဲပြားနေပါက အနန္တရပစ္စည်း ပစ္စယုပ္ပန်ဖြစ်နိုင်ရာသလော, မဖြစ်နိုင်ရာသလောဟူသော ယုံမှားသက်္ကာကို နစ်စေခြင်းအကျိုးငှာ "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"ဟု ထပ်၍ ဟောတော်မူပါသည်။

"အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"၌ အနုလုံ ဂေါတြဘု ဝေါဒါန်တို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်များဖြစ်၍ ဘုံတူကြသည်၊ သို့သော် အာရုံမတူကြချေ၊ အနုလုံက တေဘူမကသင်္ခါရကို အာရုံပြု၏၊ ဂေါတြဘုနှင့်ဝေါဒါန်တို့က နိဗ္ဗာန်ကိုအာရုံပြုကြ၏၊ တေဘူမကသင်္ခါရကိုအာရုံပြုသော အနုလုံက နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘုနှင့်ဝေါဒါန်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏၊ အာရုံကွဲပြားစေကာမူ အနန္တရပစ္စည်း ပစ္စယုပ္ပန် ဖြစ်နိုင်ကြသည်။

ယာဒိသာ ဓမ္မာ ကေဘူမကာပိ နာနာရမ္မဏာ ဟောန္တိ၊ တာဒိသေသုံ နာနာရမ္မဏော ဓမ္မော နာနာရမ္မဏဿ ဓမ္မဿ အနန္တရသတ္တိယာ ဥပကာရကော နခေါ ဝါ, န ဝါတိ သက်္ကာနိဝတ္တနတ္ထံ "အနုလောမံ ဂေါတြဘုဿ အနုလောမံ ဝေါဒါနဿာ"တိ ပုန ဝုတ္တံ။

http://www.dhammadownload.com



**ဆောင်။** ။စွည်း ပွန်နှစ်တွဲ၊ ဘုံတူလဲ၊ ပြားကွဲ အာရုံမှန်။
အာရုံ ကွဲက၊ အနန္တရ၊ ရ, မရ အာသက်။
ဤသို့ သက်ာ၊ နှစ်စိမ့်ငှာ၊ ထပ်ကာ ဟောပြန်–နုလောမံ။

"ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ"၌ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ–၏အရကား မဟာကုသိုလ် ဒုတိယဇောအား တပ်သော ပထမဇော ။ ပ ။ သတ္တမဇောအား x တပ်သော ဆဋ္ဌဇော။

မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄–ခု, မဂ်သောမနဿ ၁၆–အား x တပ်သော ဂေါတြဘု ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး။ မဟဂ္ဂုတ်ဥပေက္ခာ ၅–ခု, မဂ်ဥပေက္ခာ ၄–ခုအား x တပ်သော ဂေါတြဘုဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အား x တပ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ်ကုသိုလ်ရ၏။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ"၏အရကား မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ၉–ခု, မဂ်၄–ခုရ၏။ [အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသသည် ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်စိတ် စေတသိကအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။]

"အနုလောမံ ဂေါတြဘုဿ"၌ အနုလောမံ၏အရကား သင်္ခတတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ ဂေါတြဘုဿ၏အရကား နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။

"အနုလောမံ ဝေါဒါနဿ"၌ အနုလောမံ၏အရကား သင်္ခတတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ ဝေါဒါနဿ၏အရကား နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။

"ဂေါတြဘု မဂ္ဂဿ"၌ ဂေါတြဘု၏အရကား နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ မဂ္ဂဿ၏အရကား သောတာပတ္တိမဂ်ရ၏။

"ဝေါဒါနံ မဂ္ဂဿ"၌ ဝေါဒါနံ၏အရကား နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ မဂ္ဂဿ၏အရကား အထက်မဂ် ၃–ခုရ၏။

http://www.dhammadownload.com



## ၂။ ကုသလော–အဗျာကတဿ

"ကုသလံ ဝုဋ္ဌာနဿ"၌ ကုသလ်၏အရကား လောကီကုသိုလ်သတ္တရသ အဆုံးဇောရ၏။ ဝုဋ္ဌာနဿ၏အရကား သန္တီရဏ ၃–ခု, မဟာဝိပါက် ၈–ခု, မဟဂ္ဂုတ်ဝိပါက် ၉–ခုရ၏။ (တဒါရုံ, ဘဝင်)

"မဂ္ဂေါ ဖလဿ"၌ မဂ္ဂေါ၏အရကား မဂ် ၄–ခုရ၏။ ဖလဿ၏အရကား ဖိုလ် ၄–ခုရ၏။

"အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"၌ အနုလောမံ၏အရကား သစ်တတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး, တတိယဒွေးရ၏။ ဖလသမာပတ္တိယာ၏အရကား အောက်ဖိုလ် ၃–ခုရ၏။

"နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ"၌ နေဝသညာနာသညာယတနကုသလ်၏အရကား နိရောဓသမာပတ်မှ ထသောအခါ နေဝသညာနာသညာယတနကုသိုလ်ရ၏။ ဖလသမာပတ္တိယာ၏အရကား အနာဂါမိဖိုလ်ဟုဆိုအပ်သော ဖလသမာပတ်ရ၏။

## ၃။ အကုသလော–အကုသလဿ

"ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ"၌ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ၏အရကား အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသရ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ၏ အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသရ၏။ (အကု–ဗျာ၌ အထူးမရှိ။)

## ၅။ အဗျာကတော–အဗျာကတဿ

၁၃။ ဗျာ–ဗျာ၌ ဝိပါက်ကြိယာတို့ ကျေးဇူးပြုပုံကို ပါဠိတော်သွင်း၍ ရှင်းပြပါ။

"ပုရိမာ ပုရိမာ"စသောပါဌ်ဖြင့် ဝိပါက်က ဝိပါက်အား, ကြိယာက ကြိယာအား ကျေးဇူးပြုပုံကို ပြပါသည်၊ "ဘဝင်္ဂံ အာဝဇ္ဇနာယ"ပါဌ်ဖြင့် ဝိပါက်က ကြိယာအား ကျေးဇူးပြုပုံကိုပြပါသည်၊ "ကိရိယံ ဝုဋ္ဌာနဿ"ပါဌ်ဖြင့် ကြိယာက ဝိပါက်အား ကျေးဇူးပြုပုံကို ပြပါသည်။

"ပုရိမာ ပုရိမာ"တျာဒိနာ ဝိပါကာဗျာကတာ ဝိပါကာဗျာကတာနံ, ကိရိယာဗျာကတာ စ ကိရိယာဗျာကတာနံ ဥပကာရကာတိ ဒဿေတိ။ "ဘဝင်္ဂံ အာဝဇ္ဇနာယာ"တိ က္ကမိနာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာနံ ဥပကာရကာတိ

http://www.dhammadownload.com



ဒသေတိ။ "ကိရိယံ ဝုဋ္ဌာနဿာ"တိ ဣမိနာ ကိရိယာဗျာကတာ ဝိပါကာ ဗျာကတာနံ ဥပကာရကာတိ ဒသေတိ။

**ဆောင်။** ။ဝိက ဝိအား၊ ကြိ ကြိအား၊ ပြိုင်ြား ပုရိမာ။
ဝိက ကြိတွင်၊ ကျေးဇူးထင်၊ ဘဝင် အာဝဇ္ဇနာ။
ကြိက ဝိထံ၊ ကျေးဇူးပြန်၊ ကိရိယံ ဝုဋ္ဌာနာ။

"ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ"၌ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ၏အရကား ရဟန္တာတို့စုတိ, ဘဝင်္ဂုပစ္ဆေဒကြဉ်သော ရှေးရှေးသော ဝိပါက်စိတ်ဆတ္တိုသ နာမက္ခန္ဓာရ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ၏အရကား ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်စိတ်ဆတ္တိုသ နာမက္ခန္ဓာရ၏။

"ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ"၌ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ခန္ဓာ၏အရကား အဆုံးဇော, ဒုတိယဝုဋ္ဌော, ပဥ္စဒွါရာဝဇ္ဇန်းကြဉ်သော ကြိယာစိတ်ကျေနဝီသရ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ၏အရကား ပထမဇော, ပထမ ဝုဋ္ဌော, ပဥ္စဒွါရာဝဇ္ဇန်းကြဉ်သော ကြိယာစိတ် ကျေနဝီသရ၏။

"ဘဝင်္ဂံ အာဝဇ္ဇနာယ"၌ ဘဝင်္ဂ၏အရကား ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုရ၏။ အာဝဇ္ဇနာယ၏အရကား အာဝဇ္ဇန်းဒွေးရ၏။

"ကိရိယံ ဝုဋ္ဌာနဿ"၌ ကိရိယံ၏အရကား ကြိယာအဋ္ဌာရသအဆုံးဇော, ဒုတိယဝုဋ္ဌော, ပဥ္စဒွါရာဝဇ္ဇန်းရ၏။ ဝုဋ္ဌာနဿ၏အရကား သန္တီရဏ ၃-ခု, မဟာဝိပါက် ၈-ခု, မဟဂ္ဂုတ်ဝိပါက် ၉-ခု, ဒွေးပဉ္စဝိညာဉ် ၁၀-ရ၏။

"အရဟတော အနုလောမံ ဖလသမာပတ္တိယာ"၌ အနုလောမံ၏အရကား အနုလုံကိစ္စတပ်သော မဟာကြိယာပထမဒွေး တတိယဒွေးရ၏။ ဖလသမာ ပတ္တိယာ၏အရကား အရဟတ္တဖိုလ်သမာပတ်ရ၏။

"နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာ ပတ္တိယာ"၌ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ၏အရကား နိရောဓသမာပတ်မှထသောအခါ နေဝသညာနာသညာယတနကြိယာရ၏။ ဖလသမာပတ္တိယာ၏အရကား အရဟတ္တဖိုလ်သမာပတ်ရ၏။

**၆။ အဗျာကတော-ကုသလဿ**

"အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ"၌ အာဝဇ္ဇနာ၏အရကား ဝုဋ္ဌော, မနောဒွါရာ ဝဇ္ဇန်းရ၏။ ကုသလာနံ ခန္ဓာနံ၏အရကား မဟာကုသိုလ်ပထမဇောရ၏။

http://www.dhammadownload.com



၇။ အဗျာကတော–အကုသလဿ

"အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ"၌ အာဝဇ္ဇနာ၏အရကား ဝုဋ္ဌော, မနော ဒွါရာဝဇ္ဇန်း၏။ အကုသလာနံ ခန္ဓာနံ၏အရကား အကုသိုလ်ဒွါဒသ ပထမ ဇောရ၏။

## ဥပနိဿယပစ္စည်း

၁။ ကုသလော–ကုသလဿ

၁၄။ ပဌမဿ ဈာနဿ ပရိကမ္မံ–၌ ပရိကမ်၏အရ ပထမဈာန်၏ရှေ့ အနန္တရ ပရိကမ်ကိုယူရမည်လော၊ ပုဗ္ဗဘာဂပရိကမ်ကို ယူရမည်လော။

ပထမဈာန်၏ရှေ့ အခြားမဲ့ဖြစ်သော ပရိကမ်ကို မယူရပါ၊ ပထမဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပထဝီ ပထဝီစသည်ဖြင့်စီးဖြန်းသော ကာမာဝစရကုသိုလ် ဇောဟုဆိုအပ်သော ပုဗ္ဗဘာဂပရိကမ်ကို ယူရပါမည်။

ပရိကမ္မန္တိ တွေ ပဌမဿ ဈာနဿ အနန္တရံ န ဂဟေတဗ္ဗံ၊ ပုဗ္ဗဘာဂေ ပရိကမ္မံ ဂဟေတဗ္ဗံ။

**ဆောင်။** ။ဈာနာနန္တရံ၊ ပရိကမ်၊ ပယ်လှန် မယူရ။
ပုဗ္ဗဘာဂံ၊ ပရိကမ်၊ အမှန် ယူပါကြ။

၁၅။ အတ္ထပဋိသမ္ဘိဒါယ–စသော ပဋိသမ္ဘိဒါလေးပါးပြပါ၌ကို အနက်ပေးပြပါ။

အတ္ထပဋိသမ္ဘိဒါယ–ပါဠိတော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်အား၊ ဓမ္မပဋိသမ္ဘိဒါယ–မာဂဓဘာသာ ပါဠိဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါ ဉာဏ်အား၊ နိရုတ္တိပဋိသမ္ဘိဒါယ–အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်အား၊ ပဋိဘာနပဋိသမ္ဘိဒါယ–အနက် သဒ္ဒါ ဘာသာ သုံးပါးကို သိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အား၊ (ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။)

အတ္ထပဋိသမ္ဘိဒါယ = အတ္ထေသု ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ တဿ ဉာဏဿ စ။
ဓမ္မပဋိသမ္ဘိဒါယ = ဓမ္မေသု ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ တဿ ဉာဏဿ စ။
နိရုတ္တိပဋိသမ္ဘိဒါယ = အတ္ထဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ၊ တဿ ဉာဏဿ စ။

ပဋိဘာနပဋိသမ္ဘိဒါယ = ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါ၊ တဿ ဉာဏဿ စ။ ဥပနိဿယပစ္စယေန = ဥပနိဿယပစ္စယသတ္တိယာ၊ ပစ္စယော=ဥပကာရကော ဟောတိ။

http://www.dhammadownload.com



ဆောင်။ ။အနက် သဒ္ဓါ၊ အရပ် ဘာသာ၊ သုံးဖြာ သိသည့်ဉာဏ်။
အတ္ထ ဓမ္မ၊ နိရုတ္တ၊ ဘာန ဉာဏ်လေးတန်။

ဤပဋိသမ္ဘိဒါလေးပါးကို ရဟန္တာများသာ ရနိုင်သည်မဟုတ်၊ သောတာပန် ပုဂ္ဂိုလ်များလည်း ရနိုင်သည်သာ။

ဗဟူ အသေက္ခပဋိသမ္ဘိဒါပ္ပတ္တေ ဘိက္ခူ ဌပေတွာ အာနန္ဒံ သေက္ခပဋိသမ္ဘိဒါ ပ္ပတ္တံ ထေရော ဥစ္စိနိ။ (ပါဠ၊ ပ၊ ၆)

ဥပါသကဿ သောတာပတ္တိမဂ္ဂေနေဝ ပဋိသမ္ဘိဒါ အာဂတာ။ (မဇ္ဈိမပံ–ဋ္ဌ၊ ဥပါလိသုတ်၊ ၆၉)

"သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ"၌ သဒ္ဓ၏အရကား ကံ, ကံ၏အကျိုး ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဌာန်းသော မဟာ ကုသိုလ် ၈–ခုစိတ္တုပ္ပါဒ်ရ၏။ ဒါနံ၏အရကား အန္နပါနဃရဝတ္ထအစရှိသော ဒါနဝတ္ထု, ဒါနစေတနာရ၏။ ဥပနိဿာယ ဒါနံ ဒေတိ၏အရကား ဒါနစေတနာ ပြဌာန်းသော နောက်ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ [သဒ္ဓါပြဌာန်းသော ကာမကုသိုလ်သည် ဒါနစေတနာပြဌာန်းသော ကာမကုသိုလ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။]

"သဒ္ဓံ ဥပနိဿာယ သီလံ သမာဒိယတိ"စသည်၌ သဒ္ဓ၏အရကား ကံ, ကံ၏အကျိုး ပစ္စုပ္ပန်, တမလွန်ဘဝအစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဌာန်းသော မဟာကုသိုလ် ၈–ခု စိတ္တုပ္ပါဒ်ရ၏။ ဥပနိဿာယ သီလံ သမာဒိယတိ၏ အရကား ပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာပြဌာန်းသော ကာမကုသိုလ်ရ၏။ ဥပေါသထကမ္မံ ကရောတိ၏အရကား အဋ္ဌင်္ဂဥပါသထစေတနာပြဌာန်းသော ကာမကုသိုလ်ရ၏။ ဝိပဿနံ ဥပ္ပါဒေတိ၏အရကား ဝိပဿနာပြုသော ကာမ ကုသိုလ်ရ၏။ မဂ္ဂံ ဥပ္ပါဒေတိ၏အရကား မဂ်၄–ခုစိတ္တုပ္ပါဒ်ရ၏။ အဘိညံ ဥပ္ပါဒေတိ၏အရကား ကုသိုလ်အဘိညာဉ် ၅–ပါးရ၏။ သမာပတ္တိံ ဥပ္ပါဒေတိ၏ အရကား ကုသိုလ်သမာပတ် ၈–ပါးရ၏။ [သဒ္ဓါပြဌာန်းသော ကာမကုသိုလ်သည် သီလ , အဋ္ဌင်္ဂဥပေါသထ, ဈာန, ဝိပဿနာ, မဂ်, အဘိညာဉ်, သမာပတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဒါနံ ဒေတိကဲ့သို့ အသီးသီး သော်လည်းဆို။]

"သီလံ ဥပနိဿာယ ဒါနံ ဒေတိ"စသည်၌ သီလ၏အရကား ပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာပြဌာန်းသော ကာမကုသိုလ်ရ၏။ ဒါနံ ဒေတိ၏အရကား ဒါနစေတနာပြဌာန်းသော ကာမကုသိုလ်ရ၏။ (သီလံ သမာဒိယတိစသည်တို့၌ ရှေးနည်းတူယူမြဲ။)

http://www.dhammadownload.com



"သုတံ ဥပနိဿာယ၊ စာဂံ ဥပနိဿာယ"စသည်တို့၌ သုတံ၏အရကား သုတမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုရ၏။ စာဂံ၏အရကား အလောဘပြဋ္ဌာန်းသော မဟာကုသိုလ် ၈-ခုရ၏။ ပညံ၏အရကား ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုရ၏။ (ဒါနံ ဒေတိစသည် တို့၌ ရှေးနည်းအတိုင်း ယူမြဲ။)

"ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ"၌ ပဌမဿ ဈာနဿ ပရိကမ္မံ၏အရကား ပထမဈာန်ကိုရစိမ့်သောငှာ "ပထဝီ ပထဝီ"စသည်ဖြင့် စီးဖြန်းသော ပရိကမ်ဖောကိစ္စတပ်သော ကာမကုသိုလ်ရ၏။ ပဌမဿ ဈာနဿ၏ အရကား ပထမဈာန်ရ၏။ (အကြွင်း လွယ်ပြီ၊ နည်းတူပင်။)

"ပထမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ"၌ ပဌမော မဂ္ဂေါ၏အရကား သောတာပတ္တိမဂ်ရ၏။ ဒုတိယဿ မဂ္ဂဿ၏အရကား သကဒါဂါမိမဂ်ရ၏။ (အကြွင်း နည်းတူပင်။)

"သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ"စသည်၌ မဂ္ဂံ၏အရကား အောက်မဂ် ၃-ခုရ၏။ သေက္ခာ၏အရကား အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်ရ၏။ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၏အရကား ဥပ္ပန္နသမာပတ် ၈-ပါးရ၏။ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၏အရကား သင်္ခါရတရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု ဝိပဿနာ ပြုသော ကာမကုသိုလ်ရ၏။

"မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ"စသည်၌ မဂ္ဂေါ၏အရကား အောက် မဂ် ၃-ခုရ၏။ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၏အရကား အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား ပါဠိတော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်ရ၏။ ဓမ္မပဋိသမ္ဘိဒါယ၏အရကား မာဂဓဘာသာ ပါဠိဟူသောသဒ္ဒါကိုသိသော ဓမ္မပဋိ သမ္ဘိဒါဉာဏ်ရ၏။ နိရုတ္တိပဋိသမ္ဘိဒါယ၏အရကား အရပ်သူတို့ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရ၏။ ပဋိဘာနပဋိသမ္ဘိဒါယ၏အရကား အနက် သဒ္ဒါ ဘာသာ သုံးပါးကိုသိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ရ၏။ ဌာနာ ဌာနကောသလ္လဿ၏အရကား အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဋ္ဌာနကောသလ္လဉာဏ်ရ၏။ (ပဋိသမ္ဘိဒါဉာဏ်ဟူသည် မဂ်ဉာဏ်, ကာမာ ဝစရကုသိုလ်ဉာဏ်တည်း။)

http://www.dhammadownload.com



## ၂။ ကုသလော–အကုသလဿ

၁၆။ ကုသလော အကုသလဿ–ဝယ် ကုသလောအရ ပစ္စည်းတရားကိုကောက်ရာ၌ လောကီကုသိုလ်ကိုသာကောက်၍၊ အဘယ့်ကြောင့် လောကုတ္တရာကုသိုလ်ကို မကောက်ရပါသနည်း၊ ဥပမာသွင်း၍ ရှင်းပြပါ။

လသည် အမိုက်မှောင်ကို ဖျက်သာဖျက်ဆီးတတ်, မဖြစ်စေတတ်သကဲ့သို့ သန္တ ပဏီတ ဥတ္တမဖြစ်သော လောကုတ္တရာတရားသည် အကုသိုလ်ကို ဖျက်သာဖျက်ဆီးတတ်၏၊ မဖြစ်စေတတ်ပါ၊ ထို့ကြောင့် ကုသလော အကုသလဿ၌ ကုသိုလ်ပစ္စည်းတရားအရ လောကီကုသိုလ်ကိုသာ ကောက်ရပါသည်၊ လောကုတ္တရာကုသိုလ်ကို မကောက်ရပါ။

ယထာ စ စန္ဒော အန္ဓကာရတမဿ ဝိဒ္ဓံသကော န ဥပ္ပါဒကော၊ ဧဝံ လောကုတ္တရံ သန္တံ ပဏီတံ ဥတ္တမံ အကုသလဿ ဝိဒ္ဓံသကံ န ဥပ္ပါဒကံ။ တသ္မာ န အကုသလဿ ဥပနိဿယော ဟောတီတိ န ဂဟိတံ။

**ဆောင်။** ။မိုက်မှောင် ဖျက်ချေ၊ မဖြစ်စေ၊ စန္ဒေ လပမာ။
အကု ပယ်သတ်၊ မဖြစ်စေတတ်၊ အမြတ် လောကုတ္တရာ။
ထို့ကြောင့် ကီမျှ၊ ကောက်ပါကြ၊ ကြဉ်ရ ကုတ်မပါ။

"သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ"စသည်၌ သဒ္ဓံ၏အရကား သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ မာနံ ဇပ္ပေတိ၏အရကား ငါသာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသူတည်းဟု မိမိကိုယ်ကို ထောင်လွှားသောအခါ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု စိတ္တုပ္ပါဒ်ရ၏။ ဒိဋ္ဌိံ ဂဏှာတိ၏အရကား ထိုထိုသို့သောစကားတို့၌ ယုံကြည်သောအားဖြင့် အနက်အဓိပ္ပါယ် မစုံစမ်းမဆင်ခြင်မူ၍ မှားသောအယူရှိသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ (သီလံ, သုတံ, စာဂံ, ပညံ–တို့၏အရကို ရှေးနည်းအတိုင်း ယူမြဲ။)

"သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ ရာဂဿ"စသည်၌ သဒ္ဓါ သီလံ သုတံ စာဂေါ ပညာတို့၏အရကား သဒ္ဓါ သီလ သုတ စာဂ ပညာပြဋ္ဌာန်းသော လောကီကုသိုလ် သတ္တရသရ၏။ ရာဂဿ၏အရကား ဤတရားငါးပါးနှင့် ပြည့်စုံသူဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ရ၏။ ဒေါသဿ၏အရကား သူတစ်ပါးကိုနှိပ်စက်သောအခါ ဒေါသမူစိတ္တုပ္ပါဒ် ရ၏။ မောဟဿ၏အရကား အတ္တုက္ကံသန, ပရဝမ္ဘန = မိမိကိုယ်ကိုချီးမြှောက်ခြင်း, သူတစ်ပါးကိုနှိပ်စက်ခြင်း နှစ်ပါးဖြစ်သောအခါ မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ [လောကီကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။]

http://www.dhammadownload.com



## ၃။ ကုသလော – အဗျာကတဿ

"သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယေဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ"၌ သဒ္ဓံ၏အရကား သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယေဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ၏ အရကား ဒုက္ခသဟဂုတ်ကာယဝိညာဉ်ရ၏။

(သီလံ သုတံ စာဂံ ပညံတို့၏အရ၊ အတ္တာနံ အာတာပေတိစသည်တို့အရကို ရှေးနည်းအတိုင်း ယူမြဲ။) ကာယိကဿ သုခဿ၏အရကား သုခသဟဂုတ် ကာယဝိညာဉ်ရ၏။ ကာယိကဿ ဒုက္ခဿ၏အရကား ဒုက္ခသဟဂုတ်ကာယ ဝိညာဉ်ရ၏။ ဖလသမာပတ္တိယာ၏အရကား ဖလသမာပတ်ရ၏။

ကုသလံ ကမ္မံ၏အရကား ဗလဝဖြစ်သော ကုသိုလ်ကေဝီသစေတနာရ၏။ ဝိပါကဿ၏အရကား ကုသလဝိပါက် ဧကူနတိံသ ရ၏။

"အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ" စသည်၌ မဂ္ဂံ၏အရကား အရဟတ္တမဂ်ရ၏။ (အကြွင်း ရှေးနည်းအတိုင်းပင်။)

"မဂ္ဂေါ ဖလသမာပတ္တိယာ"၌ မဂ္ဂေါ၏အရကား အရဟတ္တမဂ်ရ၏။ ဖလ သမာပတ္တိယာ၏အရကား ဖိုလ် ၄–ခု သမာပတ်ရ၏။

## ၄။ အကုသလော – အကုသလဿ

၁၇။ "အကုသလော အကုသလဿ"၌ ဗလဝအကုသိုလ်က ဒုဗ္ဗလအကုသိုလ် အားလည်းကောင်း၊ ဒုဗ္ဗလအကုသိုလ်က ဗလဝအကုသိုလ်အားလည်းကောင်း ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်, မပြုနိုင် အကြောင်းပြဖြေဆိုပါ။

ပါဏာတိပါတစသည်ကို ပြုသောသူအား "ဘာ့ကြောင့် ပြုရသလဲ"ဟု စောဒနာသော် ထိုသူသည် အမျက်ထွက်တတ်, စိတ်နှလုံးမသာမယာဖြစ်တတ် ပါသည်၊ အနည်းငယ်သော ကိလေသာက တဖြည်းဖြည်းကြီးထွားလာကာ လွန်ကျူးမှုကို ပြုတတ်ပါသည်၊ ကံကိလေသာတို့ဟူသည် အားရှိသည်ဖြစ်စေ, အားနည်းသည်ဖြစ်စေ အားရှိအားကောင်းလာအောင် ပြုတတ်ပါသည်၊ ထို့ကြောင့် ဗလဝအကုသိုက်ကံက ဒုဗ္ဗလအကုသိုလ်အားလည်းကောင်း၊ ဒုဗ္ဗလအကုသိုလ်ကံက ဗလဝအကုသိုလ်အားလည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင် ပါသည်။

ပါဏာတိပါတီ ပါဏာတိပါတာဒီနိ ကတွာ "ကသ္မာ ဧဝမကာသီ"တိ စောဒိယမာနော ကောပမတ္တကမ္ပိ ကရောတိ၊ ဝိပ္ပဋိသာရီပိ ဟောတိ။ အပ္ပမတ္တကေပိ

http://www.dhammadownload.com



ကိလေသေ ဥပ္ပန္နေ တံ ဝမေတွာ ဝိတိက္ကမံ ကရောတိ။ ကမ္မကိလေသာ ဗလဝန္တောပိ ဒုဗ္ဗလာပိ ဗလဝကာရဏံ ဟောန္တိယေဝ။ တသ္မာ ဗလဝံ ဒုဗ္ဗလဿ ဒုဗ္ဗလဉ္စ ဗလဝဿာပိ ဥပနိဿယော ဟောတိယေဝ။

**ဆောင်။** ။ပါဏာတိပါတီ၊ မျက်ထွက်သည်၊ မကြည် နှလုံးသား။
အားနည်း ကိလေသာ၊ ဖြစ်ပေါ်လာ၊ တိုးကာ လွန်မှောက်မှား။
ဗလဝ ဒုဗ္ဗလ၊ ကိလေက၊ ဗလဝအကြောင်းများ။
ထို့ကြောင့် ဗလဝ၊ ဒုဗ္ဗလတို့၊ နှစ်ဝ ပြန်လှန်၊ ကျေးဇူးဖန်၊
ပကတံ သတ္တိအား။

၁၈။ "နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ"၌ နိယတမိစ္ဆာဒိဋ္ဌိအရ အဘယ်ဒိဋ္ဌိကို ယူရမည်နည်း။

အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိတို့တွင် တစ်ပါးပါးကို ယူရပါမည်။

နိယတမိစ္ဆာဒိဋ္ဌိယာတိတ္တေ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု အညတရာ ဂဟေတဗ္ဗာ။ (အဋ္ဌသာလိနီ၊ ၃၉၂-ရှု။)

**ဆောင်။** ။အဟေ ဒိဋ္ဌိ၊ အကိရိ၊ နတ္ထိ သုံးပါးတွင်။
တစ်ပါးပါးသာ၊ ယူရမှာ၊ မိစ္ဆာဒိဋ္ဌိလျှင်။

၁၉။ "မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ"၌ မာတုဃာတကကံ တစ်ခုတည်း ဖြစ်ပါလျက် အဘယ်သို့ ကျေးဇူးပြုပါသနည်း၊ ရှင်းပြပါ။

သူတစ်ပါး အမိသတ်သည်ကိုမြင်၍ မိမိအမိကို သတ်သူ၏အစွမ်းအားဖြင့်လည်းကောင်း၊ အခြားတစ်ဘဝ၌ အမိကိုသတ်ဖူး၍ အခြားတစ်ဘဝ၌လည်း အမိကိုသတ်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊ တစ်ဘဝတည်းမှာပင် ထပ်ကာ ထပ်ကာ စေခိုင်းခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊ နှစ်ကြိမ်ပုတ်ခတ်လျှင် ကေန် သေမည့်အမိကို ဒုတိယအကြိမ် ပုတ်ခတ်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း မာတုဃာတိကံက မာတုဃာတိကံအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿာတိ အညံ မာတရံ ဟနန္တံ ဒိသွာ "ဝဋ္ဋတိ ဧဝံ ကာတု"န္တိ မာတရံ ဟနန္တဿ ဝါ၊ ကေသိဉ္စိ ဘဝေ ဟန္တွာ အပရသ္မိမ္ပိ ဟနနဝသေန ဝါ၊ ကေသိဉ္စိယေဝ ဘဝေ "ဂစ္ဆ မေ မာတရံ ဟနာဟီ"တိ ပုနပ္ပုနံ အာဏာပနဝသေန ဝါ၊ ဒွီဟိ ပဟာရေဟိ နိယတမရဏာယ ဒုတိယပဟာရ

http://www.dhammadownload.com



ဒါနဝသေန ဝါ မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယော ဟောတိ။ (ဌ၊ ၄၄၆)

ဆောင်။ ။သူသတ်လို့သတ်၊ နှစ်ဘဝ သတ်နှင့်၊ အထပ်ထပ်ခိုင်း၊ နှစ်ချက်ပိုင်းဟု၊
ရိုင်းပျ မာတု၊ သတ်ဖြတ်မှု၊ မာတု ကံချင်းချင်း။

"ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ"စသည်၌ ရာဂံ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ရ၏။ ပါဏံ ဟနတိ၏အရကား ပါဏာတိပါတဖြစ်သော ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်ရ၏။ အဒိန္နံ အာဒိယတိ၏အရကား အဒိန္နာဒါန်ဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ရ၏။ မုသာ ဘဏတိ၏အရကား မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ရ၏။ ပိသုဏံ ဘဏတိ၏အရကား ပိသုဏဝါစာဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ ဖရုသံ ဘဏတိ၏ အရကား ဖရုသဝါစာဖြစ်သော ဒေါသမူ မောဟမူစိတ္တုပ္ပါဒ်ရ၏။ သမ္ဖံ ပလပတိ၏ အရကား သမ္ဖပ္ပလာပဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။

"သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ"တို့၏အရကား အဒိန္နာဒါန်ဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ ပရဒါရံ ဂစ္ဆတိ၏အရကား ကာမေသုမိစ္ဆာစာရဖြစ်သော လောဘမူစိတ္တုပ္ပါဒ်ရ၏။ မာတရံ ပိတရံ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ-တို့၏အရကား ဒေါသမူ စိတ္တုပ္ပါဒ်ရ၏။ [ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် အကုသိုလ်ဒွါဒသအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။]

ဒေါသံ၏အရကား ဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ရ၏။ မောဟံ၏ အရကား မောဟပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ မာနံ၏အရကား မာနပြဋ္ဌာန်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ ဒိဋ္ဌိံ၏အရကား ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ ပတ္ထနံ၏အရကား ဘဝသမ္ပတ္တိ , ဘောဂသမ္ပတ္တိကို တောင့်တသော လောဘမူစိတ္တုပ္ပါဒ်ရ၏။ [ပါဏံ ဟနတိစသည်တို့၏အရကို ရှေးနည်းအတိုင်း ယူမြဲ၊ ရာဂေါ ဒေါသောစသည်တို့၏ အရကိုလည်း ရှေးနည်း အတိုင်း ယူမြဲ။]

ပါဏာတိပါတော၏အရကား ပါဏာတိပါတဖြစ်သော ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်ရ၏။ ပါဏာတိပါတဿ၏အရကား ပါဏာတိပါတဖြစ်သော ဒေါသမူ မောဟမူစိတ္တုပ္ပါဒ်ရ၏။ အဒိန္နာဒါနဿ၏အရကား အဒိန္နာဒါန်ဖြစ်သော အကု

http://www.dhammadownload.com



သိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ ကာမေသုမိစ္ဆာစာရဿ၏အရကား ကာမေသုမိစ္ဆာစာရဖြစ်သော လောဘမူ မောဟမူစိတ္တုပ္ပါဒ်ရ၏။ မုသာဝါဒဿ၏အရကား မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ ပိသုဏာယ ဝါစာယ၏ အရကား ပိသုဏဝါစာဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ ဖရုသာယ ဝါစာယ၏အရကား ဖရုသဝါစာဖြစ်သော ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်ရ၏။ သမ္ဖပ္ပလာပဿ၏အရကား သမ္ဖပ္ပလာပဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ရ၏။ အဘိဇ္ဈာယ၏အရကား အဘိဇ္ဈာဖြစ်သော လောဘမူစိတ္တုပ္ပါဒ်ရ၏။ ဗျာပါဒဿ၏ အရကား ဗျာပါဒဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ရ၏။ မိစ္ဆာဒိဋ္ဌိယာ၏အရကား မိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ [ပါဠိတော်သွားအတိုင်း လှည့်၍ ဆိုပါ၊ "တေသု ပါဏာတိပါတော ဖရုသဝါစာ"စသော သင်္ဂဟပါဠိကို နှလုံးသွင်း၍ ဆိုပါ။]

မာတုဃာတိကမ္မ၏အရကား ဒြပ်ပြား သဏ္ဍာန်ပြားသော မာတုဃာတကကံ, ရေးဘဝကသတ်ခဲ့ဖူးသော မာတုဃာတကကံ, ဤဘဝတွင် အဖန်တစ်လဲလဲသေစေ၍ သတ်စေသော မာတုဃာတကကံ, နှစ်ကြိမ်ရိုက်ဆော်၍သတ်သော မာတုဃာတကကံရ၏။ မာတုဃာတိကဿ၏အရကား ဖြစ်ဆဲသောမာတုဃာတကကံရ၏။ ပိတုဃာတိကမ္မ၏အရကား ပိတုဃာတကဖြစ်သော ဒေါသမူဒွေး သတ္တမဇောစိတ္တုပ္ပါဒ်ရ၏။ ပိတုဃာတိကဿ၏အရကား ပိတုဃာတကဖြစ်သော ဒေါသမူဒွေး သတ္တမဇောစိတ္တုပ္ပါဒ်ရ၏။ (သံဃဘေဒကတိုင်အောင် နည်းတူပင်တည်း။) နိယတမိစ္ဆာဒိဋ္ဌိယာ၏အရကား နိယတမိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခုသတ္တမဇောစိတ္တုပ္ပါဒ် ရ၏။

## ၅။ အကုသလော-ကုသလဿ

"ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ"စသည်၌ ရာဂ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ရ၏။ ဥပနိဿာယ ဒါနံ ဒေတိ၏အရကား ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ (အကြွင်း နည်းတူပင်။)

"ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ"စသည်၌ ပါဏံ ဟန္တွာ တဿ၏အရကား ပါဏာတိပါတစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ရ၏။ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၏အရကား ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ရ၏။ [အကြွင်း နည်းတူပင်၊ "အဒိန္နံ အာဒိယိတွာ"အစရှိသည်တို့၏ အရကိုလည်း "အကု-အကု"ကို နည်းမှီ၍ကောက်ပါ။]

http://www.dhammadownload.com



**၆။ အကုသလော–အဗျာကတဿ**

"ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ"စသည်၌ ရာဂ၏အရကား ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ရ၏။ အတ္တာနံ အာတာပေတိ ။ ပ ။ ပစ္စနုဘောတိတို့၏အရကား ဒုက္ခသဟဂုတ်ကာယဝိညာဉ်ရ၏။ (အကြွင်း နည်းတူပင်။) အကုသလံ ကမ္မ၏အရကား ဗလဝဖြစ်သော အကုသိုလ်ဒွါဒသစေတနာရ၏။ ဝိပါကဿ၏အရကား အကုသလဝိပါက် ၇–ခုရ၏။

**၇။ အဗျာကတော–အဗျာကတဿ**

၂၀။ "ကာယိကံ သုခံ ကာယိကဿ ဒုက္ခဿ"၌ သုခသည်ဒုက္ခအား အဘယ်သို့ ကျေးဇူးပြုပါသနည်း၊ ရှင်းပြပါ။

အအေးဒဏ်စသည်တို့ကြောင့် မီးလှုံမှုစသည်ကို လွန်လွန်ကဲကဲပြုသူမှာ ပထမချမ်းသာခံစားရ၍ နောက်အခါ ဆင်းရဲခံစားရခြင်းသည် ကာယိကသုခက ကာယိကဒုက္ခအား ကျေးဇူးပြုပုံဖြစ်ပါသည်။

ကာမဂုဏ်ကို လွန်ကဲစွာ သုံးဆောင်ခံစားသောပုဂ္ဂိုလ်မှာ ဤဘဝ၌ ကာယိကသုခကိုခံစားရ၍ နောက်ဘဝ၌ နေရယိကကာယိကဒုက္ခကို ခံစားရခြင်းသည် ကာယိကသုခက ကာယိကဒုက္ခအား ကျေးဇူးပြုပုံ ဖြစ်ပါသည်။

သီတာဒီသု ပန အဂ္ဂိသန္တာပနာဒီနိ အတိသေဝန္တဿ ပုဗ္ဗဘာဂေ သုခံ အပရဘာဂေ ဒုက္ခဿ (ဥပနိဿယော ဟောတိ)။

"သုခေါ ဝတိမိဿာ ပရိဗ္ဗာဇိကာယ တရုဏာယ လောမသာယ ဗာဟာယ သမ္ဖဿော"တိ ဝါ ကာမေသု ပါတဗျတံ အာပဇ္ဇန္တဿ ဣဓ ကာယိကသုခံ နေရယိကဿ ကာယိကဒုက္ခဿ (ဥပနိဿယော ဟောတိ)။ (ဋ္ဌ၊ ၄၄၇)

**ဆောင်။** ။တိုင်းဆ လွန်စွာ၊ မီးလှုံ ပါက၊ ချမ်းသာ ပထမ၊ ခံစား ရ၍၊
နောက်မှ ဆင်းရဲ၊ ခံစား မြဲတည်း။ လွန်ကဲ ကာမာ၊ သုံးဆောင်
ပါလည်း၊ ကာယာသုခ၊ ခံစားရ၍၊ ဒုက္ခ ဆင်းရဲ၊ နောက်မှတွဲ၏။
မလွဲ မှတ်ယူ၊ ဤသည့် မူကို၊ ပကတူပ၊ နိဿယဟု၊ မိန့်ဟ
ထုတ်ပြန်၊ နည်းလမ်းညွှန်သည်၊ သုခံ ဒုက္ခဿ ပစ္စယော။

ကာယိကံ သုခံ၏အရကား သုခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ်ရ၏။ (ကာယိကဿ သုခဿ၏အရလည်း ၎င်းပင်။) ကာယိကဿ ဒုက္ခဿ၏အရကား ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ္တုပ္ပါဒ်ရ၏။

http://www.dhammadownload.com



"ဥတု ကာယိကဿ သုခဿ"၌ ဥတုအရကား လျော်ကပ်သော အချမ်းအပူဟူသော ဥတုရ၏။ "ဥတု ကာယိကဿ ဒုက္ခဿ"၌ ဥတုအရကား မလျော်ကပ်သော အချမ်းအပူဟူသော ဥတုရ၏။

"ဘောဇနံ ကာယိကဿ သုခဿ"၌ ဘောဇနံအရကား လျော်ကပ်သော ဘောဇဉ်ရ၏။ "ဘောဇနံ ကာယိကဿ ဒုက္ခဿ"၌မလျော်ကပ်သော ဘောဇဉ်ရ၏။

"သေနာသနံ ကာယိကဿ သုခဿ"၌ သေနာသနံအရကား လျော်ကပ်သော ကျောင်းအစရှိသော အိပ်ရာနေရာရ၏။ "သေနာသနံ ကာယိကဿ ဒုက္ခဿ"၌ သေနာသနံအရကား မလျော်ကပ်သော ကျောင်းအစရှိသော အိပ်ရာနေရာရ၏။

"ကာယိကံ သုခံ ဒုက္ခံ ဥတု ဘောဇနံ သေနာသနံ ဖလသမာပတ္တိယာ"၌ ဥတု ဘောဇနံ သေနာသနံတို့၏အရကား လျော်ကပ်သော ဥတု ဘောဇဉ် သေနာသနရ၏။ ဖလသမာပတ္တိယာ၏အရကား ဖိုလ်လေးခုသမာပတ်ရ၏။ (အကြွင်း ရှေးနည်းအတိုင်းပင်။)

**၈။ အဗျာကတော–ကုသလဿ**

"ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ"စသည်၌ ကာယိကံ သုခံ၏ အရကား သုခသဟဂုတ်ကာယဝိညာဉ်စိတ္တုပ္ပါဒ်ရ၏။ [ဒါနံ ဒေတိစသည်တို့၏ အရကား ရှေးနည်းအတိုင်းပင်၊ "ဗျာ–အကု"၌လည်း ရှေးနည်းတူပင်။]

၂၁။ "ဗဟုဓာ ဟောတိ ပကတူပနိဿယော"ဟူသော သင်္ဂဟပါဠိအရ ပကတူပနိဿယပစ္စည်းသည် စိတ်စေတသိက်ရုပ်နှင့်တကွ ပုဂ္ဂလ ဥတု ဘောဇန သေနာသန တိုင်အောင် အလွန်ပျံ့နှံ့ ကျယ်ဝန်းများပြားပါလျက် စိတ်စေတသိက်အားသာ ကျေးဇူးပြု၍ ရုပ်တရားအား အဘယ့်ကြောင့် ကျေးဇူးမပြုပါသနည်း။ (ရုပ်တရားသည် အဘယ့်ကြောင့် ပကတူပပစ္စယုပ္ပန်တရား၌ မပါဝင်ပါသနည်း။)

ရုပ်တရားတို့သည် အစေတန အဗျာပါရသဘောမျှသာ ဖြစ်ကြပါသည်၊ ကောင်းစွာပြုအပ်သော "ပကတ" သဘောမရှိကြပါ၊ ထို့ကြောင့် ရုပ်တရားတို့အား ကျေးဇူးမပြုပါ။ (ရုပ်တရားတို့သည် ပကတူပပစ္စယုပ္ပန်တရား၌ မပါဝင်ကြပါ။)

ရူပံ နာမ အစေတနာဗျာပါရဓမ္မမတ္တမေဝ ဟောတိ, အပကတသဘာဝံ စ၊ (ရူပသ္မိံ နတ္ထိ စေတနာဗျာပါရော, ပကတဘာဝေါ စ၊) တသ္မာ ရူပဿ န ပကတူပနိဿယော။ (ရူပံ ပကတူပနိဿယပစ္စယုပ္ပန္နဓမ္မဘော ဝိနိမုတ္တန္တိ ဝုတ္တံ ဟောတိ။)

http://www.dhammadownload.com



**ဆောင်။** ။ရုပ်တရားမှာ၊ စေတနာကင်း၊ ဗျာပါကင်း၏၊ ကင်း "ပကတ"၊ အကြောင်းပြ၊ မရ-ပွန်ဥကြဉ်။

၂၂။ နိဗ္ဗာန်သည် အဘယ့်ကြောင့် ပကတူပပစ္စည်း မတပ်ပါသနည်း၊ (ပကတူပ ပစ္စည်း၌ မပါဝင်ပါသနည်း။)

နိဗ္ဗာန်၌ ဖြစ်စေအပ် မှီဝဲအပ်သော(နိပ္ဖာဒိတ, ဥပသေဝိတ)အကြောင်း သဘော မရှိသောကြောင့် ပကတူပနိဿယပစ္စည်းမတပ်ပါ။ (ပကတူပနိဿယ ပစ္စည်း၌ မပါဝင်ပါ။)

နိဗ္ဗာနေ နိပ္ဖာဒိတောပသေဝိတဘာဝေါ နတ္ထိ၊ တသ္မာ န ပကတူပနိဿယော ဟောတိ။ (ပကတူပနိဿယပစ္စယဓမ္မေ အနန္တောဂဓံ။)

**ဆောင်။** ။နိပ္ဖာဒိတ၊ သေဝိတဟု၊ နှစ်ဝ သဘော၊ မရှိသောကြောင့်၊ နိရောနိဗ္ဗာန်၊ စွဲ၍ ချန်သည်၊ မှတ်ရန် ပကတူပ သဘောတည်း။

၂၃။ ဥပနိဿယပစ္စည်း၏အပြား မည်မျှရှိပါသနည်း၊ ရေတွက်ပြပါ။

ဥပနိဿယပစ္စည်းသည် အာရမ္မဏူ, အနန္တရူ, ပကတူ-ဟူ၍ သုံးမျိုးရှိ၏၊ အာရမ္မဏူ၌ သင်္ချာ ၇--ချက်၊ အနန္တရူ၌ သင်္ချာ၇-ချက်၊ ပကတူ၌ သင်္ချာ ၉-ချက်ရ၏။ (သုဒ္ဓသင်္ချာကိုကြည့်၍ "ကု-ကု"၌ သုံးမျိုးလုံးရ၏-စသည်ဖြင့်သိပါ၊) ထို့ကြောင့်... ကု-ကု၌ သုံးပါးလုံး၊ ကု-အကု၌ (အာရမ္မဏူ၊ ပကတူ) ၂-ပါး၊ ကု-ဗျာ၌ သုံးပါးလုံး၊ အကု-အကု၌ ၃-ပါးလုံး၊ အကု-ကု၌ (ပကတူ) တစ်ပါး၊ အကု-ဗျာ၌ (အနန္တရူ၊ ပကတူ) ၂-ပါး၊ ဗျာ-ဗျာ၌ ၃-ပါးလုံး၊ ဗျာ-ကု၌ ၃-ပါးလုံး၊ ဗျာ-အကု၌ ၃-ပါးလုံး၊ ဤသို့လျှင် ၂၃-ပါးရှိ၏။ [တေဝီသတိဝိဓေန ဥပနိဿယော ဘာဇိတော။ (ဋ္ဌ၊ ၄၄၉)] အဓိပတိစသော ကျန်မျိုးယှက် ၉-ပစ္စည်းကိုလည်း ဤကဲ့သို့ ဝေဖန်နိုင်သည်။

ကုသလော ကုသလဿာတိဋ္ဌေ တီဏိ၊ ကုသလော အကုသလဿာတိဋ္ဌေ ဒွေ၊ ကုသလော အဗျာကတဿာတိဋ္ဌေ တီဏိ၊ အကုသလော အကုသလဿာတိ ဋ္ဌေ တီဏိ၊ အကုသလော ကုသလဿာတိဋ္ဌေ ဧကံ၊ အကုသလော အဗျာ ကတဿာတိဋ္ဌေ ဒွေ၊ အဗျာကတော အဗျာကတဿာတိဋ္ဌေ တီဏိ၊ အဗျာ ကတော ကုသလဿာတိဋ္ဌေ တီဏိ၊ အဗျာကတော အကုသလဿာတိဋ္ဌေ တီဏိ၊ ဧဝံ တေဝီသတိဝိဓော ဥပနိဿယော။

+ + + + +

http://www.dhammadownload.com



## ပုရေဇာတပစ္စည်း

၂၄။ အာပေါအစရှိသည်တို့သည်လည်း ပုရေဇာတပစ္စည်း ဖြစ်ကုန်လျက် ပါဠိတော်၌ မဟောမူ၍ အဘယ့်ကြောင့် "စက္ခုံ အနိစ္စတော"ဟူ၍သာ ဟောတော်မူရပါသနည်း။

အာပေါစသည်တို့သည် နူးညံ့သိမ်မွေ့သော သုခုမရုပ်များဖြစ်၍ မသိလွယ်ပါ၊ ရုန့်ရင်း(ပေါ်လွင်)သည့် စက္ခုစသော ဩဠာရိကရုပ်တို့ဖြင့်ဟောမှသာ သိလွယ်ပါသည်၊ ထို့ကြောင့် "စက္ခုံ အနိစ္စတော"စသည်ဖြင့် ဟောတော်မူရပါသည်။ [အာပေါစသည်တို့ ပါဠိတော်၌ မဟောအပ်သော်လည်း ပုရေဇာတအာရုံပစ္စည်း ဖြစ်နိုင်ကြသည်သာ။]

အာပေါဓာတုအာဒီနိ သုခုမာနိ ဖုသိတုံ အသက္ကုဏေယျာနိ၊ စက္ခာဒီနိ ဩဠာရိကာနိ ဖုသိတုံ သက္ကုဏေယျာနိ ဟောန္တိ၊ တသ္မာ စက္ခာဒီနိယေဝ ဝုတ္တာနိ။ [အာပေါဓာတုအာဒီနိ အဝုတ္တာနိပိ ပုရေဇာတာရမ္မဏာနိ ဟောန္တိယေဝ။]

**ဆောင်။** ။ရုပ် သုခုမ၊ သိမ်မွေ့လှ၊ သိရ မလွယ်ကူ။
စက္ခု စရှိ၊ ဩဠာရိ၊ သိရ လွန်လွယ်ကူ။
ထို့ကြောင့် စက္ခုံ၊ အစချို၊ မှတ်တုံ မိန့်တော်မူ။

## ပစ္ဆာဇာတပစ္စည်း

၂၅။ ပစ္ဆာဇာတပစ္စည်းသည် ဇနကသတ္တိရှိသလော, ဥပတ္ထမ္ဘကသတ္တိရှိသလော၊ အဘယ်သို့ ကျေးဇူးပြုပါသနည်း။

ပစ္ဆာဇာတပစ္စည်းသည် ဥပတ္ထမ္ဘကသတ္တိရှိပါသည်၊ ဖြစ်နှင့်ပြီးသော ပစ္စယုပ္ပန်တရားကို နောက်မှနေပြီး ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုပါသည်။

ပစ္ဆာဇာတော ဥပတ္ထမ္ဘကသတ္တိကော၊ ဥပတ္ထမ္ဘနဝသေန ပစ္ဆာဇာတော ဟုတွာ ဥပကာရကော။

**ဆောင်။** ။ပစ္ဆာဇာတ၊ ပစ္စယ၊ ထမ္ဘက သတ္တိသာ။
ဖြစ်ပြီး ပွန်တွေ၊ တည်တံ့စေ၊ နောက်နေ ကျေးဇူးဖြာ။

## ကမ္မပစ္စည်း

၂၆။ "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"ဟူသောပါဠိဖြင့်ပင် ဟဒယဝတ္ထုလည်း ကဋတ္တာရုပ်ပင်ဖြစ်၍ ပြီးကောင်းလျက် အဘယ်အကျိုးငှာ "စေတနာ ဝတ္ထုဿ"ဟု အထူးဟောတော်မူရ ပြန်ပါသနည်း၊ ရှင်းပြပါ။

http://www.dhammadownload.com



ပုံမှန်အားဖြင့် နာမ်တရားတို့သည် ဟဒယဝတ္ထုကို မှီကြရပါသည်၊ ဟဒယဝတ္ထုကြောင့် ဖြစ်ကြရပါသည်။ (ဟဒယဝတ္ထုက ပစ္စည်း၊ နာမ်တရားက ပစ္စယုပ္ပန်။) သို့ပင်ဖြစ်စေကာမူ ပဋိသန္ဓေအခါ၌ကား နာမ်စေတနာတရားက (ပစ္စည်းတရားအနေဖြင့်) ဟဒယဝတ္ထုအား ကျေးဇူးပြုပုံကို ပြတော်မူခြင်းအကျိုးငှာ "စေတနာ ဝတ္ထုဿ"ဟု အထူးဟောတော်မူရပြန်ပါသည်။

အရူပဓမ္မာ နာမ ဝတ္ထုပတိဋ္ဌိတာ ဝတ္ထုတော ဥပ္ပန္နာ၊ (ဝတ္ထု ပစ္စယော၊ အရူပဓမ္မာ ပစ္စယုပ္ပန္နာ၊) ဧဝံသန္တေပိ ပဋိသန္ဓိက္ခဏေ စေတနာ ဝတ္ထုဿာပိ ပစ္စယော ဟောတီတိ ဒဿေတုံ "စေတနာ ဝတ္ထုဿာ"တိ ပုန ဝုတ္တံ။

**ဆောင်။** ။အကြောင်း ဝတ္ထု၊ နာမ်အစု၊ ကျိုးပြု ခဲ့လေသည်။
သန္ဓေအခါ၊ စေတနာက၊ သေချာစေ့ငု၊ အကြောင်းရှု၊
ဝတ္ထု ကျိုးပြုရည်။
စေတနာစ၊ ဝတ္ထုဿ၊ ဟောရ ပြန်လေသည်။

## အာဟာရပစ္စည်း

၂၇။ ရုပ်အာဟာရ၌ ကဗဠီကာရာဟာရသည် စတုဇရုပ်အား ဇနကသတ္တိ ဥပတ္ထမ္ဘကသတ္တိနှစ်ပါးဖြင့် ကျေးဇူးပြုရာ အဘယ်ရုပ်အား အဘယ်သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ကဗဠီကာရာဟာရသည် အာဟာရဇရုပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ကြွင်းတိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကဗဠီကာရာဟာရော အာဟာရသမုဋ္ဌာနဿ ဇနကဝသေန, သေသာနံ (သေသဿ တိဇသမုဋ္ဌာနဿ) ဥပတ္ထမ္ဘကဝသေန အာဟာရပစ္စယေန ပစ္စယော။

**ဆောင်။** ။ကဗဠီကာရ၊ ဟာရဇအား၊ ဇနကသတ္တိ၊ ပြုလေဘိ၏၊
ကြွင်းတိဇအား၊ ထမ္ဘကား၊ ခွဲခြား ပြုလေသည်။

\+ + + + +

ပဥ္စာဝါရအဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com



## ပစ္စည်းသရုပ်ခွဲ

ပဋ္ဌာန်းအဋ္ဌကထာ၌ ၂၄-ပစ္စည်းကို "ကေပစ္စယဘာဝ"စသောအားဖြင့် ၁၀-မျိုး ခွဲပြထား၏၊ ထိုတွင် အချို့ကို ထုတ်နုတ်ပြပါမည်။

### ဝိသဘာဂပစ္စည်းများ

ပုရေဇာတနှင့်ပစ္ဆာဇာတ၊ သမ္ပယုတ္တနှင့်ဝိပ္ပယုတ္တ၊
အတ္ထိနှင့် နတ္ထိ၊ ဝိဂတနှင့် အဝိဂတ။

သဘာဂပစ္စည်းများကား "ဇော် ဒသ် ဟေ ဟာ"စသည်ဖြင့် သဘာဂသင်္ချာ ဝါရ၌ ခွဲပြခဲ့သည့်အတိုင်းပင်ဖြစ်၏။

### ယုဂဠက (အစုံ) ပစ္စည်းများ

| | |
|---|---|
| အနန္တရ, သမနန္တရ= | (အနက်တူ)။ |
| နိဿယ, ဥပနိဿယ= | (သဒ္ဒါတူ၊ ဥပကား ဇာတကမျှသာ)။ |
| ပုရေဇာတ, ပစ္ဆာဇာတ= | (ကာလပဋိပက္ခ)။ |
| ကမ္မ, ဝိပါက= | (အကြောင်း, အကျိုး)။ |
| သမ္ပယုတ္တ, ဝိပ္ပယုတ္တ= | (အညမညပဋိပက္ခ)။ |
| အတ္ထိ, နတ္ထိ= | (အညမညပဋိပက္ခ)။ |
| ဝိဂတ, အဝိဂတ= | (အညမညပဋိပက္ခ)။ |

### ဇနကာဇနက ပစ္စည်းများ

အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, ပကတူပနိဿယ, နာနာက္ခဏိက ကမ္မ, နတ္ထိ, ဝိဂတ၊ ပေါင်း ၇-ပစ္စည်းသည် ဇနကပစ္စည်းများ ဖြစ်၏။ ပစ္ဆာဇာတပစ္စည်းသည် ဥပတ္ထမ္ဘကပစ္စည်းဖြစ်၏။ ကျန် ၁၅-ပစ္စည်းတို့သည် ဇနကာဇနကပစ္စည်းများ ဖြစ်၏။

ပစ္စယုပ္ပန်တရားများကို ဖြစ်စေတတ်သောပစ္စည်းများကို "ဇနက"ပစ္စည်းဟု ခေါ်၏၊ မဖြစ်စေတတ်သောပစ္စည်းများကို "အဇနကပစ္စည်း"ဟုခေါ်၏၊ အဇနက ဟူသည် ဥပတ္ထမ္ဘကတည်း။

ဇနကာ သတ္တစာ ဟောန္တိ၊ ဧကောဝ ဥပတ္ထမ္ဘကော။
သေသာဋ္ဌာရသ ဝိညေယျာ၊ ဇနကာ စုပတ္ထမ္ဘကာ။

### သဗ္ဗဋ္ဌာသဗ္ဗဋ္ဌာနိက ပစ္စည်းများ

သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၄-ပစ္စည်းတို့သည် သဗ္ဗဋ္ဌာနိက ပစ္စည်းများဖြစ်၏။ ကျန် ၂၀-သောပစ္စည်းတို့သည် အသဗ္ဗဋ္ဌာနိကပစ္စည်းများ ဖြစ်၏။

သဗ္ဗဋ္ဌာနိကာ စတုရော၊ သေသာ အသဗ္ဗဋ္ဌာနိကာ။

http://www.dhammadownload.com



အလုံးစုံသော သင်္ခတရုပ်နာမ်တို့၏ အကြောင်း၏အဖြစ်ရှိသော ပစ္စည်းများကို "သဗ္ဗဋ္ဌာနိက"ပစ္စည်းဟုခေါ်၏၊ အားလုံးသောရုပ်နာမ်အကျိုး (ပစ္စယုပ္ပန်)တရားတို့သည် သဟဇာတစသည်တို့နှင့် ကင်း၍မဖြစ်နိုင်ကြ၊ သဟဇာတစသည်တို့ကြောင့် ဖြစ်ကြရ၏၊ သဟဇာတစသည်တို့၏ ပစ္စယုပ္ပန် (အကျိုး) တရားတို့ချည်းသာဖြစ်ကြ၏၊ ထို့ကြောင့် ယင်း ၄-ပစ္စည်းတို့၌ ပစ္စနိက်မရှိချေ။ [ပဥှာဝါရ, ဆဝါရသုဒ္ဓသင်္ချာများကို သတိပြုပါ။]

**ဘုံအားဖြင့် ဝေဖန်**

ပဥ္စဝေါကာရဘုံ၌ ၂၄-ပစ္စည်းလုံး ရ၏။

စတုဝေါကာရဘုံ၌ ပုရေဇာတ, ပစ္ဆာဇာတ, ဝိပ္ပယုတ္တတို့မှတစ်ပါး ကျန် ၂၁-ပစ္စည်းရ၏။

ဧကဝေါကာရဘုံ၌

သဟဇာတ, အညမည, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ၊ ပေါင်း ၇-ပစ္စည်း ရ၏။

ဗဟိဒ္ဓဖြစ်သော အနိန္ဒြိယဗဒ္ဓရုပ်များ၌ သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ၊ ပေါင်း ၅-ပစ္စည်း ရ၏။

**ဆောင်။** ။ဗဟိဒ္ဓ၌၊ ငါး၀ အလွန်၊ ခွန် ဧကေဝါ၊ စတုဝေါတုံ၊ ၂၁ ဝီကြုံ၊
လုံးစုံ ပဥ္စဝေါ။

**ကာလအားဖြင့် ဝေဖန်**

အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ၊ ဤ၅-ပစ္စည်းတို့သည် အတိတ်ကာလ၌ ဖြစ်၏။

ကမ္မပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်ကာလနှစ်မျိုး၌ဖြစ်၏။

အာရမ္မဏ, အဓိပတိ, ဥပနိဿယ ၃-ပစ္စည်းတို့သည် ရံခါ ကာလသုံးပါး၌ ဖြစ်၏၊ ရံခါ ကာလသုံးပါးမှလွတ်၏၊ တိကာလိက ကာလဝိမုတ္တမည်သော အနေကန္တိကပစ္စည်းများတည်း။ ကျန် ၁၅-ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်ကြ၏။

**ဆောင်။** ။နံနံ အာသေ၊ နတ် ဝိဂတေ၊ ငါးထွေ အတီတံ။
တိတ် ပွန်နှစ်ဝ၊ ကာလိက၊ ကမ္မပစ္စယံ။
အာ, ဓိ, ဥပ၊ ဖြစ် လွတ်ရ၊ ကာလ မမြဲမှန်။
ကျန်ဆယ့်ငါး၀၊ ပစ္စယ၊ ကာလ ပစ္စုပ္ပန်။

\+ + + + +

ပစ္စည်းသရုပ်ခွဲ ပြီး၏။

အဓိပ္ပါယ်ခန်း ပြီး၏။

http://www.dhammadownload.com



## ဉာဏ်ဖွင့် မေးခွန်းများ

၁။ လောက၌ ဆင္ဃဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်ဟု ပြောဆိုလေ့ရှိကြရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာရှိသကဲ့သို့ ပဋိသမ္ဘိဒါပတ္တသောတာပန်ပုဂ္ဂိုလ် ရှိ, မရှိ (ပဥ္စာဝါရ) ပဋ္ဌာန်းပါဠိတော်နှင့် နှိုင်းညှိ၍ တိကျသော အဆုံးအဖြတ်ကို ပေးပါ။

ဝိဇ္ဇတေဝ ပဋိသမ္ဘိဒါပတ္တသောတာပန္နော။

မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ ဓမ္မပဋိသမ္ဘိဒါယ နိရုတ္တိပဋိသမ္ဘိဒါယ ပဋိဘာနပဋိသမ္ဘိဒါယ ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယောတိ သာဓိကာ ပါဠိ။

၂။ စုပေါင်းလုပ်အားသည် အလွန်ပင်ထိရောက် အောင်မြင်လေ့ရှိရာ ဖွဲကောင်းကောင်း ဆန္ဒပြင်းပြင်း ညီညွတ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်၍ ဆိုင်ရာအကျိုးကိစ္စများ ပြီးစီးရာ၌ မည်သည့်ပစ္စယသတ္တိများက စုပေါင်းလုပ်အားပေးကြပါသနည်း။

အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဝ ပစ္စယသတ္တိယော ဥပကာရိကာ ဟောန္တိ။

၃။ မဂ်စိတ်ဖြစ်ပြီးနောက် ဖိုလ်စိတ်ဖြစ်ပေါ်ရာ၌ ယင်း မဂ်စိတ် ဖိုလ်စိတ်တို့၏ အကြားဝယ် ဘဝင်စသော အခြားစိတ်များက ကြားခံဆက်သွယ်ပေးမှု ရှိ, မရှိ (ပဥ္စာဝါရ) ပဋ္ဌာန်းမျက်စိဖြင့် သာဓကပါဠိထုတ်ကာ ယတိပြတ်ဆုံးဖြတ်ပြပါ။

ကာနိစိပိ စိတ္တာနိ အန္တရံ န ကရောန္တိ။

မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယောတိ သာဓိကာ ပါဠိ။

၄။ "ပုဂ္ဂိုလ်ခင်မှ တရားမင် (သဒ္ဓါအစ တဏှာက)"ဟူသော လောကဆိုရိုးစကား၌ အဘယ်မျှသော ပဋ္ဌာန်းပစ္စယသတ္တိတို့က ထောက်ခံသမှု ကျေးဇူးပြုနေပါသနည်း၊ (ပစ္စယုဒ္ဒါရ မြင်ကွင်းကျယ်ဖြင့်) တင်သွင်းဖွယ် ပစ္စယသတ္တိများကို သင်အစွမ်းသတ္တိရှိသမျှ တင်ပြပါ။

ပုဂ္ဂိုလ်ခင်မှ = တဏှာ။ တရားမင် = သဒ္ဓါ။ (အကု–ကု)

ဒွေ အာရမ္မဏ ပကတူပနိဿယပစ္စယာ ဥပကာရကာ ဟောန္တိ။ (သုဒ္ဓသချာမှ "အကု–ကု"သချာကိုရည်သည်။)

http://www.dhammadownload.com



၅။ အလှူအတန်းပေးကမ်းသော ဒါနရှင်အား မိမိဒါနကို အာရုံပြု၍ ကုသိုလ် သာမက အကုသိုလ်လည်း ဖြစ်တတ်သေးရာ ထိုသို့ဖြစ်ပုံပြ ဒေသနာကို ပဋ္ဌာဝါရလာ အတိုင်း ရေးခဲ့ပါ။

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။
ဒါနံ ဒတွာ (သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ) တံ အဿာဒေတိ၊ တံ အာရဗ္ဘ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။
ပုဗ္ဗေ သုစိဏ္ဏာနိ ။ ပ ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

၆။ အလုပ်တစ်ခုကို ဆန္ဒပြင်းပြင်း အားတင်းကာပြုလုပ်ပါက ရနိုင်သောအကျိုး တရားတို့ကိုလည်းကောင်း၊ ထိုအကျိုးထွက်ပေါ်လာရေးအတွက် အားပေးကူညီကြသည့် စွမ်းအင်သတ္တိတို့ကိုလည်းကောင်း ပစ္စယနိဒ္ဒေသကိုမှီး၍ အသီးသီး ကောက်ပြပါ။

ဒွေပဉ္စာသ သာဓိပတိဇဝနာနိ စ , ဆန္ဒဝိစိကိစ္ဆာဝဇ္ဇိတာ ပဉ္စာသ စေတသိကာ စ , သာဓိပတိစိတ္တဇရူပါနိ စ ဥပ္ပန္နတ္တိ။
အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ နဝ ပစ္စယသတ္တိယော ဥပကာရိကာ ဟောန္တိ။

၇။ စိုးမိုးအုပ်ချုပ်မှု (ဣန္ဒြိယ) သတ္တိကြောင့် အကုသိုလ်တရားကိုစွဲ၍ အကုသိုလ် တရားများဖြစ်ကြရာ၌ ယင်းစိုးမိုးအုပ်ချုပ်မှုသတ္တိ၏ တည်ရာတရားတို့ကို ယင်းသတ္တိနှင့် တွဲဖက်၍ ဆိုရိုးကျကောက်ပြပါ။

ဣန္ဒြိယပစ္စယေနာတိ ဟေတုပါဠေ—သမ္ပယုတ္တကန္ဓာနံ ဥပကာရကော ဒွါဒသ အကုသလစိတ္တစေတသိကသင်္ခါတေ ဧကေကသ္မိံ စိတ္တက္ခဏေ ဥပ္ပန္နာနံ ဇီဝိတ စိတ္တ ဝေဒနာ ဝီရိယ ဧကဂ္ဂတာတိ ပဉ္စန္နံ အရူပဣန္ဒြိယပစ္စယဓမ္မာနံ သဟဇာတိန္ဒြိယ သတ္တိ လဗ္ဘတိ။

၈။ ဟေတုပစ္စည်းကြောင့် အကုသိုလ်တရားကိုစွဲ၍ အကုသိုလ်တရားများ ဖြစ်ကြ ပုံကို "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" စသည်ဖြင့် အနုလုံ၌ ဟောတော်မူသောကြောင့် သိရပေပြီ၊ ကြွင်းကျန်သော တရားများကိုကား မသိရသေး၊ ထို့ကြောင့် ကြွင်းကျန်သောတရားများကိုလည်း သိကြရအောင် ပါဠိတော် ရေးပြပါ။

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စ သဟဂတော မောဟော။

http://www.dhammadownload.com



၉။ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ (နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်မဂ်) ဟူသောစကားရပ်၌ ကံပုဒ် ကြိယာပုဒ်တို့၏အရ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံကို ရှင်းပြ၍၊ ပြိုင်နိုင်သော ပစ္စယသတ္တိများကိုလည်း ထုတ်ပြပါ။

နိဗ္ဗာနန္တိ ဧတ္ထ နိဗ္ဗာနသင်္ခါတော အာရမ္မဏပစ္စယဓမ္မော မဂ္ဂတိ ဂဝေသတီတိဧတ္ထ စတုန္နံ မဂ္ဂါနံ (မဂ္ဂစိတ္တုပ္ပါဒါနံ) အာရမ္မဏိကပစ္စယုပ္ပန္နဓမ္မာနံ အာရမ္မဏပစ္စယ သတ္တိယာ ဥပကာရကော။

တတ္ထ တယော အာရမ္မဏာဓိပတိဥပနိဿယပစ္စယာ သဟုပ္ပန္နာ ဟောန္တိ။

၁၀။ ဝိဇ္ဇာဇော်ဂျီ တပသီတို့ကို ကိုးကွယ်ဆည်းကပ်နေခြင်းသည် သမ္မာဒိဋ္ဌိလော, မိစ္ဆာဒိဋ္ဌိလော၊ အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြ ကောက်ချက်ချပြ၍၊ ယင်း ကောက်ချက်ရ တရားက မည်သည့်ပစ္စယသတ္တိဖြင့် မည်သည့်အကျိုးတရားများ ဖြစ်ပွားလာစေနိုင် ပါသနည်း၊ ပဋ္ဌာန်းရှုထောင့်အမြင်ဖြင့် ရှင်းလင်းတင်ပြပါ။

မိစ္ဆာဒိဋ္ဌိ ဟောတိ ယထာဘုစ္စဂဟဏာဘာဝေန ဝိပရီတဒဿနတော။

အကုသလော အကုသလဿ။ ။မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ အဒိန္နာဒါနဿ ကာမေသုမိစ္ဆာစာရဿ မုသာဝါဒဿ ပိသုဏာယ ဝါစာယ ဖရုသာယ ဝါစာယ သမ္ဖပ္ပလာပဿ အဘိဇ္ဈာယ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယောတိ ပဋ္ဌာနေ ဝုတ္တတ္တာ–

မိစ္ဆာဒိဋ္ဌိပစ္စယာ ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော ပိသုဏာ ဝါစာ သမ္ဖပ္ပလာပေါ အဘိဇ္ဈာ ဗျာပါဒေါစာတိ ဣမေ ပါပဓိပါကဓမ္မာ ဥပ္ပဇ္ဇန္တိ။

၁၁။ ပစ္စာဝါရဝယ် ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့ အချင်းချင်း အပြန် အလှန် ကြောင်းကျိုးအဖြစ် ဆက်နွှယ်ကြရာ၌ အထောက်အကူပြု ပစ္စယသတ္တိတို့ကို ထုတ်ပြ၍၊ ယင်း ပစ္စယသတ္တိတို့ကိုလည်း တစ်ပြိုင်နက် ယထာရဟ ခွဲခြားပြပါ။

သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ အဋ္ဌ ဟောန္တိ။ တေသု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိ ပဉ္စ ကောဋ္ဌာသေ ဥပ္ပဇ္ဇန္တိ။ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တန္တိ တယော ယထာရဟံ ဥပ္ပဇ္ဇန္တိ။

၁၂။ အာရမ္မဏမျိုး ၈–ပစ္စည်းလုံး၏ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားများကို ဖော်ပြ၍၊ ပစ္စာဃဋနာ သင်္ချာဝါရ၌ ပစ္စယသတ္တိအများဆုံး ပြိုင်နိုင်သည့်တရားများကို ဖော်ပြပြီး၊ ယင်း ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။

http://www.dhammadownload.com



ဂရုကာရကာနံ ပဋ္ဌန္နံ လောဘမူလ မရဏာသန္နဇဝနာနံ ဥပကာရကံ , ဂရုကတံ စုတိစိတ္တောပရိသတ္တရသမစိတ္တေန သဟပွဝတ္တံ ဟဒယဝတ္ထု။ (ဝတ္ထာဓိသုဒ္ဓသင်္ချာ)

သမ္ပယုတ္တက္ခန္ဓာနမေဝ ဥပကာရကော စတူသု ဖလစိတ္တေသု ပဝတ္တော ဝီမံသာဓိပတိ။

ဟေတုအဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကာဒသ ဟောန္တိ။

၁၃။ ပဋ္ဌာနပါဠိ အနုလုံဟေတုပစ္စည်း၏ “အဗျာကတေန အဗျာကတံ”ဝယ် ပဋိသန္ဓေအခါ ကတ္တားပါဠ်ကိုကောက်ရာ၌ “သမ္ပယုတ္တက္ခန္ဓာအားလည်းကောင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားလည်းကောင်း”ဟု စကားထပ်နှစ်ခု ဆိုရိုးပြုထားရာ အရကောက်ဆရာကြီး၏ ရည်ရွယ်ရိုးရင်း နှလုံးသွင်းကို ရှင်းလင်းပြပါ။

စတုဝေါကာရံ သန္ဓာယ ဝုတ္တံ “သမ္ပယုတ္တကာနံ ခန္ဓာန”န္တိ။
ပဉ္စဝေါကာရံ သန္ဓာယ ဝုတ္တံ “သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါန”န္တိ။

၁၄။ အကြောင်းကုသိုလ်တရားက လွန်လွန်ကဲကဲ ကျေးဇူးပြုလိုက်သည့် အကျိုးကုသိုလ် တရားတို့ကိုလည်းကောင်း၊ အကြောင်းအကုသိုလ်တရားတို့က ကြိုကြိုတင်တင် ကျေးဇူးပြုလိုက်၍ အကျိုးအကုသိုလ်တရားများ ဖြစ်ကြရာ၌ ဟိတ်ပါဠ်၏အရကို လည်းကောင်း ပဋ္ဌာနပါဠိအနုလုံလာအတိုင်း ကောက်ပြပါ။

(က) ကုသလော ဓမ္မောတိ ကတ္တုပဒေ—ယဒါ အဓိပတိကိစ္စံ သာဓေတိ၊ တဒါ အဋ္ဌ မဟာကုသလစိတ္တာနိ ဧကေန္နေ နဝ မဟဂ္ဂတကုသလစိတ္တာနိ စတ္တာရိ မဂ္ဂစိတ္တာနိ တံသမ္ပယုတ္တကအဋ္ဌတိံသ စေတသိကာနိစာတိ အဝယဝဘူတော နာမက္ခန္ဓေ ပဋိစ္စုပ္ပန္နာ အဓိပတိဝဇ္ဇိတာနိ အဋ္ဌ မဟာကုသလစိတ္တာနိ ဧကေန္နေ နဝ မဟဂ္ဂတကုသလစိတ္တာနိ စတ္တာရိ မဂ္ဂစိတ္တာနိ တံသမ္ပယုတ္တကအဋ္ဌတိံသ စေတသိကာနိ စာတိ အဝယဝဘူတာ နာမက္ခန္ဓပစ္စယုပ္ပန္နဓမ္မာ လဗ္ဘန္တိ။ (အရကောက်၊ ၈၃၊ ၈၄)

(ခ) ဟေတုပဒေ—ပဋ္ဌဝေါကာရဘဝေ ပဏ္ဍာဇာတာနံ ဒွါဒသန္နံ အကုသလာနံ ဥပကာရကဿ ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာဒီဟိ ပုရေဇာတစိတ္တေဟိ သဟုပ္ပန္နဿ ဟဒယဝတ္ထုဿ စ , ပဋ္ဌန္နံ မရဏာသန္နာကုသလဇဝနာနံ ဥပကာရကဿ စုတိ စိတ္တောပရိသတ္တရသမစိတ္တေန သဟုပ္ပန္နဿ ဟဒယဝတ္ထုဿ စာတိ ဣမေသံ ပစ္စယဓမ္မာနံ ဝတ္ထုပုရေဇာတသတ္တိ လဗ္ဘတိ။ (အရကောက်၊ ၉၇)

http://www.dhammadownload.com



၁၅။ လောဘအာရုံ ခုံခုံမင်မင် တွယ်တာနှစ်သက်သော ပုဂ္ဂိုလ်၌ဖြစ်သော (က) အကြောင်းတရား၊ (ခ) အကျိုးတရား၊ (ဂ) အထောက်အကူပြုသော စွမ်းအင်သတ္တိများကို ပဋ္ဌာဝါရ အနုလုံနှင့်အညီ ကောက်ပြပါ။

(က) ဂရုံ ကရောန္တေဿနံ အဋ္ဌန္နံ လောဘမူလစိတ္တာနံ ဥပကာရကာ အဋ္ဌ လောဘမူလပစ္စယဓမ္မာ လဗ္ဘန္တိ။

(ခ) ဂရုံ ကရောန္တာ အဋ္ဌ လောဘမူလာ, တံသမ္ပယုတ္တကာ ဗာဝီသ စေတသိကာ စာတိ ပစ္စယုပ္ပန္နဓမ္မာ လဗ္ဘန္တိ။

(ဂ) ကေကွဏော ဥပကာရိကာသု တီသု အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယပစ္စယသတ္တီသု အာရမ္မဏာဓိပတိပစ္စယသတ္တိဝိသေသော လဗ္ဘတိ။ (အာဓိ၊ အကု–အကု အရကောက်၊ ၃၉၃)

၁၆။ အချင်းချင်း မလိုက်လျောနိုင်သည့် (ဝိပ္ပယုတ္တ) သတ္တိကြောင့် ပဋိသန္ဓေအခါ အဗျာကတတရားကိုစွဲ၍ အဗျာကတတရားဖြစ်ပုံပြ အနုဝါဒပါဠိတော်များကို ရေးပါ။

ပဋိသန္ဓက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ ။ ပ ။ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ကဋတ္တာရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

၁၇။ အလုပ်ကိစ္စတစ်ခုတွင် ပညာဉာဏ်ဦးစီး ဆောင်ရွက်ရာ၌ ရရှိလာနိုင်သည့် အကျိုး (သမ္ပဒါန်) တရား၊ အထောက်အကူပြု သတ္တိစွမ်းအားတို့ကို ပစ္စယနိဒ္ဒေသလာ အတိုင်း အသီးသီး ကောက်ပြပါ။

သမ္ပဒါနပါဌေန–စတုတ္ထီသ သာဓိပတိ တိဟေတုကဇဝနာနိ ဝီမံသဝဇ္ဇိတာနိ သတ္တတိံသ စေတသိကာနိ သာဓိပတိစိတ္တဇရူပဉ္စ (ပစ္စယုပ္ပန္နဓမ္မံ) ဒဿေတိ။

ကရဏပါဌေန–ဧကော ဝါ ယထာရဟံ ဝါ ဥပကာရကေသု မိ, ဟေ, သဟ, အည, နိ, ဝိ, က္က, သံ, ဝိပ်, အတ္ထိအဝိဂတေသု အဓိပတိသင်္ါတေန သတ္တိဝိသေသေန ဥပကာရကတံ ဒဿေတိ။

၁၈။ ဝိသဘာဂပုဂ္ဂိုလ်၏ ရှုချင့်စဖွယ်ကောင်းသည့် မျက်လုံးအစုံ စက္ခုအာရုံကို တပ်မက်သောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ပဋ္ဌာန်းအမြင်ဖြင့် ဖော်ပြ၍၊ ယင်း မျက်လုံးအစုံ စက္ခုအာရုံက ယင်းစိတ္တုပ္ပါဒ်ဖြစ်ပေါ်လာရေးအတွက် ထောက်ကူသမှု ကျေးဇူးပြုကြသည့် သတ္တိစွမ်းအားတို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



လောဘမူလသောမနဿသဟဂတစိတ္တုပ္ပါဒေါ။

ဆ အာရမ္မဏာ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတပစ္စယသတ္တိယော ဟောန္တိ။ (စက္ခုံ အဿာဒေတီတိ ပါဠိ သန္ဓာယာဟ။)

၁၉။ ကုန်ကြွေရှင် မိန်းကလေးတို့၏ "မိန်းကလေးကုန်ကြွေ"သည် ကုန်ကြွေရှင် မိန်းကလေးအား "ကုန်ကြွေ"သတ္တိဖြင့် ကျေးဇူးပြုနိုင် မကျေးဇူးပြုနိုင်ကို ပိုင်နိုင်အောင် ရှင်းပြပါ။

ကုက္ကုစ္စံ ကုက္ကုစ္စယာ န ကုက္ကုစ္စယသတ္တိယာ ဥပကာရကံ ဟောတိ၊ ကသ္မာ၊ ကလလာဒိကာလေ ကုက္ကုလိင်္ဂါဒီနံ အဘာဝတော။

၂၀။ တစ်ယောက်ကောင်းသော် တစ်သောင်းမိုလ်ခြေ ညက်ညက်ကျေ(ယောက်ျား တံခွန်၊ လူရည်ချွန်က၊ ကောင်းကင် တမွတ်၊ ကြယ်ကို ဆွတ်လည်း၊ မလွတ် စတမ်း၊ ရမြဲ လမ်းတည်း)ဟု ပြောဆိုနိုင်ကြောင်းပြ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရေးပြပါ။

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော ။ပ။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

၂၁။ "သုံးတတ်လျှင်ကား ဆေး၊ မသုံးတတ်လျှင် ဘေး" ဟူဘိသကဲ့သို့ ဒါနသီလ ဥပေါသထကမ္မများလည်း "ဆေးဖြစ် ဘေးဖြစ်"နိုင်ပုံပြ ပဋ္ဌာနဝစနပါဠိတော်မှ ရေးပါ။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

၂၂။ လောကဥ္စ ဖြဟ္မာ ဗိဿနိုး တန်ခိုးကြီးမား နတ်ဘုရားတို့ ဖန်ဆင်းအား ကြောင့် မြင်တွေ့ကြရသည် မဟုတ်ကြောင်းကို ဖော်ပြသည့် ပစ္စယနိဒ္ဒေသ ပဋ္ဌာန်း ပါဠိတော်တို့ကို ရေးပြပါ။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

http://www.dhammadownload.com



၂၃။ ဣန္ဒြိယပြည်အနှံ့ ခရီးဆန့်၍ "စေတီပုထိုး ရုပ်ပွားဆင်းတု ရုပ်ပုံအမျိုးမျိုး"ကို အလေးအမြတ်ဖောကပ်လျက် သွားရောက်ဖူးမျှော်တတ်ကြသော ဘုရားဖူးများအဖို့ အမြတ်ထက် အရှုံးထွက်ပုံပြ ပဉာဝါရပါဠိတော်ကို ထုတ်ဖော်ခဲ့ပါ။

ရူပေ ဂရုံ ကတွာ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ (အဇ္ဈာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။)

၂၄။ "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" စကားပုံနှင့်အညီ နာမ်နှင့်ရုပ်တို့ မှီကြပုံပြ ပဉာဝါရပါဠိတော်ကို အနက်ပေါ်အောင်ပေးပြပါ။

ခန္ဓာ=ဟဒယဝတ္ထုဿ ဥပကာရကာ ပန္နရသ ပဋ္ဌဝေါကာရပဋိသန္ဓိယော ပဋ္ဌတိံသ စေတသိကာတိ ဣမေ အဝယဝဘူတာ သမူဟဘူတာ စ နာမက္ခန္ဓာ၊ ဝတ္ထုဿ=ဟဒယဝတ္ထုဿ၊ အညမညပစ္စယေန=အညမညပစ္စယသတ္တိယာ၊ ပစ္စယော=ဥပကာရကော ဟောတိ။

ဝတ္ထု=ပန္နရသန္နံ ပဋ္ဌဝေါကာရပဋိသန္ဓီနံ ပဋ္ဌတိံသာယ စေတသိကာနံ အဝယဝသမူဟနာမက္ခန္ဓာနံ ဥပကာရကံ ဟဒယဝတ္ထု၊ ခန္ဓာနံ=ပန္နရသန္နံ ပဋ္ဌဝေါကာရပဋိသန္ဓီနံ ... ။

၂၅။ ရှင်အဿဇိမထေရ်ထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"ဟူသော တစ်ပိုဒ်မျှသော တရားစကားကို ကြားရုံမျှဖြင့်ပင် သောတာပတ္တိမဂ်ဉာဏ်ရတော်မူသည့် အရှင်သာရိပုတ္တရာမထေရ်မြတ်၌ သောတာပတ္တိမဂ်ဉာဏ်အား ကျေးဇူးပြုသော—

(က) သဟဇာတာဓိပတိအကြောင်းတရား၊
(ခ) ဝတ္ထုပုရေဇာတအကြောင်းတရား၊
(ဂ) မဂ္ဂအကြောင်းတရား–တို့ကို ဖော်ပြပါ။

(က) သောတာပတ္တိမဂ္ဂေ သမ္ပယုတ္တော ဆန္ဒာဓိပတိ ဝီရိယာဓိပတိ၊ သောတာပတ္တိမဂ္ဂသင်္ခါတော စိတ္တာဓိပတိ စ လဗ္ဘတိ။

(ခ) မနောဒွါရာဝဇ္ဇနေန သဟုပ္ပန္နံ ဟဒယဝတ္ထု။

(ဂ) သောတာပတ္တိမဂ္ဂေ သမ္ပယုတ္တော သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ စ လဗ္ဘတိ။

http://www.dhammadownload.com



၂၆။ လောကဥ္စ ဆင်းရဲချမ်းသာ လူတန်းစားကွဲပြားခြင်းသည် သူတစ်ပါးလုံ့လ ပယောဂကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ကြောင်းပြ ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းပါဠိတော်ကို ရေးပါ။

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (၁၃၄၈–ခု၊ အစိုးရပုစ္ဆာ)

၂၇။ အဇာတသတ် ဒေဝဒတ်တို့ကဲ့သို့ "ပဋ္ဌာနန္တရိယကံ"မျိုး ကျူးလွန်မိက ကြီးစွာနောင်တရ၍ ထိုအပြစ်မှ ကင်းလွတ်ခွင့်ရအောင် ကြိုးစားပုံပြ ပဉ္စာဝါရပဋ္ဌာန်း ပါဠိတော်ကို ရေးပါ။ (၁၃၄၈–ခု၊ အစိုးရပုစ္ဆာ)

မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။

ပိတရံ ဇီဝိတာ ဝေါရောပေတွာ... အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ...၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ သံဃံ ဘိန္ဒိတွာ...။

၂၈။ "ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပခြင်းဖြင့် အန္တရာယ်ကင်းသည်၊ တိုးတက်ကြီးပွား သည်"ဟု ယုံကြည်ချက်ရှိကြရာ ပဋ္ဌာန်းပူဇော်မှုက အန္တရာယ်ကင်းမှု, တိုးတက်ကြီး ပွားမှုများအား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေဆိုပါ။

ဥပနိဿယပစ္စယေန ပစ္စယော။

၂၉။ မြတ်စွာဘုရားသည် ဗောဓိပင်နှင့်ရွှေပလ္လင်ဝယ် အရဟတ္တမဂ်ဖြင့် ကိလေသာ တို့ကို အကြွင်းမဲ့ ပယ်သတ်တော်မူစဉ် အရဟတ္တမဂ်အား ကျေးဇူးပြုသော–

(က) ဟေတုပစ္စည်းတရား၊ (ခ) အာရမ္မဏပစ္စည်းတရား၊ (ဂ) အနန္တရ ပစ္စည်းတရား–တို့ကို အသီးသီးဖြေဆိုပါ။

(က) အလောဘော အဒေါသော အမောဟော စာတိ တယော ပစ္စယဓမ္မာ ဥပကာရကာ ဟေတူတိ။

(ခ) နိဗ္ဗာနံ ဟောတိ။ (ဂ) ဝေါဒါနံ ဟောတိ။

၃၀။ ပြည်သူပိုင်ပစ္စည်းကို မတရားသောနည်းဖြင့် ခိုးယူပြီး ထိုအပြစ်မှလွတ် မြောက်ရန် လျှို့ဒါန်းရာ၌ ဖြစ်သင့်သော ကြောင်း, ကျိုး, သတ္တိတို့ကို ပဋ္ဌာန်းသာကေဖြင့် ဖြေဆိုပါ။ (၁၃၄၆–ခု၊ အစိုးရပုစ္ဆာ)

http://www.dhammadownload.com



(က) အဒိန္နာဒါနဘူတော ဒွါဒသာကုသလစိတ္တုပ္ပါဒေါ ပစ္စယဓမ္မော လဗ္ဘတိ။ (အဒိန္န အာဒိယိတွာ)

(ခ) ဒါနစေတနာပဓာနော မဟာကုသလစိတ္တုပ္ပါဒေါ ပစ္စယုပ္ပန္နဓမ္မော လဗ္ဘတိ။ (တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ)

(ဂ) ပကတူပနိဿယသတ္တိ လဗ္ဘတိ။ (အကု–ကု)

၃၁။ အရိယာဘာဝ အစဦးဆုံးစိတ်၏ (က) အမည်၊ (ခ) ဝတ္ထုပုရေဇာတပစ္စည်းတရား၊ (ဂ) နတ္ထိပစ္စယုပ္ပန်တရား–တို့ကို ဖော်ပြပါ။ (၁၃၄၉၊ ၅၀–ခု၊ အစိုးရပုဏ္ဏာ)

(က) သောတာပတ္တိမဂ္ဂစိတ္တံ။

(ခ) ဂေါတြဘုနာ ဧကတော ဥပ္ပန္နံ ဟဒယဝတ္ထု။

(ဂ) သောတာပတ္တိဖလစိတ္တံ။

၃၂။ ကိုယ်ထက်သာ မနာလိုစိတ်ဖြစ်ရာ၌ မနာလိုမှု၏ (က) အရင်းခံ ဟေတုပစ္စည်းတရား၊ (ခ) အထောက်အကူပြု သတ္တိထူးများကို ဖော်ပြဖြေဆိုပါ။ (၁၃၄၉၊ ၅၀–ခု၊ အစိုးရပုဏ္ဏာ)

(က) ဒွေ ဒေါသ မောဟ ဟေတဝေါ။

(ခ) ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ အဋ္ဌ ပစ္စယသတ္တိယော။

\+ + + + +

ဉာဏ်ဖွင့် မေးခွန်းများ ပြီး၏။

http://www.dhammadownload.com



# ပါဠိဂုဏ်ထူး

## သုဒ္ဓသင်္ချာ

### ၁။ အာရမ္မဏဇာတိကာ သုဒ္ဓသင်္ချာ

၁။ အာရမ္မဏပစ္စယဿ သုဒ္ဓသင်္ချာဝါရေ စတုပညာသာယ ကာမာဝစရ စိတ္တာနံ, တိဏ္ဏံ ဝိညာဏဉ္စာယတနစိတ္တာနံ, တိဏ္ဏံ နေဝသညာနာသညာယတန စိတ္တာနံ, အဘိညာဒွယဿ, အဋ္ဌန္နံ လောကုတ္တရစိတ္တာနဉ္စ x ဥပကာရကာ ဆ နဝုတိစိတ္တာနိ, ဒွိပညာသစေတသိကာ, အဋ္ဌဝီသတိ ရူပါနိ, နိဗ္ဗာနဉ္စေတိ ဣမေ ဓမ္မာ အာရမ္မဏပစ္စယဓမ္မာ ဟောန္တိ၊ သင်္ချာတော နဝ။

၂။ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယေသု ဂရုံ ကရောန္တာနံ (ဂရုကာရာနံ) အဋ္ဌန္နံ လောဘမူလာနံ, အဋ္ဌန္နံ မဟာကုသလစိတ္တာနံ, စတုန္နံ မဟာကြိယဉာဏ သမ္ပယုတ္တစိတ္တာနံ, အဋ္ဌန္နံ လောကုတ္တရာနဉ္စ x ဥပကာရကာနိ ဂရုကာတဗ္ဗာနိ အဋ္ဌာရသ နိပ္ဖန္နရူပါနိ, ဒေါသ မောဟ ဒုက္ခသဟဂတကာယဝိညာဏဝဇ္ဇိတာနိ စတုရာသီတိစိတ္တာနိ, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာဝဇ္ဇိတာ သတ္တစတ္တာ လီသ စေတသိကာ , နိဗ္ဗာနဉ္စ။ သင်္ချာတော သတ္တ၊ တယော ပစ္စယာ။

၃။ အာရမ္မဏပုရေဇာတ အာရမ္မဏပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတအဝိဂတေသု စတုပညာသာယ ကာမစိတ္တာနံ, ဒိဗ္ဗစက္ခုဒိဗ္ဗသောတသင်္ခါတဿ အဘိညာဒွယဿ စ x ဥပကာရကာနိ အဋ္ဌာရသ ပစ္စုပ္ပန္နနိပ္ဖန္နရူပါနိ။ သင်္ချာတော တီဏိ၊ စတ္တာရော ပစ္စယာ။

၄။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ ဝတ္ထာရမ္မဏပုရေဇာတ ဝတ္ထာရမ္မဏပုရေ ဇာတဝိပ္ပယုတ္တ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတေသု မနော ဒွါရာဝဇ္ဇနဿ, ပဉ္စန္နံ မရဏာသန္နဇဝနာနံ, တဒါရမ္မဏဿ စ x ဥပကာရကံ စုတိစိတ္တောပရိသတ္တရသမစိတ္တေန သဟုပ္ပန္နံ ဟဒယဝတ္ထု။ သင်္ချာတော တီဏိ၊ ဆ ပစ္စယာ။

၅။ အာပုဓိမှိ ဂရုံ ကရောန္တာနံ အဋ္ဌန္နံ လောဘမူလာနံ x ဥပကာရကာနိ ဂရုကာတဗ္ဗာနိ အဋ္ဌာရသ ဣဋ္ဌနိပ္ဖန္နရူပါနိ။ သင်္ချာတော ဧကံ၊ ဆ ပစ္စယာ။

http://www.dhammadownload.com



၆။ ဝတ္ထုဒိမှိ ဂရုံ ကရောန္တာနံ လောဘမူလမရဏာသန္နဇဝနာနံ x ဥပကာရကံ ဂရုကာတဗ္ဗံ စုတိစိတ္တောပရိသတ္တရသမစိတ္တေန ကေဟော ဥပ္ပန္နံ ဟဒယဝတ္ထု။ သရုပ်တော ဇော်၊ အဋ္ဌ ပစ္စယာ။

## ၂။ သဟဇာတဇာတိကာ

### သတ္တ ခုဒ္ဒကသဟဇာတာ

၁။ ဟေတုမှိ သမ္ပယုတ္တက္ခန္ဓာနံ, သဟေတုကစိတ္တဇရူပါနံ, သဟေတုကပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရကာ ဆ ဟေတဝေါ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, အဓိပတိန္ဒြိယမဂ္ဂါ စာတိ ဒွါဒသ ပစ္စယာ။

၂။ သဟဇာတာဓိပတိမှိ သမ္ပယုတ္တက္ခန္ဓာနံ, သာဓိပတိစိတ္တဇရူပါနဉ္စ x ဥပကာရကော ဆန္ဒော ဝါ စိတ္တံ ဝါ ဝီရိယံ ဝါ ဝီမံသာ ဝါ အဓိပတိ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, ဟေတွာဟာရိန္ဒြိယမဂ္ဂါ စာတိ တေရသ ပစ္စယာ။

၃။ သဟဇာတကမ္မေ သမ္ပယုတ္တက္ခန္ဓာနံ, စိတ္တဇပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရိကာ ကုသလာကုသလာဗျာကတာ စိတ္တုပ္ပါဒေသု သမ္ပယုတ္တကာ စေတနာ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, အာဟာရော စာတိ ဒသ ပစ္စယာ။

၄။ နာမာဟာရေ သမ္ပယုတ္တက္ခန္ဓာနံ, စိတ္တဇပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရကာ ဖဿစေတနာဝိညာဏသင်္ခါတာ တယော နာမာဟာရာ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, အဓိပတိကမ္မက္ကိန္ဒြိယာ စာတိ ဒွါဒသ ပစ္စယာ။

၅။ သဟဇာတိန္ဒြိယေ သမ္ပယုတ္တက္ခန္ဓာနံ, စိတ္တဇပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရကာ ဇီဝိတ စိတ္တ ဝေဒနာ သဒ္ဓါဝီရိယ သတိ ဧကဂ္ဂတာပညာသင်္ခါတာ အဋ္ဌ အရူပိန္ဒြိယာ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, ဟေတွာဓိပတျာဟာရဈာနမဂ္ဂါ စာတိ စုဒ္ဒသ ပစ္စယာ။

၆။ ဈာနေ သမ္ပယုတ္တက္ခန္ဓာနံ, စိတ္တဇပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရကာနိ ဝိတက္ကဝိစာရပီတိဝေဒနာဧကဂ္ဂတာသင်္ခါတာနိ ပဉ္စ ဈာနင်္ဂါနိ။ သရုပ်တော သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, ဣန္ဒြိယမဂ္ဂါ စာတိ ဧကာဒသ ပစ္စယာ။

၇။ မဂ္ဂေ သမ္ပယုတ္တက္ခန္ဓာနံ, သဟေတုကစိတ္တဇပဋိသန္ဓိကမ္မဇရူပါနဉ္စ x ဥပကာရကာနိ ပညာ ဝိတက္က ဝိရတိတ္တယဝီရိယသတိဧကဂ္ဂတာဒိဋ္ဌိသင်္ခါတာနိ နဝ

http://www.dhammadownload.com



မဂ္ဂင်္ဂါနိ။ သဗ္ဗာေတာ သတ္တ၊ အဋ္ဌ မဇ္ဈိမမဟာသဟဇာတာ စ, ဟေတွာဓိပတိန္ဒြိယ ဈာနာနိ စာတိ တေရသ ပစ္စယာ။

## စတ္တာရော မဇ္ဈိမသဟဇာတာ

၁။ အညမညေ အညမညသ စ, အညမညနာမက္ခန္ဓာနဉ္စ ဟဒယဝတ္ထုဿ x ဥပကာရကာ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ၊ အညမညသ x ဥပကာရကာနိ စိတ္တဇပဋိသန္ဓိကမ္မဇဗာဟိရအာဟာရဇဥတုဇအသညသတ္တကမ္မဇ ပဝတ္တိကမ္မဇဝသေန စတ္တာရိ မဟာဘူတာနိ စ၊ အညမညသ x ဥပကာရကာ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ ဟဒယဝတ္ထု စ။ သဗ္ဗာေတာ တိဏ္ဏံ၊ စတူဟိ မဟာသဟဇာတေဟိ သဒ္ဓိံ ပဉ္စ ပစ္စယာ။

၂။ ဝိပါကေ အညမညသ စ, အညမညနာမက္ခန္ဓာနဉ္စ စိတ္တဇပဋိသန္ဓိကမ္မဇ ရူပါနံ x ဥပကာရကာ သဗ္ဗေ စတ္တာရော ဝိပါကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ၊ ဟဒယဝတ္ထုနော x ဥပကာရကာ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ စ။ သဗ္ဗာေတာ ဧကံ၊ ပဉ္စ ပစ္စယာ။

၃။ သမ္ပယုတ္တေ အညမညသ x ဥပကာရကာ သဗ္ဗေ စတ္တာရော ပဝတ္တိ ပဋိသန္ဓိနာမက္ခန္ဓာ။ သဗ္ဗာေတာ တိဏ္ဏံ၊ အညမညေန သဒ္ဓိံ ဆ ပစ္စယာ။

၄။ သဟဇာတဝိပ္ပယုတ္တေ စိတ္တဇပဋိသန္ဓိကမ္မဇရူပါနံ x ဥပကာရကာ ပဉ္စဝေါကာရေ ဥပ္ပန္နာ အာရုပ္ပဝိပါကဒွိပဉ္စဝိညာဏအရဟန္တစုတိဝဇ္ဇိတာ ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ၊ အညမညသ x ဥပကာရကာ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ ဟဒယဝတ္ထု စ။ သဗ္ဗာေတာ တိဏ္ဏံ၊ ပဉ္စ ပစ္စယာ။

## စတ္တာရော မဟာသဟဇာတာ

သဟဇာတ သဟဇာတနိဿယ သဟဇာတတ္ထိ သဟဇာတအဝိဂတေသု အညမညသ စ, အညမညနာမက္ခန္ဓာနဉ္စ စိတ္တဇပဋိသန္ဓိကမ္မဇရူပါနံ x ဥပကာရကာ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ၊ အညမညသ စ ဥပါဒါရူပါနဉ္စ x ဥပကာရကာနိ စတ္တာရိ မဟာဘူတာနိ စ၊ အညမညသ x ဥပကာရကာ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ ဟဒယဝတ္ထု စ။ သဗ္ဗာေတာ နဝ၊ စတ္တာရော ပစ္စယာ။

http://www.dhammadownload.com



## ၃။ အနန္တရဓာတိကာ

၁။ အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတေသု အရဟန္တာနံ စုတိယာ သဟ ပစ္ဆိမာနံ ပစ္ဆိမာနံ နာမက္ခန္ဓာနံ x ဥပကာရကာ အရဟန္တ စုတိဝဇ္ဇိတာ ကုသလာဗျာကတစိတ္တာနိ, ဒွိပဉ္စဝိညာဏ စေတသိကာ စာတိ သဗ္ဗေ စတ္တာရော ပစ္စုပ္ပန္နနာမက္ခန္ဓာ။ သင်္ချာတော သတ္တ၊ ပဋ္ဌ ပစ္စယာ။

၂။ အာသေဝနေ ပဌမဇဝနဖလဇဝနဝဇ္ဇိတာနံ ပစ္ဆိမာနံ ပစ္ဆိမာနံ ကေပညာ သာယ ဇဝနာနံ x ဥပကာရကာနိ ပစ္ဆိမဇဝနဝဇ္ဇိတာနိ ပုရိမာနိ ပုရိမာနိ သတ္တ စတ္တာလီသ လောကိယဇဝနာနိ။ သင်္ချာတော တီဏိ၊ အာသေဝနေန သဟ ဆ ပစ္စယာ။

၃။ အနန္တရကမ္မေ စတုန္နံ မဂ္ဂါနန္တရဖလာနံ x ဥပကာရိကာ စတုမဂ္ဂေ ဥပ္ပန္နာ စေတနာ။ သင်္ချာတော ဧကံ၊ ကမ္မေန သဟ ဆ ပစ္စယာ။

## ၄။ ပကတူပနိဿယဓာတိကာ

၁။ ပကတူပနိဿယေ ကုသလာဗျာကတိယာ စိတ္တာနံ, ဒွိပဉ္စဝိညာဏသာယ စ စေတသိကာနံ x ဥပကာရကာနိ ကုသလာဗျာကတစိတ္တာနိ, ဒွိပဉ္စဝိညာဏ စေတသိကာ, အဋ္ဌဝီသတိ ရူပါနိ စ။ သင်္ချာတော နဝ၊ ဧကော ပစ္စယော။

၂။ နာနာက္ခဏိကကမ္မေ ဆတ္တိံသတိယာ ဝိပါကနာမက္ခန္ဓာနံ x ဥပကာရိကာ ဗလဝကုသလာကုသလစေတနာ။ သင်္ချာတော ဒွေ၊ ဒွေ ပစ္စယာ။

## ၅။ ဝတ္ထုပုရေဇာတဓာတိကာ

၁။ ဝတ္ထုပုရေဇာတနိဿယ ဝတ္ထုပုရေဇာတ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတတ္ထိ ဝတ္ထုပုရေဇာတအဝိဂတေသု ပဋ္ဌဝေါကာရေ ဥပ္ပန္နာနံ အာရုပ္ပ ဝိပါကဝဇ္ဇိတာနံ သတ္တဝိညာဏဓာတူနံ x ဥပကာရကာနိ ဆ ဝတ္ထူနိ။ သင်္ချာတော တီဏိ၊ ပဋ္ဌ ပစ္စယာ။

၂။ ပုရေဇာတိန္ဒြိယေ ဒွိပဉ္စဝိညာဏာနံ x ဥပကာရကာနိ တီသု မန္ဒာမန္ဒ မဇ္ဈိမာယုကေသု မဇ္ဈိမာယုကာနိ အတီတဘဝင်္ဂေန သဟ ဥပ္ပန္နာနိ ပဉ္စ ဝတ္ထူနိ။ သင်္ချာတော ဧကံ၊ ဆ ပစ္စယာ။

http://www.dhammadownload.com



## ၆။ ပစ္ဆာဇာတဇာတိကာ

ပစ္ဆာဇာတ ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတတ္ထိ ပစ္ဆာဇာတအဝိဂတေသု ပဋိသန္ဓာ ဒီဟိ ပုရိမပုရိမေဟိ စိတ္တေဟိ သဟုပ္ပန္နာနံ ရူပဿ ဋ္ဌိတိပ္ပတ္တာနံ ကေဇ ဒွိဇ တိဇ စတုဇကာယာနံ x ဥပကာရကာ ပဉ္စဝေါကာရေ ဥပ္ပန္နာ အာရုပ္ပဝိပါကဝဇ္ဇိတာ ပဌမဘဝင်္ဂါဒိကာ ပစ္ဆိမာ ပစ္ဆိမာ စတ္တာရော နာမက္ခန္ဓာ။ သင်္ချာတော တိဏိ၊ စတ္တာရော ပစ္စယာ။

## ၇။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မံ

နာနာက္ခဏိကကမ္မေ တေဝီသတိယာ ကာမာဝစရဝိပါကနာမက္ခန္ဓာနံ x ဥပကာရကံ ကာမကုသလာကုသလစေတနာသင်္ခါတံ ဒုဗ္ဗလနာနာက္ခဏိကကမ္မဥ္စ၊ ကဋတ္တာရူပါနံ x ဥပကာရကံ ပဉ္စဝေါကာရကုသလာကုသလစေတနာသင်္ခါတံ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မဥ္စ၊ သင်္ချာတော ဒွေ၊ ဧကော ပစ္စယော။

## ၈။ ရူပါဟာရဇာတိကာ

ရူပါဟာရတ္ထိအဝိဂတေသု ဧကကလာပေ ဝါ နာနာကလာပေသု ဝါ ဋ္ဌိတဿ စတုသမုဋ္ဌာနိကရူပဿ x ဥပကာရိကာ စတုသမုဋ္ဌာနိကာ ဩဇာ။ သင်္ချာတော ဧကံ၊ တယော ပစ္စယာ။

## ၉။ ရူပဇီဝိတိန္ဒြိယဇာတိကာ

ရူပဇီဝိတိန္ဒြိယတ္ထိအဝိဂတေသု ရူပဇီဝိတိန္ဒြိယဝဇ္ဇိတာနံ နဝန္နံ ဧကကလာပ ကမ္မဇရူပါနံ x ဥပကာရကံ ရူပဇီဝိတိန္ဒြိယံ။ သင်္ချာတော ဧကံ၊ တယော ပစ္စယာ။

## ၁၀။ သဟာပုရေမိဿိကာ

သဟဇာတ ပုရေဇာတမိဿကေသု နိဿယတ္ထိအဝိဂတေသု အညမညဿ x ဥပကာရကာ ပဉ္စဝေါကာရေ ဥပ္ပန္နာ ကုသလာကုသလစိတ္တစေတသိကသင်္ခါတာ အဝယဝဘူတာ နာမက္ခန္ဓာ စ၊ ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာဒီဟိ ပုရိမေဟိ ပုရိမေဟိ စိတ္တေဟိ သဟုပ္ပန္နံ ဟဒယဝတ္ထု စ။ သင်္ချာတော ဒွေ၊ တယော ပစ္စယာ။

http://www.dhammadownload.com



## ၁၁။ ပစ္ဆာဇာတာဟာရမိဿကာ

ပစ္ဆာဇာတာဟာရမိဿကတ္တိအဝိဂတေသု ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာဒီဟိ ပုရိမပုရိမစိတ္တေဟိ ဧကတော ဥပ္ပန္နာနံ တိဇစတုဇကာယာနံ x သမာနကာလခဏာ ဝသေန ဥပကာရကာ ပစ္ဆာဝေါကာရေ ဥပ္ပန္နာ ကုသလာကုသလစိတ္တစေတသိက သင်္ခါတာ အဝယဝဘူတာ သမူဟဘူတာ ဝါ နာမက္ခန္ဓာ စ၊ ဝေါဋ္ဌဗ္ဗနမနော ဒွါရာဝဇ္ဇနာဒီဟိ ပုရိမပုရိမစိတ္တေဟိ သဟုပ္ပန္နာ ရူပဿ ဌိတိပ္ပတ္တာ ဩဇာ စ။ သင်္ချာတော ဒွေ၊ ဒွေ ပစ္စယာ။

## ၁၂။ ပစ္ဆာဇာတိန္ဒြိယမိဿကာ

ပစ္ဆာဇာတိန္ဒြိယမိဿကတ္တိအဝိဂတေသု ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာဒီဟိ ပုရိမ ပုရိမစိတ္တေဟိ သဟုပ္ပန္နဿ ရူပဿ ဌိတိပ္ပတ္တဿ ကမ္မဇကာယဿ x သမာနကာလခဏာဝသေန ဥပကာရကာ ပစ္ဆာဝေါကာရေ ဥပ္ပန္နာ ကုသလာကုသလ စိတ္တစေတသိကသင်္ခါတာ အဝယဝဘူတာ သမူဟဘူတာ ဝါ နာမက္ခန္ဓာ စ၊ ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာဒီဟိ ပုရိမပုရိမစိတ္တေဟိ ဧကတော ဥပ္ပန္နံ ရူပဿ ဌိတိပ္ပတ္တံ ရူပဇီဝိတိန္ဒြိယဉ္စ။ သင်္ချာတော ဒွေ၊ ဒွေ ပစ္စယာ။

+ + + + +

# ဆဝါရေ သုဒ္ဓသင်္ချာ

## အနုလောမံ

၁။ ဟေတုမဂ္ဂါနံ သုဒ္ဓသင်္ချာဝါရေ ဧကသတ္တတိ သဟေတုကစိတ္တာနိ စ, မောဟမူလဒွယေ မောဟဝဇ္ဇိတာ စတ္တာရော သဟေတုကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, သဟေတုကစိတ္တဇပဋိသန္ဓိကမ္မဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။ [မဂ္ဂေ မောဟအနဝဇ္ဇိတောဝ ဝိသေသော။]

၂။ အာရမ္မဏအနန္တရသမနန္တရဥပနိဿယသမ္ပယုတ္တနတ္ထိဝိဂတာနံ သုဒ္ဓ သင်္ချာဝါရေ ဧကူနနဝုတိ စိတ္တာနိ, ဒွိပညာသ စေတသိကာနိ စာတိ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ။ သင်္ချာတော တီဏိ, သတ္တ, တီဏိ။

http://www.dhammadownload.com



၃။ အဓိပတိယာ သုဒ္ဓသင်္ချာဝါရေ ယဒါ အဓိပတိကိစ္စံ သာဓေတိ၊ တဒါ, အဓိပတိဝဇ္ဇိတာ ဒွိပဉ္စာသ သာဓိပတိဇဝနနာမက္ခန္ဓာ စ, သာဓိပတိစိတ္တဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၄။ သဟဇာတ နိဿယ အတ္ထိ အဝိဂတေသု သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိ နာမက္ခန္ဓာ စ, စိတ္တဇ ပဋိသန္ဓိကမ္မဇရူပဉ္စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တ ပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၅။ အညမညေ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, ပဋိသန္ဓိနာမက္ခ န္ဓေဟိ ဥပကာရိတံ ဟဒယဝတ္ထု စ, အညမညံ ဥပကာရိတာ စိတ္တဇ ပဋိသန္ဓိ ကမ္မဇ ဗာဟိရာဟာရဥတုဇအသညသတ္တပဝတ္တိကမ္မဇ မဟာဘူတာ စ။ သင်္ချာတော တီဏိ, သတ္တ, တီဏိ။

၆။ ပုရေဇာတေ အာရုပ္ပဝိပါကဝဇ္ဇိတာ စတ္တာရော ပဉ္စဝေါကာရပဝတ္တိနာ မက္ခန္ဓာ။ သင်္ချာတော တီဏိ, သတ္တ, တီဏိ။

၇။ အာသေဝနေ ဒွါဒသာကုသလ ဟသိတုပ္ပါဒ မဟာကုသလကိရိယ ဒုတိယာဒိ ဇဝနံ စ, မဟဂ္ဂတ ကုသလကိရိယာ စ, မဂ္ဂစိတ္တာနိ စာတိ စတ္တာရော နာမက္ခန္ဓာ။ သင်္ချာတော တီဏိ, သတ္တ, တီဏိ။

၈။ ကမ္မေ ကုသလာကုသလ ကြိယစေတနာဝဇ္ဇိတာ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, စိတ္တဇ ပဋိသန္ဓိကမ္မဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇ ရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၉။ ဝိပါကေ သဗ္ဗေ စတ္တာရော ဝိပါကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, တေဟိ ဝိပါကေဟိ ဥပကာရိတံ စိတ္တဇပဋိသန္ဓိကမ္မဇရူပဉ္စ။ သင်္ချာတော ဧကံ, ဧကံ, ဧကံ။

၁၀။ အာဟာရေ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, စိတ္တဇပဋိ သန္ဓိကမ္မဇရူပဉ္စ, အာဟာရဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၁၁။ ဣန္ဒြိယေ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, စိတ္တဇပဋိ သန္ဓိကမ္မဇရူပဉ္စ, ရူပဇီဝိတိန္ဒြိယဝဇ္ဇိတံ အသညသတ္တကမ္မဇရူပဉ္စ, ပဝတ္တိကမ္မဇ ရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၁၂။ ဈာနေ ဒွိပဉ္စဝိညာဏဝဇ္ဇိတာ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခ န္ဓာ စ, စိတ္တဇပဋိသန္ဓိကမ္မဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

http://www.dhammadownload.com



၁၃။ ဝိပ္ပယုတ္တေ အာရုပ္ပဝိပါကဝဇ္ဇိတာ စတ္တာရော ပဥ္စဝေါကာရပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ , စိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ။ သင်္ချာတော နဝ, သတ္တရသ, တိံသတိ။

+ + + + +

## ပစ္စနီကံ

၁။ နဟေတုယာ စတ္တာရော မောဟမူလဒွယေ မောဟော အဟေတုကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, အဟေတုကစိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဥ္စ။ သင်္ချာတော ဒွေ, စတ္တာရိ, ဒွေ။

၂။ နာရမ္မဏာ နာနန္တရ နသမနန္တရ နဥပနိဿယ နသမ္ပယုတ္တ နောနတ္ထိ နောဝိဂတေသု စိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဥ္စ။ သင်္ချာတော ပဥ္စ, ပဥ္စ။

၃။ နာဓိပတိယာ ယဒါ အဓိပတိကိစ္စံ သာဓေတိ၊ တဒါ, စတ္တာရော အဓိပတိ၊ ယဒါ ပန န သာဓေတိ၊ တဒါ, ဒွါဒသ အကုသလာနိ အဟေတုကကြိယာ မဟာကုသလကိရိယာ လောကိယဝိပါကာနိ စာတိ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, နိရာဓိပတိစိတ္တဇရူပဥ္စ , ပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဥ္စ။ သင်္ချာတော နဝ, သတ္တရသ, တိံသတိ။

၄။ န အညမညေ နာမက္ခန္ဓေဟိ ဥပကာရိတံ စိတ္တဇရူပဥ္စ, ဟဒယဝတ္ထုဝဇ္ဇိတံ ပဋိသန္ဓိကမ္မဇရူပဥ္စ, မဟာဘူတေဟိ ဥပကာရိတံ စိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇဥပါဒါရူပဥ္စ။ သင်္ချာတော ပဥ္စ , ပဥ္စ။

၅။ န ပုရေဇာတေ စတ္တာရိ အရူပဝိပါကာနိ, အရူပဘဝေ လောဘော မောဟော မနောဒွါရာဝဇ္ဇနံ မဟာကုသလကိရိယာ အရူပကုသလကိရိယာ ဥပရိမဂ္ဂတ္တယံ စတ္တာရိ ဖလစိတ္တာနိ ပဥ္စဝေါကာရပဋိသန္ဓိ စာတိ စတ္တာရော နာမက္ခန္ဓာ, စိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဥ္စ။ သင်္ချာတော သတ္တ, သတ္တ, တိံသတိ။

၆။ န ပစ္ဆာဇာတေ သဗ္ဗေ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, စိတ္တဇပဋိသန္ဓိကမ္မဇရူပဥ္စ, ဗာဟိရာဟာရဥတုဇရူပဥ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဥ္စ။ သင်္ချာတော နဝ, သတ္တရသ, တိံသတိ။

http://www.dhammadownload.com



၇။ နာသေဝနေ ဒွါဒသာကုသလ ဟသိတုပ္ပါဒ မဟာကုသလကိရိယပဌမ ဇဝနံ အာဝဇ္ဇနဒွယံ ဆတ္တိံသ ဝိပါကာနိ စာတိ စတ္တာရော ပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, စိတ္တဇပဋိသန္ဓိကမ္မဇရူပဉ္စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တ ပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၈။ န ကမ္မေ ကုသလာကုသလကိရိယစေတနာ စ, ဗာဟိရာဟာရဥတုဇ ရူပဉ္စ။ သင်္ချာတော တီဏိ, သတ္တ, တီဏိ။

၉။ န ဝိပါကေ ကုသလာကုသလကိရိယနာမက္ခန္ဓာ စ, တေဟိ ဥပကာရိတံ စိတ္တဇရူပဉ္စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော နဝ, သတ္တရသ, တီဏိ။

၁၀။ နာဟာရေ ဗာဟိရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော ဧကံ, ဧကံ။

၁၁။ န ဣန္ဒြိယေ ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇရူပ ဇီဝိတိန္ဒြိယဉ္စ။ သင်္ချာတော ဧကံ, ဧကံ။

၁၂။ န ဈာနေ ဒွိပဉ္စဝိညာဏနာမက္ခန္ဓာ စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော ဧကံ, ဧကံ။

၁၃။ န မဂ္ဂေ စတ္တာရော အဟေတုကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, အဟေတုက စိတ္တဇပဋိသန္ဓိကမ္မဇရူပဉ္စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇ ရူပဉ္စ။ သင်္ချာတော ဧကံ, ဧကံ။

၁၄။ န ဝိပ္ပယုတ္တေ စတ္တာရော အာရုပ္ပဝိပါကပဝတ္တိပဋိသန္ဓိနာမက္ခန္ဓာ စ, အရူပဘဝေ လောဘော မောဟော မနောဒွါဝဇ္ဇနံ မဟာကုသလကိရိယာ အရူပကုသလကိရိယာ ဥပရိမဂ္ဂတ္တယံ စတ္တာရိ ဖလစိတ္တာနိ စာတိ နာမက္ခန္ဓာ စ, ဗာဟိရာဟာရဥတုဇရူပဉ္စ, အသညသတ္တပဝတ္တိကမ္မဇရူပဉ္စ။ သင်္ချာတော တီဏိ, တီဏိ, တီဏိ။

+ + + + +

ပါဠိဂုဏ်ထူး ပြီး၏။

e e e e e

ပဋ္ဌာနဗောဓိ ပြီးပါပြီ။

http://www.dhammadownload.com



## ဤကျမ်းစာရှင်

ဤကျမ်းစာရှင်သည် မုံရွာမြို့အရှေ့ဖက်၊ ၆–မိုင်ကွာ ထနောင်းဝန်းရွာ၌ အဖဦးဖိုးချို အမိဒေါ်အေးမြင့်တို့မှ ၁၂၉၈–ခု၊ ကဆုန်လဆန်း(၈)ရက်၊ နံနက် (၈)နာရီအချိန် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။

ဓမ္မာစရိယစာချတန်း(၉)ကျမ်းအောင် နောင်တော်ကြီး ဦးစိန္တိတ၏ စောင့်ရှောက်မှုဖြင့် ၁၁–နှစ်သားအရွယ် ကျောင်းသားငယ်ဘဝကပင် ချောင်းဦးမြို့နယ် ခင်မွန်ရွာ သိင်္ဂါရုံ ဆရာတော်(အရှင်စန္ဒောဘာသ)အထံ၌ သဒ္ဒါအခြေခံစာများကို သင်ယူခဲ့သည်။

၁၂–နှစ်သားအရွယ်တွင် ထနောင်းဝန်းရွာ ရွှေကျင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့သည်၊ ၁၃–နှစ်သားအရွယ်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့ လေးထပ်စာသင်တိုက်၌ အခြေခံစာများကို နှစ်နှစ်သင်ယူပြီးနောက် မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက်၌ အထက်တန်းစာပေများကို သင်ယူခဲ့သည်။

၁၃၁၇–ခု၊ တပေါင်းလဆန်း(၇)ရက်၊ တနင်္ဂနွေနေ့တွင် ဆရာတော် ဦးဉာဏိကကို ဥပဇ္ဈာယ်ပြု၍ မြောင်းမြမြို့ လက်ဖက်ကုန်သည် ဦးဘအုန်း+ ဒေါ်သိန်းရွှေ မိသားစု၊ မုံရွာမြို့နယ် ထနောင်းဝန်းရွာ ဦးလေးတော်သူ မြေပိုင်ရှင် ဦးစိန်ကတုံး+ဒေါ်မြရင်မိသားစုနှင့် ခမည်းတော် မယ်တော် အစ်ကို အစ်မတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်၊ မြောင်းမြမြို့ ၅–လမ်း မြို့မကြင်ခါတ်ပုံတိုက် ဦးဘကြင်–ဒေါ်တင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်မင်္ဂလာပြုပါသည်။

ဒသမရွှေကျင်သာသနာပိုင် (အဂ္ဂမဟာပဏ္ဍိတ) မြောင်းမြဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကံဘဲ့ မဟာဗောဓိကျောင်းတိုက်ကို တည်ထောင်တော်မူသည့်အခါ စတင်တည်ထောင်ချိန်မှစ၍ လိုက်ပါဆောင်ရွက်ခဲ့သည်၊ ဓမ္မာစရိယစာချတန်း အောင်ပြီးနောက် မဟာဗောဓိကျောင်းတိုက်တွင် ထီးဆောင်းဆရာတော် (အရှင်စက္ကပါလ)အထံ၌ နိကာယ်ပါဠိတော်နှင့်အဋ္ဌကထာကြီးများကို (တစ်ပါးတည်း) ကိုယ်တိုင် ဆိုဝါဖြင့် ၅–နှစ်(၁၂)အုပ် ကုန်သည်အထိ သင်ယူပေါက်ရောက်ခဲ့သည်၊ ထို့နောင် သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏ အချီးအမြှောက်ကိုခံယူကာ မဟာဗောဓိကျောင်းတိုက်၌ ပဓာနတာဝန်ခံစာချအဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.dhammadownload.com



မဟာဗောဓိကျောင်းတိုက်၌ သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးနှင့် (၁၅)နှစ်တိုင်တိုင် အနီးကပ်အတူနေခွင့် ရခဲ့သည်၊ ဆရာတော်ဘုရားကြီးထံမှ အုပ်ချုပ်နည်း စာပေပို့ချနည်းများကို ရခဲ့သည်၊ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် လက်တွေ့ပို့ချသည့် ဘိက္ခုပါတိမောက်, သင်္ဂြိုဟ်, ရူပသိဒ္ဓိစာဝါ ပို့ချနည်းများကို ရယူနိုင်ခဲ့သည်၊ ကလေးတွေကို သင်ပေးတဲ့အခါ "ဒီလိုသင်ရတယ်"ဟူသော နည်းပေးမှုများကိုလည်း မှတ်သားနာယူခဲ့ရသည်၊ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ဝိဇ္ဇောတာရုံဆရာတော်၏ အချီးအမြှောက်ကိုခံယူကာ ကမ္ဘာအေး ပါရမီရပ် ဝိဇ္ဇောတာရုံကျောင်းတိုက်၌ (၈)နှစ် စာပေပို့ချခဲ့သည်။

ဤကျမ်းစာရှင်သည် သာမဏေဝတ်ဖြင့် ပထမကြီးတန်းကို အောင်မြင်ခဲ့သည်၊ ၁၃၂၀–ခုနှစ်၌ "သာသနဓဇဓမ္မာစရိယ"ဘွဲ့၊ ၁၃၃၅–ခုနှစ်၌ "ဒီဃနိကာယပါဠိပါရဂူ"ဘွဲ့၊ ၁၃၅၃–ခုနှစ်၌ "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"ဘွဲ့၊ ၁၃၆၀–ခု မန္တလေး သကျသီဟအသင်း နှစ်တစ်ရာပြည့်၌ "ပရိယတ္တိသာသနဟိတရေ"ဘွဲ့၊ ၁၃၆၂–ခုနှစ်၌ "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့များကို အသီးသီး ရရှိခဲ့သည်။

ယခုအခါ မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံတိုက်၌ ကျေးဇူးရှင် ပဇ္ဇောတာရုံ ဆရာတော်များနှင့် မြောင်းမြ ဒကာ ဒကာမများကို ကျေးဇူးတုံ့ပြန် ဆွမ်းတုံ့ပြန်သည့် အနေဖြင့် မှော်ဘီမြို့ (အဂ္ဂမဟာပဏ္ဍိတ) သာသနာ့ဝန်ဆောင်ဆရာတော်၏ အချီးအမြှောက်ကို ခံယူလျက် စာပေပို့ချမှုစသော တာဝန်များကို ထမ်းဆောင်ကာ သာသနာပြုလျက် ရှိပါသည်။

သမ္ဘတ္တော ဒဟာရော မြောင်းမြ–ဌာနီယ-မန္ဒိရဂါမကံ။
တဒ္ဒိန္နံ ဘောဇနံ ဘုဥ္ဇံ၊ ဥဂ္ဂဏှိံ ပိဋကတ္တယံ။

တေသ-ဋ္ဌေဝါ-စေရာနဥ္စ၊ တဒါနိ ဣဏာဂါဟကော။
တသ္မာဟံ ပတိကာရေန၊ ဝါစေမိ ပိဋကတ္တယံ။

အရှင်ဂုဏာသာရ
၁၃၆၃–ခု၊ ကဆုန်လဆန်း (၄) ရက်။

http://www.dhammadownload.com